www.burmeseclassic.com

မန်းတင် ၏

# ဝထမအရွယ်

ပန်းချီ ဝေမွန်လင်း




www.burmeseclassic.com

www.burmeseclassic.com

စာမူကြိုတင် ခွင့်ပြုချက်အမှတ် (၁ဝ၇၂)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက်.အမှတ် (၂၇၄)
ခွင့်ပြုချက်အရ ထုတ်ဝေသည်။

မန်း၊ တင်
(စာရေးသူ၏မူပိုင်)

# မန်းတင်

# ပထမ အရွယ်

၁၈

ပြည်လုံးကျွတ်ဖြန့်ချိရာဌာန
စပယ်ဦး
စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း၊ ရန်ကုန်မြို့။
(ဖုန်း-၇၆၃၇၀)

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်၊ ၁၉၇၀-ခုနှစ်၊ အောက်တိုဘာလ
ဒုတိယအကြိမ်၊ ၁၉၈၅-ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ (၁၅၀၀)

---

ဘလောက်
ဇမ္ဗူမြေအေး

---

မျက်နှာဖုံးပန်းချီ
ဝေမွန်လင်း

---

စာအုပ်ချုပ်
မိဘမေတ္တာစာအုပ်ချုပ်လုပ်ငန်း

---

မျက်နှာဖုံး
စပယ်ဦး

---

ပုံနှိပ်သူ
ဒေါ်သန်းသန်း (၀၂၆၀၇) စပယ်ဦးပုံနှိပ်တိုက်
အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း
ရန်ကုန်မြို့

---

ထုတ်ဝေသူ
ဦးမင်းနောင် (၀၁၁၃၈) မြမ်းစာစဉ်
ခြံအမှတ် ၄၀၁၊ အိမ်အမှတ် ၇၇၊ ပါရမီလမ်း
မာလာမြိုင်၊ အုတ်ကျင်း၊ ရန်ကုန်မြို့။

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဒုတိယအမှာ | .... | ၁ |
| စာရေးသူ၏အမှာ | .... | ၂ |
| ဘုန်းကြီးကျောင်းသား | .... | ၇ |
| အင်္ဂလိပ်ကျောင်းသား | .... | ၅၂ |
| သာမဏေ | .... | ၈၂ |
| တွေ့ကြုံဆုံကွဲ | .... | ၁၀၅ |
| အရေးတော်ပုံကလေး | .... | ၁၄၁ |
| ရန်ကုန်ကျောင်းသား | .... | ၁၆၀ |
| တက္ကသိုလ်ကျောင်းသား | .... | ၁၈၈ |
| ကျောင်းပိတ်ချိန် | .... | ၂၂၀ |
| လှုပ်လှုပ်ရွရွ | .... | ၂၄၇ |
| စည်းစည်းရုံးရုံး | .... | ၂၇၀ |
| ဗမာ့သွေးရောင် | .... | ၂၈၆ |
| အရေးတော်ပုံဂယက် | .... | ၃၀၅ |
| စကားရည်လုပွဲ | .... | ၃၃၁ |
| စာပေပြိုင်ပွဲ | .... | ၃၅၆ |


www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယအမှာ

'ပထမအရွယ်' ကို ၁၉၇၀ ခုနှစ်တွင် ပထမအကြိမ် ထုတ်ဝေစဉ်က ချွတ်ယွင်းချက်များရှိခဲ့သည်။ အခန်း အဆက်အစပ်များ ရှေ့နောက် လွဲနေခြင်း၊ အမည်နာမများ မှားနေခြင်း၊ ပုဂ္ဂိုလ်ရေးရာဖော်ပြချက်များ တိမ်းစောင်းနေခြင်းနှင့် စာလုံးပေါင်းများ မမှန်ခြင်းတို့ဖြစ်ပါသည်။

စာရှုသူများသည် ကျွန်တော့်အား ထိုအားနည်းချက်များကို စေတနာရှေ့ထား၍ ထောက်ပြခဲ့ကြသည်။ ကျေးဇူးတင်လှပါသည်။

ယခု ဒုတိယအကြိမ်ထုတ်ဝေသောအခါ ထိုအမှားအယွင်းများကို ဂရုစိုက်ပြုပြင်ထားပါသည်။ သို့ရာတွင် ခြောက်ပစ်ကင်း ဖြစ်ချင်မှ ဖြစ်ပါမည်။ ချွတ်ယွင်းချက်များကို ထပ်မံတွေ့ရှိပြန်လျှင်လည်း ဒုတိယမှီ ထောက်ပြကြပါဦးဟု မေတ္တာရပ်ခံပါသည်။

'ပထမအရွယ် ပညာရှာ' ဟူသော လောကနီတိ ဆံရာ၏ အဆိုအရ ကျွန်တော်သည် ဘုန်းကြီး ကျောင်း များ မှ သည် တက္ကသိုလ်အထိ ပညာရှာခဲ့ရသည့် အကြောင်းများကို 'ပထမအရွယ်' တွင် အမိကထား၍ ဖော်ပြခဲ့ပါသည်။ ထိုအကြောင်းများကို မဏ္ဍိုင်ပြုလျက် မိမိဖြတ်သန်းလာခဲ့ရသည့် သမိုင်းလမ်းကြောင်းတွင် ဆုံစည်းခဲ့ရသူများ ရင်ဆိုင်ရသည့်အခက်အခဲများ၊



www.burmeseclassic.com

www.burmeseclassic.com

ခေတ်၏လှုပ်ရှားမှုများ စသည်တို့ကို လျှပ်တပြက် အလင်းရောင် ဟပ်ပြထားပါသည်။ လေးဘက်မြင် ပုံသဏ္ဌာန် မျိုး တော့ မဟုတ်ပါ။

ပညာရှာရမည် ဆိုသော ပထမ အရွယ်တွင် ကျွန်တော်တို့ တစ်တွေသည် စာအုပ်ပုံတွေထဲ၌သာ အိပ်မောကျ နစ်မြုပ်မနေ ခဲ့ကြပါ။ ပထမအရွယ်လူငယ်တို့ လုပ်သင့်လုပ်ထိုက်သည်များကို စာသင်ယင်း တာဝန်သိသိ ဆောင်ရွက်ခဲ့ကြလေသည်။

'ဒုတိယအရွယ် ဥစ္စာ' ဟု အဆိုရှိပြန်သည်။ ဤသည်အရွယ်တွင်လည်း လောဘရမက်တို့ဖြင့် တွေးလုံးကာ ပစ္စည်းဥစ္စာ စုဆောင်းမှု တခုတည်းကိုသာ ကြိုးပမ်း အားထုတ် နေခဲ့ကြသလော။

ကျွန်တော် သည် ယခုအခါ တတိယအရွယ်သို့ ရောက်ရှိနေပါပြီ။ ဒုတိယအရွယ်က ဖြတ်သန်းလာခဲ့ရသည့် ခရီးလမ်းကို ပြန်ပြောင်းကြည့်သောအခါ ချောမွေ့သည်က နည်းပြီး ကြမ်းတမ်းခက်ထရော်သည်က များလှသည်။ ခေတ်အမျိုးမျိုးတွင် လူပေါင်းစုံနှင့် ထိတွေ့ပြီး ပြဿနာအထွေထွေကို ရင်ဆိုင်ခဲ့ကြရသည်။ စိတ်ဝင်စားဖွယ် အတွေ့အကြုံများတည်း။ ပြုံးခဲ့ရသည်များရှိခဲ့သလို မဲ့ခဲ့ရသည်များလည်း ရှိခဲ့သည်။

ထိုထိုသော ဖြစ်ရပ်ပေါင်းစုံကို ဒုတိယအရွယ်တွင် မှတ်တမ်းတင်ပါမည်။

ရန်ကုန်မြို့။ မန်းတင်
၁၃၄၆-ခု၊ ဝါဆိုလဆန်း ၁-ရက်။
၁၉၈၄-ခု၊ ဇွန်လ ၂၈-ရက်။

## အမှာ

ခရီးသည် တဦးသည် ခရီးလမ်းအတိုင်း လျှောက် လာ၍ အတန်ငယ်ရောက်သောအခါ နောက်ကြောင်းကို ပြန်ကြည့်၏။ ထိုအခါ ကျွန်ရစ်ခဲ့သော ခရီးလမ်းတွင် ဖြတ်သန်းကျော်လွှားခဲ့ရသော ခလုတ်ကန်သင်း၊ တော တောင် ရေ မြေ အင်းအိုင် ချောင်း မြောင်းတို့ကို ဝိုးတဝါးမြင်ရ၏။ စိတ်တွင် ထင်လာ၏။ ထိုသို့ ထင်ယောင် မြင်ယောင်လာသောအခါ နှစ်သိမ့်ရသည် သည်းရှိသည်။ ဝမ်းနည်းကြေကွဲရသည်လည်းရှိသည်။ ရှင်ပြုံးဝမ်းသာရသည်လည်းရှိသည်။ နောင်တ ရရသည်လည်းရှိသည်။

ဟိုနည်းတူ ဒုတိယအရွယ်သို့ရောက်ရှိပြီးဖြစ်သော ကျွန်တော်သည်။ ပထမအရွယ်တွင် ဖြတ်သန်းခဲ့ရသည့် ဘဝခရီးလမ်းကြောင်းကို ပြန်ပြောင်းကြည့်မိ၏။ ထိုအခါ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ နှစ်သိမ့်ခြင်း၊ ရှင်ပြုံးခြင်း၊ နောင်တရခြင်းစသော ခံစားချက်များသည် အတိတ်၏ အရိပ်ကို အခြေပြု၍ အသီးသီး ဖြစ်ပေါ်လာသည်။ ကျွန်တော် သည် ထိုခံစားချက် များကို အခန်းဖွဲ့ခြားကာ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော်က စ၍ မဂ္ဂဇင်းအသီးသီးတွင် ရေးသားဖော်ပြခဲ့သည်။ ယင်းစာမူများကို စုပေါင်းကာ ဤ 'ပထမအရွယ်' ကို ထုတ်ဝေခြင်းဖြစ်ပါသည်။

ပုသိမ်မြို့။ မန်းတင်
၁၃၃၂-ခု၊ တော်သလင်းလပြည့်ကျော် ၁၀-ရက်။
၁၉၇၀-ခု၊ စက်တင်ဘာလ ၂၅-ရက်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ထုတ်ဝေပြီးစာအုပ်များ


| | | | |
|---|---|---|---|
| ၁။ | ထိုသုံးနှစ် | | (၁၉၄၆) |
| ၂။ | ပြုံးတမှဲ့မှဲ့ | | (၁၉၄၇) |
| ၃။ | အနိုင်မခံ | | (၁၉၄၈) |
| ၄။ | ဖရိုဆို (ဘာသာပြန်) | | (၁၉၄၉) |
| ၅။ | ဇင်းဒါးအကျဉ်းသား (ဘာသာပြန်) (ပ-တွဲ၊ ဒု-တွဲ၊ သီးခြားစီ) | | (၁၉၅၀) |
| ၆။ | ဇင်းဒါးအကျဉ်းသား (ဘာသာပြန်) (ပတွဲ–ဒုတွဲ၊ စုပေါင်း) | ပထမ | (၁၉၆၆) |
| | | ဒုတိယ | (၁၉၈၄) |
| ၇။ | မြ | | (၁၉၅၀) |
| ၈။ | တောင်လေသွေးတော့ (ဘာသာပြန်) | ပထမ | (၁၉၅၂) |
| | | ဒုတိယ | (၁၉၆၅) |
| ၉။ | မော်စကိုမှ ရန်ကုန်သို့ (စာပေဗိမာန်ဆုရ) | | (၁၉၅၆) |
| ၁၀။ | ကြိုမိုးလုံး | ပထမ | (၁၉၅၆) |
| | | ဒုတိယ | (၁၉၇၆) |
| ၁၁။ | လယ်ယာမြေ | ပထမ | (၁၉၅၇) |
| | | ဒုတိယ | (၁၉၅၈) |
| ၁၂။ | ကောက်သိမ်းချိန် (ဘာသာပြန်) | | (၁၉၅၉) |
| ၁၃။ | မြို့ပိုင်မောင်ပြုံးချို | ပထမ | (၁၉၆၃) |
| | | ဒုတိယ | (၁၉၆၉) |
| ၁၄။ | နယ်ပိုင်မောင်ပြုံးချို | ပထမ | (၁၉၆၃) |
| | | ဒုတိယ | (၁၉၆၉) |
| ၁၅။ | အမြင်သစ် (ဘာသာပြန်) | | (၁၉၆၅) |
| ၁၆။ | ဂျူလီယက်ဆီဆာ (ဘာသာပြန်) (အနုသုခုမစာပေဆိုင်ရာ ပထမဆုရ) | | (၁၉၆၆) |
| ၁၇။ | ပထမအရွယ် | | (၁၉၇၀) |
| ၁၈။ | ဘဝဟူသည်တိုက်ပွဲ (ဘာသာပြန်) | | (၁၉၇၄) |
| ၁၉။ | မောင်ပြုံးချို၏ ဘဝအတွေ့တွေ့ | | (၁၉၇၄) |
| ၂၀။ | မောင်ပြုံးချို၏ ဆောင်းပါးအတွေ့တွေ့ | | (၁၉၇၅) |
| ၂၁။ | မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ | | (၁၉၇၆) |


www.burmeseclassic.com

www.burmeseclassic.com

ချစ်သော
သား သမီးများသို့

ချစ်သား
သား၏ ဖခင်
ငယ်ရွယ်စဉ်က
ပညာရှာမှု
ဤသို့ပြု၏။
ချစ်သမီး
သမီးအဖ
ငယ်ကာလက
သူတငယ်
ဤသို့ခု၏။
ရွယ်ပထမ
စုန္ဓရသည့်
နှဿတန်ဖိုး
မြတ်ရွှေအိုးဖြင့်
ကောင်းကျိုးလှုတ်လို့
ဖြစ်စေဖို့တည်။

မန်းတင်

# ဘုန်းကြီးကျောင်းသား

## (၁)

"နမော ဗုဒ္ဓါယ သိဒ္ဓံ။ အ အာ ဣ ဤ ဥ ဦး ဧ အော အဲ သြ ဩ အံ အား"

ကျွန်တော်၏ ပဏာမသင်ခန်းစာ ဖြစ်သည်။ သည်စာလုံးများကို ဦးဆုံးရွတ်ဆိုရသည်။ ကျက်မှတ်ရသည်။ ဆိုလိုရင်း အဓိပ္ပာယ်ကို ထိုစဉ်က နားမလည်ပါ။ ရအောင်ကျက်ရမည်ဆို၍ သာ သင်ပုန်းကြီးစာအုပ် ပထမ စာမျက်နှာ ထိပ်ဆုံးမှ စာလုံးများကို ကြက်တူရွေး စာအံသလို ရွတ်ဆိုနေရသည်။ မကြာမီ အာဂုံဆောင်နိုင်သွားလေသည်။

"ငါ့တပည့် သိပ်ဉာဏ်ကောင်းတယ်"

ဘုန်းတော်ကြီး ဦးဝိရိယသည် ကျွန်တော်၏ ကျောကုန်းကို ပွတ်သပ်၍ ချီးကျူးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

ဘုန်းတော်ကြီး ဦးဝီရိယသည် ကျွန်တော်၏ လက်ဦးဆရာ ဖြစ်သည်။

မန္တလေးမြို့ အိမ်တော်ရာ ဘုရားအနီးမှ ဒက္ခိဏာဝန်ကျောင်းတိုက်သည် ကျွန်တော်တို့အိမ်နှင့်ကပ်လျက်ရှိသည်။ ရှေးယခင်က ဆိုလျှင် ထိုကျောင်းတိုက်အတွင်း၌ဝယ် ခန့်ခိုင်သော ကျောင်းကြီးတွေနှင့် ပြည့်နှက်လျက်ရှိသည်။ ကျွန်တော်တို့သိတတ်သော အရွယ်သို့ ရောက်သောအခါ၌ကား မြို့လုံးကျွတ်မတတ် လောင်ကျွမ်းခဲ့သော 'ကိုးတာမီး' ထဲတွင် ပါသွားကုန်ပြီဖြစ်၍ ကျောင်းကြီးကျောင်းကောင်းများစွာမရှိတော့ချေ။ ဦးဝီရိယသည်လည်း ထရံကာ ဝါးကပ်မိုးကျောင်းတွင် သီတင်းသုံးနေရလေသည်။

ဒက္ခိဏာဝန်ကျောင်းတိုက်မှဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားတို့၏ စာအံသံများကိုပင် ကျွန်တော်တို့အိမ်မှ အတိုင်းသားကြားရသည်။ တခါတရံ လေသင့်လာလျှင်လည်း သံဃာပေါင်းများစွာ အသုံးပြုသည့် ကုဋီအိမ်ကြီးမှ အနံ့အသက်တို့ကို အောင့်သက်သက်နှင့် ရှူရှိုက်ရလေသည်။

ကျွန်တော်၏ ဘွားဘွားသည် သံဃာတော်များကို အလွန်ကြည်ညိုသည်။ နံနက်တိုင်း ဆွမ်းဝတ်အမြဲရှိသည်။ 'ထိုင်ကိုယ်တော်' အနည်းဆုံး ငါးပါးမှ ဆယ်ပါးအထိ ရှိသည်။ 'ရပ်ကိုယ်တော်' လည်း အပါးနှစ်ဆယ်ခန့်ရှိလိမ့်မည်ထင်သည်။ ထိုင်ကိုယ်တော် ဆိုသည်မှာ ဆွမ်းခံလာသောအခါ သပိတ်ကို သပိတ်ခြေပေါ်တွင်ချ၍ ခင်းထားအပ်သော နေရာ၌ ထိုင်ရသည့် သံဃာတော်များအား ဆိုလိုပါသည်။ အိမ်ရှင်သည် သပိတ်ထဲသို့ ဆွမ်းသာမဟုတ်၊ ဆွမ်းဟင်းကိုပါ လောင်းကြလေသည်။ ရပ်ကိုယ်တော်များမှာကား အိမ်ရှေ့တွင် ရပ်တော်မူ၍ ဆွမ်းခံကြရာ အများအားဖြင့် ဆွမ်းဇွန်းသာလျှင် ရတတ်ကြလေသည်။

ကျွန်တော် ခြောက်နှစ်သားခန့် ရှိသောအခါ မိခင်နှင့် ဘွားဘွား ကျွန်တော့်ကို ကျောင်းထားရန် တိုင်ပင်ကြလေသည်။

"ကျွန်မတော့ ခင်ခင်ကြီးကျောင်း ထားလိုက်ချင်တာပဲ"

မိခင်ကပြောသောအခါ ဘွားဘွားက ခေါင်းရမ်းပါသည်။ ခင်ခင်ကြီးကျောင်းဆိုသည်မှာ အိမ်နားမှ မြူနီစီပယ် အထောက်အပံ့ခံကျောင်း ဖြစ်ပါသည်။

"ဒီကျောင်းတွေထားလို့ မဖြစ်ပါဘူးအေ။ တော်တော်ကြာ ကလေး ပျက်စီးသွားပါမယ်"

ဘွားဘွားက ကန့်ကွက်လေသည်။

"မဟုတ်ဖူး အမေရဲ့။ ခုခေတ်မှာ ခေတ်ပညာတတ်မှလဲ ကောင်းတာ။ ကျွန်မတော့ ခင်ခင်ကြီးကျောင်းက မြန်မာစာ ရေးတတ် ဖတ်တတ်ယင် အင်္ဂလိပ်ကျောင်း ပို့မလို့တောင် အောက်မေ့ထားတာ"

"အမယ် ညည်းက ကလေးကို ခရစ်ယန်ဖြစ်အောင် လုပ်မလို့လားဟင်၊ မဖျက်စီးပါနဲ့အေ၊ ငါ့မြေးကို ငါကြည့်ပြီးကျောင်းထားပါမယ်၊ ငါ့မြေးက ဘုန်းကြီးလုပ်မှာပါ"

ကျွန်တော်၏ မိခင်လည်း သူ့မိခင်ကို အရှုံးပေးလိုက်ရလေသည်။







www.burmeseclassic.com

www.burmeseclassic.com



သုံးလေးရက်လောက်ကြာသောအခါ ဘွားဘွားသည် သူ့သမီးအကြီးကမွေးသောမောင်ကိုကြီးနှင့်ကျွန်တော့်ကို ဦးဝိရိယကျောင်းသို့ခေါ်သွားကာ မျက်ပါးရပ်ထိုးမုန့်တပန်းကန်ပြားကို လှူ၍ ကျောင်းအပ်လေတော့သည်။

ဦးဝိရိယသည် အသားညိုညို ထောင်ထောင်မောင်းမောင်း၊ ထို့ကြောင့် သူတို့ တကာ တကာမတွေက 'ဦးဇင်းညို'ဟု အတိုကောက်ခေါ်ကြသည်။ သူသည် ပြုံးချိုသော မျက်နှာထားရှိသည်၊ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကိုလည်း အတော်ဂရုစိုက်သည်၊ ချစ်ခင်သည်။

ကျွန်တော်တို့ နှစ်ယောက်သည် နံနက်လင်းလျှင် ကျောင်းသို့ ရောက်လာကြသည်။ ကျောင်းမှာပင် နံနက်စာ စားကြသည်။ ဘုန်းတော်ကြီးများ၏ ဝေယျာဝစ္စ အလုပ်များကိုလည်း လုပ်ကိုင်ပေးရသည်။ လက်ဖက်ရည်အိုး မီးထိုးရသည်။ ဆွမ်းစားကာနီးလျှင် ဆွမ်းပွဲများကို ကပ်ကြရသည်။ ဆွမ်းစားပြီးလျှင် ဆွမ်းပွဲများကို သိမ်းကြ၍ လက်ဖက်ရည်ပွဲများကို ကပ်ကြရပြန်သည်။

တခါသော် ဘုန်းတော်ကြီးများဆွမ်းစားနေစဉ် ဦးဇင်းညိုက အနားသို့ခေါ်၍....

"မင်း ကပ္ပိတတ်ရဲ့လား"ဟု မေးပါသည်။

ကျွန်တော် ဘာမှ နားမလည်ပါ။ သူသည် ပန်းကန်ထဲမှ ကြက်သွန်ဥကြီးကိုယူ၍ ကိုင်ထားပါသည်။

"ငါက ကပ္ပိယံကရောဟိလို့ ဆိုမယ်။ မင်းကကပ္ပိယံဘန္တေလို့ ပြန်ဆိုယင်း ဒီကြက်သွန်ဥကြီးကို ဆိတ်ဆွဲလိုက်"ဟု သင်ပါသည်။





"ကပ္ပိယံကရောဟိ"

"ကပ္ပိယံဘန္တေ" ကျွန်တော်သည် ရွတ်ဆိုယင်းမှ ငေါက်တောက်ကလေး ထွက်နေသော ကြက်သွန်မြိတ် ကလေးကို ဆိတ်ဆွဲလိုက်ပါသည်။

"အေး၊ မင်းတော်တယ်"ဟု ဘုန်းကြီးက ချီးမွမ်းပါသည်။ ကျွန်တော်သည် သည်လိုပင် မကြာခဏ 'ကပ္ပိ' ရပါသည်။ တခါတရံ ရေတ်သီးခြောက်၊ တခါတရံ ကြက်သွန်တို့ကို ကပ္ပိရပါသည်။ ထိုစဉ်က ဘာဖြစ်လို့ ကပ္ပိ ရသည်ကို ကျွန်တော် မသိပါ။

နံနက်စာ စားပြီးသောအခါ စာအံကြရသည်။ ဘုန်းတော်ကြီးသည် စာတိုက်ဘီရို ပေါ်တွင် တင်ထားသော ရုပ်ပွားတော်၏ ရှေ့တွင် ထိုင်နေတတ်သည်။ ကျွန်တော်တို့ ကျောင်းသား များမှာ သူနှင့် သုံး လေးလံလောက် ဝေး ကွာ သော နေရာတွင် ဖျာကြမ်းပေါ်၌ စာအုပ်၊ ကျောက်သင်ပုန်းများကို ခင်းကာ စာအံကြသည်။ အချို့ဝပ်လျက်၊ အချို့လည်း ဖျာစကို ချီးကာ နားကော်လျက်၊ အချို့ထိုင်လျက်၊ အချို့ အလျားမှောက်လျက်၊ အချို့ငိုက်လျက်။

ဘုန်းတော်ကြီးသည် တဦးစီဘဦးစီ ခေါ်၍ စာတက်ပေးသည်။ အချို့သည်း သင်ပုန်းကြီးကို သင်တုန်း ရှိသေးသည်။ အချို့လည်း မင်္ဂလာသုတ်၊ ရတနာရွှေချိုင့်၊ အတွင်းအောင်ခြင်း အပြင်အောင်ခြင်း၊ ပရိတ်ကြီးတို့ကို ရောက်နေကြပါပြီ။

"ကကြီးရေက၊ ကကြီးရေးချကာ၊ ကကြီးရှေ့ လုံးကြီးတင်ကော"

"ဘောဒေဝ ပုတ္တာ အိုနတ်သား"



www.burmeseclassic.com

www.burmeseclassic.com



“ဇေယျတု မင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည် ဖြစ်စေသတည်း”

“သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ”

အသံအမျိုးမျိုးသည် ဆူညံလျက်ရှိသည်။ အသံတိမ်သွားလျှင် ဘုန်းတော်ကြီးက ကြိမ်းကို ကြိမ်နဲ့ ဖြန်းကနဲ ရိုက်လိုက်သည်။ ထိုအခါ ကျွန်တော်တို့တတွေ ကုန်း၍ အော်ကြပြန်သည်။

ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်သည် သင်ပုန်းကြီး စာအုပ်ကို ခြေထောက်ခင်းလျက် “ကကြီး၊ ခခွေး၊ ဂငယ်၊ ဃကြီး င”ဟု ရွတ်ဆိုနေကြရလေသည်။

ဘုန်းတော်ကြီးသည် စာသင်ကောင်းပါ၏။ နှစ်လလောက် သင်လိုက်လျှင် ကျွန်တော်တို့နှစ်ယောက် သင်ပုန်းကြီး ကုန်လေသည်။ သို့သော် ကျွန်တော်တို့သည် ကျောင်းတွင် လုံးဝ ပျော်ပိုက်ခြင်းမရှိ။ ဦးဇင်းညိုသည်ကျွန်တော်တို့ကို ချစ်ခင်ပါသည်။ ဂရုစိုက်ပါသည်။ ကျွန်တော်တို့မှာ ငယ်ရွယ်သူများ ဖြစ်၍ သူ့ ခမျာ ကလေးထိန်းလို ဖြစ်နေသည်။ ရေချိုးပေးရသည်။ ခေါင်းရိတ်ပေးရသည်။ တခါတရံ အညစ်အကြေးကိုပင် သုတ်သင် ပေးရရှာသည်။ သို့သော် စိတ် အခန့်မသင့်လျှင် ရက်ရက်စက်စက် ရိုက်နှက်တတ်သည်။ စာမရလျှင်လည်း ရိုက်သည်။ လက်ရေး မလှလျှင်လည်းလက်ခေါက်ကိုမျဉ်းတံနှင့်ဒေါင်ဒေါင်မြည်အောင် ခေါက်သည်။ ရန်ဖြစ်လျှင်ကား အသေအလဲ တွယ်တတ်လေသည်။

တနေ့သော် ဦးဇင်းညို မရှိခိုက် မောင်ကိုကြီးနှင့် ကျွန်တော် ရန်ဖြစ်ကြပါသည်။ ကစားစရာ တခုခုကို လုရာမှအစ စကားများကြရာ သူက ကျွန်တော့်ကို စိန်ပန်းသီး ချောက်နှင့်ရွယ်





သည်။ သူက ရွယ်ရုံရှိသေး ကျွန်တော်က အနီးတွင်ရှိသော ထုံးထည့်သည့် ဝါးဆစ် ကျည်တောက်ကြီးနှင့် ဦး ခေါင်း ကို ထုလိုက်ရာသွေးတွေ ဖြာထွက်လာပါတော့သည်။ မောင်ကိုကြီးသည် ငယ်သံပါအောင် အော်လေသည်။ ဦးဇင်းတွေ ကျောင်းသား တွေ ပြေးလာ၍ မောင်ကိုကြီးကို ဝိုင်းထူကာမန်းသူမန်း၊ မှုတ်သူမှုတ်နှင့် ပြုစုယုယနေကြလေသည်။ ကျွန်တော့်ကိုတော့ အားလုံးက မာန်မဲနေကြသည်။

“ဘုန်းကြီးပြန်လာယင်တော့ ရိုက်အောင် လျှောက်မယ်”ဟု ကြိမ်းမောင်းကြလေသည်။

မှန်ပါသည်။ ဘုန်းတော်ကြီးပြန်လာသော် အားလုံးကဝိုင်း၍ တိုင်ကြတောကြရာ ဦးဇင်းညိုသည် ကျွန်တော့်ကို ခေါ်၍မမေးမမြန်း ရိုက်ပါတော့သည်။ ကျွန်တော်၏ ဦးခေါင်းကို သူ့ ပေါင်ကြားတွင် ညှပ်ထားကာ တင်ပါးကို ကြိမ်ဖြင့် အချက်ပေါင်းများစွာ ရိုက်လေသည်။ ကျွန်တော်လည်း သူ့ ပေါင်ကြားတွင် မွန်းနေသည်က တမျိုး၊ ကြိမ်ဒဏ်ချက်က နာလွန်းလှသည်က တမျိုး၊ အတော်ကြိတ်၍ ခံရပါသည်။ ရိုက်ပြီး၍ လွှတ်လိုက်သောအခါလမ်းကိုမှကောင်းကောင်း မလျှောက်နိုင်၊ ကွနေပါတော့သည်။

ညနေ အိမ်ပြန်သွားသောအခါ ဘွားဘွားသည် တင်ပါးမှ ကျွန်တော်၏ ဒဏ်ရာများကိုကြည့်ယင်းပင် ရင်ဘတ်စည်းတီးနှင့် ငိုပါတော့သည်။

“တယ် ရက်စက်ပါကလား။ ကလေး အသားနုနုကလေး ဒါလောက်ပဲ ရိုက်ရသလားတော်”



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားသည် ညိုမည်းနေသော တင်ပါးကို နန္ဒင်း သိပ်ပေးယင်း တတွတ်တွတ် ရေရွတ်နေလေသည်။

"ဒီကျောင်း ဆက်ထားလို့တော့မဖြစ်ဘူးမေမေ။ သူ့ကိုသာ ဘယ်ကျောင်းပြောင်းထားမယ်ဆိုတာ စဉ်းစားပါ။ ကျွန်မတော့ အမေရိကန် ကျောင်း ပို့လိုက်ချင်ပြီ"

"မဖြစ်ပါဘူးအေ။ ရေစီယန် ဖြစ်သွားပါ့မယ်။ အင်္ဂလိပ်စာသင်ပေးမယ့် ဘုန်းကြီးကျောင်းပို့တာပေါ့။ သင်္ကြိုးစာလေး ဘာလေး ဖတ်တတ်ယင် တော်ရောပေါ့"

ထိုစဉ်က သင်္ကြိုးစာ ဖတ်တတ်သူကို အလွန်အထင်ကြီးကြပါသည်။

(၃)

ဘွားဘွားသည် ကျွန်တော့်ကို တဘက်မှ လက်ဆွဲလျက် အခြားလက်တဘက်မှ ဖရုံယိုထုပ်ကို ကိုင်ကာ မေဃဝတီ တောင်တမန် တိုက်ဆဲသို့ ဝင်လာခဲ့လေသည်။

"ငါ့မြေး၊ ဒီဘုန်းကြီးက အင်္ဂလိပ် စာလဲ တတ် တယ်။ ဟို ဦးဇင်းညိုလိုလဲ မရိုက်ဘူး" ဘွားဘွားသည် လမ်းတွင် ကျွန်တော့်ကို ဖျောင်းဖျနေလေသည်။

"ဒီ ဘုန်းကြီးက ဘယ်သူလဲ" ကျွန်တော်က မေးသည်။ ကျွန်တော့်အဖို့ ဘုန်းကြီးဆိုလျှင် ကြောက်နေပါပြီ။

"ဦးကောဏ္ဍညတဲ့"

သူ့ ကျောင်းကြီးသည် ရှေးကျောင်းကြီးဖြစ်သည်။ အုတ်လှေကားကြီးများသည် ခိုင်ခံ့လှသည်။ အလွန်ကျယ်ဝန်းသော





ကျောင်းဆောင်ကြီး ပေါ်တွင်စုလစ်မွန်းချွန် ပြာသာဒ်များဖြင့် တန်ဆာဆင်ထားလေသည်။

ဘုန်းတော်ကြီး သည် အသက် ငါးဆယ်ကျော်ခန့် ရှိပြီ။ ဘွားဘွားက ကျွန်တော့်အား သင်္ကြိုးစာလေးများ ဖတ်တတ်အောင် သင်ပေးရန် တောင်းပန်လေသည်။

"အင်း အင်း၊ ထားခဲ့၊ထားခဲ့၊ သင်္ကြိုးစာက ခက်တာလိုက်လို့ဗျာ၊ ခဏလေးတတ်သွားမှာပေါ့"

ဘုန်းတော်ကြီး သည် ကွမ်းရွက်ကို ထုံးသုတ်ယင်း ပြောလေသည်။

ဘွားဘွား ပြန်သွားသောအခါ အားငယ် သလိုလို ဖြစ်၍ ကျန်ရစ်ခဲ့သည်။ ထိုကျောင်းပေါ်တွင် ကျောင်းသားပေါင်း ငါးဆယ်ခန့်ရှိသည်။ အား လုံး စာ အံ နေ ကြ လေ သည်။ ကျွန်တော့်ကိုလည်း ကျောင်းသားကြီး တယောက်ကို ခေါ်၍ အေ၊ ဘီ၊ စီ၊ ဒီ သင်ပေးရန် ညွှန်ကြားသဖြင့် သူ့ နောက်သို့ လိုက်သွားရလေသည်။ ကျွန်တော်လည်း သူချပေးသည့်အတိုင်း လိုက်ဆိုနေရပါသည်။ သို့သော် စာထဲတွင် စိတ်မဝင်စားလှပဲ သူများစာအံသည်ကိုသာ နားထောင်နေမိပါသည်။

"စီ၊အေ၊တီ ကက် ကြောင်"

"အာရ်၊အေ၊တီ ရက် ကြွက်"

"အေဖက်ရက် ဝသော ကြွက်တကောင်" ဟူသော အသံများသည် ဆူညံနေလေသည်။ ရှေး မြန်မာဘုရင်လက်ထက်က ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းကြီးပေါ်တွင် မြန်မာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး တပါးသည် မြန်မာ သူငယ်တို့အား အင်္ဂလိပ်စာ သင်ကြားပေးနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့သည် အဖိတ်နေ့ဖြစ်သည်။ ဥပုသ်နေ့တွင် ကျောင်းပိတ်ပါသည်။ ကျွန်တော်လည်း မြို့၏ အိမ်ပြန်လာပါသည်။ ဘုန်းတော်ကြီးကလည်း မည်သည့်စာအုပ်များကို ဝယ်ခဲ့ရမည်ဟု မှာကြားလိုက်ပါသည်။

ဥပုသ်ထွက်သောနေ့။ စာအုပ်အစုံအလင်နှင့် ကျောင်းသို့လာခဲ့ပါသည်။ ဘွားဘွားလည်း လိုက်လာပါသည်။ သံကြိုးစာ မြန်မြန်ဖတ်တတ်အောင် သင်ပေးဖို့ လျှောက်ရန် ဖြစ်သည်။ ဘုန်းကြီးဖို့ လိမ္မော်သီးတွေလည်း ပါလာပါသည်။

ဘုန်းတော်ကြီးလည်း ရောက်လျှင် ရောက်ချင်း ဆောက်နှင့် ထွင်းလေတော့သည်။

"ဒါယိကာမကြီး မြေးကို ပြန်ခေါ်သွားပေတော့၊ ကျုပ်လက်ခံလို့ မဖြစ်တော့ဘူး၊ ဟို ဒက္ခိဏာဝန် ကျောင်းတိုက် က ဘုန်းကြီးက သူ့တပည့်ကို လက်မခံပါနဲ့လို့ မနေ့က လာလျှောက်သွားတယ်"

ဘွားဘွားသည် တော်တော် စိတ်ပျက်သွားလေသည်။

"သူနဲ့ဘာဆိုင်လို့လဲ ဘုရား၊ တပည့်တော်မြေး တပည့်တော် အပ်တာပဲဟာ"

"အင်း၊ ဟုတ်တော့ ဟုတ်တာပဲ၊ ဒါပေမယ့် မကောင်းဘူးပေါ့၊ သူ့ကျောင်းကိုပဲ ပြန်ထားလိုက်ပါလေ"

"သူ့ကျောင်းတော့ မထားဘူး ဘုရား၊ စာမတတ်ရင် နေပေစေတော့"

ဘွားဘွားသည် စိတ်ဆိုးဆိုးနှင့် ကျွန်တော့်ကို လက်ဆွဲကာ ပြန်လာခဲ့လေသည်။





(၄)

"သံကြိုးစာ ဖတ်တတ်ရုံလောက်တော့ ကျုပ်ဆီ ပို့ထားပါလား"

အိမ်တွင် ဆွမ်းခံနေသော ခင်မကန်တိုက် ဦးသောဘိတကိုယ်တော်က ဆွမ်းခံလာစဉ် ဘွားဘွားကိုပြောကြားလေသည်။

သို့နှင့် ဦးသောဘိတတပည့်ဖြစ်ရပြန်လေသည်။ ဦးသောဘိတသည် အသက် သုံးဆယ်ခန့် ရှိသည်။ စိတ်မြန် ကိုယ်မြန်နှင့် ခေတ်မီ ဘုန်းတော်ကြီး ဖြစ်သည်။ စာသင်သော အခါ၌လည်း အားကြိုးမာန်တက် ရှိပါသည်။ သို့သော်လည်း ရက်စက်သော စိတ်ရှိလေသည်။

ကျွန်တော်သည် အော၊ ဘီ၊ စီ၊ ဒီ လေးမျိုးစလုံးကို ရေးတတ် ဖတ်တတ်ပြီဖြစ်၍ တဆင့်က တဆင့် တက်လာရာ စာလုံးသုံးလုံး တန်းသို့ပင် ရောက်လာပါသည်။

"စီ၊ အေ၊ တီ၊ ကက်၊ ကြောင်"

"အာရ်၊ အေ၊ တီ၊ ရက်၊ ကြွက်"

"အက်မ်၊ အေ၊ တီ၊ ရက်၊ ဝသော"

"အာရ်၊ ယူ၊ အင်၊ ရန်း၊ ပြေးသည်"

ဦးသောဘိတသည် တလုံးစီချပေးရာ ကျွန်တော်က လိုက်ဆိုသည်။ နောက်ဆုံးစာလုံးသို့ ရောက်သောအခါအကြီးအကျယ် အခက်အခဲနှင့် တွေ့ရပါတော့သည်။

"အာရ်၊ ယူ၊ အင်၊ ရန်း ကွ၊ ယန်း မဟုတ်ဘူး၊ ရန်းကို ရကောက်သံနဲ့ လျှာလိပ်ဆိုရတယ်၊ ကဲ ဆိုစမ်း"

"အာ၊ ယူ၊ အင် ယန်း"



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်၏ လျှာသည် ဘယ်လိုဖြစ်နေသည်မသိ၊ လိပ်၍ မဆိုတတ်ပဲ 'ယန်း' ဟုသာ ဆိုတတ်ပါသည်။ ဂရုစိုက်လွန်းလျှင်လည်း 'လန်း' ဖြစ်သွားပါသည်။

ဘုန်းတော်ကြီးသည် အထပ်ထပ်အခါခါ ဆိုခိုင်းသည်။ ကျွန်တော်လည်း ကြိုးစား၍ တုဆိုပါသည်။ သို့သော်လျှာလိပ်သံဖြင့် ထွက်မလာ။ လန်း သော်လည်းကောင်း၊ ယန်း သော်လည်းကောင်း ဖြစ်နေပါတော့သည်။ ဦးသောဘိတသည် စိတ်မရှည်နိုင်တော့ပြီ။ နားရွက်ကိုဆွဲ၍ ရွတ်ခိုင်းသည်။ ခေါင်းကိုခေါက်၍ ဆိုခိုင်းသည်။ ကျွန်တော်လည်း ချွေးတဒီးဒီးကျနေပါပြီ။ နှာရေတွေလည်း တရှုံ့ရှုံ့ ဖြစ်လာပါပြီ။ သို့သော် ပီသအောင်မဆိုတတ်ပါ၊ခက်တော့မည်။ သည့်ထက် ဘုန်းတော်ကြီး၊ ဒေါသထွက်လာလျှင် မခက်ပါလား။ ညနေလည်းစောင်းပြီ။ အိမ်သို့လည်း ပြန်ချင်လှပါပြီ။

"အင်း၊ ဒါ မဆိုတတ်ယင် အိမ်မပြန်ရဘူး"

ဒုက္ခပါပဲ၊ ကျွန်တော် အထူးတုန်လှုပ်သွားပါသည်။

"အာရ်၊ ယူ၊ အင် လန်း"

"အာရ်၊ ယူ၊ အင် ယန်း"

ကျွန်တော်သည် အထပ်ထပ်အခါခါ ကြိုးစားပါသည်။

"အေး၊ အေး၊ မင်းဟာမင်း ယန်းနေ"

ဘုန်းတော်ကြီးသည် မျက်မှောင်ကြီး ကုပ်၍ ပြောလေသည်။ သူ့ မျက်နှာကြီးမှာ ကြောက်စရာ ကောင်းလှပါတော့သည်။

"ဆိုစမ်း၊ ရန်း"

လျှာလိပ်သံနှင့် ဆိုပြသည်။

"ယန်း"

ကျွန်တော်က ယပက်လက်သံနှင့်ဆိုသည်။

"ရန်းပါကွ" သူက အော်လိုက်သည်။

"လန်း" ဟော တမျိုးဖြစ်သွားပြန်ပါသည်။

"မင်း လျှာကြီး ထုတ်စမ်း"

ကျွန်တော်သည် လျှာကို ထုတ်၍ ပြပါသည်။

"အဲဒီ လျှာကြီးကို ဖြတ်ပစ်မယ်သိလား"

စားပွဲပေါ်မှ သင်ပုန်း မှားကြီးကို အိမ်မှ ထုတ်၍ ကိုင်ကာ မြှောက်ပါသည်။ ကျွန်တော်သည် လျှာကို ကြောက်အား လန့်အားနှင့် ပြန်သွင်းလိုက်ပါသည်။ နောက် ဆိုခိုင်းပြန်သည်။ အသံတွေ တုန်ခနပါသည်။ ကျွန်တော့် အဖို့ အလွန်ခက်နေပါတော့သည်။

နောက် ဆေးပေါ့လိပ် မီးရဲရဲကြီးကို ရှာလာပြန်သည်။

"လျှာထုတ်စမ်း"

ကြောက်ကြောက်နှင့် ထုတ်ရပြန်ပါသည်။

"မင်းမဆိုတတ်ယင် ဟောဒီ ဆေးပေါ့လိပ်မီးနဲ့ လျှာကို ထိုးမယ်။သိလား"

သူသည် ပြောပြောဆိုဆို ကျွန်တော့်လည်ပင်းနားမှ အင်္ကျီစကို ဆုပ်ကိုင်ကာ ထုတ်ထားသော လျှာဆီသို့ ဆေးလိပ်မီးရဲရဲ တိုးလာပါသည်။

"အမယ်လေးဂျ၊ လုပ်ကြပါဦး"

ကျွန်တော်သည် ကြောက်အား လန့်အားနှင့် ငယ်သံပါအောင် အော်လိုက်ရာ သူသည် ဆေးလိပ်ကြီးကိုချ၍ ကျွန်တော့် ပါးစပ်ကို အတင်းပိတ်ထားပါသည်။ ကျွန်တော်လည်း ငိုအော်

www.burmeseclassic.com

မရပ်သေး။ ဝူးဝါးဝူးဝါးနှင့် ဖြစ်နေပါတော့သည်။ ကျွန်တော်၏ အော်သံကြောင့် ကိုရင်တွေ ဦးပဉ္စင်းတွေ ဆင်းပြေးလာကာ သူ့ကို ဝိုင်းဆွဲကြပါသည်။

"ဘာဖြစ်တာလဲ"

"ကိုယ်တော်။ ဘာနဲ့လုပ်တာလဲ"

"ကလေးကို ဘာလုပ်တာလဲ"

အမျိုးမျိုးမေးသံ မြန်းသံတွေနှင့် ဆူဆူညံညံ ဖြစ်နေလေတော့သည်။

ကျွန်တော်လည်း သူ့လက်ကလွတ်လျှင် လွတ်ခြင်း ဖိနပ်နှင့် ဦးထုပ်ကိုမှ သတိမရနိုင်ပဲ ဖနောင့်နှင့် တင်ပါး တသားတည်းနေအောင် အိမ်အရောက် ပြေးပါတော့သည်။ ကျောင်းတွင် ဘယ်လိုဖြစ်ကျန်ရစ်သည်ကို မသိတော့ပါ။

အိမ်သို့ ရောက်သောအခါ မောနေသည့်အထဲက ဖြစ်သမျှကို ဘွားဘွားအား ပြန်ပြောင်း တိုင်တော့ရာ စုပ်တသပ်သပ်နှင့် နားထောင်နေရာက ဆုံးသောအခါ "သံကြိုးစာဖတ်တတ်အောင် သူ့ဆီ ပို့ပါတယ်တော်၊ ကျုပ်မြေး ကံကောင်းလို့ မသေတယ်" ဟု ညည်းညူသည်။

"နောက် ဒီကိုယ်တော် ဆွမ်း မလောင်းဘူး" ဟု လည်း ရေရွတ်သည်။ ထိုကိုယ်တော်လည်း အိမ်သို့ မကြွလာတော့ပါ။

တခါ လမ်းတွင်မြင်လိုက်ပါသေးသည်။ သို့သော်ကျွန်တော်သည် အမြင်မခံပဲ ဝေးဝေးက ရှောင်ပြေးပါသည်။





(၅)

စကုတိုက် ဦးသဒ္ဓမ္မကျောင်းသို့ ရောက်ရပြန်သည်။

ကျွန်တော်သည် ထိုအခါက အသက် ကိုးနှစ်ခန့်ရှိပြီ။ ကျွန်တော် တွေ့ခဲ့ဘူးသော ဘုန်းကြီးများတွင်ဦးသဒ္ဓမ္မကို အကြည်ညိုဆုံးဖြစ်သည်။ သူသည် တကယ့် သိက္ခာသမာဓိနှင့် ပြည့်စုံသော ဘုန်းတော်ကြီးဖြစ်ပါသည်။ သကျသီဟ စာမေးပွဲများကိုလည်း ဆင့်ကဲဆင့်ကဲ အောင်မြင်ခဲ့သည်။ ပိန်ပိန်ပါးပါး၊ အရပ်ရှည်ရှည် မြူးရွှင်သော မျက်နှာနှင့်အလွန်ကြည်ညိုဘွယ် ကောင်းလှသည်။ သူ၏မျက်နှာပေါ်တွင် အစဉ်သဖြင့် ကရုဏာရောင် လွှမ်းနေလေသည်။ သူ့ထံတွင် စာလိုက်သူ သံဃာတော်ပေါင်း ရာနှင့်ချီ၍ ရှိသည်။ စာပို့ချ အလွန်တော်သည်ဟု ပြောကြပါသည်။

တခါက သူစာချနေပုံကို ကျွန်တော် ကြည့်နေဘူးပါသည်။

သူသည် ကန့်လန့်ကာအတွင်းမှ တင်ပပ်လျဉ်ခွေ၍ ထိုင်နေပါသည်။ စာလိုက်သူ သံဃာတော်များမှာ သူထိုင်သောကြမ်းပြင်ထက် အနည်းငယ်နိမ့်သည့် အခန်းကျယ်ကြီးထဲတွင် ဝပ်သူဝပ် ထိုင်သူထိုင်နှင့် တခန်းလုံး ပြည့်နက်လျက် ရှိလေသည်။ သူသည် ကန့်လန့်ကာ အတွင်းမှ ပြတ်သားသောအသံဖြင့် စာပိုဒ်အသီးသီး၏အနက်အဓိပ္ပာယ်ကို ရှင်းလင်းပြောဟောနေသည်။ ကန့်လန့်ကာ ကာထားခြင်းမှာ ဦးပဉ္စင်းများ သူ့ရှေ့တွင် အနေကျုံ့မည်စိုး၍ ကိုယ်လွတ် စိတ်လွတ် နေထိုင်နိုင်ရန်ဖြစ်သည် ထင်ပါသည်။

ကျွန်တော်သည် လှေကားအထက်နားမှနေ၍ ကြည့်နေသည်။ သံဃာတော်များသည် ပြောသမျှကို မှတ်သားနာယူနေကြသည်။ လှေကားထစ်တွင်ကား ဘုန်းတော်ကြီးဖိနပ်တွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ထပ်ကြမ်းနေလေသည်။ ရှင်းလင်းဟောပြောခြင်းကိုစွဲပြီး လတ်သော် စာလိုက်ကိုယ်တော်အားလုံးသည် အညောင်းဆန့်သောအားဖြင့် မိမိတို့နေရာများမှာပင် ရပ်ကာ လျှော့လျှည်းလျှော့လျဲဖြစ်နေသောကသီများကိုပြန်၍ ဝတ်ရုံကြသည်။ သူတို့အားလုံး လက်ကတော့ထိုးရန် သင်္ကန်းကိုရမ်းလိုက်ကြရာ ထွက်ပေါ်လာသည့်အသံကို အဝေးကပင် ကြားရလေသည်။ စာလိုက်ရန် လာကြသော ရဟန်းပရိသတ်များ မည်မျှ များပြားသည်ကို ထိုအသံဖြင့် အကဲခပ်နိုင်ပါသည်။

ထို့နောက် ကိုယ့်နေရာကိုယ် နေရာတကျယူပြီးကြသောအခါ ကန့်လန့်ကာအနားတွင် ကပ်လျက်ရှိသော စာဆိုကိုယ်တော်က စ၍ စာဆိုရပါသည်။ ကျန်ကိုယ်တော်များက စာဆိုကိုယ်တော် ဆိုသွားသည်ကို မိမိတွင်ပါသော စာအုပ်၊ ပေစာများနှင့်တိုက်၍ လိုက်ကြရပါသည်။ လိုက်သည်ဆိုရာ၌လည်း အော်၍ လိုက်ဆိုကြရသည် မဟုတ်။ မိမိစိတ်ထဲမှသာ မှတ်သား လိုက်ဆိုရခြင်းဖြစ်လေသည်။ စာလိုက်ကိုယ်တော် မည်မျှပင်များများ စာဆိုကိုယ်တော်ကား တပါးသာလျှင် ရှိလေသည်။

ဦးသဒ္ဓမ္မသည် တနေ့လျှင် 'စာဝါ' သုံးဝါပို့ချသည်။ တဝါလျှင်နှစ်နာရီမှ သုံးနာရီအထိလည်း ကြာတတ်သည်။ နံနက်ဆွမ်းစားပြီးတဝါ၊ နေ့ဆွမ်းစားပြီးတဝါ၊ ညဦးတွင်တဝါ ဖြစ်လေသည်။ ညဦးစာဝါတွင် အာဂုံဆောင်ရသည့် စာပေမျိုးကို ပို့ချလေသည်။ စာဝါတဝါဆိုသည်မှာ တက္ကသိုလ်တွင်လက်ချာချိန်တချိန်ကဲ့သို့ဖြစ်လေသည်။ 'စာဝါချထားသည်' ဆိုသည်မှာ အခါကြီး ရက်ကြီးများတွင် စာမပို့ချပဲ ရပ်ဆိုင်းထားသည်ကို ဆိုလိုပါသည်။ ကျောင်းပိတ် ထားသည်နှင့် တူနေပါသည်။





ကျောင်းပြန်ဖွင့်သကဲ့သို့ စာပြန်ချခြင်းကို 'စာဝါပြန်ကောက်သည်' ဟု ခေါ်ကြပါသည်။

ကျွန်တော်သည် ထိုကျောင်းတွင် အတော်ကလေးစိတ်ချမ်းမြေ့ပါသည်။

ဦးသဒ္ဓမ္မကလည်း ကြင်နာတတ်သောစိတ်ရှိသည်။ သူတပါးအပေါ်တွင် ကြင်နာတတ်သလောက် သူ့အဖို့ သူခြိုးခြံတတ်သည်။ လှူဖွယ်တန်းရာ ရသမျှတို့ကိုလည်း တပည့်သားမြေးတို့ကိုသာ ခွဲဝေပေးတတ်သည်။ ဆွမ်းစားရာတွင်လည်း ဖွယ်ဖွယ်ရာရာ ရှိမှမဟုတ်။ ပုဂံပုန်းရည်တဇွန်းရလျှင် ဆွမ်းတနပ်ပြီးလေတော့သည်။ သူသည်ပုဂံပုန်းရည်ကို အလွန်ကြိုက်သည်။ ပုဂံပုန်းရည်ကို စဉ့်အိုးကြီးနှင့်ထည့်ကာဆီလောင်း၍ သိမ်းထားတတ်လေသည်။

သူ့စာချခန်းကြီးတခုလုံးတွင်သားရေဖုံးစာအုပ်ကြီးတွေနှင့် ပြည့်နှက်လျက်ရှိသော မှန်ဗီရိုကြီးတွေနှင့် တန်ဆာဆင်ထားလေသည်။ စာအုပ်တွေ တွင်သာမက ပေစာထုပ်တွေနှင့်လည်း ပြည့်နှက်လျက်ရှိသည်။ ကျွန်တော့်အဖို့ အရောင် တဖိတ်ဖိတ်တောက်နေသော စာအုပ်ကြီးတွေ ရွှေချထားသော စာပေတွေကို ကြည့်ယင်း ပီတိဖြစ်နေမိပါတော့သည်။

ကျွန်တော်လည်း သည်ကျောင်းမှာပင်နှစ်စောင်တွဲ စာအုပ်ကုန်ပါသည်။ နောက် ဆယ်စောင်တွဲ စာအုပ်ကို ဆက်၍တက်ရာ ရတနာရွှေချိုင့်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရကုန်၍ ပရိတ်ကြီးသို့ ရောက်လေတော့သည်။

"သမန္တာ စက္ကဝါဠေသု။ အတြာဂစ္ဆန္တု ဒေဝတာ" သံကုန်အော်၍ အလွန်အရသာရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှက်လို့ကောင်းတုန်း ဆိုလို့ကောင်းတုန်း ကျောင်းပြောင်းရပြန်လေသည်။

(၆)

ကျွန်တော်၏ ဖခင်သည် တရပ်တကျေးတွင်အိမ်ထောင်သစ်ထူနေပြီဟု ကြားသိရသည်။

အရောင်းအဝယ် ညံ့ဖျင်း၍ စားဝတ်နေရေး ကြပ်တည်းလာသော ကျွန်တော်တို့ မိသားစုတို့သည် ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ထန်းကုန်းရွာသို့ ပြောင်းရွှေ့လာကြရသည်။

ထိုရွာတွင်လည်းဘုန်းကြီးကျောင်းမှာပင်ပညာဆက်လက်၍သင်ရပြန်ပါသည်။ ထိုစဉ်က ကျွန်တော်၏အရွယ်မှာ ဆယ်နှစ်ခန့်သာ ရှိသေးသည်။ ဆယ်နှစ်သားနှင့် ပရိတ်ကြီး ရောက်နေသော ကျွန်တော့်အား ထိုကျောင်းမှ ဘုန်းတော်ကြီးက အထူးချီးကျူးလေသည်။ထိုကျောင်းသည်ဘုန်းကြီးကျောင်းပင်ဖြစ်လင့်ကစား အပြင်စာသင်ကျောင်းများကဲ့သို့ အစိုးရအသိအမှတ်ပြုသည့် ကျောင်းဖြစ်ပါသည်။ အပြင် ကျောင်းများကဲ့သို့ပင် သူ့အတန်းနှင့်သူ စာသင်ကြပါသည်။ ကျွန်တော့်အား လေးတန်းတွင် ထား၍ ပညာ သင်ကြားစေပါသည်။ ရွာသူရွာသားများ အဆိုအားဖြင့် 'လောကဓာတ်စာ' ကို သင်ကြားပေးနေသည်။

နံနက် ဆွမ်းခံလာလျှင် ကျောင်းသို့ လိုက်သွားပါသည်။ ဆွမ်းခံရာ၌လည်း မြို့ကြီးများမှာကဲ့သို့ မခဲယဉ်းလှပါ။ ကိုရင်တပါး၊ ဆွမ်းဟင်းခွက် ဗျတ်ဆိုင်းထမ်းမည့် ကျောင်းသား





သုံးလေယောက်၊ ကြေးစည်တီးသူ ကျောင်းသားတယောက်ပါပါသည်။ အိမ်ပေါက်စေ့ရပ်၍ ကြေးစည်ကို ရိုက်လေသည်။

"ဆွမ်းတော်ဘျို" ကြေးစည်သံနှင့် အတူ ကျောင်းသားတယောက်က အော်လိုက်သည်။ သည်အသံကိုကြားလျှင် ဆွမ်းတပန်းကန် မောက်မောက်နှင့် အနည်းဆုံးဟင်း တခွက်တော့ အိမ်တိုင်းလိုလို ထလောင်းကြသည်။ အချို့ အိမ်များကမူဆွမ်းအိုး တအိုးနှင့် ဟင်းအိုးတအိုးကို နေ့စဉ်ကျောင်းသို့ပို့ကြသည်။ ထိုကဲ့သို့ မှန်မှန် ပို့လှူသော အိမ်များသို့လည်း ကျောင်းသားများကိုလွှတ်၍ အယူခိုင်းရသည်။

ကျောင်းဝင်းကြီးသည် ကျယ်ပြန့်လှပါသည်။ ကျောင်းကြီး၏အရှေ့ဘက်တွင် စေတီနှစ်ဆူ ရှိသည်။ အားလျှင် ကျွန်တော်တို့သည် ထိုစေတီများပေါ်သို့ တက်၍လိုက်တမ်း ပြေးတမ်းကစားတတ်ကြသည်။ တူတူပုန်း တတ်ကြသည်။

ကျောင်း၏ အနောက်ဘက်တွင် ဇရပ် လေးဆောင် ငါးဆောင် ဆောက်လုပ်ထားသည်။ ဝါတွင်း သီတင်းနေ့များနှင့်အခါကြီးရက်များတွင် ထိုဇရပ်များ၌ ဥပုသ်သည်တွေနှင့် ပြည့်နှက်လျက်ရှိသည်။ ဥပုသ်သည်တို့ ဇရပ်ကျောင်းပေါ်တွင် သီလယူကြ၍ နံနက်စာကို ဇရပ်များပေါ်တွင် ကိုယ့်ခင်မင်ရာ ခင်မင်ကြောင်း မိတ်ဆွေသင်္ဂဟများနှင့် အတူ ဝိုင်းဖွဲ့ကာ စားသောက်ကြသည်။ နေ့လယ်တွင် အိပ်သူအိပ်၊ စိပ်ပုတီး စိပ်သူစိပ်၊ သားရေး သမီးရေး ပြောသူ ပြောနှင့် အချိန်ကုန်ပြီးလျှင် ညနေတွင် တရား တပွဲနာ၍ မီးရထားလမ်းလျှောက်ကာ အိမ်သို့ ပြန်ကြလေသည်။ ကျွန်တော်တို့အဖို့ သည်လိုနေ့များတွင် အလွန်ပျော်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စာလည်းမဖတ်ရ၊မုန့်ပဲသွားရေစာတို့လည်း ဗိုက်ကားအောင် စားရသည်။ ကျောင်းဝင်းအတွင်း သရက်ပင် ရိပ်များတွင် ဆော့ချင်တိုင်းလည်း ဆော့ကြရသည်။

သိမ်တကာကြီး ဦးအောင်ဒွန်း ဒေါ်နှစ်တို့ ရဟန်းခံထားသည့်ဦးပဥ္စင်းကလေးသည် ကျွန်တော့်ကို အထူးချစ်ခင်လေသည် တခါတရံ ကျွန်တော်၏ ချောင်ဘုံးကိုပင် သူကိုယ်တိုင်ထုံးပေးသည်။ သူသည် အင်း အိုင် ခလဲ့ လက်ဖွဲ့ ဆေးဝါး မန္တရား တို့ကိုလည်း အထူးဝါသနာပါသည်။ သူသည် ကျွန်တော်အဖို့ ပီယ ကောင်းသော လက်ဖွဲ့များကိုလည်း ပေးဘူးပါသည်။ အိမ်တွင် ဈေးရောင်းကောင်းအောင် ဆို၍လည်း လက်ဖွဲ့ ထိုးပေးဘူးပါသည်။ သွေးတိတ်မန်း ဂါထာကိုလည်း သင်ကြားပေးဘူးပါသည်။ ကျွန်တော်၏ မွေးနှစ် ခု လ ရက် တို့ကိုမေး၍ ဗေဒင်လည်းဟောဘူးပါသည်။

"မင်းကြီးယင်သဌေးကြီးဖြစ်လိမ့်မယ်"

သူဟောခဲ့ဘူးပါသည်၊ သည် ဟောစာတမ်းကို ကျွန်တော် ဘယ်တော့မှ မမေ့ပါ၊ သူက သည်လို ဟောလိုက် ကြောင်း ကျောင်းသားတွေ ကြားသောအခါ ကျွန်တော့ကို 'သဌေးကြီး' ဟု ခေါ်ကာလှောင်ကြ ပြောင်ကြ လေတော့သည်။

ရွာဘရွာတွင် ဘုန်းကြီးကျောင်းတကျောင်းထက်ပို၍ရှိလျှင် မကောင်း။

ထန်းကုန်းရွာတွင် ဘုန်းကြီးကျောင်း နှစ်ကျောင်းရှိပါသည်။ အရှေ့ကျောင်းနှင့် အနောက်ကျောင်း။ ကျွန်တော်တို့ ကျောင်းသည် အရှေ့ကျောင်းဖြစ်သည်။ မီးရထားလမ်း၏ အရှေ့ဘက်တွင် ရှိပါသည်။ မီးရထားလမ်း အနောက်ဘက်





တွင် အနောက်ကျောင်းဟူ၍ ကျောင်းတကျောင်း ရှိပါသေးသည်။

ရွာထဲတွင်လည်း အနောက်ကျောင်း၏ တကာ တကာမနှင့် အရှေ့ကျောင်း၏ တကာ တကာမတို့သည် အမြဲတမ်း ပြိုင်နေလေသည်။ အရှေ့ကျောင်းတွင် တထောင်တန် ကထိန်ခင်းလျှင် အနောက်ဘက်ကျောင်းက တကာတကာမတွေကသုံးထောင်တန် ခင်းရအောင် ကြိုးစားသည်။ စင်စစ်အားဖြင့် ကျောင်းနှစ် ကျောင်းသည် နေရာတိုင်းတွင် ပြိုင်ကြလေသည်။ ဝါဆိုပွဲတွင် လည်း ပြိုင်သည်။ သီတင်းကျွတ်ပွဲမှာလည်း ပြိုင်သည်။ ထမနဲပွဲ တွင်လည်း ပြိုင်သည်။ ကျောင်းသားချင်းလည်း ပြိုင်သည်။ ကိုရင်ချင်းလည်း ပြိုင်သည်။ ဦးပဥ္စင်းလည်း ပြိုင်သည်။ ဘုန်းကြီးချင်းလည်း ပြိုင်သည်။ ဘာကိစ္စလုပ်လုပ် ပြိုင်သည့်စိတ်ဓာတ် နှင့် လုပ်ကြလေသည်။

တနေ့သော် ဆွမ်းခံအဖွဲ့နှင့် ကျွန်တော်လိုက်လာသည်။ မိုးရွာထားသဖြင့်လမ်းတနေရာတွင်ရွှံ့ဗွက်တွေဖြစ်နေသည်။ ခင်းထားသည့် ဝါးလုံးသုံးလုံးပူး တံတားကလေးမှာ တယောက်စီသာ သွားနိုင်သည်။ ထိုဝါးတံတားပေါ်တွင်တယောက်နှင့်တယောက် မချောင်တိမ်းနိုင်ပါ။ ကျွန်တော်တို့တတွေ တဖက်တွင်ရောက် သောအခါ အနောက်ကျောင်းမှ ကိုရင်နှင့် သူ့ ဆွမ်းခံအဖွဲ့လည်း အခြားတဖက်ကမ်းတွင် ရောက်ရှိနေပြီ။ မည်သည့်ဘက်ကမှ အလျှော့ မပေး။ ကျွန်တော်တို့ ဘက်ကလည်း စီတန်းကာ တဖက်သို့ကူးသည်။ တဖက်မှအနောက်ကျောင်းသားတို့ကလည်း စောင့်မနေ။ မခံချင်စိတ်နှင့် အတင်းကူးလာသည်။ တံတား အလယ်တွင် နှစ်ဖက်ဆိုင်ကြပြီး အတင်းတိုးကြရာ ရွှံ့ဗွက်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com

လိမ့်ကျကုန်သည်။ သည်လိုလိမ့်ကျ နေကြရာမှ သပိတ်နှင့် ခုတ်သူခုတ်၊ ဆိုင်းထမ်း ထမ်းပိုးနှင့် ရိုက်သူရိုက် ဝရုန်းသုန်းကား ဖြစ်ကြလေသည်။ နှစ်ဖက်စလုံးမှ ကွဲကြ ပြဲကြလေသည်။ ဆွမ်းဟင်းတွေလည်း ဖိတ်ကုန်သည်။ ကျွန်တော်သာလျှင် အရှောင်ကောင်း၍ လွတ်သွားပါသည်။

အနောက်ဖက်ကျောင်းမှ ဗျတ်ဆိုင်းထမ်းသူမှာ ရွှံ့ဗွက်ထဲတွင် နှစ်နေသည်။ ကျွန်တော်တို့ဘက်မှ ကိုရင်မှာ အနာဆုံးဖြစ်သည်။ ရွှံ့ဗွက်ထဲတွင် အားလျား မှောက်ရက်ကြီး လဲနေရာ တဖက်က ကိုရင်က ဆိုင်းထမ်း ထမ်းပိုးကိုဖြုတ်၍ ဦးခေါင်းကို သုံးလေးချက်ဆင့်ရိုက်ရာ ပေါက်ပြဲကုန်သည်။ ရွှံ့ထဲမှ ဆွဲထူလိုက်သောအခါ မျက်နှာတခုလုံး ရွှံ့ရော သွေးပါ လိမ်းပြီးသားဖြစ်နေလေသည်။ သူ့ပါးစပ်မှလည်း တတွတ်တွတ် ကြိမ်းမောင်းနေပါသည်။ သူ့ကိုမြင်ရသောအခါ ငိုအားထက် ရယ်အားသန်ရမလို ဖြစ်နေတော့သည်။ သူ့မျက်နှာမှာ အနီအနက်အကြောင်အကြားတွေ ဖြစ်နေ၍ ရှုံ့မဲ့နေပါသည်။ တခါတခါ ပါးစပ်ကြီးရွဲ့ကာ မျက်လုံးကြီးပြူးကာနှင့် အော်လိုက်သေးသည်။

အနောက်ဖက် ကျောင်းသားများလည်း လစ်ကြလေတော့သည်။ ကျွန်တော်တို့လည်း ကျောင်းသို့ သုတ်ခြေတင်ကြသည်။

ဘုန်းတော်ကြီးလည်း သူ့တပည့်တွေ ဖြစ်အင်ကို ကြည့်၍ ကျိတ်မနိုင် ခဲမရဖြစ်နေလေသည်။ ဇောသီကို ဇကာဇကာ ပြင်ရိုသည်။

''မင်းတို့ညံ့လို့ ခံရတာ''





သူသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ယင်း ရေရွတ်နေလေသည်။

''သွားသွား၊ သူကြီး စံဘ သွားခေါ်စမ်း''

ထန်းကုန်းရွာသူကြီး ဦးစံဘမှာ ဘုန်းတော်ကြီး၏ တပည့်ရင်း ဖြစ်လေသည်။

မကြာမီ ဦးစံဘ ရောက်လာလေသည်။ ဘုန်းတော်ကြီးက မည်မျှနာကျည်းစရာကောင်းကြောင်း၊ မည်မျှရှက်စရာ ကောင်းကြောင်း စသည်တို့ကို တနာရီခန့် တရားဓမ္မပြသသည်။ ဦးစံဘလည်း မျက်နှာကြီးနီ၍ ပြန်ဆင်းသွားသည်။ မကြာခင် အနောက်ကျောင်းမှ ကိုရင်ကို ဖမ်းလေသည်။ လက်ထိပ်ခတ်၍ ကန့်ဘလူဂါတ်သို့ ပို့သောအခါ ဘူတာတွင် လူတွေဝိုင်းအုံ၍ ကြည့်နေကြလေသည်။ အရှေ့ကျောင်းဘက်မှလူများ ဝမ်းသာအားရ ရှိသလောက် အနောက်ကျောင်းဘက်မှလူများ မခံချိမခံသာ ဖြစ်နေကြလေသည်။

မျှားမကြာမီ အမှုဆိုင်ကြသောအခါ အနောက်ကျောင်းမှ ကိုရင်ကို ဒဏ်ငွေအနည်းငယ်ရိုက်၍ အပြစ်ပေးလိုက်လေသည်။

''ဟော့....ဘာဖြစ်သေးသလဲကွ။ ဒီငွေလောက်တော့ တို့မမှုပါဘူး''

အနောက်ကျောင်းမှ လူတွေက ကြိမ်းကြလေသည်။

''သူကြီး စံဘတော့ သတိထားနေဦးပေါ့ကွ''

သူတို့ပြောသည့်အတိုင်းပင် သူကြီးဦးစံဘလည်း မကြာခင်ပြုတ်တော့သည်။ ပြုတ်သည့် အကြောင်းရင်းကိုတော့ မသိပါ။

× × ×


www.burmeseclassic.com

www.burmeseclassic.com

တောဘုန်းကြီးကျောင်းတွင် နှစ်စဉ် အလှူရှင်ပြုပွဲများကို နွှဲခဲ့ရသည်။ ကျွန်တော် မမေ့နိုင်သည့်ပွဲများတည်း။

သာရေး နာရေးများတွင် တောသူတောင်သားတို့ တဦးကို တဦး ရိုင်းပင်းကြပုံမှာ အထူးအားရစရာ ကောင်းလှပေသည်။

"ထန်းကုန်းရွာမြောက်ပိုင်း လယ်သမားကြီး ဦးဘိုးထော် ဒေါ်မိတို့ သားရှင်ပြု သမီးနားထွင်းအတွက် မနက်ဖြန်တောသို့ တက်၍ သစ်ဝါးခုတ်မည်ဖြစ်၍ တအိမ်တစီးကျ လှည်းနှင့်လိုက်ကြပါဗျို့"

ရွာဆော်သည် သည်လိုလိုက်အော်လိုက်လျှင် နောက်တနေ့ နံနက်တွင် လှည်းပေါင်း မြောက်မြားစွာ အရန်သင့် ရောက်နေသည်။ အချို့ မလိုက်နိုင်သူများကလည်း မဏ္ဍပ်ဆောက်သောအခါကျမှ ကူညီပါမည်ဟု လာပြောကြသည်။

သစ်ဝါးတွေ ရောက်လာသောအခါ မဏ္ဍပ်ဆောက်သည်။ ထမင်းစားရုံထိုးကြသည်။ သည်လိုအခါ၌လည်း အားလုံးဝိုင်း၍ လုပ်ကြသည်။ အခကြေးငွေ မပေးရ။ ထမင်းသာလျှင်ကျွေးရသည်။ ထမင်းကိုမူ မဏ္ဍပ်တိုင်ထူသည့်နေ့ကစ၍ နေ့စဉ်ကျွေးနေရလေသည်။

အလှူရက် နီးလာလျှင်လည်း မိန်းမကြီး မိန်းမငယ် အပျိုအအိုတို့သည် ပေါက်ပေါက် လှော်သူ လှော်၊ မုန့်ဆီကြော် ကြော်သူ ကြော်၊ မုန့်ဖက်ထုပ် ထုပ်သူ ထုပ်နှင့် အလှူအိမ်တွင် ဆူညံလျက်ရှိတော့သည်။ သည်အထဲမှနေ၍ သီချင်းသံများကိုလည်း ကြားရ တတ်သေးသည်။ ကာလသား တို့ က လည်း မုန့်ဆီကြော်ဖိုနားလာ၍ အိုးစည် ဒိုးပတ်ဝိုင်းများနှင့် ဘာသာဘာဝ တီးမှုတ် ကခုန်ကြသည်။





ကျွန် တော် တို့ ဘုန်း ကြီး ကျောင်း များ တွင် လည်း ကျောင်းသားများမှာ ရတုကျက်ရ၊ 'သျှူးလိုက်' ရနှင့် အလုပ်များနေကြလေသည်။ သျှူးလိုက်ရသည် ဆိုသည်မှာ ရတုကိုအဆိုကောင်းတယောက်က တပိုဒ်ပြီး တပိုဒ်ဆိုသွားလျှင် အပိုဒ်ဖြတ်တိုင်း ဖြတ်တိုင်း ကျောင်းသား အားလုံးက ဝိုင်း၍ 'သျှူး' ဟု အော်ဆိုရခြင်း ဖြစ်လေသည်။ အလှူ မစမီ ဆယ်ရက်လောက်ကတည်းက ရှင်လောင်းကိုရွှေတင်ကာ ရွှေထီးမိုး၍ အိမ်ပေါက်စေ့သွားပြီးလျှင် ကျောင်းသားတွေက နောက်ကလိုက်၍ ရတုဆိုကြပါသည်။

ရတုတိုင်ဆိုသူ ။ ။ပမာယခု ဆောင်ကာ ပြုသော်
ကျောင်းသားအများ။ ။သျှူး
ရတုတိုင်ဆိုသူ ။ ။အလောင်းတော်မြတ် ပေါမိ
သတ်သို့
ကျောင်းသားအများ။ ။သျှိုး
ရတုတိုင်ဆိုသူ ။ ။သားမြတ် သမီး ဇနီး ကြင်သူ
ပေးကမ်းလှူ၍
ကျောင်းသားအများ။ ။သျှူး

သည်လိုသျှိုးသံတွေရွာထဲတွင် ဆူညံနေပါတော့သည်။ ရတုဆိုပြီးသောအခါ အိမ်ရှင်က တတ်နိုင်သလောက် အလှူငွေထည့်ရပါသည်။ ရှင်လောင်းလှည့်ရာတွင်လည်း သည်သျှူးလိုက်ရတုကိုပင်ဆို၍ ကျောင်းသား တွေကရှင်လောင်းတွေနောက်မှ လိုက်ကြရသည်။ မဏ္ဍပ်ထဲတွင်လည်း ရတုကို ကျူးရင့်ကြရသည်။ ရတုဆိုကောင်းသည့် ကျောင်းသားများမှာ အလွန်ထင်ပေါ်သည်။ မျက်နှာကြီးသည်။ အလှူမဏ္ဍပ်ထဲတွင်ရှိသည့် မိန်းမပျို



www.burmeseclassic.com

www.burmeseclassic.com



ကလေးများ၏ မျက်လုံးများမှာ ရတုဆိုသူဆီသို့သာ ရောက်နေတတ်ကြပါသည်။ ကျွန်တော်သည် ထိုစဉ်က သည်အကြောင်းတွေကိုသိ၍ တော်တော်ရတုဆိုချင်ပါသည်။ သို့သော် ငယ်သေးသည်ဆို၍ ကျောင်းသားကြီးတွေက ဆိုခွင့်မပြု။ နောက်ပိုင်းကသာ ‘သျှို’ လိုက်နေရပါသည်။

အလှူပြီးသောအခါ ကောက်ခံရရှိသောငွေများကို ကျောင်းသားတွေ ခွဲဝေယူကြပါသည်။ ရတုဆိုသူများက ခပ်များများရကြပါသည်။ သျှိုးလိုက်သူများမှာ တဦးလျှင် တမူးတမတ်စီသာရပါသည်။ သို့သော် ကျွန်တော်တို့အဖို့ ဝမ်းသာ၍မဆုံး။

နှင်းတွေမှုန်နေ၍ လယ်ကွင်းထဲတွင် ရိုးပြတ်နှံ့ သင်းနေသည့်အချိန်များတွင် သည်လိုအလှူပွဲများ၌ ပါဝင်ဆင်နွှဲခဲ့ရပုံများကို ကျွန်တော် မမေ့နိုင်ပါ။

(၃)

ဘောရှာသို့ပြောင်းလာစအချိန်က ကျွန်တော်တို့အိမ်ထောင်သားစုတွင် ကျွန်တော်၏ဘွားဘွား၊ မိခင်၊ နှမငယ်နှင့် ကျွန်တော်ပါ လေးဦးရှိသည်။ ထိုအိမ်ထောင်သားစု လေးဦး၏ စားဝတ်နေရေးတာဝန်ကို ကျွန်တော်၏မမေသည်အတော်ပင် ခက်ခက်ခဲခဲ ရုန်းကန် ထမ်းဆောင်နေရရှာသည်။ မန္တလေးမှ ဝယ်ယူတင်ဆောင်လာခဲ့သောလက်ဖက်ခြောက်၊ ပုစွန်ခြောက်၊ ငါးခြောက်၊ ဆေးရွက်ကြီး၊ အဝတ်အထည် စသည်များကို အနီးအနားရွာများသို့ သွားလာ လှည့်လည်၍ ရောင်းချရသည်။ တခါတရံ စပါး၊ ပဲ စသည်များနှင့်လဲလှယ်သည်။ ထိုသို့ရရှိသောကောက်ပဲသီးနှံများကို ငွေဖြစ်အောင်ပြန်လည် ရောင်းချရသည်။ တခါတရံလည်း ပဲသစ်များ ပေါ်ချိန်တွင် ပဲအမျိုးမျိုးကို အဆင်သင့်သလို ဝယ်ယူ၍ ရစ်ကိုင်းသို့ သွားရောက်ရောင်းချသည်။ တခါတရံလည်း ထိုဒေသတဝိုက်ရှိ မြေဒူး၊ ရှစ်မျက်နှာ အစရှိသောဘုရားပွဲများသို့သွားရောက်၍ ဆိုင်ဖွင့် ရောင်းချသည်။ တခါတရံလည်း ကျိုက်သင်း၊ ကောလင်း၊ ဝန်းသိုဘက်သို့ဆက်သွား၍ သင်းနို့ ချေးများကို စုဆောင်းခဲ့ပြီးလျှင် မြေသြဇာအဖြစ်အသုံးပြုရန် ကြက်သွန်စိုက်ပျိုးသူများသို့ ရောင်းချသည်။

ထိုစဉ်က ကျွန်တော်၏ မိခင်သည် အရွယ်အားဖြင့် သုံးဆယ်နှစ်နှစ် မျှသာရှိသေးသည်။ လင်ယောကျ်ား ပစ်ခွါသွားသဖြင့် ကိုယ့်အားကိုယ်ကိုးကာ မိခင်အိုကြီးနှင့် သားသမီးနှစ်ယောက်ကို ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသ၍ ရှာဖွေ လုပ်ကိုင်ကျွေးမွေး နေရခြင်းဖြစ်ပေသည်။ ဤသို့ ဝမ်းရေးအတွက် မိန်းမသား တဦးတည်း သွားလာလုပ်ကိုင် နေရသည်ကို သစ်တောအမှုထမ်း တဦးနှင့် နီးစပ်မှုရရှိပြီး အိမ်ထောင်သစ် ထူထောင်လေတော့သည်။ ထိုအကြောင်းကို သိရသောအခါ ကျွန်တော်သည် ဝမ်းနည်းပက်လက် ဖြစ်ရပါသည်။ ဖခင်ကို ဒေါသဖြစ်မိသည်၊ မိခင်ကိုလည်း မကျေမချမ်း ဖြစ်သည်။ မေမေသည် ငိုနေသောကျွန်တော့်အား သူမည်သည့်အတွက်အိမ်ထောင်သစ်ထူရသည့် အကြောင်းကို ရှင်းလင်း ပြောပြသည်။ မိခင်အိုကြီးနှင့် သား သမီး နှစ်ယောက်အား သူရှာမကျွေးနိုင်တော့ချေ။ နောက်အိမ်ထောင်သည် ကျွန်တော်တို့ အိမ်ထောင် သားစု၏ ဘဝရပ်တည်ရေး တာဝန်တွေကို ယူလိမ့်မည် ဟု သူမျှော်လင့်ခဲ့သည်။ သို့သော် သူမျှော်လင့်သလိုကားဖြစ်မလာ။ သား







www.burmeseclassic.com

www.burmeseclassic.com



ကလေးတယောက် ရသောအခါ သူ့နောက် အိမ်ထောင်သည် စွန့်ခွါ၍သွားပြန်လေသည်။

မေမေသည် သူ့မိခင်အိုကြီးနှင့် ကျွန်တော်တို့ မောင်နှမ သုံးယောက်၏ စားဝတ်နေရေး တာဝန်တွေကို နှစ်ရှည်လများ ထမ်းဆောင် နေခဲ့ရသဖြင့် ခြေကုန် လက်ပန်း ကျနေပါပြီ။ သို့သော် သည်တာဝန်တွေကို ဆက်လက်ထမ်းဆောင် မနေရတော့ပါ။ ကျိုက်သင်းနယ် တဝိုက်မှ ရရှိလာခဲ့သော ငှက်ဖျားရောဂါသည် မိခင်ကြီး၏ ဇီဝိန်ကို တဖြည်းဖြည်း နုတ်ယူလျက် ရှိပါသည်။ ထိုအရပ်တွင် ဆေးရုံလည်းမရှိ၊ ဆရာဝန်လည်းနတ္ထိ၊ မြန်မာဆေးဆရာ ကောင်းကောင်း လည်းမတွေ့၊ သည်အထဲ ဘွားဘွားကပါ နေမကောင်း ထိုင်မသာ ဖြစ်လာပြန်၍ သမီးအကြီးရှိရာမန္တလေးသို့ပြန်ပို့လိုက်ရပါသည်။

ဘွားဘွား ပြန်သွား၍ လေးငါး ရက်အကြာတွင် ရှိရင်းစွဲ ငှက်ဖျားရောဂါသည် မေမေ့အား အပြင်းဖမ်းလေတော့သည်။ သန်းခေါင်ကျော် လူခြေ တိတ်ချိန်တွင် "ဒီတခါ မေမေနေကောင်းယင်သားကိုရှင်ပြုမယ်" ဟု တတွတ်တွတ် ပြောဆိုယင်း အမော‌ဖောက်လာသည်။ မောနေရာမှကျွန်တော့်လက်ပေါ်တွင် ပင် အသက်ပျောက်သွားပါတော့သည်။ ညီမငယ်နှင့် ညီငယ်တို့သည် သာမျှမသိရှာကြ။ မိခင်၏ ရင်ခွင်အနီးတွင် အိပ်မောကျနေကြသည်။ မေမေသည် ကျွန်တော်တို့မောင်နှမသုံးယောက်ကို စွန့်၍သွားလေပြီ။ ကျွန်တော် သည် အော်ဟစ် ငိုကြွေးယင်း အိမ်နီးနားချင်းများကို ခေါ်လိုက်ပါသည်။ ဦးဘိုးလင်း နှင့် ဒေါ်ပွမှိုက်တို့သည် ရေဆိနံမီးခွက်ကြီးများကို ဆွဲကိုင်၍ ကျွန်တော်တို့အိမ်ဘက်သို့ ကူးလာကြသည်။ မေမေ အသက်ပျောက်နေ





သည်ကို သိသောအခါ ကျွန်တော်တို့ မောင်နှမ သုံးယောက်ကို သူတို့အိမ်သို့ ခေါ်ဆောင်လာပြီး အိပ်စေပါသည်။

နံနက်မိုးလင်းလျှင် ကျွန်တော် သည် တံခါးပိတ်၍ ထားခဲ့သော မေမေ၏ အလောင်းကို သွား၍ကြည့်သည်။ မေမေ၏ အသားတို့သည် ဝါဝါဝင်းနေပါသည်။

"ငှက်ဖျားဆိုတာ ဒီလိုပဲ" ဟု ကျွန်တော်နှင့် ပါလာသူ ဦးဘိုးလင်း က ပြောပါသည်။ မေမေ ၏ မျက် လုံး တို့ သည် လုံးလုံးချည်းပိတ်မနေပဲအနည်းငယ်ပွင့်နေပါသည်။ ပုရွက်ဆိတ် ထိုးသည် တံခါးဘောင်မှ ဆင်းလျက် မေမေ၏ မျက်နှာဆီသို့ တန်းစီ၍ တက်နေကြသည်။ သူတို့သည် မေမေ၏ မျက်လုံးအစုံကို စားသုံးရန် လာနေကြဟန်တူပါသည်။

မေမေ၏ အလောင်းကို အမြန်ဆုံးသင်္ဂြိုဟ်ပစ်ရန် အနီးအနားမှ မိတ်ဆွေ သင်္ဂဟတို့က ဝိုင်းဝန်း ကြိုးပမ်းကြသည်။ မန္တလေးရှိ ဆွေမျိုးများထံသို့လည်း သံကြိုးရိုက်၍ အကြောင်းကြားလိုက်ကြသည်။ သို့သော် မေမေ့ အလောင်း မြေမကျမီ ရောက်အောင်လာနိုင်ကြမည်မဟုတ်ပေ။ ထိုနေ့တွင်ပင် မြေမြှုပ် သင်္ဂြိုဟ်ရန် စီစဉ်နေကြပါပြီ။ သင်္ဂြိုဟ်စရိတ်အတွက်ဟုဆိုကာ မိတ်ဆွေ သင်္ဂဟများ ထံမှ ငွေစုကြသည်။ မေမေ စုဆောင်းထားခဲ့သော ငွေများကျန်ရစ်ခဲ့၏လောဟုလည်း မေးမြန်းကြသည်။ ခေါင်းအုံးအောက်မှရရှိသော ငွေစက္ကူနှစ်ချပ် သုံးချပ်နှင့် အကြွေအနည်းငယ်မှအပ များများစားစားမတွေ့ကြပါ။

မေမေ၏ ရုပ်ကလာပ်ကို အိမ်ရှေ့ခန်းတွင် ပြင်ထားသည်။ အသက်ပျောက်စဉ်က ကွေးနေသော ခြေထောက်များသည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ညဥ့်လုံး မဆန့်ပဲ ထားခဲ့ရသဖြင့် တောင့်တင်း နေပြီ ဖြစ်၍ ရုပ်ကလာပ်ကို ပက်လက်ပြင်ထားသောအခါ ခြေထောက်များသည် ကြွမ်းပြင်နှင့်ကပ်မနေပဲ ဒူးဆစ်နေရာမှ ကြွတက်နေသည်။ ခေါင်းစပ်ရာတွင် အနံ့ကြီးသော ပျဥ်ပြားကြီးများနှင့် မစပ်နိုင်ကြ။ အနံ့ ခြောက်လက်မခန့်ရှိသော ပျဥ်ပြားများကို သာ အပေါက်ကျဲကြီးများချန်၍ စပ်ကြသည်။

ညနေ ၃ နာရီခန့်တွင် မိုးတဖွဲဖွဲရွာသွန်းနေသည်။ ထိုအချိန်တွင် မေမေ၏ ရုပ်ကလာပ်ကို ခေါင်းသွင်းကြသည်။ ထိုနောက် အပိတ်မပါသောခေါင်းကို အုန်းဆံကြိုးကြီးများနှင့် သိုင်းပြီးလျှင် လူသေးယောက်ထမ်း၍ ရွာထဲမှထုတ်လာခဲ့ကြလေသည်။ လိုက်ပို့ကြသူ ဆယ်ယောက်ခန့်ရှိပါသည်။ ညီငယ် ညီမငယ်များကို ဦးဘိုးလင်းအိမ်တွင် ထားခဲ့ပြီးလျှင် မေမေ၏ အလောင်းနောက်မှ လိုက်ပါလာခဲ့သည်။ ရွာ၏ အနောက်သို့ ထွက်၍ လယ်ကွင်းများကို ဖြတ်ကာ မူးချောင်းဘေးရှိ သစ်ပင်ကြီးများ အုပ်ဆိုင်းနေသော သုသာန်အထိ လျှောက်ကြရသည်။ ဘုန်းကြီး တပါးနှင့် သရဏဂုံ တင်ပြီးသော် အလောင်းကို အသင့်တူးထားပြီးဖြစ်သော မြေတွင်းထဲသို့ ချလိုက်သည်။ ထိုနောက် မြေဖို့လိုက်ကြသည်။ တလမ်းလုံး မငိုခဲ့သော ကျွန်တော်သည် အဖုံး အပိတ် မရှိသော ခေါင်း အတွင်းဝယ် ပကတိတည်ရှိနေသော မေမေ၏ မျက်နှာနှင့်ထကွ တကိုယ်လုံးပေါ်သို့မြေစိုင် မြေမှုန်များကျဆင်း ဖုံးဖိကုန်သောအခါယူကြုံးမရဖြစ်ကာ မချုပ်တည်းတော့ပဲ သတိလက်လွတ်မတတ်ရှိုက်ငိုရှိုက်၍ ငိုမိပါတော့သည်။





နောက်တနေ့တွင် မေမေ၏ အစ်ကို၊ ကျွန်တော်၏ ဦးကြီး မန္တလေးမှ ရောက်ရှိလာ၍ ကျွန်တော်တို့ မောင်နှမသုံးယောက်ကို မန္တလေးသို့ ခေါ်ဆောင်ပါသည်။

ထို့ကြောင့် ထိုဘုန်းကြီးကျောင်းမှ ကျွန်တော် ထွက်ရပြန်ပါသည်။

မီးရထားကြီးသည် ထိုဘူတာမှ ထွက်လာသောအခါ ကျောင်းရှေ့မှ ခုတ်မောင်းလာရာ ကျွန်တော်နှင့် ကစားဖက်၊ ကျွန်တော်နှင့်စာအံဖက်၊ ကျွန်တော်နှင့်ရန်ဖြစ်ဖက်၊ ကျွန်တော်နှင့်သို့ လိုက်ဖက် ဆောင်ပေစူးနှင့်ကျောင်းသားမြောက်မြားစွာတို့သည် သမ်းဘေးမှနေ၍ လက်ရမ်းပြသူပြ၊ ပုဆိုးချွတ်မြှောက်သူမြှောက်၊ အော်ဟစ်သူ ဟစ်နှင့် ကျွန်တော့်ကို ထွက်၍နှုတ်ဆက်နေကြပါသည်။ ကျွန်တော်ကလည်း ပြန်၍လက်ရမ်းပြပါသည်။ သို့သော် မီးရထားကြီးသည် အရှိန်ပြင်းစွာ ခုတ်မောင်းနေပြီဖြစ်၍ သူတို့သည် ကျွန်တော့် မျက်စိအောက်မှ မကြာခင် ပျောက်ကွယ်သွားကြပါတော့သည်။

(ဂ)

မန္တလေးမြို့သို့ ပြန်ရောက်ပါပြီ။

ကျွန်တော်၏ မိခင်လည်းမရှိပြီ။ ကျွန်တော်၏ ဘွားဘွားလည်း မမာမကျန်းဖြစ်နေလေသည်။ သူသည် ကျွန်တော့်ကို ဘုန်းကြီးဝတ်စေချင်သည်။ သူသည် ကျွန်တော့်ကို သင်္ကန်းလွှမ်းနှင့် ကြည့်ချင် မြင်ချင်လှသည်။ စင်စစ် အားဖြင့် သူသည် ဘုန်းကြီးမယ်တော်ကြီး ဖြစ်ချင်လေသည်။ သူ့ကို လူတွေက



www.burmeseclassic.com

www.burmeseclassic.com

မယ်တော်ကြီး မယ်တော်ကြီးဟု ခေါ်စေချင်သည်။ သည်လို အခေါ်ခံချင်သည်။ ခမ်းနားကြီးကျယ်စွာ သင်္ဂြိုဟ်သော မယ်တော်ပျံကြီးတွေကို မန္တလေးမြို့တွင် မကြာခဏတွေ့ရသည်။ ပြာသာဒ်၊ တလား၊ လောင်တိုက်၊ သား မြေး ဘုန်းကြီးက တန်ခိုးကြီးလျှင် ကြီးသလို မယ်တော်ပျံကို ငွေအမြောက်အမြား အကုန်ခံဘတ်ကြလေသည်။

"ငါ့မြေးကြီးယင် ဘုန်းကြီးလုပ်မယ်မှုတ်လား"

မကြာခဏ ကျွန်တော့်ကို မေးတတ်ပါသည်။

သူသည် အသက်ရှင်နေစဉ် မယ်တော်ကြီးဟု အခေါ်ခံ၍ သေသောအခါ၌လည်း မယ်တော်ပျံအဖြစ် သူ့ကျန်ရစ်သော အလောင်းကို သင်္ဂြိုဟ်ခံရလျှင် ကောင်းမှာပဲဟု စိတ်ကူး၍ သာယာမှုရှိနေလေသည်။ ကျွန်တော့်အမိဘက်က အမျိုးအဆွေများက ဝါဝါမြင်လျှင် အလိုလို ကြည်ညိုနေကြသူများ ဖြစ်သည်။ သင်္ကန်းဝတ်လာလျှင် အကျင့်သိက္ခာကို မဝေဖန်တော့ပဲ ကြည်ညိုပြီးဖြစ်နေကြသည်။

တခါက ယပ်လှဲ့တရားဟော ဘုန်းကြီး 'စိန်ရောင်ခြည်' ကိုယ်တော်ကို တဆွေလုံး တမျိုးလုံး ဝိုင်း၍ ကြည်ညိုကြလေသည်။ ဘုန်းတော်ကြီးမှာလည်း အတော် အသံ ကောင်းကောင်းနှင့် တရား ဟောနိုင်သည်။

'စိန်ရောင်ခြည် နေ တနင်္ဂနွေ ကဲ့သို့ ရွှေဖုန်းတော်သခင် အရှင်ဘုရား'။ သည်လို အဆုံးသတ်ထားသည့် ဘုရားပင့်ကဲလေးကို တကာမတွေ အထူး နှလုံး တွေ့ကြသည်။ သံနေ သံထားနှင့် ခပ်ဆွဲဆွဲကလေး ဆိုလိုက်လျှင် တကာမတွေ ကြည်နူးကြသည်။ သည်ထဲတွင် ကျွန်တော်တို့ ဆွေမျိုးတွေလည်း ပါလေသည်။





ကိုယ်တော်လည်း ပိုးသင်္ကန်း တရှမ်းရှမ်းနှင့် အိမ်တွင် အဝင်အထွက် များလာလေသည်။ နောက်ဆုံးတွင် ကျွန်တော်၏ အစ်မဝမ်းကွဲ တယောက်ကို ခိုး၍ လစ်လေတော့သည်။ သုံးလ လောက် ကြာမှ စိန်ရောင်ခြည် လူထွက်နှင့် အစ်မတော်စုံတွဲ ပြန်ပေါ်လာကြသည်။

သည်အဖြစ်အပျက်ကလေးကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ မည်မျှလောက် သံဃာတော်များကို ကြည်ညိုခဲ့သည်ကို သိသာနိုင်ပါပြီ။

ဘွားဘွားလည်း ကျွန်တော်ကြီးလျှင် ဘုန်းကြီး ဝတ်ရန် အဘန်တန် မှာ ကြား ခဲ့ ပြီး သော် ကွယ်လွန် သွားလေ၏။ ကျွန်တော်၏ ကြီးဒေါ်နှင့် ဘကြီးက ကျွန်တော်၏ ညီမငယ် ညီငယ်များကို အခြားသူများ လက်သို့ မွေးစားရန် ပေးအပ်လိုက် ပြီး လျှင် ကျွန်တော့် ကိုလည်း ဘုန်းကြီး ကျောင်းသို့ ပို့လိုက်ပြန်လေသည်။ ဘုန်းကြီးကျောင်းနှင့်ကို ရေစက်မကုန်နိုင်ပါတကား။

မိုးကောင်းတိုက်မင်းကြီးကျောင်း ဦးဝါယမထံသို့ ရောက်လာပြန်လေသည်။ ဘုန်းတော်ကြီးသည် စကားပြောချိုသာသည်။ စည်းကမ်း ကြီးသည်။ စာသင် စာပြ ကောင်းသည်။ ကျွန်တော့်တွင် အမေလည်း မရှိတော့ပြီ။ အဖေကလည်း ဂရုမစိုက်၊ ဆွေမျိုးသားချင်း ဟူ၍လည်း အားကိုးစရာမရှိ၊ သည် ဘုန်းကြီးကိုသာလျှင် မိဘလို အားကိုးရတော့သည်။

ဘုန်းတော်ကြီးကလည်း ဂရုစိုက်သည်။ ပြောင်းပူးခွမ်း ဖြစ်နေသော ကျွန်တော်၏ ဆံပင်ကို ကိုယ်တိုင် ဆီလိမ်းပေးသည်။ သျှောင်ထုံးချောချောထုံးသည်၊ အင်္ကျီလျှော်ကျင်ဆပ်ပြာ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပေးသည်။ မမာလျှင် ကိုယ်ဖိ ရင်ဖိ ပြုစုသည်။ ကျွန်တော်သည် ထို ကျောင်းမှာပင် ကျောင်းအိပ် ကျောင်းစား အဖြစ် ဘုန်းကြီးကို အားကိုးနေရပါတော့သည်။

နံနက်တွင် စောစောထကြရသည်။ ကျောင်းထိုင် ဘုန်းတော်ကြီးနှင့် အတူနေထိုင်ရင်းနှီးသည့် ဒေါ်ပုံအမည်ရှိအကြော်သည်ကြီး၏ ဒယ်အိုး၊ ခြင်းတောင်း၊ ဆီးပုံးစသော ပစ္စည်းများကို ကျောင်းတွင် အပ်ထားရာ ထိုပစ္စည်းများကို အကြော်ဆိုင်ရှိရာမိကျောင်းတံတားသို့ ကျောင်းသားတွေက သယ်ပို့ကြရသည်။ ဒယ်အိုးရွက်သူရွက်၊ ဆီပုံး ဆွဲသူဆွဲ၊ ဗူးသီးတောင်း ထမ်းသူထမ်း၊ မုန့်မှုန့်ဗန်း ကိုင်သူကိုင်နှင့် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး အမှုတော်ကို ထမ်းကြရသည်။ သည်လို လုပ်ပေးသည့်အတွက် ဒေါ်ပုံက တပြားတန် အကြော်တချမ်စီ ပေးသည်။

အကြော်စားပြီးသော် ဆွမ်းခံထွက်ကြသည်။ ရှေ့မှသပိတ်၊ နောက်မှ ဟင်းခွက်ထည့်သော လင်ဗန်းကို အုပ်ဆောင်း အုပ်လျက် ဆိုင်းထမ်းကို ထမ်း၍ ထွက်ကြရသည်။ သည်လို ထွက်ကြရဝယ် ကျွန်တော်လည်း ကျောင်းသားကြီးများနှင့် အတူလိုက်ရသည်။ မိုးကောင်းတိုက်မှစ၍ ယွက်သွားရာ သင်းဘောတန်၊ ဒေါင်းရိုး၊ ရွှေတချောင်း တို့ကိုလွန်၍ ဝါးတန်းသို့ ရောက်လေသည်။ ဝါးတန်းလမ်းရှိ စိန်ပန်းပင် အောက်တွင် ခေတ္တမျှနားနေတတ်ကြသည်။ အခြားသော ကိုရင်၊ ဘုန်းကြီး၊ ကျောင်းသားတွေလည်းထိုနေရာတွင်နားနေတတ်ကြလေသည်။ ထိုအနီးအနားတဝိုက်တွင် ကျွန်တော်၏ ဖခင်ဘက်မှ ဆွေမျိုးသားချင်း အိမ်တွေရှိပါသည်။ သို့သော် သူတို့သည် ကျွန်တော့်ကို ဂရုပြုမိဟန် မတူပါ။





ဝါးတန်းသည် လူချမ်းသာ ရပ်ကွက်ဖြစ်သည်။ ဘုံဆွမ်းလောင်းသည့် အိမ်တွေလည်း အလွန်ပေါပါသည်။ ဘုံဆွမ်း ဆိုသည်မှာ ဆွမ်းဖြစ်စေ၊ ဆွမ်းဟင်းဖြစ်စေ မည်သူ့ကို လောင်းမည်ဟု ရည်ရွယ်ချက်မရှိဘဲ လာရောက် အလှူခံသူ မည်သူ့ကို မဆို လောင်းခြင်းဖြစ်လေသည်။ သည်လို ဘုံဆွမ်း လောင်းခြင်းနှင့် ကျောင်း ခ... ကာလည်း ဝရုန်းသုန်းကား ဖြစ်ကြရသည်။

ဆွမ်းအိုးနှင့် ဆွမ်းဟင်းအိုး အပေါ်က်တွင် လာချသည်နှင့် တပြိုင်နက် ဦးပဉ္စင်း၊ ကိုရင်၊ ကျောင်းသားတို့သည် သူ့ထက်ငါ ရှေ့ရောက်အောင် တိုးကြ ဝှေ့ကြလေတော့သည်။ အချို့လည်း အစောကြီးက ရောက်နေ၍ ဇွဲကြီးကြီးနှင့် စောင့်နေကြသည်။ ဆွမ်းလောင်းလျှင် ဣန္ဒြေမရအောင် ထ၍ တိုးကြ ဝှေ့ကြလေတော့သည်။ အချို့လည်း နောက်မှလာပြီး ရှေ့က ဝင်ရမလားဆိုကာ ရန်ပွဲဆင်ကြသည်။ အချို့လည်း တိုးအားကြီး၍ အလယ်တွင် ညှပ်နေတတ်သည်။ တခါတရံလည်း တိုးအားကောင်းလွန်းသောကြောင့် ဟင်းအိုးရော လောင်းသူပါ မှောက်လဲသွားတတ်သည်။ အချို့ကလည်း နှစ်ခါ သုံးခါ ထပ်၍ ခံတတ်ကြသည်။ ကျွန်တော်တို့အဆိုင်းလည်း သည်အထဲတွင် အပါအဝင်ဖြစ်သည်။ ကျောင်းသားကြီးတို့သည် သည်ပညာကို လက်ထပ်သင်ပေးခဲ့ပါသည်။

ဆွမ်းခံသောအခါဗျတ်ဆိုင်းမှ သပိတ်ကိုယူ၍ ပေ့ကာခံရပါသည်။ သပိတ်ထဲတွင် ပထမတခါ ဆွမ်းအနည်းငယ်နှင့် ပန်းကန်အပြာ သုံးလုံး ထည့်သွားက နောင်တခါ ထပ်လောင်းလျှင် မမှတ်မိအောင် အပြောင်းအလဲ ပြုလုပ်ရသည်။ သည်တခါတော့ ဆွမ်းတွေအားလုံး ပန်းကန်နှင့်ကဲ့ယူလိုက်ပြီးလျှင် သပိတ်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းတစေ့မျှ မရှိစေပဲ ပန်းကန်အနီကို ထည့်၍ လှူလဲလိုက်ကာ သွားခံလျှင် ဆွမ်းလောင်းသူက မမှတ်မိတော့ပေ။ သည်လို သပိတ်ထဲတွင် ပြဇာတ်များ၌ နောက်ခံကား ပြောင်းသလို အပြောင်းအလဲ လုပ်ခြင်းအားဖြင့် ဆွမ်းနှစ်စွန်းနှင့် ဟင်းနှစ်ခွက် ရပါတော့သည်။ သုံးခါ ကွန့်ချင်လျှင်လည်း သည်လိုပင် နောက် တမျိုးပြောင်း လုပ်ကြရပါသည်။

ထိုအခါသော် စိန်ပန်းပင်အောက်၌ နားနေကြစဉ် ဈေးချို ဘက်သို့ လှည်း လေးငါးစီး မောင်းသွားရာ ကျောင်းသားကြီး စိန်လှိုင်သည် လှည်းနောက်က ကပ်လိုက်သွားသည်။ သူပြန်လာ သောအခါ ထန်းလျက်တွေ တဆုပ်ကြီး ပါလာလေသည်။ အချို့ကို ဆွမ်းပန်းကန်တွင်ထည့်၍အချို့ကိုဝေစား ကြလေသည်။ ကျွန်တော့် ကိုပေးသောအခါ ကျွန်တော်က ခေါင်းခါ နေပါ သည်။

"ဟေ့ကောင် ဒါငါလိုက်နှိုက်တာကွ၊ ဘုန်းကြီးနဲ့မဆိုင်ဘူး၊ ဘုန်းကြီးတောင် ငါခွဲလှူလို့ရတာ"

သူသည် မျက်မှောင်ကြီးကုပ်၍ တိုက်တွန်း နေသောကြောင့် ကျွန်တော်လည်း ဆာဆာရှိသည်နှင့် ထန်းလျက်လုံးကို လှမ်းယူ လိုက်ပါသည်။

သကျသီဟဘုရားအတွင်းမှ အကြော်ဆိုင်တွင် ကျွန်တော်တို့ နေ့တိုင်းဝင်၍ ဆွမ်းရပ်သည်။ ရပ်တိုင်း ရပ်တိုင်း အကြော်တခု လောင်းပါသည်။ တနေ့သော် အကြော်ဆိုင်မှ ထွက်၍ လူပြတ် သော ဇရပ်တခု အနီးသို့ ရောက်သောအခါ ထိုလောင်းလိုက် သော ဘယာကြော် ကို စိန်လှိုင် နှိုက် ယူ လိုက် လေ သည်။





ထိုအခါ သုံးပိုင်း ပိုင်းလိုက်ပြီးလျှင် ကျွန်တော် နှင့် အခြား ကျောင်းသားကို တပိုင်းစီပေး၍ သူက တပိုင်းယူပါသည်။

စိန်လှိုင်နှင့် အခြားကျောင်းသားများသည် ဘယာကြော်ကို အလုတ်ဘည်းနှင့် ဝါးစားလိုက်ကြလေသည်။ ကျွန်တော်သည် ဘယာကြော်ပိုင်းကလေးကို လက်တွင်ကိုင်၍ တုန်နေပါသည်။ ဘုန်းကြီးကိုရည်စူး၍ လှူလိုက်သော ဘယာကြော်ကို မစားရဲ အောင်ဖြစ်နေပါသည်။

"ဟဲ့ ကောင်လေး၊ မစားရဲဘူးလား၊ မစားယင် ငါ့ပေး"

အခြားကျောင်းသားက ပြောလေသည်။

"စား စား၊ ဘာ မစားရဲရမှာလဲ၊ သူ မစားပဲ နေယင် ဘုန်းကြီး လျှောက်လိမ့်မယ်"

စိန်လှိုင် က ဝင်ပြောသည်။

"လျှောက်လဲ မလျှောက်ပါဘူးဗျာ၊ စားလဲ မစားပါရ စေနဲ့"

"အမယ် မင်းလောက်ပါးလို့ ဘယ်ရမလဲ၊ စား စား၊ စားရမယ်"

"မစားချင်ဘူးဗျာ"

"ဘာဖြစ်လို့ မစားချင်ရမှာလဲ၊ ကဲ-လာ"

စိန်လှိုင် သည် ပြောပြော ဆိုဆိုနှင့် ဆိုင်းကိုချ၍ ကျွန်တော့် ပါးစပ်ကိုဖြဲစဉ် အခြားတယောက်က လက်မှ ဘယာကြော်ကို လု၍ ပွင့်နေသော ပါးစပ်ထဲသို့ ထည့်တော့သည်။

"စား စား၊ ထွေးပစ်ယင်တော့ သေပေတော့"



www.burmeseclassic.com

www.burmeseclassic.com



စိန်လှိုင် သည် အထမ်းကြီးကို ချွတ်၍ စောင့်နေပါသည်။ ကျွန်တော်လည်း ကြောက်အား လန့်အား မျိုချလိုက်ရပါတော့သည်။

''ဟား ...ဟား....ဟား....''

သူတို့ နှစ်ယောက်စလုံး ပြိုင်တူရယ်လိုက်ကြပါသည်။

''ကောင်လေးတော့ ဇာတ်သွင်းပြီးဖြစ်သွားပြီ''

စိန်လှိုင် က ပြောလေသည်။

''အေး ဒါမှ ဘုန်းကြီးကို တွေ့ကရာမပြောနိုင်မှာ''

အခြား တယောက်က ပြောပါသည်။ ကျွန် တော့် အဖို့ တနေ့လုံး စိတ်မချမ်းသာပါ။ ညတွင်လည်း ကြောက် စရာ အိပ်မက်တွေ မက်နေပါသည်။

နောက် သူတို့နှင့် လိုက်တိုင်း သည်လိုပဲ အတင်းကျွေး၍ စားပါသည်။ စားကျင့်ရသွားသောအခါ၌ အတော်နှုံးကလောက် တုန်လှုပ်ခြင်း မရှိတော့ပါ။

ကျွန်တော်သည် ငယ်သော်လည်း ဘုန်းကြီး၏ အရေးပေးခြင်းကို ခံရပါသည်။ ဒေါ်ပုံက လည်း ချစ် ခင် ပါ သည်။ ထို ကျောင်းတွင် ဒေါ်ပုံ သည် အတော် ချယ်လှယ်နိုင်သည်။ သူသည် ဘုန်းတော်ကြီးနှင့်လည်း ရင်းနှီးပါသည်။ သူတို့ရင်းနှီးပုံကို ရာဇဝင်နှင့် ပြန်ပြောရမည်ဆိုလျှင်–

ဒေါ်ပုံငယ်ငယ်က အိမ်ထောင်ကြဘူးရာ သူ့ခင်ပွန်းသည် သူနှင့်ကြာရှည်မပေါင်းရပဲကွယ်လွန်သွားလေသည်။သို့ကွယ်လွန်ပြီး၍ မကြာမြင့်မီ ကလေးတယောက်ကို သူ့ယောကျ်ားဝင်စားသည်ဆိုကာ ဆင်းရဲသောကလေး၏ မိဘများထံမှ တောင်း၍ မွေးထားလေသည်။ ထိုသူငယ်လေးကို တကယ့် သူ့သားလို ချစ်ခင်လေသည်။ ကျောင်းထားချိန်သို့ ရောက်သော အခါ ဦးဝါယမ ကျောင်းတွင် အပ်၍ ပညာ သင်ကြား စေသည်။ ဦးဝါယမ ကလည်း ထိုသူငယ်လေးကို ချစ်ခင်လေသည်။

ထို သူငယ်လေးသည် တဖြည်းဖြည်း ကြီးပြင်း လာရာ ဆယ့်နှစ်နှစ်သား အရွယ် လောက်တွင် ဒေါ်ပုံကပင် ရှင်ပြုပေးလေသည်။ သာမဏေကလေးသည် ဦးဝါယမ ကျောင်းမှာပင် ဆက်သက် နေထိုင်သွားရာ ဘုန်းတော်ကြီး၏ အထူးအရေးပေးခြင်းကိုခံရသည်။ ကျောင်းတွင် ကိစ္စဟူသ၍ ကိုလည်းဘုန်းတော်ကြီးကသူ့ကိုသာ လွှဲအပ်လေသည်။ ကိုရင် ကလေးသည် စာပေများတွင်လည်း အထူး တတ်မြောက် လာလေသည်။ ဘုန်းတော်ကြီး ကိုယ်တိုင်ကပင် သူပျံလွန်လျှင် သူ၏ ကျောင်းအဆောက်အအုံ စသည်များကို ထိုကိုရင်သို့ လွှဲအပ်ခဲ့ဖို့ ရည်ဆူးထားဟန်တူသည်။ အသက် ဆယ့်ရှစ်နှစ် အရွယ်သို့ရောက်သော အခါ၌ ဘုန်းတော်ကြီး ၏ အားကိုးရသော တပည့်ရင်းကြီး ဖြစ်နေတော့သည်။ အသက်နှစ်ဆယ် ပြည့်လျှင် ရဟန်းခံဖို့ပင် အစီအစဉ်များ ပြုလုပ်ထားပြီး ဖြစ်လေသည်။ သို့သော် ကိုရင်သည် ပုလိပ်ရောဂါဖြင့် ရုတ်တရက် ပျံလွန်သွားပါတော့သည်။ ဘုန်းတော်ကြီးရော ဒေါ်ပုံပါ ယူကြုံးမရ ဖြစ်ကြရလေသည်။

ဘုရားစင်ရှေ့တွင် လက်အုပ်ချီ၍ ကန်တော့နေသည့် ညာဏ်တော်နှစ်တောင်ခန့် မြင့်သော ရဟန္တာ ရုပ်တုကလေးတဆူ ရှိသည်။ ထိုရုပ်တု၏ ကိုယ်အတွင်းတွင် ကိုရင်၏ အရိုးများကို ဌာပနာထားသည်ဟုသိရပါသည်။

ဒေါ်ပုံသည် မိန်းကလေး တယောက်ကို ကိုရင်ဝင်စားသည် ဆို၍ မွေးစားပြန်သည်။ အကြောင်းအမျိုးမျိုးပြ၍ ထိုကလေး





www.burmeseclassic.com

www.burmeseclassic.com

မလေးသည် ကိုရင်ဝင်စားသည်ဟု ဘုန်းတော်ကြီးရော ဒေါ်ပုံ ပါယုံကြည်ကြလေသည်။ သူတို့နှစ်ဦးစလုံးက ကလေးမလေးကို ချစ်ခင်ကြလေသည်။ ယခု ခလေးမလေး ခြောက်နှစ် အရွယ်သို့ ရောက်ပြီ။ အကြော်ဖိုနှင့် ဘုန်းကြီးကျောင်းသို့ ကူးလူးသွား လာ၍ကစားနေတတ်လေသည်။ ဘုန်းတော်ကြီးသည်သူ့တပည့် ဝင်စားသည်ဆိုသော ကလေးမလေးကို သံယောဇဉ်ရှိနေသည်။ ဒေါ်ပုံကလည်း သူ့ယောကျ်ား၊ သူ့မွေးစားသား အဆင့်ဆင့် ဝင်စားလာသည်လု ယူဆထားသော ခလေးမလေးကို အလွန် ချစ်သည်။ သူနှင့်ပတ်သက်ပြီး ဒေါ်ပုံသည် ကျောင်းတွင် ချယ် လှယ်ခွင့်ရနေလေသည်။

ကျွန်တော်အဖို့တွင်လည်း ဘုန်းတော်ကြီးကရော ဒေါ်ပုံကပါ အရေးပေးခြင်း ခံရ၍ ဦးဝါယမ၏ ကျောင်းလောက တွင် ကျွန်တော်မျက်နှာကြီးပါသည်။

ကျွန်တော်သည် စာပေ ကျမ်းဂန်ဘက်တွင်လည်း အထူး တိုးတက်မှုကျ ရှိပါသည်။ တနှစ်လောက် ကြာသော အခါ ဇာတ်ကြီးဆယ်ဘွဲ့ကုန်၍ သဒ္ဒါသို့ တက်စပြုနေပါသည်။ သဒ္ဒါကို တက်ရာ၌ ကျွန်တော်ထက် အသက်အားဖြင့်ဖြစ်စေ၊ ဝါအားဖြင့် ဖြစ်စေ ကြီးသော ဦးပဉ္စင်း၊ ကိုရင် ဆယ်ပါးလောက်နှင့်အတူ တက်ရလေသည်။ ကျွန်တော်တယောက်သာလျှင် သျှောင်ထုံးနှင့် လူဝတ်ပါသည်။ အားလုံးသင်္ကန်းဝတ်ချည်း ဖြစ်လေသည်။ ကျွန်တော်သည်စာဆိုဖြစ်၍ အခြားသော ပုဂ္ဂိုလ်များကစာလိုက် ဖြစ်လေသည်။ နံနက်ပိုင်းတွင် သဒ္ဒါတက်ရသည်။ ရုပ်တွက်ရ သည်။ နေ့ခင်းတွင် စာအံရသည်။ ညဉ့်ဦးတွင် ဘုရားဝတ်တက် ပြီးသော် ပုဒ်ဆစ်ကို ပြန်ဆိုရသည်။





ညဉ့်ဦးတွင် ဘုန်းတော်ကြီးရှေ့၌ ပုဒ်ဆစ်ပြန်ပြီးသော်ခရေပင် အောက်တွင် ချထား အပ်သော ခုံတန်းရှည် ပေါ်တွင် ထိုင်လျောင်းကာ တက်ခဲ့ပြီး စာတို့ကို ပြန်ဆိုရလေသည်။ အနီး အနားရှိ အခြားသော ခရေပင်အောက်များမှာလည်း ဦးပဉ္ဇင်း ကိုရင်တို့၏ စာပြန်သံကို ကြားရလေသည်။ လသာသော ညများ တွင် အထူးကြည်နူးစရာ ကောင်းလှသည်။ လရောင်ဟပ်သော ထက်ကျော်ပင်၊ သရက်ပင်၊ ပိန္နဲပင်၊ သြဇာ၊ မာလကာပင် တို့သည် ပြိုးပြိုးပြက်ပြက်။ သစ်သီးစားရန် ရောက်လာကြသော လင်းနို့ တို့သည် လရောင်တွင် ပျံဝဲလျက်။ ခရေပွင့်ကလေးများသည် ဘုန်းတော်တို့ ဦးခေါင်းပေါ်မှတဖွားဖွား ကြွေကျလျက်။

ဘုန်းတော်ကြီးသည် တပည့်များ အပေါ်တွင် အရေးပေး သောအခါ တခါတရံ ရက်စက်တတ်ပါသည်။ အပြစ်ရှိလျှင် ညှာတာမတာ ရိုက်နှက်တတ်သည်။ တိုင်ကိုကြိုးနှင့်ချည်၍ တင်ပါး ကို လှန်ကာ ထန်းပလပ်ပြားနှင့်လည်း ချတတ်သည်။ ခုတင်အုံး တားတွင် လက်နှစ်ဖက်ကို တုပ်၍ကြက်ခြေ ကြိမ်နှင့်လည်း အညှာ အတာ ကင်းမဲ့စွာ နှက်တတ်ပါသည်။ သူများတကာတွေ ခံရပုံ တွေကို မြင်ရပြီးဖြစ်သည့် ကျွန်တော်သည် သူ့ကို ကြောက်ပြီး ဖြစ်သည်။ သို့သော် တခါတရံ ဆိုးချင်ပါသည်။

တခါသော် ဆွမ်းပွဲပြင်ရာတွင် ဇွန်းမပါပဲ ဖြစ်နေလေသည်။ ဆွမ်းစားချိန်သို့ရောက်၍ သံဃာများအားလုံး စုံသောအခါ ဇွန်းအရန်သင့် မရှိကောင်းလားဟု ဘုန်းတော်ကြီး စိတ်ဆိုးလေ တော့သည်။

"ဇွန်းမရှိပဲ ဟင်းကို လက်နဲ့ နှိုက်ရမလားဟင်"ဟု ဟောက် လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"နိုက်ပါလားလက်နဲ့"

ကျွန်တော်ကလည်း မကြားတကြား ပြန်ပြောယင်း ဇွန်း သွားယူပါသည်။ သူ့လက်သို့ ဇွန်းကို ကပ်လိုက်ပြီးသည်နှင့် တပြိုင်နက် ကျွန်တော်၏ သျှောင်ထုံးကလေးကို လက်ဝဲဘက်နှင့် ဆုပ်ကိုင်ကာ ညာလက်ဖြင့် ပါးကို ဖြန်းကနဲနေအောင် ရိုက် လိုက်ရာ မိုက်ကနဲ ဖြစ်သွားပါတော့သည်။

"အဲဒါ လက်နဲ့ နိုက်တာပဲ"

သူ့ပါးစပ်မှလည်း ရေရွက်လိုက်ပါသည်။ ကျွန်တော်သည် တရှုံ့ရှုံ့ ငိုနေသည်မှ အပ ဘာမှ မဘတ်နိုင်ပါ။ ထိုနေ့မှစ၍ ဘုန်းတော်ကြီး အပေါ်တွင် မကျေမနပ်စိတ်တွေ တနေ့တခြား များပြားလာရာ သည်ကျောင်းကမည်ကဲ့သို့ ထွက်ရပါမည်နည်း ဟု လွတ်လပ်မှုကို နေ့ရှိသ၍ ရှာပါတော့သည်။

သင်္ကြန်တွင်းမို့ စာဝါချထားရာ စိတ်ပေါ့လျက် ရှိသည်။ ကျောင်းတွင်လည်း အလှူအတန်းတွေ ဥပုသ်သည်တွေနှင့် ပြည့် နက်လျက် ရှိသည်။ သင်္ကြန်တက်သောအခါ လူတွေရှင်းသွား ပြီးလျှင် တကျောင်းလုံး ခြောက်ကပ်သွားလေသည်။

ပျင်းရိ ငြီးငွေ့ဖွယ်ကောင်းလှသည်။

ဘုန်းတော်ကြီးလည်း တိုက်ကြပ် ဘုန်းတော်ကြီးကျောင်းသို့ ကြွသွားပါသည်။ ကျောင်းတွင် ကြောက်ရမည့်သူ မရှိပါ။

ကျွန်တော့်၏ ဆရာ စိန်လှိုင်သည် သင်္ကြန်းတွင်းက သင်္ကန်း ဝတ်ပါသည်။ အောင်သိန်းတို့ အောင်ညိမ်းတို့ညီအစ်ကိုလည်း သင်္ကန်းဝတ်တွေနှင့် ဖြစ်နေပါပြီ။

"နက်ဖြန်ခါ စာဝါ ပြန်ကောက်တော့မယ်"

ကျွန်တော်က စ၍ ပြောလိုက်သည်။





"အေးကွာ၊ ငါတော့ ခက်တာပဲ၊ စာတွေမရသေးဘူး"

ကိုရင်စိန်လှိုင်က ဆိုသည်။

"ငါတော့ ဒီကျောင်းမယ် မနေချင်တော့ပါဘူး ကွာ၊ အနောက်ဘက်ချောင်ကို သွားရယင် ကောင်းမှာပဲ"

ကိုရင်အောင်သိန်းက အကြံပေးပါသည်။

"စရိတ် မရှိဘူးကွ"

ကိုရင်အောင်ညိမ်းက ဆိုသည်။

"ငါ့မယ် ငွေတကျပ်ရှိတယ်"

ကိုရင်စိန်လှိုင် ပြောသည်။

"ဟေ့ ဒီလိုဆိုယင် ရတာပေါ့၊ စရိတ်က တယောက် တမူး ဆောက်ကုန်မှာ၊ ရှင်ဖြူ ရှင်လှကို သင်းဘော ခ တမူးရယ်၊ သေးယောက်မှ ငါးမူးကုန်မှာ၊ သွားလို့ရတယ်၊ သွားမယ်ဆို ယင် အခုသွားကြမှပဲ၊ တော်တော်ကြာ ဘုန်းကြီး ပြန်လာ လိမ့်မယ်"

ကျွန်တော်က တိုက်တွန်းလိုက်ပါသည်။

"အေး မြန်မြန်လုပ်ဟေ့"

ချက်ချင်းပင် ယူစရာရှိသည်များကို ယူ၍ ကိုရင်သုံးပါးနှင့် ကျွန်တော် မျဉ်းတားပေါ်မှ ခုန်ချကာ ဂေါ်ဝိန်ဆိပ် ဆီသို့ သုတ်သုတ်ကြီး လာခဲ့ကြပါတော့သည်။

ညဘက် သင်္ဘောပေါ်၌ အိပ်ကြရသည်။ နံနက်စောစော သင်္ဘော ထွက်လေတော့သည်။ ရေပြင်ကြီးကို ကျော်လွန်၍ အနောက်ဘက်သို့ လှမ်းမျှော်လိုက်သော် ဇရပ်၊ တန်ဆောင်း၊ ကျောင်း၊ ပုထိုးတို့နှင့် တန်ဆာဆင်အပ်သည့် စစ်ကိုင်းတောင် တန်းကြီးကို မြင်ရသည်။ တောင်ထိပ်မှ ပုညရှင် စေတီ နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားစေတီတော်တို့သည် ရွှေရောင်တွေနှင့် ဝင်းဝင်းပနေသည်။

သဘော်ာ လက်မှတ် ခံပြီးနောက် ကျန်သော ပိုက်ဆံကို အကြော်နှင့် လက်ဖက်ရည်ဝယ်၍ စားသောက်ကြရာ ပြောင်သွားပါတော့သည်။ ရှင်ပြုရှင်လှဆိပ်မှ ကိုရင်စိန်လှိုင် လမ်းပြသည့်ချောင်းသို့ ခြေကျင်လျှောက်ကြရသည်။ ချောင်းသို့ရောက်သောအခါ နံနက်စာ မစားရသေး၊ ဘုန်းတော်ကြီးကလည်း မကျွေးနိုင်။ အပင်မှ ဥသျှစ်သီးတွေကို ပစ်၍ အာသာဖြေကြရလေသည်။ မွန်းလွဲပိုင်းတွင် ကိုရင်စိန်လှိုင်၏ ဒါယကာကြီးလိုက်လာ၍ ပြန်ခေါ်သွားရာ မန္တလေးသို့ ပြန်ရောက်လာရပြန်လေသည်။

ဘုန်းတော်ကြီး သည် ကျောင်းပြေး လေးယောက် တွင် မည်သူက ခေါင်းဆောင်နည်းဟု စစ်ဆေးသည်။ ကျွန်တော်တို့လည်း တညီတညွတ်တည်း အားလုံး သဘောတူ ပြေးခြင်းဖြစ်သည်၊ မည်သူမှ ဆရာမရှိဟု ပြောကြလေသည်။ ဘုန်းတော်ကြီးသည် တဖြည်းဖြည်း ဒေါသ ကြီးလာလေသည်။

“ဟေ့ ငါ့ကျောင်း မနေချင် အကုန်လုံးဆင်းသွားကြ”ဟု အော်လေသည်။ ကျွန်တော်တို့ ငြိမ်နေကြသည်။

“သွား....သွား....သွား....”

အော်ပြန်ပါသည်။ ကျွန်တော်တို့လည်း ငြိမ်မြဲ ငြိမ်နေကြပါသည်။ နောက်တဖန်–

“သွားဆို မသွားဘူးလား” ဟု အော် လိုက် ပြန် သည်။ နေရာမှလည်း ရိုက်တော့မလို ထလိုက်သည်။ ကိုရင်သုံးပါးသည် ကျောင်းပေါ်သို့ တက်သွားကြပါသည်။ ကျွန်တော် သည်





ဘုန်းကြီး ကို ဦးချပြီးလျှင် မိမိအထုပ်ကလေးကို ပိုက်ကာ နေရာမှထ၍ ထွက်လာခဲ့ပါသည်။ မိကျောင်းတံတားသို့ ရောက်သောအခါ တနှစ်ကျော်ကျော်မျှ နေထိုင်ခဲ့သော ကျောင်းကို ပြန်၍ လှည့်ကြည့်ပါသည်။ ကျောင်းကြီးကို သစ်ပင်တွေ အုပ်ဆိုင်းနေသည်။ အခြားကျောင်းများမှ စာအံသံများကိုလည်း ကြားနေရသည်။ ကျွန်တော်သည် ချာကနဲလှည့်ကာ ကျောင်းကြီးကို ကျောခိုင်း၍ သွက်သွက်ကြီး လျှောက် သွား ပါ သည်။ ဘယ်ကို သွားမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

# အင်္ဂလိပ်ကျောင်းသား

(၁)

နေမင်းသည် ခြစ်ခြစ်တောက်ပူပြင်းနေလေသည်။

မိုးကောင်းတိုက် ဦးဝါယမ ကျောင်းမှ ကျွန်တော်သည် အထုပ်ကလေးကို ပိုက်ကာ ထွက်လာခဲ့ပါပြီ။ ကျောင်းဝင်းအပြင်ဘက်သို့ရောက်သောအခါ အရိပ်ကောင်းသော ညောင်ပင်ကြီးများသည် ကျွန်တော့်ကို ဆီးကြိုလျက် ရှိကြပါသည်။

သစ်ပင်၏အရိပ်သည် အေးမြလှပါသည်။ ထိုထက် ဆွေမျိုးညာတိတို့၏ အရိပ်သည် အေးမြ၏။ ။လောကနီတိ ဆရာကဤသို့အဆိုရှိသည်။ မှန်ပါ၏လော။ ကျွန်တော်အဖို့ ဆွေမျိုးညာတိတို့၏ အရိပ်သည် သူ ဆိုသလို အေးမြပါမည်လော။





(၂)

ကျွန်တော်၏ အသက်ကား ဆယ့်သုံးနှစ်ခန့်။

မိဘမဲ့သော ကျွန်တော်၏ပညာရေးသည် ဘုန်းကြီးကျောင်းလောကအလယ်၌သာ အချိန်ကုန်ခဲ့သည်။ မိခင် ရှိစဉ်ကလည်း အင်္ဂလိပ်ကျောင်းထားလျှင် ဘာသာရေးနှင့် ဆန့်ကျင်သည်ဆိုကာ ဘုန်းကြီးကျောင်း အသီးသီးတွင်သာ တဝဲလည်လည်နှင့် ပညာသင်ခဲ့ရသည်။ မိခင်ကြီး အနိစ္စ ရောက်သွားသည့်နောက်တွင်လည်း အားကိုးမဲ့ကာ ဘုန်းကြီးကျောင်းတွင်သာ ခိုကိုးခဲ့ရသည်။ နောက်ဆုံးတွင် မနေနိုင်တော့သဖြင့် ဘုန်းကြီးကျောင်းမှထွက်ပြေးခဲ့သည်။ သူ့ကျောင်းမှ ထွက်ပြေးရပါမည်လောဟု ဘုန်းတော်ကြီး သည် နှင်ထုတ်လိုက်ပြန်ပါပြီ။ ယခု အထုပ်ကလေးကို ပိုက်ကာထွက်လာခဲ့သည်။ ဘယ်ကိုသွားမည်နည်း။

သစ်ပင်၏ အရိပ်ထက် ဆွေမျိုးတို့၏ အရိပ်သည် အေးမြသာယာ၏။

လောကနီတိ ဆရာက သည်လိုဆိုသည်။ မိခင်ကြီး ဆုံးပြီးကတည်းက ခြစ်ခြစ်တောက် ပူပြင်းသော လောကကြီးထဲတွင် တကိုယ်တည်းလျှောက်နေခဲ့ရပါသည်။ အေးမြသောဆွေမျိုးတို့အရိပ်ကို မခိုလှုံခဲ့ရပါ။ ယခု ခိုလှုံရန် လာနေပါပြီ။ ဘယ်အရိပ်တွင် နားရပါမည်နည်း။

ဆိကင်းသော ကျွန်တော်၏ ရှောင်ဖပ စူး ကလေးသည် ပြောင်းဖူးမွေးကဲ့သို့ နီကျင်နေပါသည်။ ဆံရစ်ဝိုင်း ကလေးအောက်မှ ဆံပင်တိုကလေးများပင် လက် တဆစ်ခန့် ရှည်နေပါပြီ။ ကျွန်တော် ဝတ်ဆင်ထားသည့် ဖျင်ကြမ်းအကျီလက်တို



www.burmeseclassic.com

www.burmeseclassic.com


ကလေးလည်း အတန်ငယ် ညစ်ထေးနေလေသည်။ အင်္ကျီကြယ်သီးများ ပြုတ်နေ၍ ရင်ဝကို ဖွင့်ဟ၍ ပြသလိုဖြစ်နေရာ ပြိုင်းပြိုင်း ထနေသော နံရိုးကလေးများကို မြင်နိုင်ပါသည်။ ခါးတွင်ဝတ်ထားသည့်ချည်လုံချည်ကလေးမှာလည်းအကွက်ပင် မပေါ်တော့ပါ။ ခြေထောက်တွင်လည်း ဗလာ။

စိတ်ပန်း ကိုယ်ပန်းရှိလာသည်နှင့် ညောင်ပင်ရိပ်တွင် ခေတ္တဝင်၍ နေခိုပါသည်။ လေဟုပ်သောကြောင့် တရှဲရှဲ မြည်နေသော ညောင်ရွက်သံတို့သည် သာတောင့်သာယာ ရှိလှသည်။ အိမ်တော်ရာဘုရားမှ လေသင့်လျှင် တချက်တချက်ကြားရသော ဆည်းလည်းသံ များသည်လည်း ကြည်နူးစရာ ကောင်းလှပါသည်။ ကျွန်တော်သည် ဖြာထွက်နေသည့် ညောင်မြစ်ကြီးများပေါ်တွင်ထိုင်ကာ ညောင်ရွက်သံနှင့် ဆည်းလည်းသံများ ရောထွေးယှက်လိမ်နေသည့် သဘာဝဂီတသံများကို အတန်ကြာအောင် နားစိုက်နေမိပါတော့သည်။

နေရာမှ ထလာခဲ့ပြန်ရာ မိကျောင်းတံတားထိပ်သို့ ရောက်လာလေသည်။ တံတားမှ မိကျောင်းရုပ်ကြီးသည် ကျွန်တော့်ကို ပါးစပ်ကြီးဖြဲကာ ခြောက်လှန့်နေသည်ဟု ထင်ရပါသည်။ ခပ်သုတ်သုတ် လျှောက်လာခဲ့ရာ ခက္ခဏာဝန်ကျောင်းဝင်းကို ဖြတ်ကာသင်္ဘောတန်းရပ်သို့ ရောက်လာပါတော့သည်။

မန္တလေးမြို့ သင်္ဘောတန်းရပ်ရှိ ကြီးဒေါ် နှင့် ဘကြီး ၏ အိမ်ပေါက်ဝသို့ ရောက်လာပါတော့သည်။ ကြီးဒေါ် သည် ကျွန်တော့်မိခင်၏ အစ်မကြီးဖြစ်သည်။ သူတို့တွင် သားသမီးလေးယောက်ရှိ၍ ဒုတိယသား မောင်ကိုကြီး သည် ကျွန်တော်နှင့် ဘုန်းကြီးကျောင်းတွင် ကျောင်းနေဘက် ဖြစ်ပါသည်။



ကျွန်တော့်မိခင် အနိစ္စရောက်ပြီးသည့်နောက် ကြီးဒေါ်အိမ်တွင် နေရပါသေးသည်။ သို့သော်လည်း အကြောင်းကြောင်း တို့ကြောင့် ကြီးဒေါ်အိမ်တွင် မနေနိုင်တော့ပဲ ဘုန်းကြီးကျောင်းသို့ ရောက်သွားရခြင်းဖြစ်လေသည်။ ယခု ဘုန်းကြီးကျောင်းမှ ထွက်လာခဲ့ပြန်ပါပြီ။ သူတို့ အိမ်သို့ပင် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာပြန်ပါပြီ။

“ဟဲ့၊ ဘာလုပ်လာသလဲ”

ကြီးဒေါ် သည် ဆေးလိပ် လိပ်နေရာမှ မျက်မှောင်ကုပ်၍ မေးယင်း ဆီးကြိုပါသည်။

“ကျွန်တော် ကျောင်းထွက်လာခဲ့ပြီ”

ကျွန်တော်သည် အထုပ်ကလေးကို ခုံတန်းရှည်ပေါ်တွင် ချကာ အနီးတွင် ဝင်ထိုင်လိုက်သည်။

“ဟေ၊ ဘာပြုလို့ မင်းက ကျောင်းထွက်ရတာတုန်း”

ကြီးဒေါ်သည် လက်မှ လိပ်လက်စ သနပ်ဖက် ဆေးလိပ်ကို အသာချထားကာ မျက်လုံးကြီး ပြူး၍ မေးလေသည်။

“ကျွန်တော်မပျော်လို့ပဲ”

သည်အချိန်တွင် ဘကြီးသည် အိမ်ပေါ်မှ ဆင်းလာပါသည်။

“ဟင်း....တော်တော်မိုက်တဲ့ ကောင်လေး။ တော်တော် မိုက်တဲ့ကောင်လေး”

သူသည် လှေကားပေါ်ကတည်းက တဖြစ်တောက်တောက် ရွတ်ဆိုလာလေသည်။ ကျွန်တော်သည် ဘာမှ ပြန်မပြောပဲ သူ့ မျက်နှာကိုသာ ကြည့်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူးဟေ့။ ဒီကောင်လေးကို ဒီလိုထားလို့မဖြစ်ဘူး။ ဘုန်းကြီးကျောင်း ပြန်ပို့မှဖြစ်မယ်။ ဘယ် ဒီလိုထွက်ပြေးလာလို့ရမလဲ။ တို့ကကောင်းပါစေတော့လို့ထားတာ။ လူကြီးစကားကို နားမထောင်ဘူး"

သူသည်အနီးတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ယင်း ရေရွတ်နေလေသည်။

"သွားလို့မဖြစ်ဘူး။ ဘုန်းကြီးကိုက နှင်ထုတ်လိုက်တာ"

ကျွန်ုပ်တော်က ရုတ်တရက် ဝင်ပြောလိုက်ရာ ဘကြီးရော ကြီးဒေါ်ပါ အတော်အံ့သြသွားကြလေသည်။

"ဟေ....ဘာဖြစ်လို့ နှင်ထုတ်ရတာလဲ။ နင်ကျောင်းက ပစ္စည်း ခိုးလို့လား"

ဘကြီးက ဆက်၍ မေးပြန်ပါသည်။

"မဟုတ်ဘူး။ ကျွန်တော် ကျောင်းက ထွက်ပြေးလို့"

သည်တော့မှ ပို၍ အံ့သြသွားကြပြန်ပါသည်။

"အမယ်၊ မင်းက ထွက်ပြေးတယ်၊ ကျောင်းက ထွက်ပြေးတယ်၊ ဟုတ်လား"

ဘကြီးသည် ကျွန်တော့်အနီးသို့ လာကာ ရှေ့တွင် မတ်တတ်ရပ်၍ မျက်နှာပေါ်မှ စီးပြီး မျက်လုံးကြီး ပြူးယင်း မေးနေပြန်ပါသည်။

"ဟုတ်တယ်"

ကျွန်တော်ကလည်း ခပ်ပြတ်ပြတ် ဖြေလိုက်ပါသည်။

"အပယ် လူပါးဝတဲ့ ကောင်လေး။ မင်းက ဘုန်းကြီးကျောင်းကများ ထွက်ပြေးလို့။ မင်းက ဘယ်သူ့အားကိုးရှိလို့တုန်း။ မင်းကို ဘယ်သူက ကျွေးထားမှာတုန်း"





ဘကြီးသည် လမ်းလျှောက်ယင်း တတွတ်တွတ် ပြောနေလေသည်။

"ဒါကြောင့်ခက်တာ။ ဒီကောင်လေးဟာ ဘာမှ မသိတတ်ဖူး။ သူ့ကို ကောင်းကောင်းစား၊ ကောင်းကောင်းနေရမယ့် နေရာပို့လဲ မနေချင်ဘူး။ မင်းကို ဒီနှစ် ဝါဆိုမယ် ရှင်ပြုဖို့ စီစဉ်ထားတယ်။ ကိုရင်ဝတ်။ နောက် ရဟန်းခံ။ စာမေးပွဲတွေ ဘာတွေအောင်။ စာချကိုယ်တော်ကြီးဖြစ်။ နောက်ကျောင်းထိုင်။ ဘယ်လောက်ဟုတ်လဲ။ ဘာမှမပူရဘူး။ အေးအေး ချမ်းချမ်းလဲ နေရသေး။ စားဖို့လဲ မပူရဘူး၊ သောက်ဖို့လဲမပူရဘူး။ သူများတကာရဲ့ ရှိခိုးတာကိုလဲခံရသေး။ ယပ်လှဲ့ဘုရားလေးများ ဟောတတ်ယင်ဘယ့်လောက်ဟန်သလဲ"

အော်ဘကြီး။ အတော် အမြင်ကျယ်သည့် ဘကြီးပါးတကား။ သာသနာရေးကို ဝမ်းရေးလောက်နှင့် ရောနှော၍ တရားမမှ ညွှန်ပြနေပါတော့သည်။ သူ့အလိုအတိုင်းဆိုလျှင် တသက်လုံး အေးအေး ထိုင်စားဖို့ သက်နီးဝတ်ရပေတော့မည်။

"သိပ်မိုက်တဲ့အကောင်။ နတ်ပြည်ပို့တာ မြင့်တယ်ဆိုပြီး ခုန်ချတယ်။ ကဲ အခု မင်းဘာလုပ်မလဲ။ တော်တော်ကြာ မိန်းမလိုချင်ဦးမယ်"

ကျွန်တော်သည် နားငြီးလာပါတော့သည်။

"ဒါ ခင်ဗျား အပူမဟုတ်ဖူး။ ခင်ဗျားအိမ်လဲ ကျုပ်မနေဘူး"

ကျွန်တော်သည် ဒေါသဖြစ်ဖြစ်နှင့် ပြန်ပြောမိပါသည်။

"အမယ် မင်းက ဘယ်သွားဦးမှာတုံး"

"ကျုပ် အဖေ့ဆီ သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ပြောမိပြောရာ ပြောလိုက်မိပါသည်။

"ဟား....ဟား....ဟား"

ဘကြီးသည် မျက်မှောင်ကြီး ကုပ်နေရာမှ လက်ခုပ်တီး၍ အားရပါးရကြီး ရယ်နေပါသည်။ ကျွန်တော်လည်း မနေတတ် မထိုင်တတ် ဖြစ်နေပါသည်။

"သိပ် ဟုတ်ကဲ့အကောင်။ အဖေ့ဆီ သွားမလို့တဲ့၊ ဟုတ်လား။ မင်းအဖေက ဘယ်မှာလဲကွ၊ ဟင်"

ကျွန်တော် အဖြေမပေးတတ်ပါ။ ကျွန်တော့် ဖခင်သည် နောက်မိန်းမတယောက်နှင့် အထက်အညာတွင် ရှိသည်ဟု သိပါသည်။ သူ့ဆီသို့ ဘယ်လို သွားရမည်ကို မသိပါ။ ထို့ကြောင့် ကျွန်တော်သည် ဘကြီး၏အမေးကို မဖြေနိုင်ပဲ တကိုယ်လုံးသာ ဆတ်ဆတ် တုန်နေပါတော့သည်။

ကဲ၊ တော်ပါတော့တော်။ နောက်မှ သူ့ကိစ္စ ကြည့်စီမံတာပေါ့"

သည်တော့မှ ကြီးဒေါ်က ဝင်၍ပြောပါသည်။

"ဟုတ်ပါဘူးကွာ။ အဖေ အားကိုးတဲ့ အကောင်မို့ ငါက ရယ်တာပါ"

ဘကြီးက ပြန်ပြောနေပြန်ရာ ကြီးဒေါ်က မျက်စောင်း တချက် ခဲလိုက်လေသည်။

"တော်ပါတော်။ ကဲ–ဟဲ့ကောင်လေး သွား။ နင့်အထုပ် အိမ်ပေါ် သွားထားချေ"

ကျွန်တော့်ဘက်သို့လှည့်၍ အမိန့်ပေးလိုက်ရာ ကျွန်တော်လည်း အိမ်ပေါ်သို့ တက်လာခဲ့ပါသည်။





ညနေစောင်းတွင် သူ့သားသမီးတွေအားလုံး ဈေးမှ ပြန်လာကြသည်။ ညီအကို မောင်နှမများကတော့ ကျွန်တော့်ကို ကရုဏာ သက်ကြဟန် တူပါသည်။ သို့သော် မိဘမျက်နှာ မသာ၍ ရှင်ရှင်ပျပျ စကားမပြောဝံ့ကြ။

ထိုနေ့ည ကျွန်တော် အပြင်ခန်းတွင်အိပ်ရသည်။ တော်တော်နှင့် အိပ်မပျော်။ နောင်ရေးကို တွေး၍ ပူပန်နေလေသည်။ သည်အိမ်တွင် ကြာရှည်နေ၍ မဖြစ်။ သည်အိမ်မှာ မနေလျှင် ဘယ်အိမ် သွားနေမည်နည်း။ နေရမည့်အိမ်၊ ခိုကိုးရမည့် ပုဂ္ဂိုလ်ကို မမြင်နိုင်ပါ။ ချွေး ဒိုးဒိုး ကျနေပါပြီ။ အတော်ကြီး ညဥ့်နက်မှ အလင်းရောင် ကလေးကို မြင်လာပါသည်။ ထိုအလင်းရောင်ကား ဖေဖေကြီးနှင့် မေမေကြီးတို့ မျက်နှာများ။

သည်တော့မှ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားပါတော့သည်။

(၄)

နံနက် အိပ်ရာထတွင် ကျွန်တော်သည် ရှင်နေလေသည်။ ကျွန်တော် မှုန်မွှားမွှား မြင်ယောင်နေသည့် ဖေဖေကြီးနှင့် မေမေကြီးတို့သည် ကျွန်တော့်ကို ပြုံးရွှင်သော မျက်နှာထားနှင့် လက်ရပ်ခေါ်နေကြလေသည်။ ဖေဖေကြီးအမည်ကား ဦးစာ၊ မေမေကြီး၏အမည်ကား ဒေါ်အေးရင်။ မေမေကြီး ဒေါ်အေးရင်သည် ကျွန်တော့်ဖခင်နှင့် မောင်နှမဝမ်းကွဲ တော်ကြောင်း မိခင်ကြီး မကြာခဏ ပြောဘူးသည်။ ကျွန်တော် ငယ်စဉ်ကလည်း မိခင်နှင့်အတူ သူတို့ ပန်းခြံကြီးထဲသို့ ရောက်ဖူးပါသည်။ နှစ်



www.burmeseclassic.com

www.burmeseclassic.com



သစ်ကူးနှင့် သီတင်းကျွတ်လများတွင် သွားရောက် ကန်တော့ရသည်။ ကိစ္စအထူးရှိလျှင်လည်း ဖေဖေကြီး မေမေကြီးတို့အိမ်သို့ ညဥ့်အိပ်ညဥ့်နေ သွားရောက် နေထိုင်ဘူးပါသည်။ သို့သော် မိခင်ကြီး ဆုံးကတည်းက ထိုအိမ်သို့ မရောက်တော့ပါ။ ယခု ခိုကိုးရန် ပုဂ္ဂိုလ်ကို ရှာခါမှ ဖေဖေကြီးနှင့် မေမေကြီးတို့ မျက်နှာအစုံကို မြင်လာပါတော့သည်။

ကျွန်တော်သည် ကြီးဒေါ်ပေးသည့် ပိုက်ဆံတမတ်ကို ဘယာကြော်ဝယ်လိုက်သည်။ ထိုဘယာကြော်ကို အသေအချာ ထုပ်၍ ဖေဖေကြီး မေမေကြီးတို့အဖို့ ရည်စူးပြီးလျှင် ဝါးတန်းရပ်သို့ ရှေ့ရှုလာခဲ့သည်။

တပြု ပတ်လည်ရှိသော ခြံကြီး။

ကျွန်တော်သည်မလှမ်းဝံ့ဝံ့ လှမ်းဝံ့ဝံ့နှင့် အရဲစွန့်ကာ ခြံထဲသို့ ဝင်ခဲ့လေသည်။ ခြံကြီးတခုလုံး၊ သစ်ပင်သီးပင် ပန်းမန်ပင်များနှင့် ဝေဝေဆာ နေလေသည်။ သင်းဘောသဖန်းပင် ပုကလေးများသည် အသီးလုံးကလေးများနှင့် ခဲနေသည်။ လူသွားလမ်းဘေးရှိ ရှောက်ချိုပင်များ၌အသီးမှည့်တွေ တွဲလောင်းခိုနေကြလေသည်။ ငှက်ပျောပင်မှ ငှက်ပျောခိုင်ကြီးများသည်လည်းငိုက်ငိုက်ကြီးကျလျက် ရှိကြသည်။ နှင်းဆီ၊ ကြက်မောက်၊ ပုဏ္ဏရိပ်၊ ထားဝယ်မှိုင်းအစရှိသည့် ပန်းပင်များအပြင် နေကြာ၊ ရွှေဒင်္ဂါး၊ ဇော်မွှား၊ ဒေါင်းမီးကွက် အစရှိသည့် ပန်းပင် အမျိုးမျိုးတို့သည်လည်း အပွင့်တွေနှင့် ဝေဝေဆာ နေကြကုန်၏။ သူတို့သည် စိတ်အားငယ်လာသည့် ကျွန်တော့်အား ဆီးကြို အားပေးနေကြလေသည်။ ခြံ၏အလယ်မှ သစ်သားအိမ်ကြီး





သည်လည်း တကောင်ကြွက် ကျွန်တော့်အား ဖိတ်ခေါ်လျက် ရှိပါသည်။

အိမ်အနီးသို့ ရောက်သောအခါ ရွှေဒင်္ဂါးပင်များဆီမှ 'ချပ် ချပ် ချပ်'နှင့် ကပ်ကျေးညှပ်သံများကို ကြားရသည်။ တစုံတယောက်သော သူသည် ရွှေဒင်္ဂါးပန်းများကို ကပ်ကျေးနှင့် ညှပ်၍ ဆွတ်ခူးနေလေသည်။ ကျွန်တော် အနီးသို့ ရောက်သောအခါ သူသည် ရုတ်တရက်မော့်ကြည့်လိုက်သည်။ သူသည်နာနာဘာဝကို တွေ့သူကဲ့သို့ မျက်လုံးကြီးဝိုင်း၍ အတန်ကြာအောင် ကြက်သေ သေနေပါသည်။

"မမလေး၊ မေမေကြီးရော"

သူ့ကို ကျွန်တော်ကပင် စတင်မေးလိုက်သည်။ သူသည် ဖေဖေကြီး မေမေကြီးတို့ ငယ်စဉ်က မွေးစားသည်ဆိုသော သူဖြစ်သည်။ သူသည် မြန်မာလို ဝတ်ထားသည့် တရုတ်မကလေးဖြစ်သည်။ အသားဖြူဖြူ သေးသေးသွယ်သွယ် ရုပ်ရည် ယဉ်စစရှိသည်၊ ထိုစဉ်က သူသည်အိမ်ထောင်ကျ၍ သမီးတယောက်ပင် ရနေလေပြီ။

"ဟင်၊ နင် ဘာလုပ်လာတာတုန်း"

သူသည် တုန်ယင်သော အသံနှင့် မေးသည်။

သူသည် ကျွန်တော့် ဖေဖေ မေမေကိုလည်းသိသည်။ ကျွန်တော့်ကိုလည်း ကောင်းကောင်းသိသည်။ သူ မင်္ဂလာဆောင်တုန်းကဆိုလျှင် ကျွန်တော့် မိခင်ကိုယ်တိုင် ဝေယျာဝစ္စကို လာရောက် လုပ်ကိုင်ပေးခဲ့ရသည်။

"မေမေကြီးဆီ လာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကလည်း ခပ်ပြုတ်ပြုတ်ပင် ဖြေလိုက်ပါသည်။ သည့်အချိန်တွင် ခပ်လှမ်းလှမ်းမှ အိမ်သာတံခါး ဖွင့်သံကို ကြားရပါသည်။ မေမေကြီးသည် အိမ်သာပေါ်မှ တောင်ဝှေး ထောက်ကာ ဆင်းလာသည်ကို တွေ့ရပါသည်။

"သွား သွား သွား ဟိုမယ် နင့်မေမေကြီး"

မမလေးသည် မေးငေါ့ပြလိုက်ရာ ကျွန်တော်လည်း မေမေကြီးဆီသို့ ခပ်သွက်သွက်ကြီး လှမ်းသွားပါသည်။

"ဟဲ့....ဘယ်ကလာတုန်း"

အနီးရောက်သောအခါ မေမေကြီးက စ၍ မေးလေသည်။

"မေမေကြီးဆီ လာတာ"

သည်လောက်ပင် ပြောနိုင်သည်။ ကျွန်တော့်ရင်တွင် ဆို့တက်လာပါသည်။ မေမေကြီးသည် ကျွန်တော့် အရိပ်အခြည်ကို သိသည်။ ကျွန်တော့်ကို လက်တွဲ၍ အိမ်အောက်သို့ ခေါ်ခဲ့ပြီး လျှော်ခုံတန်းရှည် တခုပေါ်တွင် သူနှင့်အတူ ထိုင်စေသည်။

"ဒီအထုပ်ကြီးက ဘာလဲကွယ့်"

မေမေကြီးက အေးမြကြည်လင်သော အသံနှင့် မေးပါသည်။

"မေမေကြီးဖို့ ဘယာကြော်"

"အမယ် တယ်ဟုတ်ပါလားဟေ့။ မင်းဖေဖေကြီးက သိပ်ကြိုက်တာ"

သည်လို ပြောပြီးလျှင် အနီးရှိ မိန်းကလေး တယောက်ကို ခေါ်၍ သိမ်းထားခိုင်းလိုက်သည်။

"နေပါဦး၊ မင်းဘယ်က လာတာတုန်း၊ တို့ဆီမလာတာ ကြာလှပြီ"





"ကျွန်တော် ကြီးဒေါ်တို့ အိမ်က လာတာ"

"ဟေ၊ မင်းဘုန်းကြီးကျောင်း နေတယ်ဆို"

"အခု မနေတော့ဘူး၊ ကျွန်တော် ဖေဖေ့ဆီ လိုက်သွားမလို့"

ကျွန်တော်သည် ရုတ်တရက် သည်လိုပဲ ပြောလိုက်မိသည်။ သည်စကားသည် မေမေကြီးအဖို့ ရယ်စရာသက်သက်မျှ ဖြစ်နေပါတော့သည်။ သူသည် အသံအုပ်ကလေးနှင့် ရယ်လိုက်လေသည်။ သူ့ရယ်သံသည် ဘကြီး၏ ရယ်သံနှင့် ခြားနားလှသည်။ ဘကြီး၏ ရယ်ပုံကား လှောင်ပြောင်သော အနက်ကို ဆောင်သည်။ မေမေကြီး ရယ်ပုံမှာ ကရုဏာသံနှင့် ရောထွေးနေလေသည်။

"မင်း အဖေဆီ သွားလို့ မဖြစ်ပါဘူးကွယ်"

သူသည် ခပ်အေးအေးပြောလိုက်ပြီးနောက်

"တို့ဆီ နေမလား"ဟု ဆက်မေးလိုက်ပါသည်။ ကျွန်တော်သည် ချက်ချင်းခေါင်းညိတ်ပြလိုက်မိပါသည်။ မေမေကြီးသည် နေရာမှထသွားကာ ကြောင်အိမ်ထဲမှ စည်သွပ်ဆီးသီးမည်းမည်းကြီးတွေကို ယူ၍ ကျွန်တော့်ကို လှမ်းပေးပါသည်။

"ဖေဖေကြီး ပြန်လာယင် ကျွန်တော် ဒီမှာ နေပါရစေလို့ ပြော"

မေမေကြီးက ကျွန်တော့်အနားတွင် ပြန်ထိုင်၍ သင်ပေးလေသည်။ ကျွန်တော်ကလည်း မိခင်ကြီးသေဆုံးပြီးသည့်နောက် တွေ့ကြုံ ရင်ဆိုင်ခဲ့ရသည့် ဒုက္ခအပေါင်းကို ပြန်ပြောင်းပြောဆို နေရာ မေမေကြီးသည် စုပ်တသပ်သပ်နှင့် နားထောင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော မင့်ဖေဖေကြီး ပြန်လာပြီ"

မေမေကြီးသည် ခြံပေါက်သို့ မျှော်ယင်း ရုတ်တရက်ပြောလိုက်ရာ ကျွန်တော့် ရင်ထဲတွင် ဒိန်းကနဲ ဖြစ်သွားပါသည်။ ဘာကြောင့်မှန်းမသိ။ ဖေဖေကြီးကို အလိုလို ကြောက်ရွံ့ရွံ့ ဖြစ်နေပါသည်။ ကျွန်တော်လည်း ခြံပေါက်ဆီသို့ မျှော်ကြည့်လိုက်ပါသည်။ လူကြီး သုံးလေးယောက် အပေါက်ဝမှဝင်ကာ အိမ်ဆီသို့ လျှောက်လာသည်ကို မြင်ရသည်။ ပန်းရောင်ခပ်ဖျော့ဖျော့ခေါင်းပေါင်းကို အစ မတိုမရှည် ချလျက် ဒက္ကလပ်မီးခိုးရောင် ရင်ဖုံးအင်္ကျီ၊ မန္တလေးပိုးလုံချည်အဝါကွက်ကို ဝတ်ဆင်ကာ ကတ္တီပါပိုနီးတန်းဖိနပ်ကိုစီးထားသည့် အသက် ၅၀ ကျော်ခန့်ရှိသော ဖေဖေကြီးသည် ဖဲထီးကြီးကို ဆောင်းကာ ရှေ့ဆုံးမှ လျှောက်လာသည်။ သူ့နောက်မှလည်း လူကြီး သုံး လေး ယောက်ပါလာပါသည်။ သူ့နောက်မှ လူများသည် မီးဖိုဘက်သို့ ဆက်လက်သွားကြပါသည်။ ဖေဖေကြီးသည် ဖဲထီးကြီးကို ပိတ်၍ အိမ်ထဲသို့ ဝင်ကာ မေမေကြီးရှိရာသို့ လာနေပါသည်။ ကျွန်တော်၏ ရင်သည် တဒိန်းဒိန်း ဖြစ်နေပါတော့သည်။

"ပြော ပြော"

မေမေကြီးက နောက်မှနေ၍အားပေးလေသည်။ ကျွန်တော့်အဖို့ ဘာပြောရမှန်းမသိ။ ဖေဖေကြီးသည် အနီးသို့ ရောက်လာပါတော့သည်။ သူသည် ကျွန်တော့်ကို သေ သေ ချာ ချာ စိုက်ကြည့်နေပါသည်။ မေမေကြီးလည်း မနေနိုင်တော့ပြီ။

"ဒီမယ် ကိုဖိုးစာ၊ မောင်ကံကြီး သားလေ"

မေမေကြီးက စ၍ ပြောလိုက်လေသည်။

"ဟေ ဟုတ်လား၊ သူမောင်ကံကြီး သားလား"





အပေါ်ရင်ဖုံးအင်္ကျီကို ချွတ်၍ တိုင်တွင် ချိတ်ယင်း ပြန်မေးလေသည်။

"ဟုတ်တယ်၊ မောင်ကံကြီး သားပေါ့၊ သူ့အခု ဘုန်းကြီးကျောင်းမှာနေတော့ဘူးတဲ့၊ ဒီမယ်ခေါ်ထားမှ ဖြစ်မယ်"

မေမေကြီးက ဆက်၍ပြောရာ ဖေဖေကြီးသည် ကျွန်တော့်ကို မျက်မှောင်ကြီးကုပ်၍ အတန်ကြာအောင် စိုက်ကြည့်နေပါသည်။

"ဒီကောင်လေးလဲ- တော်တော်ကြာ သူ့အဖေလို လာဦးမှာပဲ" ဟု လေးလေးပင်ပင်ကြီး ပြောလိုက်လေသည်။

ဖေဖေကြီး သည် ကျွန်တော့် အင်္ကျီရုပ်ကို အကဲခပ်ပြီးမှ ပြောလိုက်ဟန် တူပါသည်။ ကျွန်တော် အတော်ရှက်သွားပါသည်။ မျက်နှာ တခုလုံး ပူရှိန်းရှိန်းကြီး ဖြစ်သွားပါတော့သည်။ ကျွန်တော်၏ ဖခင်မှာ မိန်းမတွေ ပြောက်သောက်ယူသည်။ ကျွန်တော်လည်း အရွယ်ရောက်လျှင် သည်လို လာဦးမှာပဲဟု အတတ်ဟောနေခြင်းဖြစ်သည်။ သားသမီးမကောင်း မိဘခေါင်းဟု ဆိုရိုးစကားရှိလည်း၊ မိဘမကောင်း သားသမီးခေါင်းဟု ဆိုရိုးမရှိပါ။ ယခုတော့ ဖခင်ကို အကြောင်းပြု၍ ကျွန်တော် အဆို အပြော ခံနေရပါပြီ။

"အေး ကောင်းကောင်းနေ၊ ကျောင်း ထား ပေး မယ်၊ မင်း အဖေလိုတော့ မဖြစ်စေနဲ့ သိလား"

နောက်ဆုံး၌ ဖေဖေကြီးသည် သည်လိုပြောပြီးလျှင် ထမင်းစားရန် ထသွားလေသည်။ ကျွန်တော့် ရင်ထဲတွင် အေးသွားပါတော့သည်။

ကျွန်တော့်အဖို့ ဘဝပြောင်းခဲ့သလို ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တပြပုတ်လည်ရှိသော ခြံကြီးအတွင်းဝယ် ကျယ်ဝန်းသည့် ပျဉ်ထောင်အိမ်ကြီးသည် မာလာမြိုင် အလယ်တွင် တင့်တယ်လျက်ရှိသည်။ ရွှေနန်းတော်ကျုံးမှ သွယ်ထားသော ရေများသည် ခြံအတွင်းတွင် ပြွန်အသွယ်သွယ်မှ အစဉ် ထွက်ကျလျက် အုတ်ကန်အသီးသီးတွင် ပြည့်နှက်လျက်ရှိကြလေသည်။ ရေကန်များ ပြည့်လျှံလာသောအခါ အောက်ခြေမှ အပေါက်ကို ဖွင့်လိုက်လျှင် မြောင်းအသွယ်သွယ်မှ ပန်းပင်များရှိရာသို့ စီးဆင်းသွားကြလေသည်။ သည်နည်းဖြင့် ဥယျာဉ်ကြီးတခုလုံးအတွင်းရှိ သီးပင် ပွင့်ပင်တို့သည် မိုးမရွာသော်လည်း ရေဝဝကြီးသောက်သုံးကြရ၍ ညှိုးနွမ်းခြင်းမရှိပဲ အစဉ်သဖြင့် စိမ်းလမ်းစိုပြည်လျက်ရှိကြကုန်၏။ မေမေကြီးသည် မာလီကုလား သုံးယောက်ကို အုပ်ချုပ်ကာ ဥယျာဉ်ကြီးကိုသာ အမျိုးမျိုး ပြုပြင်လျက်ရှိလေသည်။

အိမ်ခေါင်းရင်း မလှမ်းမကမ်းတွင် သုံးတောင်ကျော်ကျော် ခန့်မြင့်သော အခြေခံတွင် စိန်ထောင်များရံလျက် အတောင် သုံးဆယ် ကျော်ကျော်ခန့် မြင့်သည့် ပုထိုး တဆူ ရှိလေသည်။ ထိုပုထိုး၏ ဝန္ဒကုဋီ တိုက်အတွင်းဝယ် ရွှေပလ္လင်ပေါ်၌ စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်ကား အလွန် သပ္ပာယ်လှသည့် စလင်းဆင်းတုတော် ဖြစ်လေသည်။ အများကမူ စိန်ကိုယ်တော်ဟုပင် ခေါ်ကြလေသည်။ အောက်ခြေ ပလ္လင် ပါဆိုလျှင် ညာဏ်တော် တောင်ဆုပ်ခန့် ရှိပါလိမ့်မည်။ ဆင်းတုတော်သည် အသားစင်လျက် ဝင်းဝင်းတောက်နေလေသည်။ ပလ္လင်ထိပ်မှ ရောင်စုံမီးပွင့် ခတ်မီးမျှင်းကို ဖွင့်လိုက်ပါက ရောင်ခြည်တော် ခြောက်သွယ်ကွန့်မြူးနေသကဲ့သို့ မဏိတော်သည်ပိုးပိုးပြက်ပြက်





နေပါတော့သည်။ ရွှေမကိုဋ်ကို ဆင်လိုက်သောအခါ၌လည်း မျက်နှာတော်သည် ရွှေရောင်ဟပ်ကာ ရွှေသားလို ဖြစ်သွားပါတော့သည်။ သည်ဆင်းတုတော်ကို သုံးနှစ်ကျော်ကျော် အချိန်ယူကာ ထုလုပ်ရသည်။ သည်လို ရုပ်ပွားတော် မျိုး လည်း မြန်မာပြည်တွင် သည်တဆူသာ ရှိသည်ဟု ဆိုကြသည်။ ကမ္ဘာတွင်လည်း သည်တဆူပဲ ရှိမည်ထင်ပါသည်။

အရှေ့ဘက် လမ်းမပေါ်မှ လျှောက်သွားသော သူသည် ခြံကြီးကို မြင်ရလျှင် အလိုလို ကြည်နူးသွားပေလိမ့်မည်။ အပေါက်ဝတွင် ပိတောက်ပင်ကြီးသည် ထီးမိုးသလို မိုးထားလေသည်။ ဝင်းထရံတလျှောက်တွင် ဧကရာဇ်ပင်တို့သည် စီတန်းပေါက်ရောက်လျက် ရှိကြသည်။ အချင်းအားဖြင့် ကိုက်နှစ်ရာကျော်ကျော်ခန့် ကျယ်ဝန်း၍ အမြင့်အားဖြင့် နှစ်ပေခန့်သာ ရှိသော အုတ်ဝိုင်းကြီး၏ အလယ်ဗဟိုတွင် အုတ်ရေကန်ကလေး တခုရှိသည်။ သည်အုတ်ရေကန်ကလေး၏ အလယ်ရှိ ရေပန်းတိုင်ကလေးမှ ရေပန်းတို့သည် ဖြာထွက်နေလေသည်။ အုတ်ဝိုင်းကြီး တခုလုံးမှာတော့ နေကြာ၊ ဇလပ်၊ ခတ္တာ၊ ပုန်းညက်နှင့် နှင်းဆီ အမျိုးမျိုး၊ သနပ်ခါးပန်း၊ ဗုဒ္ဓသရဏာပန်း မျိုးစုံတို့အပြင် ရာသီအလိုက် စိုက်ပျိုးထားသော မေမြို့ပန်း၊ ရွှေဒင်္ဂါးပန်း၊ ဒေါင်းမြီးကွက်ပန်း အစရှိသော ပန်းမျိုးစုံ အရောင်မျိုးစုံတို့ လှပတင့်တယ် ရှုချင်စဖွယ် ဖြစ်နေလေရာ ပန်းချီကျော်တဦး ရေးဆွဲသည့် ပန်းချီကားကြီးလို ရှုမငြီးအောင် ရှိတော့သည်။

သည်မာလာမြိုင် ဥယျာဉ်ကြီးသို့ ကျွန်တော် ရောက်ရှိနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

မေမေကြီးသည် ကျွန်တော့်ကို "လာဟေ့"ဆိုကာ ကျယ်ဝန်းသော အိမ်ကြီး၏ အောက်ထပ်တနေရာသို့ ခေါ်သွားပါသည်။ သည်နေရာတွင် မိန်းမပျိုတယောက် ပန်းခိုင်နေသည်ကို တွေ့ရလေသည်။

"ဟေ့ မသန်းရင်၊ ဒါ ဖမောင်ကံကြီးသားလေ"

မေမေကြီးက မိတ်ဖွဲ့ပေးလိုက်ရာ ကျွန်တော်က ပြုံးလိုက်ပါသည်။

"ဟုတ်လား ဒေါ်ဒေါ်။ သူ ကိုကြီးကံသားလား"

ထိုမိန်းမပျိုက ပြန်၍မေးရင်း ကျွန်တော့်ကို ပြုံး၍ နှုတ်ဆက်လေသည်။

"အေး ဟုတ်တယ်။ သူ့အဖေဆီ လိုက်သွားမလို့တဲ့။ အဲဒါ ဒေါ်ဒေါ်တို့ကပဲ မလိုက်နဲ့ဆိုပြီး ခေါ်ထားလိုက်ရတယ်။ သူ့အဖေဆီလိုက်လို့ ဘယ်ဖြစ်မလဲကွယ်"

"ဟုတ်တာပေါ့ ဒေါ်ဒေါ်။ ဒီမှာဆိုတော့ ကျောင်းလဲ နေနိုင်တာပေါ့"

ကျွန်တော် မသိသေးသော ထိုမိန်းမပျိုက ထောက်ခံလိုက်ပါသည်။ သူ့အသံသည် ချိုသာလှသည်။ ကျွန်တော့်အဖို့ အားကိုးကြီးတခု ဖြစ်နေပါတော့သည်။

သူ့ရှေ့တွင် ပန်းမျိုးစုံနှင့် ပြည့်နေသည့် ဗန်းကြီးတခု ရှိနေသည်။ ကြက်မောက်၊ ဇလပ်၊ စံတ္တာ၊ ပုဏ္ဏရိပ်၊ ရွှေဒင်္ဂါးပန်း၊ ဒေါင်းမြီးကွက်၊ နှင်းဆီပန်းမျိုးစုံသည် ဗန်းကြီးထဲတွင်ထွေးလုံး လျက်ရှိကြလေသည်။ သူသည် ပန်းပွင့်ကလေးများကို ကောက်ကာ ကောက်ကာ တထွာခန့်ရှည်၍ လက်သန်းသေးသေးခန့် ရှိသော တုတ်ချောင်းကလေးကို မကျိုင်ပြုကာ ငုက်ပျော





လျှော်နှင့်ချည်တုတ်ယင်း ပန်းခိုင်ကလေးတွေဖြစ်အောင် ဖန်တီးနေလေသည်။

"ကဲ၊ မင်း မမသန်းကို ပန်းစီပေး"

မေမေကြီးသည် ပြောယင်းဆိုယင်း မည်ကဲ့သို့ ပန်းပွင့်ကလေးများ စီရမည်ကို ကျွန်တော့်အား ပြပေးလေသည်။ ရွှေဒင်္ဂါး၊ ဒေါင်းမြီးကွက်၊ ဇော်မွှားအစရှိသည့် ပန်းပွင့်ငယ်ကလေးများကို ရှုပ်ထွေးနေသော ပန်းဗန်းထဲမှကောက်ကာ အညှာကလေးများကို ငါးပွင့် ဆယ်ပွင့်အထိ ညီညီညာညာစီ၍ တပုံစီချထားရန် ဖြစ်လေသည်။ သို့မှသာ ပန်းခိုင်သူသည် ခပ်သွက်သွက် ကောက်ကာကောက်ကာ စည်းသွားနိုင်လေသည်။ ကျွန်တော်သည် မေမေကြီးခိုင်းသလို မမသန်းကို ပန်းပွင့်ကလေးများ စီပေးနေပါသည်။

သူ့ကိုလည်း အကဲခပ်၍ ကြည့်နေမိပါသည်။ အသားဖြူဖြူ မျက်နှာသွယ်သွယ် သူ့ပခုံးပေါ်တွင် အနားအပြာစင်းနှင့် မွေးပွဘက်ကြီးကို ခြုံထားလေသည်။ ဝတ်ထားသော အင်္ကျီကလည်း ပင်နီအင်္ကျီဖားဖား။ သူ့အသက်ကား နှစ်ဆယ်ကျော်ခန့် ရှိပါသေးသည်။ ဘာဖြစ်လို့ သည်လောက်တောင် ဖြစ်ကာဘတ်ဆန်း နေတတ်ပါလိမ့်။ မေမေကြီးက သည်လိုနေမှ သဘောကျသည်။ မေမေကြီး ဝတ်ထားယည်မှာလည်း ပင်နီအင်္ကျီနှင့် ချည်သုံချည်ပင် ဖြစ်သည်။

သည်လို ပန်းခိုင် ခိုင်ကြရသည်မှာ မေမေကြီးနှင့် မမသန်းတို့၏ နေ့စဉ်အလုပ် ဖြစ်လေသည်။ နံနက်မိုးလင်းလျှင် ဥယျာဉ်အတွင်းရှိ လူကုန် ခြင်းတောင်းကိုယ်စီနှင့် ကပ်ကျေးကာ ပန်းခူးထွက်ကြရသည်။ သည်အချိန်တွင် မာလာမြိုင်ကြီးတခုလုံး



www.burmeseclassic.com

www.burmeseclassic.com

'ချပ် ချပ် ချပ်' ဟူသော ကပ်ကျေးသံတွေနှင့် ဆူညံလျက် ရှိကြသည်။ ခြံထဲတွင် ဟိုစဉ်က လူတော်တော် များလေသည်။ လူတိုင်းလူတိုင်း ပန်းတခြင်းပြည့်အောင် ခူးပေးဖို့ မေမေကြီးက မျှော်လင့်သည်။ ဆို့ကြောင့် သူ့ထက်ငါဦးအောင်ထ၍ ခူးကြသည်။ အချို့လည်း မေမေကြီးကို အကြိုက်လိုက်၍ ညာကြခြင်းဖြစ်သည်။ တောင်းအောက်ဘက်တွင် ရွက်လှပန်းတွေ ခူးထည့်၍ အပေါ်ရံကသာ ပန်းပွင့်တွေနှင့်လွှမ်းလျက် တခြင်းပြည့်ပြီဆိုကာ လုစ်ကြလေသည်။

မေမေကြီးသည် ပန်းများကို အခိုင်ပြုလုပ်ကာ ဈေးတွင် တရာလျှင် တကျပ်တမူးဈေးနှင့် ဖောက်သည်ပေးလေသည်။ ပန်းရောင်း၍ ရရှိသောငွေကို သီးသန့်ထား၍ အလှူအတန်းပြုလုပ်လေသည်။

ညနေစောင်းလျှင် တသွေးတမွေး ဖြစ်နေသည့် မမသန်းကို တွေ့ရလေသည်။ ပဒုမ္မာ အင်္ကျီ၊ ပိုးတွန့်လုံချည်တို့ကို ဝတ်ဆင်လျက် စိန်နားကပ်၊ စိန်လက်စွပ်၊ စိန်လက်ကောက် အစရှိသောလက်ဝတ် လက်စားတို့နှင့် ဖြစ်နေသဖြင့် ကျွန်တော်ပင် ရတ်တရက် မမှတ်မိအောင် ဖြစ်ခဲ့ပါသည်။ သူသည် ဈေးချိုမှ ဈေးဝယ်ပြန်လာခြင်း ဖြစ်လေသည်၊ အိမ်တွင်နေစဉ် ဖြစ်သလိုနေ၍ အပြင်ထွက်သောအခါ ကျကျနန ဆင်ပြင်ပြီးမှ သွားစေလေသည်။ ဈေးမှ ပြန်လာသောအခါ မေမေကြီးနှင့်အတူ ဟင်းလျာများကို ချက်ပြုတ်ကြလေသည်။ မမလေး၊ ကျွန်တော်နှင့် အိမ်ဖော်တရုတ်မကလေး ချင်ချောက်တို့သည် အနားမှနေ၍ ငရုတ်သီးထောင်းပေးခြင်း၊ ကြက်သွန်လှီးပေးခြင်း၊ ဟင်းသီးဟင်းရွက် သင်ပေးခြင်းတို့ဖြင့် အကူအညီပေးကြလေသည်။





ဟင်းအိုးများကျလျှင် မေမေကြီးသည် သူ့မှာလီကုလားသုံးယောက်ကိုခေါ်၍ ဥယျာဉ်ထဲသို့ထွက်သွားပြန်ရာ မမသန်းသည် သီချင်းတအေးအေးနှင့် ပျော်နေတတ်သည်။

ကျွန်တော် စ ရောက် သည့် နေ့တွင် မမသန်း နောက်မှ တကောက်ကောက် လိုက်နေပါသည်။ မေမေကြီးကိုမူ လူကြီးမို့ ခပ်ရှိန်ရှိန် ဖြစ်နေပါသည်။ မမလေး၏ ကလေးသည် ထိုစဉ်က ငှစ်နှစ်ခန့် ရှိပါပြီ။ ကျွန်တော်နှင့်ဆိုလျှင် ကလေးချင်း ဖြစ်နေ၍ ရန်ဖြစ်မည်ကို စိုးရိမ်သောကြောင့် ခပ်ရှောင်ရှောင်ပင် နေပါသည်။ မမသန်းသာလျှင် ကျွန်တော့်ကို အားပေးမည့်သူ ရှိပါသည်၊ သူလည်း ထိုစဉ်က ကျွန်တော်နှင့် ကံတူ အကျိုးပေးလိုဖြစ်နေလေသည်။ သူ့ မိဘများ ကွယ်လွန်ပြီးနောက် ဦးလေးတယောက်ထံတွင် နေခဲ့သည်။ သူ့ ဦးလေးသည် သူ့ကို သမီးအရင်းလို ချစ်ခင်သည်။ ထို ဦးလေးလည်း ကွယ်လွန်ပြန်ရာ အားကိုးရာမဲ့ ဖြစ်သွားရာ ဖေဖေကြီး မေမေကြီးတို့ အရိပ်ကို လာရောက် ခိုလှုံနေသူဖြစ်လေသည်။ သို့သော် သူက ကျွန်တော့်ထက် သာသည့် အရာများရှိပါသည်။ ကိုယ်ပိုင် ပစ္စည်းများရှိ၍ ယောကျ်ားကလေးသာဖြင့် ကိုယ်ဒူး ကိုယ်ချွန်နိုင်သည့် အစည်အခြင်းရှိပါသည်။ ကျွန်တော့်မှာမူ သည်ဥယျာဉ်ကြီးထဲ ရောက်လာ သည့် အချိန်တွင် ကိုယ်ပိုင် ပစ္စည်းဟူ၍ အင်္ကျီကောင်းတသည်နှင့် အစုတ်တထည်အပြင် ချည်လုံချည် နှစ်ထည်သာ ပါလာပါသည်။

မမသန်း၏ ကြင်နာမှုသည် သိမ်ငယ်နေသည့် ကျွန်တော်၏ စိတ်ကို အားသစ်လောင်းပေးလိုက်ပါသည်။ ကျွန်တော်လည်း၊



www.burmeseclassic.com

www.burmeseclassic.com

မမသန်းကို အစ်မရင်း တယောက်လို အားကိုးစိတ် တွေနှင့် ဝေနေပါတော့သည်။

"လာဟေ့....တို့ ပန်းခူးသွားရအောင်"

မမသန်းသည် ကျွန်တော့်ကို ခေါ်၍ဇော်မွှားခင်းကြီးများ ရှိရာသို့ ထွက်ခဲ့ ပါသည်။ ကျွန်တော်တို့ နှစ်ယောက်သည် ဇော်မွှားပန်းများကို ခူးယင်း စကားပြောနေကြပါသည်။

"မမသန်း၊ ဖေဖကြီး မေမေကြီးတို့မှာ သားတယောက် ရှိတယ်ဆို"

ကျွန်တော်သည် ကျွန်တော့် မိခင် ပြောဖူးသည်ကို သတိရ၍ မေးလိုက်ပါသည်။

"အေး ရှိတယ်ကွယ့်၊ သူက လူချော" မမသန်းက ပြန်ဖြေလေသည်။

"ဟုတ်လား မမသန်း" ကျွန်တော်က ပြန်မေးလိုက်သော အခါ မမသန်းသည် ရယ်နေလေသည်။

"အေး....အေး တော်တော်ကြာလာပါလိမ့်မယ်။ အဲဒီတော့ မြင်လိမ့်မပေါ့"

မမသန်းသည် သည်လိုပြောပြီး စကား ဖြတ်ပစ် လိုက်ပါသည်။ ပန်းခူးပြီးသောအခါ မမသန်းသည် မန်းကျည်းပင်ကြီး အောက်တွင် ထိုင်၍ပန်းခိုင်နေရာ ကျွန်တော်ကလည်းအနီးတွင် ထိုင်၍ ပန်းစီပေးနေသည်။ သည်အချိန်တွင် အသက်နှစ်ဆယ်ခန့် လူတယောက် ကျွန်တော်တို့ဆီသို့ လျှောက်လာ နေသည်ကို တွေ့ရပါသည်။

"အဲဒါပေါ့၊ မင်းခုန မေးတဲ့လူ။ မချောဘူးလား"





မမသန်းက ကျွန်တော့်ကို ပြောယင်း မေးပါသည်။ ကျွန်တော် ပြန်မဖြေနိုင်ပါ။ ဆံပင်ရှည်ကို ဘျောင်တစောင်း ထုံးလျက် ပန်းရောင် ခေါင်းပေါင်းကို ပေါင်းထားလေသည်။ ရှပ်အင်္ကျီအဖြူပေါ်တွင် သက္ကလပ် အင်္ကျီကို ဝတ်ထားသည်။ မန္တလေး ပိုးလုံချည်အဝါ မန်ကျည်းစေ့ကွက်နှင့် သူ စီးထားသည့် ပိန်းတန်းဖိနပ် နက်ပြာသည် ပနံရလှသည်။ အရပ်မြင့်မြင့် အသားညိုညို သွယ်လျသော မျက်နှာနှင့် ယဉ်စစ ရှိလှသည်။ သူသည် ကျွန်တော့်ကို ပြုံး၍ကြည့်လာလေသည်။

"ဟေ့....၊ မင်း ကိုကြီးကံသားဆို" အနီး ရောက်လာသော အခါ လှမ်း၍ မေးပါသည်။

"ဟုတ်ကဲ့" ကျွန်တော်က ပြန်ဖြေလေသည်။

"အေး....အေး၊ ကောင်းတယ်၊ ပျော်ပျော်နေပေါ့ကွ"

သူသည် ပြောပြော ဆိုဆို မမသန်း လက်မှ ပန်းခိုင်ကြီးကို ယူကာ ဆက်လျှောက်သွားလေသည်။ ကျွန်တော်သည် သူ့ကို မျက်စိတဆုံး ကြည့်နေမိပါသည်။

"ဒါ ဘယ်သွားတာလဲ မမသန်း" ကျွန်တော်က မေးလိုက်ပါသည်။

"သကျသီဟ ဘုရားကို ပန်းသွားကပ်တာလေ၊ ညနေတိုင်း ပန်းခိုင်ကြီး တခိုင်တခိုင် ကပ်တယ်" မမသန်းက ပြန်၍ ဖြေလေသည်။

"ဟုတ်တယ်၊ မမသန်းပြောသလို ကိုကိုကျော်ဟာလူချောပဲ"

ရှတ်တရက် ပြောလိုက်ရာ မမသန်းသည် အသံကျယ်လောင်အောင် ရယ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အိမ်ဆီသို့ လျှောက်လာကြရာ လမ်းတွင် လူသုံးယောက်နှင့် ဆုံကြပြန်သည်။

"မမသန်း၊ အဲဒါက ဘယ်သူတွေလဲ" သူတို့ လာနေသည်ကို ခပ်လှမ်းလှမ်း မြင်ကတည်းက ကျွန်တော်က မေးပါသည်။

"ဟို အလယ်က လူက ဦးစက်ဖေဆိုတာပေါ့၊ သူ့ ဘေးက လူက ဦးစံပေါ်တဲ့၊ ဟိုနောက်ကလူက ဦးသန့်တဲ့၊ ကိုစက်ဖေကတော့ တိုက်မှာ စာရေးကြီးပဲ၊ ဟို နှစ်ယောက်ကတော့ ကုန်တင်တွန်းချ လုပ်တဲ့လူတွေ၊ သူတို့ အားလုံး ဒီမှာနေတာချည်းပဲ" မမသန်းက ရှင်းပြနေပါသည်။

နောင်သောအခါ ဦးစက်ဖေကို ကျွန်တော်က ဦးလေးဖေဟု ခေါ်ပါသည်။ ဦးလေးဖေလည်း ဆံပင်ရှည်နှင့် ခေါင်းပေါင်းနှင့် မင်ဖြစ်ပါသည်။ အရပ်ပုပု အသားဖြူဖြူ မျက်လုံး မျက်ခုံး ကောင်းကောင်း မျက်နှာပြည့်ပြည့်နှင့် လူချောတယောက်ဖြစ်လေသည်။ ရုတ်တရက်ဆိုလျှင် ဇာတ်မင်းသားနှင့်တူလေသည်။

"မင်း ကိုကြီးကံ သားဆို ဒီနေမလို့လား"

ဦးလေးဖေက စ၍ နှုတ်ဆက်ရာ ကျွန်တော်ကလည်း "ဟုတ်ကဲ့" ဟု ပြုံးယင်း ဖြေလိုက်ပါသည်။ သူ့ နောက်မှ လူကြီးနှစ်ယောက်မှာ ထောင်ထောင်မောင်းမောင်းနှင့် သန်မာသော လူကြီးများဖြစ်ကြလေသည်။ ဦးစံပေါ်သည် ကတုံးနှင့်ဖြစ်၍ ဦးသန့်သည် ဆံပင်နှင့် ဖြစ်လေသည်။ သူတို့ ကလည်း ကျွန်တော့်ကို ပြုံးကြည့်သွားကြလေသည်။

ညဉ့်ဦးတွင် ခြံအတွင်းရှိ လူကုန် တယောက်ပြီး တယောက် 'စိန်ဆင်းတု' ၏ ရှေ့မှောက်တွင် ဘုရား ဝတ်ပြု ကြလေသည်။ ဦးစံပေါ်ကြီးသည် ဘုရားရှိခိုးပြီးလျှင်ပန်းခြံကြားတွင် ခင်းထား





အပ်သည့် ခုံတန်းရှည်ပေါ်တွင် ထိုင်ကာ စမ္မစကြာ သုတ်ကို ပါဠိဖြင့် အနက်ပါ ရွတ်ဆို နေလေသည်။ သူ့ အသံသည် အောင်မြင်လှသည်။

'နမောတဿ' ကို အစချီပြီးလျှင် ပါဠိကိုစ၍ ရွတ်ဆိုပါသည်။

"ဘိက္ခုနံ ပဥ္စဝဂ္ဂိနံ၊ ဉာသိပတန နာမကေ
မိဂဒါယေ ဓမ္မဝရံ၊ ယန္တံ နိဗ္ဗာန ပါပကံ"

သူ၏ အောင်မြင်သော အသံဝါကြီးသည် ပန်းဥယျာဉ်တခုလုံးကို လွှမ်းမိုးသွားသည်။ ပါဠိဆုံးသွားသောအခါ အနက်ကို ကောက်၍ ရွတ်ဆိုပြန်လေသည်။ သည်တော့မှ သူ၏ အနက်အဓိပ္ပာယ်ကို ကြားနာရသူတို့အဖို့ စိတ်တွင်ထင်မြင်လာရာ ပို၍ ပီတိဖြစ်စရာ ကောင်းပါတော့သည်။

လာသာသည့် တိတ်ဆိတ်သော ညဉ့်အချိန်တွင် ပန်းဥယျာဉ်အတွင်းမှ ဦးစံပေါ်၏ ဓမ္မစကြာသုတ် ရွတ်သံကို ကြားနာရသူ အပေါင်းတို့သည် မိဂဒါဝုန်တောသို့ပင် ရောက်နေသလောဟု အောက်မေ့မိကြလေသည်။ သူ ဓမ္မစကြာရွတ်နေစဉ်က တအိမ်လုံး ငြိမ်၍ ကြားနာနေတတ်ကြလေသည်။ ငင်စစ်အားဖြင့် အိမ်သားတိုင်းလိုလို ဓမ္မစကြာကို အာဂုံ ဆောင် ကြ သည်။ သို့သော် ဦးစံပေါ် လို သာယာနာပျော်ဖွယ် ဖြစ်အောင်ကား မရွတ်ဆိုနိုင်ကြပါ။ ဦးစံပေါ်ကား လွန်လေပြီ။ သို့သော် သူ့ အသံကား ပျောက်မသွားသေး။ ကြားနာ ဘူး သူ တိုင်း၏ နားထဲတွင် စွဲကျန်ရစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

(၄)

ကျွန်တော် ဆောက်ပြီး နောက်တနေ့တွင် ကျောင်းထားရန် ကိစ္စ စီမံကြပါသည်။ နွေဥတုကျောင်းပိတ်ချိန်ဖြစ်၍ ချက်ချင်း ကျောင်းအပ်ရန် မဖြစ်သေး။ ထို့ကြောင့် ကိုကိုကျော်က ညဥ့်ဦးတွင် အင်္ဂလိပ်စာ သင်ပေးပါသည်။ ဘုန်းတော်ကြီး ဦးသောဘိတ ကျေးဇူးကြောင့် အနည်းအကျဉ်း ရွတ်ဆိုတတ်နေ သော်လည်း အခေါ်အဝေါ်တွေက အသံမမှန် ဖြစ်နေသော ကြောင့် ကိုကိုကျော်က မြင်၍ သင်ပေးနေရသည်။ တနေ့သော် အင်္ဂလိပ်အခေါ်အဝေါ်များကို သင်ကြားပေးသည်။ သူက ရှေ့ကဆိုသွားရာ ကျွန်တော်က နောက်မှ လိုက်ဆိုရပါသည်။

"ဂျင်နယူအာရီ"

ကိုကိုကျော်က အင်္ဂလိပ်သံပါပါနှင့် စာလုံးကို လက်နှင့် ထောက်ကာ ဆိုပြလေသည်။

"ဇန်နဝါရီ"

ကျွန်တော်ကလည်း ခပ်လွယ်လွယ်ပင် မြန်မာသံနှင့် လိုက်ဆို သည်။

"အို ဒီလိုမဟုတ်ဘူး၊ အဲဒါက မြန်မာတွေက လွယ်လွယ် ဆိုနေတဲ့ မြန်မာသံကွ၊ အင်္ဂလိပ် အသံမှန်က ဒီလိုမဟုတ်ဘူး၊ ဂျင်နယူအာရီ"

ကိုကိုကျော်က ရှင်းပြပြီး ထပ်ဆိုပြသည်။ ကျွန်တော်လည်း သူဆိုသည့်အတိုင်းလိုက်ဆိုပါသည်။ သို့သော် 'ဇန်နဝါရီလ' ကို ဆိုနေကျဖြစ်နေသည့် ကျွန်တော်၏ လျှာသည် 'ဂျင်နယူအာရီ'





ဖြစ်အောင် မနည်းကြီးဒုက္ခခံ၍ ကြိုးစားရရှာပါသည်။ အခြား လများကိုလည်း သူဆိုသည့်အတိုင်း လိုက်ဆိုရပါသည်။

"ဖေဖော်ဝါရီမှ ဖဖရူအာရီ"

"မတ်မှ မတ်(ချ်)"

"ဧပြီမှ အေပရယ်"

အင်္ဂလိပ်သံပါအောင်အတော်ကြိုးစားနေရပါသည်။ တခါ တရံလည်း သင်ကြားပေးနေသော ကိုကိုကျော်ပင် စိတ်မရှည် နိုင်ပဲ နားရွက်ကို ဆွဲလိမ်ပါတော့သည်။ သည်လို လိမ်လိုက် မှပင် ကျွန်တော်၏ လျှာသည်လည်း သွက်လာပါသည်။

ကိုကိုကျော်သည် ကျွန်တော့်ကို အင်္ဂလိပ် ကျောင်းဆရာ တယောက်ထံတွင် အပ်၍ အလွတ် ပညာသင်စေပြန်ပါသည်။ သနေ ထမင်းစားပြီးလျှင် ကျောင်းဆရာအိမ်သို့ သူကိုယ်တိုင် လိုက်ပို့သည်။ တခါတရံ ရထားနှင့်သွားကြသည်။ တခါတရံ လည်းကျွန်တော့်ကို စက်ဘီးပေါ်တွင်တင်၍ နင်းသွားတတ်ပါ သည်။

သည်လိုနှင့် ကျောင်းဖွင့်ချိန်သို့ ဆိုက်ခဲ့လေသည်။

အိမ်နားမှ မမသန်း၏ မောင် ဘီးလစ်စာရေးကြီး ကိုဘသိန်း နှင့် ကိုစိန်ဝင်း တို့သည် ကျွန်တော်နှင့် အတူ အခြားကျောင်း သစ် သုံးယောက်ကို မြင်းရထားနှင့် တင်ဆောင်ကာ 'သံတဲ ကျောင်း' ဝင်းအတွင်းသို့ ဝင်လာခဲ့လေသည်။ ကျောင်း ဆောက်ထားသောနေရာသည် သံတဲဂါတ်ဝင်းနှင့် ကပ်လျက်ရှိ သည်။ မြန်မာရှင်ဘုရင်များလက်ထက်က ထိုနေရာတွင် အခြား နိုင်ငံများမှ သံတမန်များရောက်လျှင် တည်းခိုရန် အဆောက် အအုံကြီးများရှိလေသည်။ ယခုမူ ထိုအဆောက်အအုံကြီးများ


www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ပါ။ ထိုနေရာတွင် ဆောက်လုပ်ထားသည့် ကျောင်းဖြစ်သောကြောင့် သံတဲကျောင်းဟု ခေါ်ကြပါသည်။ အင်္ဂလိပ် ဘာသာအားဖြင့် S.P.G. Royal School ဟု ခေါ်ပါသည်။ မင်းဆွေ မင်းမျိုးတို့နှင့် ပတ်သက်သော နေရာများတွင်သာ အသုံးပြုသည့် Royal ဟူသော စကားလုံးကို နာမဝိသေသနအဖြစ်ဖြင့် တပ်ဆင်ထားရသဖြင့် ကျောင်းအုပ်ကြီးသည် သူ့ကျောင်းကို သူ အထူးဂုဏ်ယူ လေ သည်။ 'တော်ဝင်' သည့်ကျောင်းဟု ဆိုပါသည်။ မြန်မာ ဘာသာဖြင့်လည်း 'သံတဲကျောင်းတော်' ဟု ကမ္ပည်း တပ်ဆင်ထားလေသည်။ သံတဲကျောင်းတော်သည် မြန်မာဘုရင်များလက်ထက်ကတည်းက ရှိခဲ့ကြောင်း။ မင်းတုန်းမင်း၏ သားတော်သမီးတော်များပင် သည်ကျောင်းတွင် ပညာ သင် ကြား ဖူး ကြောင်း၊ မင်းသမီးမင်းသားများသည် ကျောင်းသို့ဆင်များနှင့် လာကြ၍ ဆင်ထိန်းများ သည် ယခု ဘောလုံးကွင်း နေရာတွင် သူတို့၏ ဆင်များကို ကျောင်းနေကြခကြောင်း အစရှိသည်တို့ကို ကျောင်းအုပ်ကြီး မစ္စတာနီးလ်(Mr. Neal)သည် မကြာခဏဂုဏ်ယူ၍ ပြောကြားဖူးပါသည်။

ကျွန်တော်တို့အား ဆရာကြီး အခန်းထဲသို့ ခေါ်သွားပါသည်။ အသားနီစပ်စပ်၊ မျက်လုံးပြာပြာ၊ နှာခေါင်း ချွန်ချွန် အင်္ဂလိပ်ကြီး တယောက်သည် စားပွဲတွင်ထိုင်ကာစာရေးနေလေသည်။ နိုင်ငံခြားသား မျက်နှာဖြူဟူ၍ သည်လောက် နီးနီးကပ်ကပ် သည်တခါသာမြင်ဖူးသည့် ကျွန်တော့် အဖို့ ထူးဆန်းသော သတ္တဝါကြီးကို တွေ့မြင်ရသကဲ့သို့ သေသေချာချာ ကြည့်ရှုပါသည်။ ပြာနေသောမျက်လုံးအစုံနှင့်ကြီး၍ချွန်ကာ ကြက်တူရွေး





နှုတ်သီးလို အဖျားကောက်သည့် နှာခေါင်းသည် ကျွန်တော့် မျက်စိထဲ တွင် ရယ်စရာကြီးလိုဖြစ်နေပါသည်။ ဆရာကြီးသည် ကျွန်တော်တို့ အား တယောက်စီ မေး ခွန်း ထုတ် နေ လေ သည်။ အခြားသူများကို မည်ကဲ့သို့မေး၍ မည်ကဲ့သို့ ဖြေကြားနေသည်ကို ကျွန်တော် ဂရုမပြုနိုင်ပါ။ ဆရာကြီး၏ အထူးချွန်ထက်သော နှာခေါင်းကြီးကိုသာ မျက်ခြည်မပြတ် ကြည့်နေမိတော့သည်။ သည်လိုကြည့်ယင်း နှာခေါင်းကို အင်္ဂလိပ်လို မည်ကဲ့သို့ ခေါ်သည်ကိုလည်း တွေးမိပါသည်။ ထိုနောက် တဆင့်တက်၍ ကြီးသောနှာခေါင်းကို မည်ကဲ့သို့ ခေါ်သည်ကိုလည်း စိတ်ထဲတွင် ထင်မြင်လာပါသည်။ ကျွန်တော်၏ ညကျောင်းဆရာသည် လုံးကောက်အင်္ဂလိပ်စကားများကို အတော်အတန် သင်ထားပြီး ဖြစ်ပါသည်။

သည်လိုတွေးနေစဉ် ဆရာကြီးသည် ကျွန်တော့်ကို မေးခွန်းထုတ်ပါတော့သည်။

ပထမ ဆရာကြီးသည် ကျွန်တော်၏ နာမည်၊ ဖခင်အမည်၊ အသက် စသည်များကို မေးပြီးနောက် ကိုယ်လက်အင်္ဂါ အစိတ်အပိုင်း အခေါ်အဝေါ်များကို မေးနေပြန်ပါသည်။ ဦးခေါင်း၊ မျက်စိ၊ နားရွက်၊ လက်၊ ဆံပင်၊ ပါးစပ် အစရှိသည်များကို သူ့လက်တဘက်နှင့် ကိုင်ကာ ကိုင်ကာမေးရာ ကျွန်တော်လည်း ဖြေပြပါသည်။ နောက်ဆုံးတွင် နှာခေါင်းသို့ ရောက်လာလေသည်။ သူသည် သူ့နှာခေါင်းထိပ်ကို လက်ညှိုးနှင့်ထောက်ကာ မေးပြန်ပါသည်။

"What is this?" (ဒါဘာလဲ။)



www.burmeseclassic.com

www.burmeseclassic.com

"That is a very big nose" (ထိုဟာသည် အလွန်ကြီးသော နှာခေါင်းဖြစ်သည်။)

ကျွန်တော်လည်း ရည်ရွယ်ချက်မရှိပဲ စိတ်ထဲထွင် ရှိသည့်အတိုင်း သူ့နှာခေါင်းကြီးကို နှာမဝိဇ္ဇသေသနမျှား တပ်ကာ ချီးကျူးလိုက်မိပြန်ပါတော့သည်။

သူသည် ခဏမျှ ကျွန်တော့်ကို ကြည့်နေပါသည်။ တခန်းလုံးလည်း ငြိမ်နေပါသည်။ အတန်ကြာမှ သူသည် နေရာမှထကာ ကျွန်တော်၏ ပခုံးကိုပုတ်ယင်း 'တဟားဟား'နှင့် အားရပါးရကြီး ရယ်နေပါတော့သည်။

"You are a smart boy" (မင်း အလွန်တော်တဲ့လူကလေးတယောက်ပဲ)

သူသည် ကျွန်တော့်ကို ချီးကျူးပြီးလျှင် ဒုတိယတန်းတွင် ထားလိုက်ပါတော့သည်။

သို့နှင့် ကျွန်တော်သည် အင်္ဂလိပ်ကျောင်းသား ဖြစ်ရပြန်ပါတော့သည်။

## သာမဏေ

### (၁)

ကျွန်တော့်ကို ရှင်မပြုရသေးပါ။

ရှင်ပြုလျှင် ရှင်လောင်းသည် သျှောင်ထုံးကြီးနှင့် ခေါင်းပေါင်းဖြူ ဖော့လုံးတို့ဖြင့် ပန်ရရန် ရည်ရွယ်ကာ ကျွန်တော်၏ သျှောင်ကို အထူးပြုစုပျိုးထောင်ခဲ့သော ကျွန်တော်၏ မိခင်နှင့် ဘွားဘွားလည်း ကွယ်လွန်သွားကြလေပြီ။ ကျွန်တော့်သျှောင်ကို အထူးအမွန်းတင်ခဲ့ရှာသော ဘုန်းတော်ကြီး ဦးဝါယမ ကျောင်းမှလည်း ထွက်ခဲ့လေပြီ။ ယခု ဖေဖေကြီး မေမေကြီးတို့ ခြံသို့ ရောက်သောအခါ သည်သျှောင်ထုံးကို မမသန်းသာလျှင် ဂရုစိုက်၍ထုံးပေးပါသည်။ ကျောင်းသွားခါနီးလျှင် သည်သျှောင်အတွက် တဒုက္ခ။ ကိုယ့်ဖာသာကိုယ်လည်း သေသေသပ်သပ်ဖြစ်အောင် မထုံးတတ်ပါ။

(ဒုတိယအကြိမ်) စပယ်ဦးစာပေ
www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ကျောင်းသားနှင့် သျှောင်ထုံးမှာ အတော် အဆင်မပြေ ဖြစ်နေလေသည်။ သျှောင်ထုံးကို ဘယ်လောက်ပင် ကျကျနန ထုံးသွားသွား ကျောင်းသူ ကျောင်းသားတွေကတော့ အထူးအဆန်းလိုလို ကြည့်ကြလေသည်။ ကျွန်တော်တို့ ဒုတိယတန်းရှိ ယောကျ်ားကလေးများတွင်လည်း ကျွန်တော် တဦးတည်းသာလျှင် သျှောင်ထုံးနှင့် ဖြစ်နေသောကြောင့် အထူးထင်ပေါ်နေပါသည်။

ကျောင်းသားလို့ ထုံးစံအတိုင်း ကျောင်းသားသစ် ကျွန်တော့်အား ပြောင်ကြ၊ လှောင်ကြ၊ စကြသည်။ အချို့ကလည်း ကျွန်တော့်ကို "ဟေ့၊ ဘုန်းကြီးကျောင်းသားဟ" ခေါ်ကြသည်။ ကျွန်တော်သည်ဘုန်းကြီးကျောင်းတွင်နေခဲ့သည်မှန်သော်လည်း 'ဘုန်းကြီးကျောင်းသား'ဟု အခေါ်ခံရသောအခါ စိတ်ဆိုးမိပါသည်။ အချို့ကျောင်းသားများကလည်း အတန်းထဲတွင် ဆရာလစ်လျှင် နောက်မှနေ၍ သျှောင်ထုံးကို ဖေတ်နှင့် ခေါက်တတ်ပါသည်။ အချို့ကလည်း "ဟေ့၊ မင်းခေါင်းပေါ်က ခွေးချေးပုံကြီး ကြုံးပစ်ပါဦးကွ"ဟုလည်း စတတ်ပါသည်။ သို့သော် ကျောင်းသားသစ်မို့ ဘယ်လိုမှ ပြန်မပြောပဲ ခပ်ကုပ်ကုပ်ပင် နေခဲ့ရပါသည်။

ကျွန်တော်၏ဝတ်ပုံစားပုံကိုက သူတို့မျက်စိထဲတွင်ရယ်စရာလိုဖြစ်နေကြသည်။ အင်္ကျီလက်တို၊ ပိုးနှင့်ချည်ရောယက်ထားသည့် လုံချည်အနီကွက်ကို ဝတ်ဆင်လျက် သားရေကွင်းထိုး ဖိနပ်စီးပြီးလျှင် ကိုကိုကျော်ပေးသည့် ဂေါရခါးဦးထုပ်ကို သျှောင်ထုံးပေါ်မှ အုပ်၍ဆောင်းထားပါသည်။ ကျောင်းသူကျောင်းသားတို့သည် ကျွန်တော့်ကိုကြည့်၍ လှောင်ပြုံး ပြုံးကြပါသည်။





နံနက် ထမင်းစားပြီးလျှင် ကိုးနာရီကျောင်းတက်အမီ နှစ်မိုင်ခန့် ဝေးကွာသည့် သံတဲကျောင်းတော်သို့ အိမ်နားနီးချင်း အဖော်များနှင့်အတူ သွားရသည်။ နေ့စဉ်ပေးနေကျဖြစ်သော မုန့်ဘိုးတမူးကို ကုန်တိုက်သို့ဝင်၍ တောင်းယူရသည်။ တခါတရံ ဖေဖေကြီးကို တွေ့သည်။ တခါတရံသည်၊ ကိုကိုကျော့်ထံမှ တောင်းယူရသည်။ ဖေဖေကြီးသည် ကျွန်တော့်ကို နည်းနည်းကလေးမှ မျက်နှာသာမပေးပါ။ ကုန်ဝယ်လာသူတွေနှင့် ဖြစ်စေ၊ အခြားသော ဧည့်သည်များနှင့်ဖြစ်စေ၊ ဘယ်လိုပင် ပြုံးပြုံးရွှင်ရွှင် စကားမြည် ပြောနေနေ ကျွန်တော် ဝင်လာသည်ကို မြင်လျှင် ချက်ချင်း မျက်နှာပိုးသတ်လိုက်လေသည်။ သူ့စိတ်ထဲတွင် ကျွန်တော်သည် ကျွန်တော့်ဖခင်လို မိန်းမနှင့်ပတ်သက်၍ အတော်သောင်းကျန်းမည့် သတ္တဝါကလေးပဲဟု အထင်ရောက်နေဟန် တူပါသည်။

နံနက်စောစောထ၍ စာကျက်ပြီးလျှင် ပန်းတခြင်းလောက်ရအောင် ခြံကြီးထဲတွင် လှည့်လည်၍ ခူးရသည်။ တခါတရံ ကျောင်းချိန်နီးပြီ ဖြစ်သော်လည်း ပန်းခူး၍ မပြီးသေး။

မှတ်မိပါသေးသည်။ တနေ့သော နံနက်ခင်းတွင် ကျောင်းသွားခါနီးမှ မေမေကြီးက ပန်းခူးခိုင်းနေပါသည်။ ကျွန်တော် ...ားစွာ စိတ်အိုက်သွားပါသည်။ ဘာမှလည်း ပြန်မပြောဝံ့။ ...နှင့် ပန်းခြင်းကြီးကို ဆွဲကာ ကပ်ကျေးကိုကိုင်ပြီးလျှင် နောက်...စု၍ ထွက်လာခဲ့သည်။ ပုဏ္ဏရိပ်ပန်းခြုံကြီး အကွယ်သို့ ရောက်သောအခါ စိတ်ဆိုးဆိုးနှင့် ပန်းဆွဲခြင်းကြီးကို တအားကန်...က်ရာ ငါးလံလောက် လွင့်စဉ်သွားလေသည်။

"ကဲ၊ မှတ်ကရော"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ ပါးစပ်မှလည်း ဒေါသသံနှင့် ရေရွတ်လိုက်ပါသည်။ ထိုခဏ၌ အနီးရှိ ခြုံကွယ်တခုမှ မမသန်းသည် ဘွားကနဲပေါ်လာပါတော့သည်။

"ဟဲ့ ဟဲ့ ဘာလုပ်တာလဲ"

သူသည် ပျာပျာသလဲ မေးပါတော့သည်။ ကျွန်တော့်အဖို့ ခိုးထုပ်ခိုးထည်နှင့် အမိခံရသောသူကဲ့သို့ အတော်အဖြေရ ကြပ်နေပါသည်။ ဦးခေါင်းကိုသာ ငုံ့နေလိုက်သည်။ ဘာမှ အဖြေမပေးနိုင်ပါ။ ဖြေလည်း မဖြေဝံ့ပါ။ ကျွန်တော် ဘယ်အတွက်ကြောင့် သည်လိုလုပ်သည်ကို သိပြီးဖြစ်သော မမသန်းသည် ဘာမျှမပြောပဲ ပြန်ထွက်သွားလေသည်။ ကျွန်တော်လည်း ခြင်းကို ပြန်ကောက်ပြီးလျှင် ပန်းတခြင်းပြည့်အောင် ကတိုက်ကရိုက်ခူးကာ မေမေကြီးထံသို့ ယူသွားသောအခါ မမသန်းလည်း အနီးတွင် ရှိနေပါသည်။ ခြင်းကြီးကို ကန်ပစ်သည့်အကြောင်းကိုများ ပြောများထားမည်လားဟု တထိတ်ထိတ်ဖြစ်နေပါသေးသည်။ သို့သော် မေမေကြီးသည် ဘာမျှမသိပါ။ မမသန်းသာလျှင် ကျွန်တော့်ကို မြင်သောအခါ ပြုံးနေလေသည်။

ကျွန်တော်လည်း စာအုပ်လွယ်အိတ်ကိုယူကာ ကျောင်းသို့ သုတ်ခြေတင်ခဲ့ပါတော့သည်။

တခါတရံ ကျောင်းသွားစဉ်ပင် ပန်းခိုင်များထည့်ထားသည့် ပန်းခြင်းကို ယူသွားရသေးသည်။ ထိုပန်းခြင်းကြီးကို ဈေးချိုအတွင်းမှ ပန်းဆိုင်သို့ ဝင်ပေးရပါသည်။ သည်လိုပန်းခြင်းကြီးကို ကိုင်သွားရသော ကျွန်တော့်မှာ ရှက်သလိုလို မျက်နှာပူမိသည်။ စင်စစ်အားဖြင့် ရှက်စရာမဟုတ်ပါ။





"ပန်းသယ်လာဦး"

တခါတရံ လမ်းကခေါ်၍ ဝယ်လိုက်ကြသေးသည်။ သည်လိုရောင်းရသော ငွေနှင့် ပန်းခိုင်များကိုပါ ရေတွက်ပြီးလျှင် ဖောက်သည်ယူသည့် ပန်းဆိုင်တွင် အပ်နှံခဲ့ရလေသည်။

(၂)

နေ့တို့သည် တရွေ့ရွေ့ ကုန်ဆုံး၍ လအဖြစ်သို့ ကူးပြောင်းလာကြကုန်၏။ သည်လိုနှင့် တလမှ တလသို့ ကူးလာခဲ့ရာ မိုးဥတုလွန်၍ ဆောင်းဥတုသို့ ရောက်ရှိလာခဲ့လေပြီ။ မေမေကြီး၊ ဖေဖေကြီး၊ မမသန်းတို့ကိုကိုကျော်တို့နှင့်အတူ စစ်ကိုင်းတောင်ရိုးမဟာဂန္ဓာရုံချောင်သို့လည်း ရောက်ခဲ့ပြီ။ ပုညရှင် စေတီတော်တွင် အရှုဏ်ဆွမ်းလည်း ကပ်ခဲ့ပြီးပြီ။ အိမ်တော်ရာ၊ သကျသီဟ၊ ကျောက်တော်ကြီး အစရှိသည့် ဘုရားပွဲများလည်း သီတင်းကျွတ်လအတွင်းက ခြိမ့်ခြိမ့်သဲမျှ ကျင်းပပြီးစီးခဲ့လေပြီ။ တန်ဆောင်မုန်း လမပြည့်မီတွင်လည်း အရပ်တိုင်းတွင် အပြိုင်အဆိုင် ကထိန်သင်္ကန်း ကပ်လှူပွဲများကိုလည်း မြိုင်မြိုင်ကြီးဆင်ယင်ခဲ့ကြလေပြီ။ သည်လို ဆောင်းဦးပေါက်တွင် မန္တလေးမြို့သို့ နှစ်စဉ်နှစ်တိုင်း ကြွလာမြဲဖြစ်သော ပလိပ်ရောဂါသည် ယခုနှစ်တွင်လည်း ရောက်ရှိလာပြန်လေပြီ။

ကျောင်းသွား ကျောင်းပြန်လမ်းတွင် အသုဘတွေ အများအပြား တွေ့ရသည်။ ကျွန်တော်တို့ ကျောင်းသည်လည်း တခါသင်္ချိုင်းသို့သွားရာ လမ်းဘေးတွင်တည်ရှိရာနေ့စဉ်နေ့တိုင်း အသုဘ ချလာသည်ကို တွေ့မြင်နေကြရသည်။ ထူးထူးခြားခြား



www.burmeseclassic.com

www.burmeseclassic.com

များလာသည်ကိုလည်းသတိပြုမိပါသည်။ ထို့ကြောင့်ကျောင်းဆရာဝန်က အကာအကွယ်ဆေးများကို ကျောင်းသားတိုင်းအား ထိုးပေးလေသည်။

ဆေးထိုးပြီးသောနေ့တွင် ကျွန်တော်သည် ဆေးထိုးဒဏ်ချက်ကြောင့် အတော်ပင် မအီမသာဖြစ်ပြီး ပြန်သွားပါသည်။ အိမ်သို့ရောက်သောအခါ အိပ်ရာထဲတွင် လဲ၍ဖျားနေပါသည်။ မေမေကြီးသည် အင်္ဂလိပ်ဆေးကို အနည်းငယ်မျှ ယုံကြည်သူမဟုတ်။ ဆေးထိုးအပ်ကိုလည်း ကြောက်ရွံ့သူဖြစ်သည်။ ကျွန်တော် ဆေးထိုးသည်ကိုပင် သက်သက် အနာခံရမှာလားဟု အပြစ်ပြောနေပါသည်။

နောက် ဆယ်ရက်လောက် ကြာသောအခါ မေမေကြီး ဖျားလေတော့သည်။ ညဥ့်ဦးယံတွင် အပူအတော်ကြီးနေလေပြီ။ နံနက်လင်းလျှင် မြန်မာဆေးဆရာ တဦးကိုခေါ်၍ ကုသရသည်။ မြန်မာဆရာသည် သွေးစမ်းပြီးလျှင် ဆေးများကို ပေးသွားသည်။ မေမေကြီးသည် သတိမရတချက် ရတချက်နှင့် ကယောင်ကတမ်းတွေကိုလည်း ပြောချင်ရာ ပြောနေ ပါတော့သည်။ ကျွန်တော်တို့ တတွေလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြပါသည်။ သုံးရက်မြောက်သောနေ့တွင် ဝေဒနာ အပြင်းဖမ်းလာပါတော့သည်။ နောက်တနေ့ လင်းအားကြီးအချိန်တွင် မေမေကြီး ဆုံးလေတော့သည်။

ကျွန်တော်တို့တတွေလည်း မီးပုံကြီးနားတွင် ဝိုင်းထိုင်ကာ ရှိုက်ကြီးတငင် ငိုကြွေးကြကုန်သည်။ တအိမ်လုံး ဆူညံနေပါတော့သည်။ အလွန်ချမ်းအေးသော အခါဖြစ်၍ အချို့ငိုသံမှာ မေးရိုက်သံကြော့ပါ ရောနေလေသည်။





"အင်း.... လူဆိုတာ သေမျိုးချည်းပေါ့ကွယ်"

ဖေဖေကြီးသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ယင်း ပြောလိုက်ပါသည်။ သူသည် ငိုကြွေးနေသူများအား တရားပြနေခြင်း ဖြစ်လေသည်။ သို့သော် သူ့အသံသည် တုန်ယင်နေပါသည်။ ငယ်စဉ်ကတည်းက ပေါင်းသင်းလာခဲ့သော ဇနီးသည်သည် သူ့ကို စွန့်ခွာသွားလေပြီ။ အဘယ်မှာလျှင် မချိတင်ကဲ ငမ်းမနည်းပဲ နေပါအံ့နည်း။

ကျွန်တော့်အဖို့လည်း အားကိုးကြီးတယောက် ဆုံးပြန်ပြီဖြစ်၍ လှိုက်လှိုက်လှဲလှဲကြီး ပူဆွေးမိပါသည်။ ကျဆင်းသောမျက်ရည်ကို အင်္ကျီလက်နှင့်သုတ်ယင်း ရှိုက်နေမိသည်။ ဖေဖေကြီးသည် ကျွန်တော့်ပခုံကိုပုတ်၍ နေရာမှထစေပြီးလျှင် သူ့အိပ်ရာဆီသို့ ခေါ်သွားပါသည်။ သူ့ခုတင်ပေါ်တွင် အနီး၌ထိုင်စေပြီးလျှင် "အားမငယ်ပါနဲ့ကွယ်၊ မင်းမေမေကြီး မရှိပေမယ့် ဖေဖေကြီးတယောက်လုံး ရှိပါသေးတယ်"ဟု တလုံးချင်း တုန်တုန်ယင်ယင်နှင့် ပြောလေသည်။ သည်စကားများသည် ကျွန်တော့်အဖို့ အဖိုးမဖြတ်နိုင်သည့် အားဆေးဖြစ်လေသည်။

မေမေကြီး၏ အလောင်းကို ခမ်းနားကြီးကျယ်စွာ သင်္ဂြိုဟ်လေသည်။ ရပ်ဝေးမှ မိတ်ဆွေ သင်္ဂဟများကို စောင့်ပြီးမှ သုံးရက်မြောက်သော နေ့တွင် နေအိမ်မှ ရွာဟိုင်း၊ သုသာန်တွင် အတ်ပူသွင်း၍ မြှုပ်နှံရန် ဖြစ်လေသည်။ မန္တလေး မြို့ပေါ်တွင် ထင်ရှားသူ တယောက်၏အသုဘဖြစ်သည့်ပြင် မိတ်ဆွေအပေါင်းအသင်းလည်း များသည်သာမက အသုဘပို့သူများအား မြင်းလှည်းခနှင့်တကွ တလံလောက် ကြီးမားသော မျက်နှာဆုတ်


www.burmeseclassic.com

www.burmeseclassic.com

ပဝါကြီးတွေကိုပါ တယောက်လျှင်တထည်ကျစီ ကမ်းလှမ်းရန် စီစဉ်ထားသည့်အတွက် အသုဘပို့သလာကြသည့် လူထုပရိသတ်ကြီးမှာ အံ့ဘနန်း ကြီးမား နေလေသည်။ လမ်းတဝက်သို့ ရောက်သောအခါ မနိုင်မနင်းဖြစ်ရလေတော့သည်။ လှည်းများပေါ်တွင် တင်ထားသည့် အိတ်ကြီးများနှင့် ထည့်ထားသော မျက်နှာသုတ်ပဝါများကို လူဘအုပ်သည် အတင်းဝင်၍ လုကြကုန်သည်။ အလောင်းကတော့ ရှေ့ရောက်သွားပါပြီ။ သို့သော် နောက်ပိုင်းတွင် ဝရုန်းသုန်းကား ဖြစ်နေပါသည်။ ရုန်းရင်းဆန်ခတ် ဖြစ်ကုန်လေသည်။ မိန်းမ ယောကျ်ားတို့သည် လှည်းပေါ်သို့ တက်သူတက် အောက်မှ ဆွဲသူဆွဲနှင့် မျက်နှာသုတ်ပဝါတွေကို အရမ်းလုနေကြရာ ရန်ကုန်မှ ရောက်လာသော မိတ်ဆွေဂုဏ်ဟ လူကြီး လူကောင်း များပင် မနေသာတော့ပဲ ဖဲထီးနှင့်ပင် ဝင်ရိုက်ကြရလေသည်။ ထီးလောက်တော့ သူတို့က မမှု၊ လုမြဲလုနေကြရာ မဘတ်သာတော့ပြီ။ ခြောက်လုံးပြူးကို အပေါ်ထောင်၍ဖောက်လိုက်မှ ရှဲသွားလေသည်။ နောက်ထပ်လည်း မထမ်းနိုင်တော့ပါ။ မျက်နှာသုတ်ပဝါများ တင်ထားသည့် လှည်းများကို အိမ်သို့ ပြန်မောင်းစေရလေသည်။

ဖေဖေကြီးကား ဘာမျှမပြောပါ။ သုသာန်မှ ပြန်လာကြသောအခါ သူ တခုပဲပြောသည်။

''ဟေ့ ငါ့ အမယ်ကြီးအလောင်းပြင်တဲ့ ခုတင် ဘယ်သူ့မှ မလှူနဲ့၊ ငါ အိပ်မယ်ကွယ့်'' ဖေဖေကြီးသည် သည်လိုပြောပြီး လျှင် အိမ်ပေါ်မှနေ၍ ပန်းခြံကြီးကို ကြည့်နေလေသည်။





(၃)

မေမေကြီး ဆုံးကတည်းကဖေဖေကြီးသည် ကျွန်တော့်ကို ရှင်ပြုရန် စိုင်းပြင်းလေသည်။

ရှက်ဟောင်းကြွေသည့် လတပေါင်း ဖြစ်သည်။ ကျွန်တော့်အဖို့ စာမေးပွဲပြီး၍ ကျောင်းပိတ်ပါပြီ။ ဖေဖေကြီးမေမေကြီး တို့ ကိုးကွယ်သော စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံချောင်မှ ဆရာတော်ကြီးသည် မိဂဒါဝုန် ဆရာတော်နှင့် အတူ ကြွလာကြလေသည်။ ဆရာတော် နှစ်ပါးစလုံးနောက်ပါ ဖိုးသူတော်ကလေးနှင့်အတူ ခြံအတွင်းရှိ စိန်ဘုရား ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်တွင် သီတင်း သုံးနေကြလေသည်။ ဆရာတော်ကြီးများသည် ဣန္ဒြေ သိက္ခာနှင့် ပြည့်စုံတော် မူကြသည်။ အလွန်ကြည်ညိုဖွယ် ကောင်းလှသည်။ သို့သော် ကျွန်တော်သည် နောက်မှပါလာသော ဖိုးသူတော်ကလေးကို မြင်ရသောအခါ ၌ကား ရင်ထဲမှာ ယားကျိကျိနှင့်ရယ်ချင်လှပါသည်။ခေါင်းတုံး ပြောင်ပြောင် မျက်နှာ ကောက်ကောက် ပိတ်ဖြူကို ဝတ်ဆင်ထားသော သူတယောက်သည် ကျွန်တော့် မျက်စိထဲတွင် ရယ်စရာလို ဖြစ်နေပါတော့သည်။ ဆရာတော် ကြီးများနှင့် အနီးတွင် ရှိသော ဖေဖေကြီးကို ရှုံ၍သာ ချုပ်တည်းထားရသည်။ အားရပါးရဟားတိုက်၍သာ ရယ်ချင်ပါသည်။

နံနက် ဆွမ်းကပ်ပြီးသောအခါ ကျွန်တော့်ကို ရှင်ပြုရန် ကိစ္စကို ဆရာတော်ကြီးအား လျှောက်ထား လေသည်။

''အေး ရှင်ပြုတယ် ဆိုတာ ပြောလို့ အလွယ် ကလေးပဲ၊ သို့သော်ပေမယ့် ကျင့်ဝတ်နဲ့ညီမှ ကောင်းတာ။ သာသနာ့အောင်



www.burmeseclassic.com

www.burmeseclassic.com

သွတ်သွင်း လိုက်တဲ့ သာမဏေဟာ ကျင့်ဝတ်နဲ့ မညီယင် သာမဏေလဲ အကျိုးမရှိ သာသနာ့ဒါယိကာလဲ အကျိုးမဲ့ဖြစ်တတ်တယ်''

ဆရာတော်ကြီးသည် ဤကဲ့သို့ မိန့်ကြားလေသည်။ ဖေဖေကြီးသည် လက်အုပ်ချီကာ ငုံ့နေယင်း ''မှန်ပါ့ ဘုရား'' ဟုလိုက်လေသည်။

''ဟောဒီ ဖိုးသူတော်လေးဟာလဲ သာမဏေ ဝတ်ဖို့ပဲ၊ အခု ဖိုးသူတော်ဝတ်ယင်း သေခိယ ကျင့်ဝတ်ကို သင်နေရစေယ်။ သင်္ကန်းခံတာင်းလဲ ကျကျနန ကျက်ခိုင်း ထားတယ်။ ဒီတော့ ဒကာကြီးတို့လဲသာမဏေဝတ်ဖို့ဆိုယင်ဖိုးသူတော် အယင်ဝတ်မှ ဖြစ်မယ်''

ဆရာတော် ကြီး၏ မြွက်ဟချက်သည် ကျွန်တော့်အား ခေါင်းနပမ်းကြီးသွားစေသည်။

''ဒီတော့ သင်္ကန်းတောင်းတို့ ဘာတို့ကျက်ပြီး ရှင်ကျင့်ဝတ်ကိုလဲ သင်ကြားရအောင် တို့အပြန် ထည့်လိုက်'' ဆရာတော်ကြီးက မိန့်ကြားပြန်ပါသည်။

''မှန်ပါ့ဘုရား'' ဖေဖေကြီးက လျှောက်ထားလေသည်။

''ထည့်လိုက် ဆိုပေမယ့် ဒီလို ထည့် လိုက် လို့ မဖြစ်ဘူး၊ ဖိုးသူတော် ဝတ်ပြီး ထည့်လိုက်ရလိမ့်မယ်''

''မှန်ပါ့ဘုရား''

ဖေဖေကြီးသည် ဆရာတော်ကြီးကို အလွန်ရိုသေလေသည်။ ဆရာတော်ကြီး အမိန့်ရှိသမျှကို လိုက်နာနေပါသည်။ နောက်နားမှ ထိုင်နေသော ကျွန်တော်မှာ အတော် စိတ်အိုက်နေပါသည်။ အဘယ်မှာလျှင် ဖိုးသူတော် လုပ်ချင်အံ့နည်း။ သူများ





ဖိုးသူတော် ဝတ်သည်ကို ကျွန်တော် ရယ်ချင်ခဲ့သည်။ ယခုတော့ ခက်ပေပြီ။

''ပြီးတော့ တလလောက်နေတော့ ဒကာကြီး လိုက်လာခဲ့တာပေါ့။ ဘာမှ ပကာသနတွေ လုပ်နေဖို့ မလိုဘူး။ သင်္ကန်း ပရိက္ခရာ အစုံအလင်နဲ့ ကန်တော့ပွဲ ပါယင် ပြီးတာပဲ''

''မှန်ပါ့ဘုရား''

ဆရာတော်ကြီးသည် အလွန်ကြည်ညိုဖွယ် ကောင်းပါသည်။ ထိုစဉ်က အသက် ခြောက်ဆယ်ခန့် ရှိပြီ။ ဆံပင်များသာမက မျက်ခုံးမွေးများပင် ဖြူနေပါပြီ။ တည်ငြိမ်သော ဣန္ဒြေကို ဆောင်လျက်ရှိရာ ကျွန်တော်သည် အလိုလိုရှို့ရှို့တွန့်တွန့်ဖြစ်နေပါတော့သည်။ ရွှေကျင် ဂိုဏ်းဝင်များ ဖြစ်သည့်အလျောက် သင်္ကန်းရုံပုံ လမ်းလျှောက်ပုံကအစ ဝိနည်းတော်နှင့် ညီလှပါသည်။

ထိုနေ့ တနေ့လုံး ကျွန်တော် စိတ်အနေ ကျပ်နေပါသည်။ ကျွန်တော် ငယ်စဉ်ကတည်းက ထားလာသော ဆံထုံး ကဲလေးကိုပင် ကျောင်းသူ ကျောင်းသားတွေက ဝိုင်းပြောင်ကြသည်။ သို့သော်လည်းတကယ်သူ့ကို စွန့်ရမည့်အချိန်တွင်နှမြောသလိုလို ဖြစ်နေပါသည်။

အိမ်သူ အိမ်သားများကလည်း ကျွန်တော့်ကို ဖေဖေကြီး ကွယ်ရာတွင် 'ဖိုးသူတော်၊ ဖိုးသူတော်'နှင့် ခေါ်ကာ လှောင်နေကြပါတော့သည်။

ညနေစောင်းတွင် ကျွန်တော်၏ ဆံထုံးကို ဦးစံပေါ်ကြီးက ကပ်ကျေးနှင့် ဖြတ်လေသည်။ နောက် သင်တုန်းဓားနှင့် ပြောင်နေအောင်ရိတ်သည်။ မှန်ထဲဝယ် ပြောင်နေသော ဦးခေါင်း


www.burmeseclassic.com

ပေါ်တွင် ဆံရစ်ဝိုင်းနေရာ၌ အဝိုင်းဆုကလေး ထင်နေသည်ကို တွေ့ရသော ကျွန်တော်သည် ခေါင်းကို ပွတ်သပ်ယင်း ဝမ်းနည်းမိခဲ့လေသည်။ ဤသည်လျှင် ကျွန်တော်၏ သျှောင်တလုံး ဆုံးခြင်းတည်း။ သူ့အမှတ်အသားအားဖြင့် စိမ်းနေသော ကတုံးပေါ်တွင် 'ဂျာရစ်' သာ ကျန်ခဲ့လေတော့သည်။

ညအချိန်တွင် ဆရာတော်ကြီးထံသို့ သွားရောက်ရပါသည်။ ရှင်ပြုပွဲများကို အမျိုးမျိုး မြင်ဘူးကြသော်လည်း ဖိုးသူတော်ပြုပွဲကို မြင်ဘူးသူ နည်းပါလိမ့်မည်။ သို့သော်အဆန်းမဟုတ်ပါ။ ရှစ်ပါးသီလခံယူပြီးလျှင် ပိတ်ဖြူကို သင်းပိုင်လိုဝတ်၍ အခြားပိတ်ဖြူကိုယ်ရုံကို သာမဏေများ ကောသိလက်ကန်တော့ထိုးသလို ဝတ်ဆင်လိုက်ခြင်းအားဖြင့် ဖိုးသူတော် ဖြစ်သွားပါတော့သည်။ ဂန္ဓကုဋိတိုက်အတွင်း ရုပ်ပွားတော်နောက်တွင် ထောင်ထားသော မှန်ထဲတွင် ကျွန်တော်၏ ရုပ်ပုံကို တွေ့ရပါသည်။ ခေါင်းတုံးပြောင်ပြောင်တွင် အဝိုင်းဆုကြီးကလည်း ထင်းနေလေသည်။ ကော်ခတ္တမကျေသေးသော ပိတ်ဖြူသင်းပိုင်နှင့်ကိုယ်ရုံကလည်း သပ်သပ်ရပ်ရပ် မရှိ ဖြစ်နေသည့်ပြင် မျက်နှာကလည်း ပြောင်ချော်ချော် ဖြစ်နေလေသည်။ ကျွန်တော်သည် ကိုယ့်ရုပ်ကို ကိုယ်ကြည့်ယင်း မချိပြုံး ပြုံးမိပါတော့သည်။

အိမ်သူ အိမ်သား လူငယ်များကလည်း ကျွန်တော့်ကို ကြည့်၍ ပါးစပ်ပိတ်ကာ တခစ်ခစ်ရယ်နေကြပါသည်။ အိမ်ဖော်ဖြစ်သော တရုတ်မကလေး ချင်ချောက်ပင် ဣန္ဒြေမဆည်နိုင်အောင် ဖြစ်နေလေသည်။

"ဟဲ့ ဘယ့်နှဲ့ဖြစ်နေတာလဲ။ ဟဲ...ဟဲ...ဟဲ"





သူသည် ကျွန်တော့်ကိုကြည့်၍ အားရပါးရကြီး ရယ်နေပါသည်။

"ဟင်းနော်"

ကျွန်တော်က သူ့ကို မျက်နှာထားနှင့် ပြန်ကြိမ်းပါသည်။

"ငါရယ်ချင်လို့ပါဟာ။ နင့်ကြည့်ရတာပွဲထဲကလူပြက်ကြီးနဲ့တူလို့"

မကြာသေးမီက အိမ်နားတွင် အငြိမ့်ကသွားရာ လူပြက်တယောက် ဖိုးသူတော် လုပ်က သည်ကို ရည်ရွယ်၍ ပြောနေဟန်တူပါသည်။ သူ့ကို ပြောလို့ ရမည်မဟုတ်။ မမသန်း အနားရောက်လာမှ သူ ထွက်ပြေးပါသည်။ မမသန်းကလည်း ကျွန်တော့်ကိုပင်ကြည့်၍ ပြုံးနေပြန်ပါတော့သည်။ မာလီကုလားဘော့ကလည်း တဟဲဟဲ ရယ်ကြပြန်ပါသည်။ ကျွန်တော့်အဖို့ မျက်နှာမထားတတ်အောင် ဖြစ်နေပါသည်။

နောက်တနေ့နံနက်တွင် ဆရာတော်ကြီးနှင့်အတူ စစ်ကိုင်းဘက်သို့ ကူးခဲ့ကြပါသည်။ သင်္ဘောပေါ်မှ စစ်ကိုင်း တောင်တန်းကြီးကိုလှမ်းမျှော်ကြည့်သည်။ လက်ယာဘက်ခပ်ယွန်းယွန်းတွင် ပတ္တမြားစေတီ။ ရှေ့တည့်တည့်လောက်တွင် ပုညရှင်စေတီ။ ရွှေရောင်တွေနှင့် ဝင်းနေကြသည်။ နေဦးမို့ တောင်ရိုးကြီးသည် ပို့ပြည်ပြည် မရှိလှ။ သို့သော် ဇရပ်၊ ဂူလိုဏ်၊ ကျောင်းကန်ဘုရားတို့သည် တောင်ရိုးကြီး၊ တခုလုံးကို တန်ဆာဆင်ထားသည်။ သူတော် သူမြတ်တို့ မွေ့လျော်ရာ ဒေသကြီးပေတကား။

သည်တောင်ရိုးကြီးသည် အသစ်စက်စက် ဖိုးသူတော်ကလေးအား ဆီးကြိုနေပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



(၄)

စစ်ကိုင်းတောင်ရိုးရှိ မဟာဂန္ဓာရုံချောင်သည် သာယာလှပါသည်။ ချောင်ဦးမှ လှမ်းမျှော်ကြည့်လိုက်လျှင် ပုညရှင်စေတီကို မြင်ရလေသည်။ ချောင်အောက်သို့ ကြည့်လိုက်ပြန်လျှင်လည်း ပုညရှင်စေတီသို့သွားရာ ကျောင်းလမ်းကို မြင်နိုင်သည်။ ဝဲယာတွင် တရုတ်စကားပင်များကို စီရရီစိုက်ပျိုးထားသောကြောင့် ထိုလမ်းကို တရုတ်စကားစောင်းတန်းဟု ခေါ်ကြပါသည်။ ဖေဖေကြီး၊ မေမေကြီးတို့၏ ကောင်းမှုပြုသော သိမ်၊ ကျောင်း၊ ဘုရား၊ ဂူသိုက်၊ ရေကန်တို့သည် ချောင်တခုလုံးတွင် ပြည့်နက် လျက်ရှိလေသည်။ တဖက်အစွန်မြင့်သော နေရာတွင် ဆောက်လုပ်ထားသော ရွှေကျောင်းကြီးသည် ခန့်နားလှသည်။ အတွင်းတွင် တိုင်ကြီးများကို မှန်စီရွှေချလျက် တလက်လက်နှင့် ပြိုးပြိုးပြက်ပြက် နေလေသည်။ သိမ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်သည် သပ္ပာယ်လှသည်။ ရေကန်အတွင်းမှ ရေတို့သည်စိမ်းလျက်။ သိမ်၏နောက်ကွယ်၌ရှိသော ဂူထဲတွင်ဝင်သွားလျှင်ကား မရောက်ဖူးသေးလျှင် ကြောက်ရွံ့ရွံ့ ဖြစ်သွားပေလိမ့်မည်။ အတွင်းတွင် မှောင်နေလေသည်။ အတန်သွားမိသော် ဝဲယာသို့ ခွဲသွားသောလမ်းများကို တွေ့ရလိမ့်မည်။ အတွင်းသို့ရောက်လေ အေးလာလေလေ။ နောက်တဖက်သို့ ချိုးလိုက်လျှင် နံရံတွင်ချိတ်ဆွဲထားသည့် အရိုးစု ကမ္မဋ္ဌာန်းရုပ်ကြီးကို ရုတ်တရက် တွေ့ရပါလိမ့်မည်။ မြင်ရသူအဖို့မှာ ကြက်သီးမွေးညှင်း ထစရာပင်ကောင်းလှပါတော့သည်။ မှောင်ထဲတွင် သည်အရိုးစုကို တွေ့ရလျှင် မည်သူ မထိတ်လန့်ပဲ နေအံ့နည်း။ အချို့လန့်၍ပင် အော်





လိုက်ကြသေးသည်။ နောက်ကြိမ်မြင်နေကျလျှင် ရိုးသွားပါသည်။ မထိတ်မလန့်တော့ပါ။ သည်လိုအရိုးစုသည် အလွန်လှပချောမော့သော မိန်းမပျိုတဦး၏ အရိုးစုဟု သိရပါသည်။ တရားရစရာ။

ကျောင်းကြီးကျောင်းကောင်းတွေနှင့်ပြည့်သည်ကားမှန်၏။ သို့သော် သံဃာတော်များသည်အများအားဖြင့် ကိုယ့်ကမ္မဋ္ဌာန်းကျောင်းကလေးများနှင့်ကိုယ်နေကြလေသည်။ ဆရာတော်ကြီးကိုယ်တိုင်ပင် ကျောင်းအနီးရှိ သစ်သားကျောင်းကလေးတွင် သီတင်းသုံးလေသည်။ ကျွန်တော့်ကိုလည်း ထိုကျောင်းကလေးအနီးရှိ လေးပေပတ်လည်ခန့်သာကျယ်သောကမ္မဋ္ဌာန်းကျောင်းကလေးတွင် နေစေပါသည်။

ဆရာတော်ကြီး၏ ဝေယျာဝစ္စ အလုပ်များကို လုပ်ကိုင်ပေးယင်း ရှင်ကျင့်ဝတ်နှင့် သင်္ကန်းတောင်း များကို ကျက်မှတ်ရပါသည်။ စားသောက်မှုကား ကျွန်တော့်အဖို့ အစ၌ စိတ်ဆင်းရဲစေပါသည်။ မဟာဂန္ဓာရုံချောင်တွင် သီတင်းသုံးနေကြသော ဆရာတော်ကြီးမှအစ အရှင် သံဃာတော် များနှင့် ကိုရင်အားလုံးသည် သက်သတ်လွတ်ကိုသာ မှီဝဲ၍ တရားကျင့်နေကြသောပုဂ္ဂိုလ်များဖြစ်လေသည်။ ကျွန်တော်တို့ ဖိုးသူတော်များအဖို့လည်းသက်သတ်လွတ်ဟင်းများမှအပ မည်သည့်အစားအစာကိုမျှ မခံနိုင်ပါ။ သားဟင်းငါးဟင်းများကို စားနေကြဖြစ်သော ကျွန်တော့်အဖို့ ဟင်းသီးဟင်းရွက်တွေနှင့်သာပြီးနေသည့်ဆွမ်းကို မျိုကျအောင်ဖြစ်နေပါသည်။ သတ်သတ်လွတ် ဟင်းများမှာ နိုင်နိုင် အဆာများများနှင့် ချက်ပြုတ် ကြော်လှော်ထားလျှင်ကား မစားနိုင်စရာမရှိပါ။ ယခုသော်ကား နေ့စဉ်စားသုံးနေရသည့် သက်သတ်လွတ်ဟင်းသည် ချဉ်ပေါင် ရေလုံပြုတ်၊ ပဲပြုတ်



www.burmeseclassic.com

www.burmeseclassic.com



ပဲဟင်း၊ ပဲကြော်မှလွဲ၍ ဘာမှ ဖွယ်ဖွယ်ရာရာ မရှိပါ။ တစောင်တက် တဇောင်းဆင်း မယ်သီလရှင်ချောင်များကို လှည့်လည်၍ ဆွမ်းခံရသော သံဃာတော်များနှင့် သာမဏေများသည် ရသမျှသော အာဟာရဖြင့်သာ စားတိမ်ရလေသည်။ ကျွန်တော်တို့ ဖိုးသူတော်နှစ်ဦးသည်လည်း ကျန်သမျှနှင့်သာ ရောင့်ရဲနေကြရလေသည်။ သို့သော်လည်း ရက်အနည်းငယ်ကြာသွားသောအခါ ပဲနှင့်ပြွမ်းသည့်သက်သတ်လွတ်ဟင်းများသည်အလွန်အရသာနှင့် ပြည့်စုံသည်ကို တွေ့ရပါသည်။

သည်လိုနှင့်ရက်တို့သည်တစ္ဆရွေ့ကုန်ဆုံးခဲ့ရာသင်္ကြန်တွင်းသို့ ရောက်လာခဲ့လေသည်။ ကျွန်တော်၏ ဖခင်နှင့် ဘကြီးသည် ပရိက္ခရာ ရှစ်ပါးနှင့်တကွ လှူဘွယ်တန်းရာများကိုယူဆောင်ကာ ဆရာတော်ကြီးထံတွင်ကျွန်တော်အား သာမဏေဘောင်သို့သွတ်သွင်းရန်ရောက်လာကြလေသည်။ ကျွန်တော်၏ ဖခင်သည် ရွတ်တရက်အညာမှ ရောက်လာစဉ် သားကိုရှင်ပြုရန် အခွင့်အရေးကို ရရှိလေသည်။ ထိုအချိန် အိပ်ရာထဲတွင် တရှောင်ရှောင် မမာနေသောဖဖေကြီးသည် ယခုမှဗုန်းဗုန်းကြီးလဲလေတော့သည်။ ထို့ကြောင့် ကျွန်တော့်ဖခင်အား "မင်းသားမင်းပဲ သွားရှင်ပြုချေပါဟုဆိုကာ ဖေဖေကြီးက လွှတ်လိုက်ခြင်း ဖြစ်လေသည်။

"သကလ၊ ဝဋ္ဋ၊ နိဿရဏ၊ နိဗ္ဗာနဿ"

ဆရာတော်ကြီး ရှေ့မှောက်တွင်သင်္ကန်းလိပ်ကိုလက်တွင်ကိုင်၍သင်္ကန်းတောင်းကိုရွတ်ဆိုနေစဉ်တွင် ကွယ်လွန်လေပြီ၊ သောသူတို့၏ မျက်နှာများကို တရေးရေးမြင်ယောင်ကာ ဝမ်းနည်းမိပါတော့သည်။ ကျွန်တော်၏မိခင်၊ ကျွန်တော်၏ဘွားဘွား၊ နောက်ဆုံး ကျွန်တော်၏ မေမေကြီး။ မျက်လုံးအစုံတွင် မျက်ရည်များ စို့လာလေသည်။

ဖိုးသူတော်ဘဝမှ သာမဏေဘဝသို့ ကူးပြောင်းလာသော ကျွန်တော်အဖို့ ကျင့်ဝတ်အားဖြင့် ကျဉ်းကျပ်လာသော်လည်း ကျွန်တော်စိတ်ထဲ တွင်ကား များစွာ ထူးခြားခြင်း မရှိလှပါ။ ပိတ်ဖြူဝတ်နေရာမှ ပိန္နဲဆိုးသင်္ကန်းကိုလဲ၍ ဝတ်ရသလိုဖြစ်နေပါသည်။ ကျွန်တော်၏ သာမဏေဘွဲ့ကား 'ရှင်ဓမ္မရက္ခိတ' တရားကို စောင့်ရှောက် ထိန်းသိမ်းသူဟု ဆိုလိုပါသည်။

ကျွန်တော် ၏ ဖခင် နှင့် ဘကြီး လည်း ညနေစောင်းတွင် မန္တလေးဘက်သို့ ပြန်ကူးသွားကြလေသည်။ ကျွန်တော့်စိတ်ထဲတွင် ဟာ၍ ကျန်ရစ်ခဲ့ပါသည်။ နေမင်း၏ အပူရှိန် ပြင်းပြလာသော်လည်း တခါတရံ ကောင်းကင်တွင် မိုးသားများအုပ်ဆိုင်းလျက် မိုးသံများကို ကြားရစပြုလေပြီ။ တောင်ရိုးတွင် ပေါက်ရောက်လျက်ရှိသော သစ်ပင်အပေါင်းတို့သည်လည်း 'သစ်ရွက်ရော်ရီ ဣန္ဒနီများ' ခြွေလျက် အကိုက် အစို့ ကလေး များ လောင်းလျက်ရှိလေပြီ။ ပုညရှင်စေတီတော်သို့သွားရာ (ချောင်အောက် ခပ်ခပ်ယွန်းယွန်းရှိ) 'တရုတ်စကား စောင်း တန်း' ပင်လျှင် အရိုးပြိုင်းပြိုင်းနှင့် ဖြစ်နေရာမှ ပုရစ်ဖူးကလေးများ ထွက်စပြုနေလေပြီ။

နံနက်စောစောထ၍ ဆရာတော်ကြီး နောက်မှ ကိုယ်သပိတ်ကို ကိုယ်လွယ်ကာ ဆွမ်းခံလိုက်ရသည်။ ချောင်မှ စောင်းတန်းအတိုင်း ရှင်ဖြူရှင်လှရွာအထိ ဆင်းကာ မြစ်ဘက်မှ လှည့်ပြီးနောက် ပီတိသုခချောင်သို့ တက်ခဲ့ကြရသည်။ ပီတိသုခချောင်မှ







www.burmeseclassic.com

www.burmeseclassic.com



လှမ်းမျှော်ကြည့်လိုက်လျှင် တသွင်သွင် စီးနေသော ဧရာဝတီမြစ်ကြီးနှင့် ကူးလူးသွားလာနေကြသော မီးသင်္ဘော၊ လှေ၊ သမ္ဗန် စသည်များကိုမြင်နိုင်သည်။ တဘက်ကမ်း ခပ်ယွန်းယွန်းတွင် မှော်ကြက်ယက် ရွှေကြက်ကျ စေတီနှစ်ဆူကိုတွေ့ရပါသည်။ သည်နေရာမှ နေ၍ မန္တလေးမြို့ဘက်ဆီသို့ မျှော်လိုက်တိုင်း အိမ်ကြီးဆီသို့ ပြန်ပြေးချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်နေပါသည်။ သက်သတ်လွတ်ကိုသာ ဘုဉ်းပေးမှန်း သိပြီဖြစ်သော သီလရှင်တို့သည် ဆရာတော်ကြီးနှင့် သာမဏေ၏ သပိတ်များအတွင်းသို့ ပဲအမျိုးမျိုး၊ ချဉ်ပေါင်ဟင်း၊ ပဲ သီး သနပ်၊ အာလူးကြော်၊ ပဲလှော်၊ ထန်းလျက် အစရှိသည်တို့ကိုလောင်းကြလေသည်။

ချောင်သို့ရောက်သောအခါ ရေမိုးချိုး၍ ဆွမ်းဘုဉ်းပေးကြသည်။ ဥပုသ်သီတင်းနေ့များ၌ မိမိနေရာတွင် မိမိထိုင်ကြကာ ကေသနိက် ပတ္တပိုင်စုတင်ကို အားလုံးသောသံဃာတော်များနှင့် သာမဏေများ ဆောက်တည်ကြရလေသည်။ နေ့ လယ် တွင် ကျွန်တော့်အဖို့ ဘုရားဂုဏ်တော်များကို အာ ရ ကျက် ရသည်။ တခါတရံလည်း ဂူတွင်းသို့ဝင်ကာ ကမ္မဋ္ဌာန်းရုပ်ကြီးနားတွင် လဲလျောင်းယင်း တရားစာများကို ဖတ်နေသည်။ သည်လိုအခါများကျတော့ ဂူတွင်းကလည်း အေးအေးနှင့် အိပ်ပျော်သွားသည်က များလေသည်။ သည်အရိုးစု ကမ္မဋ္ဌာန်း ရုပ်ကြီးသည် ကျွန်တော့်အဖို့ ကြောက်စရာ မဟုတ်တော့ပေ။

ဆရာတော်ကြီးသည် ကျွန်တော့်အား ရှင်ကျင့်ဝတ်နှင့်အညီ ကျင့်သုံးနေထိုင်ရန် အထူးဂရုစိုက်ကြပ်မတ်ဆုံးမသည်။ တခါ





တရံသတိမထား၍ဖြစ်စေ၊ နားမလည်၍ဖြစ်စေ မှားသွားလျှင် ဒဏ်ပေးလေသည်။ ကျွန်တော့်မှာ မကြာခဏဒဏ်ခံရပါသည်။ သင်္ကန်းဝတ်ရာတွင် သင်းပိုင်သည် ဒူးအောက် လက်ရှစ်သစ်တွင်မကပဲ ခြေမျက်စိ ဖုံးနေ၍လည်း ရေ ဆယ်ခေါက် ခတ်ရသည်။ ဆွမ်းခံသွားရာတွင် မျက်လွှာကိုချကာ လှည်းထမ်းပိုးသောက် အကွာ အဝေး ကို သာ မကြည့်ပဲ ခပ်လှမ်းလှမ်းမှ သီလရှင်နှင့် မိန်းမပျိုများဆီသို့ မျက်စိရောက်သွားမိ၍လည်း သဲတွေကိုထမ်း၍ လမ်းခင်းခဲ့ရပါသည်။

တနေ့သော် ဖိုးသူတော်ကလေးသည် ကျွန်တော့် ထံ သို့ အတိုက်ကရိုက် ပြေးလာပါသည်။ ကျွန်တော့် ကျောင်းကလေးသို့ရောက်သောအခါ ဟိုဟိုသည်သည်ကြည့်၍ တိုးတိုးကလေး ပြောပါသည်။

“ကိုရှင် ဓမ္မရက္ခိတ၊ ဘယ်သူမှ မပြောနဲ့နော်”

“ဘာလဲ ဖိုးသူတော်ရ”

“ဒီမယ် ဒီမယ် စာအုပ်ဘာအုပ်တွေလာတယ်၊ ဟို ဆွမ်းစားကျောင်းအောက်က၊ ဟို မန္တလေးကငါးပိသယ်တွေ ကျန်ရစ်ခဲ့တာထင်တယ်”

“ဘာစာအုပ်လဲ”

သူ သည် ဟိုဟို သည်သည်ကို ကြည့်ပြန်ပါသည်။

“ဘာစာအုပ်လဲ၊ တရားစာအုပ်လား” ဟု ကျွန်တော်က ထပ်မေးလိုက်ပြန်ပါသည်။

“မဟုတ်ဘူး ကိုရှင်ရ”



www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ဘာစာအုပ်လဲ၊ ပြစမ်းပါဦး"

သည်တော့မှ သူသည် အပေါ်ကိုယ်ရုံအောက်တွင်ဝှက်လာသော စာအုပ်ပါးကလေးကို ထုတ်ပြပါသည်။ လား လား၊ အတော်ထူးဆန်းသည့်စာအုပ်။ သည်လို သူတော်ကောင်းတွေ ကိန်းအောင်းသည့်နေရာတွင် မအပ်စပ်သည့် စာအုပ်။ တမူးတန် ဝတ္ထုစာအုပ်ဖြစ်ပါသည်။ အဖုံးကလည်း အသည်းယားစရာ ကောင်းလှပါသည်။ ယောကျ်ားပျိုသည် မိန်းမပျိုကို အတင်းပွေ့ဖက်၍ နှာခေါင်းမြုတ်အောင် နမ်းနေသောပုံဖြစ်ပါသည်။ ဖိုးသူတော်နှင့် ကျွန်တော်သည်ထိုအရုပ်ကိုကြည့်ယင်း အသက်ရှူများပင်မှားနေပါတော့သည်။ သို့သော်ကျွန်တော်တို့မျက်စိအစုံမှာကား သည်ပုံမှ မခွာသွားအောင် ဖြစ်နေပါတော့သည်။ နှစ်ယောက်သား အလျားမှောက်ကာ ပုံကိုရှေ့ချ၍ ကြည့်နေကြသည်။ မကြည့်ချင် မြင်လျက်သားဆိုသလို ဖြစ်နေပါသည်။ မည်မျှ ကြာသွားသည်မသိ ကျောင်းပေါက်ဝမှ အသံကြားမှ ထ၍ထိုင်လိုက်ကြပါသည်။

"ဓမ္မရက္ခိတ"

ဆရာတော်ကြီး၏အသံပါကလား။ ဘယ်အချိန်က ကျောင်းကလေး၏ အပေါက်ဝတွင် ရောက်နေပါလိမ့်။ ကျွန်တော်တို့ ပြောသံ ဆိုသံကိုကြားသွားပြီလော။ ဘာလုပ်နေသည်ကို မြင်သွားပြီလော။

"ဘုရား"ဟု ထူးယင်း ပြေကျနေသောကိုယ်ရုံကို ပြင်၍ဝတ်ပါသည်။ ဖိုးသူတော်လည်း မျက်စိ မျက်နှာပျက်ကာ ထ၍ထိုင်ယင်း တံတွေးကို မျိုနေပါသည်။





"ဘာစာများ ကျက်နေကြတာတုန်း"

ဆရာတော်ကြီးသည် သဘောရိုးနှင့်မေးလိုက်ခြင်းဖြစ်သည်။ သို့သော် ကျွန်တော်တို့ နှစ်ဦးမှာ ဆတ်ဆတ် တုန်နေကြပါပြီ။ သည်အချိန်မှာပင် ဆရာတော်ကြီး၏မျက်စိသည်ကြမ်းပြင်ပေါ်တွင်ရှိသောစာအုပ် မျက်နှာဖုံးဆီသို့ရောက်သွားပါတော့သည်။ အတန်ကြာအောင် စိုက်ကြည့်နေသည်။ ကျွန်တော် တို့ လည်း သာမည့်ဘေးကို ပြေးတွေ့မည့်သူများကဲ့သို့ အားတင်းကာရပ်နေကြပါသည်။ ထိုနောက် သူ့ မျက်စိကို သူမယုံသလို ပွတ်၍ကြည့်ပါသည်။ စိုက်ကြည့်ပြန်ပြီးလျှင် ကိုယ်ကို ရှေ့သို့ကိုင်း၍ ကြည့်ပြန်ပါသည်။ ပြီးလျှင် ကျွန်တော်တို့ နှစ်ဦး၏ မျက်နှာကို တလှည့်စီ ကြည့်ပြန်သည်။ တဖန် အရုပ်ဆီသို့ ရောက်သွားပြန်သည်။ ခေါင်းတဆတ်ဆတ် ညိတ်ပြန်သည်။

"ဒါ ဘာလုပ်တာတုန်း"

ဆရာတော်ကြီးက တလုံးချင်းမေးလိုက်သည်။ ကျွန်တော်သား အဖြေကို စဉ်းစားနေစဉ်ဖိုးသူတော်က ဖြေလိုက်ပါသည်။

"ကိုရင်က ကြည့်ချင်တယ်ဆိုလို့ ဘုရား"

ဖိုးသူတော်သည် ကျွန်တော့်ကို ချောက်တွန်းလေပြီ။

"မဟုတ်ဘူးဘုရာ့၊ ဖိုးသူတော် ယူလာတာပါ"

ကျွန်တော်ကလည်း ပြန်၍ အပြစ်ဖို့လိုက်ပါသည်။ ဖိုးသူတော် စကားမပြောတော့ချေ။ ဆရာတော်ကြီးသည် ကျွန်တော်နှင့် ဖိုးသူတော်ကို တလှည့်စီ ကြည့်ပြီးလျှင် "လာ၊ နှစ်ယောက်စလုံးလာ၊ စာအုပ်ပါယူခဲ့"ဟု ဆိုကာ ထွက်သွားသဖြင့် ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီး၏နောက်မှ လိုက်သွားကြရပါသည်။ ကျောင်းကလေးသို့ ရောက်သောအခါ စာအုပ်ကို မီးရှို့စေပြီးလျှင် ကျွန်တော်တို့ နှစ်ယောက်စလုံးအား တယောက်လျှင် ရေဆယ်ခေါက်စီ ထမ်းစေဟု ဒဏ်ပေးလေသည်။ ဤသည်လျှင် အဖော်မကောင်း၍ ဒဏ်ခံရခြင်းတည်း။

(၅)

ကိုရင်ဝတ်နှင့် တလလောက်ကြာသောအခါ ဖေဖေကြီး အသည်းအသန် ဖြစ်နေသည်ဟူသော သတင်းကြောင့် ဆရာတော်ကြီးသည် မန္တလေးဘက်သို့ ကြွရန်ပြင်ဆင်လေသည်။ ကျွန်တော်လည်း ဆရာတော်ကြီးနောက်မှ လိုက်ရမည်ဖြစ်၍ ဝမ်းမြောက်နေပါသည်။

“မမွေရက်ခွဲဘကို ဒီလိုသင်္ကန်းဝတ်နဲ့မြင်ယင် ဒကာကြီး သိပ်ဝမ်းသာမှာ” ဆရာတော်ကြီးက မိန့်ကြားလေသည်။

တလခွဲမျှ အိမ်နှင့်ခွဲခွာနေခဲ့ရသော ကျွန်တော်သည် ယခုပြန်လာရသောအခါ စိတ်ထဲတွင် တမျိုးကြီး ဖြစ်နေပါသည်။ ဝမ်းနည်းသလိုလို ဝမ်းသာသလိုလို။ ခြံကြီးထဲမှ ထွက်သွားစဉ်က ဖိုးသူတော်ဝတ်နှင့်။ ယခု ကိုရင်ဝတ်နှင့် ဖြစ်လာပါသည်။

ဖေဖေကြီးသည် အိပ်ရာပေါ်တွင် ပက်လက်ကလေး ဖြစ်နေလေပြီ။ အသားအရေများ ခန်းခြောက်လျက် အရိုးပေါ်အရေတင် ဖြစ်နေလေပြီ။ ဦးခေါင်းမှ ဆံပင်တိုများလည်း ဖွေးဖွေးဖြူလျက်။ ဆရာတော်ကြီးနှင့်ကျွန်တော် အနီးသို့ရောက်သွားသောအခါ မျက်လွှာကိုလှန်၍ ကြည့်လေသည်။ ဆရာတော်ကြီးက ကျွန်တော့်အား ခေါင်းရင်းမှထိုင်၍ ဘုရားရှင်၏ဂုဏ်တော်ကိုးပါး အဖွင့်ကို ရွတ်စေပါသည်။ ဖေဖေကြီးသည် မျက်လုံးအစုံကိုမှိတ်လျက် ငြိမ်သက်စွာ နားယူနေလေသည်။

နောက်တနေ့တွင် ဆရာတော်ကြီး ပြန်ကြွသွားသောအခါ ကျွန်တော်သည် လူဝတ်လဲ၍ ကျန်ရစ်ခဲ့ရလေသည်။

ဖေဖေကြီး၏ ရောဂါသည် တနေ့တခြား ဆိုး၍လာလေသည်။ စကားကိုပင် ပီပီသသ မပြောနိုင်တော့ချေ။ ဆရာဝန်ကလည်း ရက်ပိုင်းထားပြီးဖြစ်လေသည်။

ထိုနေ့ဘနေ့လုံး ဖေဖေကြီး မောနေလေသည်။ ကြက်စွပ်ပြုတ်ချည်ကလေးကိုမှ မသောက်တော့ပါ။ အိပ်ရာပေါ်တွင် ကြာရှည်စွာ ပက်လက်နေခဲ့ရသဖြင့် တင်ပါးတို့တွင် ပွန်းပဲ့ပေါက်ပြဲနေလေပြီ။ ထိုနေရာများတွင် အစောင့်ဆရာမသည် ပေါင်ဒါနှင့် ရေမွှေးများကို လိမ်းကျံပေးပါသည်။

“ဒီနေ့ည အရေးကြီးတယ် ဂရုစိုက်ပါ” နေ့ဆရာမသည် အိမ်မပြန်မီ ညလှည့်ဆရာမအား မှာသွားလေသည်။ ကျွန်တော်လည်း ခြေရင်းမှထိုင်၍ ယပ်ခတ်ပေးနေသည်။ ဦးလေးဖေနှင့် ကိုကိုကျော်လည်း ဘေးတဘက်တချက်တွင် ထိုင်၍ ယပ်ခတ်ပေးယင်း အကဲခတ်နေကြလေသည်။ တဖြည်းဖြည်း ညဉ့်နက်၍လာလေသည်။ ကိုကိုကျော်လည်း အနီးရှိ ခုတင်တလုံးပေါ်တွင် အိပ်ပျော်နေလေပြီ။ အချိန်သည် တရွေ့ရွေ့ ကုန်ဆုံး၍ သန်းခေါင်ကျော်ခဲ့လေပြီ။ ဖေဖေကြီးသည် အသက် မြန်မြန်ရှူနေရာမှ ခပ်လေးလေး ဖြစ်သွားလေသည်။ နောက် တော်မျှ







www.burmeseclassic.com

www.burmeseclassic.com



ကြာသောအခါ ကျွန်တော်တို့ မျက်စိအောက်မှာပင် ကြို့ထိုးသလို ဖြစ်သွားပြီးလျှင် ပါးစပ်ဟ၍ ငြိမ်ကျသွားလေ၏။ နောက် ပကတိ အငြိမ်ကြီး ငြိမ်နေလေသည်။ မနိုးသော အိပ်ခြင်းမဲ့တကား။

တအိမ်လုံး ဝမ်းနည်းပက်လက်နှင့် ငိုကြွေးကြကုန်၏။

"ငါ့အမယ်ကြီး အလောင်းပြင်တဲ့ ခုတင် ငါအိပ်မယ်" ဟု ဖေဖေကြီးပြောခဲ့သည်။ သို့သော်လည်း မမာနေသည့်အတွက် ထိုခုတင်ကြီးကို သိမ်းထားရာ ယခုမှပဲ ထုတ်၍ ဖေဖေကြီး၏ အလောင်းကို ထိုခုတင်ပေါ်တွင် ပြင်ကြရသည်။ သူပြောသည့်အတိုင်း အိပ်ခတော့သွားရလေသည်။

## တွေ့ကြုံ ဆုံကွဲ

( ၁ )

ဖေဖေကြီးကွယ်လွန်၍ ခုနစ်ရက်မြောက်လာသောနေ့။

ရက်လည်ဆွမ်း ကျွေးပြီးသည့်နောက်တွင် စီးပွားရေးအပြင် အိမ်နေရေးထိုင်ရေးကိုပါ လူကြီးတွေ တိုင်ပင်နေကြလေသည်။

"အခု အလုပ်တိုက်မယ် ကူညီပြီးလုပ်ဖို့လိုတယ်။ ဒီကောင်လေးကိုပဲ ကျောင်းထွက်ခိုင်းပြီး သုံးပေတော့" အားလုံးသော လူကြီးများက ဤကဲ့သို့ အကြံပေးရာ ကိုကိုကျော် ကလည်း ခေါင်းညိတ်လိုက်သည်။ ကျွန်တော့်အဖို့မှာတော့ ဝမ်းနည်း၍ သုံး။ ကျောင်းဆက်နေချင်ပါသေးသည်။ ယခုမှ သုံးတန်းသို့ တက်ရမည်ကြံကာ ရှိသေး၊ ကျောင်း ထွက်ရတော့မည်။ ကျွန်တော့် မိခင်ကြီး မကြာခဏပြောဖူးသလို သံကြိုးစာကိုင် မဖတ်ရတော့သေးပါ။

(ဒုတိယအကြိမ်) စပယ်ဦးစာပေ

www.burmeseclassic.com

ကျောင်းဖွင့်သည့် နေ့တွင် မမသန်း၏ အကိုတော် တဦးဖြစ်သူ အရပ်လူကြီး ဦးဘသောင်းအား ကျွန်တော့်ကို ကျောင်းသွားနှုတ်ရန် တာဝန်လွှဲလိုက်သည်။ ကျွန်တော်လည်း ဦးဘသောင်းနောက်မှ ခပ်ကုတ်ကုတ်လိုက်လာခဲ့သည်။ မသာယာသော နှလုံး၊ မရွှင်ပြုံးသောမျက်နှာကို မည်သူမှ မမြင်စေလိုပါ။ ကျောင်းဖွင့်စ နေ့မို့ ကျောင်းသူ ကျောင်းသား တို့သည် သစ်လွင်သော အဝတ်အစားများကို ဝတ်ဆင်လာကြကုန်သည်။ ကျောင်းခန်းကြီးထဲတွင် ကျွန်တော်တို့ဆရာကြီးသည် အောင်မြင်သော ကျောင်းသူကျောင်းသားတို့ အမည်ကို တယောက်စီ ဖတ်ပြနေလေသည်။ အတန်းတက်ရသူ များသည် ရွှင်နေကြသည်။ ကျသည့်သူများမှာ မှဲ့နေကြ၏။ အချို့ ရှိုက်ကြီးတငင် ငိုနေကြသေးသည်။ ကျွန်တော့်နာမည်လည်း အောင်စာရင်းထဲတွင် ပါသွားပါသည်။ သို့သော် ဤကျောင်း နေရတော့မည် မဟုတ်သဖြင့် ဝမ်းမသာနိုင်ပါ။

ကျောင်းသူ ကျောင်းသား တို့သည် အတန်းသစ်တွေထဲသို့ ဝင်သွားစဉ် ကျွန်တော်နှင့် ဦးဘသောင်းသည် ဆရာကြီးအခန်းသို့ ဝင်လာကြလေသည်။ ဦးဘသောင်းသည် ကျွန်တော့်အား ကျောင်းနှုတ်ရန်လာကြောင်း၊ ကျောင်းထွက်လက်မှတ် ပေးပါရန် ပြောသောအခါ ပြုံးနေသော ဆရာကြီးသည် ချက်ချင်း မျက်နှာပျက်သွားကာ ကျွန်တော့်ကို စိုက်ကြည့်နေလေသည်။ သူ့မျက်လုံးဒဏ်ကို မခံနိုင်ပါ။ မျက်နှာ လွှဲပစ် လိုက်သည်။ ကျွန်တော့် ရင်တွင်းမှာလည်း လှိုက်လှိုက်လှဲလှဲကြီး ဝမ်းနည်းလာ၍ မငိုမိရန် မနည်းကြီး ချုပ်တည်းထားလိုက်ရသည်။

"သူ့ကို ဘာဖြစ်လို့ ကျောင်းနှုတ်ချင်သလဲ"





ဆရာကြီးသည် အတန်ကြာမှ အင်္ဂလိပ်ဘာသာဖြင့် မေးလေသည်။

"အလုပ်တိုက်မယ် ကူလုပ်မယ့်လူ မရှိလို့ပါ"

ဦးဘသောင်းက ပြန်ဖြေရာ ဆရာကြီးသည် ခေါင်းကို ဘယ်ပြန်ညာပြန် ရမ်းနေလေသည်။

"ပြန်ပြီးစဉ်းစားပါဦး၊ အခု ကျောင်းထွက်သွားယင် နောက်တော့ နောင်တရမယ်၊ ကျောင်းထားဖို့ ပိုက်ဆံမရှိဘူးလား။ အခု နှုတ်မသွားပဲ ပြန်သွားပါ။ သူ့ အမေအဖေကို ကျုပ်က မနှုတ်ဖို့ပြောတယ်လို့ ပြောပါ"

"သူ့မှာ အမေအဖေ မရှိပါဘူး"

"အမေအဖေ မရှိယင်လဲ အခု ကျောင်းထားတဲ့လူကို ပြောပါ။ ကျောင်းထားဖို့ ငွေကြေးမတတ်နိုင်ဘူးဆိုယင်လဲ ကျုပ်ကို ပြန်ပြောပါဦး" ဆရာကြီးသည် သည်လို ပြောပြီးလျှင် စိတ်မကောင်းသလို မျက်နှာလွှဲလိုက်လေသည်။

ကျွန်တော်တို့ သူ့အခန်းမှ ထွက်လာသောအခါ ဆရာကြီးသည် ကျွန်တော့်ပခုံးကို ကိုင်ကာ ကျောင်းလှေကားရင်း အထိ လိုက်ပို့ ပါသည်။ သူ့ ပါးစပ် မှလည်း အင်္ဂလိပ်ဘာသာဖြင့် တတွတ်တွတ် ပြောလာပါသည်။ ကျွန်တော်နားလည်သလောက်တော့ ကျွန်တော့်အား ကျောင်းဆက်နေရန် တရားဟောနေခြင်းဖြစ်ပါသည်။

အိမ်သို့ ရောက်သောအခါ ဆရာကြီး ပြောလိုက်သမျှကို ဦးဘသောင်းက ကိုကိုကျော်အား ပြန်ပြောပြလေသည်။ ကိုကိုကျော်သည် ဆေးပေါ့လိပ်ကြီးကို ဖွာယင်း အတန်ကြာအောင် တွေနေပြီးမှ စိတ်ပိုင်းဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ ဒီလိုဆိုယင်လဲ ဆက်နေပေါ့ကွာ" ဟု ပြောလေသည်။

(၂)

ကျွန်တော်၏ သျှောင်ထုံးနေရာတွင် ကတုံးဖြစ်နေပါပြီ။ သည်ကတုံးကို 'ဗိုလ်ဆံတောက်' ညှပ်ဖို့အရေးသည် ကျွန်တော့်အဖို့ အလွန် အရေးကြီးနေသည်။ ဆံပင်တိုကလေး များကို မကြာခဏ ဆွဲ၍ကြည့်မိပါသည်။ လက်တဆစ်လောက် ရှည်သည်နှင့် တပြိုင်နက် ဆံပင်ညှပ်ဆိုင်သို့ သွား၍ 'ဗိုလ်ဆံတောက်' ညှပ်လိုက်ပါသည်။ သို့သော် ဗိုလ်ဆံတောက် အသစ်နှင့် ကျွန်တော်မှာ မျက်နှာပူသလိုလို ဖြစ်နေပါသည်။ သုံးလေးရက်လောက်ကြာမှ နေသားကျသွားပါတော့သည်။ သည် ဗိုလ်ဆံတောက် ရှည်လာ၍ ကော့စမတ်တစ်တိုက်ကာ ခွဲဖို့အရေးကိုလည်း အရက်နှစ်ဆယ်မက ကြာအောင် စောင့်နေရလေသည်။ နေ့စဉ်နေ့တိုင်း မှန်ထဲတွင်ကြည့်၍ သန်မာစွာ ထောင်နေသော ဆံပင်များကို ဆီလိမ်းရသည်မှာလည်း အမော။ ခွဲကြည့်ရသည်မှာလည်း ခဏ ခဏ။ ကျောင်း သွားကာနီး ဆိုလျှင် သည် အလုပ်က တလုပ်။

ဖေဖေကြီးဆုံးပြီး၍ ခုနစ်ရက်လည်သောအခါ ကျွန်တော်တို့တတွေအားလုံး ခြံကြီးထဲမှ ရွှေ့ပြောင်းကာ ကုန်တိုက်တွင် သွားရောက် နေထိုင်ကြပါသည်။ နောက်သုံးလလောက် ကြာသောအခါ ကိုကိုကျော်နှင့် မမသန်းတို့ မင်္ဂလာဆောင်ကြပါသည်။ မင်္ဂလာပွဲကြီးကို ကြီးကျယ်ခမ်းနားစွာကျင်းပလေသည်။





ခြံကြီးထဲတွင် မဏ္ဍပ်ကြီးထိုး၍ ယောက်ျားဧည့်သည် များကို ဧည့်ခံသည်။ မိန်းမဧည့်သည်များကို အိမ်ကြီးပေါ်တွင် ဧည့်ခံသည်။ သည်မင်္ဂလာပွဲကြီးကို ကျွန်တော့်မျက်စိထဲက ယခုထက်တိုင် ဖျောက်မရပါ။ မဏ္ဍပ်ကြီးထဲမှာပင် အငြိမ့်နှစ်ဖွဲ့ ပြိုင်နေကြသည်။ တောင်ဘက်ပိုင်းမှ ပျော်တော်ဆက် မတင်အောင်အဖွဲ့နှင့် မြောက်ဘက်ပိုင်းမှ လှကလေးစိန် အငြိမ့်တို့သည် မြိုင်မြိုင်ကြီး အသုံးတော်ခံလျက်ရှိကြသည်။ အိမ်ကြီးပေါ်တွင်မူ ဦးချစ်ဖွယ်ကြီးနှင့် မစိန်သုံးတို့အဖွဲ့ကလည်း သာယာညှင်းပျောင်း တီးမှုတ်သီဆို ဧည့်ခံလျက်ရှိသည်။ ကျွန်တော့်အဖို့ ပျော်လို့မဆုံး။ အိမ်ပေါ် တက်ပြေးလိုက်၊ ခြံထဲဆင်းလာလိုက်နှင့် အငြိမ့်တွေကို လှည့်ကြည့်နေသည်။ မောပြန်လျှင် ဧည့်ခံပွဲပြင်ပေးသည့်နေရာသို့ ပြေးကာ ရေခဲမုန့်ကိုစားလိုက်၊ စပျစ်သီး၊ ပန်းသီး၊ ကိတ်မုန့်တွေကို စားလိုက်နှင့် ပျော်လို့မဆုံး တမြုံးမြုံး။

ထိုနေ့မှစ၍ ကိုကိုကျော်၊ မမသန်းတို့ ခြံကြီးထဲသို့ပြန်ပြောင်းသွားကြလေသည်။ ကျွန်တော်တို့သာလျှင် ကုန်တိုက်တွင် နေရစ်ခဲ့ပါသည်။ ကျွန်တော်တို့ ဆိုရာ၌ တိုက်တွင်စာရင်းကိုင်ဖြစ်သော ကိုကံထွန်း၊ ကိုကိုကျော်၏ညီဝမ်းကွဲတော်သူ မောင်အေးမောင်နှင့် ကျွန်တော်သာ ဖြစ်ပါသည်။ တိုက်တွင်နေရသော ကျွန်တော့်အဖို့ ကျဉ်းမြောင်း ကြပ်တည်းလိုက်သည့် ဖြစ်ခြင်း။ မင်္ဂလာဆောင်ပြီးသည့်နောက် ၇-ညလုံးလုံး နေ့စဉ်ရက်ဆက် ခြံကြီးအတွင်း ပွဲခံလျက်ရှိသည်။ မျက်နှာကြီး မင်္ဂလာဆောင်ဖြစ်သည့်အတွက် မိတ်ဆွေသင်္ဂဟတွေ သူ့ထက်ငါ အငြိမ့်ပွဲတွေနှင့် ကူညီကြသည်။ သို့သော် ကျွန်တော်တို့အဖို့ တိုက်မှ ညအခါတွင် ထွက်ခွင့်မရှိသောကြောင့်ပွဲကြည့်ခွင့်မရှိ။ လူအေးကြီးကိုကံထွန်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် နေနိုင်လျှင် နေနိုင်မည်။ ကျွန်တော်နှင့်အေးမောင်ကား အဘယ်မှာလျှင် နေနိုင်အံ့နည်း။ ပွဲဆီမှ ဆိုင်းသံကြားလျှင်ပင် နှစ်ယောက်သား မနေနိုင် မထိုင်နိုင် ဖြစ်နေကြပါတော့သည်။ ပွဲခင်းထဲသို့သာ ပြေးသွားချင်ပါတော့သည်။ ဘယ်လို ကြံရပါ့ မလဲ။ လိုလျှင်ကြံဆ နည်းလမ်းရတဲ့။ ကျွန်တော်တို့နှစ်ယောက် ကိုကံထွန်းကြီးကို ကပ်၍နှူးကြရပါသည်။ ကိုကံထွန်းကား လူရိုး လူနအား။ ကျွန်တော်တို့နှူးလျှင် နူးပါတော့သည်။

"အေးကွာ၊ သွားချင်သွားကြပေါ့။ ဒါပေမယ့် လူမသိစေနဲ့ကွာ"

သူသည် နောက်ဆုံး၌ ခွင့်ပြုရပါတော့သည်။ ကျွန်တော်တို့လည်း စောင်ကြီးတွေ ခေါင်းမြီးခြုံကာ အပြင်မှ သော့ခတ်၍ ပွဲသို့ ထွက်ခဲ့ကြပါသည်။ ဆောင်းတွင်းမို့ တော်တော့သည်။ နွေအခါဆိုလျှင် အခက်။

မကြာခင်ပင် ခြံကြီးထဲသို့ ပြန်၍ ပြောင်းရွှေ့ခဲ့ရလေသည်။ ဖေဖေကြီး မေမေကြီး လက်ထက်က ဈေးလူကြီးတွေမို့ ကြပ်တည်း ကျဉ်းမြောင်းစွာ နေခဲ့ရသည်မှာ မတူးဆန်း။ ယခု သူတို့ ကွယ်လွန်ပြီးသည့်နောက် ကိုကိုကျော်၊ မမသန်းတို့ လက်ထက် ကျခါမှ ထူးမခြားနား ဖြစ်နေသည့်အတွက် ကျွန်တော်တို့အဖို့ ပို၍ခက်နေပါတော့သည်။

ခြံကြီးထဲတွင် လူဟောင်းများအပြင် ကျွန်တော်နှင့် မတိမ်း မယိမ်း လူသစ်များလည်း တိုးလာပါသည်။ အေးမောင်အပြင် ကျောင်းတကာတွင် အတော်ကြမ်းပိုးကျခဲ့သောမောင်ရွှင်လည်း ခြံကြီးထဲသို့ ရောက်လာပြန်ပါသည်။ နောက်ဆုံးတွင် မန္တလေး အမျိုးသားကျောင်းမှ ထုတ်ပစ်ရသော ဘဝမှ ကုန်အရောင်း





အဝယ် သင်ရန် ကိုကိုကျော်၊ မမသန်းတို့ထံသို့ ရောက်လာပြန်သည်။ နောက် တယောက်ကား ကိုကိုကျော်၏ အကို ဝမ်းကွဲတော်သူ ကိုသော်ဖြစ်ပါသည်။ သူလည်း ဘဝမျိုးစုံ ကျင်လည်ခဲ့သူ ဖြစ်လေသည်။

ခြံစောင့် ဒရဝမ်ကို တည့်အောင် ပေါင်းထားပြီးလျှင် ညအခါတွင် မကြာခဏ ခိုးထွက်ကြသည်။ ပွဲတကာကိုရောက်သည်။ ရုပ်ရှင်ကောင်းလျှင်လည်း မလွတ်တမ်း။ မောင်ရွှင်နှင့် ကိုသော်မှာမူ လူရည်လည်သလောက် အေးမောင်မှာဂွစာဖြစ်လေသည်။ ပွဲခင်းထဲသို့ သူနှင့်တွဲသွားလျှင် အရိုက်မခံရအောင် အတော်ဂရုစိုက်ရသည်။ သူ၏ မခန့်လေးစား မျက်နှာထား၊ ဆောင့်ကြွားကြွား အမူအရာသည် 'မျက်နှာမြင် ရိုက်ချင်ပါစေ' ဟူသော ဆုတောင်းနှင့် ပြည့်ပြီးသား ဖြစ်နေတတ်လေသည်။

ကျွန်တော်သည် သူတို့သုံးယောက်ထက် ငယ်ရွယ်သူ ဖြစ်ပါသည်။ ထို့ကြောင့် သူတို့နှင့် တန်းတူထားမပေါင်းပါ။ သို့သော် တဖြည်းဖြည်းတော့ ဇာတ်သွင်းပါသည်။ သူတို့ သုံးယောက် အတွက်မှာမူ တယောက်နှင့် တယောက် တည့်လည်း မတည့်ကြပါ။ ခင်လည်း ခင်ကြပါသည်။ ရှုတ်မှု၊ ပွေမှု၊ ပိုးမှု၊ ဆန်းမှုများတွင် ဇကြံတူ ရန်သူဖြစ်နေကြပါတော့သည်။

သုံးတန်းတွင် နှစ်တန်းဆရာ ဦးထွန်းမင်းနှင့်ပင် ပြန်လည်တွေ့ရသည်။ ဦးထွန်းမင်းသည် ကျောင်းသူကျောင်းသားမရွေး စာမရလျှင် အလွန်ရိုက်ပါသည်။ သုံးတန်းတွင် တနှစ်ကုန်ပြန်သောအခါ လေးတန်းသို့ တက်ရပါသည်။ လေးတန်း ဆရာမ ဒေါ်မာရစ်သည် တကျောင်းလုံးတွင် အသင်အပြ အကောင်းဆုံးဟု ကျော်ကြားလေသည်။ ကျော်ကြားသလောက်လည်း ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



ပါပေသည်။ လေးတန်းတွင် ပထမအစမ်းစာမေးပွဲ ပြီးသောအခါ ပထမရရှိသဖြင့် ငါးတန်းသို့ တင်ပေးလေသည်။ ပထမအစမ်းစာမေးပွဲတွင် ပထမရသူများကို ဤကဲ့သို့ ခြောက်လနှင့် အတန်းတင်ပေးသော စနစ်ကို သည်နှစ်မှ စ၍ တီထွင်ခြင်းဖြစ်လေသည်။ ခြောက်လနှင့် အတန်းတက်ရသော ကျွန်တော်မှာ ဝမ်းသာ၍ မဆုံး။ ကိုကိုကျော်လည်း ကျွန်တော့် အတွက် အားရလျက်ရှိလေသည်။

"အေး၊ မင်း အခု ငါးတန်း တက်ရတာတော့ ဟုတ်ပြီ။ စာမေးပွဲကြီးကျတော့ ငါးတန်း အောင်ပါ့မလား၊ အောင်အောင် ကြိုးစားကွာ။ မင်းအောင်ယင် စက်ဘီးတစီး ဝယ်ပေးမယ်ကွ"

ကိုကိုကျော်က သည်လို အားပေးစကား ပြောသောအခါ ကျွန်တော့်မှာ အားတက်သွားပါသည်။ ကြိတ်၍ ကြိုးစားရာ ဒုတိယ အစမ်းစာမေးပွဲတွင် အတန်းထဲ၌ စတုတ္ထ ရလေသည်။ သို့သော် အားမလျှော့ပဲ ဆက်လက်ကြိုးစားပြန်ရာ စာမေးပွဲကြီးတွင် တတိယရ၍ အောင်သွားလေသည်။ ကျွန်တော်သည် စက်ဘီးရနိုးနှင့် စောင့်နေမိပါသည်။ စက်ဘီးကလည်း စီးတတ်နေ ဖြစ်၍ အလွန်အမင်းလိုချင်နေသည်။ သို့သော် ကိုကိုကျော်သည် စက်ဘီးအကြောင်းကို စကားပင်မစတော့ပေ။ ကျွန်တော်လည်း အတင်းမပူဆာရဲ၊ ဆိတ်ဆိတ်ပင် နေလိုက်ရပါတော့သည်။

ကျောင်းဖွင့်သောအခါ ခြောက်တန်းသို့ တက်ရလေသည်။ ပထမအစမ်းစာမေးပွဲ နီးသောအခါ ကိုကိုကျော်သည် စက်ဘီး အကြောင်းကို စကားစပြန်လေသည်။





"ကဲ.... ဒီတခါ ခြောက်လနဲ့ ခုနစ်တန်း တက်ရအောင် ကြိုးစားကွာ။ ငါ ဧကယ် စက်ဘီးဝယ်ပေးမယ်"

ပြောသည့်အတိုင်းပင် ကြိုးစားရပြန်ပါသည်။ ပထမရသူများကို အတန်းတင်ပေးမည်ဟု ဆရာကြီးက ပြောထားသဖြင့် အထူး ကြိုးစားကြလေသည်။ ခြောက်တန်းသည် (အေ)နှင့် (ဘီ) နှစ်တန်းရှိရာ ဆင်ပြသော ဆရာများမှာ အတူတူပင် ဖြစ်လေသည်။ ဥပမာ အင်္ဂလိပ်ဘာသာ သင်သောဆရာသည် နှစ်တန်းစလုံးကို အင်္ဂလိပ်ဘာသာ ပြရသည်။ အခြား ဘာသာများတွင်လည်း ထိုနည်းအတူပင် ဖြစ်လေသည်။

ပထမအစမ်း စာမေးပွဲပြီး၍ ကျောင်းပိတ်လိုက်သောအခါ ကျွန်တော့်မှာ အိမ်၌ အေးအေး မနေနိုင်။ ဆရာ့ အိမ်သို့ ခဏခဏသွား မေးရပါသည်။ ဆရာသည် အိန္ဒိယ အမျိုးသား ဖြစ်သည်။ ကျောင်းဝင်းထဲမှာပင် နေထိုင်သည်။ သည်လို ငြိယရှိမှုကြောင့် အကျိုးထူး ခံစားရလေသည်။ ကျွန်တော်သည် စင်စစ်အားဖြင့် ခြောက်တန်း(အေ)တွင် ဒုတိယရရှိလျက် ရှိလေသည်။ သို့သော် ဆရာသည် ကျွန်တော်၏ အမှတ်များကို မိန်းကလေး တဦး၏ အမှတ်များနှင့် မှားကာ ကျွန်တော့်ကို စတုတ္ထပေး၍ ထိုမိန်းကလေးကို ဒုတိယ ပေးထား ပါတော့သည်။ ကျွန်တော့်မှာ ဝမ်းနည်း၍မဆုံး။ ဆရာ ဘယ့်နှယ် လုပ်တာပါလိမ့်။

"အေးကွာ၊ ဆရာ အမှတ်စာရင်းထည့်တာ မှားသွားပြီ။ ပြင်နေယင် အကုန်ပြန်ရေးနေရမယ်ကွယ့်၊ ဒီတော့ ဒီအတိုင်းပဲ ထားလိုက်ပါတော့ကွယ်၊ မင်း ဒုတိယ ရလို့လဲ မထူးပါဘူး၊ ပထမရတဲ့လူမှ အတန်းတက်ရမှာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဆရာ့ကို ဘာမှ ပြန်မပြောဝံ့။ သို့နှင့် ခေါင်းငိုက်စိုက်ကျကာ ကျောင်းဝင်းကြီးကို ဖြတ်၍ အိမ်ပြန်လာခဲ့ပါသည်။

''ဟဲလို...ဘွိုင်''

ဆရာကြီး၏ အသံဖြစ်သည်။ ဆရာကြီးသည်ကျောင်းအပေါ် ဆုံးထပ်သူ့ အခန်း ပြတင်းပေါက်တွင်ရပ်လျက် ကျွန်တော့်ကို ခေါ်နေပါသည်။ ကျွန်တော်သည် အပြေးကလေး တက်သွားပါသည်။

''ဘယ်က လာသလဲ'' ဆရာကြီးက အင်္ဂလိပ် ဘာသာနှင့် မေးလေသည်။

''ကျွန်တော် အတန်းဆရာအိမ်က လာပါတယ်'' ကျွန်တော်ကလည်း အင်္ဂလိပ်ဘာသာဖြင့် ပြန်ဖြေပါသည်။ အမှတ် မှားသည့် အကြောင်းကို တိုင်ရကောင်းမလားဟုလည်း စဉ်းစားနေပါသည်။

''မင်း ဘယ်လောက်ရသလဲ''

ဆရာကြီးသည် သည်လိုမေးလိုက်လျှင် ကျွန်တော်သည် မအောင့်နိုင်တော့ပဲ အမှတ်မှားသည့်အကြောင်းစုံကို ဆရာကြီးအား အင်္ဂလိပ် စကား မတတ်တတတ်နှင့် ပြန်ပြောလိုက်လေသည်။ ဆရာကြီးသည် မျက်နှာ ပျက်သွားပါသည်။

''အေး၊ ငါမေးကြည့်မယ်''

ကျွန်တော်လည်း ပေါ့ပါးစွာ ပြန်လာခဲ့ပါသည်။

နောက် အောင်စာရင်း ထွက်လာသောအခါ ကျွန်တော် ဒုတိယ ဖြစ်နေလေသည်။ သုံးရက်လောက် ကြာသောအခါ ပထမရသူများကို အတန်းတင်ပေးရာ ဒုတိယရသူ ကျွန်တော်ပါ ပါသွားပါတော့သည်။ အကြောင်းကား သင်ပြသည့် ဆရာချင်းလည်း အတူတူ၊ စစ်သည့် ဆရာခြင်းလည်း အတူတူ ဖြစ်နေသည်တွင် အောတန်းမှ ဒုတိယရသူ ကျွန်တော်သည် ဘီတန်းမှပထမရသူထက် အမှတ်များနေသောကြောင့် ဖြစ်ပါသည်။





ခုနစ်တန်းသည် ယိုကျောင်းတွင် အမြင့်ဆုံးအတန်းဖြစ်လေသည်။ အတန်းဆရာ ဦးဘသိုက်သည် အထူးဂရုစိုက်၍ သင်ပေးလေသည်။ ကျက်စာများကို လိုက်နိုင်သော်လည်း ဂဏန်းသင်္ချာများကို မလိုက်နိုင်အောင် ဖြစ်နေပါသည်။ ထို့ကြောင့် ဆရာ ဦးဘသိုက်အိမ်သို့ ညဥ့်အခါတွင် ညကျောင်း သွားတက်ရပါသည်။ ဆရာက အခကြေးငွေ မယူပဲ စေတနာနှင့် သင်ကြားပေးခြင်း ဖြစ်လေသည်။

ညနေထမင်းစားပြီးလျှင်ရုံတော်ကြီးသို့ ခြေကျင်လျှောက်၍ ခတ်ရထားကို နှစ်ပြားပေးစီးကာ ရွာဟိုင်းဈေးရပ်တွင်ရှိသော ဆရာ့ အိမ်သို့ သွားရလေသည်။ ဆရာသည် သင်္ချာများကို ဂရုစိုက်၍ သင်ကြား ပေးလေသည်။ တခါတရံ ည ၁၀-နာရီ ၁၁-နာရီမှ ပြီးပါသည်။ ပြီး၍ အိမ်ပြန်ချိန်တွင်အတော်ကြီး မိုးချုပ်နေပါပြီ၊ ခတ်ရထားများလည်းသိမ်းပါပြီ၊ မြင်းရထားဖြင့် ပြန်ရန်လည်း စရိတ်မတတ်နိုင်ပါ၊ သည်လိုမိုးချုပ်နေလျှင် မြင်းရထားခ တမတ်လောက် ပေးရမည် ဖြစ်သည်။ တမတ်သော အသပြာ ကျွန်တော့်အိတ်ထဲတွင် မရှိပါ၊ ထို့ကြောင့် အိမ်အပြန်တွင် ခြေကျင်ပြန်ရပါသည်။

သည်ညတွင် နေ့တိုင်းထက်ပို၍ မိုးချုပ်သည်။ ချမ်းအေးသော ရာသီလည်း ဖြစ်သည်။ ခမ်းလုမ်းလုမ်းမှ သံချောင်း



www.burmeseclassic.com

www.burmeseclassic.com

ခေါက်သံ ဆယ့်နှစ်ချက် ကြားရသည်။ ဆရာ့ အိမ်မှ ထွက်၍ လမ်းကြီးအတိုင်း စာအုပ်ကိုပိုက်၍ လျှောက်လာခဲ့ရာ လူသူ လေးပါးဟူ၍ တစုံတယောက်မျှ မတွေ့ရ၊ လမ်းမီးတွေတော့ လင်းနေပါသည်။ သို့သော် လမ်းမကြီးတခုလုံး ချောက်ကပ် လျက် ဘာသံကိုမှ မကြားရပါ၊ ဝဲယာရှိ အိမ်များ တိုက်များ လည်း ဆောင်းတွင်း ဖြစ်၍ တံခါးတွေကို အလုံပိတ်ထားကြ ပါပြီ။ ကျွန်တော်၏ ခြေသံသာလျှင် ကျွန်တော်၏ အဖော် ဖြစ် ပါသည်။ အဘော်ပင် အား ငယ် လာ သော ကြောင့် သီချင်း အော် ဆိုရလျှင် ကောင်းမည်လားဟု အောက်မေ့မိ သည်။ သို့သော် ဆိုလို့မဖြစ်။ တခါမှလည်း သည်လို အော် မဆိုဘူးပါ၊ သည်လိုဆိုလျှင် ဘုရား နှုတ်ကမ္ပတ်တော် များကို ရွတ်လျှင် မကောင်းပါလော။ ဘာကို ရွတ်ရမည်နည်း။ ဣတိ ပိသောကို ရွတ်ပါမည်။

''ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ''

ကျွန်တော်သည် ခပ်တိုးတိုးရွတ်၍ ခပ်သုတ်သုတ် လျှောက် သွားစဉ် နောက်မှ ခြေသံလိုလို ကြား၍ လှည့်ကြည့် လိုက်ရာ အလိုလေးဆံပင်စုတ်ဖွားနှင့်လူကြီးတယောက်ကျွန်တော့်နောက် သို့အားပြေးလိုက်နေသည်ကို တွေ့ရပါတော့သည်။အဘယ်မှာလျှင် ဣတိပိသောကို ဆက်၍ ရွတ်နိုင်တော့အံ့နည်း၊ သူနှင့်ကျွန်တော် ငါးလံလောက်သာ ကွာပါတော့သည်။ သူ့ လက်မှ လွတ်ရန် တဟုန်တည်း ပြေးပါတော့သည်။

သရဲလော၊ သဘက်လော။ ငါ့ကို အစိမ်းလိုက် ဝါးတော့ မည်။ ကျွန်တော့်၏ ဖိနပ်များလည်း ကျွတ်ကျန် ရစ်ခဲ့ပါပြီ။ မောလည်း မောလှပါသည်။





''ဟေ့....ကောင်လေး၊ ရပ်ဦး၊ ငါဘယ့်နှယ်မှ မလုပ်ဘူး''

နောက်မှ အော်ပြောသံကို ကြားရပါသည်။ နာနာဘာဝ တော့ မဟုတ်တန်ရာ၊ နာနာဘာဝဆိုလျှင် စကားပြောတတ် မည် မဟုတ်။ ပြေးနေလို့လည်း လွတ်တော့မည် မဟုတ်၍ အရဲစွန့်ကာ ရပ်လိုက်ပါသည်။ ကျွန်တော့်နားသို့ ကပ်လာကာ လက်ကို ကိုင်ဆွဲ၍ ''ဟား....ဟား....ဟား၊''ဟု ကျယ်လောင်စွာ ရယ်နေပါသည်။ သူသည် လူကြီး တယောက် ဖြစ်ပါသည်။ သို့သော် ရိုးရိုးလူ မဟုတ်ပါ။ ကျွန်တော်တို့ တွေ့မြင်နေကျ အရူးကြီးဖြစ်ပါသည်။ ကျွန်တော့် ရင်ထဲတွင် တဒိန်းဒိန်းဖြစ် နေပါသည်။

''မင်း၊ ငါ့ညီလေးပဲ၊ ဘယ်ကပြန်လာသလဲ။ အကိုကြီး ပြောစမ်း''

သူသည် ချိုသာစွာ မေးနေလေသည်။

''ဆရာ့အိမ်က ပြန်လာတာပေါ့ဗျာ''

စိတ်ထဲမှ ကြောက်သော်လည်း အသံမာမာနှင့် ဖြေလိုက်ပါ သည်။

''အမယ်လေးလေး၊ ဆရာ့အိမ်က ပြန်လာတာ ဘာပြုလို့ မော်တော်ကားကြီးနဲ့ မပြန်သလဲ ဟင်၊ ငါ့ညီ ခြေကျင်လျှောက် နေတာ မကြည့်နိုင်လို့ အကိုကြီး မိန်းမနဲ့အတူတူ ဘိန်းရှူနေ ရာက ထလာခဲ့ရတယ်။ ဒါတောင် မင်းက ပြေးသေးတယ်။ အကိုကြီး မိန်းယူပြီးပြီ၊ ငါ့ညီ မသိဘူးလား ဟင်။ ငါ့ မိန်းမက သိပ်လှတာကွ၊ ဟိုရှေးတုန်းကို ဂျော့ဘုရင်ရဲ့ရည်းစား ဗွိုဒ္ဓိလိုပဲ၊ ဟဲ....ဟဲ....''


www.burmeseclassic.com

www.burmeseclassic.com

သူသည် ထင်ရာတွေကို လျှောက်ပြောနေပါသည်။ ကျွန်တော်လည်း သူ့လက်မှရှန်းကာ ကျန်ရစ်ခဲ့သော ဖိနပ်ကို ပြန်ကောက်ပါသည်။ သူလည်း ကျွန်တော့်နောက်က လိုက်လာပြီး တတွတ်တွတ် ပြောနေပါသည်။

"ငါ့ညီ၊ အကိုကြီးမိန်းမ လိုက်ကြည့်မလား၊ လာကွာ၊ လိုက်ကြည့်ပါဦး၊ သိပ်လှတယ်ကွ"

"မကြည့်ချင်ပါဘူးဗျာ" ကျွန်တော်သည် လှည့်ထွက်ခဲ့ရာ သူလည်း နောက်မှ တကောက်ကောက် လိုက်လာပါသည်။

"ငါ့ညီကလဲ ဒေါချည်းပဲ၊ အကိုကြီးကတော့ ညီလေးဆိုပြီး ချစ်လိုက်ရတာ"

ကျွန်တော်လည်း အပြေးကလေးသွားနေရာ သူလည်း အမီလိုက်နေပါသည်။ ခက်ပြီ၊ ဘယ်နှယ်လုပ်ရပါ့မလဲ။ နောက်ဆုံး၌ အကြံတခု ရလာလေသည်။

"ကဲ၊ အကိုကြီးပြန်၊ အကိုကြီးမိန်းမက လှကလှနဲ့၊ ခင်ဗျား မရှိတုန်း သူများနဲ့ လိုက်ပြေးဦးမယ်" သည်လိုပြောလိုက်လျှင် ချက်ချင်း လမ်းသွားရပ်သွားပါသည်။

"အေး၊ ငါ့ညီပြောတာ မှန်တယ်၊ ပြန်မှပဲ၊ ရော့ ရော့၊ မင်း ဒါယူပြီး မော်တော်ကားစီးသွား" သူသည် ပြောပြောဆိုဆို ကျွန်တော့်လက်ထဲသို့ တစုံတရာကို ထည့်၍ လှည့်ပြန်သွားပါသည်။

"ဟော့၊ နက်ဖြန်ခါ ဝင်ခဲ့ဦးဟေ့၊ အစ်ကိုကြီး ဟိုနားက မန်ကျည်းပင်အောက်က မြောင်းဘေးမှာ နေတယ်" ခပ်လှမ်း





www.burmeseclassic.com

လှမ်း ရောက်သောအခါ အော်ပြောသွားပါသည်။ သူပေးခဲ့သော အရာကို လမ်းမီးတိုင်အောက်တွင် လက်ဝါးဖြန့်ကြည့်လိုက်ပါသည်။ ငွေမက်စေ့ ဝိုင်းဝိုင်းလေး။

ကျွန်တော်လည်း ဆာဆာရှိသည်နှင့် ရုံတော်ကြီးသို့သွားကာ ဆိုင်သိမ်းအံ့ဆဲဆဲ ခေါက်ဆွဲဆိုင်သို့ဝင်၍ တမတ်တန် ခေါက်ဆွဲ တခွက် အပြင်ခိုင်းပါသည်။ ခေါက်ဆွဲပန်းကန် ရောက်လာသောအခါ အနည်းငယ်မြည်း၍ ပေါ့နေသောကြောင့် ငန်ပြာရည် ထည့်လိုက်ပါသည်။ ကံဆိုးချင်တော့ ငန်ပြာရည်ပုလင်း ဗူးဆို့ ပြုတ်ပြီးလျှင် ငန်ပြာရည်တွေ ခေါက်ဆွဲပန်းကန်ထဲသို့တရဟော ဆင်းကုန်ပါတော့သည်။ စားလို့မရတော့ပါ။ သို့နှင့် စိတ်ပျက်လက်ပျက်ကြီး နေရာမှထကာ အရှုးပေးလိုက်သော ငွေမက်စေ့ တစေ့ကို တရုပ်အား ပစ်ပေးပြီးလျှင် ခပ်သုတ်သုတ် ထွက်လာခဲ့ပါသည်။ လေးငါးလှမ်း မလောက်ပင် လှမ်းရပါသေးသည်။ နောက်မှ တရုတ်အော်သံကို ကြားရပါသည်။

"ဟော့ကောင်လေး၊ ဘာကောင်းလဲ၊ မကောင်းတဲ့ မတ်စေ့ ပေးတယ်"

အင်း၊ သည်တခါမှ ခက်တော့သည်။ ပြန်သွားပြီး မတ်စေ့ကို ကိုင်ကြည့်ရာ တကယ်ပင် ခဲမတ်စေ့ကြီး ဖြစ်နေပါ တော့သည်။

"အင်း ခက်တာပဲ၊ ဒါပဲပါတယ်၊ ဘယ်နဲ့လုပ်မလဲ" ကျွန်တော်က မျက်နှာချိုသွေး၍ ပြောပါသည်။

"ကောင်လေး မကောင်ဘူး၊ အားကီး လိမ်တယ်"

ပေါက်ဖော် ဒေါသထွက်နေပါပြီ။

"ကဲ ရော့၊ ဒါယူထားလိုက်၊ နက်ဖြန်ခါမှလာရွေးမယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် အိတ်ထဲမှ ဖောင်တိန်ကို တရှုတ်အား အပေါင် ပေးခဲ့ရပါတော့၏။ နောက်တနေ့ကျမှ ကားမောင်း သမားဆာမိထံမှ ပိုက်ဆံဘမတ် တောင်း၍ ရွေးရလေသည်။

နောက်နေ့ညများတွင် သည်အရှုးကို တွေ့နေပါ သေးသည်။

ကျွန်တော်ပြန်တိုင်း မန်းကျည်းပင်အောက်မှ ထွက်၍ ထွက်၍ လာသည်။ စကားတွေကိုဒတ္တကရာပြောယင်း အတော်လှမ်းလှမ်း ကျအောင် လိုက်လာတတ်သည်။ သူ့တကိုယ်လုံး အဝတ်စုတ် တွေနှင့် ရစ်ပတ် ထားပါသည်။ အသက် လေးဆယ် ခန့်ရှိသည် ထင်သည်။ လေးရက် မြောက်သော နေ့တွင် မတွေ့ တော့ပါ။ ကျွန်တော်လည်း သူ့ကိုသံယောဇဉ်ဖြစ်နေ၍ မေးမြန်း စုံစမ်းပါ သေးသည်။ မည်သူမျှမသိကြ၊ နောက်သုံး လလောက်ကြာသော အခါကြမှ ညနေစောင်းတွင် ဈေးချိုထဲ၌ တွေ့ပါသည်။ သို့သော် သူကျွန်တော့်ကို မမှတ်မိတော့ပါ။

"ဒီတခါ အောင် အောင်ကြိုးစားဟေ့၊ အောင်ရင်တော့ စက်ဘီးတကာယ်ဝယ်ပေးမယ်" ကိုကိုကျော်သည်အားပေးစကား ပြောပြန်လေသည်။ သူအားပေးသည့် အတိုင်းပင် ကြိုးစားပါ သည်။

စာမေးပွဲကားပြီးပါပြီ။ သို့သော် စာထိတ်ထိတ်နှင့် စောင့် နေရပါသည်။ ဆရာကြီးက စာနှင့် အကြောင်းကြားမည်ဆို၍ စာလာချိန်တွင် မျှော်တော်ဇောနှင့် မောနေရလေသည်။

နံနက် ၁၀-နာရီလောက်တွင် ကျွန်တော်သည် ဝတ္ထုစာအုပ် တအုပ်ကိုဖတ်နေပါသည်။ ကိုကိုကျော်သည် စက်ဘီးသစ်တစီးကို စီးကာ ခြံထဲသို့ ကုန်တိုက်မှ ပြန်လာလေသည်။





"ဟေ့ လာဟေ့"

သူသည် ကျွန်တော့်ကိုလှမ်းခေါ်လိုက်သည်။

ကျွန်တော်လည်းစာအုပ်ကို ချကာ ပြေးသွားလေသည်။

"ရော့ရော့၊ မင်းဖို့ စက်ဘီး၊ ငါကတိထားတဲ့အတိုင်းမင်းဖို့ ငယ်လာတာ၊ မင်းစာမေးပွဲ အောင်တဲ့ အကြောင်း မနက်ကပဲ ဆရာကြီးဆီကစာရတယ်"

ကိုကိုကျော်သည် ပြောယင်း စက်ဘီးအသစ်ကို ကျွန်တော့် လက်သို့လှမ်းပေးလေသည်။ ကျွန်တော်လည်း လက်ကိုင်မှနေ၍ လှမ်းယူလိုက်လေသည်။ ဝမ်းသာလို့မဆုံး၊ သေနတ်သုံးလက် တံဆိပ်နှင့် စက်ဘီးကလေးသည် မဲနေသည့် နေရာမှာလည်း တလက်လက်၊ ဖြူနေသည့်နေရာမှာလည်း တဝင်းဝင်း။

ကျွန်တော်သည် ပွန်းပဲ့သွားမည်စိုး၍ ခပ်ဖော့ဖော့တက်ပြီး လျှင် ဥယျာဉ်ကြီးကို လှည့်ပတ်ကာ စီးနေပါသည်။

(၃)

ကျောင်းတွေ ပြန်ဖွင့်ချိန်တွင် သံတဲကျောင်းသို့ သွား၍ ကျောင်းပြောင်းရန် လက်မှတ်သွားယူရပါသည်။ ကျွန်တော်၏ ဆရာကြီး မစ္စတာနီးလ်ကား မရှိတော့ပြီ။ သူ့ နေရာတွင် တခြား အင်္ဂလိပ်ကြီး တယောက် ထိုင်ပါသည်။ ဆရာကြီးကို မတွေ့သဖြင့် ဝမ်းနည်းမိပါသည်။ လေးနှစ်လုံးလုံး ပညာ သင်ကြားနေထိုင်ခဲ့သော ကျောင်းမှ ခွဲခွာရတော့မည် ဖြစ်သဖြင့် လည်း လွမ်းသလိုလို၊ ဆွေးသလိုလို၊ လေးနှစ်လုံးလုံး မြင်နေကျ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော ဆရာ ဆရာမများ၊ မိတ်ဆွေရင်းချာ ဖြစ်ခဲ့သော ကျောင်းသူ ကျောင်းသား တို့နှင့် ကွေကွင်းရတော့မည် ဖြစ်သဖြင့်လည်း တသက်သက် ဖြစ်နေလေသည်။

ကျွန်တော်၏ ဆရာကြီးကား သူ့ ဇာတိချက်ကြွေဖြစ်သော အင်္ဂလန်သို့ ပြန်သွားလေပြီ။ သို့သော် နေရင်းဇာတိသို့မရောက်နိုင်ရှာတော့ပြီ။ လမ်းခရီး သင်္ဘောပေါ်မှာပင် ရုတ်တရက် ကွယ်လွန်သည် ဟူသော သတင်းကို မကြာခင် ကြားရလေသည်။ သူ့ အလောင်းကို ထုံးစံအတိုင်း ပင်လယ်ထဲတွင် ပစ်ချခဲ့ရသည်ဟု ကြားရသောအခါ ပို၍ပင် ယူကြုံးမရ ဖြစ်ရပါတော့သည်။

ကျွန်တော်လည်း အထက်တန်းကျောင်း ဖြစ်သော ကယ်လီကျောင်းသို့ ပြောင်းရွှေ့လာရလေသည်။

ကယ်လီ ကျောင်းအုပ်ကြီး မစ္စတာဟင်တန်သည် အမေရိကန်လူမျိုးဖြစ်သည်။ သည်ဆရာကြီးလည်း ရည်မွန်သူ ဖြစ်ပါသည်။ သို့သော် ကျွန်တော်နှင့်မူ ခုနစ်တန်း ကျောင်းဆရာကြီးလောက် ရင်းရင်းနှီးနှီး မရှိလှ။ ကျောင်းဆရာများမှာ အားလုံးလိုလို ရေဖြန်းဘာသာဝင် ခရစ်ယာန်များ ဖြစ်ကြသည်။ ဗုဒ္ဓဘာသာဆို၍ မြန်မာစာပြသော ဆရာ ဦးထွန်းဦးနှင့် သင်္ချာ ပြသော ဆရာဦးကျော်ဇံ နှစ်ဦးသာ ရှိလေသည်။

စာအုပ်တွေနှင့် ပြည့်ကျပ်လျက် ရှိသော လွယ်အိတ်ကို လွယ်ကာ ခြေကျင် ကြုံးရသော ဘဝမှ လွတ်မြောက်ခဲ့လေပြီ။ ယခုမူ စက်ဘီးအသစ်ကို စီးကာ အဝတ် အစား ကောင်းကို ဝတ်၍ စာအုပ်များကို နောက်ထိုင် ပေါ်တွင် တင်ပြီးလျှင်





ခပ်ကြွားကြွားကလေး သွားနိုင်ပါပြီ။ စက်ဘီးသစ်နှင့်ကျောင်းသားသည် ကျောင်းတွင် မျက်နှာ ပွင့်လှပါသည်။ ကားနှင့်လာသော ကျောင်းသားထက် အသိမိတ်ဆွေ လုပ်ချင်သူ ပေါများလေသည်။ ကားသည် ကျောင်းသားကို ပို့ပြီးလျှင် ပြန်သွားသည်။ ကျောင်းသားပိုင်မဟုတ်၊ စက်ဘီးကား တနေ့လုံး ကျောင်းတွင် ရှိနေသည်။ မည်သည့် အချိန်မဆို စီးနိုင်ကြလေသည်။ စက်ဘီးကို အပျော် စီးချင်သူ ကျောင်း သား များ၊ စက်ဘီ နှင့် မိန်းမပိုး ထွက်ချင်သော ကျောင်းသားများသည် စက်ဘီးရှိသူများကိုကပ်ရပ် ပေါင်းကြသည်။

လေးတန်းမှ ခုနစ်တန်းအထိ တတန်းလျှင် ခြောက်လစီနှင့်သာ ဖြတ်လမ်းမှ တက်လာခဲ့သော ကျွန်တော်သည် ရှစ်တန်းသို့ ရောက်သောအခါ အတော်ကြိုးစား၍ လိုက်နေရပါတော့သည်။ သည်လိုစာကိုကြိုးစားနေရသည့်အထဲတွင်စက်ဘီးကလေးရှိနေ၍ လည်ချင် ပတ်ချင် စိတ်ကလည်း အတော် များလာပါသည်။ စက်ဘီးနှင့် သွားရလျှင် ဘယ်မဆို သွားချင် နေပါသည်။ ကျောင်းသွားယင်လည်း ဈေးချိုကို ပတ်လိုက်သည်။ ကျောင်းပြန်တွင်လည်း ညောင်ပင်ဈေးသို့ ရောက်ချင် ရောက်သွားသည်။ အိမ်မှ ကိစ္စရှိ၍ တနေရာသို့ ခိုင်းလိုက်လျှင်လည်း ခပ်သုတ်သုတ်နင်းကာ ပိုးကုန်တန်းဘက်တွင် ဝင်လိုက်သည်။ ကျောင်းပိတ်သော ရက်များတွင်လည်း ကိုကိုကျော် လစ်လျှင် လစ်သလိုစက်ဘီးနှင့် ထွက်လည်လိုက်သေးသည်။ အင်းဝတံတားကြီးပြီးစတွင် စက်ဘီးနှင့်ပင် ရောက်အောင် သွားလိုက်သည်။

ကျွန်တော် ရှစ်တန်း ရောက်သည့် နှစ်မှာပင် သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ် များတွင် စာတို ပေစ ကလေးများ ထောင်



www.burmeseclassic.com

www.burmeseclassic.com



ရေးသားလာပါသည်။ မြန်မာ့အလင်း သတင်းစာတွင် ရယ်ရွှင်ဖွယ် အတိုကလေးများ၊ မန္တလေးမှထုတ်သော မဂ္ဂဇင်းနှင့် သတင်းစာများတွင် ဆောင်းပါးများ၊ ကဗျာများ ရေးသားပေးပို့လေ့ရှိပါသည်။ မိမိရေးသားသော ကဗျာ၊ ဆောင်းပါးစသည်များကို ပုံနှိပ်စာလုံးများအဖြစ် တွေ့မြင်ရသော အခါ ဝမ်းမြောက် အားတက်၍ မဆုံးတော့ပါ။

(၄)

ဖေဖေကြီး မေမေကြီးတို့ ရှိစဉ်က ဧည့်သည် အလာနည်းသလောက် ကိုကိုကျော် မမသန်းတို့ လက်ထက်တွင် ဧည့်သည်များလာပါသည်။ အသိမိတ်ဆွေတွေလည်း အယင်ကထက်ပိုလာလေသည်။ ရန်ကုန်မှ ဧည့်သည်များလည်း မကြာခဏ ရောက်လာတတ်လေသည်။

တခါသော် ရန်ကုန်က ဧည့်သည်များ ရောက်လာမည်ဖြစ်၍ တအိမ်လုံး လှဲရ ကျင်းရ ပြင်ဆင်ရနှင့် အလုပ်ရှုပ်နေကြသော်လည်း၊ လာမည့် ဧည့်သည်တွေကလည်း၊ နည်းနည်းပါးပါးပဲ၊ လူ၁ပေါင်း နှစ်ဆယ်ကျော်။

နောက်တနေ့တွင် နံနက် စောစော ရောက်လာကြပါပြီ။ တရုတ်ကပြား မင်းတိုင်ပင် အမတ် အောင်မျိုးရှုနှင့် အိမ်သူအိမ်သား ဆွေမျိုးညာတိများအပြင် လမ်းမတော် ဦးဖိုဆင်တို့လည်း ပါလာပါသည်။ ဒီဧည့်သည်များကို ကျွေးရ မွေးရနှင့် အိမ်ရှိ လူကုန်မအားနိုင်အောင် ဖြစ်နေပါသည်။ ကျွန်တော့်မှာ





လည်း တောင်ပြေးရ မြောက်ပြေးရနှင့် စိတ်ရှုပ်နေပါတော့သည်။ သို့သော် ညဥ့်အချိန် ကျသောအခါ ကြည်နူးစရာလောကနှင့်တွေ့ကြုံလေသည်။

ဒီဧည့်သည်တွေနှင့် အတူ စောင်းဆရာကြီး ဦးထွန်းဖေ ပါလာပါသည်။ ဦးထွန်းဖေ၏ လက်သံကိုခေတ်ပြားမှကြားဖူးပြီး ဖြစ်လေသည်။ ငြိမ့်ညောင်း သာယာနားထောင်လို့ကောင်းလှပါဘ်၊ ကျွန်တော်သည် တူရိယာကိုနားမလည်ပါ။ သို့သော် နားဝင်ချိုလှသည့် ဦးထွန်းဖေ၏ လက်သံကိုမူ နားထဲ စွဲနေပြီးဖြစ်သည်။

ဦးထွန်းဖေသည် ထိုစဉ်က အသက်သုံးဆယ်ကျော်ခန့်ရှိလိမ့်ဦးမည်ထင်ပါသည်။ အသားညိုညို မျက်နှာသွယ်သွယ် နှာတံပေါ်ပေါ် ပိန်ပိန်သေးသေး၊ သျှောင်တစောင်း ထုံးကာပဝါပေါင်းထားလေသည်။ ခြင်းလုံးခတ် အလွန် ဝါသနာ ပါလေသည်။ နေ့လယ် နေ့ခင်းတွင် ဘုရားပုထိုးများကို လှည့်လည်ပူးမြော်ပြီးနောက် ညနေစောင်းတွင် ခြင်းခတ်နေတတ်လေသည်။ ကိုကိုကျော် ကိုယ်တိုင်လည်း၊ ခြင်းခတ် ဝါသနာ ထုံသူဖြစ်၍ ခြံကြီးထဲသို့ ခြင်းခတ်ရန် ရောက်လာကြသူ ခြင်းသမားများနှင့် ဝိုင်းဝန်းခတ်ကြလေသည်။ မန္တလေးမြို့မှ ခြင်းခတ်တွင် နာမည်ရ ဦးကျော်သူသည် ထိုစဉ်က နေ့တိုင်းလိုလို ခြံထဲသို့ လာ၍ ခြင်းခတ်သည်။

ဂီဘ ဆရာကြီး ဦးထွန်းဖေသည် ကျွန်တော်တို့ ခြံကြီးထဲတွင် အခါအခါ ပျော်ပုံရသည်။ ပန်းမျိုးစုံတို့ဖြင့် ဝေဝေ ဆာဆာနေသော ဥယျာဉ်ကြီးသည် သူ့အဖို့ ကြည်နူးစရာ လောကကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးပြီး ဖြစ်နေလေသည်။ တခါတရံ ဥယျာဉ်ထဲတွင်လမ်းသလားကာ ပန်းနှင့် သက်ဆိုင်သည့် သီချင်းကြီးများကို သီကျူးယင်း စောင်းကောက်သံ ပါးစပ်ဆိုင်း လိုက်တီး နေတတ်လေသည်။ တခါသော် ကျွန်တော်တို့ အိမ်ခေါင်းရင်းရှိ စိန်ဘုရားရုပ်ပွားတော်ရှေ့တွင် ရပ်ရင်း 'ထူးမခြားနား' သီချင်းခန့်ကြီးကို စိတ်ပါ လက်ပါ ရွတ်ဆိုနေလေသည်။

သူသည်ညနေစာ ထမင်းစားသောအခါ ဇွန်းနှင့်စားနေလေသည်။

"ရေထိပြီးလက်တွေပွနေယင်စောင်းတီးလို့မကောင်းဘူးဗျ။ ဒါကြောင့်ဇွန်းနဲ့စားတာပါ။ ဘယ်လိုမှ မအောက်မေ့နဲ့နော်"

ဦးထွန်းဖေသည် ထမင်းစားနေရာမှ ကျွန်တော်တို့ ဘက်သို့ လှည့်၍တောင်းပန်လေသည်။ ယနေ့ည မန္တလေးမှ အဆိုကျော်များကိုဦးထွန်းဖေနှင့်တွဲဖက်သီဆိုရန်ဖိတ်ထားပြီးဖြစ်လေသည်။ မကြာခင် သူတို့ ရောက်ရှိ လာကြ လေသည်။ ယောကျ်ား အဆိုတော် များအပြင် အမျိုးသမီး အဆိုကျော် လှကလေးစိန်လည်း ပါလာလေသည်။

ဦးထွန်းဖေ သည်ခေါင်းပေါင်းစကိုမတိုမရှည် ချလျက်ရင်ဖုံး အကျီနှင့် ပုဆိုး အကွက်ကြီးကိုဝတ်ဆင်၍ တင်ပျဉ်ခွေထိုင်ယင်း ကတ္တီပါအိတ်ကြီးနှင့် စွပ်ထားသော စောင်းကောက်ကြီးကိုမယူကာ သူ့ရင်ခွင်တွင် တင်လိုက်လေသည်။ နောက်ကတ္တီပါအိတ်ကြီးကို ချွတ်လိုက်ရာ အနီရောင် အနက်ရောင်များဖြင့် ပြီးလျက် မှန်စီ ရွှေချ အနားကွပ်သော စောင်းကောက်ကြီးကို ဓာတ်မီး ရောင်အောက်တွင် တလက်လက် မြင်ရလေသည်။ ကော့တက်





နေသည့် လက်တံတွင် နီထွေးသော ပန်းဖွားတို့သည် ဖွားရရားကျနေလေသည်။ သူသည် ကြိုးများကို တချောင်းပြီး တချောင်း စမ်းသပ်ယင်းအနီးအနားမှ လူများကိုလည်း စကားပြောနေလေသည်။ ပြီးလျှင်စ၍ အသံစမ်းလေတော့သည်။ ထိုနောက် လှကလေးစိန်သည် စည်းနှင့် ဂျပ်ကို ကိုင်ကာ 'ထူးမခြားနား' ကိုစ၍ သီဆိုလေသည်။ လှကလေးစိန်၏ အသံသည် အေးမြကြည်လင်လှသည်။ ဦးထွန်းဖေ၏ စောင်းသံသည် ငြိမ့်ညောင်းသာယာလှသည်။ သီချင်းသံနှင့် စောင်းသံသည်ချက်ကျ ညီညီနှင့်ရောထွေး ယှက်လိမ်ပြီးလျှင် လသာသည့် ညဉ့်အချိန်တွင် သစ်ပင်ပန်းပင် ဖူးပွင့်ပြီး၍ ပန်းရနံ့တွေ သင်းပျံ့ကြိုင်လှိုင်နေသည့် ပန်းဥယျာဉ် ကြီးထဲတွင်ပျံ့ဝဲနေပါတော့သည်။ ကျွန်တော့်မှာ ငေးမောလျက် စောင်းကြိုးများအပေါ်တွင် ကူးကာသန်းကာသွားလာလှုပ်ရှား နေသည့် ဦးထွန်းဖေ၏ လက်ချောင်းကလေးများ ကိုသာ စိုက် ကြည့်နေမိပါတော့သည်။ တချက် တချက် တွင်လည်း မှန်မှန် ကလေး သီဆိုနေသဖြင့် မှသိမသာလှုပ်ရှားနေသည့် အဆိုကျော် လှကလေးစိန်၏ နှုတ်ခမ်းပါးကလေးဆီသို့ မျက်စိရောက်သွား တတ်ပါသည်။ ထိုမှတဖန် 'ချွင်' ကနဲ မြည်သည့် သူ့လက်ထဲမှ စည်းနှင့် ဂျပ်ကနဲ အုပ်ချလိုက်သော ဂျပ်ကလေးဆီ သို့လည်း ရောက်သွားတတ်လေသည်။

'ထူးမခြားနား' ဆုံးသွားလျှင် ခေတ္တမျှ နားနေပြီးနောက် 'ဆင်းမြင့်လယ်' ကို ဆက်လက် တီးမှုတ်ကြပြန်သည်။ ထိုနောက် လည်း ပတ်ပျိုး၊ ယိုးဒယား၊ ဘောလယ်တို့ကို သီဆိုတီးမှုတ်ကြရာ သန်းခေါင်ကျော်ကျော်မှပင် ပြီးဆုံးသွားလေသည်။ ကျွန်တော် သည် အိပ်ရာထဲတွင် တော်တော်နှင့်အိပ်မပျော်နိုင်ပဲ လှကလေး



www.burmeseclassic.com

www.burmeseclassic.com



စိန်၏ သီချင်းသံနှင့် ဦးထွန်းဖေ၏ လက်သံတို့ကိုသာ အတန်ကြီး ကြာအောင် ကြားယောင်နေပါသည်။ ဂီတကို မစွဲသောသူ အသူရှိအံ့နည်း။

ညှော့သည်တွေနှင့် ဦးထွန်းဖေ ပြန်သွားသည့် တိုင်အောင် ကျွန်တော်တော့ သူ့ကို မမေ့နိုင်ပဲ စွဲကျန်ရစ်ခဲ့ပါသည်။

နံနက်လင်းအားကြီးအချိန်တွင် ညှော့သည်တစုတို့ ရောက်လာ ကြပြန်ပါသည်။ လမ်းမတော်ဦးဖိုးဆင်၏ဇနီးနှင့်တူမတယောက် အပြင် နာမည်ကျော် လူရှင်တော် ဒံပေါက်လည်း နောက် ပါလာ လေသည်။ မန္တလေးမြို့ အငြိမ့်လောကတွင် သခင်နု ဓာတ်ခိုး အတွဲသည် နာမည်ကြီးသလို ရန်ကုန်အငြိမ့်လောကတွင် လည်း 'ဒံပေါက်နှင့် ညှပ်ကြီး' သည် နာမည်ကြီးလှပါသည်။ စင်စစ် အားဖြင့် ကိုဒံပေါက်၏ မျက်နှာပေးသည် ရယ်စရာ မဟုတ်ပါ။ ဝတ်ပုံစားပုံ သပ်သပ်ရပ်ရပ်နှင့် လူရည်မွန်တယောက် ဖြစ်လေသည်။ သို့သော် စင်ပေါ်တက်လိုက်သည်နှင့် တပြိုင်နက် လူရှင်တော် အမည်နှင့် လိုက်လျောစွာ ရှင်လာသော မျက်နှာ ပေးကို တွေ့ရသည်။ သူပြောလိုက်တိုင်း ရယ်စရာ ဖြစ်လာပါ တော့သည်။

ကျွန်တော်တို့တထွေသည် ကိုဒံပေါက်နှင့် ကောချင်း အကျွမ်း တဝင် ဖြစ်သွားပါတော့သည်။ သူတို့သည် တနှစ် တကြိမ် မန္တလေးသို့ မင်းသမီးရှာရန် ရောက်ရှိလာကြခြင်းဖြစ်လေသည်။ ညနေခင်းရောက်လျှင် သူနှင့်ကျွန်တော်တို့ တတွေ ခြံကြီးထဲတွင် လမ်းလျှောက်ယင်း စကားစမြည် ပြောနေတတ်ကြသည်။ ဒီ အခါများတွင်သူ့ကိုဝိုင်း၍ပြက်လုံးထုတ်ရန်တိုက်တွန်းကြသည်





သူသည် ကုလားမလို စကားပြောယင်းက ကုလားကြီးကို ရန်တွေ့ပုံ လုပ်ပြပါသည်။ မြန်မာသီချင်းကို မပီကလာ ပီကလာ တရုတ်သံနှင့်ဆိုပြသည်။ ကျွန်တော်တို့မှာ တဝုန်းဝုန်းနှင့်ရယ်ကြ ရသည်။ ကျွန်တော် ချီလာသော ကိုကိုကျော် မမသန်းတို့၏ သမီးဦးကလေးပင်လျှင် သူ့ကိုကြည့်ယင်း တခစ်ခစ်ရယ်နေပါ တော့သည်။

တညဉ့် ကိုဒံပေါက်နှင့် ကျွန်တော်တို့တတွေ စိန်ဗေဒါကြီး နှင့် အငြိမ့်မင်းသမီးပေါင်းစုံ အသုံးတော်ခံမည့် ပွဲသို့ သွားကြ ပါသည်။ နေမျိုးဗလ ကျော်သူ ဘွဲ့ရ ဦးဗေဒါကြီးသည် မှန်စီ ရွှေချဝိုင်းအလယ်တွင် ထိုင်ကာ အားရပါးရကြီး တီးနေလေ သည်။ သူ့ဝိုင်းသည် မြိုင်လှပါသည်။ စင်ပေါ်တွင်လည်းမီးတွေ ထိန်နေပါသည်။ ကျွန်တော်တို့သည် မှောင်ရိပ်မှရပ်ကြည့်နေကြ ပါသည်။ တီးလုံးရပ်သွားသောအခါ ကိုဒံပေါက် သည်ဝိုင်း နားသို့သွား၍ ဦးဗေဒါကြီးကိုဦးသုံးကြိမ်ချကာ ကန်တော့ယင်း နှုတ်ဆက်လေသည်။ ဦးဗေဒါ ကြီးသည် ကိုဒံပေါက်ကို မြင် သောအခါ ဝမ်းသာအားရ နေရာမှထ၍ပခုံးကို ပုတ်ကာ နှုတ် ဆက်ယင်း "ဘယ်တုန်းကမန္တလေးရောက်နေသလဲ" ဟု မေးလေ သည်။

"သုံးရက်လောက်ရှိပြီဆရာ၊ ဆရာ့ဆီ လာမလို့ဟာ မအား နိုင်ဘာနဲ့ပဲ၊ အခုဆရာတီးမယ်ဆိုလို့လာခဲ့တာ" ကိုဒံပေါက် က ပြောလေသည်။

သူတို့သည် အတန်ကြာအောင် အလွှာပ သလ္လာပများကို ပြောဆိုကြလေသည်။ ခဏကြာသောအခါ



www.burmeseclassic.com

www.burmeseclassic.com

"ကဲ ကိုယ့်လူ၊ ရောက်တဲ့ ပေါက်တဲ့အခါခိုင်းတယ်လို့တော့ မအောက်မေ့နဲ့၊ စင်ခပေါ်တက်ပြီး တပွဲတလမ်း စမ်းလိုက်စမ်းပါဦး"

ဦးဗေဒါသည်ဆိုင်းဝိုင်းအတွင်းတွင်ထိုင်ကာပတ်လုံးကလေးများကိုစမ်းယင်းတိုက်တွန်းလိုက်လေသည်။

"ဟာ မလုပ်ပါနဲ့ဆရာ၊ မဖြစ်ပါဘူး" ကိုဒံပေါက်က ငြင်းလေသည်။

"မဟုတ်ပါဘူး တပည့်ရာ၊ ဆရာ့ကို ကူညီတဲ့ သဘောပေါ့။ အခု လူပြက်တွေလဲ တယောက်မှ မရောက်သေးဘူးကွ၊ ပွဲကြည့်တွေလဲစုံကုန်ပြီ၊ ဒီတော့ သူတို့ မလာခင်လောက်တော့ ပွဲကို ထိန်းတဲ့သဘောနဲ့ တက်လိုက်စမ်းပါကွာ"

"လာမယ့် လူတွေက ဘယ်သူတွေလဲဆရာ"

"ဟာ စုံလို့ပဲကွ၊ သန်းလဲ ပါတယ်၊ ဘလိုင်ကြီးလဲ ပါတယ်"

"ဟာဖြစ်ပါ့မလားဆရာ၊ သူတို့ စိတ်ဆိုးနေမှဖြင့်"

"ဒါ ဆရာ့တာဝန် ထားပါ၊ ရော့ ဘလိုင် ပုဆိုးယူဝတ်ပြီး တက်ကွာ၊ မင်းနဲ့ တွဲဖို့မြောက်ဖက် ဇာတ်ကလူပြက် တယောက် ခေါ်ထားတယ်"

ဦးဗေဒါသည် ပုဆိုးရှည်ကွက်ကျားတထည်ကိုထုတ်ပေးယင်း ပြောလေသည်။

"ကဲ ကိုယ့်လူတို့၊ တပွဲတလမ်းတော့ စမ်းရဦးမှာပဲ"

ကိုဒံပေါက် သည် ကျွန်တော်တို့ဘက်လှည့်ပြောကာပုဆိုးလဲနေလေသည်။ ကျွန်တော်တို့လည်း ဆိုင်းဝိုင်းနားတွင် ထိုင်နေကြ





ပါသည်။ အတန်ကြာလျှင်လူရွှင်တော် တယောက်နှင့်ကိုဒံပေါက်သည် ဇာတ်စင် ပေါ်တွင် နောက်ခံကားကြီး၏ ဝဲယာမှ တယောက် တဖက် ထွက်လာကြပြီး ပရိသတ်ကို ကန်တော့ကြလေသည်။ ကန်တော့ပြီးလျှင် တဖက်မှ လူရွှင်တော်သည် ခွန်းဆောက်ကို စ၍ ဆိုလေသည်။ ဆုံးလျှင် စကားစ၍ ပြောလေသည်။

"အခုလို ပွဲသဘင်ကြီးမှာ ကိုဒံပေါက် တို့ ကျုပ် တို့ အမှုထမ်းရတာ အားရဝမ်းသာဖြစ်ဖို့ ကောင်းသဗျ"

တဘက်မှ လူရွှင်တော်သည် ဤသို့ နိဒါန်း ပျိုးလိုက်လျှင် ကိုဒံပေါက်သည် ခေါင်းကလေးကို ဆတ်ကနဲ ညိတ်ကာ "ဟုတ်ကဲ့ ပျော်စရာကြီးပေါ့ဗျာ၊ ဒါနဲ့ နေပါဦး၊ ခင်ဗျားနာမည်က ဘယ်သူတုန်း" ဟု ရုတ်တရက် မေးလိုက်ရာ တဘက်လူ မျက်လုံးပြူးသွားလေသည်။ ပရိသတ်ကြီးတခုလုံး ဝက်ဝက်ကွဲအောင် ရယ်မောကြလေသည်။ ဒီတလုံးတည်းနှင့် ပွဲကျသွားပါတော့သည်။ သည့်နောက်တွင် ကိုဒံပေါက် ဘာပြောပြော ပရိသတ်ကြီးတရပ်လုံးက ရယ်ဖို့ရန် အဆင်သင့်။

မကြာခင် လေဘာတီမြရင် ထွက်လာပါသည်။ မမြရင်နှင့် ကိုဒံပေါက်မှာ ရန်ကုန်တွင် အတူတွဲဘက် ကပူး သူများ ဖြစ်ကြလေသည်။ သိဟောင်း ကျွမ်းဟောင်းချင်း ပြန်လည်ဆုံနေကြရ၍ နှစ်ဦးစလုံး အားကျမခံ ကပြ အသုံးတော်ခံကြလေသည်။

တနာရီခန့်ကြာသောအခါ ငှားရမ်းထားသည့် လူရွှင်တော်များ ရောက်လာကြလေသည်။ ချန်ပီယံ ဘလိုင်ကြီးသည် ဇာတ်


www.burmeseclassic.com

www.burmeseclassic.com

စင်ပေါ်သို့ ခုန်တက်လာကာ ကိုဒံပေါက် ဝတ်ထားသော ပုဆိုးကို ဆွဲလေသည်။

"ဒီလူဟာ ရန်ကုန်က ဂျပိုးပါ၊ ကျွန်တော့် ပုဆိုးကို ခိုးသွားတာ အခုမှပဲ မိပါတော့တယ်၊ ကဲ....ဌာနပိုင်မင်းခင်ဗျား၊ သူ့ကို ဖမ်းပါ"

သည်လိုပြောယင်း ပုဆိုးကိုဆွဲချွတ်သလို လုပ်နေသည်။

"ဟေး....ဟေး၊ နေဦး။ ငါတခုပြောမယ်"

ကိုဒံပေါက်က စကားစလိုက်လေသည်။

"အေး၊ မင်းဘာငြင်းချင်သေးသလဲ"

ဘလိုင်ကြီးက ရပ်၍ မေးလေသည်။

"ပုဆိုးလုတာတော့ လုပေါ့ကွာ၊ ဒါပေမယ့် ဖြည်းဖြည်းသက်သာ လုပ်ပါကွာ။ မင်း လက်မကြီးနဲ့ ငါ့ထိုးမိတာ နာတယ်ကွ"

ကိုဒံပေါက်က ခပ်ကျယ်ကျယ် ပြောလိုက်ရာဘလိုင်ကြီး၏ လက်မတချောင်း တိုနေသည်ကို သိထားပြီးသော ပွဲကြည့်ပရိသတ်သည် အုံးအုံး ကျွက်ကျွက် ရယ်မောကြရာ အတော်ပတ်တုတ်ယူရလေသည်။

ကိုဒံပေါက်သည် မင်းသမီးမျိုးစုံနှင့် တွဲဘက်ကာသန်းခေါင်ကျော်သည်အထိ ကပြရလေသည်။ ပွဲပြီးမှပင် ကျွန်တော်တို့နှင့်အတူ အိမ်ပြန်လာပါသည်။ အိမ်သို့ရောက်သောအခါ ဒရဝမ်ကိုခေါ်မရနိုင်သဖြင့်ကျွန်တော်တို့ ငါးယောက်စလုံး မြင့်မားသည့် ဝင်းထရံကြီးများကို ကျော်တက်ကြရလေသည်။ သည်အထဲ ခွေးက ဟောင်လိုက်သေးသည်။





(၅)

ခြံကြီးထဲတွင် သူတို့တည်းခိုနေစဉ် သဘင်သည် ပေါင်းစုံကိုတွေ့ရလေ့သည်။ လေဘာတီမမြရင်၊ လှကလေးစိန်၊ ရွှေအိုးစည်ခင်ကြည်၊ ဒုတိယငွေမှိုင် အစရှိသည့် အငြိမ့်မင်းသမီးများအပြင် နန်းတော်ရှေ့ ဆရာတင်၊ ဆရာထာ အစရှိသည့် သီချင်းရေးဆရာများလည်း ရောက်လာတတ်ပါသည်။ နန်းတော်ရှေ့ ဆရာတင်သည် ပတ္တလားကို ခေါက်ကာ ခေါက်ကာ အသံစမ်းယင်း သီးချင်းစပ်နေသည်ကို ယခုထက်တိုင် မြင်ယောင်နေပါသေးသည်။ ဝမ်းစမိုးမြည့်နွှံအား 'ပေါက္ကပုန်းရည်' သီချင်းတက်ပေးနေသည်ကိုလည်း ထင်တရေးနှင့် မြင်သေးပါသည်။ တခါတရံ ကျွန်တော်တို့ တောင်းပန်လျှင် သူ စပ်ပြီး သီချင်းများကို ဆိုယင်း တီးပြလေသည်။

ဝမ်းစမိုးမြည့်နွှံကိုမူ သတိမရပဲ မနေနိုင်ပါ၊ အဖြစ်အပျက်ကဤသို့ရှိပါသည်။

ဝမ်းစမိုးမြည့်နွှံသည် ယခင် အငြိမ့်ဆရာနှင့် ပတ်သက်သည့် ကိစ္စတခု မပြီးပြတ်သေးသောကြောင့် ရန်ကုန်သို့ မသွားနိုင်သေးပဲ ကျွန်တော်တို့ ခြံထဲအိမ်တွင် တလလောက် နေသွားရလေသည်။ သူသည် အသားဖြူဖြူ လုံးကြီးပေါက်လှ ဖြစ်ပါသည်။ အငြိမ့်မင်းသမီးဖြစ်သည့်အလျောက် အမူအရာကောင်းသည်။ စကားပြော လိမ်မာသည်။ မျက်နှာပေး ရွှင်သည်။ ထို့ကြောင့် ခြံထဲတွင် ရှိသော လူပျိုပေါက်၊ လူပျိုသိုးတွေ ခိုင်း၍ ပိုးကြလေသည်။ သည်အထဲတွင်အဆိုးဆုံးနှစ်ယောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



မောင်ရှင်နှင့် ကိုသော်တို့ ဖြစ်လေသည်။ အေးမောင်သည် ထိုစဉ်က မိန်းမရနေပြီ ဖြစ်၍ ပိုးချင်လျက်နှင့်ခက်နေပါသည်။ ကျွန်တော့် အဖို့မှာလည်း ကျောင်းသား ဖြစ်နေသည့်အပြင် မမသန်းနှင့် အစ်မ အပျိုကြီးကို ကြောက်နေရ၍ ဣန္ဒြေဆောင်ကာ ပွင့်ပွင့် လင်းလင်း မပိုးရဲပဲ သမာဓိ ပိုးလောက်နှင့်သာ တင်းတိမ်နေရပါသည်။

ကိုသော်နှင့် မောင်ရှင်တို့အကြံတူရန်သူဖြစ်နေကြလေသည်။ ကိုသော်ကလည်း သူ့ ကိုသာ ကြိုက်သည်ဟု ထင်နေသည်။ မောင်ရှင်ကလည်း ထိုနည်းအတူပင်။

"ဟော့၊ ငါက အိမ်မှာ ပူးပူးကပ်ကပ်နေရတာကွ။အိုးချင်းထား အိုးချင်းငြိတဲ့ကွ" ကိုသော်က ဤသို့အလွဲလွဲအချော်ချော် ပြော၍ ရင်ကော့ပြသည်။

"အိုးချင်းထား အိုးချင်းထိ၊ ကျိုးချင်းထား ကျိုးချင်းငြိပါဗျ"

"ကျွန်တော်က ပြင်ပေးရသည်။

"အေးကွာ၊ ဘာပဲဖြစ်ဖြစ် ကောင်မလေး ငါ့ကို ကြိုက်နေတာကွ၊ မောင်ရှင်ကို ဂရုစိုက်တာမဟုတ်ဘူး"

သူ ပြောသလိုတော့လည်း ဟုတ်သလိုလို ကိုသော်သည် အိမ်ကြီးတွင် မီးဖိုချောင်တာဝန်ကိုယူရသည်။ ကိုသော်ထမင်းဟင်း ချက်နေလျှင် မမြည္ဟန့် အနား ရောက်နေတတ်ပါသည်။ အနားမှ ကြက်သွန် သင်ပေးသည်။ ငရုတ်သီး ကူထောင်းပေးသည်။ တခါတရံ ကိုသော့်ကို ယပ်ခတ် ပေးနေတတ်သည်။ တခါတရံလည်း ကိုသော်က မမြည္ဟန့် လက်မအားလျှင် ပြေကျ





နေသော ဆံပင်ကို မှစ်ပတ်ပေးသည်။ လက်သည်းတွေ ရှည်နေလျှင်လည်း စိတ်ရှည်လက်ရှည် လှီးပေးသည်။ သူတို့နှစ်ယောက် အတော်နီးစပ်နေကြပါသည်။

မောင်ရှင်ကလည်း လာချေသေးသည်။

"ဟာ၊ မင်းပဲ စဉ်းစားကြည့်လေ၊ သူက ဒီအိမ်မှာ ထမင်းချက်နေတာကွ။ ငါက စာရေးကြီး၊ ကဲ....စာရေးကြီးနဲ့ထမင်းချက်ကို အငြိမ့် မင်းသမီးက ဘယ်သူ့ ကြိုက်မတဲ့လဲ၊ ကဲ...."

သူပြောတော့လည်း ဟုတ်သလိုလို။ တနေ့ကလည်းမြည္ဟန့်နှင့် သူ ပန်းခြံကြားတွင် တီးတိုးစကား ပြောနေသည် မဟုတ်ပါလော။

ကျွန်တော့်အဖို့တော့ ကျွန်တော့်လည်း မကပ်ရဲသည့်အတူတူ သူတို့ နှစ်ယောက်လည်း ဘယ်သူမှ မစူးပါစေနှင့် ဟူသော သဘောကြီးကြီးနှင့်တယောက်နှင့်တယောက်ရန်တိုက်ပေးထားလိုက်ပါသည်။

"ကိုသော် ကြည့်လုပ်နော်၊ ဟိုင်နဲ့နောက် ပါသွားမယ်။ သူက စာရေးကြီးဗျ" ကျွန်တော်က သည်လိုပြောလိုက်လျှင် ကိုသော်ကြီးမှာ မျက်လုံးပြူးသွားတတ်ပါသည်။

"ဟော့မောင်ရှင်၊ ဟိုင်နဲ့ကြီးကလူလယ်ကြီးဆရာ၊ ကြည့်လုပ်"

သည်လိုကြားလျှင် မောင်ရှင်လည်း ပျာယာခတ် သွားတတ်ပါသည်။ ထို့ကြောင့် သူတို့နှစ်ယောက်သည် တယောက်ကို တယောက် အလစ်မပေးပဲ အမြဲချောင်းနေကြလေသည်။

ကျွန်တော်တို့ဘတွေသည်အိမ်ရှေ့တွင်ခင်းထားသည့် ကွပ်ပျစ်ကြီးပေါ်တွင်စိတန်းအိပ်နေကြပါသည်။ နွေဥတုများတွင် ညဦ



www.burmeseclassic.com

www.burmeseclassic.com

ဦးယံ၌ အေးအေးလူလူ သည်လိုအိပ်နေကျ ဖြစ်သည်။ အစောင် ညဉ့်နက်မှ မိမိတို့အိပ်ရာသို့ဝင်ကြမြဲဖြစ်သည်။ သို့သော်ကိုသော်နှင့် မောင်ရှင်ကား တယောက်ကို တယောက် အလစ်မပေး စားတူ အိပ်တူ သွားတူဖြစ်နေကြပါသည်။ တယောက် ပျောက်နေလျှင် အခြား တယောက်က မတွေ့တွေ့အောင် လိုက်ရှာပါသည်။ ထိုနေ့ညဉ့်ဦးတွင် ကျွန်တော်သည် မွေးကနဲပျော်သွား၍ ဖျပ်ကနဲ နိုးလာသောအခါ ကုပ်ပျစ်ပေါ်တွင် မောင်ရှင် မရှိတော့ပါ။ ကိုသော်နှင့်ဒ်ပေါက်လည်း အိပ်ပျော်နေကြပါသည်။ မောင်ရှင် ရောက်နေမည့်နေရာကို ကျွန်တော်အတတ်သိပြီး ဖြစ်သည်။

"ဟေ့ ကိုသော် ထ ထ၊ မောင်ရှင်မရှိတော့ဖူး"

ကိုသော်ကြီးသည် ကပျာကသီနှင့် နေရာမှ ထထိုင်ပါသည်။

"ဟေ၊ ခက်တာပဲ။ ကုန်ပြီထင်တယ်ဟေ့"

"သူ မြည့်နှံ အခန်းအောက် သွားမှာပဲ၊ လာ လိုက်ဖမ်းရအောင်"

ကျွန်တော်တို့နှစ်ယောက်သည် ခြေဖျားထောက်ကာ အိမ်အောက်သို့ ဝင်ခဲ့ကြပါသည်။ အင်္ကျီအဖြူနှင့်ဆိုလျှင် မှောင်ထဲတွင် အထင်းသား မြင်နေမည်စိုး၍ စွပ်ကျယ်အင်္ကျီများ ချွတ်ကာ ခါးတောင်းကျိုက်၍ကွားသွားကြပါသည်။ တအိမ်လုံးမှောင်နေပါသည်။ ခေတ်မီးခလုတ်ရှိသောတိုင်သို့ရောက်လျှင် နှစ်ယောက်သားတိုင်ကိုကုပ်၍ နားထောင်ကြပါသည်။ ဘာသံမှ မကြားရပါ။ အတန်ကြာမှ တိုးတိုးစကားပြောသံကိုကြားရပါသည်။

"ဟေ့ ဒီကောင် ငါပြေးထိုးမယ်"





မှောင်ရိပ်ထဲတွင် ကိုသော်ကြီးဒေါသူပုန်ထနေ၍ မနည်းကြီး ဆွဲထားရပါသည်။ သို့သော် သူ့အားနှင့်ကျွန်တော့်အား မမျှ။ ကြာလျှင် ခက်တော့မည်ဖြစ်၍ ခေတ်မီးလေုပ်ကို နှိပ်လိုက်ရာ တအိမ်လုံးလင်းလင်းထိန်သွားပါသည်။ဟော၊ မီးရောင်အောက်တွင် အကြံသမားမောင်ရှင်ကို ပက်ပင်းပါတွေ့ရပါတော့သည်။ ကုလားထိုင် နှစ်လုံးကို ဆင့်ကာတက်၍အင်္ကျီ တုံးလုံးနှင့် ကြမ်းပေါက်မှ လက်နှိုက်နေလေသည်။

"ဟေ့ လာခဲ့၊ လာခဲ့"

မောင်သော်သည် ခြေလှမ်းကျဲကြီးနှင့် သူ့ထံသို့ အသွား။ မောင်ရှင်သည် ကုလားတိုင် ပေါ်မှခုန်ဆင်းကာ ထွက်ပြေးပါတော့သည်။ ကျွန်တော်တို့နှစ်ယောက်သည် အတင်းလိုက်ဖမ်းရာ နံကွယ်တခုရောက်မှမိလေသည်။

"ဟေ့ကောင် မင်း ဘာကောင်းသလဲဟင်"

ကိုသော်ကြီးက လက်ကိုဆွဲ၍ကြိမ်းပါသည်။

"မဟုတ်ပါဘူးကွာ၊ ငါ့မှာလိုပါ" ငိုသံပါနှင့် ပြောလေသည်။

"အံမာ လူဝါးဝလို့"

ကိုသော်က ဒေါသသံနှင့် ပြောလေသည်။

"တကယ်ပါကွ၊ ငါ့ကို ချိန်းထားလို့ပါ"

"ဘာလုပ်လဲ၊ မှန်မှန်ပြောစမ်း"

"ငါက ကြမ်းပေါက်က လက်ညှိုးထိုးတော့ သူက ဆွဲထားတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com

"အင်း....ပြီးတော့ကော"

"ပြီးတော့ သူက ကြမ်းပေါက် လက်ညှိုး ပြန်ထိုးပေးတယ်"

"အင်း ဒါပဲလား"

"ငါကလဲ သူ့ လက်ညှိုးကလေးကို ဆွဲထားတာပေါ့"

"ဆွဲရုံပဲလား၊ မှန်မှန်ပြော"

"ငါက ဆွဲလို့အားမရလို့ လှမ်းကိုက်မယ် လုပ်တုန်း မင်းတို့ မီးဖွင့်လို့ ဂွကျတာပေါ့ကွ။ ငါက အပေါ်တက်ခဲ့မယ်လို့ ပြောပါသေးတယ်။ သူက မတက်ပါနဲ့ အစ်မကြီး သိနေပါလိမ့်မယ်တဲ့"

"အင်း ဒါလောက်ဆိုယင် ကိစ္စမရှိသေးဘူး။ လာ သွားမယ်"

မောင်ရှင်ကို ဆွဲ၍ ပြန်လာခဲ့ကြပါသည်။ အိပ်ရာထဲရောက်သောအခါ အားလုံး ငြိမ်နေကြရာမှ မောင်ရှင်က၍ စကားပြောပြန်ပါသည်။

"ကိုသော် ဒီလိုရှုပ်တာတော့ မကောင်းဘူး၊ ကိုယ်လဲ မစွံပဲနဲ့။ သူများကို နှောင့်ယှက်တယ်"

"မင်းလဲ ငါ့ကို နှောင့်ယှက်တာပဲ"

"ကဲ....နက်ဖြန်ခါကစပြီး မနှောင့်ယှက်တမ်း။ ပိုးလို့ရတဲ့လူ ယူတမ်း"

"အေး ကောင်းပြီးနော်၊ တော်တော်ကြာတော့ မင်း ငါ စွံတာကို မဖျက်ဆီးနဲ့"





"ကောင်းပါပြီဗျာ။ မင်းသာ ကတိတည်ပါစေ"

နောက်တနေ့တွင် နှစ်ဦးသား အပြိုင်အဆိုင် ပိုးရန် ဟန်ပြင်နေကြလေသည်။ သို့သော် သည်ဟန်တွေကို အသုံးမပြုလိုက်ရတော့ပါ။ မမြညွန့်သည် ရန်ကုန်မှ သံကြိုးရိုက် ခေါ်သဖြင့် ကတိုက်ကရိုက် ညနေရထားဖြင့် ပြန်သွားရလေ၏။

မောင်ရှင်နှင့် ကိုသော်တို့သည် လှမ်းတသက်သက် ကျန်ရစ်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အရေးတော်ပုံကလေး

(၁)

၁၉၃၅-၃၆ ခု။

သည် ခရစ်သက္ကရာဇ်များကို ကျွန်တော် မမေ့နိုင်ပါ။ ၁၉၃၅ ခုနှစ်တွင် ကျွန်တော် ဆယ်တန်းသို့ တက်ရပါသည်။

ထိုအချိန်အခါမှစ၍ အမျိုးကိုချစ်တတ်သည့်စိတ်ကလေးများသည် အညွန့်တလူလူ ထွက်စ ပြုလာပါသည်။ မိမိစာကို ချစ်ရမည် ဟူသော အသိဉာဏ်ကလေးများသည်း တစတစ ဝင်လာပါသည်။ မိမိတိုင်းပြည်ကို ချစ်ရမည် ဟူသော အသိတရားသည်လည်း တဖွားဖွား ပွားလာပါသည်။

'တန်ဆောင်မုန်းလဆုတ်ဆယ်ရက်လေ၊ ရက်ကောင်းခါ မြတ်ပေ....'





ကျွန်တော်သည် ငယ်စဉ်ကထိုသီချင်းကို ကြားဖူးနေသည်။ တန်ဆောင်မုန်း လဆုတ် ၁၀-ရက်နေ့တွင် လုံချည်အစိမ်းအင်္ကျီအနက် ဝတ်ဆင်ထားသည့် အမျိုးသား ကျောင်းမှကျောင်းသူ ကျောင်းသားများသည် ထိုသီချင်းကို သီကြူးလျက် မြို့ထဲတွင် ယာဉ်ပေါင်းစုံကို တန်ဆာဆင်ကာ လှည့်လည်ကြသည်။ သံချပ်ထိုးကာ ဟစ်ကြွေးကြသည်။ တူရိယာမျိုးစုံနှင့် ကခုန်ကြသည်။ ကျွန်တော်သည် သူတို့ကို ကြည့်ရန် လမ်းမဆီသို့ အပြေးအလွှား သွားရသည်။ သူတို့ကို မြင်လိုက်ရပါသည်။ သူတို့ အသံကို ကြားလိုက်ရပါသည်။ သူတို့ ဘာကြောင့် ဒီလို လှည့်လည်၍ ကကြ ခုန်ကြ ဟစ်ကြွေးကြသည်ကို ကျွန်တော် မသိခဲ့ပါ။ သည် တန်ဆောင်မုန်း လဆုတ် ဆယ်ရက်သည် ဘယ်အတွက်ကြောင့် ရက်ကောင်း ခါမြတ် ဖြစ်သည်ကို မည်သူကမျှ ပြောမပြဘူးပါ။ နောက် ရှစ်တန်း ကိုးတန်းသို့ ရောက်သောအခါ၌လည်း အတိအကျ မသိသေး။ 'နေရှင်နယ်ဒေး'မို့ လှည့်လည်သည်ဟု လူကြီးများ ပြောသံ ဆိုသံကိုတော့ ကြားရပါပြီ။ နေရှင်နယ် ဒေးဆိုတာ ဘာလဲ။ တယောက်က 'အမျိုးသားအောင်ပွဲနေ့'ဟု ဆိုပြန်ပါသည်။ ဘာကို အောင်တာပါလိမ့်။ ကျွန်တော် မသိခဲ့ပါ။ အတော်ညံ့ခဲ့သည့် ကျွန်တော်ပါတကား၊ နေခဲ့သည့်ကျောင်းများကလည်း ခရစ်ယာန်သာသနာပြုကျောင်းများဖြစ်သည်။ ထိုကြောင့် ဆရာများကလည်း ထိုအကြောင်းကို ပြောမပြခဲ့ပါ။

ယခု ဆယ်တန်း ရောက်သည့် နှစ်မှပင် သည် အမျိုးသား အောင်ပွဲနေ့အကြောင်းကို သိရပါတော့သည်။ ထိုနှစ်မှအစပြု၍ အမျိုးသားအောင်ပွဲနေ့ကိုအစိုးရ ရုံးပိတ်ရက်အဖြစ် သတ်မှတ်၍



www.burmeseclassic.com

www.burmeseclassic.com



ကျောင်း ပိတ် ပေး ရာ အောင်ပွဲ ကျင်းပရာတွင် အမျိုးသား ကျောင်းသားများသာမက အခြားကျောင်းသူ ကျောင်းသား များလည်း ပါဝင် ဆင်နွှဲကြလေသည်။ ကျွန်တော်တို့ ကယ်လီ ကျောင်းကလည်း ဆယ်တန်းကျောင်းသားများ ခေါင်းဆောင် လျက် စီတန်းလမ်းလျှောက်ရာတွင် ပါဝင်ကြကုန်၏။

မှတ်မိပါသေးသည်။ ကျွန်တော်တို့တတွေ ပထမသုံးအကြိမ် ပါဝင်ဆင်နွှဲသည့် အမျိုးသားနေ့ကို မမေ့နိုင်အောင် မှတ်မိနေ ပါသည်။ ကျောင်းဆရာ ဆရာမ များသည် အများ အားဖြင့် ခရစ်ယာန် ဘာသာဝင်များ ဖြစ်ကြသဖြင့် ထိုနေ့ကို စိတ်ဝင် စားခြင်း မရှိကြ။ ကျွန်တော်တို့ တတွေလည်း တခါမှ မဝင် ဘူးသည့် ပွဲကို ဝင်ရမည်ဖြစ်၍ စောစောစီးစီးက စီမံခန့်ခွဲထား ခြင်းမရှိ။ ထိုနေ့နံနက်ကျမှပင် အိုးစည်ဝိုင်းတခု ဖြစ်အောင် မနည်းကြိုးစားရသည်။ အိုးစည်တော့ ရပါပြီ။ လင်းကွင်းမရ သေး၍ အခက် ကြုံနေသေးသည်။ နောက်မှ ကျောင်းသား တယောက် ကမန်းကတန်းနှင့် ငှားလာသည်။ အိုးစည်နှင့် လင်းကွင်းတော့ ရပါပြီ၊ နှဲမရှိသေး၊ အတော်ကြာမှဆိုင်းဆရာ တယောက်ထံက သွားငှားရပြန်သည်။ အိုးစည်တွင် ပတ်စာ ထည့်ရန်ပင် အတော်အခက်အခဲနှင့်ကြုံပါသေးသည်။ နောက်ဆုံး ကျတော့ ဖြစ်သလိုနှင့်ပင် အိုးစည်ဝိုင်းနောက်မှ ကျွန်တော်တို့ တတွေ စီတန်းလိုက်ပါ၍ အမျိုးသားနေ့ကို ဆင်နွှဲကြပါ သည်။ ကျောင်းသားပေါင်း သုံးရာခန့်ရှိသည့် ကယ်လီကျောင်း မှ သုံးဆယ်ခန့်သာ လှည့်လည်ရာတွင် လိုက်ပါကြလေသည်။

ညဉ့်အချိန်တွင် အမျိုးသား ကျောင်းဝင်း၌ ကျင်းပသည့် ပွဲသို့ ရောက်ရှိသွားကြရာ စင်မြင့်ပေါ်မှ ထိုအောင်ပွဲနေ့ဖြစ်ပေါ် လာရသည့် သမိုင်းကို ဟောပြောနေသည်ကို ကြားနာရသည်။ သည်တော့မှပင် 'မြော်-ဒီအောင်ပွဲဟာ ဒါကြောင့်ကျင်းပတာ ဆိုး' ဟု သိလာပါတော့သည်။ ထိုစဉ်က ပြောကြ ဟောကြသူ များတွင် ရွှေပြည်ဦးဘတင်နှင့် ဗဟိုစည် ဦးဘဦးတို့ကို ယခုတိုင် မြင်ယောင်နေပါသေးသည်။

(၂)

မိုးဥတုလွန်မြောက် ဆောင်းဥတုသို့ ရောက်ခဲ့ပေပြီ။

စင်စစ်အားဖြင့် ရောက်ခဲ့သောဆောင်းဥတုပင်လျှင် တဖြည်း ဖြည်း ကုန်ခန်းစပြုနေလေပြီ။ စာမေးပွဲလည်း တနေ့တခြားနီး၍ နီး၍ လာပါပြီ။ စာမေးပွဲဝင်မည့် ကျောင်းသားများ ကိုပင် ကျောင်းမတက်စေတော့ပဲ အိမ်တွင် စာကျက်ရန် အချိန်ပေး ထားပါပြီ။ ထိုအချိန်မှာပင် တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌ ကိုနုကို ကျောင်းမှ ထုတ်ပစ်သည့် အကြောင်း သတင်းစာများတွင် ဖတ်ရလေသည်။ မည်သည့်အတွက် ကိုနု ဆိုသည့် ကျောင်းသားကို ကျောင်းက ထုတ်ပစ်ရပါသလဲ။ အကြောင်းအကျိုးကိုသိချင်သောကျွန်တော်သည် သတင်းစာကို စောင့်၍ စောင့်၍ ဖတ်ပါသည်။ မကြာပီပင် ကိုနုက ကျောင်း အုပ်ကြီး မစ္စတာ စလော့(စ)ကို ပေးသည့်စာကို သတင်းစာ များတွင် တွေ့ရ ဖတ်ရ ပြန်သည်။ ကျွန်တော်သည် ထိုစာကို ဖတ်ယင်း ကြက်သီးမွေးညင်းထမိသည်။ တကယ် သတ္တိကောင်း သည့် ကိုနုပါတကား။ စလော့(စ) ဆိုသော မျက်နှာဖြူကျောင်း အုပ်ကြီးကို ဒီလို ပိုင်ပိုင်နိုင်နိုင် ပြန်လည်ချေပ ရေးသားနိုင်သူ





www.burmeseclassic.com

www.burmeseclassic.com



သည် တော်တော့လူမဟုတ်။ ထို့နောက် မကြာမီပင် ကိုနုက မိမိရရှိပြီးဖြစ်သော ဘီအေ ဘွဲ့ကို ပြန်လည်အပ်သည့်အကြောင်း သတင်းစာများတွင် ဖတ်ကြရပြန်သည်။ အတော်ထူးဆန်းသည့် ကိုနု။ အတော်စွန့်ရဲသည့် ကိုနု။ နာမည်နှင့်သလောက် တယ်ကြမ်းလိုက်ပါကလား။ တို့အတွေအော့ဆယ်တန်းအောင်ပြီးတက္ကသိုလ်ရောက်ဖို့အရေး အတော် ကြိုးစားပမ်းစား အားထုတ်နေကြရသည်။ သူကတော့ ရပြီးသားဘွဲ့ကိုပင် ပြန်အပ်နေချေသေး၏။

နောက် မကြာခင်ပင် တက္ကသိုလ်ကျောင်းသားများနှင့်တကွ ရန်ကုန် ကျောင်းသူကျောင်းသားများ သပိတ်မှောက်ကုန်ပြီဟု သိရပါတော့သည်။

တနေ့သော နံနက်ခင်း နှင်းကြွင်းကလေးများ ဝေနေသည့် အချိန်တွင် ကျွန်တော်တို့အတန်းထဲမှ ကိုအေးဘို ကျွန်တော့်ဆီသို့ ရောက်လာပါသည်။ သူသည်အတန်းထဲတွင်လူတော်တယောက် ဖြစ်လေသည်။ ရောက်လျှင် ရောက်ချင်းပင် ကျွန်တော့်အနားသို့ ကပ်ကာ သပိတ်မှောက်ကြဖို့ အရေးကို တိုးတိုး တိတ်တိတ်နှင့် ပြောနေပါတော့သည်။

"ရန်ကုန်ကကျောင်းတွေတော့အားလုံးမှောက်ကုန်ပြီ။ ဒီနေ့ မန္တလေးက ကျောင်းတွေ မှောက်ကြဖို့ပဲ။ အမျိုးသားကျောင်း ကတော့ တကျောင်းလုံးမှောက်ဖို့ သေချာတယ်။ ကျွန်တော်တို့ ကျောင်းကတော့ဘယ်လိုနေမယ် မသိဘူး"

"ကျွန်တော့်တို့ကျောင်းကတော့ သိပ်ညီမယ်မထင်ဘူးဗျ"

ကျွန်တော်က စိတ်ပျက်ပျက်နှင့် ပြောပါသည်။

"အင်း၊ ဒါတော့ဆွယ်ယူရမှာပဲ၊ ကျွန်တော်တို့ဆယ်တန်းကလေးများများကလေးပါဖို့လိုတယ်၊ အလိုလိုပါလာမှာပဲ"





သူနှင့် ကျွန်တော်သည် အိမ်မှ ထွက်လာကြပါသည်၊ ပါမည်ထင်သော ကျောင်းသားများ အိမ်သို့ လှည့်လည်၍ အကျိုးအကြောင်း ပြောကာ သပိတ်မှောက်မှု အရေးကို ဆွယ်တရားဟောကြလေသည်။ အများအားဖြင့် ကျောင်းသားများကို စာကျက်နေလျက် တွေ့ရလေသည်။ အချို့ကတော့ သပိတ်မှောက်ရန်သဘောတူကြပါသည်။ အချို့ကတော့ သည်အကြောင်းကို စလိုက်သည်နှင့် တပြိုင်နက် မျက်နှာ ပျက်သွားကြပါသည်။ စကားကိုပင် ဟဟ မပြောတော့ပါ။ နံနက် ၈ နာရီခန့်တွင် ကျောင်းသို့အရိပ်အခြည်ကြည့်ရန် သွားကြသည်။ ကျောင်းသားများသည်ကျွန်မပျက် နေ့တိုင်းလိုပင် ကစားသူကစား၊ စာဖတ်သူဖတ်၊ ကိုယ့်လူနှင့်ကိုယ် စကားပြောသူ ပြောနှင့် ရှိနေကြလေသည်။ ဆယ်တန်းကျောင်းသားများကိုကား စာမေးပွဲနီးသဖြင့် အိမ်တွင်ပင် စာကျက်ရန် အချိန်ပေးထားသော အခါ ဖြစ်၍ တဦးတယောက်မျှ မတွေ့ရပါ။ ကျွန်တော်တို့ နှစ်ယောက်လည်း ရှစ်တန်း ကိုး တန်း မှ အသိ မိတ်ဆွေများထံသို့သွားရောက်ကာ သပိတ်မှောက်ဖို့ အရေးကို တတ်သလောက် မှတ်သလောက် အာဝဇ္ဇန်းရှင်ရှင်နှင့် တရားဟောကြသည်။ ကျောင်းသားအချို့ကတော့ ကျွန်တော်တို့ပြောသည်ကို ငေးမော နားထောင်နေကြသည်။ အချို့မေးခွန်းထုတ်ကြသည်။ အချို့ကမျက်နှာရှုံ့ကြသည်။ အချို့က မကြားတကြားနှင့် မထီလေးစား ပြောကြသည်။

"ဟော့၊ ဒီကောင်တွေ သူတို့ စာမေးပွဲ မအောင်မှာ သေချာလို့ တို့ကို သပိတ်မှောက်ဖို့ လာဆွယ်တာကွ"

"ကျောင်းထုတ်ပစ်ယင် ဘယ့်နှယ်လုပ်မလဲ"

"ဘီအေဘွဲ့ ပြန်အပ်တယ်ဆိုတာ ဖြီးတာပါကွ"



www.burmeseclassic.com

www.burmeseclassic.com

သည်လိုအသံများသည်လည်းကြားရပါသည်။

"သူတို့ ကောလိပ်က မှောက်တာနဲ့ တို့ကျောင်းတွေက ဘာပြုလို့ မှောက်ရမှာလဲ"

တယောက်က မေးခွန်းထုတ်လေသည်။

ကျွန်တော်တို့ ကောင်းကောင်း မဖြေတတ်ပါ။ ကိုယ့်ဖာသာကိုယ်တော့အဖြေကိုသိသည်။ ပုစ္ဆာရှင်ကျေနပ်အောင်ရှင်းလင်း မပြတတ်ကြပါ။ သည်အချိန်တွင်ကျွန်တော်တို့အတန်းထဲမှကိုတိုးရင်ဆိုသူ ရောက်လာပါသည်။ သူရောက်လာမှ ဟန်ကျပါတော့သည်။ သူသည် ကျွန်တော်တို့ထက် ပြောနိုင် ဟောနိုင်သည်။ သည်လိုကိစ္စမျိုးနှင့် ပါတ်သက်၍ဗဟုသုတလည်းကြွယ်ပါသည်။ လွန်ခဲ့သော နှစ်က စစ်ကိုင်းကျောင်းတွင် ကျောင်းသားများ သပိတ်မှောက်ရာ၌ ခေါင်းဆောင် တဦးဖြစ်ခဲ့သည်။ သူဟော ပြောချက်ကြောင့် တော်တော်များများ ကျွန်တော်တို့ဘက်သို့ ပါလာကြသည်။

"သပိတ်....သပိတ်"

"မှောက်....မှောက်"

"ကျွန်ပညာ"

"အလိုမရှိ"

"မီးတုတ်....မီးတုတ်"

"ရှိ....ရှိ"

ခပ်လှမ်းလှမ်းမှ ကြွေးကြော်သံကို သဲ့သဲ့ ကြားရပါသည်။

"ဟော့၊ လာကုန်ပြီ။ ဒီနားရောက်လာယင် တို့ကျောင်းကလဲ သပိတ်မှောက်တဲ့အကြောင်း ကြေငြာပြီး ထွက်ရမယ်"





ကြွေးကြော်သံများသည် တဖြည်းဖြည်း နီး၍နီး၍ လာလေသည်။ ကျွန်တော်တို့နားတွင် ကျောင်းသား ငါးဆယ်ခန့် ရှိနေလေသည်။ သည်လောက်ဆိုလျှင် ဟန်ကျပြီ။ ထိုအချိန်တွင် ကျောင်းတက်ခေါင်းလောင်း ထိုးလေသည်။ ငါးဆယ်လောက်ထဲမှ တယောက်ပြီးတယောက် ဖွဲ့ထွက်ကာ အတန်းထဲသို့ ဝင်သွားကြရာ သုံးဆယ်ခန့်သာ ကျန်ပါတော့သည်။

"ဒါလောက်ဆိုယင်လဲ မနည်းဘူးဗျ။ ကိစ္စမရှိဘူး"

ကိုတိုးရင်က တိုးတိုးပြောလေသည်။

ကြွေးကြော်သံများသည် ကျယ်၍ကျယ်၍ လာလေသည်။ ကြာခင်ပင် ကျောင်းရှေ့ လမ်းမကြီးပေါ်တွင် နှစ်ယောက်တတွဲ နှစ်ယောက်တတွဲ လျှောက်လာကြသော ကျောင်းသူကျောင်းသားများကို တွေ့မြင်ရလေသည်။ ကျောင်းပေါက်သို့ ရောက်သောအခါ အသံကုန် ဟစ်ကြွေးကြရာ ဆူညံနေပါသည်။ ကျွန်တော်တို့လည်း နှစ်ယောက်စီ လက်တွဲကာ ဝင်းအတွင်းမှ အပေါက်ဝဆီသို့ ထွက်ခဲ့ကြသည်။

"သပိတ်....သပိတ်"

"မှောက်....မှောက်"

"ကျွန်ပညာ"

"အလိုမရှိ"

ကိုတိုးရင်က တိုင်ပေးရာ ကျွန်တော်တို့က ဝိုင်း၍လိုက်ဆိုကြပါသည်။ ဆရာကြီးနှင့် ဆရာများသည် အတန်းပေါက်ဝမှ ထွက်ကြည့်နေကြရာ မျက်နှာပူသလိုလို အားနာသလိုလို ဖြစ်နေပါသည်။ သူတို့ဘက်သို့ လှည့်၍ မကြည့်ပဲ ကိုယ့်အသံနှင့် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

အားပေးကာ ခပ်သုတ်သုတ် ချီတက်ခဲ့လေသည်။ ဆရာများ၏ အကြည့်ဒဏ်ကို မခံနိုင်သော ကျောင်းသား လေးငါးယောက်သည် ပွဲကျန်ရစ်လေသည်။

မြို့ထဲဘွင် လှည့်လည် ကြွေးကြော်ပြီးသည့်နောက် ဈေးချိုဝါးတန်းဘက်မှ လှည့်ကာ မဟာသကျသီဟ ဘုရားဝင်းအတွင်းသို့ ဝင်လာကြပါသည်။ အနောက်ဘက် အာရုံခံ တန်ဆောင်းကြီးထဲတွင် စုဝေး၍ ကျောင်းသား ခေါင်းဆောင်များ တရားဟောကြပြန်လေသည်။ မန္တလေး ဥပစာကောလိပ်မှ ကျောင်းသား ခေါင်းဆောင်များလည်း တယောက်ပြီး တယောက်ထကာ သပိတ်မှောက်ရသည့်အကြောင်းရင်းကို ရှင်းပြကြသည်။ ကျွန်တော်တို့ဘတွေလည်း သဘော ကျသော စကားလုံးတိုင်း လက်ခုပ်တီး၍ သြဘာပေးကြသည်။ ဥပစာကောလိပ်မှ ထ၍ စကားပြောသူများတွင်ကိုခင်မောင်တင်၊ကိုတင်ညွန့်(ရွှေဘို)နှင့် ကိုဗဟိန်းတို့ကို ကျွန်တော်မမေ့။ မျက်နှာလုံးလုံး အသားဖြူဖြူ ဆံပင် ကောက်ကောက် အစဉ် ချိုပြုံးသော မျက်နှာထားကို ဆောင်ကာ ကြည်လင်သော်လည်း မာကျောသော အသံနှင့် ထိုစဉ်က ကိုဗဟိန်း စကားပြောပုံကလေးတွေကို မြင်ယောင်နေပါသည်။

အစည်းအဝေးပြီးဆုံးသောအခါ သပိတ်မှောက်ကော်မတီကို ဖွဲ့ရာ တကျောင်းလျှင် သုံးယောက်ကျစီ ကိုယ်စားလှယ်တောင်းသဖြင့် ကယ်လီကျောင်းမှ ကိုတိုးရင်၊ ကိုအေးဘိုနှင့် ကျွန်တော်တို့ကို ရွေးကောက်ကြလေသည်။

ကျွန်တော်တို့သည် နေ့စဉ်နေ့တိုင်း မအားနိုင်အောင် အလုပ်များနေကြပါသည်။ နံနက်စောစောဆိုလျှင် ကျောင်းတွေကို





သပိတ်တား သွားရသည်။ ကျောင်းတွေကလည်း များသဖြင့် လှည့်၍ သွားကြရပါသည်။ အချို့ကျောင်းများကတော့ သပိတ်တားလျှင် တခါတည်း ကျောင်းပိတ်လိုက်သည်။ အချို့ကတော့ ဒိုင်းမြဲဖွင့်ထားရာ ကျောင်းတက်လာသူ ကျောင်းသူ ကျောင်းသားများမှာ အခက်ကြုံရလေသည်။ အချို့ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ အိမ်ပြန်သွားကြပါသည်။ အချို့သူများကား သပိတ် တားသူများကို ကျော်လွှားကာ ကျောင်းတက်ကြလေသည်။ ၁၁-နာရီခန့်တွင် သပိတ်တားပြီး၍ပြန်လာကြသောအခါ ဈေးချိုထဲမှ အလှူခံ၍ရသော ဟင်းသီးဟင်းရွက် ဟင်းလျာများကို ချက်ပြုတ်ထားသည့် ထမင်း ဟင်းများကို စာပြန်ပွဲ ဇရပ်ကြီးအတွင်းဝယ် ဆာဆာနှင့် မြိန်မြိန်ရှက်ရှက်ကြီး စားသောက်ကြလေသည်။

ထိုစဉ်က သပိတ်မှောက် ကျောင်းသား ဖြစ်ရသည် ကိုပင် ဂုဏ်ယူမိသည်။ သပိတ်မှောက် ခေါင်းဆောင်တွေကို လေးစားသည်။ သပိတ်မမှောက်သူများကို အထင်သေးသည်။ အချို့ကား ဆန်ကုန် မြေလေးတွေ၊ အမျိုးကို ချစ်ရမှန်းမသိသူတွေဟု ကဲ့ရဲ့ချင်ပါသည်။ သပိတ်တားရာမှ ပြန်လာလျှင် အလိုလို သွေးကြွနေပါသည်။

“ဒီကောင်လေး တွေဟာ သူတို့ကိုယ်သူတို့ စစ်မြေပြင်က အောင်ပွဲရပြီး ပြန်လာတဲ့ စစ်ဗိုလ်ကြီးတွေများ ထင်နေသလား မသိဘူး”

အိမ်နားမှ အဘိုးကြီး တယောက်က မဲ့မဲ့ရွဲ့ရွဲ့နှင့် မကြားတကြား ချီးကျူးလေသည်။ မှန်ပါသည်။ ကိုယ့်ကိုယ်ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ အထင်ရောက်နေပါသည်။ တို့မှ အာဇာနည်၊ တို့
တကယ့် မျိုးချစ်ကြီး၊ အဖ မြန်မာပြည်ကြီးကို ကယ်တင်မည့်
ပုဂ္ဂိုလ်ထူးကြီးများပေါ့။

တခါသော် ရန်ကုန်မှ ခေါင်းဆောင်ကြီးများ ရောက်ရှိလာ
ကြလေသည်။ သမဂ္ဂဥက္ကဋ္ဌ ကိုနု၊ မစ္စတာ ရာရှစ်နှင့် ကိုအုံး
ဖြစ်သည်။ သူတို့နှင့်ဆွေးနွေးကြသည်။ တိုင်ပင်ကြသည်။ သူ
နှင့် နီးနီးကပ်ကပ် စကားပြောဆိုရသော ကျွန်တော်တို့မှာ ဝမ်း
မြောက်၍မဆုံး။ သွေးနားထင် ရောက်သွားကြလေသည်။ တ
သဥ္စ လက်ဆည်ကန်ရပ်တွင် တရားပွဲကျင်းပရာ ကြွရောက်နာ
ထောင်သူများ အထူးစည်ကားလှသည်။ လက်ခုပ်သံ တဖြောင်း
ဖြောင်းနှင့် ပြောသမျှစကားတွေကို ဩဘာပေးနေကြလေ၏
ကျွန်တော်တို့ကလည်း သူတို့ ဟောသမျှ ပြောသမျှတွေကို မှ
သားကြသည်။ ထိုစဉ်ကဆိုလျှင် သူတို့ ဘာခိုင်းခိုင်း ဘာမ
လုပ်ရန်အဆင်သင့်။

(၃)

ထိုသပိတ်မှောက်စဉ်က မမေ့နိုင်သည့် အဖြစ်အပျက်တခု
ကား ချန်လှပ် ထားခဲ့၍ မဖြစ်၊ စစ်ကိုင်းအစိုးရ အထက်တန်း
ကျောင်းသို့ သပိတ်တားသွားသည့် အရေးဖြစ်ပါသည်။

''နက်ဖြန်ကာ မနက်စောစော ထွက်ကြရမယ်ဗျ၊ အဲဒါ
ဗျားတို့ ကျောင်းက ဘယ်နှစ်ယောက် လိုက်နိုင်မယ် ဆိုတာ
တော်တော်ကြာ စာရင်းသာပေးဗျာ''ကိုဗဟိန်းသည် ကျွန်တော
သို့ဇရပ်သို့အကျိုးအကြောင်း လာရောက်ပြောကြားပြီးလျှင်





သို့နိဂုံးချုပ်၍ပြန်သွားလေသည်။ ကျွန်တော်တို့လည်း လိုက်မည့်
လူများကို စာရင်းကောက်ကြရာ လူနှစ်ဆယ်ခန့် ရရှိလေသည်။

ထိုနေ့ည တညလုံး ကောင်းကောင်း အိပ်မပျော်။ ခြင်ကိုက်
သည်ကတမျိုး၊ နံနက်သွားရမည့် ကိစ္စအတွက်စိတ်ခေါတ်လှုပ်ရှား
နေသည်က တကြောင်းကြောင့် ခဏခဏ နိုးနေပါတော့သည်။
ညတိုင်းဆိုလျှင် အိမ်ပြန်အိပ်နေကျ ဖြစ်သော်လည်း သည်တည
တွင်မူ နံနက် ခရီးထွက်ကြရမည် ဖြစ်သဖြင့် ဇရပ်တွင် လာအိပ်
ခြင်းဖြစ်ပါသည်။ ကိုကိုကျော်သည် သပိတ်မှောက် ကိစ္စကို မည်
သို့မျှ ဝင်မပြောပါ။ သို့သော် ကျွန်တော့်ကို မြင်လျှင် မျက်နှာ
ထားမှုန်နေတတ်ပါသည်။

နံနက် ၄-နာရီခန့်တွင် ဘတ်စကားကြီး ဆယ်စင်းနှင့် စစ်
ကိုင်းသို့ရွေ့ရှုလာကြပါသည်။ အရှေ့ဦးတွင် တပျော်တပါးကြီး
ထွက်လာခဲ့ကြသည်။ စစ်ကိုင်း တံတားကြီးထိပ်သို့ ရောက်လျှင်
မိုးထိန်ထိန်လင်းနေပါပြီ၊ တသွင်သွင် စီးဆင်းနေသည့် ဧရာဝတီ
မြစ်ကြီးကို ဖြတ်ကျော်၍ ကြည့်လိုက်လျှင် ဇရပ် ဂူ လိုဏ် ချောင်
အများနှင့် တန်ဆာဆင်ထားသော စစ်ကိုင်း တောင်ရိုးကြီးကို
မြင်ရလေသည်၊ စိတ်ကြည်နူးစရာကောင်းလှသည့်၊ အေးမြသော
လေသည် တဖြူးဖြူး တိုက်ခတ်နေလေသည်။

ကျွန်တော်တို့တတွေသည် မော်တော်ကားကြီးများကို အရှေ့
ဘက်ကမ်းတွင်ထားခဲ့ပြီးလျှင် တန်တားကြီးကို ခြေကျင်ဖြတ်ကူး
လာကြပါသည်။နှစ်ယောက်တတွဲစီတွဲကာ စီတန်းလျက်တဖြည်း
ဖြည်း လျှောက်လာခဲ့ကြရာ အိပ်ရာနိုးစ စစ်ကိုင်း မြို့သူမြို့သား
တို့သည်ထွက်ကြည့်နေကြကုန်သည်။အစိုးရကျောင်း၊ ဝင်းအနီးသို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်သောအခါ ရေတွင်းတွင် ရေချိုးနေကြသော ကျောင်းအိပ် ကျောင်းစား ကျောင်းသားကြီးများကို မြင်ရလေသည်။ ကျောင်းဝင်းဝတွင် ကျွန်တော်တို့ ခေတ္တ ရပ်နေကြ လေသည်။ ထိုအချိန်တွင် ကိုဗဟိန်းသည် လုပ်ငန်းစဉ်ကို အနည်းငယ် ရှင်းပြလေသည်။

"ကျွန်တော်တို့ဟာ စစ်ကိုင်းအစိုးရကျောင်းကိုသပိတ်တားဖို့ လာခဲ့တာပဲ၊ လွယ်လွယ်နဲ့ ပြီးချင်လဲ ပြီးသွားမယ်။ ခက်ချင်လဲ ခက်နေမယ်။ ဒီတော့ ကျွန်တော် တခု သတိပေး ချင်တာက ကျွန်တော်တို့ဟာ သည်းခံတဲ့ဝါဒကို လက်ကိုင်ထား ကြရမယ်။ ကျွန်တော်တို့ကို ရိုက်ချင်လဲ ရိုက်မယ်၊ ဖမ်းချင်ရင်လဲဖမ်းမယ်၊ ကျွန်တော်တို့က ဘယ့်နဲ့မှ ပြန်မလုပ်ရဘူး။ သူတို့ လုပ်သမျှကို ခံကြရမယ်"

ကိုဗဟိန်းသည် တလုံးချင်း ပြောပြနေလေသည်။

"ကဲ....ရဲဘော်တို့၊ စည်းကမ်း သေဝပ်ပါစေ၊ ကျောင်းထဲဝင်မယ်" သည်လို ပြောပြီးလျှင် ကိုဗဟိန်းသည် ရှေ့ဆုံးမှ ချီတက်သွားရာ ကျွန်တော်တို့လည်း သူ့ နောက်မှ လိုက်သွားကြသည်။ ကျွန်တော်သည် ရှေ့နားခပ်ကျကျ သူနှင့် သုံးယောက်အကွာလောက်တွင် ရှိနေပါသည်။ ကျောင်းဝင်း အလယ်သို့ ရောက်သောအခါ ရပ်လိုက်ပါသည်။ သည်အချိန်တွင် အင်္ဂလိပ်ကပြားရုပ် ပေါက်နေသည့် ဘောင်းဘီဝတ် တယောက်သည် တုတ်ကောက်ကြီးကိုကိုင်ကာ ကျွန်တော်တို့ဆီသို့ တည့်တည့်ကြီး လာနေပါသည်။ သူ့ မျက်နှာထားသည် ရှာတော့မည်မိုးလို မည်းနေသည်။ ကျွန်တော်သည် သူ့ အရိပ်အ ခြည် ကို သာ





မျက်ခြည်မပြတ် ကြည့်နေမိလေသည်။ သူသည် ကျောင်းအုပ်ဆရာကြီး မစ္စတာဒေါင်း ဖြစ်ကြောင်း အနီးရှိ အပေါင်း တဦးက ပြော၍ သိရလေသည်။ ကိုဗဟိန်းအနီးသို့ ရောက်သောအခါ တော်ထန်သော အင်္ဂလိပ် လေသံနှင့် စကား စပြောလေသည်။

"ဘယ်သူ ခေါင်းဆောင်လဲ"

"ဒီမှာ ဘယ်သူမှ ခေါင်းဆောင် မဟုတ်ဘူး၊ အားလုံး ကျွန်တော်တို့ ခေါင်းဆောင်တွေရဲ့ အမိန့်နဲ့လာတာပဲ" ကိုဗဟိန်းကလည်း အင်္ဂလိပ် ဘာသာနှင့်ပင် ခပ်မာမာ ပြန်ပြောလေသည်။

"ဘာလုပ်ဖို့ လာတာလဲ"

"ကျွန်တော်တို့ အထက်က အမိန့် နဲ့ သပိတ် တားမလို့ လာတာ"

ကိုဗဟိန်း၏ စကားကို ကြားရသော ကျောင်းအုပ်ကြီး၏ မျက်နှာသည် နီနေရာမှ ရဲသွားလေသည်။

"ဟေ....အခု ထွက်သွားလိုက်ပါ"

ဒေါသ အမျက် ခြောင်းခြောင်း ထွက်နေပါပြီ။

"မထွက်ပါရစေနဲ့"

ကိုဗဟိန်းက ခပ်ပြုံးပြုံးကလေး ဖြေလိုက်သည်။

"အေးကောင်းပြီ။ ထွက်ပါပြောလို့မှ အေးအေးဆေးဆေး ထွက်မသွားယင်လဲ ထွက်အောင်လုပ်ရမှာပေါ့"

ဆရာကြီးသည် ပြောပြောဆိုဆို ပြန်လှည့် ထွက်သွားပါသည်။

ကျွန်တော်တို့သည် ကျောင်းကြီးဆီသို့ သွားနေသည့် ဆရာကြီးကို နောက်ကျောမှ ကြည့်ယင်း ငြိမ်၍ ကျန်ရစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ခဏကြာသောအခါ ဆရာကြီးသည် ကျွန်တော်တို့ ဆီသို့ တရွေ့ရွေ့ လာနေသည်ကို မြင်ရပြန်ပါသည်။ သည်တခါတော့ သူတယောက်တည်း မဟုတ်တော့ပါ။ သူ့ နောက်မှ ဗိုလ်ပါ အပေါင်း အစုံအလင် ပါလာသည်။ အချို့ ဘောင်းဘီတိုနှင့်၊ အချို့ လုံချည်ခါးတောင်ကျိုက်နှင့်၊ အချို့လည်း အင်္ကျီမပါ ဗလာကိုယ်တည်းနှင့်။ သူတို့ လက်များတွင် ကင်းထောက်တုတ် ကြီးများကို ကိုယ်စီကိုင်လာကြလေသည်။ ဆရာကြီးသည် သူ၏ ကျောင်းအိပ်ကျောင်းစား ကျောင်းသားများကို စုရုံး၍ ခေါ် လာပါပြီ။ သူသည် ထိုလက်နက်ကိုင် ကျောင်းသားများအား ကျွန်တော်တို့ ရပ်နေသော နေရာနှင့် ငါးလံလောက်သာ ဝေး ကွာသော နေရာတွင် စီတန်း၍ ရပ်နေစေလေသည်။ သူတို့ မျက်နှာထားနှင့် သူတို့၏ ပုံပန်း သဏ္ဌာန်ကို မြင်ရသောအခါ ကျွန်တော်သည် အသက်ရှူပင် မှားမိပါသည်။

ဆရာကြီးသည် ကိုဗဟိန်း အနီးသို့ ချဉ်းကပ် လာပြန်လေ သည်။

“ကဲ…မင်း ဒီကျောင်းဝင်းထဲက ထွက်သွားပါ။ မင်းလူတွေ ကိုပါ ခေါ်သွား”

သူသည် ကိုဗဟိန်းကို အမိန့်ပေးနေပြန်လေသည်။

“မသွားနိုင်ဘူး”

ကိုဗဟိန်း၊ စကားဆုံးသည်နှင့် တပြိုင်နက် ဆရာကြီးသည် သူ့ဘာသာဖြင့် တိုင်းထွာ ရေရွတ်ယင်း ကိုဗဟိန်း၏ ပါးကို တအားလွှဲ၍ ရိုက်လိုက်လေသည်။ ကိုဗဟိန်းသည် အရှိန်ပြင်းစွာ ရိုက်လိုက်သည့် လက်ဝါး ဒဏ်ကြောင့် မြေပေါ်တွင် ခွေလဲ





သွားရာ ဆရာကြီးသည် အညှာအတာကင်းမဲ့စွာ သူ့ လက်တွင် ကိုင်ထားသည့် တုတ်ကောက်ကြီးနှင့် ထပ်ရိုက်နေယင်း သူ့ ကျောင်းသားတွေဘက်သို့ လှည့်ကာ “ဟော့….ဆော်ပါတော့ လား” ဟု အမိန့်ပေးလိုက်လေသည်။ ဆရာသူမြတ်၏ အမိန့်ကို နာခံရသော ကျောင်းသား အပေါင်း တို့သည်လည်း သူတို့ လက်ထဲတွင် အသင့် ကိုင်ဆောင်ထားသည့် ရှည်လျား တုတ်ခိုင် သော ကင်းထောက် တုတ်ကြီးများနှင့် ကျွန်တော်တို့တတွေကို လိုက်ရိုက်ကြရာ ကွဲသူကွဲ၊ ပြဲသူပြဲ၊ လဲသူလဲနှင့် မရှုမလှ ခံကြရ လေသည်။ အချို့လည်း တအားထွက်ပြေးစဉ် အရိုက်ခံရသဖြင့် အပြင်သို့ မရောက်ပဲ လမ်းတွင်ပင် လဲရှာကြကုန်သည်။ ကိုဗဟိန်း သည် လဲနေရာမှပင် “ရဲဘော်တို့၊ သည်းခံကြပါ” ဟု အော် နေသေးသည်။ သူ အော်လို့သာ သတိရကြသည်။ သူကသာ သည်လိုအော်၍ သတိမပေးလျှင် ဘာပဲဖြစ်ဖြစ် ပြန်၍ ခုခံရန်မှူ မည် ဖြစ်သည်။

ကျွန်တော့် အဖို့တော့ သူများလိုလည်း အရှိန် ပြင်းစွာ မခပြေး၊ လွှားရိုက်သူတို့သည်ပြေးသည့်သူများကိုသာဖိလိုက်နေကြ သည်။ ထို့ကြောင့် ကျွန်တော်သည် ဣန္ဒြေမပျက် နောက်ဆုတ် နောက်ဆုတ်နှင့် ကျောင်း ဝင်း ပေါက် ဆီသို့ အောင်မြင်စွာ ဆုတ်ခွာလျက်ရှိသည်။ ရိုက်သူတို့သည် ကျွန်တော့်ကို သတိမမူမိပဲ ပြေးသူများကိုသာ မဲ၍ လိုက်နေကြလေသည်။ ကျွန်တော်သည် ဝင်းပေါက်နှင့် မနီးမဝေး ရောက်သောအချိန်မှာပင် ချာကနဲ လှည့်ကာ သုတ်ခြေတင်ပါသည်။ သည်အခါကျမှပင်ခါးတောင်း ကျိုက်နှင့် ဗလကောင်းကောင်း ကျောင်းသားကြီး တယောက် သည် ကျွန်တော့်နောက်မှ ပြေးလိုက် လာကာ ဦးခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ချိန်၍ တုတ်ကြီးနှင့် ရိုက်လိုက်ရာကျွန်ကော်သည်ခလုတ်တိုက်ပြီး ရှေ့သို့ ဟပ်ထိုးဟပ်ထိုး ဖြစ်သွားသောကြောင့်သာ ခေါင်းကို မထိပဲ ခါးကို ရိုက်မိပါတော့သည်။ ကျွန်တော်လည်း နောက် တချက်ခုန်ပြေးပြေးလိုက်ရာင်းပြင်သို့ရောက်သွားပါတော့သည်၊ အထိခံရသော ကျောင်းသားတို့သည် မကျေနိုင်မချမ်းနိုင်ဖြစ် နေကြကာ ခဲကောက်သူကောက်၊ တုတ်ဆွဲသူဆွဲ၊ ပေါက်မည် ရိုက်မည်နှင့် ဒေါသမီး မငြိမ်းနိုင်ကြသဖြင့် ကိုဗဟိန်းသည် အပြုံးမပျက်ပဲ ခန္တီဝါဒကို ဟောပြောပြန်ပါသည်။

"ရဲဘော်တို့၊ အဲဒီလို ဒေါသကို မထိန်းနိုင်ယင် ကျွန်တော်တို့ ရှုံးတော့မှာပဲ၊ သည်းခံကြပါ ရဲဘော်တို့ရာ"

သူသည်လေအေးကလေးနှင့်ပြောနေလေသည်။ သူ၏ဖြူဖွေး နုထွတ်သည့် ပါးကလေးသည် ဆရာကြီး၏ လက်ဝါးဒဏ်ချက် ကြောင့် နီရဲနေလေသည်။

ထိုနောက်ကျွန်တော်တို့သည် မြို့လုံးကျွတ်အစည်းအဝေးကြီး ကျင်းပကာ အဆိုအမျိုးမျိုးကို တင်သွင်း ဆုံးဖြတ် ကြသည်။ အစည်းအဝေးကျင်းပရာ ဇာတ်ရုံကြီးတခုလုံးတွင် မြို့သူမြို့သား တွေနှင့် ပြည့်ကျပ်သွားလေသည်။

ညနေစောင်းတွင် လာလမ်းအတိုင်း မန္တလေးမြို့သို့ ပြန်ခဲ့ကြ လေသည်။

( ၄ )

မကြာခင်ပင် တောင်းဆိုချက်များ အချို့အဝက် ရပြီဆိုကာ သပိတ်လှန်ကြလေသည်။ ကျွန်တော်လည်း ဖုန်တွေတက်နေသော





စာအုပ်များကို ပြန်ကိုင်ကာ စာမေးပွဲဝင်ရန် ကြိုးစားရပြန်ပါ သည်။ သို့သော် စိတ်မပါလှ။

'ကျွန်ပညာ၊ ကျွန်ပညာ'

သည်အသံသည် ကျွန်တော့် နားထဲတွင် စွဲနေပါသည်။ မန္တလေးက ခေါင်းဆောင်တွေကလည်း ယခု ကျွန်တော်တို့ သင်နေသောပညာသည် ကျွန်ပညာဟု ထပ်တလဲလဲ ဟောနေခဲ့ ကြသည်။ ရန်ကုန်မှ ကြွရောက်လာကြသော ကိုနု၊ ကိုအုန်း၊ ဓမ္မတာရာရှစ်တို့ကလည်း ယခု ကျွန်တော်တို့ သင်ကြားနေသည့် ပညာသည် ကျွန်ပညာဟု တဖွဖွ ပြောသွားကြသည်။ သည် ကျွန်ပညာကို ဆက်လက် သင်နေလို့ ဘာ အကျိုးထူးဦးမှာ လဲ။ ကျွန်ပညာသင်ပြီး ကျွန်စာမေးပွဲတွေ အောင်တော့ကော ဘာအကျိုးရှိဦးမှာလဲ။ သည်ပညာတွေကိုမသင်လိုတော့ပါဘူး။ သို့သော်၊ သို့သော်။ နောက်မှ သို့သော်တွေ အများအပြားပေါ် ထိုက်လာပြန်ပါသည်။ ယခု ကျွန်တော်တို့ သင်နေသော ပညာ သည် ကျွန်ပညာဖြစ်ခဲ့သော် သခင်ပညာသည်ကား အဘယ် နည်း။ သခင်ပညာကိုရအောင် ဘယ်လိုရှာရမည်နည်း။ မည်သူက သင်ပေးမည်နည်း။ မသိပါ။ ထို့ကြောင့် ကျွန်ပညာကိုပဲ ဆက်၍သင်ရပါတော့အံ့။

ကျွန်တော်သည် စာအုပ်စင်ကို ရှင်းလင်းသည်။ စားပွဲကို သုတ်သင်သည်။ စာမေးပွဲ ဖြေဆိုအောင်မြင်ရေး အတွက် ထို ကျွန်ပညာများကိုပင် စိတ်မပါတပါနှင့် သင့်အံလေ့ကျက် မှတ် သားရပြန်သည်။

ကျွန်တော့်အဖို့ အထူး ကြိုးစားနေရပါသည်။ သည်တခါ စာမေးပွဲကျသွားလျှင် မခက်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



“မင်း….စာမေးပွဲကျတယ်၊ ဆက်မထားနိုင်တော့ဘူးဟေ့”

သည်လိုမျိုး ကိုကိုကျော်က ပြောလိုက်ယင် ဒုက္ခ။ မိရင်းဖရင်း ဖြစ်လျှင်ကား၊ မထား့ ထားအောင် ကန့်လန့်ကယ်နှင့် ပူပန်နိုင်သည်။ ယခုဘာ့ သည်လို နွဲ့ဆိုးဆိုးလို့ ရမည့်သူမဟုတ်။

နာမည်ကြီးလှသည့် ဆယ်တန်း စာမေးပွဲကို တထိတ်ထိတ် တလန့်လန့်နှင့် ဖြေဆိုရသည်။ ‘ဟုတ်ပါ့မလား၊ မှန်မှ မှန်ပါ့မလား’ ဟူသော အတွေးနှင့်ပင် ပြီးဆုံးသွားရပါတော့သည်။

စာမေးပွဲကားဖြေပြီးလေပြီ။ သို့သော်အားမရလှ။အအောင်နှင့် အကျ၊ အကျဘက်က အလေးသာနေပါသည်။ ထို့ကြောင့် အောင်စာရင်း ထွက်မည့်နေ့ကို တထိတ်ထိတ်နှင့် စောင့်မျှော်နေမိလေသည်။ သတင်းစာတွေထဲတွင် ပါသည့်နေ့တွင် အစောကြီးကတည်းက မျှော်နေရသည်။ သတင်းစာရောက်လာသောအခါ ကိုယ့်ဘာသာကိုယ် လှန်မကြည့်ရဲ၊ လက်တုန်နေပါသည်၊ အနီးတွင်ရှိသော စာရေးကလေး မောင်ရှင်ကို ကြည့်ခိုင်းရသည်။

“ဟာ၊ မင်းနာမည် ပါတယ်ဟ”

မောင်ရှင်သည် အော်၍ ပြောလိုက်လေသည်။ သည်တော့မှ ကျွန်တော်လည်း သတင်းစာကို ယူကြည့်ဝံ့ပါတော့သည်၊မှန်ပါသည်၊ သူပြောသည့်အတိုင်း ကျွန်တော့်နာမည်တော့ ပါလာပါသည်၊ သို့သော် နာမည်နှင့်ကပ်လျက် ခရေပွင့်ကလေး ပါမလာပါ။ သတင်းစာ မှတ်ချက်က ‘ခရေပွင့် ပြထားသူများသာ တက္ကသိုလ်သို့ ဝင်ခွင့်ရသည်’ ဟူသတတ်။

ကျွန်တော့်မှာဝိုရတော့မလို ရယ်ရတော့မလို၊ သည်သတင်းစာက ခရေပွင့်များမေ့ကျန်ရစ်လို့လားဟု ကိုယ့်ဘာက်ကိုကိုယ်ဆွဲ





…ထာ အခြား သတင်းစာများတွင် ကြည့်ပါသေးသည်။ …သော် အခြားသတင်းစာများတွင်လည်း ဤနည်းနှင်နှင်။

ကျွန်တော်စိတ်ညစ်နေမိပါတော့သည်။ ကျောင်းဆက်ထားမသား၊ ထွက်ပြီးအလုပ်လုပ်ရတော့မလား၊ ကိုကိုကျော်၏…နှာကဲကိုသာ ကြည့်နေမိပါတော့သည်။

“ဒီကောင် သိပ်တော့မခေဘူး။ သပိတ်မရှုပ်ယင် တခါထဲ…င်မှာ၊ အခု သပိတ်နဲ့တောင် ဘီက အောင်သေးတယ်။ …ါကျောင်းဖွင့်ယင်တော့ ရန်ကုန်ကျောင်းပို့လိုက်မယ်”

ကိုကိုကျော် သည် ဦးလေးဖေ အား ဤကဲ့သို့ပြောကြားနေ…ကိုတံခါးနောက်ကွယ်မှ ကြားလိုက်ရသော ကျွန်တော်သည် …သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်ကျောင်းသား

## (၁)

ရန်ကုန်ကျောင်းသို့ ပြောင်းရွှေ့ရမည်ဖြစ်သော ကျွန်တော် [illegible] သည် ရွှင်မြူးလျက်ရှိပါသည်၊ ရန်ကုန်သို့ လွန်ခဲ့သော သုံးနှ [illegible] လောက်က တခေါက် ရောက်ဖူးသော်လည်း နှံ့နှံ့စပ်စပ် မလှ [illegible] ပတ်ခဲ့ရ။ သုံးရက်မျှသာနေ၍ ပြန်လာခဲ့ရသည်။ ရွှေတိဂုံဘုရားနှ [illegible] ကုန်ဈေးတန်း တွင်သာ အချိန်ဖြုန်း ခဲ့ရသည်။ ယခုတော့ဖြ [illegible] ရန်ကုန်တွင် အားရပါးရနေရတော့မည်။

ရန်ကုန်ကျောင်းသားဖြစ်ရမည့်ကျွန်တော်သည် မန္တလေးမြ [illegible] သူငယ်ချင်းများ အလယ်တွင် မျက်နှာပန်းပွင့်လန်းလှပါသည်

"ဟေ့၊ မင်း ရန်ကုန်ကျောင်း ပြောင်းတော့မလို့ဆို"

"ရန်ကုန်ရောက်ယင် တို့ မမေ့ပါနဲ့ကွာ"





"မင်းတို့အိမ်ကတော့ ပိုက်ဆံရှိဘာကိုးကွ၊ ပို့နိုင်တာပေါ့"

"မင်းတို့တော့ သိပ်ဟန်တာပဲ၊ မန္တလေးမယ်ကျောင်းတွေ ဒါလောက် ပေါနေ တာတောင် မထားပဲ ရန်ကုန် ရွှေ့ထားဦး မလို့တဲ့"

"အေးကွာ၊ တို့ဖြင့်မန္တလေးကျောင်းမှာ တောင် ဆက်နေဖို့ ခက်နေတယ်"

သူငယ်ချင်းအပေါင်းတို့သည် အားရဝမ်းသာတမျိုး၊ ဝမ်းနည်း ပက်လက်တဖုံ တွေ့တိုင်းပင် သည် အကြောင်းကို စ၍ ပြောဆိုနေကြလေသည်။

ကျွန်တော်အဖို့သည်း တနေ့လုံး လိုလို ကျောင်းပြောင်း ရမည့် ကိစ္စအတွက် ပြင်ရ ဆင်ရနှင့် မအားနိုင်အောင် ရှိပါ တော့သည်။ ရန်ကုန်ကျောင်းတွင် စနစ်တကျ ဝတ်ဆင်နိုင်ရန် အတွက် အင်္ကျီ၊ လုံချည်ချုပ်ရသည်မှာလည်း အမေ၊ အိပ်ရာ၊ အိပ်ခင်း၊ ခြင်ထောင်၊ ခေါင်းအုံး အစရှိသည်တို့ကို လိုလေသေး မရှိအောင် ပြုပြင်စုဆောင်းရသည်မှာလည်း မအားအောင် ဖြစ် နေပါသည်။ သည်အထဲတွင် အဝတ် အစားများကို ထည့်ရန် သေတ္တာမရှိသဖြင့်တခက်၊ ထန်းခေါက်ဖာကြီး တလုံးနှင့်ထည့် လျှင် မဖြစ်ပါလား၊ ဖြစ်တော့ဖြစ်ပါသည်။ သို့သော် ရန်ကုန် သွားရမည့် ကျောင်းသားသည် သေတ္တာ ကောင်းကောင်း တလုံးမှ မရှိလျှင် မဖြစ်၊ သည်နေရာ၌ ကျွန်တော့် မမသန်းသည် အလွန်တော်ရှာပေသည်။ သူသည် အလွန် နှမြောတတ်သည် မှန်သော်လည်း ကျွန်တော် ရန်ကုန် ကျောင်းသို့ သွားရမည့် အဲဆဲအခွင့် သူအပျိုဘဝက ရိုးကုမ္ပဏီတိုက်မှ ဝယ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ယူနီဖောင်း သေတ္တာကြီးကိုကျွန်တော့်လက်သို့ စေတနာသုံးတန် ပြဋ္ဌာန်း၍ အပ်နှံလိုက်လေသည်။

ကျောင်းပြောင်းရန်အတွက် ပြင်ဆင်မှုတော့ ပြီးပါပြီ။ ကျောင်းဖွင့်ရက်များလည်း တနေ့တခြား နီးကပ်လာလေသည်။ သို့အတွက် သွားရမည့်ရက်ကို ကန့်သတ်လိုက်လေသည်။

ရန်ကုန် သွားရတော့မည် ဆိုစဉ်က ဝမ်းမြောက် ရွှင်မြူးခဲ့သလောက် ယခု တကယ် သွားရတော့မည့် အချိန်သို့ ရောက်သောအခါ ဝမ်းနည်းကြေကွဲမိလေသည်။ ကွယ်လွန်သူများကို တသသ လွမ်းဆွတ်မိသည့်ပြင် အိမ်သူ အိမ်သားများကို မခွဲနိုင်မခွာရက် စိတ်ကလေးများ ဝင်လာလေသည်။ အထူးသဖြင့် ကျွန်တော် သံယောဇဉ်အငြိတွယ်ဆုံးကား ကိုကိုကျော်-မမသန်းတို့၏ သမီးဦးကလေး 'စိန်စိန်ရင်' ပင် ဖြစ်သည်။ သူ့အသက်ကား ထိုစဉ်က ငါးနှစ်နှင့် ရှိလေပြီ။ သီချင်းများကို မပီကလာ ပီကလာ သီဆို၍ ခေတ်စက်ဖွင့်တိုင်း စည်းဝါးမလွတ် ကတတ်နေပါပြီ။ ကျွန်တော်တို့တတွေမှာ ပျင်းပျင်းရှိတိုင်း သူ့ကို အကခိုင်း၍ ဘေးမှ လက်ခုပ် တီးပေးယင်း အပျင်းဖြေခဲ့ကြသည်။

"ဦးလေးတင် ရန်ကုန်ကပြန်ယင် ဘာငယ်ခဲ့မလဲ"

"ငါ့တူမ လိုချင်တာ ဝယ်ခဲ့မှာပေါ့"

"ခေတ်ပြားတွေ အများကြီးဝယ်ခဲ့နော်"

"ဝယ်ခဲ့ပါ့မယ်ဗျာ"

သူသည် သူလိုချင်သော ပစ္စည်းများကို မှာကြားနေလေသည်။





"ဟော့....ရန်ကုန်ရောက်ယင် လူဝါးမဝနဲ့နော်"

"ပညာ ပိုတတ်စေချင်လို့ ရန်ကုန်ပို့ကာမှ ဆယ်မရအောင် ကျ်စီးနေဦးမယ်"

"တော်တော်ကြာ ပညာမရပဲ ဆေးချည်း ထိုးနေမယ် နော်"

ဆွေမျိုး သားချင်း အပေါင်းကလည်း တယောက် တမျိုး ဩဝါဒစကား ပြောကြားကြပါသည်။

သည်လိုနှင့်ပင်ရန်ကုန်သို့ သွားရမည့် ရက်သည် တနေ့တခြား နီးကပ်၍ လာပါတော့သတည်း။

(၂)

ညနေ လေး နာရီခန့်။

အထက်ပိုင်းတွင်အဖြူ၊ အောက်ပိုင်းတွင်အနီရောင်ခြယ်ထားသည့် မီးရထား တွဲတန်းကြီးသည် မန္တလေးမြို့ ဘူတာရုံကြီးအတွင်း ပထမ စကြိုကို ကပ်လျက်ရပ်ထားလေသည်။ ကိုကိုကျော် ဦးလေးဖေနှင့် ကျွန်တော်တို့သည်လည်း တွဲပေါ်တွင် ရောက်နေကြပါပြီ။ နောက်မကြာမီ ပထမခေါင်းလောင်း ထိုးလေတော့သည်။ အနီးအနားရှိ ပရိတ်သတ် အပေါင်းသည် လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေသည်။ ခရီးသည် များသည်လည်း လိုက်ပို့သူများကို နှုတ်ဆက်ကာ တွဲပေါ်သို့ တက်ကြကုန်သည်။ ကျွန်တော်သည် တွဲပြတင်းဝမှနေ၍ ထွက်ကြည့်နေရာ ဝါးတရိုက် ခန့်ဝေးကွာသော နေရာတွင် ထူးဆန်းသည့် အပြုံ



www.burmeseclassic.com

www.burmeseclassic.com



အမှုဘခုကို မြင်ရသောကြောင့် မျက်လုံးပြူးနေပါတော့သည်။ ပါးစပ်လည်း ဟနေမိပါသည်။ သည်အပြုအမူမျိုးကို မြင်ရသော ကျွန်တော်သည် မျက်စိရှက်လှပါသည်။ မျက်နှာ လွှဲပစ်လိုက်ချင်ပါသည်။ သို့သော် ကြည့်မြဲတိုင်း ကြည့်နေမိလေသည်။ ကျွန်တော်မြင်ရပုံကား တခြား မဟုတ်ပါ။ အသက်နှစ်ဆယ်ရွယ် ဂါဝန်ဝတ် မျက်နှာဖြူမကလေးတဦးကို အသက်သုံးဆယ်ခန့်ရှိ မျက်နှာဖြူ ယောကျ်ားတဦးက အားရပါးရကြီး နမ်းရှုပ်နေကြခြင်းပင် ဖြစ်ပါသည်။ စင်စစ်အားဖြင့် နှစ်ဦးစလုံးပင် တဦးကိုတဦး တစ်ဇာစ်ရစ်ရစ်ကြီး ဖက်ကြကာ နှုတ်ခမ်းချင်း စုပ်နေကြခြင်းပင် ဖြစ်လေသည်။ အနီးတွင်အသက်ငါးဆယ်ခန့်ရှိ မျက်နှာဖြူ အဘိုးကြီး အမယ်ကြီး နှစ်ဦးသည် ပြုံးပြုံးကြီး ကြည့်နေယင်း ပီတိ ဖြစ်နေကြလေသည်။ စက္ကန့် သုံးဆယ်ခန့် နှုတ်ခမ်းချင်း စုပ်ကြပြီးနောက် ခွာလိုက်ကြပြီးလျှင် ယောကျ်ားပျိုသည် အဘိုးကြီးနှင့် အမယ်ကြီး၏ပါးကို တရှုပ်စီ နမ်းလိုက်ပြီးနောက် တွဲပေါ်သို့ တက်သွားလေသည်။ ကျွန်တော်တို့တွဲထဲမှ မိန်းမပျိုတဦးသည် ထိုအနမ်းအရှုပ်ပွဲကြီးကို ပြုံးကြည့်နေပြီးမှ 'ဟင်'ကနဲ ယောင်အော်အော်ကာ မျက်နှာလွှဲလိုက်လေသည်။ ကျွန်တော့်ရင်ထဲတွင် ဟာတာတာကြီးဖြစ်၍ ကျန်ရစ်ပါသည်။

''တော်တော် အရှက်နည်းတဲ့ကောင်တွေ'' အနီးအနားမှ မိန်းမကြီးတယောက်က ရေရွတ်လိုက်လေသည်။

''ဟီရိဩတ္တပ္ပတရား နည်းနည်းမှ မရှိဘူး''

ပဉ္စင်းပျိုတပါးက ကြည့်ပြီးသောအခါ မိန့်ဟလိုက်သည်။





''ဒါ သူ့တို့ ထုံးစံကိုးဗျ''

လူရွယ်တယောက်က မှတ်ချက်ချလေ၏။

''စံ....စံလွန်းတော်''

အမယ်ကြီးတယောက်က ထပ်ဆိုလိုက်ပြန်လေ၏။

သည်အချိန်မှာပင် ဒုတိယ ခေါင်းလောင်း ထိုးလေသည်။ မရှေးမနှောင်းပင် စကြံပေါ်မှ ဝတ်ဖြူဝတ်ထားသော ကုလားဝတ်ဗိုလ်သည် အလံစိမ်းကိုပြယင်း ခရာမှုတ်လိုက်လေသည်။ ထိုနောက် မီးရထား ခေါင်းတွဲဆီမှ ဥဩမှုတ်သံ ကြားရသည်။ ဥဩသံရပ်သည်နှင့်တပြိုင်နက် မီးရထားကြီးသည် လှုပ်ရှားလာပြီလျှင် တရွေ့ရွေ့ထွက်ခွါလာလေ၏။ မီးရထားကြီးသည် တဖြည်းဖြည်း မြန်၍မြန်၍လာလေသည်။ ရိပ်ကနဲ ရိပ်ကနဲဖြစ်ကာ နောက်တွင် ကျန်ရစ်ခဲ့ကြ ကုန်သည်။ မကြာခင် ရှမ်းစုဘူတာသို့ ရောက်သည်။ ထိုဘူတာတွင် ရပ်ခြင်းမပြုသောရထားတွဲတန်းကြီးသည် မည်သူ့ကိုမှ ဂရုမစိုက်သလို သူ့အရှိန်နှင့်သူ ပြေးနေလေသည်။ ရွှေရောင်တွေ ဝင်းလျက်ရှိသော မဟာမုနိ ကိုယ်တော်ကြီး ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်ကြီးသည်ပင် တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ရစ်ကာ နောက်ဆုံးတွင် ပျောက်ကွယ်သွားလေ၏။

နေမင်းသည်ညိုဆင်းလာလေသည်။

မီးရထားလမ်းဘေးရှိ ရွာကြီး ရွာငယ် များမှ ကလေးသူငယ်များသည် အရှိန်ပြင်းစွာ ပြေးလျက်ရှိသော မီးရထားကြီးကို ထွက်၍ကြည့်ကြလေသည်။ ဆယ်နှစ်အောက် ကလေးသူငယ်များမှာ အကျႌမပါဗလာကိုယ်ထီးနှင့် ရထားပေါ်မှ လူများကို လက်များဝှေ့ရမ်းနှုတ်ဆက်ကြသည်။ အချို့လည်းအသံကျယ်စွာ



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်ကြသည်။ အချို့သောလူကြီးများလည်း သစ်ပင်ရိပ်မှ ပြုံးပြုံးကြီးကြည့်နေတတ်ကြလေသည်။

သူတို့ ဘယ်လိုပဲအော်အော်၊ ဘယ်လိုပဲပြုပြု မီးရထားကြီးက ဂရုမစိုက်။ အရှိန် ပြင်းစွာဖြင့်ရန်ကုန်ဆီသို့ခုတ်မောင်းနေလေ၏။

လမ်းဘေးရှိ သစ်ပင် ပန်းမန်တို့သည် မိုးကြား၍ စိမ်းစိမ်း လန်းလန်း ဖြစ်နေကြသည်။အချို့ချိုင့်ကွက်များတွင် ရေကလေး များပင်တင်နေလေပြီ။

မှောင်စပျိုးလာလေပြီ။

ရထားပေါ်မှ မြင်ရသော တောင်တန်းများ ပေါ်တွင် ချိုး ငှက်များသည် ပျံဝဲကာ အိပ်တန်းရှာနေကျသည်ကို မြင်ရပါ သည်။ ထိုနောက် မဲမဲကြီး မှောင်လာလေပြီ ဖြစ်၍ ရှုမျှော်ခင်း တို့ကို ကောင်းကောင်း မမြင်ရတော့ပါ။

မီးရထားကြီးသည် တဘူတာပြီး တဘူတာ ရပ်ပြီးနောက် ဆက်လက်ခုတ်မောင်း သွားလေသည်။ အတော် ညဉ့်နက်သော် တောတန်းကလေး ပေါ်မှ လခြမ်းကလေး ထွက်ပေါ်လာပါ သည်။ ကောင်းကင်တခုလုံးကမှုလာညိုကြီးပေါ်တွင် စိန်ပွင့်တွေ ကြဲထားသကဲ့သို့ ကြယ်ပေါင်းစုံတို့သည် တလက်လက် တောက် နေကြလေသည်။ ကျွန်တော်သည် အပေါက်မှ ကောင်းကင်ကို မော့ကြည့်လိုက်၊ ခုံတန်း ရှည်ပေါ်တွင် လျောင်းလိုက်နှင့် ရထားကြီးခေါ်ဆောင်ရာသို့ ပါလာလေသည်။ ဘူတာကြီးများ တွင်ရပ်တိုင်း ရပ်တိုင်း ထကြည့်ရသည်မှာလည်း အမောပ။အလုပ် သမားတွေ အထုပ်အပိုးများကို သယ်ယူ၍ သုပ်သုပ်ကြီး သွား နေကြပုံ၊ တဦးနှင့်တဦး နှုတ်ဆက်ကြပုံ၊ဈေးသည်တို့ လှုးလားခတ် နေကြပုံများကိုစိတ်ဝင်စားစွာ ကြည့်မိပါသည်။



မီးရထား တွဲထဲတွင်ကား အိပ်သူအိပ်၊ ထိုင်သူထိုင်၊ ငိုက်သူ ငိုက်၊ စကားများသူများနှင့် ရှုပ်ရှက်ခပ်လျက် ရှိလေသည်။ ဦးလေးဖေ နှင့် ကိုကိုကျော်တို့လည်း တခါတရံသာ ထထိုင်ကြ သည်။သူတို့လည်း ကိုယ့်ခုံတန်းတွင်ကိုယ် အိပ်နေကြလေသည်။ ကျွန်တော့်အနီး ကျောခြင်းကပ် ခုံတန်းရှည်မှ ဗိုက်ပူပူ ကုလား ကြီးကား တခေါခေါနှင့် အိပ်မော ကျနေလေသည်။ တွဲထောင့် တွင်ရှိသော ခုံတန်းလျားပေါ်တွင်ကား ကုလားမတယောက်နှင့် ကုလားကြီးနှစ်ယောက်သည် မန္တလေးက ထွက်လာကတည်းက စကားပြောသာ ကျရာ ပျဉ်းမနားအထိ ပရပ်ကြသေး။ ဘယ်သူ အိပ်အိပ် ဘယ်သူထိုင်ထိုင် သူတို့သုံးဦးကား စကားစ မပြတ်။

“ဘာတွေများပြောနေကြပါလိမ့်၊ ဆုံးမဆုံးနိုင်ဘူး”

ကျွန်တော့်အနီးမှ အိပ်၍မရနိုင်သော မိန်းမကြီးတယောက် ကညည်းညူလိုက်လေသည်။

ကျွန်တော်လည်း အိပ်ရာပေါ်တွင် လှဲလိုက် ထကြည့်လိုက်နှင့် လိုက်ပါလာပါသည်။ ကြည့်လည်း ကြည့်ချင်လှသည်၊ အိပ်လဲ အိပ်ချင်လှပြီ၊ တောင်ငူသို့ ရောက်သောအခါ မဟန်နိုင်တော့ ပြီ။ တဂျုံးဂျုံး ခုတ်မောင်းနေသော မီးရထားသံသည် တဖြည်း ဖြည်းတိမ်၍တိမ်၍ သွားလေသည်။ ကုလားသုံးဦး စကားပြော သံလည်းတဖြည်းဖြည်းဝေး၍ဝေး၍သွားလေသည်။ သည်လိုနှင့် အိပ်ပျော်သွားပါသည်။

အိပ်ရာမှ နိုးသောအခါ ပဲခူးသို့ ရောက်နေလေပြီ။ ဘူတာ တခုလုံး ဆူညံလျက်ရှိတော့သည်။ ရေဆိုင်သို့ အပြေးအလွှား သွားကာ မျက်နှာ သစ်နေသူတွေလည်း အများပင်။ ကော်ဖီ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်အစရှိသည်များကို ဝယ်ယူစားသောက်နေကြသူများလည်း ဆိုင်များတွင် စိုင်းအုံလျက် ရှိကြသည်။ အချို့လည်းတဲ့ပေါ်မှ မှာယူကာ စားသောက် နေကြသည်။ ပဲခူးဘူတာတွင် အတော်ကြာအောင် ရပ်လျက်ရှိရာ ခရီးသည်တို့သည် စကြံပေါ်တွင်လမ်းလျှောက်ယင်း အညောင်းဖြေနေကြလေသည်။

ခေါင်းလောင်းထိုးလေပြီ။

မီးရထားကြီးသည် ပဲခူးမြို့မှ တရွေ့ရွေ့ ထွက်ခွာသွားပြန်လေသည်။ နောက်တနာရီကျော်ကျော်မျှ ကြာသောအခါ ရွှေရောင်တွေနှင့် ဝင်းလျက်ရှိတော သံတော်ရှင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရထားပေါ်မှဖူးမြော်ရပါသည်။ ရန်ကုန်သို့ ရောက်လာပါပြီတကား။

(၃)

ရန်ကုန်မြို့သို့ရောက်လာပါပြီ။

သို့သော် ကျောင်းအပ်ဖို့ကိစ္စမပြီးပြတ်သေး။ ဘယ်ကျောင်းကိုအပ်ရမည်နည်း။ ကိုကိုကျော်နှင့် ဦးလေးဖေတို့သည် ကျောင်းစုံစမ်းလျက် ရှိကြသည်။ မြို့မကျောင်းကိုလည်း ရောက်သည်။ ဆရာဖြစ်သင် ကောလိပ်ကိုလည်း သွားသည်။ အခြားသောနာမည်ကြီးကျောင်းများတွင်လည်းစုံစမ်းသည်။ နောက်ဆုံးတွင် ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင် အစိုးရအထက်တန်း ကျောင်းတွင် အပ်နှံရန်ဆုံးဖြတ်ကြလေ၏။

ကိုကိုကျော်နှင့် ကျွန်တော်သည် ကျောင်းအုပ်ကြီး အခန်းထဲသို့ ဝင်သွားကြသည်။





"ထိုင်ပါ၊ ထိုင်ပါ"

ကျောင်းအုပ် ဆရာကြီး ဦးကောင်းသည် ပြုံး၍ နှုတ်ဆက်လေသည်။ ကျွန်တော်တို့လည်း အသင့်ရှိသော ကုလားထိုင်ပေါ်တွင် ထိုင်ကြလေသည်။ ကိုကိုကျော်က ကျောင်းအပ်လိုသည့်အကြောင်းကို စ၍ပြောလေသည်။ ကျွန်တော်က ဖြည့်သွင်းရေးထားသော ကျောင်းဝင် လျှောက်လွှာ ပုံစံကို ဆရာကြီးထံသို့ ပေးသည်။

"ဘယ်ကျောင်းက လာသလဲ"

ဆရာကြီးက မေးလေသည်။

"မန္တလေး ကယ်လီကျောင်းကပါ"

ကျွန်တော်က ဖြေလေသည်။

"ဆယ်တန်း ဘီက အောင်ပြီးသားနော်"

"မှန်ပါတယ်"

"ခုံအမှတ် ဘယ်လောက်လဲ"

ကျွန်တော်က ခုံအမှတ်ကို ပြောလိုက်ရာ ဆရာကြီးသည် ဘယ်လီဖုန်းကို ကိုင်ကာ စကားပြောလေသည်။ ထို့နောက် ကျွန်တော်၏ ခုံအမှတ်ကို ပြောကာ ဘာသာတိုင်း၏ အမှတ်များကို မေးလေသည်။ ကျွန်တော်တို့လည်း သူ့ ပြောစကားကို နားထောင်နေကြသည်။ သူသည် 'အင်း....အဲ' နှင့်လိုက်ပြီးနောက် တယ်လီဖုန်းကို ချလိုက်လေသည်။

"အင်း၊ သင်္ချာမယ် နည်းနည်းညံ့တယ်။ ဒီနှစ်တော့ အောင် [illegible]မ့်မယ်၊ ကြိုးစားပါ"



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးသည် သည်လို ပြောလိုက်ပြီးလျှင် စာရွက်တရွက်ပေါ်တွင် ရေးခြစ်ပြီးနောက် ဆယ်တန်း (ဂ) သို့ ပို့လိုက်လေသည်။

အတန်းဆရာနှင့်တွေ့ပြီးနောက် ပေးစရာရှိသော လခများကို ရှင်းလင်း ပေးပြီးလျှင် ကျောင်းအိပ် ကျောင်းစား များ၏ တာဝန်ခံ ဆရာကြီးဖြစ်သော ဦးကံမြင့်နှင့် သွားရောက် တွေ့ဆုံကာ လခများကို ရှင်းလင်းပြီးသော် အိမ်သို့ ပြန်လာခဲ့ကြလေသည်။ ညနေစောင်းမှ အိပ်ရာလိပ်များ၊ သေတ္တာများကိုသယ်ယူကာ ကျောင်းသို့ ပြောင်းရွှေ့ လာခဲ့ရပါတော့သည်။ နောက်တနေ့တွင် ကိုကိုကျော်တို့ ပြန်သွားကြလေသည်။

BURMESE CLASSIC .com

ကျောင်းအိပ် ကျောင်းစား ကျောင်းသားများကို တာဝန်ခံကြည့်ရှုထိန်းသိမ်းရသော ဆရာကြီး ဦးကံမြင့်သည် မြန်မာပီသသော ပုဂ္ဂိုလ်ကြီး ဖြစ်လေသည်။ အမြဲလိုလိုပင် ခေါင်းပေါင်းပေါင်းထားသည်။ လက်ဝါးလောက်ရှိသော ခေါင်းပေါင်းစကလေးသည် အစဉ်လိုလို လှုပ်ရှားနေလေသည်။ သူ၏ နှုတ်ခမ်းမွေးနှစ်စသည် အထက်သို့ ကော့ကော့ကလေး ထောင်နေကြလေသည်။ မျက်နှာဝိုင်းဝိုင်း၊ အရပ်ကလည်း ထောင်ထောင်မောင်းမောင်းနှင့် ခန့်ခန့်ညားညားရှိလှသည်။

တကျောင်းလုံးတွင် ကျောင်းအိပ် ကျောင်းစား ရှစ်ဆယ်ခန့်ရှိလေသည်။ ကျောင်းခန်းကြီး လေးခန်း ရှိသည့်အနက် ကျွန်တော်တို့၏ အခန်းသည် ဆရာဦးကံမြင့် အခန်းနှင့် အနီးဆုံးဖြစ်လေသည်။ ကျွန်တော်တို့ အခန်းထဲတွင်ရှိ ခုတင် နှစ်ဆယ်ခန့်တွင် အားလုံး ကျောင်းသားတွေနှင့် ပြည့်နေလေသည်။ အခန်း





ပေါက်မှ မျှော်ကြည့်လိုက်လျှင် ဆေးရုံဝင်းကြီးကို မြင်နိုင်သည်။ ကတ္တရာစေးရောင်တို့ဖြင့် ညိုမှောင်နေသော ကော်မရှင်နာလမ်းမကြီး(ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း) ပေါ်တွင် ယာဉ်အမျိုးမျိုး သွားလာ နေသည်ကို တွေ့မြင်နိုင်သည်။ ဝဲယာရှိ ကြိုးများပေါ်တွင်လည်း သွားလာ နေကြသော ယောက်ျားမိန်းမများကို တွေ့ရလေသည်။

နံနက် လင်းလျှင် လက်ဘက်ရည် သောက် ပြီး သည် နှင့် တပြိုင်နက် စာကြည့်ခန်းကြီးထဲတွင် ကိုယ့်နေရာနှင့် ကိုယ် ထိုင်ကြကာ စာကြည့်ကြရသည်။ စာကြည့်ရာမှ ဆင်းသော် ခေတ္တမျှနားပြီးလျှင် ထမင်းစားခေါင်းလောင်း ထိုးလေသည်။ ကျောင်းသားတို့သည် အပေါ်အင်္ကျီများကိုပါ ဝတ်ဆင်ကာ ထမင်းစားခန်းရှေ့တွင် စီတန်း၍ ရပ်နေကြရသည်။ အလှည့်ကျဆရာလာသော အခါကျမှ အစဉ်အလိုက် ထမင်းစားခန်းသို့ ဝင်ကာကိုယ်ပိုင်နေကျ နေရာတွင် ထိုင်၍ ထမင်း စားကြရလေသည်။ ထမင်းစားပြီး၍ မကြာမီ ကျောင်းတက် ခေါင်းလောင်းထိုးလေတော့သည်။

ဘာသာ အသီးသီးကို သင်ပြသော ဆရာများသည် ကိုယ်သင်သည့် ဘာသာကို အထူးနိုင်နင်းကြသူများ ဖြစ်သည်။ သင်ပြပုံများကလည်း အဆင့်အတန်း မြင့်လှပါသည်။ ညနေ ၄ နာရီတွင် ကျောင်းဆင်းလျှင် ဘောလုံးကန်သူကန်၊ ခြင်းလုံး ခတ်သူခတ်၊ စစ်တုရင် ကစားသူကစားနှင့် မိမိတို့ ဝါသနာအလျောက် အချိန်ဖြုန်းနေကြသည်။ အချို့လည်း ရေမိုးချိုးပြီးလျှင် ကျောင်းပေါက်ဝတွင်ရှိ ခုံတန်းလျားပေါ်တွင် ထိုင်ကာ လမ်းသွားလမ်းလာတို့ကိုကြည့်ရှုယင်း ဝေဖန်နေကြလေသည်။ ညနေထမင်းစား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခေတ္တမျှ နားနေကြပြီးလျှင် စာကြည့်ခန်းသို့ ဝင်ကြလေသည်။ စာကြည့်ခန်းတွင် နှစ်နာရီကျော်ကျော်ခန့် စာကြည့်ကြရသည်။ အတန်းကြီးသမားများသာလျှင် သီးသန့် နေရာများတွင် အတော်ကြီး ညဉ့်နက်သည်အထိ ဆက်လက်၍ စာဖတ်နေတတ်ကြလေသည်။

(၄)

ရန်ကုန်မိုးတွင်းသည် စွတ်စို ထိုင်းမှိုင်းလှသည်။

ကျွန်တော့်အဖို့ကား အားလပ်သည့် အချိန်တိုင်း ကျောင်းဝင်းအတွင်းတွင်ရှိသော ဘားနဒ်စာကြည့်တိုက်တွင်သာ အချိန်ဖြုန်းလျက်ရှိသည်။ နံရံတွင် ကပ်မှီထားသော ဗီရိုကြီးများထဲတွင် စာအုပ်စာတန်း အမျိုးမျိုးတို့ဖြင့် ပြည့်နှက်လျက်ရှိသည်။ အချို့သော ဗီရိုကြီးများထဲတွင်ကား ရွှေရောင်များဖြင့် ဝင်းနေသော ပေစာထုပ်ကြီးများကိုတွေ့ရပါသည်။ ပေစာအချို့မှာ အတော်ပင် ဟောင်းနွမ်းနေပါပြီ။ ရှည်လျားသော စားပွဲကြီးပေါ်တွင် အင်္ဂလိပ် မြန်မာ မဂ္ဂဇင်း အစောင်စောင်ကို အစီအရီတင်ထားလေသည်။ စားပွဲကြီး၏ ဝဲယာတွင် ငြိမ်သက်စွာ ထိုင်လျက် စာကြည့်နေသူ လူကြီး လူငယ်များသည် မိမိတို့ကြည့်ရှုနေသည့် စာထဲတွင် စိတ်ဝင်စား နေကြဟန် တူပါသည်။ အခန်းကြီး တခုလုံးသည် တိတ်ဆိတ် ငြိမ်သက်လျက်ရှိလေသည်။ စာကြည့်တိုက် ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်များလည်းကိုယ့်အလုပ်နှင့်ကိုယ် မအားအောင် ရှိနေကြပါသည်။ အပြင် ခန်းတွင်ကား





အသက်၅ဝ ကျော်ခန့်ရှိအဘိုးကြီးတယောက်သည် ပေစာမူများကို ကူးယူနေလေသည်။

ဘားနဒ် စာကြည့်တိုက်နှင့်ပတ်သက်၍ ကျွန်တော့် မျက်စိထဲတွင် ယခုထက်ထိ မြင်ယောင်နေသူကား စာကြည့်တိုက်မှူး ဒေါ်နှင်းပင် ဖြစ်လေသည်။ ထိုစဉ်က အသက် ၃၀ ကျော်ခန့်ရှိမည်ဟု မှန်းဆရသည်။ ဆံထုံးမြင့်မြင့်ကို သေသေချာချာ ထုံးလျက် မြန်မာပီပီ ရိုးသားစွာ ဝတ်ဆင်ထားသည်။ တခါတရံ စားပွဲတွင်ထိုင်၍ အလုပ်လုပ်နေသည်။ တခါတရံ အခန်းကြီးထဲတွင် သွားလာရွေ့ရှားယင်း သောင်ရှက်ဖွယ် ကိစ္စများကို ဆောင်ရွက်နေသည်။ အဆောက်အအုံကြီးကား အိုမင်းရင့်ရော်လှပါပြီ။ ယခုတော့ ထိုအဆောက်အအုံကြီး မရှိတော့ပြီ။

(၅)

တခေါ်ခေါ်နှင့် ရက်တွေကို လစားခဲ့ပြီ။

ဝါလသီတင်းလည်း ကျွတ်လုပြီ။ သည်းထန်စွာ ရွာသွန်းခဲ့သော မိုးတို့သည်လည်း တဖြည်းဖြည်း ပါးခဲ့လေပြီ။ ပထမအစမ်းစာမေးပွဲလည်း ဖြေဆိုပြီးပြီဖြစ်၍ ကျောင်းပိတ်ရက်လည်း နီးကပ်ခဲ့လေပြီ။ သီတင်းကျွတ်ပွဲတော်အတွက် ဆယ့်လေးငါးရက် ကျောင်းပိတ်တော့မည်ဖြစ်၍ မိဘရပ်ထံသို့ ပြန်ရတော့မည်ဖြစ်သော ကျောင်းသားတို့သည် ရွှင်မြူးလျက်ရှိလေသည်။ ဆရာဝင်အသင်းကလည်း ကျောင်းပိတ်ရက်အတွင်းတွင် မြန်မာပြည်အနှံ့အပြားသို့ သွားရောက်ကာ ရာဇဝင်တွင် ထင်ရှားသည့် အဆောက်အအုံ နေရာဒေသ၊ ဘုရားပုထိုးများကို လှည့်လည်

www.burmeseclassic.com



ကြည့်ရှု ဖူးမြော်ကြယင်း ရာဇဝင်ဗဟုသုတ ရှာမှီးကြရန် စီစဉ်ထားလေသည်။ ကျွန်တော်လည်း ရာဇဝင်အသင်းသားတဦးဖြစ်သည့်အတိုင်း အသင်းသားများနှင့်အတူ လိုက်ပါလိုလှသည်။ တဦးလျှင် သုံးဆယ်စီ ထည့်ဝင်ရမည်ဖြစ်၍ ကိုကိုကျော်ထံသို့ အကျိုးအကြောင်း စာရေးလိုက်ရာ လိုအပ်သောငွေနှင့်အတူ လိုက်ခွင့်ပြုသည့် စာရရှိသောကြောင့် ဝမ်းသာ၍ မဆုံးတော့ပါ။ သို့သော် စိတ်အနှောင့်အယှက်တခု ဖြစ်နေပါသည်။ ထို့ကြောင့် ပျော်သင့်သလောက် မပျော်နိုင်ပါ။ အကြောင်းကား ကျွန်တော် နေမကောင်းဖြစ်စဉ်က မေမေအဖြစ် လူကြီးများဆင်ထားသည့် စိန်လက်စွပ်ကလေးသည် ပေါက်ဖော်ကြီးဆိုင်တွင် ရောက်နေခြင်းကြောင့် ဖြစ်လေသည်။ ကျွန်တော် ပို့ရခြင်းလည်း မဟုတ်ပါ။ ကျွန်တော့်အတွက်လည်း မဟုတ်ပါ။ မိတ်ဆွေကြီး ကိုဒံပေါက် လာရောက်ယူငင်သွားခြင်း ဖြစ်ပါသည်။

တနေ့သောစနေနေ့ နံနက်ခင်းက ကိုဒံပေါက် ရောက်လာပါသည်။ အလွန်အလွန် အရေးကြီးသော ကိစ္စတခုကြောင့် ကျွန်တော့် လက်စွပ်ကလေးကို ခေတ္တယူ၍ ပေါင်လိုပါသည်ဟု တောင်းတောင်းပန်ပန် ပြောလာသည်။ ကျွန်တော်သည် အတန်ကြာအောင် တွေဝေနေမိသည်။ အဘယ်မှာလျှင် လွယ်လွယ်ကူကူနှင့် ပေးချင်ပါအံ့နည်း။

''သိပ်အရေးကြီးလို့ပါဗျာ၊ နက်ဖြန်ခါ ရွေးပေးပါမယ်''

သို့နှင့် လက်စွပ်ကလေးသည် ကိုဒံပေါက်လက်ထဲ ရောက်သွားပါတော့သည်။ သူယူသွားသည်မှာ နှစ်လခန့်ရှိပါပြီ။ နောက်မှ ပေါင်၍ မြင်းလောင်းပစ်ကြောင်း သိရသည်။ ယခုထက်ထိ ပြန်မရသေး။ ယူသွားသူ ကိုဒံပေါက်ကိုင် တွေ့ရန် …ယ်ကူလှ။ ယခုလည်း ကျောင်းပိတ်တော့မည်။ ရာဇဝင် …သင်းနှင့် ဒေသန္တရ ဗဟုသုတ ရှာမှီးရန် ခရီးထွက်သောအခါ …လေးသို့ ရောက်ကြဦးမည်။ မန္တလေးရောက်လျှင် အိမ်ဝင် …ည် မဟုတ်ပါလား။ အိမ်ရောက်လို့ လက်စွပ်ကိုမမြင်လျှင် …ကြီးတွေက မေးကြတော့မည်။ မေးလျှင် ဘယ်လိုဖြေရမည် …နည်း။ ကျွန်တော်သည် တွေးမိတိုင်း စိတ်မအေးနိုင်အောင် ဖြစ် …ပါတော့သည်။ အခြားကျောင်းသားတွေ ရွှင်မြူးနေသည့် …ချိန်တွင် ကျွန်တော့်အဖို့ နေမထိထိုင်မသာ ဖြစ်နေလေသည်။

ကိုဒံပေါက်အိမ်ကို သွားရသည်မှာလည်း ခြေတိုတော့ …ည်၊ မတွေ့ပြန်လျှင်လည်း မော၍သာ ပြန်ခဲ့ရသည်။ ကိုဒံ …ပေါက် အငြိမ့်ဘယ်မှာကသည်ဟု ကြားလျှင်လည်း လိုက်ရ …သေးသည်။ သူနှင့်တွေ့လျှင်လည်း ကျောင်းမပိတ်ခင် ရွေးပေး …ပါမည်ဟု ကတိပေးသည်။ သည်လိုနှင့် ကျောင်းပိတ်မည့် ရက် …သည် ကပ်လာလေ၏။ နောက်တနေ့ဆိုလျှင် ခရီးထွက်ကြရ …တော့မည်။ မတတ်သာတော့ပြီ၊ နိုင်ပေါက်ကို ကိုင်ရလေတော့ …သည်။

မောင်ဒံပေါက်

ကျွန်ုပ်၏တပည့် မောင်ထွန်းတင်၏စိန်သုံးလုံးတန်၊ လက်စွပ်ကလေးကို မောင်ဒံပေါက် ငှားယူသွားကြောင်း၊ သိရသည်။ ယနေ့ ပြန်ပေးနိုင်လျှင် ပြန်ပေးပါ။ ယနေ့မှ ပြန်မရလျှင် မောင်ဒံပေါက်၏ ဆရာဦးဘိုးသင်ကို တိုင်ကြားရပါလိမ့်မည်။

မောင်ကံမြင့် (ဘိုဒါဆရာကြီး)
အစိုးရအထက်တန်းကျောင်း၊ ရန်ကုန်မြို့။







BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးကံမြင့် တကယ်ရေးသည့်စာ မဟုတ်ပါ။ သူငယ်ချ ကျောင်းသားတယောက်အား ရေးစေ၍ ကိုဒံပေါက်အိမ် အပို့ခိုင်းလိုက်ခြင်း ဖြစ်ပါသည်။ ကိုဒံပေါက်သည် သူ့ဆ ဦးဘိုးသင်ကို အလွန်ကြောက်သည်။ ရိုလည်းရိုသေသည်။ သူ အကြောင်းကို ဘယ်နည်းနှင့်မျှ ဦးဘိုးသင်ကို အသိမ မဟုတ်။ မှန်ပေသည်။ ကျွန်တော်တို့ တွေးထင်သကဲ့သို့ ညနေစောင်းတွင် ကိုဒံပေါက် ပြေးလာတော့သည်။

"အာဖြစ်လို့ ဆရာကြီးသွားတိုင်သလဲကွယ်"

ကိုဒံပေါက်သည် လက်စုပ်ကလေးကို ကျွန်တော့်လက် အပ်ယင်း တုန်တုန်ယင်ယင်နှင့် ပြောနေလေသည်။

"ကျွန်တော်က တိုင်တာမဟုတ်ဘူး၊ သူ့ဟာသူ သိသွ တာ။ ဝတ်တာမမြင်တော့ ဆရာကမေးတာပေါ့"

"တော်ပါသေးရဲ့ကွယ်၊ ဦးလေးများသွားတိုင်ယင် ဒုက္ခ ခေါ်ရိုက်လို့ ကိုယ့်ဒန္တာလေးတွေ ကြွေကုန်ရော့မယ်" သူ့ပါး သူကိုင်ယင်း သက်ပြင်းချ၍ ပြောလေသည်။

ကျွန်တော်သည် ဘာမျှမပြောပဲ ပြုံးရုံသာ ပြုံးနေလိုက် တော့သည်။

BURMESE CLASSIC .com

(၆)

ရထားတွဲကြီးတခုလုံး ကျွန်တော်တို့ ရာဇဝင်အသင်းသ ကျောင်းသားတွေနှင့် ပြည့်နေပါသည်။ ဆရာထဲကဆိုလ ဆရာဦးကံမြင့်နှင့် ဆရာဦးဘိုးဒန်တို့သာ ပါလာပါသည်။ ကျ တော်တို့တစတွေအတွက် သီးသန့်ရထားသော မီးရထားတွဲ





အမြန်ရထားတွင် ချိတ်ဆွဲခွင့် မရပါ။ ထို့ကြောင့် ဘူတာစဉ် ရပ်နေသည့် ရထားတွင် ချိတ်ဆွဲကာ ထွက်ခွာလာခဲ့ကြလေသည်။ ဘူတာစဉ်ရပ်နေသဖြင့် အချိန်ကုန်လှပေသည်။ ပျင်းစရာလည်း ကောင်းလှပါသည်။ စာပို့ရထားကြီးတွေ လိုလည်း မြန်မြန် ဆန်ဆန်မရှိလှ။ တညဥ့်အိပ်ပြီးမှ ကျောက်ဆည်ဘူတာသို့ရောက် လာပါတော့သည်။ ကျောက်ဆည်တွင် ကျွန်တော်တို့ ရထားတွဲကို ဖြုတ်ထားခဲ့လေသည်။ အစား အသောက် အတွက် ကျောင်းမှ ထမင်းချက်တော့ပါလာ၍ ပူစရာမရှိ။

နံနက်လင်းလျှင် ကျောက်ဆည် တောင်ပေါ်သို့ တက်ကြသည်။ သီချင်း တကြော်ကြော်နှင့် ရှင်မြူး နေကြလေသည်။ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဆင်ပွဲနှင့်လည်း ကြုံကြိုက်နေသဖြင့် တောင်ပေါ်ရော မြို့ထဲပါ ပရိသတ် စည်ကားလျက်ရှိလေသည်။ ကျောက်ဆည်နား တဝိုက်ရှိ အရပ်ရပ် အရွာရွာမှ မိန်းမ ယောကျ်ားတို့သည် လှဝင်းသော ဆင်ရုပ်များနှင့်အတူ အစုလိုက် အအုပ်လိုက် ကခုန် မြူးထူးနေကြလေသည်။ မြန်မာမင်းများ လက်ထက်က သည်အချိန်တွင် တကယ့်ဆင်များကို ဖမ်းဆီးရမိ၍ ပွဲများကျင်းပသော အချိန်ဟု ပြောကြပါသည်။ ညနေစောင်းတွင် နော်ရထာမင်းစော တည်ခဲ့သော ဆည်မြောင်းများကို သွားရောက်ကြည့်ရှုကြပါသည်။ ထိုနေ့ ဆည်းဆာချိန်တွင် နောက် ရထားတစင်း ရောက်လာ၍ ကျွန်တော်တို့ ရထားတွဲကို ချိတ်ဆွဲကာ မန္တလေးမြို့ဆီသို့ ဆက်လက် ခုတ်မောင်းလာလေ၏။

မန္တလေးမြို့တွင် သုံးရက်ခန့် နေကြသည်။ အစိုးရနော်မ ကျောင်းတွင် ကျောင်းသားများ တည်းခိုကြသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကတော့အိမ်သို့ပြန်နေပါသည်။ မန္တလေးမြို့ကားကိုယ့်မြို့ဖြစ်နေ၍ သွားရာသို့ မလိုက်တော့ပဲ အိမ်မှာပင် အချိန်လွန်စေပါသည်။ ထိုမှတဖန် စစ်ကိုင်းဘက်သို့ ကူးကြပါသည်။ စစ်ကိုင်းမြို့ပေါ်မှ ဘုရားများအပြင် ကောင်းမှုတော်စေတီတော်ကြီးသို့သွားရောက် ဖူးမြော်ကြပြီးနောက် မုံရွာသို့ မီးရထားနှင့်ပင် ခရီးဆက်ကြသည်။ ထိုမှ ဖိုးဝင်းတောင်သို့ သွားကြသည်။ မြားမြောင်လှသော မျောက်တိရစ္ဆာန်များကို တောင်ပေါ်တွင်တွေ့ရသည်။ မုံရွာမှ မိုးညှင်းတောရသို့လည်း ကားနှင့်သွားရောက်ကြသည်။ မိုးညှင်း ဆရာတော်ကြီး၏ ကျောင်း ပ ရ ဝဏ်သည် အ ရိပ်အာဝါသနှင့် သာတောင့် သာယာ ရှိလှသည်။ ကမ္ဗဋ္ဌာန်းကျောင်းငယ်ကလေးများသည် ကျောင်းဝင်းအတွင်းဝယ် စီရရီတည်ရှိနေလေသည်။ ယောဂီဝတ် အမျိုးသမီးကြီးငယ်များကိုလည်း တွေ့ရသည်။ စာရေးတွင်မမွေ့လျော်ဟန်ရှိသောယောကျ်ားကြီး ယောကျ်ားငယ်များကိုလည်း တွေ့ရသည်။

ဆရာ ဦးကံမြင့် ရှေ့ဆောင်သော ကျွန်တော်တို့ တတွေသည် ဆရာတော်ကြီးကို ဝင်ရောက်ဖူးမြော်ကြလေသည်။ ဆရာတော်ကြီး သီတင်းသုံးရာကျောင်းသခ်မ်းကားမကြီးလွန်းမငယ်လွန်း၊ ဝါးထရံကာ၊ ဝါးကပ်မိုး၊ တထပ်ကျောင်းကလေး ဖြစ်လေသည်။ ကျွန်တော်တို့သည် ခေတ္တမျှ စောင့်နေကြရသေးသည်။ ဆရာတော်ကြီးသည် ထိုအခါက မမာမကျန်းပြီးစအချိန်ဖြစ်သည်။ ကျွန်တော်တို့ ရောက်နေကြောင်းကို သိသောအခါ ကန့်လန့်ကာကာထားသော အခန်းတွင်းမှ ဖြည်းညှင်းစွာ ထွက်လာသည်။ ဦးပဉ္ဇင်းငယ်တပါးသည် ပေးမ၍ ခေါ်ဆောင် လာလေသည်။





င်းထားအပ်သော နေရာ၌ထိုင်မိလျှင် ကျွန်တော်တို့တတွေသည် ဦးသုံးကြိမ်ချ၍ကန်တော့ကြလေသည်။

“အင်း၊ ဒကာကြီးက ဘယ်ကလာသတုံး”

ဆရာတော်ကြီးကစ၍မေးလေသည်။

“တပည့်တော်တို့က ရန်ကုန်ကပါဘုရား”

ဆရာဦးကံမြင့်သည်၎င်းသို့ အစချီကာအားလုံးကျောင်းသားတွေနှင့် ကျောင်းဆရာတွေ ဖြစ်သည့်အကြောင်း လျှောက်ထားလေသည်။

“ခေါင်းဆောင်က ဘယ်သူတုံး”

“တပည့်တော်ပါဘုရား”

ဦးကံမြင့်က လျှောက်လေ၏။

“နာမည်က ဘယ်သူတုံး”

“မောင်ကံမြင့်ပါ ဘုရား”

“ကျောင်းဆရာလား”

“မှန်ပါဘုရား”

“အင်း၊ ကျောင်းဆရာတကာမောင်ကံမြင့် ကလဲ ဟုလားလို တော်သားသကိုးကွယ့်”

ဆရာတော်ကြီးသည် သူ့ရှေ့တွင် ကာကီဘောင်းဘီတိုနှင့် အင်္ကျီတော်အနေရအထိုင်ရကြပ်နေသော ဆရာဦးကံမြင့်ကို ကြည့်င်း ပြုံး၍ မြွက်ဟလိုက်လေ၏။ ဆရာဦးကံမြင့်သည်ပို၍ အနေကြပ်သွား ရလေသည်။ ဒူးတုပ်ထိုင်နေသဖြင့် လက်ငါးသစ်ခန့်စိ ကြက် နေသော ဒူးဖူးကြီးနှစ်လုံးကို လက်ဝါးနှင့်အုပ်ရင်း ပြုံးကြီးပြုံးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ခရီးသွားတဲ့ အခါမို့ သွားလို လာလို လွယ်အောင် ဝတ်တာပါဘုရား"

ဦးကံမြင့်သည် ထိုသို့လျှောက်ပြီး ငြိမ်နေလေ၏။ ထိုနောက် ဆရာတော်ကြီးနှင့် အတန်ကြာအောင်ပင် စကားစမြည် ပြောကြပြီးနောက် ကျောင်းဝင်းအတွင်း လှည့်ပတ် ကြည့်ရှုပြီးလျှင် ပြန်လာခဲ့ကြပါသည်။

မုံရွာမှတဖန် ပခုက္ကူသို့သင်းဘောနှင့်လာကြသည်။ ပခုက္ကူတွင်ခေတ္တဝင်ရောက်ကာ ဝယ်စရာ ခြမ်းစရာများကို ဝယ်ယူကြပြီးနောက် ညောင်ဦးသို့ သင်းဘောဆက်၍ စီးကြပါသည်။ ညောင်ဦးမြို့၌ သင်းဘောဆိပ်နှင့် မနီးမဝေးတွင် တည်ရှိသော အမျိုးသားကျောင်း အဆောက်အအုံ (ယခုမရှိတော့ပြီ) တွင် တည်းခိုကြသည်။ ညောင်ဦးတွင် သုံးညခန့် အိပ်ရလေသည်။ 'လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်း' ဟူသော စကားနှင့် အညီ များလှသောင်းသောင်း ပုဂံဘုရား စေတီ ပုထိုး ပေါင်းကို တွေ့ကြုံ ဖူးမြင်ရလေသည်။

'မယ်တို့ကြွားကုန်လော့'

'မောင်တို့ကြွားကုန်လော့' အစချီသည့် 'ဆရာဇော်ဂျီ' ၏ 'ရှေးခေတ်ပုဂံပြည်' ကဗျာကိုလည်း သတိရစရာ ဖြစ်ပါတော့သည်။ ရွှေစည်းခုံ စေတီတော် ရင်ပြင်ပေါ်တွင် ရင်လျက် ပုဂံခေတ် အခါက တပြည်လုံးကို စည်းရုံးနိုင်ခဲ့သော အနော်ရထာမင်းစောကိုသတိရမိသည်။ ကျောက်မြင်းရုပ်နှင့် ကျွန်စစ်သား ရုပ်တုကိုကြည့်ယင်း ကျန်စစ်သား၏ စွမ်းရည်သတ္တိများနှင့် တကွ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး ဟူသော သူရဲကောင်း တွေကို မြင်ယောင် ထင်ယောင် မိပါသည်။ အာနန္ဒာ ပုထိုးကို





ကြည့်လည်း ဖူးမြော်ယင်းက မြန်မာတို့၏ လက်မှုပညာသည်ကမ္ဘာကျော်နိုင်သည် တကားဟု မာန်တက်မိပါသည်။ ဂေါတော့ပလ္လင်၊ သဗ္ဗညု၊ ဗူးစေတီ အစရှိသည်တို့ကိုဖူးမြော်ရသောအခါ၌ လည်း ရှေးခေတ် ပေါက္က ပြည်ကြီး ကြွယ်ဝနေသည့်ပုံ၊စည်ကားနေသည့် ပုံများကို တရေးရေးမြင်ယောင် နေမိတော့သည်။

တနေ့လုံးပင် ထိုအနီးအနားတဝိုက်၌ ရှိသော ရာဇဝင်တွင် ဝင်ရှားသည့် နေရာအသီးသီးကို လှည့်လည်ကာ ကြည့်ရှု မှတ်သားကြပြီးနောက် ညနေစောင်းမှ တည်းခိုရာ နေရာသို့ပြန်လည် လာကြပါတော့သည်။

ညဉ့်အချိန်တွင် ညောင်ဦး မြို့တွင်းမှ ဆိုင်းသံကြားရ၏။ ဆိုင်းသံကြားရသော် မနေနိုင်မထိုင်နိုင် ဖြစ်လာကြသည်။ ဆရာဦးကံမြင့်ထံမှ အခွင့်တောင်းကာ ကျွန်တော်နှင့် သူငယ်ချင်း ငါးယောက်တို့သည် ဆိုင်းသံကြားရာသို့ ထွက်လာခဲ့ကြသည်။ ကြာခင် မြို့လယ်ရှိ ပွဲဈေးတန်းသို့ ရောက်လာ ကြပါသည်။ ဓာတ်မီးတွေနှင့် ထိန်ထိန်လင်းနေလေသည်။ ပွဲဈေးတန်းကြီးသည်၊ စည်းကားလှပါသည်။ ပွဲခင်းကြီးတခုလုံးသည် ပွဲကြည့်ပရိသတ်တွေနှင့် ပြည့်နှက်လျက် ရှိသည်။ ကျွန်တော်တို့ ရောက်သောအခါ အပျိုတော် ထွက်နေလေပြီ။ ကျွန်တော်တို့လည်း မုန့်ပဲသားရေစာများကို ဝယ်စားယင်း လမ်းသလားနေကြပါသည်။ ဇာတ်ပွဲပင် ဖြစ်သော်လည်း အငြိမ့်စင်လို ဆောက်လုပ်ထားသဖြင့် ဖီးလိမ်း ဝတ်စားနေသည့် မင်းသမီး မင်းသားများကို ခပ်လှမ်းလှမ်းမှပင် မြင်ရလေသည်။ ကျွန်တော်တို့ကလည်း မင်းသမီးတို့၏ ရုပ်ရည်ရူပကာယကို နီးနီးကပ်ကပ်ရှုစားလိုကြသောကြောင့် ပွဲစင်နားသို့ ကပ်လာကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ကိုယ့်မျက်စိကိုပင် ကိုယ်မယုံနိုင်အောင်ဖြစ်သွားပါသည်။ ပွဲစင်ပေါ်တွင် ဘေးတစောင်း ထိုင်ကာ ဖီးလိမ်းဝတ်စားနေသူကလေးသည် 'ဝမ်းစမိုးမြည့်နှံ့' မဟုတ်ပါလား။ ကျွန်တော်သည် ရှေ့တိုးသွား၍ ကြည့်မိပါသည်။ မှန်ပါသည်။ သူသည် ဝမ်းစမိုးမြည့်နှံ့ပင် ဖြစ်ပါသည်။ ကျွန်တော်တို့အိမ်တွင် တလခန့် တည်းခိုသွားသော ဝမ်းစမိုးမြည့်နှံ့။ ကိုသောင်ကြီးနှင့် ကိုရှင်တို့ အပြိုင်အဆိုင် ပိုးပန်းလိုက်ကြသည့် မြည့်နှံ့။ နောက်ဆုံးတွင် နှစ်ယောက်စလုံးကို ကျွန်ရစ်ဖြစ်အောင် လုပ်သွားသည့် မြည့်နှံ့။ ကျွန်တော်သည် သူ့ကို စိုက်ကြည့်နေမိပါသည်။

"ဟေ့....ဘာလဲကွ" အနီးအနားတွင်ရှိသော သူငယ်ချင်းက ကျွန်တော့်လက်ကို ကုတ်၍ မေးလေသည်။

"ဝမ်းစမိုးမြည့်နှံ့ကွ" ဟုကျွန်တော်က သူ့ကို လှည့်မကြည့်ပဲ ပြောပါသည်။

"ဟေ....ဘယ်မလဲ"

"မင်းနဲ့ သိသလား"

"သိလို့ပေါ့ကွ"

"ဒါဖြင့် နိုပ်တာပဲဟေ့" အခြားတယောက်၏ အသံထွက်ပေါ်လာပြန်သည်။

"နှုတ်ဆက်ပါကွ" သည်အသံက တမျိုး။

"လုပ်ကွာ၊ ရှေ့တိုးပြီးခေါ်ပါကွ" သည် အသံက တဖုံ။

"မင်းမခေါ်ရဲယင် ငါခေါ်လိုက်မယ်ဟေ့" သည်အသံက တနည်း"

ကျွန်တော်သည် သူငယ်ချင်း အပေါင်းတို့၏ တယောက်တမျိုး ထောက်ခံ တိုက်တွန်းနေပုံကို နားထောင်ယင်း ပီတိ





ဖြစ်နေစဉ် ကျွန်တော် မကြားဖူးသည့် အသံစိမ်း တခုကို ရုတ်တရက် ကြားလိုက်ရပါသည်။

"ဒီငနဲတွေ ဘာလာရှုပ်နေတာလဲ"

သည်အသံကြောင့် ကျွန်တော်၏ သူငယ်ချင်းများလည်း ငြိမ်ကျသွားပါသည်။ ကျွန်တော်လည်း အသံလာရာသို့ ဖြည်းညင်းစွာ လှည့်ကြည့်လိုက်ပါသည်။ လားလား၊ တုတ်တုတ်ခိုင်ခိုင် လူကြီး တယောက်သည် ဝါးရင်း တုတ်ကြီးကို အင်းအင်း ကြပ်ကြပ် ကိုင်လျက် ကျွန်တော်တို့ တတွေကို စားတော့မလို ဝါးတော့မလို ကြည့်နေသည်ကို တွေ့ရပါသည်။ သူ့ အနားတွင်လည်း ပုလင်းကိုင်ထားသူ နှစ်ယောက်နှင့် တုတ်ကိုင်ထားသူ နှစ်ယောက် ရှိပါသေးသည်။ သူတို့ကလည်း ကျွန်တော်တို့တတွေကို မျက်ခြည်မပြတ် ရှုစားနေကြပါသည်။ ဝမ်းစမိုးမြည့်နှံ့ကို အဘယ်မှာ ကြည့်နေနိုင်တော့အံ့နည်း။ ကျွန်တော်တို့ ငါးဦးသားတို့သည် တဦးကို တဦး လက်တို့ကာ ထိုနေရာမှ အောင်မြင်စွာ ဆုတ်ခွာခဲ့ရပါတော့သည်။

ပုဂံ ညောင်ဦးမှ ကျောက်ပန်းတောင်းသို့ ကားနှင့်ထွက်ခွာလာခဲ့ကြသည်။ ထိုမှတဖန် ပုပ္ပားတောင်ကလပ်သို့ ဆက်လက်သွားကြပါသည်။ သွားရာလမ်းခရီးကား သာတောင့်သာယာရှိလှပါသည်။ တောင်ကလပ်ခြေရင်းသို့ မရောက်မီ ကုန်းမြေမြင့်ပေါ်သို့ မော်တော်ကားသည် တက်သွားလေသည်။ ခပ်လှမ်းလှမ်းမှပင် တောင်ကလပ်ကြီးကို အထင်အရှား မြင်ရလေသည်။ တောင်ကလပ်နှင့်တကွ အနီးအနားတွင်ဝိုင်းရံလျက်ရှိသော တောင်တန်းများတွင် မြူတွေ ဆိုင်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

တောင်ကလပ်ခြေရင်းတွင် မော်တော်ကားကို ရပ်ကြပြီးလျှင် တောင်ကလပ်ပေါ်သို့ တပျော်တပါးကြီး တက်ကြလေသည်။ ကျွန်တော်သည် မတ်စောက်သည့် သံလှေကားများကိုတထစ်ပြီး တထစ် တက်သွားယင်းက စာအုပ်များတွင် ဖတ်ဖူး၍ ဇာတ်ပွဲများတွင် ကြည့်မြင်ဖူးသော မောင်ဗျတ္တနှင့် မယ်ဝဏ္ဏ မောင်နှံတို့ကို တရေးရေး မြင်ယောင်နေမိတော့သည်။

တောင်ထိပ်သို့ရောက်သောအခါ လေသည် တဟူးဟူးတိုက်ခတ်လျက်ရှိနေသသည်။ လေဟုန်ကြောင့် ဆံပင်တို့သည် ဖွာရရာကြဲကုန်တော့သည်။ တောင်ကလပ်၏ မျက်နှာပြင်သည် ညီညာလှပါသည်။ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်လျှင် ဦးခေါင်းမူးဝေစရာကောင်းလှသည်။ အချို့သော တောင်ထိပ်တို့ပင်လျှင် ကျွန်တော်တို့ ရပ်နေသော နေရာထက် နိမ့်နေသည်ကို တွေ့ရသည်။ တောင်ထိပ်ပေါ်၌ စေတီတော်ကို ဖူးမြော်ကြပြီးနောက် လေခတ်သဖြင့် တဖျတ်ဖျတ်လှုပ်ကာ တချင်ချင် မြည်နေသော ဆည်းလည်းသံကို နားထောင်ယင်း မတ်စောက်သော သံလှေကားမှ ပြန်ဆင်းလာခဲ့ကြပါသည်။ ဆည်းလည်းသံသည် တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ရစ်လေ၏။

ကျောက်ပန်းတောင်းတွင် တညအိပ်ကြပြီးနောက် မီးရထားနှင့်ပင် ရန်ကုန်အရောက် ပြန်ခဲ့ပါသည်။

(၈)

ရန်ကုန်ပြန်ရောက်၍ နှစ်ရက်ကြာသောအခါ ကျောင်းပြန်ဖွင့်ပါတော့သည်။





စာမေးပွဲကျင်းပရန် ၆-လခန့်သာ လိုတော့သဖြင့် ကျောင်းသားအပေါင်းတို့သည် စာကိုသာ ကြိုးစားနေကြရလေသည်။ တနေ့ပြီးတနေ့ လွန်မြောက်ခဲ့ပြန်ရာ ဒုတိယ အစမ်းစာမေးပွဲ ကျင်းပပြန်လေသည်။ စာမေးပွဲပြီးလျှင် အင်္ဂလိပ်နှစ်သစ်ကူး အတွက် ကျောင်းပိတ်ပြန်သည်။ ဗိတခါ ကျောင်းပိတ်လျှင် ကျောင်းပိတ်ရက်ကို မည်သို့ အသုံးချရမည်နည်း။ ကျောင်းပိတ် ရက်ဟာ မရှည်လှသဖြင့် နေရင်းဌာနသို့ ပြန်ရန်လည်း မဖြစ်၊ သည့်အတွက် ဘိုကလေးမှ မောင်တင်-မောင်စိုး ညီအစ်ကိုအပြင် မြမ်းပြည်မှ စံလော၊ မြန်မာကျွန်းပေါ်ဘက်ဆီမှ ခင်မောင်တင် တို့နှင့် တိုင်ပင်၍ တယောက်လျှင် ၁၅-ကျပ်စီစုကာ ကျိုက်ထီးရိုးသို့ ဘုရားဖူး သွားကြပါသည်။

သူငယ်ချင်းငါးယောက်မှာ လွတ်လွတ်လပ်လပ်ကြီး ပျော်မြူးနေကြလေသည်။ ညတွင်းချင်းပင် တောင်ပေါ်သို့ တက်ကြရာ မှောရပန်းရမှန်းမသိ။ တလမ်းလုံးလည်း ဘုရားဖူးတွေနှင့် ပြည့်နှက်လျက် ရှိပါတော့သည်။ ဆင်းသူဆင်း၊ တက်သူတက်နှင့် ပျော်စရာကောင်းလှပါသည်။ အပျို၊ အအို၊ လူကြီး၊ သူငယ်တို့သည် ကျိုက်ထီးရိုးသို့ သွားရာလမ်းတွင် တွေ့လျှင် ရင်းရင်းနှီးနှီး ဖြစ်သွားကြလေသည်။

ကျွန်တော်တို့သည် တောင်ပေါ်တွင် တညအိပ်၍ ပြန်လာကြပါသည်။ ပဲခူးတွင် တညဝင်အိပ်ရာ လူရွှင်တော် မိတ်ဆွေကြီး ကိုဒံပေါက် အငြိမ့်နှင့် တိုးနေပြန်ပါသည်။ ပွဲမတက်မီ ကျွန်တော်နှင့် တွေ့၍ ညောင်ဦးတွင် ဝမ်းစေမိုး မြသွန်းကို တွေ့ခဲ့ကြောင်း ပြောပြရာ သူသည် မြသွန်းအကြောင်း ကြားချင်ဇောနှင့် မောသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

''ဘယ့်နှဲ့နေသလဲဗျ၊ အယင်လို လှသေးရဲ့လား။ အဆိုကော ကောင်းသေးရဲ့လား၊ သူဆိုတဲ့ ပေါ်ကွ ပုန်းရည် သီးချင်းဟာ သိပ်ကောင်းတာဗျ။ ပြီးတော့ ကျွန်တော့်ကော မမေးဖူးလား။ သူနဲ့အဘူ ကမုတုန်းက သိပ်ပျော်တာပဲဗျာ။ ပြောစမ်းပါဦး။ ကျွန်တော့်အကြောင်း ဘာပြောသေးတုံး''

ကိုဒံပေါက်သည် ကျွန်တော့်အပြောကိုပင် တခုစီ မစောင့်ဆိုင်းနိုင်တော့ပဲ ကရားရေလွှက် တတွတ်တွတ် မေးပြော ပြောနေလေသည်။

''မြင်ရုံသာ မြင်ခဲ့တာဗျ၊ ညောင်ဦးသားတွေ ရိုက်မှာစိုးလို့ နှုတ်မဆက်ခဲ့ရဘူး'' ဒီလို ကျွန်တော်က ဖြေလိုက်ရာ ကိုဒံပေါက်သည် ''အမယ်လေးဗျာ''ဟု လေးလေးပင်ကြီး ရေရွတ်လိုက်လေသည်။

ကျောင်းသို့ ပြန်ရောက်၍ နောက်တနေ့တွင် ကျောင်းပြန်ဖွင့်သည်။ စာမေးပွဲကြီးသည် တနေ့တခြား နီးကပ်လာပြီဖြစ်၍ ရင်တဖိုဖို ဖြစ်လာပါတော့သည်။ ကိုယ့်ကိုယ်ကိုတော့ အောင်မည်ဟု ထင်ပါသည်။ သို့သော် စိတ်မချရသေး။ ညဥ့်အချိန်တွင် အတော်ညဥ့်နက်အောင် စာကြည့်ရသည်။ မျက်စိကလည်း အတော်အကျင့်ဆိုးလှသည်။ စာမေးပွဲနီးလာလေလေ စောစောစီးစီး အိပ်ချင်လေလေ။ ဆယ်နာရီ ဆယ့်တနာရီထက် ပို၍ မနေနိုင်။ အချို့ကျောင်းသားများသည် နံနက်စောစောကြီး ထကြည့်ကြသည်။ ကျွန်တော်အဖို့တော့ ဘယ်တော့မှ စောစော မထနိုင်။ တညလုံး မအိပ်ပဲ အားထင်း၍နေလျှင် ရကောင်း ရဦးမည်။ သည်လိုနှင့်ပင် စာမေးပွဲစစ်မည့် နေ့ရက်သို့ ရောက်ခဲ့သည်။ ငါးရက်လောက် ကြာသောအခါ ဖြေပြီးသွားပါသည်။





ဘာပဲဖြစ်ဖြစ် ရင်ထဲမှာတော့ ပေါ့သွားပါပြီ။ ခေါင်းလည်း ရှင်းသွားပါပြီ။ ရန်ကုန်ထဲတွင် အားရပါးရကြီး လျှောက်လည်လိုက်သည်။ အိမ်အပြန်အတွက် ဝယ်စရာ ခြမ်းစရာများကို လိုက်ဝယ်ရသည်မှာလည်း အမော။

တူမငယ် စိန်စိန်ရီအတွက် မှာတ်ပြားများ၊ မမသန်း၊ မမကြီးတို့အတွယ် တိုက်ပန်းခိုင်များ၊ အိမ် နား နီး ချင်း မိဘ်ဆွေ သင်္ဂဟများကိုပေးရန် တိုလီမိုလီများ။ ဒီလို လက်ဆောင်တွေ မပါလျှင် မဖြစ်။ မိမိ ရန်ကုန်လာစဉ်က သူတို့ဆီက လက်ဆောင်တွေ ယူလာခဲ့သည် မဟုတ်လား။ နောက်တခါ ရန်ကုန်လာလျှင် သူတို့ကလည်း ပြန်လည်ပေးကမ်းကြဦးမည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

## တက္ကသိုလ်ကျောင်းသား

(၁)

၁၉၃၇-ခုနှစ်။

တက္ကသိုလ်သို့ သွားရတော့မည်။

မသွားမီ နွေဥတု ကျောင်းပိတ်ချိန်တွင် မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများသမဂ္ဂ၏ ဒုတိယအကြိမ်မြောက် ညီလာခံသဘင်ကြီး ကျင်းပသည်။ ကျင်းပသည့်နေရာကား မန္တလေးမြို့ အမျိုးသား အထက်တန်းကျောင်းတွင် ဖြစ်လေသည်။ မြန်မာပြည် အရပ်ရပ်မှ ကျောင်းသားကိုယ်စားလှယ်များ အစုံအညီ တက်ရောက်နေကြသည်။ တက္ကသိုလ်မှ ကျောင်းသားခေါင်းဆောင်များကိုလည်း ထိုနေရာတွင် တွေ့မြင်ရလေသည်။ ကိုအောင်ဆန်း၊ ကိုလှရွှေ၊ မစ္စတာရာရှစ်၊ ကိုညွန့်၊





ကိုထွန်းတင်၊ ကိုစိန်း၊ ကိုဗဟိန်း၊ ကိုသိန်းအောင်၊ ကိုခင်မောင် လေးတို့ကို တွေ့ရသည်။ ကျွန်တော်လည်း ထိုနေရာတွင် ရောက် နေပါသည်။ မည်သည့်ကျောင်း၏ ကိုယ်စားလှယ် အဖြစ်နှင့်မျှ ရောက်ရှိနေခြင်း မဟုတ်ပါ။ သပိတ်မှောက်စဉ်က သိဟောင်း ကျွမ်းဟောင်း ရဲဘော်ရဲဘက်များ ပါနေသောကြောင့် ဆောင် ရွက်ဖွယ် ကိစ္စအဝဝတို့ကို ကူညီဆောင်ရွက်ရန် ရောက်ရှိနေခြင်း ဖြစ်ပါသည်။ ညီလာခံသို့ ရောက်ရှိလာကြသည့် ကျောင်းသူ ကျောင်းသားများအား ထမင်းကျွေးရန် 'အိုးသူကြီး' အဖြစ် တာဝန်ယူဆောင်ရွက်ရသည့်သူမှာ မန္တလေးသား ကိုစိန်းဖြစ်ပါ သည်။ ကျွန်တော်သည် သူ့အား အကူအညီပေးယင်း ထမင်းပွဲ ပြင်ခြင်း၊ ပန်းကန်သိမ်းခြင်း အစရှိသည့် ဝေယျာဝစ္စကိစ္စများ ကို လုပ်ကိုင်နေရပါသည်။ ကျွန်တော်တို့ မီးဖိုချောင် တာဝန်ခံ များသည် အများကို ကျွေးပြီးသည့် နောက်ဆုံးမှ စားကြရ သည်။ အများအားဖြင့် ထမင်းရောဟင်းပါ တက်တက်ပြောင် နေတတ်သည်က များသောကြောင့် အစာငတ်ခံကြရသည်တာ များသည်။

ညီလာခံကျင်းပရာ အမျိုးသား ကျောင်းကြီးသည် မြန်မာ ဆန်ဆန် ဆောက်လုပ်ထားသဖြင့် စုလစ်မွန်းချွန်များ အနည်း ငယ် တပ်ထားသောကြောင့် အလွန် ကျက်သရေ ရှိလေသည်။ ထိုကျောင်း အဆောက်အအုံကြီးမှ အဆင်းမုခ်ဦး အလံတိုင် မြင့်မြင့်တွင် ကျောင်းသားတို့၏ ခွပ်ဒေါင်း အလံကြီးသည် တလူလူ လွင့်နေလေသည်။

ကျွန်တော်တို့ မန္တလေးကား နေပူလှပါသည်။ ဖုန်ထူလှပါ သည်။ မော်တော်ကားစိမ်းကြီးနှင့်ဓာတ်ရထားစိမ်းကြီးတို့သည်



www.burmeseclassic.com

www.burmeseclassic.com



နံနက်တခါ နေ့လယ်တခါ ဖုန်သိပ်စေခြင်းငှာမည်မျှပင်ရေဖျန်း ဖျန်းနေမင်း၏ အပူရှိန်ကို မနိုင်နိုင်ပါ။ ခဏကြာလျှင်ဖုန်တို့သည် ထမြဲတိုင်းထကြွကုန်သည်။ လမ်းမကြီးဆီမှ ဖုန်တို့သည် မကြာခဏပင် လေဟုန်းစီးကာညီလာခံကျောင်းပရာအမျိုးသားကျောင်း ဝင်းအတွင်းသို့ ရောက်လာကြလေသည်။

ထမင်းစားခန်းအပေါက်ဝတွင်ရှိ စားပွဲတလုံးတွင် ကျောင်းသားကြီးတွေ ဝိုင်းထိုင် နေတတ်ကြလေသည်။ ထိုစားပွဲပေါ်တွင် ကိုသိန်းဖေရေးသည့် 'တက်ဘုန်းကြီး' စာအုပ်တွေ ထပ်ကြီးတင် ထားလေသည်။ ထိုစာအုပ်များကို ရန်ပုံငွေ အတွက် ရောင်းနေခြင်းဖြစ်ဟန် တူပါသည်၊ အသေအချာတော့ မမှတ်မိတော့ပါ။ သို့သော် မှတ်မိတာ တခုတော့ ရှိပါသည်။ တက်ဘုန်းကြီးစာအုပ်ကို အခြေပြု၍ သာသနာရေး ကိစ္စများကိုဆွေးနွေးဝေဖန်နေကြသည်။

ညီလာခံသဘင်ကြီးကား နှစ်ရက်လား သုံးရက်လားကြာပါသည်။ မည်သည့် အဆိုတွေ သွင်း၍ မည်ကဲ့သို့သော မိန့်ခွန်းစကားတွေကို ပြောကြပါသလဲ။ သည်ဟာတွေကိုတော့ ကျွန်တော် သတိမရတော့ပါ။ သို့သော် မျက်စိထဲတွင် စွဲနေရစ်သည့် ပုဂ္ဂိုလ်သုံးဦးရှိပါသည်။ သူတို့ကား နေရှူး၊ သူ့ သမီးအင်ဒရာနှင့် အောင်ဆန်း။

တနေ့သော အစည်းအဝေးတွင် နေရူးနှင့်သူ့ သမီး အင်ဒရာ တက်ရောက်လာကြလေသည်။ သူတို့ကိုကျောင်းသားကြီးများက ခရီးဦးကြိုပြုကာ အစည်းအဝေးခန်းမကြီး အတွင်းသို့ ခေါ်ဆောင် လာလေသည်။ ဂျဝဟာလာနေရူးသည် တကိုယ်လုံးပင်





င်းရင်းဖြစ် ချည်ထည်အဖြူများကို ဝတ်ဆင် ထားလေသည်။ ဦးထုပ်ပါးကလေးက အဖြူ၊ အင်္ကျီခပ်ရှည်ရှည်အဖြူ၊ ဒိုတီအဖြူ၊ သူ့ နှာခေါင်းသည် ပေါ်လွင်၍ သူ့ မျက် လုံး အစုံ သည် တောက်ပနေလေသည်။ သူ့ ချစ်သမီး အင်ဒရာသည် အဝါနုဆာရီကိုဝတ်ခြုံ၍ ဖခင်နောက်မှကပ်ပါလာလေသည်။ ကြီးပွားရေး မဂ္ဂဇင်းများတွင် နေရှူးကယောင်တွင်းမှ သူ့ ချစ်သမီးထံ စာ များကို ဖတ်ဖူးနေသည့် ကျွန်တော်သည် စာရေးသူ ဖခင်နှင့် စာလက်ခံသူ သူ့ သမီးကို အသေအချာ ကြည့်နေမိတော့သည်။ အင်ဒရာသည် အရှေ့တိုင်း၏ အလှကို ပေါ်လွင် နေလေသည်။

နေရူးသည် မိန့်ခွန်းစကား အနည်းငယ်ပြောပြီးနောက်သမီး နှင့် အတူပြန်သွားလေသည်။ ပြီးလျှင် ကိုအောင်ဆန်း မိန့်ခွန်း ပြောလေတော့သည်။ သူသည် အစည်းအဝေး၏ သဘာပတိဖြစ် သည်။ ပင်နီအင်္ကျီနှင့် ပိုးလုံချည်အနီကို ဝတ်ဆင်ထားလေ သည်၊ သူသည် စကားလိုအားရပါးရ ပြောနေလေသည်။ ပြော ခပ်ခလေးလေးပင် ထစ်ထစ်ငေါ့ငေါ့နှင့် ပြောနေလေသည်။ ကြာ၍ အရှိန်ရလာသောအခါ သွက်လာလေသည်။ အထစ် ငေါ့လည်း စောစောကလောက် မရှိတော့ပေ။ ကြာလာလေ ဒေါပါလာလေလေ။ စားပွဲနောက်မှပြောနေရာမှ တဖြည်း စားပွဲစွန်းသို့ ရောက်လာသည်။ နောက်စားပွဲရှေ့သို့ရောက် လေသည်။ ကျောင်းသားကျောင်းသူများသည် စိတ်ဝင် နားထောင်နေဟန်မတူပါ။ တခါတရံ ကျက်ဇီကျက်စီ ပါသည်။ မိန့်ခွန်းကလည်း ရှည်လျားလှပါဘိသည် ယင်းပြောယင်းပင် သူ့ လုံချည်ကို မရှဲ မရှဲ ဒူးနှင့် ညှပ်ထား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ခဏခဏ မ ဖန်များသောအခါ ဒူးပေါ်ခါနီးထ
လေသည်။ သည်အထဲ လုံချည်က ရှတ်တရက်ပြုတ်ကျ၍ ကတို
ကရိုက်ဖမ်းပြီးပြန်ဝတ်ရသေးသည်။

အတော်ကြီးကြာမှ မိန့်ခွန်းဆုံးသွားလေ၏။ ညီလာခံကြ
ကျင်းပနေပုံကို ကျွန်တော့်မျက်စိထဲတွင် ရေးရေးသာ မြင်
တော့သည်။ သည်ညီလာခံကြီးတွင် တက်ရောက်ကြသူမျ
ဦးဆောင်ကြသူများ၊ မိန့်ခွန်းမြွက်ကြားသူများ၊ အဆိုတင်သွ
ထောက်ခံကြသူများ အများအပြားရှိလေသည်။ သူတို့အထ
အများအပြားပင် တိုင်းပြည်အတွက် ဆင်းရဲဒုက္ခအမျိုးမျိုး
ရင်ဆိုင်ခဲ့ကြကုန်သည်။ အသက်စွန့်သွားခဲ့ကြကုန်သည်။

တက္ကသိုလ်တွင် ကျွန်တော့်အား အင်းဝကျောင်းဆောင်တွ
နေရာ ချထားပါသည်။ မိမိ အမည်စာရင်းကို ကြည့်ပြီးနော
ခမ်းနားကြီးကျယ်လှသည့် ကျောင်းအဆောက်အအုံရိပ်ကိုခို
ကျောင်းဆောင်များရှိရာသို့ လျှောက်လာပါသည်။ လမ်းတွ
ကျွန်တော်တို့ကျောင်းမှ အောင်လာသူ သူငယ်ချင်းများ
တွေ့ရလေသည်။

"ခင်ဗျား ဘယ်ဟောလဲ" ကိုကျော်သက်က မေးလိုက်
သည်။

"အင်းဝ"

"ကျွန်တော်နဲ့ အတူတူပဲ"

"ဘယ်ဟာလဲအင်းဝ"

"ဟိုဟာပေါ့"

သူသည် ကျွန်တော့်ကို လက်ညှိုးညွှန်ပြလေသည်။ သူသ
လွှတ်တော် အတွင်းဝန် ဦးဘဒွန်း၏ သားဖြစ် လေသ





ု့နောင်တော် အများပင် တက္ကသိုလ်သို့ ရောက်နေပြီးဖြစ်၍
တက္ကသိုလ်အကြောင်းကို သူ ကောင်းကောင်း သိနေလေသည်။
ူသည် ပုပုညက်ညက် လူငယ်လေးဖြစ်လေသည်။ သူနှင့် ကျွန်
တော်သည် အစိုးရ အထက်တန်းကျောင်းတွင် အတူနေခဲ့ကြ
သော်လည်း အတန်းချင်းကွဲနေ၍ မကျွမ်းခဲ့ကြပေ။

"အင်းဝက ကောင်းတယ်။ စာသင်ခန်းတွေနဲ့လဲ နီးတယ်။
ေါင်းလောင်းသံကြားမှ ထသွားရုံပဲ" သူကရှင်းပြလေသည်။

"အဆောင်မှူး ဘယ်သူလဲ"

"အဆောင်မှူးကတော့ ပီးကော့ကြီးတဲ့။ တော်တော်ဆိုး
တယ် ပြောတယ်။ လက်ထောက်အဆောင်မှူးကတော့ ဦးတိုး
အောင်"

နှစ်ဦးစလုံး၏ အမည်များကို ကျွန်တော် ကြားဖူးနေပါ
သည်။ လူတွေကိုတော့ မမြင်ဘူးပါ။ ပီးကော့သည် ကျောင်း
သားသပိတ်တုန်းက တော်တော်နာမည်ကြီးခဲ့သည့် ပါမောက္ခ
တဦး ဖြစ်လေသည်။ ဦးတိုးအောင်ကား 'ကုသ' အမည်ခံ
စာဆိုတဦး ဖြစ်လေသည်။ ဦးတိုးအောင်ဟူသော နာမည်ကို
ကြားလိုက်ရကတည်းက ခေတ်စမ်းပုံပြင်ထဲက ဝဇီကိုင်၊ အာဋ္ဌာ
ကေဟော့၊ သံဒွိုစ အစရှိသည့် ဝတ္ထုတိုကလေးများကို သတိရ
လာ၍ ပြုံးမိပါသည်။

ကိုကျော်သက်နှင့် ကျွန်တော်သည် ဦးတိုးအောင့်ထံသို့
ွားကြလေသည်။ လက်ထောက်အဆောင်မှူးသည် အထက်ဆုံး
ပ်ရှိ သီးသန့်အခန်းကျယ်ကြီးတွင် နေလေသည်။ သူသည်
ခန်းကလေး တခုထဲတွင် ထိုင်၍ ကျောင်းသားများကို လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။ သူ့စာများသည် ရယ်စရာအတိ ပြည့်နေသော်လည်း သူ့မျက်နှာထားသည် ရယ်စရာမဟုတ်ပါ။ မျက်နှာဝိုင်းဝိုင်း အသားဖြူဖြူနှင့် ဒါလွန်ခန့်ညားပါသည်။ စာထဲတွင်သာ ရယ်စရာတွေကို ရေးနေသော်လည်း သူစကားပြောသောအခါ၌ မရယ်ပါ။ ပြုံးပင် အလွန်ပြုံးခဲပါသည်။ မျက်နှာထားသည် တည်ကြည်လှပါသည်။ ကျွန်တော်တို့သည် နာမည်စာရင်းကို ပေးကြပြီးနောက် သူ့ထံမှ အခန်းအမှတ်နှင့်တကွ သော့မီးပူ၊ သံခုတင်ပေါ်တွင် ခင်းရန် သက္ကလပ်ပြားနှင့် ဖယောင်းပုဆိုးတို့ကို ယူပြီးလျှင် အောက်သို့ ဆင်းလာကြပါသည်။ ကျွန်တော်က အခန်းအမှတ် ၁၀။ ကိုကျော်သက်က အမှတ် ၈။ အခန်းချင်း ကပ်နေကြသည်။

"ဒီမယ် ခုနက ဆရာက ကုသဆို"

ကျွန်တော်တို့နောက်မှ ပါလာသော ကျောင်းသားတယောက်က သူ့အဖော်ကို မေးလိုက်သည်။

"မဟုတ်ပါဘူး၊ ဦးတိုးအောင်ပါ" အခြားတယောက်က ပြောလေသည်။

"နာမည်ရင်းက ဦးတိုးအောင်လေ။ ကလောင်နာမည်က ကုသပဲ" ကျွန်တော်က ဝင်ထောက်လိုက်ပါသည်။

"ဟာ မဟုတ်ပါဘူးဗျာ"

"ဟုတ်ပါတယ်ဗျ"

"ဟို ခေတ်စမ်းပုံပြင်ထဲက ရယ်စရာပုံပြင်တွေ ရေးတာလေ"

"ဟုတ်ပါတယ်ဗျ"

"ဒီလို မျက်နှာထားကြီးနဲ့ လူကလားဗျာ အဲဒါမျိုးတွေ ရေးတတ်မှာ" ထိုကျောင်းသားကား အလျှော့မပေး။ ငြင်းနေသောကြောင့် ကျွန်တော်ကပင် လျှော့လိုက်ရပါတော့သည်။

ကျောင်းသားသစ်များသည် အောက်ထပ်တွင်သာ နေရပါသည်။ အလယ်ထပ် အပေါ်ထပ်များတွင် ကျောင်းသားဟောင်းကြီးတွေ၊ နှစ်ချို့ကျောင်းသားကြီးတွေက အပိုင်စီးထားကြပြီး ဖြစ်လေသည်။ ကျွန်တော်ရရှိသည့် အခန်းအမှတ် ၁၀ ကား ချောင်ကျသဖြင့် မှောင်လှပါလည်း။ လှေကားနှင့် ကပ်လျက် ရှိသဖြင့်လည်း ဆူညံလှပါသည်။ အလယ်ထပ်၊ အပေါ်ဆုံးထပ်မှ ကပြားများနှင့် အင်္ဂလိပ်စိတ် ဝင်နေသည့် ကျောင်းသားများသည် ထိုလှေကားမှ ဆင်းကြ တက်ကြသည်။ ဆင်းယင်းတက်ယင်း သူတို့၏စကားသံများသည် ဆူဆူညံလျက် ရှိသည်။ စကားသံများသာမက ခုံဖိနပ်သံတွေကလည်း နားကွဲလုမတတ်။

အခန်းထဲတွင် သံခုတင်တလုံး၊ ဗီရိုတလုံး၊ စားပွဲတလုံးနှင့် ကုလားထိုင်တလုံး ရှိသည်။ စာအုပ်စင်လေး တခုလည်းရှိသည်။ ကျွန်တော်သည် အိပ်ရာခင်းယင်း၊ ပစ္စည်းပစ္စယများကို နေရာတကျ ထားသိုသိမ်းဆည်းနေစဉ် ရေချိုးခန်းဆီမှ ဆူညံနေသည့် အသံတွေကို ကြားရလေသည်။ သီချင်းသံမျိုးစုံ ဖြစ်ပါသည်။

သို့သော် နားဝင်ပီယံ မဖြစ်လှပါ။ အသံသေး၊ အသံကြောင်၊ အသံဝါ၊ အသံသြ၊ အသံတွေစုံနေလေသည်။ သီချင်းတလည်း အမျိုးမျိုး။ မြန်မာသီချင်း၊ တရုတ်သီချင်း၊ အင်္ဂလိပ်သီချင်း၊ ကုလားသီချင်း၊ ကာလမေါ်၊ ယိုးဒယား၊ ပတ်ပျိုး၊ ဘောလယ်။ အချို့လည်း အမှားမှား အယွင်းယွင်းနှင့် ထင်ရာ ... နေကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com



"တယ်ဆူပါလား" ကျွန်တော်က ကိုကျော်သက်ကို ပြောလိုက်လေသည်။

"ဒီလိုပဲဗျ၊ ရေချိုးယင်း မြူးကြတာပေါ့ဗျာ။ ခင်ဗျားလဲ ရေမိုးချိုးဦးဗျ။ ပြီးတော့ မြို့ထဲဘက်ခေါက် ထွက်ရအောင်" သူက အဖော်ညှိနေလေသည်။

"ကောင်းသားပဲ၊ ရေလဲ ယူဦးမယ်"

"မလိုပါဘူး၊ မျက်နှာသုတ်ပဝါသာယူခဲ့" ကိုကျော်သက်က ပြောလေသည်။ သူ့ကိုပင် ဆရာဘင်ရပေတော့မည်။

ရေချိုးခန်းသို့ ရောက်သောအခါ သူက နေရာစတွေကို လိုက်ပြသည်။

"ဟောဒါက မျက်နှာသစ်တဲ့နေရာ။ ဒီဘက်ဟာက ရှူရှူးပေါက်တာ။ ဟော ဒီဘက်က အိမ်သာဗျ။ ဒါက ရေချိုးခန်း"

အိမ်သာ၊ မျက်နှာသစ်ခွက် စသည်များမှာ သန့်ရှင်းစင်ကြယ်၍ ဖွေးဖွေးဖြူနေလေသည်။ ကျွန်တော်သည် ရေချိုးခန်းထဲသို့ဝင်ကာ တံခါးပိတ်လိုက်သည်။ လုံချည်ကို တံခါးပေါ်တွင် တင်မထားရဲ။ ဇဝနရေးသည့် ကောလိပ်ကျောင်းသားဝတ္ထုထဲကလို တယောက်ယောက်က ဆွဲသွားလျှင် မခက်ပါလား။ အပြင်မှ လက်လှမ်းမမီသည့် လွတ်ရာကျွတ်ရာတွင် ထားရပါသည်။ အဆက်ထပ်ခန်းများမှ ဆူညံနေသလောက် ကျွန်တော်တို့ အောက်ခန်းတွင် ရေသံများမှတပါး ဘာကိုမှ မကြားရပါ။ ကျောင်းသားသစ်များ ဖြစ်၍ ရှိနေကြဟန် တူပါသည်။ တခန်းမှ ရေပန်းကျသံသည် တရှဲရှဲနှင့်။ ခဏကြာမှ လူသံထွက်လာလေသည်။





"ကောလိပ်ကျောင်းဆိုတာ တယ်လဲကောင်းပါကလား အမေရဲ့" ကျွန်တော်သည် ရေကိုပင်ပိတ်ကာ နားစိုက်ထောင်နေမိလေသည်။ တဘက်ခန်းမှ အသံသည် ခေတ္တမျှ ငြိမ်နေပြီး ထွက်ပေါ်လာပြန်သည်။

ဇိမ်ပဲဗျ ဇိမ်ပဲဗျ။ နေရာတိုင်း ဇိမ်ပဲဗျ။ သေးပေါက်ရတာလဲ ဇိမ်ပဲ။ ချေးယိုရတာလဲ ဇိမ်။ ရေချိုးရတာလဲ ဇိမ်။ ထမင်းစားရတာလဲ ဇိမ်" သူသည် ခပ်ကျယ်ကျယ်ပင် တတွတ်တွတ်ရွတ်နေပြီးနောက် သူပြောခဲ့သမျှသော စကားများကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆို၍ အော်လိုက်ပြန်ပါသည်။

"In the Zein, In the Zein"

ကျွန်တော့်မှာ အသံမထွက်အောင် မနည်းကြီး အောင့်ထားရပါသည်။ သူသည်အတော်ပျော်နေဟန်တူပါသည်။ ထိုနောက် ညည်းနည်းသံထွက်လာပြန်သည်။

"အမေရေ၊ ကောလိပ်ကျောင်းကြီးဟာ သိပ်ကြီးကျယ်တာပဲ။ အခန်းတွေ၊ ရေချိုးအခန်းတွေနဲ့ အိမ်သာတွေထားတဲ့အခန်းတွေတောင် အမေတို့အိမ်ထက် ကြီးသေးတယ်။ ချေးယို သေးပေါက်တဲ့နေရာတွေလဲ ကြွေဇလုံကြီးတွေနဲ့ဗျ။ ပြောင်လို့လက်လို့။ အရောင်တလက်လက်နဲ့။ အမေတို့အိမ်ကသံပန်းကန်ပြားတွေထက် ပြောင်လက်သေးတယ်" ဟုသူသည် ခပ်တိုးတိုးရွတ်ဆိုနေပြန်လေသည်။ ဒီစကားများကို ကြားရသောအခါ ကျွန်တော် မပြုံးနိုင်တော့ပါ။ သူ့အခန်းမှရေသံတိတ်သွားသည်။ နောက်ထွက်သွားသည့် ခုံဖိနပ်သံကိုကြားရသဖြင့်ကျွန်တော်လည်း ကတိုက်ကရိုက်နှင့် သုံ့ချည်လဲကာ ထိုလူထူးကို ထွက်ကြည့်မိသည်။ အသားညိုညို



www.burmeseclassic.com

www.burmeseclassic.com



ပုပု လူတယောက်သည် အခန်းတွင်းမှ ခပ်သုတ်သုတ် ထွက်သွားသည်ကိုမြင်လိုက်ရပါသည်။

"ဘယ်လိုလူလဲဗျ" ရေချိုးခန်း တခုမှ ထွက်လာသည့် ကျောင်းသားသစ် တယောက်က ရှုံ့မဲ့၍ မေးလေသည်။ ကျွန်တော်ကမဖြေပါ။

"ဘာတွေရှောက်အောင်နေမှန်းမသိဘူး" သူက ဆက်၍ ပြောပြန်ပါသည်။

"သူ့အော်တာတွေအမိပွာယ်ရှိတယ်ဗျ" ကျွန်တော်က သည်လောက်ပဲ ပြောပြီး ရေချိုးခန်းထဲ ပြန်ဝင်ခဲ့ပါသည်။

(၃)

ကျောင်းဖွင့်စမို့တကျောင်းလုံးလှုပ်လှုပ်ရှရှဖြစ်နေလေသည်။ အသင်းအပင်းတွေလည်း အရှိန်ရနေကြလေပြီ။ ကျောင်းဆောင်တိုင်းတွင် သဟာယ စာဖတ်သင်းများကို ပြန်လည်ဖွဲ့စည်းကြလေသည်။ သင်သည့်ဘာသာနှင့် ပတ်သက်သည့်အသင်းများကိုလည်း တည်ထောင်ကြသည်။ ရူပဗေဒအသင်း၊ ပထဝီအသင်း၊ ဇီဝဗေဒအသင်း၊ ဓာတုဗေဒအသင်း၊ မြန်မာစာအသင်း၊ သတ္တဗေဒအသင်း။ သင်ကြားသော ဘာသာရပ်တိုင်းလိုလိုပင် အသင်းတွေရှိကြလေသည်။ လူမျိုးရေးနှင့်ပတ်သက်သည့် အသင်းတွေလည်း မနည်းလှပါ။ ကပြားအသင်း၊ အိန္ဒိယအမျိုးသားများ အသင်း။ ရခိုင်အသင်း၊ ရှမ်းအသင်း၊ စုံနေပါတော့သည်။ ဘာသာရေးနှင့် ပတ်သက်သည့်အသင်းတွေလည်းရှိပါသည်။ ခရစ်ယာန်အသင်း။ ဗုဒ္ဓဘာသာအသင်း၊ သည်အထဲတွင် ကျောင်းနှင့်ပါတ်သက်သည့် အသင်းများလည်းရှိသေးသည်။ ကွန်ဘရိုဓေါ် အင်္ဂလိပ်ဘုန်းကြီးကျောင်းနှင့် မယ်သီလရင် ကျောင်းသားဟောင်းများအသင်း၊ အစိုးရကျောင်းသားဟောင်းများအသင်း စသည်တို့ ဖြစ်သည်။ နယ်နှင့်ပတ်သက်သည့် အသင်းလည်းရှိပါသေးသည်။ မော်လမြိုင်အသင်း၊ မန္တလေးအသင်း၊ သည်တွင်မကသေး။နေရေးထိုင်ရေးနှင့် ပါတ်သက်သည့် အသင်းများလည်း ရှိပါသေးသည်။ နေ့ကျောင်းသူ ကျောင်းသားများ အသင်း၊ ကျန်ပါသေးသည်။ အစားခုန်စားနှင့် ပတ်သက်သောအသင်းများ၊ ဘောလုံးသင်း၊ ရက္ကဘီသင်း၊ လှေသင်း၊ တင်းနစ်သင်း၊ စက္ကူပ်အသင်း၊ ကိုယ်လက်ကျန်းမာလှုပ်ရှားရေးအသင်း။ အသင်းအပင်းတွေ များလှပါဘိတောင်း။

အသင်းကို ခြယ်လှယ်နေသူများမှာ ကျောင်းသားကြီးများ ဖြစ်လေသည်။ ကျောင်းသက်တော် ရှည်နေပြီဖြစ်သည့် လူလည်ကြီးများ ဖြစ်ဘတ်ကြသည်။ အသင်းဆိုသည်မှာ အသင်းသားများများရှိဖို့ အရေးကြီးသည် မဟုတ်ပါလော။ ထို့ကြောင့် အသင်းသားများအောင် ကျောင်းသားသစ်များကို ဆွယ်ကြရလေသည်။ ကျောင်းသားသစ်များကား ဘာမှန်းမလည်ကြ။ အကြောင်းကြောင်း အတတနှင့် သူတို့ပြောသမျှကို ခေါင်းညိတ်ကြသူများ ဖြစ်ကြသည်။

ဟော ကြွတော်မူလာပါပြီ။ ကျွန်တော်သည် တံခါးကို ပိတ်ကာ ပြတင်းကိုဖွင့်၍ အိမ်ကို စာရေးနေပါသည်။ ကျောင်းကြီး၏ ခမ်းနားကြီးကျယ်ပုံကို ဆွေမျိုးသားချင်းများ သိကြရအောင် ဘယ်လိုနေ၊ ဘယ်လိုထိုင်၍ ဘယ်လို စာသင်တန်းတက်ရသည်ကိုပါ အကျယ်ချဲ့ ရေးနေပါသည်။







www.burmeseclassic.com

www.burmeseclassic.com



"ကဲ၊ ကျွန်တော်တို့ ရာဇဝင်အသင်းဝင်ပါဗျာ" ထိုစကားသံ ကြားသောကြောင့် မော်ကြည့်လိုက်ရာ ကျောင်းသားကြီး သုံးယောက်ကို တွေ့လိုက်ရလေသည်။ ကျွန်တော်က ဘာမျှ နားမလည်၊ ဆိတ်ငြိမ်စွာပင် သူတို့ကို ကြည့်နေပါသည်။

"ခင်ဗျား ရာဇဝင်ယူတယ်မဟုတ်လား။ ရာဇဝင်ယူယင် ရာဇဝင်သင်းတော့ ဝင်မှပေါ့ဗျ။ နော်၊ အင်မတန် အကျိုးထူး ပါတယ်" တယောက်က ပြောနေလေသည်။

"ရာဇဝင်နဲ့ဆိုင်တဲ့ ဗဟုသုတတွေ အများကြီးရမယ်" နောက်တယောက် ပြောပြန်သည်။

"ပြီးတော့ ရာဇဝင် ဂုဏ်ထူးယူတဲ့လူတွေ အများကြီးပဲ။ အိုင်စီအက် ဖြစ်ကုန်ပြီ" လက်ဦးလူက ပြောလိုက်သည်။

"ဟုတ်ကဲ့၊ ဝင်တာပေါ့" ကျွန်တော်က အမှတ်တမဲ့ ပြောလိုက်သည်။

"အေး၊ ဒီလိုမှပေါ့" သူတို့ သဘောကျသွားကြလေသည်။

နာမည်နှင့် အတန်းကိုမှတ်ပြီးနောက် "ပေးဗျာ အသင်းဝင်ကြေး" ဟု တောင်းပါတော့သည်။

"ဘယ်လောက်လဲ"

"တကျပ်"

ငွေတကျပ် ထုတ်ပေးလိုက်တော့သည်။

"အေးဗျာ၊ နောက်တော့ အသင်းဝင်လက်မှတ် ပေးတာပေါ့" သည်လိုနှင့် သူတို့တတွေ ပြန်သွားကုန်ကြလေသည်။ ကျွန်တော်လည်း စာကို ဆက်ရေးနေပါသည်။ သည်အချိန်တွင် ကျောင်းသားလေးယောက် လာပြန်ပါသည်။





"ပထဝီအသင်းဆိုတာ ဝင်ထိုက်ပါတယ်။ ဘာပြုလို့လဲ ဆိုတော့ ပထဝီကို လူတိုင်းသိထိုက်တာကိုး ခင်ဗျ။ ခင်ဗျား တိုင်းပြည်အကြောင်း၊ အနေအထား၊ ရာသီဥတု၊ လူမျိုးတွေ အကြောင်း၊ ကူးသန်းသွားလာရေးတွေ၊ ထွက်ကုန်တွေ။ အားလုံးကို ခင်ဗျား သိထိုက်တယ် မဟုတ်လားဗျာ။ မြန်မာ တယောက်အနေနဲ့ မြန်မာပြည်အကြောင်း သိထိုက်တာပေါ့ နော်။ ပြီးတော့ ခင်ဗျားဟာ ကမ္ဘာ့သားတယောက်ပဲ မဟုတ်လားဗျာ။ ဒီတော့ ကမ္ဘာ့အကြောင်းလဲ သိထိုက်တာပေါ့၊ ဟုတ်လား။ အဲဒါတွေကြောင့် ကျွန်တော်တို့ ပထဝီအသင်းကို ဝင်ဗျာ" အတော်စကားပြောနိုင်သည့်လူ၊ သူတယောက်တည်း မောမပန်း အရှည်ကြီး ပြောနေလေသည်။

"ကျွန်တော် ပထဝီမယူဘူးဗျ" ကျွန်တော်က အားနာ ပါးနာနှင့် ပြောလိုက်ရာ ကျန်သုံးယောက်က ထွက်မည့်ဟန် ပြင်လိုက်သော်လည်း သူက အလျှော့မပေး။

"ဟာ ဒီလိုဘယ်ဟုတ်မလဲဗျ၊ ပထဝီမယူတာနဲ့ ပထဝီအသင်း မဝင်ရဘူး မဟုတ်ပါဘူး။ ဝင်ဗျာ၊ ဘယ်လောက်အကျိုးများ တယ်ဆိုတာ သိပါလိမ့်မယ်။ ပြီးတော့လဲ" သူသည် ဆယ်မိနစ် လောက်ကြာအောင် ဟောပြောနေပါတော့သည်။ ကျွန်တော် လည်း နားညောင်းလှပါပြီ။ ထို့ကြောင့် သွားမှသွားစေတော့ ဆိုကာ အသင်းဝင်လိုက်ပြန်လေသည်။ သွားပြန်ပေါ့ တကျပ်။

သူတို့ထွက်သွားလျှင် စာဆက်ရေးပါသည်။ တကြောင်းမှ မဆုံးမီ လူနှစ်ယောက် ရောက်လာပြန်သည်။ မြန်မာအသင်း ဝင်ရန် ဟောပြန်သည်။ မြန်မာဖြစ်လျက် မြန်မာအသင်းမဝင် လျှင် ရာဇဝင်ရိုင်းတော့မည်။ ထို့ကြောင့် ဆင်ခြေဆင်လက်

www.burmeseclassic.com



မခပေးတော့ပဲ စေတနာသုံးတန် ပြဋ္ဌာန်း၍ အသင်းဝင်လိုက်ပါသည်။ တကျပ်ပါသွားပြန်သည်။

ဟော လာပြန်ချေပြီ။ ဗုဒ္ဓသာသာအသင်း။ ဒီအသင်းကိုလည်း ရှောင်လို့ မဖြစ်။ ထို့ကြောင့် တကျပ်လှူ၍ အသင်းဝင်လိုက်ရပြန်၏။

စာကိုပင် ဖြောင့်အောင်မရေးရတော့ပါ။ တဦးပြီးတဦး လာနေသည်နှင့် စောင့်၍သာ ပေးနေရပါတော့သည်။ ဘဏ္ဍာရေးလည်း အတော်ထိခိုက်နေပါပြီ။

ဒီအချိန်တွင် ကျောင်းသားကြီး မိတ်ဆွေတယောက် ရောက်လာ၍ ကျွန်တော်၏ အခက်အခဲကို ပြောပြရာ သူသည် အားရပါးရကြီး ရယ်လေသည်။

''ခင်ဗျားတော့ အမဲပေါ့ဗျ။ ကျွန်တော်လဲ ရောက်စတုန်းက ဒီလို ထိတာပဲ။ အခုတော့ ပါးပြီ။ ဒီလိုလာချိန်ဆိုယင် အခန်းတံခါး သော့ခတ်ပြီး လျှောက်လည်နေရတယ်။ ဒါမှမဟုတ်လဲ မီးမှိတ်ပြီး စောစောအိပ်ရတယ်''

''အင်း ငွေတဆယ်လောက်တော့ ချောပြီဗျ။ အသင်းတွေလဲ ကုန်လောက်ပါပြီ ထင်ပါရဲ့ဗျာ'' ကျွန်တော်က ပြောလေသည်။

''အမယ်၊ ဘယ်ကုန်ဦးမလဲဗျ။ အပုံကြီး ကျန်သေးတယ်''

ဒီလိုဆိုလျှင် သူ့နည်းလမ်းအတိုင်း လိုက်မှ တော်မည်။ ထို့ကြောင့် သူပြန်သွားလျှင် သွားချင်း၊ တံခါးပိတ်ပြီး မှောင်ချကာ အခန်းအောင်းနေရပါတော့သည်။ အလှူခံဘုံ၏ ဖိနပ်သံများကား ဆက်လက် ကြားနေရ လေသည်။ ဒီအထဲက





''ဒိငတိလေးတွေ အိမ်လွမ်းတာနဲ့ အစောကြီးအိပ်ကုန်ပြီ ထင်တယ်'' ဟူသော အသံကိုလည်း ကြားလိုက်ရပါသည်။

(၄)

တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ။

ကျောင်းသား ကျောင်းသူတို့၏ စုဝေးရာဌာန တခုအဖြစ်ဖြင့် ငြိမ်သက်စွာ စခန်းသွားခဲ့သည့် တက္ကသိုလ်ကျောင်းသားများသမဂ္ဂသည် ၃၆-ခုနှစ် အရေးတော်ပုံမှစ၍ လှုပ်ရှားတကြွလာခဲ့လေသည်။ ကျွန်တော် တက္ကသိုလ်သို့ ရောက်သည့်နှစ်တွင်လည်း နောက်တဆင့် တက်ရသည့် အရေးတော်ပုံအတွက် သမဂ္ဂကြီးသည် အရှိန်ယူလျက်ရှိလေသည်။

ဒေါက်တာ ဦးညို ဆောက်လုပ် လှူဒါန်း သည့် သမဂ္ဂအဆောက်အအုံကြီးသည် တင့်တယ်ခြင်းနှင့် ခန့်ညား ခြင်းအသရေကိုဆောင်လျက်ရှိလေသည်။ အောက်ထပ် တောင်ဘက်ခန်းအခန်းတွင် ဦးကံသိန်း၏ ဆံပင်ညှပ်ဆိုင်ရှိသည်။ နောင်နှစ်များတွင် ထိုဆံပင်ညှပ်ဆိုင်နှင့် ကပ်လျက် ကိုထွန်းတင် (ယခုလိုလ်မှူး ထွန်းတင်) ၏ တိုလီမိုလီဆိုင်တခု တိုးလာလေသည်။ အလယ်ခန်းတွင် ဘိလိယက်ခုံရှိ၍ မြောက်ဘက်ခန်းကျယ်ကျယ်တွင် ဒေါ်ကြီး၏ ထမင်းနှင့် လက်ဖက်ရည်ဆိုင် ရှိလေသည်။ အပေါ်ထပ်တွင်ကား တောင်ဘက်ဆုံးခန်းသည် စာကြည့်ခန်းကြီးဖြစ်၍ မြောက်ဘက်ဆုံးခန်းသည် အစည်းအဝေးခန်းမကြီးဖြစ်လေသည်။ အလယ်တွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့၏ အခန်းများရှိလေသည်။ မြောက်ဘက် ပြတင်းပေါက်မှ မျှော်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်လျှင် ခပ်လှမ်းလှမ်းအုတ်ခုံပေါ်တွင် မားမားကြီး ရပ်လျက်ရှိသည့် မည်းမှောင် ပြောင်လက်သော ဆာဟာကုတ် ဘတ်တ ၁၁ ၏ ကြေးရုပ်ကြီးကို မြင်နိုင်လေသည်။ သူသည် မြန်မာပြည်ကို အုပ်ချုပ်သွားသည့် ဘုရင်ခံများထဲတွင် အတော် နာမည်ကြီးခဲ့သူဖြစ်လေသည်။ တက္ကသိုလ်အဆောက်အအုံများ ဆောက်လုပ်ရေးအတွက် ဦးစီးခေါင်းဆောင်ပြု၍ နည်းအမျိုးမျိုးကို သုံးကာ ရန်ပုံငွေရှာခဲ့သည်။ ကစားဝိုင်းတွေ အကြီးအကျယ်ပြုလုပ်ခဲ့သည်။ ဘွဲ့ထူး ဂုဏ်ထူးတွေကို ပေးခဲ့သည်။ တက္ကသိုလ်ကြီးဖြစ်မြောက်ရေးအတွက် သူ့တွင်ရှိသော အခွင့်အရေးတွေကို ခပ်ဖောဖောသုံးစွဲခဲ့လေသည်။ ထို့ကြောင့် သူ့ကြေးရုပ်ကို တက္ကသိုလ်မြေတွင် စိုက်ထူထားခြင်းဖြစ်လေသည်။ သည်တက္ကသိုလ်မှ သူတို့အလိုရှိသည့် လူငယ်တွေထွက်လာမည်ဟု သူမျှော်လင့်ခဲ့သည်။ သည်တက္ကသိုလ်မှ သူတို့ ခိုင်းလို့ စေလို့ကောင်းမည့် ကျွန်ကလေးတွေ မွေးထုတ်ပေးလိမ့်မည်ဟု သူထင်ခဲ့သည်။ သည်တက္ကသိုလ်ကြီးကို သူတို့၏ နယ်ချဲ့ဝါဒ ခိုင်မြဲရေးအတွက် အသုံးပြုဖို့ သူစိတ်ကူးခဲ့သည်။ သည်တက္ကသိုလ်မှ ပေးလိုက်သော ပညာတို့သည် သူတို့နယ်ချဲ့ဝါဒကို အလုပ်အကျွေးပြုရမည်ဟု စီစဉ်ခဲ့သည်။ သူ့စီမံကိန်း၊ သူ့မျှော်လင့်ချက်တို့သည် အောင်မြင်သင့်သလောက်အောင်မြင်ခဲ့သည်။ ထို့ကြောင့် ထိုကြေးရုပ်ကြီးသည် ပုံးနေသယောင်ယောင်။ ယခု သူထင်သလိုမဟုတ်တော့ပဲ ပြောင်းလဲလာလေပြီ။ ၁၉၃၆-ခုနှစ်က အစ ကျောင်းသားတို့သည် အိပ်ပျော်နေရာမှ နိုးလာကြသည်။ 'ကျွန်ပညာ အလိုမရှိ' ဟု ဟစ်လာကြသည်။ 'နယ်ချဲ့ဝါဒ ပျက်စီးပါစေ' ဟု ကြွေးကြော်လာကြသည်။ ထိုအသံတို့သည်





ဒေါက်တာ ဦးညို ဆောက်လုပ်လှူဒါန်းထားသည့် အဆောက်အအုံအတွင်းမှ ပေါ်ထွက်လာလေသည်။ ဟာကုတ်ဘတ်တလာ ကြေးရုပ်ကြီးသည် မျက်မှောင်ကုပ်နေသလိုလို။

မှောင်စပျိုးသည့်အချိန်။

ခန်းမကြီးတခုလုံး ဓာတ်မီးတွေနှင့် ထိန်ထိန်လင်းနေလေသည်။ ပန်ကာများသည်လည်း တဝီဝီ လည် နေ လေ သည်။ အခန်းကြီးတခုလုံးတွင်လည်း ကျောင်းသူ ကျောင်းသားတွေနှင့် ပြည့်နက်လျက်ရှိလေသည်။ တက္ကသိုလ် သမဂ္ဂ ဥက္ကဋ္ဌရာထူး သက်ခံပွဲကျင်းပနေခြင်းဖြစ်လေသည်။

အတွင်းရေးမှူးက ရှေ့မှဝင်လာပြီးလျှင် 'ဥက္ကဋ္ဌကြီး' ဟု ခပ်ကျယ်ကျယ်ဆိုလိုက်ရာ အခန်းထဲရှိ ပရိသတ်အားလုံးသည် မတ်တပ်ရပ်ကြရလေသည်။ ဥက္ကဋ္ဌကြီး ဝင်လာပါပြီ။ ထိုစဉ်က ဥက္ကဋ္ဌသည် မစ္စတာ ရာရှစ်ဖြစ်လေသည်။ သူသည် ခုံမြင့်ပေါ်ရှိ ဥက္ကဋ္ဌကုလားထိုင်တွင် ထိုင်လိုက်မှ ပရိသတ်များလည်း ထိုင်ကြလေသည်။ ထိုစဉ်က အတွင်းရေးမှူးသည် ကိုလှမောင် (ယခု သံအမတ်)ဖြစ်လေသည်။ သည်အခမ်းအနားတွင် ယခုထိုင်လျက်ရှိသော ဥက္ကဋ္ဌဟောင်း မစ္စတာရာရှစ် က ဥက္ကဋ္ဌသစ်ဖြစ်သော ကိုဘကျွမ်းသို့ လွှဲပြောင်းပေးရမည်ဖြစ်လေသည်။ မစ္စတာရာရှစ်သည် ဥက္ကဋ္ဌမိန့်ခွန်းအနည်းငယ်ကို မြွက်ပြီးနောက် ဥက္ကဋ္ဌသစ် ကိုဘကျွမ်းအား ကျမ်းသစ္စာကျိန်ဆိုစေပါသည်။ ကျမ်းသစ္စာ ကျိန်ဆိုပုံက ထူးခြားလှသည်မဟုတ်ပါ။ ဥက္ကဋ္ဌဟောင်းက တိုင်ပေးသည်။

'ကိုယ်ကျိုးမပါ၊ ကျောင်းသားတို့၏ အကျိုး၊ သမဂ္ဂကြီး၏ အကျိုးကိုသစ္စာရှိစွာဖြင့် ဆောင်ရွက်ပါမည်ဟူသော အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည့် ကျမ်းသစ္စာကို ဥက္ကဋ္ဌသစ်က လိုက်၍ ဆိုခြင်းပင်ဖြစ်လေသည်။ သစ္စာဆိုပြီးသော် ခေတ္တအနားပေးသောအားဖြင့် ဥက္ကဋ္ဌသစ်ရော ဥက္ကဋ္ဌဟောင်းပါ အပြင်သို့ ထွက်သွားကြလေသည်။ ငါးမိနစ်လောက်ကြာသောအခါ အတွင်းရေးမှူး ပြန်ဝင်လာပါသည်။ သူက ထုံးစံအတိုင်း 'ဥက္ကဋ္ဌကြီး' ဟု အော်လိုက်ရာ ကျွန်တော်တို့အားလုံးမတ်တပ်ရပ်ကြရပြန်ပါသည်။ သည်တခါ ကြွဝင်လာသောဥက္ကဋ္ဌကြီးမှာ ကိုဘဂျမ်းဖြစ်ပါသည်။ သူသည် ဂုဏ်ဒြေကြီးစွာနှင့်ဝင်လာပြီးလျှင် ဥက္ကဋ္ဌကုလားထိုင်တွင်ဝင်ထိုင်လိုက်မှ ကျွန်တော်တို့လည်း ထိုင်ကြရလေသည်။ သူ့ခေါင်းပေါ်မှ ပန်ကာလေရှိန်ကြောင့် သူ့ခေါင်းပေါင်းစကလေးသည် တလူလူလွင့်နေလေသည်။ သူ့နောက်နံရံ၌ကပ်ချိပ်ထားသည့် နီရဲသော နောက်ခံတွင် ခွပ်ဒေါင်းရုပ်ပါသည့် ကျောင်းသားများသမဂ္ဂ၏ အလံသည် မီးရောင်၌ ထင်းထင်းကြီးပေါ်လွင်နေလေသည်။

ဥက္ကဋ္ဌကြီးသည် မိန့်ခွန်းအနည်းငယ်လောက်သာ ပြောပြီးလျှင် ကျောင်းသူသစ်များစကားအချေအတင်ပြောပွဲစပါတော့သည်။ မည်သည့်အကြောင်းကို အချေအတင် ပြောကြသည်ကိုတော့ မမှတ်မိတော့ပါ။ တက္ကသိုလ်ကောလိပ်မှ ကျောင်းသူသစ်များနှင့် ယုဒသန်ကောလိပ်မှကျောင်းသူသစ်များ၏ စကားရည်လုပွဲပင်ဖြစ်ပါသည်။ တက္ကသိုလ်သို့ရောက်ခါစ ကျောင်းသူသစ်များမှာ အလွန်မျက်နှာပွင့်ကြပါသည်။ ထိုမျက်နှာပွင့်နေကြသည့် ကျောင်းသူသစ် မယ်သစ်လွင်ကလေးများကို ကျောင်းဖွင့်စချိန်တွင် သမဂ္ဂက ပွဲထုတ်လိုက်ခြင်းပင် ဖြစ်လေသည်။ အခန်းကျယ်ကြီးတခုလုံးပြည့်လျှံသွားအောင်ပရိသတ်စည်ကား

ခြင်းမှာလည်း ပွဲထုတ်သည့် ကျောင်းသူသစ်ကလေးများကို ကြည့်လို မြင်လိုကြသောကြောင့်ပင် ဖြစ်ဟန် တူ ပါ သည်။ ကျောင်းသားများအဖို့ ဥက္ကဋ္ဌဟောင်း မစ္စတာရာရှစ်မှ ဥက္ကဋ္ဌသစ် ကိုဗဂျမ်း လက်သို့ ပြောင်း ဖို့ ကိစ္စကို ကျောင်းသူများ စကားရည် လုပွဲလောက် စိတ်ဝင်စားကြမည် မဟုတ်ပါ။

တော်ရုံတန်ရုံ သတ္တိဗျတ္တိနှင့်လည်း သည်လို စကားရည်လုပွဲတွင် ဝင်ရောက်ဆင်နွှဲဝံ့မည်မဟုတ်။ နယ်မှရောက်ခါစ ကျောင်းသူသစ်တဦးသည် တက္ကသိုလ် သမဂ္ဂမှ ကျင်းပသည့် စကားရည်လုပွဲတွင် ဝင်ရောက် ပြောဆိုဝံ့လျှင်ထိုကျောင်းသူအား ချီးကျူးရမည်သာ။

ထိုနှစ်က ကျွန်တော်တို့ တက္ကသိုလ်ကျောင်းမှစကားရည်လုပွဲသို့ ဝင်ရောက် ဆင်နွှဲ ကြသူများကား မော်လမြိုင်မှ မနွယ် (ဒေါ်နွဲ့ရီ)နှင့် မိုးကုတ်မှ မအေးခင်တို့ဖြစ်လေသည်။ ယုဒသန်သစ်မှ ပါဝင်သူများမှာ မခင်စောမူနှင့် အခြား တယောက်ဖြစ်သည်။

စကားရည်လုပွဲတွင် ဝင်ရောက်ပြောဆိုသူတိုင်း အတော်ပင် အချက်ပိုင်ပိုင် ပြောဆိုနိုင်ကြပါသည်။ သူတို့ ပြောလိုက်သည့် ထိမိသော အချက်တိုင်းတွင် ကျောင်းသားတို့၏ လက်ခုပ်သံသည် ညံနေပါတော့သည်။ အချို့ကျောင်းသားများမှာကား လက်ခုပ်တီးရုံနှင့် အားမရသေးပဲပါးစပ်ကပါ အော်လိုက်ဟစ်လိုက်ကြသေးသည်။ စကားရည်လုပွဲ ပြီးဆုံးသွားသောအခါ ဥက္ကဋ္ဌကြီးက နိဂုံးချုပ်စကား ပြောကြားပြီးသည့်နောက် 'တို့မြန်မာ' သီချင်းကိုသီဆိုကြလေသည်။ သီချင်းဆုံးသောအခါကြေးကြေး





www.burmeseclassic.com

www.burmeseclassic.com

သံကို သုံးကြိမ်စီ လက်သီးလက်မောင်းတန်းကာ ဟစ်ကြွေးပြီး နောက် အစည်းအဝေးကြီးကို ရုပ်သိမ်းလိုက်လေသည်။

"သခင်မျိုးဟေ့"

အတွင်းရေးမှူးက ဆိုလိုက်သည်။

"တို့မြန်မာ"

ကျွန်တော်တို့ အားလုံးက အော်ကြသည်။

"အရေးတော်ပုံ"

အတွင်းရေးမှူးက ဆိုလိုက်သည်။

"အောင်ပါစေ"

ကျွန်တော်အားလုံးက အော်လိုက်ကြသည်။

ထိုအသံများသည် တက္ကသိုလ်နယ်မြေကို ပဲ့တင်ထပ်သွား[illegible] သည်။ အို မှားပါ။ တတိုင်းတပြည်လုံးကိုပါ လွှမ်းခြုံသွား[illegible] ပါသည်။

(၅)

ထိုစဉ်က တက္ကသိုလ် အပျော်ထမ်း စစ်တပ်သို့ ဝင်ကြ[illegible] တော်တော်များလေသည်။

အင်္ဂါနေ့နှင့် သောကြာနေ့ ညနေစောင်း များတွင် ယူ[illegible] ဖောင်းများကို ဝတ်ဆင်ကာ စစ်ရေးပြသွားရန် ထွက်လာ[illegible] သည့် ကျောင်းသားအများကို တွေ့ရလေသည်။

"ကဲ၊ ခင်ဗျားလဲဝင်ပါဗျာ။ အရှုံးမရှိပါဘူး။ စစ်ပညာ[illegible] တတ်တာပေါ့" ထိုတပ် ထဲ သို့ ဝင် ရောက် ပြီး ဖြစ်သော ကျောင်းသားသစ် တယောက်က ကျွန်တော့်ကို လှုံ့ဆော် တိုက်တွန်းနေလေသည်။

"အခု ဘာတွေများ သင်ရတုံး"

ကျွန်တော်က ပြန်မေးပါသည်။

"အခုတော့ ဗယ်လှည့် ညာလှည့်လောက်ပဲ ရှိသေးတယ်။ နောက်တော့ သေနတ်ပစ်တွေ ဘာတွေ သင်မှာပေါ့ဗျာ။ ပြီး တော့ ယူနီဖောင်းတွေလဲ ရတယ်ဗျ"

"ဘာတွေရလဲဗျ"

"ဘောင်းဘီ နှစ်ထည်ဗျာ၊ သက္ကလပ် ရှပ်အင်္ကျီ နှစ်ထည်၊ ဦးထုပ်၊ ကုတ်အင်္ကျီ၊ ဖိနပ်၊ ခြေအိတ် စုံလို့ပဲ။ သက္ကလပ်တွေက [illegible]ယင် ဆောင်းတွင်းနဲ့ အတော်ပဲ၊ ပြီးတော့ ရှိသေးတယ်ဗျ၊ [illegible]လုပ်တွေ ဘာတွေ လျှောက်ဘော့လဲ ဒီတပ်ထဲ ဝင်မှုးတယ် [illegible]ယင် ပိုပြီး အခွင့်အရေးရတယ်တဲ့ဗျ"

သူသည်ကျွန်တော့်ကိုလာဆွယ်နေပါသည်။ သည်လောက်နှင့် [illegible]နတော် ဝင်ချင်စိတ်မရှိသေးပါ။ သူကဲ စကားဆက်ပြန်လေ [illegible]သည်။

"ပြီးတော့ တခုရှိသေးတယ်"

"အင်း....ပြောပါဦး"

"တနှစ်တခါ မေမြို့ကို သင်တန်းဆင်းဖို့ သွားရသတဲ့။ စရိတ် [illegible]က အားလုံး တပ်ကခံတယ်"

သည်စကားကို ကျွန်တော် အလွန်သဘောကျသွားပါသည်။ [illegible]ကြောင့် ထိုအပျော်ထမ်းတပ်ထဲသို့ ဝင်ရန် ဆုံးဖြတ်လိုက် [illegible]သည်။





www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း သုံးယောက်နှင့် အတူ ကျွန်တော်သည် စစ်ေ ကလေးရှိရာသို့ ရွှေ့ရှုလာနေကြပါသည်။ မိုးဦးပေါက်ဖျန်းထားပြီ ဖြစ်သော တက္ကသိုလ် လောကကြီးတခုလုံးသည် စိမ်းစိမ်းစိုေ လေသည်။ မြေပြင်တခုလုံးသည်လည်း မြက်ပင်တို့ဖြင့်လွှမ်းလွှ ရှိရာ ကမ္ဗလာစိမ်းကြီး လွှမ်းထားသကဲ့သို့ ထိုမြက်ပင်ကြိုကြာ တွင် ရောနှော ပေါက်ရောက်လျက်ရှိသော ထိကရုန်းပင်ကလေ များသည် ခြေနှင့်ထိမိသဖြင့် တွန့်၍တွန့်၍ အရွက်ချပ်ကလေ များ ထုပ်သွားကာ ညှိုးရောင်ဆောင်သွားကြလေသည်။ အထ သွားမိသော် အုတ်နီတို့ဖြင့် ဆောက်လုပ် ထားသော စစ်ဒ ကလေးသို့ ရောက်သွားကြလေသည်။

ထိုအဆောက်အအုံ ကလေးအတွင်းဝယ် နာမည် စာရင် တင်သွင်းနေကြသူ ကျောင်းသားများကိုပင် တွေ့ရလေသည် ကျွန်တော်တို့လည်း မေးမြန်းစုံစမ်းကာ ပုံစံများကို တောင်း ကြသည်။ ရေးစရာရှိသည်ကို ရေးထည့်ကြသည်။ ယောက် ပြီ။ ကျွန်တော်တို့တတွေ အတော်ပင် တုန်လှုပ် ချောက်ခြ သွားကြလေသည်။ ထိုစာပိုဒ်ကို ဖတ်ယင်း တယောက်မျက်န တယောက်ကြည့်၍ မျက်လုံးပြူးနေကြလေသည်။

'ဘုရင်မင်းမြတ်က ခိုင်းစေတော်မူလျှင် မိမိ၏အသက်ကို ပမာနမထားပဲ ဝတ္တရားကျေပွန်အောင် ဆောင်ရွက်ပါမည်'

"ဟေ့ လူ ဟန်ပါ့မလား"

တယောက်က ထိုဝါကျကို လက်ထောက်ပြီး ခပ်တိုးတိ ကလေးပြောလိုက်လေသည်။

"အေးဗျ၊ ခက်တာပဲ"

ကျွန်တော်က ပြန်ပြောလေသည်။

"မဟာန်ဘူးထင်တယ်၊ လင်စို့လား"

နောက်တယောက် ပြောပြန်သည်။

ထိုခဏ၌ စစ်ဗိုလ် တယောက်သည် အနီးသို့ ရောက်လာပြီး လျှင်-

"ပြီးပလား လူကလေး၊ ပြီးယင် ပေးပါ" ဟု ပြောယင်း စာရွက်များကို ကြည့်လိုက်ပြီးနောက်-

"အို.... ဒီနေရာမှာ လက်မှတ်ထိုးကြပါ"

ထိုသို့ပြောကာ လက်မှတ်ထိုးရမည့်နေရာများကို လက်ညှိုးနှင့် ထောက်ပြနေသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ထိုအင်္ဂလိပ် စစ်ဗိုလ်၏ မျက်နှာကို လှမ်းကြည့်ကာ ပြုံးလိုက်ကြပြီးနောက် စာရွက်ပေါ်တွင် လက်မှတ်ရေးထိုးလိုက်ကြလေသည်။

ကျွန်တော်တို့တတွေကိုတဘက်ခန်းသို့ သွင်းလိုက်လေသည်။ ထိုအခန်းထဲတွင် များပြားလှစွာသော စစ်သားလောင်းများကို တွေ့ရပါသည်။ သူတို့အားလုံးသည် ထင်းရှူး သေတ္တာများပေါ် တွင် စီရရီ ထိုင်နေကြ လေသည်။ ကျောင်းသားမျိုးစုံ ဖြစ်ပါ သည်။ အချို့ပုပု၊ အချို့မြင့်မြင့်၊ အချို့ပိန်ပိန်၊ အချို့ဝဝ၊ မြန်မာ၊ ကရင်၊ အင်္ဂလိပ်ကပြား၊ ကုလား၊ စုံနေပါတော့သည်။ ကျွန်တော် တို့သည်လည်း သူတို့နံဘေးတွင်ဝင်ထိုင်လိုက်ပါသည်။ နံရံတွင်ကပ်ထား သော စင်ကြီးများပေါ်တွင် စစ်သားနှင့်ပတ်သက်သည့် အဝတ် အစားတွေနှင့်ပြည့်နေပါတော့သည်။ ကျွန်တော်တို့နှင့် မလှမ်း မကမ်း ကုလားထိုင် တလုံးပေါ်တွင်ကား နီရဲတုတ်ခိုင်သော အင်္ဂလိပ်ကြီး တယောက် ထိုင်နေပါသည်။ သူသည် ကုလား လေးငါးယောက်ကို အော်လိုက် ငေါက်လိုက်နှင့် အမိန့်ပေးနေ သည်။ သူ့စွဲစားပွဲပေါ်တွင်လည်းဦးထုပ်၊ ဘောင်းဘီ၊ အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



အစရှိသော စစ်သားအဝတ်အစားများနှင့် ပြည့်နေလေသည်။ စစ်ဗိုလ်ကြီးသည်စစ်သားလောင်းများ အတွက် စစ်ဝတ်တန်ဆာများကို ထုတ်ပေးနေခြင်း ဖြစ်လေသည်။ သူ့ခများ အော်ရ ဟောက်ရ၊ အဆဲဝင်လိုက် အပြင်ထွက်လိုက်လုပ်ရနှင့် ချွေးဒီးဒီး ကျနေပါတော့သည်။ ကျွန်တော်တို့ ရှေ့တွင် တယောက်စီ တယောက်စီ အတွက် ရယူရမည့် ပစ္စည်း ပစ္စယများကို လာချ ထားလေသည်။ သူ့အလုပ်ကလည်း မသက်သာလှ။ ခေါင်း အမျိုးမျိုးအတွက်တော်မည့် ဦးထုပ်ရှာရသည်ပင် လွယ်ကူသော အလုပ်မဟုတ်။ ခြေထောက် အစားစား အတွက် ဖိနပ်ကြီးတွေ ရွေးပေးရသည် ကလည်း ဖတ်ဖတ်မော။ ဘောင်းဘီ၊ အင်္ကျီတွေ အတွက်လည်း တန်သည့် အရွယ်အစားကို မရမက ရှာပေးရရှာ သည်။ အဝတ်အစားတွေ စုံပါပြီ၊ စုံ့ရုံနှင့်မပြီးသေး၊ ပြန်လည် စစ်ဆေး ရဦးမည်။ တယောက်စီ တယောက်စီ ရှေ့တွင်ရှိသော ပစ္စည်းပုံများကိုစေ့ငုပါရဲ့လားဟုစစ်ဆေးရာဝယ် စစ်ဗိုလ်ကြီးက ပစ္စည်း စာရင်းကို ဖတ်ရာ သူ့တပည့် ကုလားတယောက်က 'ထိကေးဆပ်'ဟု ပစ္စည်းကို မပြယင်းအော်ပြောရသည်။

"One Kit Bag"
(အိတ်ကြီးတလုံး)စစ်ဗိုလ်ကြီးအသံ။

"ထိကေးဆပ်"(မှန်ပါတယ်ခင်ဗျ) သူ့တပည့် အသံ။
Two Shirts"
(အင်္ကျီနှစ်ထည်) စစ်ဗိုလ်ကြီး အသံ။
"ထိကေးဆပ်" သူ့တပည့် အသံ။

"Two Shorts"
(ဘောင်းဘီတိုနှစ်ထည်)





"ထိကေးဆပ်"
"One Pair of Boots"
(ဘွတ်ဖိနပ် တရံ)
"ထိကေးဆပ်"

ဒီအတိုင်းပင် စစ်ဗိုလ်ကြီးနှင့် သူ့တပည့်သည် ပစ္စည်းအမည်နှင့်အရေအတွက်ကိုဆရာကအော်လိုက်၊ တပည့်က 'ထိကေးဆပ်' တစ်လိုက်နှင့်အချီအချ သံချပ်ထိုးနေသကဲ့သို့ အလွန်နားထောင် ကောင်းနေပါတော့သည်။ စင်စစ်အားဖြင့် ကဗျာသံ ပါနေပါ သည်။

ပြီးလျှင် ကျွန်တော်တို့သည် အိတ်ကြီးထဲတွင်ဖိနပ်၊ ဦးထုပ်၊ ခြေအိတ်၊ အင်္ကျီ၊ ဘောင်းဘီ အားလုံးကို ထည့်သွင်းကာ ထိပ်ဝမှ စုစည်းပြီးနောက် ကျောကုန်းတွင်ပိုး၍ ပြန်လာကြပါ သည်။

(၆)

တက္ကသိုလ်ဆောက်စ နှစ်ဦးသည် ပျော်မွေ့းစရာ ကောင်းလှ ပါဘိတော့သည်။

ကျွန်တော်သည် 'ဇဝန'ရေးသည့် 'ကောလိပ်ကျောင်းသား' ဝတ္ထုတွေကို ဖတ်ခဲ့ရစဉ်က 'တယ် ပျော်စရာ ကောင်းပါကလား' ဟု ရေရွတ်မိခဲ့သည်။ ထိုဝတ္ထုထဲမှ သိန်းဖေတို့လို လူရွှင် လူ ... ်တွေလည်း ရှိလိမ့်မည်ဟု ထင်ခဲ့သည်။ မသန်းမြင့်တို့လို ... ်းမချော မိန်းမလှလေးတွေလည်း အလွန် ပေါလိမ့်မည်ဟု ... င်ခဲ့မိသည်။ ကိုသိန်းဖေနှင့် မအေးစိန်၊ ကိုကျော်ဝင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



မသန်းမြင့်တို့လို သူ့ အတွဲနှင့်သူ ချစ်ကြ၊ ကြိုက်ကြ၊ ရုပ်ရှင်ကြည့်ကြ၊ ရေးကူးကြ၊ မင်္ဂလာဆောင်ကြနှင့်သာ အချိန်တွေကုန်လွန် နေကြသည်ဟုလည်း တွေးမိသည်။ အထက်တန်းကျောင်းများတုံးကလို အတန်းဆရာများကို ကြောက်စရာမလို၊ အတန်းတက်ချင်မှ တက်၊ မတက်ချင်လျှင် လစ်နိုင်သော ငကယ်လွတ်လပ်သော ကျောင်း ကြီး ပေဟု လည်း အထင်ရောက်ခဲ့ပါသည်။ စင်စစ်အားဖြင့် ကျွန်တော်သည် တက္ကသိုလ်ကြီးအားလောကနိဗ္ဗာန်ဘုံကြီး ပေတကား ဟု အဝေးမှ မျှော်မှန်းနေမိခဲ့ပါသည်။

နံနက်အိပ်ရာမှ ထလျှင် မျက်နှာသုတ်ပဝါကို လည်မှာ သိုင်းကာ သွားပွတ်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာခွက် တို့ကိုယူ၍ ရေချိုးခန်းရှိရာသို့ သွားပါသည်။ မျက်နှာအယင်သစ်မည်လား၊ နောက်ဘေး အယင်သွားမည်လား။ သဘောရှိ ကရောဟို၍ နိုင်ပါသည်။ ကဲ....နောက်ဘေးအယင်သွားပါ။ ဘယ်လောက် သန့်ရှင်းတဲ့ အိမ်သာကလေးလဲ၊ ဖြူဖွေးသော ကြွေခွက်ကြီးပေါ်တွင် မစင်စွန့်ရပါသည်။ ဗိုမ်နှင့် ထိုင်နေနိုင်ပါသည်၊ သတင်းစာဖတ်ချင်လျှင်လည်း မစင်စွန့်ယင်းပင် ဖတ်နေနိုင်ပါသည်။ မန်းမစော်ပါ၊ ဘောက အိမ်သာတွေလို 'ပလုံ'ဆို ကျသွားပြီးလျှင် မျက်နှာသို့လည်း မစင်နိုင်ပါ။ မစင်ပုံနှင့် စအိုနှင့် ထိမိမှာ စိုးရိမ်ရသောကြောင့် ခဆောင့်ကြောင့်မှုကျကျနနမထိုင်ရဲအောင်လည်း မဖြစ်ပါ၊ ဝက်တွေလာ၍ နှောင့် ယှက် မည် ကိုလည်း မကြောက်ရပါ။ ကဲ-တော်လောက်ပါပြီ၊ အိမ်သာခန်းမှ ထွက်ပါတော့၊ မျက်နှာသစ်သည့် နေရာတွင် နိုင်ငံခြားမှ ရောက်ရှိလာသည့် သွားတိုက်ဆေး ပျော့ပျော့ကလေးကို နိုင်ငံခြားလုပ်





သွားပွတ်တံ ပေါ်တွင် ထည့်ကာ မြန်မာသွားကို တိုက်စမ်းပါလော့၊ တိုက်ပါပြီ၊ အမြုပ်တွေကို နိုင်ငံခြားမှ လုပ်သည့် ဖြူဖွေးသော ကြွေခွက်ကြီးများ အတွင်းသို့ ထွေးချပါသည်။ အင်း၊ ဒီနောက် ရေပိုက်ကလေးမှရေတွေကို ဖွင့်ချပြီးမျက်နှာသစ်ယင်း ဆပ်ပြာမွှေးနှင့် မျက်နှာကိုတိုက်နေပါသည်။ ဒီအချိန်တွင် ကျွန်တော်တို့ အဖေ၊ မိဘ၊ ဦးကြီး၊ ဦးလေးအရွယ်ရှိသော သူချိုးသားချင်းတို့သည် ချုံကြို ချုံကြားတွင်ဖြစ်စေ၊ ယိမ်းထိုင်နေသည့် အိမ်သာပေါ်တွင် ဖြစ်စေ ဝက်တွေ၏ အသံကို နားခံယင်း ဖြစ်စေ၊ ကိုယ်လက် သုတ်သင်ပြီးနောက် မီးသွေးခဲ သားတို့နှင့် သွားတိုက်ကာ အုန်းမှုတ်ခွက်နှင့် ရေကို ယူပြီး မျက်နှာသစ်ပြီးလျှင် ပုဆိုးနှင့်ပင် မျက်နှာကို သုတ်နေချင်သုတ်နေပေမည်။

မျက်နှာသစ်ပြီးပါပြီ၊ အခန်းတွင်းသို့ ရောက်သောအခါ မှန်ကိုကြည့်ယင်း ခေါင်းလိမ်းဆီများကို လိမ်းကာ ဆံပင်ကို ကျကျနနဖြီးလိုက်သည်။ အလှအပကြိုက်တတ်လျှင် ဟေစလင်မှုန့်ကလေးများ လိမ်းလိုက်ပါဦး။ ဟော....ခေါင်းလောင်းသံပေါ်ကလား၊ နံနက် လက်ဘက်ရည်သောက်ရန် ခေါ်နေပါပြီ။ ထမင်းစားခန်းသို့ လျှောက် လာ ခဲ့ သည်။ ကော်ဖီတခွက်နှင့် ပေါင်မုန့်ငယ်ကလေးတလုံး သူ့ရှေ့ ကျောက်စားပွဲပေါ်တွင် ရောက်လာပါသည်။ သည်လို ပေါင်မုန့်မျိုး မစားချင်ပါ၊ အရသာလဲ မရှိ၊ ထို့ကြောင့်ကော်ဖီကိုသာသောက်၍ပေါင်မုန့်ကို ယူလာခဲ့ပြီးလျှင် ထမင်းစားခန်းအပြင်တွင် ဆူညံနေသော အသံကို ပြုနေကြသည့် ကျီးများကို ကျွေးလိုက်လေသည်။ ထိုအချိန်တွင် ကောလိပ် ကျောင်းသားတို့၏ တောမြို့များမှ မိဘ



www.burmeseclassic.com

www.burmeseclassic.com



များသည် ထမင်းကြမ်း ပဲပြုတ်နှင့် လက်ဘက်ရည်ကြမ်းကို မြိတ်ရည်ရှက်ရည် စားသောက် နေကြပေလိမ့်မည်။ အို-သည် လောက်ပင် စားမှ စားကြရပေမည်။ မနေ့ညနေက ထမင်း မကျန်သည့်ပြင် ပဲပြုတ်လည်းမဝယ်နိုင်သောကြောင့် လက်ဘက် ရည်ကြမ်းကိုသာ အမြည်းမပါပဲ သောက်နေကြရပါသည်။

နံနက်ကော်ဖီသောက်ပြီးလျှင် စာကြည့်ချင်လျှင်ကြည့်မည်။ မကြည့်ချင်လျှင်လည်း အင်းလျားကန်ဘောင်ပေါ် လျှောက် မည်။ သည်လိုမှ မဟုတ်ယင်လည်း ရောက်ရှိလာသော သတင်း စာများကို ဖတ်နေမည်။ ရှစ်နာရီခွဲလျှင် ထမင်းစား ခေါင်း လောင်း ထိုးပြန်ပါတော့သည်။ တစားပွဲလျှင် လေးယောက် ဝိုင်းကာ ဟင်းကောင်း လေးငါးခွက်နှင့် စားသောက်ကြရ သည်။ ဘယ်လောက် ဟန်သလဲ၊ လက်မဆေးရတော့ပါ၊ ဇွန်း ခက်ရင်းနှင့် ယဉ်ကျေးစွာ သုံးဆောင်ရသည်။ တခုခု လိုလျှင် ဇွန်းနှင့် ပန်းကန်းကိုခေါက်လိုက်ပါ။ သို့မဟုတ် ကျောက်စားပွဲ ကို ခေါက်လိုက်ပါ။ ဘွိုင်ကုလား ပြေးလာပါလိမ့်မည်။

ကျောင်းတက်ချိန် ရောက်ပါပြီ။ သို့သော် တက်ချင်မှတက် ပါ။ မတက်ချင်လျှင် နေနိုင်ပါသည်။ မတက်ပဲနှင့် တက်ပါ သည်ဟု ဆိုလျှင်လည်း၊ သူငယ်ချင်း တယောက်အား နာမည် ခေါ်လျှင် အထူး ခိုင်းလိုက်နိုင်ပါသည်။ အတန်း မတက်ဖူး ဆို ပါတော့။ ဘယ်သွားမည်နည်း၊ မြို့ထဲသွား၍ လည်နိုင်သည်။ ရုပ်ရှင်သွားကြည့်နိုင်သည်။ စာကြည့်ခန်းတွင် ဖြစ်စေ၊ အခြား အခန်းလွတ်တခုခုမှာ ဖြစ်စေ ချစ်သူနှင့် ချစ်တင်း နှီးနှောနိုင် သည်။ ချစ်ရေး ကြိုက်ရေးသည် လူတို့၏ ဓမ္မတာ မဟုတ်ပါ





လား။ ဘယ်သူရှိရှိ ဂရုစိုက်စရာမလို။ နေ့လယ်၌ လက်ဘက်ရည် တကြိမ် တိုက်ပြန်သည်။

အတန်းတက်ရသည်မှာလည်း ဆယ်တန်း ကျောင်းတွေလို တနေ့လုံးမဟုတ်၊ အားချင်လျှင် အားနေတတ်သည်။ တနေ့လုံး မအားသည့် နေ့ကား ရှားလှပါသည်။ ညနေစောင်းပါပြီ။ စာ သင်ပို့ချချိန်လည်း ကုန်ပါပြီ။ လက်ဘက်ရည်တကြိမ် တိုက်ပြန် ပါသည်။ ကစားခုန်စား ဝါသနာပါလျှင်လည်း မိမိဝါသနာ ပါသည့် အသင်းတွင်ဝင်၍ လိုက်စားနိုင်သည်။ ရေကူးမည်လား၊ လှေလှော်မည်လား၊ ဘော်လုံးကန်မည်လား၊ စစ်သင်တန်း သွားတက်မည်လား၊ သို့မဟုတ် အင်းလျားကျောင်းဆောင်သို့ သွားရောက် လည်ပတ်နိုင်ပါသည်။ အင်းလျားကန်ဘောင်တွင် လမ်းလျှောက်ယင်းလည်း လမ်းလျှောက် ထွက်လာတတ်ကြ သည့် အင်းလျားသူများကို ရှုစားနိုင်လေသည်။

မှောင်စပျိုးလျှင် ညနေစာ ကျွေးလေသည်။ မီးရောင် အောက်တွင် ပန်းကန်ခွက်ယောက်လည်း ပြောင်ပြောင်လက် လက် နေလေသည်။ ဇွန်းသံ၊ ပန်းကန်သံတွေကိုလည်း ကြားရ သည်။ ထမင်းစားပြီးကြပါပြီ။ ဗိုက်အင့်နေပါသည်။ ဝမ်း ချောင်အောင် လမ်းလျှောက်ကြပါဦး။ လမ်းလျှောက်ရာက ပြန်မှစာကြည့်ပါ။ တခါတရံလည်း အစည်းအဝေးပွဲ၊ မိတ်ဆက် ပွဲသို့ သွားရပါဦးမည်။ မိတ်ဆက် ပွဲများ ကား အလွန် ပျော်စရာကောင်းလှပါသည်။ ကျောင်းသူနှင့် ကျောင်းသား ရောရောထွေးထွေး နေထိုင်စားသောက် ကစားကြရသည်။ သည်လို ပွဲလမ်းသဘင်မျိုး မရှိလျှင်လည်း ကျောင်းတွင် နှုတ် ဆက်ပွဲ၊ ညှော်ခံပွဲများ ရှိတတ်ပါသေးသည်။ အိုင်စီအက် အသင်



www.burmeseclassic.com

www.burmeseclassic.com



များ၏ဧည့်ခံပွဲ၊ ပညာတော်သင်များ၏နှုတ်ဆက်ပွဲ၊ လက်ဖက်ရည်ပွဲ၊ အငြိမ့်ပွဲများနှင့် ဧည့်ခံဖြေဖျော်တတ်ပါသည်။ ဖိတ်သည်ဖြစ်စေ၊ မဖိတ်သည်ဖြစ်စေ အငြိမ့်ပွဲကိုတော့ သွားကြည့်နိုင်ပါသည်။

တက္ကသိုလ်ကျောင်းသား၏ ဘဝကို သည်အတိုင်း ဖန်တီးပေးထားလေသည်။ အများအားဖြင့်သော ကျောင်းသားတို့သည် 'ဘော်ကြော့ ရေယာဉ်ကြော' ဝယ် မျောနေကြလေသည်။ ဆင်းရဲသည်ကို သူတို့နားမလည်။ အိမ်မှ ငွေနောက်ကျ၍ စိတ်မအီမသာ ဖြစ်ချင်ဖြစ်ရမည်။ အချစ်ကိစ္စတွင် ဟန်မကျ၍ စိတ်ဆင်းရဲချင် ဆင်းရဲရမည်။ သည့်ပြင်တော့ ဘာမျှ ပူစရာမရှိ။ သည်အထဲမှာ ဉာဏ်ကြီးရှင်များ ထွက်ပေါ်လာလေသည်။ ထို လူတော် အခေါ်ခံရသူများထဲမှ ဗြိတိသျှ အင်ပါယာကြီး တည်တံ့ရေးအတွက် လက်ကိုင်တုတ် လုပ်နိုင်မည့် သူများကို ရွေးထုတ်လိုက်လေသည်။ အိုင်စီအက်၊ အရေးပိုင်၊ ဝန်ထောက်၊ မြို့အုပ်၊ ပုလိပ်၊ ယစ်မျူး၊ အမြတ်တော်။ ဤ အားလုံးသော အရာရှိများသည် သည်တက္ကသိုလ်မှ 'လူတော်'များပင် မဟုတ်ပါလော။ သည်တက္ကသိုလ်မှ ထွက်လာလျှင် သည်အလုပ်များမှ လွဲ၍ လုပ်ရာ ဘာရှိသနည်း။ ဘာလုပ်တတ်သနည်း။ ထို့ကြောင့် သည်အလုပ်များကို လုပ်ရန်သာ ကျောင်းသားအများ ကြိုးစားနေကြလေသည်။ သည်အချိန် ကျွန်တော်တို့ မိဘများသည် တောရွာများတွင် ငတ်ပြတ်မွဲတေ နေကြပါသည်။ သည်ကျောင်းမှ ပညာရသွားကြကုန်သော ပညာရှိများ၏ ဖိနှိပ်ချုပ်ချယ်ခြင်းကို ခံနေရကြရှာသည်။





ကျောင်းသားတို့သည် တကယ့်မြန်မာ့အခြေအနေကို မမြင်နိုင်။ သူတို့သည် လောကကြီးနှင့် ကင်းကွာနေကြလေသည်။ သူတို့၏ ခြေဖဝါးများသည် မြေတွင် မကျနိုင်ပါ။ မြန်မာ့ဘဝနှင့် ကင်းကွာ၍ လေဟုန်စီးနေကြလေသည်။ သည်အထဲတွင် ကျွန်တော်သည်း တယောက်အပါအဝင် ဖြစ်နေခဲ့ပါသည်။

သို့သော် သည်အထဲမှပင် ထူးထူးခြားခြား မြန်မာ့လောကကို မြင်လာသူများ ပေါ်ပေါက်လာလေသည်။ သူတို့ တပ်ပေးထားသည့် မျက်မှန်စိမ်းကို ချွတ်ကာ ပကတိမျက်စိဖြင့် မြန်မာ့အခြေအနေကို ကြည့်တတ်သည့်သူများ ထွက်ပေါ်လာလေသည်။ ဒေါက်တာဦးညို ဆောက်လုပ်လှူဒါန်းခဲ့သော တက္ကသိုလ်ကျောင်းသားများသမဂ္ဂ အဆောက်အအုံအတွင်းမှ တခဲနက်သော ကြွေးကြော်သံကြီး ထွက်ပေါ်လာလေသည်။

အရေးတော်ပုံ အောင်ပါစေ တဲ့။

www.burmeseclassic.com

www.burmeseclassic.com

# ကျောင်းပိတ်ချိန်

## (၁)

ဆောင်းကျွတ်လုပြီ၊ နွေရာသီလည်း
မပီတတ်သေး၊ ဝိုးဝါးထွေး၍
ညဦးအေး နွေပူ....။

စိန္တကျော်သူ

တပို့တွဲ တပေါင်း ဆောင်းလည်း ကျွတ်လုပါပြီ။

သို့သော် နွေရာသီဟုလည်း မဆိုသာသေးပါ။ နံနက်စောစောတွင် နှင်းကြွင်းနှင်းကျန်တို့သည် တက္ကသိုလ်နယ်မြေကို သိုင်းခြုံနေတတ်ပါသေးသည်။ ဆောင်းနှောင်းနှင့် နွေဦးသည် တူနေကြပါသည်။ ညဦးအခါတွင် အေးချမ်းလှသဖြင့် စောင်ထူထူ ခြုံအိပ်ကြရပါသည်။ နံနက် လက်ဖက်ရည်သောက်သွား





လျှင် နှင်းတောကို တိုး၍သွားကြရသည်။ နွေခင်းကျလျှင်တော့ ပူလိုက်သည့်ဖြစ်ခြင်း။ ကျောင်းဆောင်နှင့် စာသင်ခန်း အထူး ပက်ဖျန်းနေသည့် ခနရောင်ခြည်ကိုပင် မခံရပ်နိုင်ပါ။ စာသင်ခန်းထဲတွင်လည်း ချွေးတလုံးလုံးနှင့်။

ရာသီမလေး၊ ပူလှျံငွေ့ကြောင့်
လေငွေ့ညောင်းရွက်၊ မြေသို့သက်၍
ခက်လက်ထိုထို၊ မှရမ်းပျို ဝယ်
စိမ်းစိုမြနှစ်၊ ဖူးပရစ်နှင့်
ရွက်သစ်ထပ်လောင်း၊ လတပေါင်းသည်
တို့ကျောင်းပိတ်မည့် နိမိတ်ထင့်။

ညဦးအခါတွင် နှင်းရိုက်၍ နွေခင်းတွင် နေပူရှိန်ဒဏ်ချက်ကို ခံရသော တက္ကသိုလ်နယ်မြေကို တန်ဆာဆင်ထားသည့် မရမ်းပင်ကြီးငယ်တို့မှ ရွက်ဟောင်း ရွက်ညောင်းတို့သည်လည်း လေငွေ့တိုင်း တရွက်ပြီးတရွက် ကြွေကျနေကြလေသည်။ ထိုကဲ့သို့ ရွက်ဟောင်းများ ကြွေပြောင်းသည်နှင့် တပြိုင်နက်တည်း ရွက်သစ်ကလေးများလောင်းကာ အကိုက်အစို့ ပရစ်ဖူးကလေးများ ထွက်ပြူလာကြပြန်သည်။ သည်လိုသာယာသည့် ပတ်ဝန်းကျင်ကို ဖန်တီးနေသည့် လတပေါင်းတွင် တို့ကျောင်းတက္ကသိုလ်ကြီး ပိတ်ရန် နီးပြီဖြစ်ကြောင်း အသွင်ကောင်းကို ဆောင်နေသေသည်။

ဘာသာမလေး၊ မြနန်းမွေ့သည်
နွေတမန်တော်၊ ပင်မြင့်ပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com

ကြေးကြော်'ဥဩ' တေးသီပြောက
နှင်းနှောသည့်ဆောင်း၊ နွေသို့ပြောင်းပြီ
တို့ကျောင်းပိတ်မည့် နိမိတ်ထင့်။

မြရောင်ဆောင်းနေသည့် သစ်ပင်ကြီးများတွင် ဘာသာဘာဝ မွေ့ ပျော်တတ်သည့် ဥဩငှက်၏ သာယာသည့် ကြေးကြော်သံကို ကြားရပါပြီ။ တခါတရံ နံနက်စောစော 'ဥဩ၊ ဥဩ' ဟု သာ ယာလေးတွဲ့ ကျူးရင့်သံကို အိပ်ရာတွင်းမှပင် ကြားရလေသည်။ သည်လို ကျူးရင့်သံကို ကြားနာရသော ကျောင်းသူ ကျောင်းသားတို့သည် ဆီးနှင်းတို့ဖြင့် ထွေးလုံးရစ်ပတ် ဖြစ်ခဲ့သော ဆောင်းရာသီသည် ဝင်းဝင်းပြောင်လက်သော နွေရာသီသို့ ပြောင်းတော့မည်ဟု သိကြလေသည်။ ဤသည်လည်း လာပေါင်းသည် ကျောင်းကြီးတက္ကသိုလ် ပိတ်တော့မည့် နိမိတ်ကို ပြနေသလိုလို။

ပျိုရွယ်မလေ့၊ အချစ်ငွေ့ကြောင့်
တူတွေ့မောင်မယ်၊ ချစ်ရေးလှယ်၍
စိတ်ဝယ်ညှတ်ပြောင်း၊ လွမ်းယောင်ဆောင်းသည်
တို့ကျောင်းပိတ်မည့် နိမိတ်ထင့်။

ပျိုရွယ်သူတို့ ဘာဝအလျောက်ကျောင်းကြီး တက္ကသိုလ်တွင် အချစ်ပင်စိုက်ပျိုးခဲ့ကြသူတို့သည်လည်း ခွဲခွာရတော့မည် ဖြစ်၍ တသသလွမ်းနေကြလေပြီ။ မလွှဲသာ၍ ခွဲခွာရတော့မည့် အချိန်သည် တနေ့တခြားနီးကပ်လာပါပြီ။ ဆိတ်ညိမ်သောနေရာများတွင်နှစ်ဦးချင်းတွေ့ဆုံကာ ချစ်တင်းနှီးနှောနေကြသည့် ဒွိယံဒွိယံ တွဲများကို တက္ကသိုလ်ရိပ်သာဝယ် အနှံ့အပြားတွေ့ရလေသည်။ သူတို့သည် ကျောင်းပိတ်တော့မည့် ရှေ့ပြေးနိမိတ်ကို ပြနေခြင်း မဟုတ်ပါလား။

ကျောင်းတော့ဖြင့် ပိတ်တော့မည်။

ဥပစာအထက်တန်း၊ ဝိဇ္ဇာအထက်တန်း၊ အစရှိသည့် အထက်တန်းသားများအဖို့ကား ပျော်နိုင်ကြမည်မဟုတ်။ နေ့ ဥ တု ကျောင်းမပိတ်မီ လတပေါင်းတွင် ကျင်းပမြဲဖြစ်သော စာမေးပွဲအတွက် နေ့ ည မအား စာကြိုးစားနေရလေသည်။ ကျွန်တော်တို့လို အောက်တန်းကျောင်းသားများအတွက်ကား စာမေးပွဲသည် မှုစရာမဟုတ်လှပါ။ တော်ရုံတန်ရုံစာလိုက်နိုင်၍ ကျောင်းမှန်မှန်တက်လျှင် အတန်းတက်ရမည်ဖြစ်လေသည်။ ထို့ကြောင့် စာမေးပွဲအတွက် စိတ်မပူလှပါ။ အိမ်ပြန်ရောက်တော့မည့်ရက်ကိုသာ တွက်၍ ဝမ်းသာနေပါတော့သည်။

သည်လို ကျောင်းပိတ်ချိန် နီးလာလျှင် တက္ကသိုလ်နယ်မြေသည် သာယာစိုပြည်လာလေသည်။ မရမ်းပင်ပျိုတို့မှာ အကိုင်းအခို့ အဖူး အညွန့်တွေနှင့် ဝေဝေ ဆာဆာ နေကြလေသည်။ ညိုသာသောမျက်ခင်းတို့သည် ကမ္ဘာလာကြီးကို ခင်းထားသကဲ့သို့ မြေးစိမ်း စိုစိုနေရာမှ နေပူရှိန်ကြောင့် ညိုရောင်သမ်းလာလေသည်။







www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆောင်ဝင်းများအတွင်းရှိ ပုဏ္ဏာရိပ်ပင် များသည်လည်း အဆုပ်လိုက် အဆုပ်လိုက် ရဲရဲနီနေသော အပွင့်များနှင့် ဝေဝေဆာဆာနေလေသည်။ စိမ်းလဲ့လဲ့ အင်းလျားရေပြင်ကြီးသည်လည်း ညှင်းလေပြေတို့ သုတ်ဖျူးတိုင်း ကြက်ခွပ်လှိုင်းကလေးများထနေသည်ကို တွေ့ရလေသည်။ နိုင်ငံခြားရွက်လှေကလေးများသည်လည်း ရေပြင်ပေါ်တွင် လူးလာခတ် ပြေးလျက်ရှိသည်။ ညနေစာ မစားမီတွင်ဖြစ်စေ၊ စားပြီးစအခါတွင်ဖြစ်စေ အင်းလျားကန်ဘောင်ရိုးတွင် လမ်းသလားရသည်မှာ စိတ်ကြည်နူးစရာ ကောင်းလှပါသည်။ သည်လိုညနေဆည်းဆာအချိန်ဝယ် ကိုယ့်အစုအဝေးနှင့် ကိုယ်လမ်းလျှောက်နေကြသည့် တက္ကသိုလ်ကျောင်းသူ ကျောင်းသားများကို နေရောင်ဖျော့ဖျော့ဟပ်နေသည့် ကန်ဘောင်ရိုးတွင် အများအပြား တွေ့ရပါသည်။

အချို့လည်း ပတာနီကိုဝါးယင်း ရှုခင်းသာယာကို ကြည့်နေကြသည်။ အချို့ကလည်း စကားတပြောပြောနှင့် လမ်းလျှောက်နေကြသည်။ အချို့လည်း သွားယင်း လာယင်း စာအကြောင်း ပေအကြောင်းကို ဆွေးနွေးဝေဖန်နေကြသည်။

ညဉ့်ဦးတွင် တက္ကသိုလ်ကျောင်းဆောင်တိုင်းတွင် မီးတွေနှင့် ထိန်ထိန်လင်းနေလေသည်။ ကျောင်းသားတို့သည် စာမေးပွဲနီးနေပြီဖြစ်၍ စာကြိုးစားလျက်ရှိရာ အခန်းတိုင်းမှ မီးရောင်တို့သည် ညီညီညာညာကြီးလင်းနေကြလေသည်။ ခါတိုင်းဆိုလျှင် မှောင်နေသည့် အခန်းကမှောင်၊ လင်းနေသည့်အခန်းက လင်း၊ ပွင့်သည့်အခန်းက ပွင့်၊ သော့ပိတ်သည့်အခန်းက ပိတ် ဖြစ်နေတတ်သည်။ လည်သူလည်၊ စောစောစီးစီးအိပ်သူ အိပ်၊ အပြင်ထွက်သူ ထွက်နှင့် မီးရောင်ကို အခန်းတိုင်းမှ မမြင်နိုင်ပါ။ အခုတော့ စာမေးပွဲတည်းဟူသော စစ်ပွဲကိုရင်ဆိုင်ရန် ကျောင်းသားတိုင်း အခန်းအောင်းကာ ကလောင်သွေးနေကြပါပြီ။

သူများတကာ သယ်လိုပဲ အရေးကြီးနေနေ ကျွန်တော်တို့လို မောင်သစ်လွင်တို့တော့ ခပ်အေးအေး။ ညဉ့်အချိန်တွင် မကြာခဏ အပြင်ထွက်ကြပါသည်။ ပျင်းသည်ဆို၍လည်း ထွက်တတ်သည်။ အဖော်ကောင်းလျှင်လည်းလစ်တတ်သည်။ ထမင်းစားမကောင်းဟူ၍လည်း မြို့ထဲထွက်၍ မုန့်ပဲသားရေစာများကို စားသောက်တတ်ကြပါသည်။ မကြာခဏအကြောင်းပြု၍ထွက်တတ်သည်မှာ ဗူးသီးကြော်စားရန် ဖြစ်ပါသည်။ ထိုစဉ်က ဗူးသီးကြော်ဆိုင်ရှိသည့် ဒေသနှစ်ခုရှိလေသည်။ သထုံကျောင်းဆောင်ပေါက်မှ လမ်းမကြီးဆီသို့ထွက်လာပြီးလျှင် ပုဂံကျောင်းဆောင်ဘက်သို့ချိုး၍ လမ်းမကြီးအတိုင်း လျှောက်သွားလျှင် 'စိမ်းလဲ့ကန်ဘောင်' (Green Bank) တွင် တဆိုင်ရှိလေသည်။ နောက်တနေရာကား ကမာရွတ်ရဲဌာန အနီးတွင် ဖြစ်ပါသည်။ ထိုနေရာတွင် ဗူးသီးကြော်ဆိုင် နှစ်ဆိုင်ရှိလေသည်။ တဆိုင်တွင်မူ ဆံထုံးကြီးကြီး ဆံထောက်ဖားဖား မျက်နှာဝိုင်းဝိုင်းနှင့် သူငယ်မတယောက်က ဗူးသီးကြော်များကို ပြင်၍ စားပွဲတွင် လာရောက် ချပေးတတ်လေသည်။ သူ့ဆိုင်တွင် ကျောင်းသားတွေ အစည်ကားဆုံးဖြစ်လေသည်။ ညဉ့်လသာသာတွင် ဗူးသီးကြော် တုတ်တုတ် ဝဝ ရှည်ရှည်ကြီးများကို အချဉ်ရည်နှင့်တို့ကာ တို့ကာ စားရသည့်အရသာသည် အလွန်ထူးကဲလှပါသည်။ ဗူးသီးကြော်ကိုအချဉ်ရည်နှင့်နှစ်၍ စားလိုက်၊ ဆလ[illegible]ဥက်နှင့် ကြက်သွန်စိမ်း ဝိုင်းဝိုင်းကြီးများကို အချဉ်ရည်နှင့်





www.burmeseclassic.com

www.burmeseclassic.com



လူးကာ လူးကာ စားလိုက်၊ လက်ဖက်ရည်ကြမ်းပူပူကို ရှူးကနဲ သောက်ချလိုက်နှင့် အလွန့်အလွန် အရသာရှိပါသည်။ တခါ တရံအနီးအနားတွင် သီချင်းသီဆိုကာ မယ်ဒလင် တီးနေတတ်သည့် ကျောင်းသားတစုနှင့်လည်း ဆုံတတ်သေးရာ ပို၍စည်းစိမ် ရှိလေသည်။

ကျောင်းပိတ်ပါပြီ။

စာမေးပွဲပြီး၍ ကျောင်းပိတ်လိုက်သည်ဖြစ်သဖြင့် ကျောင်းသူ ကျောင်းသားအသီးသီး မိဘရပ်ထံ ပြန်ကုန်ကြပါပြီး မီးရထားဘူတာရုံ နှင့် သင်္ဘောဆိပ် များ တွင် ကျောင်းသူ ကျောင်းသားတွေနှင့်သာ ကြိတ်ကြိတ် တိုးနေပါတော့သည်။ တယောက်ပြန်လျှင် မိတ်ဆွေသင်္ဂဟများက လိုက်ပို့ကြသဖြင့် ဆူညံလျက်ရှိပါတော့သည်။

ကျောင်းပိတ်သည်မှာ သုံးလ။ သည်သုံးလအတွင်း ဘာလုပ် နေမည်နည်းဟု စဉ်းစားမိပါသည်။ ထုံးစံအတိုင်း တော ကျောင်းအားလျှင် အိမ်က အလုပ်များကို ကူညီညာလုပ်ရပါ သည်။ ကျွန်တော်တို့အိမ်သည် ကုန်သည်အိမ်ဖြစ်သဖြင့် အလုပ် မရှားပါ။ ကုန်ဝင်ရောင်းရမည်။ တခါတရံ ကြွေးတောင်း သွားရမည်။ ကုန်ချိန်သည့် နေရာတွင် ဝင်၍ကူရမည်။ စာရင်းတွက်ရမည်။ စာရင်းရေးရမည်။ သည်အလုပ်များကား ကျောင်းပိတ်တိုင်း ကျွန်တော်လုပ်ရသည့် လုပ်ငန်းများ ဖြစ်





လေသည်။ သို့သော် သည်တခါကျောင်းပိတ်လျှင် အိမ်မှာလည်း မနေလိုပါ။ ဘယ်သွားမည်နည်း။ တက္ကသိုလ် အပျော်ထမ်း စစ်တပ်နှင့် မေမြို့ကို လိုက်သွားလျှင် မကောင်းပါလား။ မေမြို့ တပ်စခန်းတွင် တနင်္ဂနွေ နှစ်ပတ် နေရမည် ဖြစ်လေသည်။ သည်စခန်းတွင် စစ်အတတ်များကို ကျနစွာ သင်ကြားပေးလိမ့် မည်ဟုထင်ပါသည်။ သွားစရိတ် ပြန်စရိတ်စားစရိတ်များလည်း စစ်တပ်ကကုန်ကျခံမည်ဖြစ်သောကြောင့် မေမြို့သို့လိုက်သွားရန် ဆုံးဖြတ်လိုက်ပါသည်။

သည်တက္ကသိုလ် အပျော်ထမ်းစစ်တပ်နှင့် ပတ်သက်၍ ကျွန် တော်မမေ့နိုင်သည့် အဖြစ်အပျက်ကလေးတခု ရှိပါသေးသည်။ ကျွန်တော်သည် စစ်သင်တန်း တက်ရမည့် တနေ့သော ညနေ စောင်းတွင် ခပ်စောစော အတန်းဆင်းရသည်နှင့် စစ်ယူနီဖောင်း များကို ဝတ်ဆင်ပြီးလျှင် ထွက်လာခဲ့ပါသည်။ သမဂ္ဂစာဖတ် ခန်းတွင်လည်း ဝင်၍စာဖတ်ချင်သေးသည့်ပြင် တခေါက်ပြန်ပြီး အဝတ်အစား မလဲလိုလှသဖြင့် သမဂ္ဂမှ စစ်ရေးပြရာသို့ သွားရန် တခါတည်း ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။ စာကြည့်ခန်းတွင် ထိုင်၍ စာကြည့်နေစဉ် တဘက်သော အခန်းမှ ကိုအောင်ဆန်း၊ ကိုဗဟိန်း၊ ကိုသိန်းဖေအောင်၊ ကိုလှရွှေတို့ စကားပြောနေကြ လေသည်။ သူတို့အသံများကိုတော့ကြားနေရပါသည်။ ဘာတွေ ပြောနေသည်ကိုတော့ မမှတ်မိတော့ပါ။ စာကြည့်ခန်းထဲ တွင်လည်း ကျွန်တော် တယောက်တည်းရှိပါသည်။ တခါတရံ အောက်ထပ် ဘီလီယက်ခုံမှ အော်လိုက် ဟစ်လိုက် သောအသံ များကို ကြားနေရလေသည်။ ...မျှ ကြာသောအခါ သူတို့ လေးယောက်စလုံး စာကြည့်ခန်းထဲသို့ ဝင်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ကိုအောင်ဆန်းသည် စာအုပ်ဗီရိုကို ဖွင့်ကာ စာအုပ်များကို လှန်လှော နေလေသည်။ ကိုလှရွှေသည် စားပွဲပေါ်မှ အင်္ဂလိပ်မဂ္ဂဇင်း တစောင်ကို ကြည့်နေလေသည်။ ကိုသိန်းအောင်သည် ပြတင်းပေါက်မှ ဟာကုတ်ဘတ်တလာ ကြေးရုပ်ကြီးဆီသို့ မျှော်ကြည့်နေလေသည်။

"ဟေ့လူ ခင်ဗျားက ဘာဖြစ်နေတာလဲ" နောက်ဆုံးမှ ဝင်လာသည့်ကိုဗဟိန်းက ကျွန်တော့်အနားလာ၍ ရယ်မောကာ ပြောလေသည်။ သူသည် ကျွန်တော်၏ စစ်ဝတ်တန်ဆာများကို ကြည့်နေလေသည်။ ကျွန်တော်က အဖြေမပေး၊ ပြုံး၍သာ နေလေသည်။

"နေစမ်းပါဦးဗျ။ ခင်ဗျားတို့ စစ်တပ်က ဘာတွေများ သင်ရသတုံး"

ကိုဗဟိန်းက ဆက်၍မေးပြန်သည်။ ကျွန်တော်အဖြေမပေးမီ ကိုလှရွှေက ဝင်ပြောလိုက်လေသည်။

"ဘာ သင်ရမလဲဗျ။ ဗယ်လှည့်၊ ညာလှည့်၊ သက်သာနေမြဲတို့ပေါ့"

"ဒါဖြင့် ဘာထူးသလဲဗျ။ သေနတ်တွေ ဘာတွေ မပစ်ရဘူးလား။ မသင်ဘူးလား" ကိုဗဟိန်းက မေးပြန်သည်။

"သင်ရပါတယ်၊ အခုတော့မသင်ရသေးဘူး၊ ကျွန်တော်တို့ဆီ ဗိုနှစ်မှုဝင်တာကို၊ ဒါတောင် ကျည်ဆန်သေးသေးလေးတွေနဲ့ တော့အစမ်းပစ်ရပါပြီ။ နောက်တော့ တကယ့်ရိုင်ဖယ်ကြီးတွေ ပစ်ရမှာပေါ့" ကျွန်တော်က ပြောပြနေပါသည်။

"ဒီလိုဆို ဟန်သားပဲ"



သည်အချိန်တွင် ကိုအောင်ဆန်းသည် စာတအုပ်ကိုကိုင်ကာ အနီးသို့ရောက်လာလေသည်။

"သိပ်မဆိုးပါဘူး။ သူတို့ သင်ပေးတာကို ရသလောက်တော့ တတ်အောင် သင်ထားဖို့ ကောင်းတယ်။ ကျုပ်လဲ သင်ချင်သား။ ဒါပေမယ့် ကျုပ်နဲ့ မဖြစ်ပါဘူး၊ ဘောင်းဘီ ဝတ်ရမှာကို ခက်ပါတယ်။ ပြီးတော့ ပစ်ချင်ခတ်ချင် စိတ်လဲမရှိဘူး"

ကိုအောင်ဆန်းသည် စားပွဲစွန်းတွင် ထိုင်ယင်း ပြောလေသည်။ (၁၉၄၂-ခုနှစ်တွင် ကိုအောင်ဆန်းသည် ဗိုလ်ချုပ်ကြီးတော့အဖြစ်နှင့် ချီတက်လာပြီဟု ကြားရသောအခါ ထိုစကားများကို ကြားယောင်၍ အံ့သြမိပါသည်။)

ကိုသိန်းအောင်လည်း စားပွဲနားသို့ ရောက်လာကာ ကျွန်တော့်ကို ပြုံးကြည့်ပြီးသတင်းစာတစောင်ကို ဖတ်နေလေသည်။ ကျွန်တော့်လည်း အချိန်နီးပြီဖြစ်၍ အခန်းထဲမှ ထွက်လာခဲ့ပါသည်။

"ခင်ဗျား တခြားဟာမတတ်ပေမယ့် ဆလံတော့ ပေးတတ်ရောပေါ့ဗျ၊ ဟား....ဟား....ဟား" ကိုဗဟိန်း၏ အသံကို နောက်ကျောဘက်မှ ကြားလိုက်ရပြီးနောက် သူတို့ လေးဦးစလုံး၏ ရယ်သံများလည်း တိုက်လိုက်သံနှင့် ဟိန်းသွားပါသည်။ သူတို့ လေးဦးကာ ကိုအောင်ဆန်း၊ ကိုလှရွှေ၊ ကိုဗဟိန်းနှင့် ကိုသိန်းအောင်။ ယခုတော့ တနယောက်မှ မရှိတော့ပါတကား။

(၃)

အိမ်ပြန်ရောက်၍ ဆယ့်ငါးရက်လောက် ကြာသောအခါ မေမြို့သို့ သွားရန်ပြင်ဆင်ရလေသည်။ မေမြို့သည် မန္တလေးနှင့်


www.burmeseclassic.com

www.burmeseclassic.com

အိမ်ဦးကြမ်းပြင် ဖြစ်နေသော်လည်း ကျွန်တော်သည် နေ့ချင်း ပြန် တခေါက်တည်းသာ ရောက်ဖူးပါသည်။ မန္တလေးက လူများသည် မေမြို့သို့ အလွန် သွားလိုလှပါသည်။ မန္တလေးတွင် မခနိုင် မထိုင်နိုင် ပူပြင်းနေသည့်အချိန်တွင် မေမြို့သည် အေးချမ်းလျက်ရှိပါသည်။ မန္တလေး၌ ဖုန် တထောင်းထောင်းနှင့် စိတ်ပျက်စရာကောင်းနေသည့် အချိန်တွင် မေမြို့၌ စိမ်းလဲ့သော မြက်ခင်း၊ ပန်းမျိုးစုံတို့ဖြင့် တန်ဆာဆင်အပ်သော ပန်းဥယျာဉ်ကြီးတို့နှင့် သာယာနေပါသည်။ မန္တလေးမှ လမ်းမကြီးများသည် ကျောက်ခဲကြီးတွေ အလုံးလိုက်ပေါ်ကာ ဘုတ္တေထစ်တွေနှင့် မညီမညာ ဖြစ်နေသော်လည်းမေမြို့လမ်းများသည် ကတ္တရာစေးရောင်တို့ဖြင့် ပြောင်၍ ချောမွတ် နေပါသည်။ ဤကဲ့သို့ ကောင်းခြင်းမင်္ဂလာ အပေါင်းနှင့် ပြည့်စုံနေ သည့် အာတွက် မြန်မာပြည် ဘုရင်ခံမင်းကြီး၏ နွေဥတုစံအိမ်တော်ကို မေမြို့တွင် ထားသည်မဟုတ်ပါလား။ သည်လို ဘုရင်ခံမင်းကြီး စိုးစံတော်မူသည့် မေမြို့တွင် ဆယ့်ငါးရက်လောက် အစိုးရစရိတ်နှင့်သွားရောက် နေထိုင်ရမည် ဖြစ်သော ကျွန် တော့် တို့ သည် လည်း ပျော်မြူး နေကြလေသည်။

ခရီးစရိတ်၊ စားစရိတ်၊ သောက်စရိတ်ကို လုံးဝ တာဝန်ယူထားပြီးဖြစ်သော်လည်း မိမိအတွက် မုန့်ဖိုး ပဲဖိုးနှင့် လည်ပတ်ဖို့ စရိတ်များအတွက်အိမ်ကပါသွားမှ ဖြစ်မည်။ ထို့ကြောင့် ကိုကိုကျော်ကို အကျိုး အကြောင်း ပြော၍ တောင်းရပြန်ပါသည်။

"ရော့၊ ဒါလောက်ဆို တော်ရောပေါ့။ အားလုံးစရိတ်တွေ စစ်တပ်က ခံနေမင့်ဟာပဲ" သူသည် ငွေ ဆယ်တန် တချပ်ကို ထုတ်ပေး၍ ပြောပါသည်။ ကျွန်တော်ကတော့ နည်းသည် ထင်ပါသည်။ သို့သော်ထပ်၍လည်း မတောင်းဝံ့။ ထို့ကြောင့် ငွေတဆယ်ကို ယူသွားလိုက်ပြီးနောက် အခြားနည်းဖြင့်ရပေါက်ရလမ်းကလေးများကို ရှာရပြန်လေသည်။ မမသန်းကို ကပ်၍ ညာလိုက်သည်။ အလွန်နှမြောလှသော်လည်း ငါးကျပ် ထွက်လာလေသည်။ မမ မကြီးကို ကပ်၍ နွဲ့လိုက်သည်။ ငါးကျပ် ထွက်လာပြန်သည်။ ထို့ကြောင့် ငွေနှစ်ဆယ် ဖြစ်သွားလေ၏။ သည်လောက်ဆို လုံလောက်ပါပြီ။

နောက်တနေ့ မေမြို့သို့ ထွက်ရတော့မည်။ သည်နေ့တွင် ကသာမှ ကိုလှကြည် ရောက်လာလေသည်။ သူနှင့် အဖော် တယောက် လည်း ပါလာသည်။ သူတို့ကို မန္တလေးမြို့ရှိ နေရာ အနှံ့အပြားကို လိုက်ပြရလေသည်။

နောက်တနေ့နံနက်တွင် ရန်ကုန်ဘက်မှ ရောက်ရှိလာသော ကျောင်းသားများနှင့်အတူ ကျွန်တော်တို့တတွေ မေမြို့ရထား ပေါ်တွင် ရောက် ရှိနေ ကြ ရ လေသည်။ ကျွန်တော်တို့ အတွက် မီးရထားတွဲသတ်သတ်ပေးထားပါသည်။ ကျောင်းသားတို့ဘာဝ မီးရထား ပေါ်တွင် ဆူညံနေကြလေသည်။ ကျောင်းမှ ဆရာ စစ်ဗိုလ်များ ဖြစ်သည့် မစ္စတာတင်စီ၊ ဆရာခြူး၊ မစ္စတာကျော်ကြီး၊ ဒေးဗစ်တင်လှတို့လည်း ပါလာကြပါသည်။

ဇဏမျှ ခုဘ်မောင်းမီးလျှင် တောင်ခြေဘူတာ ဖြစ်သည့် ဇ်းဖိုသို့ ရောက်လာလေတော့သည်။ ထိုမှ တဖြည်းဖြည်း မီးရထားတွဲကြီးသည် တောင်ပေါ်သို့ တက် စ ပြု လေ သည်။ ခေါင်းတွဲနှစ်ခုသည်တွဲများကို ရှေ့တိုး နောက်ငင် ပြုကာတောင်ပေါ်သို့ တဖြည်းဖြည်း ဆွဲခေါ်သွားလေသည်။ ကျွန်တော်တို့







www.burmeseclassic.com

www.burmeseclassic.com



သည် မြင့်၍ မြင့်၍ လာပါပြီ။ မြင့်လာလေလေ အေးလေလေ။ တခါတရံ မီးရထားကြီးသည် ဥမင်လိုဏ်ခေါင်းကြီးအတွင်းသို့ ဝင်၍ ခုတ်မောင်းသွားရာ မည်းမည်းမှောင် သွားရာက တဘက်သို့ ထွက်သွားသောအခါ လင်းသွားပြန်လေသည်။ တောင်ပေါ် မတက်ခင်က ဆူညံနေကြသည့် ကျောင်းသားများသည် ယခု ငြိမ်နေကြပါပြီ။ အချို့ကျောင်းသားများသည် ရောက်ဖူးကြမည် ဖြစ်သော်လည်း မရောက်ဖူးသူတွေ အများပင် ပါပါသည်၊ ကျောင်းသားတို့သည် ပတ်ဝန်းကျင်လောကကို ငေးမော ကြည့်နေကြလေသည်။ တခါတရံ မီးရထားသည် တောင်ကမ်းပါးယံကို ကပ်၍ခုတ်မောင်းသွားရာ တဘက်တွင် မြင့်မားသည့် တောင်ကြီးခံနေ၍ အခြားတဘက်တွင် နက်ရှိုင်းသော ချောက်ကြီး ရှိနေတတ်ပါသည်။ မီးရထားပေါ်မှ ကြည့်ရ သူ များ ပင် မူးမေ့သွားမတတ် ကြောက်ခမန်းလိလိဖြစ်နေလေသည်၊ မီးရထားကြီးသည် သည်လို နေရာမျိုးတွင် နောက်ပြန်ဆုတ်ကာ တက်နေလေသည်။ ကျွန်တော်တို့ဘတွေလည်း အားလုံးငြိမ်နေကြလေသည်။

''အံမယ်လေးဗျ''

ကျွန်တော်တို့တွဲထဲမှ ကျောင်းသားတယောက်သည်မျက်လုံးကို စုံမှိတ်၍ အော်လိုက်ရာ အားလုံး လန့်သွားကြလေသည်။

''ဟေ....ဘာဖြစ်တာလဲ''

''ဘာလဲ'' ဟူသော အသံများသည် ဆူညံသွားလေသည်။

''တကယ်သိုမျှ၊ မီးရထားကြီး ဟိုဘက် စောင်းသွားယင် သေကုန်တော့မှာပါပဲဗျာ''

သူသည် ငိုသံပါကြီးနှင့် ပြောလေသည်။





''ဒီလူ မဟုတ်တာတွေ ပြောနေပြန်ပြီ''

''နိမိတ်မရှိ နမာမရှိ မပြောပါနဲ့ဗျာ''

သူ့ကိုဝိုင်း၍ ကန့်ကွက်ကြလေသည်။ ပြောလိုသာ ပြောနေကြရသည်။ သူပြောလိုက်မှ ပိုပြီး ကြောက်လာလေသည်။ သူကတော့ ဘာမှ မပြောတော့ပဲ မျက်လုံးကို အသင်းပိတ်ထားပါတော့သည်။ ထိုနေရာမှ လွန်သွားသော်လည်း မဖွင့်သေး။ အတော်အားပေးပြီး အဖွင့်ခိုင်းမှ ဖြည်းဖြည်းချင်းဖွင့်ကာ အောက်ကိုလည်း တဖြည်းဖြည်းကြည့်ပြီး ချောက်ကြီးမရှိမတော့သည်ကို မြင်မှ-

''ဟင်''ကနဲ သက်ပြင်းချလိုက်လေသည်။

''အတော် သတ္တိကောင်းတဲ့လူပဲ။ ဒါလောက်ကြောက်ယင် ဘာပြုလို့ စစ်သဲဝင်သေးလဲဗျ'' ကျွန်တော်က ရယ်မောယင်း လှမ်းမေးလိုက်ပါသည်။

''စစ်တိုက်ဖို့ ဝင်တာမဟုတ်ဘူးဗျာ။ မေမြို့လိုက်ရအောင် ဝင်တာပဲ။ ကျွန်တော် ကြောက်တတ်ပါတယ်ဗျာ။ အခုတောင် ရင်တွေတုန်နေသေးတယ်''

သူသည် အိပ်ရာလိပ်ကို မှီ၍ မှိန်းယင်း သနားစရာ အသံ အလေးနှင့် ပြောလေ၏။

''အမယ်လေးဟဲ့ သူရဲကောင်းကြီး''

အခြားကျောင်းသား တယောက်က နောက်လိုက်ပြန်လေသည်။

ကျွန်တော်တို့သည် မြင့်သည်ထက်မြင့်လာပါပြီ။ ကျွန်တော် လာခဲ့သော မီးရထားလမ်းများသည် တဆင့်ပြီးတဆင့် အောက်တွင် ကျန်ရစ်ခဲ့ပါသည်။ ကျွန်တော်တို့ မြင့်၍ မြင့်၍



www.burmeseclassic.com

www.burmeseclassic.com



တက်လာလေလေ သူတို့လည်း သေး၍သေး၍ သွားလေလေ။ အချို့သော တောင်ထိပ်ကမ်းပါးယံများတွင် မြူတွေဆိုင်းနေလေသည်။ မြူဆိုင်းနေသည့် တောင်ထိပ်များပင် ကျွန်တော်တို့အောက်တွင် ကျန်ရစ်ခဲ့ပါပြီ။

မေမြို့ဘူတာသို့ ဆယ်နာရီခကျော်ကျော်တွင် ရောက်ကြလေသည်။ ကျွန်တော်တို့တတွေ၏ ပစ္စည်းပစ္စယများကို မြင်းနှင့်ကောင်ပူးဆွဲသည့် စစ်ရထားများနှင့် စခန်းရှိရာသို့ ယူဆောင်လေသည်။ တပ်သားအပေါင်းကား မလှမ်းမကမ်းတွင်ရှိသည့် စခန်းသို့ ခြေကျင်လျှောက်ကြရသည်။

ဆေးရုံအနီးတွင် ပြုပြင် တည်ဆောက် ထားသည့် စစ်စခန်းကလေးကား သာတောင့်သာယာရှိလှပါသည်။ ညီညာသောမြေပြင်တွင် အဝတ်တဲများကို လေးကွက်ချကာ စီရရီ တည်ဆောက်ထားလေသည်။ တဘက်တွင် ဆေးရုံကို မျက်နှာမူလျက် လက်နက်များနှင့် စစ်သုံးပစ္စည်းများထားရာ တဲတန်းရှိလေသည်။ ထိုရှေ့တွင် စစ်တပ်အလံသည် တိုင်ထိပ်ဖျား၌ တလူလူ လွင့်နေလေသည်။ အခြားတဘက်တွင် သင်တန်းဆရာများ၏ တဲများရှိလေသည်။ ခပ်လှမ်းလှမ်း တခေါ်လောက်တွင် စစ်ဗိုလ်များ၏ တဲတန်းကို တွေ့ရလေသည်။ သင်တန်းဆရာများ၏ တဲတန်းကိုကျော်ကြည့်လိုက်လျှင် တောင်ပူစာကလေးတခုကို တွေ့ရသည်။ ထိုတောင်ပူစာ၏ ခြေရင်းတွင်ကား အိမ်သာများ စီတန်းနေလေသည်။ တဲတန်းများတွင် အင်္ဂလိပ်ဘာသာဖြင့် ဆိုင်ရာကမ္ပည်းဆိုင်းဘုတ်ကို အမဲပေါ်တွင် အဖြူရေး၍ နှစ်တောင်နှင့်တိုင်ကလေးများနှင့် စိုက်ထူထားလေသည်။

ပစ္စည်း ဘဏ္ဍာထိန်းကင်း။
Quarter- Master King.

သင်တန်းဆရာ ရိုလင်။
Instructor Segt. Rollins.

ယ-တပ်ခွဲ။

အိမ်သာ။

ထမင်းစားခန်း။

အစရှိသည့် ကမ္ပည်းများသည် စခန်းတခုလုံး ပြည့်နေလေသည်။

လက်နက်ဌာန၊ ရေချိုးရန်နေရာများတွင်လည်း ထိုကမ္ပည်းများကို တွေ့ရလေသည်။ ထမင်းစားရုံလည်း မနီးမဝေးတွင် တည်ရှိလေသည်။

အဝတ်တဲတခုတွင် ရှစ်ယောက်စီ နေကြရလေသည်။ တဘက် လေးယောက်စီ ခြေထောက်ချင်းဆိုင်၍ အိပ်လိုက်လျှင် ဆန့်ရုံသာ ရှိပါသည်။ နံနက်စောစော အိပ်ရာမှထကာ ကြေရည်သုတ် သံရေခွက်ကြီးများနှင့် မပြည့်တပြည့် လက်ဖက်ရည်သောက်ကြပြီးနောက် သင်တန်းဆင်းကြရလေသည်။ သင်တန်းဆင်းရသည်မှာလည်း မသက်သာလှ။ ပြေးရ လွှားရ၊ ခုန်ရပေါက်ရ၊ ဝပ်ရ အိပ်ရနှင့် စစ်ဆင် စစ်တက်၊ သေနတ်ပစ်နည်း၊ ဒန်သူအင်အားကို ကင်းထောက်နည်း စသည်တို့ကို ပြသသင်ကြားပေးလေသည်။ တခါတရံ ခရီးအတော်ကြီးဝေးအောင် စေ့နှင့်ပတ်သက်သည့် ပစ္စည်းများကို တပါတည်း သယ်ပိုးလျက် ..မ်းလျှောက်ကြရသည်။ မြို့ထဲမှဖြတ်ကာ မြို့စွန်မြို့ဖျားအထိ





www.burmeseclassic.com

www.burmeseclassic.com

ခြေကျညီညီနှင့် ရွှေဆုံးမှ တီးမှုတ်သွားသည့် ‘ဘင်ခရာသံကို လိုက်၍ လျှောက်ကြရရာ မောရ ပန်းရမှန်းမသိ။ ပျော်စရာ ကောင်းလှပါသည်။ လမ်းဘေးဝဲယာတွင် ပေါက်ရောက်လျက် ရှိသော ယူကလစ်ပင် ကြီးငယ်တို့သည် လမ်းမကြီးအပေါ်တွင် အခက်ချင်းယှက်ကာ မိုးနေလေသည်။ ယူကလစ်ပင်များမှ သင်းပျံ့ပျံ့ ရနံ့ကလေးများကို ရှူရှိုက်ယင်း ချက်ကျညီညီ သွားနေကြသည့် ကျွန်တော်တို့၏ ခြေများသည် အလိုလို သွက်နေလေသည်။ သို့သော် အတော်ကလေး လျှောက်မိလျှင် ခြေးစို့လာပါသည်။ ဘယ်လိုပင် လမ်းလျှောက်၍ ကောင်းသည် ပြောပြော ခရီးအတော်ပေါက်သွားလျှင် ခြေနာသူနှင့် လမ်းမလျှောက်နိုင်သူတွေ ပေါ်လာလေသည်။ အချို့လည်း ခြေတွင် စည်းထားသည့် ပတ်တီးများ ပြုတ်ကျသဖြင့် နောက်ကျန်နေတတ်ကြသည်။ သည်လို လမ်းလျှောက်ရာမှ ပြန်လာလျှင် ဘာဟင်းပဲ စားရစားရ ထမင်းအလွန်မြိန်လေသည်။

နေ့လယ်တွင် စာတွေ့သင်တန်းများကို တက်ကြရပြန်သည်။ တနာရီခန့် စစ်ရေးနှင့် ပတ်သက်သော သင်ခန်းစာများကို သင်ကြားပြီးနောက် ခေတ္တနားနေပြီးလျှင် လက်ဖက်ရည်သောက်ရသည်။ ပြီးလျှင် လက်တွေ့သင်တန်း ဆင်းကြရပြန်သည်။ တနေ့လုံး မအားမလပ် သင်တန်းဆင်းနေရသူများသည် ညဉ့်ဦးကလေးဘွင်သာ လွတ်လွတ်လပ်လပ်ကလေးနေနိုင်ကြလေသည်။ ညဉ့်ဦး လသာသာတွင် ယူကလစ်နံ့ကလေးများကို ရှူယင်း မြို့ထဲတွင် လှည့်လည်ရသည်မှာ စည်းစိမ်တမျိုး ရှိလေသည်။ ရုပ်ရှင်ဝင်ကြည့်လျှင်လည်းတဝက်ခရသည်။ အချိန်နှင့် ပြန်ကြရသည်။





သို့သော် အချို့လည်း သန်းခေါင်သန်းလွဲကျမှ ခပ်ကုပ်ကုပ် မှောင်ရိပ်ခိုကာ ပြန်လာတတ်ကြလေသည်။

အပြင်မထွက်ပဲ တဲခန်းတွင်နေလျှင်လည်း ပျင်းစရာမရှိပါ။ တန်းဘာခုလုံး ဓာတ်မီးတွေနှင့် ထိန်ထိန်လင်းနေသည်။ အချို့လည်း ဓာတ်မီးရောင်တွင် ဖဲရိုက်နေတတ်လေသည်။ အချို့လည်း သီချင်းဆိုသူဆို၍ တယောထိုးသူထိုး၊ မယ်ဒလင်တီးသူ တီးနှင့် အတော်မြိုင်လေသည်။

၁၉၄၀-ပြည့်နှစ် စစ်စခန်းတွင် ပါလာသည့် ကိုဘခင် (မြဘတ်မင်းသား တက္ကသိုလ်မျိုးချစ်) ၏တေးသံကို ယခုထက်တိုင် ကြားယောင်နေပါသေးသည်။ လကလည်း ထိန်ထိန်သာနေသည်။ ဓာတ်မီးတွေလည်း ငြိမ်းကုန်ပါပြီ။ သို့သော်ကိုမျိုးချစ်တို့တဲမှ မအိပ်ကြသေး။ ခဏကြာသော် လေးတွဲ့သည့် တယောသံကလေးပေါ်လာသည်။ ညှင်းလေပြေသည် တနွဲ့နွဲ့ သွေးနေလေသည်။ တယောသံနှင့်ရောကာ ကိုမျိုးချစ်၏ အသံသည် ကြည်လင်ပြတ်သားစွာ ထွက်ပေါ်လာလေသည်။ သူသည်ငဲမောင်ရင်သီဆိုသည့် ဘိုးဘိုးအောင်သီချင်းကို သီဆိုယင်း တယောထိုးနေလေသည်။ သူ့တေးသံနှင့် တယောသံသည် တပ်စခန်းတခုလုံးကို ပျံ့နှံ့သွားလေသည်။ ကျောင်းသားများတွင်မက ဆရာများပင် သူ့ဂီဘဆွဲငင်ရာသို့ ရောက်လာကြလေသည်။

“သိပ်အဆိုပိုင်တာပဲ” ဆရာတယောက်က ချီးကျူးလေသည်။

သည်လို အချိန်မျိုးတွင် အချို့ ကျောင်းသားများလည်း ဖဲရိုက်နေတတ်ကြလေသည်။ အပျော်ထမ်းရိုက်နေကြရာမှ ခဲသ



www.burmeseclassic.com

www.burmeseclassic.com



မဲမဲ ဖြစ်လာတတ်ကြသည်။ အချို့ နိုင်ကြပါသည်။ အချို့ လည်း ရှုံးရှုံးမဲ့နေကြလေသည်။

ကျွန်တော်လည်း တခါတရံ ဖဲဝိုင်းတွင် သွားထိုင်တတ်ပါသည်။ သို့သော် များများတော့အရှုံးမခံနိုင်။ တကျပ်လောက် ရှုံးလျှင် ထ ပြေးခဲ့ပါသည်။ ကျွန်တော်သည် အိပ်ရာထဲတွင် အိပ်ပျော်မည့်ဆဲဆဲ ကိုမောင်မောင်ခင် ပြန်လာသည်။ သူသည် တချွတ်ချွတ်နှင့် သူ့သေတ္တာကိုဖွင့်နေလေသည်။

"ဘာလုပ်တာလဲဗျ" ကျွန်တော်ကမေးလိုက်သည်။

"ပိုက်ဆံလာယူတာ" သူကဖြေသည်။

"တော်တော့ဗျ။ မနက်လဲ အဝေးကြီးလမ်းလျှောက်ရဦးမယ်။ ရှုံးလဲရှုံး၊ အိပ်ရေးလဲပျက်ဖြစ်နေဦးမယ်"

"ကိစ္စမရှိပါဘူး။ ဖဲကောင်းလာမှ ပိုက်ဆံကုန်နေတယ်"

သူသည် ပြောပြောဆိုဆို ထွက်သွားလေသည်။ ကျွန်တော်လည်းမကြာမီအိပ်ပျော်သွားပါတော့သည်။

နံနက်လင်း၍ အိပ်ရာထဲမှ မထသေးပဲ မျက်လုံးဖွင့်လိုက်လျှင် သူ့အိပ်ရာပေါ်တွင် ငုတ်တုတ်ထိုင်နေသည့်ကိုမောင်မောင်ခင်ကို တွေ့ရလေသည်။

"ဘယ့်နှယ်လဲ" ကျွန်တော်ကမေးလိုက်သည်။

"အားလုံးကုန်ပြီ။ တပြားမှ မရှိတော့ဘူး" သူသည် ရှုံ့ရှုံ့မဲ့မဲ့ ဖြေလိုက်လေသည်။

ကိုလှကြည်၊ ကိုအောင်ခင်၊ ကိုသောင်း(လက်ပံတန်း)၊ ကိုခင်မောင်ကြီးတို့သည် ကျွန်တော်နှင့် အတွဲဆုံး ဖြစ်ကြသည်။ ကျွန်တော်တို့တတွေသည် နာမည်ကျော် ဂုတ်ထိပ် တံတားကြီးဆီသို့ လည်း သွားရောက်ကြည့်ရှုကြသည်။ မြင့်မားသည့် တံတားကြီး ပေါ်တွင် လေးဦးသား လမ်းလျှောက်ကာ ဓာတ်ပုံ ရိုက်ခဲ့ကြသည်။ ရေပူ စမ်းတွင်လည်း အတူ ဓာတ်ပုံ ရိုက်ခဲ့ကြသည်။ ထိုစဉ်ကဓာတ်ပုံများတို့ ကြည့်ယင်းမေမြို့တဝိုက်တွင် သူငယ်ချင်း တို့နှင့် တတောင်ဆင်း တတောင်တက် သွားလာလှည့်ပတ်ခဲ့ ကြပုံများကို ပြန်ပြောင်း သတိရမိလေသည်။ ကိုလှကြည်သည် ထိုသူ့ စာပေတိုက်သို့ ရောက်ပြီးနောက် မလှိုင် သတင်းစာ တွင် တာဝန် ထမ်းဆောင်နေသည်။ ကိုအောင်ခင်ကား ဘာဝတီတိုင်း မင်းကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ပုသိမ် တွင် ကွယ်လွန်ခဲ့သည်။ ကိုသောင်းနှင့်ကိုခင်မောင်ကြီးတို့ကား ကွယ်လွန်ရှာကြလေပြီ။ ကိုသောင်းကြီးသည် အဆုပ်နာနှင့်မဒရပ် တွင် အနိစ္စ ရောက်ရှာသည်။ ကိုခင်မောင်ကြီးကတော့ ဂျပန် ခေတ်က အချစ်ရေးနှင့် ပတ်သက်ပြီး ချစ်သူရော၊ မိမိကိုယ်ပါ အဆုံးစီရင်သွားခဲ့လေသည်။ ကျွန်တော်၏ ဓာတ်ပုံများ ကပ် ထားရာ အမှတ်တရ စာအုပ် ကို လှန်လှော ကြည့်ရှုယင်း သူငယ်ချင်း အပေါင်းတို့နှင့် တောမြို့စွန်းတွင် ပျော်မြူးခဲ့ကြ ပုံများကို ထင်တရေးရေးနှင့် မြင်သေးတော့။



(၄)

ဘနေ့ပြီးတနေ့ နေ့ရက်တွေ ကုန်လွန်လာပါပြီ။ သင်တန်း ကာလသည်း စေ့ခါနီးပါပြီ။ အိမ်ပြန်ရတော့မည်ဖြစ်၍ ဝမ်းသာ ကြသော်လည်း သာယာလှသော ပြင်ဦးလွင်ခေါ် မေမြို့မှ ခွာရတော့မည်ဖြစ်၍ ဝမ်းနည်း သလိုလို ဖြစ်နေကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com

နောက်နှစ်ရက်ကြာလျှင် ပြန်ရတော့မည်။ တနေ့လုံး နေခြစ်တောက် ပူပြီးလျှင် ညနေစောင်းတွင် မိုးသားတွေ ကော်ကင်တခုလုံးကို အုံ့ဆိုင်းနေလေသည်။ ရာသီဥတု ထိုင်မှိုင်းသဖြင့် ကျွန်တော်တို့တတွေလည်း ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်ကာ စောစောစီးစီးအိပ်ရာဝင်ကြလေသည်။

အိပ်ပျော်၍ မည်မျှကြာသွားသည် မသိပါ။ အထိတ်တလန့်နှင့် နိုးလာလေသည်။ တဗြုန်းဗြုန်း တဒိုင်းဒိုင်းနှင့် မိုးကြိုးတွေ ထစ်ချုန်းနေသည်မှာ ဆူညံနေပါတော့သည်။ မိုးသီးမိုးပေါက်ကြီးများသည်လည်း အရှိန်ပြင်းစွာနှင့် အဝတ်တဲများပေါ်တွင် ကျနေလေရာ အတွင်းသို့ ယိုစီးလာလေသည်။ ရေလုံးကြီးများ လှသဖြင့် ကျွန်တော်တို့တတွေသည် မအိပ်နိုင်ကြတော့ပဲ ထထိုင်နေကြရလေသည်။ တပ်စခန်းတခုလုံးလည်း မှောင်မှောင်မည်းလျက်ရှိသဖြင့် ဘာကိုမျှ မမြင်ရပဲလျှပ်စီးရောင် လက်လိုက်သည့် အခါများမှသာလျှင် အနည်းငယ် မြင်ရပါလေသည်။ မိုးရေပက်ဝင်မှာ စိုး၍ တဲပေါက်များကို အလုံပိတ်ထားသဖြင့်လည်း လျှပ်စီးရောင်သည် အတွင်းသို့ မဝင်နိုင်ပဲ ခပ်ရေးရေးသာ လင်း၍လင်း၍လက်နေပါသည်။ မိုးကြိုးသံလည်းမစဲ၊ မိုးကလည်း သည်း၊ မြဲသည်းလျက်။ သည်အထဲ လေထန်ပြန်ပါပြီ။ ကျွန်တော်တို့ တဲကလေးသည် ပြင်းပြသော လေအရှိန်ကြောင့် ယိမ်းထိုးနေလေသည်။ အလယ်တွင်စိုက်ထူထားသည့် တိုင်နှစ်ခုသည်လည်း ယိုင်၍ယိုင်၍ လာလေသည်။

"ခက်တာပဲဗျို့၊ ဘယ်နှဲလုပ်ကြမတုံး"

တယောက်က တုန်ယင်သော အသံနှင့် အော်လေသည်။

"ဘယ်နှဲမှ မကယ်နိုင်ဘူး၊ ဒီလိုပဲ ထိုင်နေရမှာပဲ"





ကျွန်တော်က ပြန်၍ ပြောပါသည်။

"မိုးတွေ ယိုကုန်ပြီဗျ"

မှန်ပါသည်။ အချို့သောနေရာမှ မိုးရေတွေ တရဟော စီးဆင်းကျလာပါပြီ။

"ဒီလိုဆိုယင် အိပ်ရာတွေ လိပ်ကြဗျို့။ ပြီးတော့ လွတ်တဲ့ နေရာ ရွှေ့ထားပေါ့"

မှောင်ထဲတွင် စမ်းတဝါးဝါးနှင့် ကိုယ့်ပစ္စည်းကို သိမ်းကြသည်။ ထုပ်ပိုးပြီးလျှင် မိုးရေလွတ်သည့် နေရာသို့ ရွှေ့ကြပါသည်။ ရွှေ့လို့မှ မပြီးသေး။ ဒုက္ခတချို့ တိုးလာပြန်ပါသည်။

"ဟောဗျ၊ ရေတွေ စီးဝင်လာပြီ" တယောက်ကိုတယောက် အော်လိုက်သည်။ သူအော်လိုက်သော ကျော်ပင်တဲအောက်တွင် ရေတွေ အိုင်ထွန်းလာလေသည်။ အပြင်ဘက်မှ ရေများသည် မြောင်းများကိုလျှံ၍ တဲအတွင်းသို့ ဝင်လာရာ တတဲလုံးရေတွေနှင့် ပြည့်နေပါတော့သည်။ သည်အချိန်တွင် လေကလည်း ပြင်းထန်လာလေသည်။ မိုးသံလည်းပို၍ ညံလာသည်။ ထစ်ချုန်းသည့် အသံတွေလည်း နားကွဲလုမတတ်၊ တဲကလေးသည် ရှေ့တိုး နောက်ငင်နှင့် လဲတော့မည့် ဟန်ကို လျှပ်စီး လက်လိုက်တိုင်း မြင်ရလေသည်။

"မဖြစ်ဘူးဗျို့၊ ဒီထဲက ထွက်မှပဲ"

ကျွန်တော်က အကြံပေးသည်။

"ပစ္စည်းတွေ ဘယ့်နှဲလုပ်မလဲ"

"ယူခဲ့ပေါ့၊ ပြီးတော့" ပြောလို့မှစကားမဆုံးမီ တဲကလေးသည် အခြေမှယိုင်ကာ လဲပြိုကျသွားရာ ကျွန်တော်တို့ အားလုံးသည် တဲအမိုးဖျင်များနှင့် လွှမ်းခြုံပြီးသား ဖြစ် သွား လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အတော်ပင် အထိတ်တလန့်ဖြစ်သွားပါသည်။ မိုးရေတွေ ရွှဲရွှဲစိုနေသည့်အဝတ်ထူကြီးအောက်မှ မထွက်နိုင်လျှင် မွန်း၍ အသက်ထွက်ရတော့မည်။ အတော်ပင် ခက်ခက်ခဲခဲနှင့် အပေါက်ရှာကာ တွား၍ ထွက်လာသည်။ အပြင်တော့ရောက်ပါပြီ။ ဘာကိုမှ မမြင်၊ မည်းမည်းမှောင်နေပါသည်။ မိုးသီး မိုးပေါက်တို့သည်ဝါရစပ် ပက်ဖျန်းလျက်ရှိရာအသားတွေ စပ်နေပါသည်။ ဘယ်သွားရမှန်းလည်းမသိ။ ထိုအချိန်တွင် လျှပ်စီး တချက်လက်လိုက်ပြီး မိုးကြိုးတချက် ထစ်ချုန်းလိုက်မှ အနီးအနားတွင် လူဘယောက်ကို တွေ့မြင်ရသည်။

"ကိုမောင်မောင်ခင်"

ကျွန်တော်က လှမ်းခေါ်လိုက်သည်။

"ဟင်"

သူက ပြန်ထူးသည်။

"ဘယ်သွားကြမလဲ၊ ဒီမယ်နေလို့ မဖြစ်ဘူး"

"ကျွန်တော်ကတော့ ဘယ်မှ မသွားနိုင်ဘူး၊ ဘာမှလဲမမြင်ရဘူး၊ မျက်မှန် အထဲမယ် ကျန်ခဲ့လို့ ဘာမှမမြင်ရဘူး"

ထိုအချိန်တွင် လျှပ်စီးလက်ပြန်သည်။ ကျွန်တော်တို့ဆီသို့ လာနေသည့် လူ ဆယ်ယောက်ခန့်ကို ခပ်လှမ်းလှမ်းတွင် တွေ့ရသဖြင့် အားရှိသွားလေသည်။ကျွန်တော်တို့ နားသို့ အခြားတဲမှ ပြေးလာသည့် သုံးလေးယောက်လည်း လာစုနေကြလေသည်။ နောက်တခါ လျှပ်စီးလက်၍ ဂရုစိုက်ကြည့်ရာ တဲတွေ အထောက် များများ ပြိုနေသည်ကို တွေ့မြင်လိုက်ရသည့်ပြင် ထိုတဲများ ထဲမှ တွား၍တမျိုး၊ ဝပ်၍တသွယ် ထွက်လာကြသော ကျောင်း သားများကို မြင်ရလေသည်။ ထိုအထဲတွင် တဦးနှင့်တဦး

အော်ဟစ် ခေါ်ငင်ကြသည့် အသံများကိုလည်း ကြားရသေး သည်။

"ဘမောင်ရေ"

"ဟော့ ထွက်လို့မရသေးဘူးကွ"

"မြောက်ဘက်က အသာဝပ်ထွက်"

"ဘယ်ဟာ မြောက်ဘက်မှန်း မသိသေးဘူးဟ" ဟူသော အသံများလည်း မိုးသံ လေသံကြားမှ ပေါ်ထွက်လာပါသေး သည်။ ကျွန်တော်တို့တော့ မိုးရေထဲမှာပဲ အဖော်စောင့်ယင်း လျှပ်စီးလက်တိုင်း တဲခန်းကြီးကို ကြည့်နေကြသည်။ ကျွန် တော်တို့ရှေ့တွင်ပဲ ယိုင်လဲကျသွားသည့် တဲများကိုလည်း မြင်ရရာ သေမိန့်တိုင်းဆင်သည့် ရုပ်ရှင်များတွင်မြင်ရသလို ဒုက္ခခံမင်း ပြိုလို ဖြစ်နေပါသည်။ ခဏမျှကြာသောအခါ ခပ်စောစောက မြင်ရသော လူ ဆယ့်ငါးယောက်ခန့်သည် ကျွန်တော်တို့နားသို့ ရောက်လာကြလေသည်။ "Follow Me" (ငါ့နောက် လိုက်ခဲ့)ဟူသော ခေါင်းဆောင် ကိုလွင်(ပေါင်မုန့်)၏ အမိန့်ကို နာခံယင်း မျက်မှန်မပါ၍ ဒုက္ခဘဖြစ်နေရှာသော ကိုမောင် မောင်ခင်ကိုပါ ဆွဲကာ သူ့နောက်မှ လိုက်သွားပါသည်။

မကြာခင် ထမင်းစားခန်းကြီးထဲသို့ ရောက်သွားကြလေ သည်။ ကျောင်းသား အမြောက်အမြားပင် ထိုနေရာသို့ ကျွန် တော်တို့အယင် ရောက်နေကြပါပြီ။ အားလုံးပင် ရွှဲရွှဲစိုလျက် တုန်တုန်နေကြလေသည်။ အချို့လည်း မိမိတို့ အဝတ်အစား များကို ချွတ်၍ မီးကင်နေကြလေသည်။ ခဏကြာသော် ဆရာ များ ရောက်လာကြသည်။ ကျောင်းသားတွေ အုံကြ သည်။ ချမ်းလည်း ချမ်းလှပါပြီ။ နွေးအောင် ဘယ်ကို





www.burmeseclassic.com

www.burmeseclassic.com



လုပ်ရပါမည်နည်း။ ရမ်အရက်သည် တကိုယ်လုံးကို နွေးစေသည် မဟုတ်ပါလော။ ထို့ကြောင့် ကျောင်းသားတွေက အရေး ကြသည်။

"We Want Rum."(ကျုပ်တို့ ရမ်အရက် လိုချင်တယ်) ဟူသော ကြွေးကြော်သံကို တခဲနက် ဝိုင်းအော်ကြလေသည်။ ခေါင်းဆောင်၍ အရေးဆိုသူမှာ ကိုဝင်းရှိန်ဖြစ်ပါသည်။ သူ စပေးလျှင် ကျွန်တော်တို့တတွေ အားလုံးက ညီညာဖျမျှ အော် ကြပါသည်။ အကြားကြီး အော်ကြပါသည်။ သို့သော် တစက် မရ။

"အားလုံး ဆေးရုံသွားအိပ်ကြ"

ထိုအမိန့်ကို နာခံ၍ ကျွန်တော်တို့တတွေ ဆေးရုံသို့ သွား အိပ်ကြရပါသည်။ အချိန်အားဖြင့် နံနက် ၃-နာရီထိုးပါပြီ လေမိုးလည်း ငြိမ်သက်သွားပါပြီ။ ကျွန်တော်သည် ဆေး ခုတင်ပေါ်တွင် ဆေးရုံစော်နံသည့် စောင်ထူထူကြီးကို ခြုံ နွေးနွေးကလေး အိပ်ပျော်သွားပါတော့သည်။

နံနက် မိုးလင်းလျှင်လင်းချင်း တဲစခန်းသို့ အပြေးကလေး သွားသည်။ မိမိပစ္စည်းများကို တဲအောက်မှ ဆွဲထုတ်ပါသည် ဘာ့တခုမျှ အပျောက်အရှ မရှိပါ။ တဲတွေအားလုံးတော့ ပေါ်တွင် ပြားနေပါပြီ။ အစက မားမားမတ်မတ် နေသော တဲကလေးများနှင့် အလွန်လှပသော စစ်စခန်းကလေး ယခုတော့ မီးလောင်မြေလို အသရေ ကင်းမဲ့နေပါတော့သည်။

ကိုလုကြည်၊ မောင်သောင်းကြီးနှင့် ကျွန်တော်သည် တဲ ထည်ပုံကြီးပေါ်တွင် ရပ်ယင်း ဓာတ်ပုံရိုက်လိုက်ကြသေး [illegible] ခဏမျှကြာသောအခါ ဘုရင်ခံမှင်းကြီး ကောကရိန်း ကြ





လေသည်။ ကျွန်တော်တို့အားလုံး တန်းစီ၍ နေကြရသည်။ အချို့ လုံချည်နှင့်၊ အချို့လည်း ဘောင်းဘီတိုနှင့်၊ အချို့ အင်္ကျီ ပေါ့။ သူသည် ကျွန်တော်တို့တတွေကို ကြည့်၍ ပြုံးလေသည်။

"အဲဒီလိုမြင်ရတာ အလွန်ဝမ်းနည်းပါတယ်။ ဒီလိုဖြစ်ပေ မယ့် တစုံတယောက်မှ ထိခိုက်ဒဏ်ရာရခြင်း မရှိတဲ့အတွက်လဲ ဝမ်းသာစရာပါပဲ"ဟု ထုံးစံအတိုင်း 'ဖြီး'သွားလေသည်။

ထိုနေ့တွင် ကျွန်တော်တို့ ဘာမှ လေ့ကျင့်ခန်း မလုပ်ရတော့ ပါ။ စိုနေသော ပစ္စည်းများကိုသာ နေလှန်းယင်း အချိန်ကုန် ဆပါသည်။ ညနေစောင်းတွင် တဲများကို ပြန်၍ ထူကြရသည်။ သို့သော်ခိုင်ခိုင်ခန့်ခန့်မဟုတ်တော့ပါ၊ လျော့လျည်းလျော့ရဲနှင့် ယိုင်ယိုင် ဖြစ်နေပါတော့သည်။ ညတွင်လည်း ကထိတ်ထိတ် နှင့် အိပ်ကြရသည်။ ထိတ်နေရသည့်အထဲ သန်းခေါင်ကျော် သောက်တွင် လေထန်လာ၍ မိုးကြိုးများ ထစ်ချုန်းပြန်သော ကြောင့် ဆက်၍ မအိပ်ရဲကြတော့ပဲ မနိုင့်တနိုင်နှင့် ကိုယ့်ပစ္စည်း ယ်သယ်ကာ ဆေးရုံသို့ ပြောင်းအိပ်ကြရပြန်ပါသည်။

နံနက်လင်းလျှင် ခပ်ယိုင်ယိုင်ပင် တည်လျက်ရှိသော တဲများ မပြိုမလဲ တွေ့မြင်ကြရသည်။ ထိုနေ့တွင်လည်း တပ်ကိစ္စကို ဘာမှမလုပ်ရတော့ပဲ နောက်တနေ့ အိမ်ပြန်ရန် အတွက်သာ ဆင်နေကြရလေသည်။ မေမြို့ လက်ဆောင်များကိုလည်း ကြ ခြမ်းကြနှင့် မအားအောင် ရှိနေကြလေသည်။ အသား ပါးအို့နီနီ မေမြို့သူကလေးများ၏ ဈေးဆိုင်များတွင် င်းသားတွေ ကျိတ်ကျိတ်တိုးနေလေသည်။

နေ့ညနေကား မေမြို့တွင် နောက်ဆုံးနေရမည့်ည ဖြစ်လေ ၊ ရာသီဥတုကလည်း သာယာနေလေသည်။ မြို့ထဲ ထွက်



www.burmeseclassic.com

www.burmeseclassic.com



လည်သူလည်၊ လသာသာ စကားထိုင်ပြောသူပြော၊ ဖဲကစားသူကစား၊ သီချင်းဆိုသူဆို၊ တယောထိုးသူထိုး၊ မယ်ဒလင်တီးသူတီးနှင့် ပျော်မြူးနေကြလေသည်။ အချို့လည်း ရှာရှာဖွေဖွေဆော့နေကြလေသည်။ နေရာအလိုက် တိုင်စိုက်ကာ တပ်ထားသည့် ကမ္ပည်းဆိုင်းဘုတ်များကို ဖြုတ်ကာ ပြောင်းလဲတပ်ဆင်နေကြလေသည်။ နံနက်ပိုင်း မိုးလင်းလျှင် မစ္စဘာကင်းသည် တရှုံးရှုံးတရှဲရှဲနှင့် ဒေါပွနေလေသည်။ သူ၏ပစ္စည်း ဘဏ္ဍာထိန်းကင်းဟူသော ဆိုင်းဘုတ်ကို အမျှားသွားလာသည့် အိမ်သာတွင်စိုက်ထူ၍ 'အိမ်သာ'ဟူသော ဆိုင်းဘုတ်ကို သူ့အခန်းဝတွင်စိုက်ထူထားသောကြောင့်တည်း။

သို့သော် သူစိတ်ဆိုးနေပုံကို ကြာရှည် ကြည့်မနေအားတော့ပါ။ မန္တလေးသို့ ဝင်ရောက်လည်ပတ်လိုသော သူငယ်ချင်း များနှင့်အတူ ခပ်စောစောပင် မော်တော်ကားနှင့် မြို့မှ ထွက်ခွာခဲ့သောကြောင့်တည်း။

# လှုပ်လှုပ်ရှရှ

## (၁)

၁၉၃၈-ခုနှစ်။

ထိုနှစ်တွင် ကျွန်တော် ဥပစာအထက်တန်းသို့ တက်ရပါသည်။ နွေဦးတုကျောင်းပိတ်၍ ပြန်ဖွင့်သောအခါ မနှစ်တုန်းကလို အူကြောင်ကြောင် ဖြစ်မနေတော့ပါ။ ကက္ကသိုလ်ကျောင်းအကြောင်းကို ကောင်းကောင်းကြီးသိနေပြီဖြစ်သော ကျောင်းသားလူသည်ဖြစ်နေပါပြီ။ သည်နှစ်တွင် အင်းဝကျောင်းဆောင်မှာပင် ပြန်၍နေပါသည်။ သို့သော် ဆူညံမှောင်မိုက်လှသော အောက်ဆုံးထပ်မှ အခန်း ၁၀ ကိုစွန့်၍ အလယ်ထပ် အင်းလျားကျောင်းဆောင်ဘက်သို့ မျက်နှာမူနေသည့် အခန်း တခန်းသို့ ရောက်လာပါသည်။ ထိုအခန်းအပြင်ဘက်မှ လှမ်းမျှော်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှင် တခါတရံ အင်းလျားသူများ ပြေးလွှားမြူးတူးနေကြသည်ကိုပင် မြင်ရပါသည်။

သည်နှစ်သည် ကျွန်တော်တို့ခေတ်၊ တက္ကသိုလ် သမိုင်းတွင် အလှုပ်ရှားဆုံး အထကြွဆုံးနှစ်ဟု ဆိုရပါမည်။ တက္ကသိုလ်သမဂ္ဂနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ သည် ဖကျောင်းစဖွင့်ကတည်းက လှုပ်ရှားမှု အဖုံဖုံနှင့် အုံကြွလျက်ရှိလေသည်။

ရက် လ တို့ကို အသေအချာ မမှတ်မိတော့ပါ။ သို့သော် တက္ကသိုလ်သမဂ္ဂ ခန်းမဆောင်ကြီး၊ အဘွင်းဝယ် ဖြစ်ပျက်သွားသော ကိစ္စအဝဝ တို့ကိုကား တရေးရေးနှင့် မြင်သေးနေပါသည်။ စကားရည်လုပွဲများ၊ ဟောပြောပွဲများ၊ ပြိုင်ပွဲများ ကျင်းပခဲ့သည်များကို ယခုထက်တိုင် မြင်ယောင် နေပါသေးသည်။

(၂)

ခန်းမဆောင်ကြီးတခုလုံး ခေတ်မီးတွေနှင့် လင်း ထိန် နေပါသည်။ မျက်နှာကျက်မှ ပန်ကာတို့သည်လည်း တဝီဝီလည် လျက်ရှိသည်။ စီခရီဘည်ခင်းထားသည့် ခုံတန်းလျားများပေါ်တွင် ကျောင်းသားများ အကော်များများ ရောက်နေကြပါသည်။ ဥက္ကဋ္ဌ၏နေရာဖြစ်သော ခုံမြင့်ရှေ့နားရှိ ကြိမ်ကုလားထိုင်များပေါ်တွင်လည်း ပြင်ပမှ ပုဂ္ဂိုလ်ကြီးများ ရောက်လာကြပါသည်။ မကြာမီ ကျောင်းသူများရောက်လာကြကာ ရှေ့နားရှိ ခုံတန်းလျားများပေါ်တွင် ဝင်၍ထိုင်ကြသည်။ သူတို့ဝင်လာ





သောအခါ ကျောင်းသားတို့သည် လှုပ်လှုပ် ရွရွ ဖြစ်လာပြီးမှ ငြိမ်ကျသွားလေသည်။ ခဏကြာသောအခါ ခန်းမဆောင်ကြီးတခုလုံး ပြည့်ကျပ်သွားလေသည်။ အချို့ ထိုင်စရာမရှိ၍ မတ်တပ်ရပ်နေကြရလေသည်။

သည်နေ့ သည်အချိန် သည်နေရာတွင် ဒေါက်တာ ဘမော်နှင့် ဦးစောတို့ ယှဉ်ပြိုင်၍ ကျောင်းသူ ကျောင်းသား ပရိသတ်ရှေ့၌ ဟောကြ ပြောကြရမည်ဖြစ်လေသည်။ မည်သည့် အကြောင်းများကို ပြောကြရမည်နည်း။

သမဂ္ဂမှ ပထမ စီစဉ်သည်မှာ အတိုက်အခံခေါင်းဆောင်တဦးဖြစ်သူ ဦးစောက လက်ရှိအစိုးရအပေါ်တွင် အယုံအကြည်မရှိ အဆို တင်သွင်းရန်ဖြစ်သည်။ ထိုအဆိုကို ထိုစဉ်က လက်ရှိဝန်ကြီးချုပ်ဖြစ်သူ ဒေါက်တာ ဘမော်က ပြန်လည်ချေပရမည်ဖြစ်သည်။ သို့သော် ထိုကဲ့သို့ စီစဉ်သည့်အတိုင်း ဖြစ်မလာပါ။ 'အယုံအကြည်မရှိအဆိုကို လွှတ်တော်ထဲမှအပ မည်သည့်နေရာတွင်မှ တင်သွင်းခြင်း၊ ချေပခြင်းပြုလုပ်ရိုးထုံးစံမရှိ။ ထို့ကြောင့် ကျောင်းသားသမဂ္ဂတွင် ထိုအဆိုကို တင်သွင်းခြင်း၊ ချေပခြင်း မပြုနိုင်ပါ' ဟု အစိုးရဘက်မှ အကြောင်းပြ ကန့်ကွက်သောကြောင့် အစီအစဉ်ကို တမျိုး ပြောင်း လိုက် ရ သည်။ ယခု အစီအစဉ်ကား ဒေါက်တာ ဘမော် က လက်ရှိ အစိုးရ ၏ ခေါင်းဆောင် တဦး အနေနှင့် မိမိအစိုးရ ဆောင် ရွက် ခဲ့ပုံ၊ ဆောင်ရွက်နေပုံ၊ ရှေ့တွင် ဆက်လက် ဆောင်ရွက် သွားမည့် လမ်းစဉ်ကို ကျောင်းသားထုရှေ့တွင် ချပြရန်ဖြစ်သည်။ ဦးစောက အတိုက်အခံခေါင်းဆောင် တဦးအနေနှင့် အစိုးရ၏အပြစ်အနာအဆာ ချွတ်ယွင်းချက်တို့ကို ယုတ်ဖော်ရန် ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် သည်ဟောပြောပွဲကား ထူးကဲသော ဟောပြောပွဲ တရပ်ဖြစ်သည်။

ဟောပြောမည့် ပုဂ္ဂိုလ်ကြီးများ ခန်းမဆောင် အတွင်းသို့ ဝင်လာသောအခါ ပရိသတ်ကြီး၏ လက်ခုပ်သံမှာ ဆူညံသွားလေသည်။ ထုံးစံအတိုင်း ဖြူဖြူဖွေး၍ ပုံးစနဲ့နဲ့ မျက်နှာပေး အထက်မှ မျက်ခုံးမွေး တဘက်အုပ်ကာ ပေါင်းထားသော ခေါင်းပေါင်းကို ဆင်မြန်းထားသည့် ဒေါက်တာ ဘမော် နှင့် နှာခေါင်းလန်လန်၊ အသားမည်းမည်း၊ တုတ်ခိုင်သော ကိုယ်ကာယရှိသည့် ဂျွန်ဦးစော တို့ ရှေ့ဆင့် နောက်ဆင့်ဝင်လာသည်ကို မြင်ရသော ကျောင်းသားတို့သည် လှုပ်လှုပ်ရွရွဖြစ်သွားကြလေသည်။ သူတို့အပြင် ဟောပြောမည့်သူ တယောက်လည်း ပါလာပါသေးသည်။ သူသည် မန္တလေးမှ အသားလပ်လပ် အရပ်ခပ်ပြတ်ပြတ်၊ မျက်နှာသွယ်သွယ်၊ နှာတံပေါ်ပေါ် နှင့် ဦးဘဦးပင် ဖြစ်ပါသည်။

ခဏကြာသောအခါ သဘာပတိ အဖြစ် ဆောင်ရွက်မည့် ဥက္ကဋ္ဌ ကိုအောင်ဆန်း ကို အတွင်းရေးမှူးက ရှေ့ဆောင်လျက် 'ဥက္ကဋ္ဌကြီး' ဟု ရင့်ကျူးကာ ခန်းမဆောင်အတွင်းသို့ ဝင်လာရာ ပရိသတ်အားလုံးက မတ်တပ်ရပ်ပေးပြီးနောက် ဥက္ကဋ္ဌကြီးထိုင်မှ ထိုင်လိုက်ကြလေသည်။ ထိုစဉ်က အတွင်းရေးမှူး အဖြစ် ဆောင်ရွက်သူမှာ ကိုလှရွှေ ဟု ထင်ပါသည်။ အသေအချာတော့ မမှတ်မိတော့ပါ။

ကိုအောင်ဆန်း ထိုင်နေသော နောက်မှီ မြင့်မြင့် ဥက္ကဋ္ဌကုလားထိုင်၏ နောက်မှ နံရံတွင် ကျောင်းသားသမဂ္ဂ၏ အနီခံ ခွပ်ဒေါင်းအလံကို အထင်အရှားတွေ့မြင်ရလေသည်။ ခဏမျှ





ကြာသောအခါ ကိုအောင်ဆန်းသည် နေရာမှထ၍ အင်္ဂလိပ်ဘာသာဖြင့် နိဒါန်းစကားပြောကြားယင်း ဟောပြောကြမည့် ပုဂ္ဂိုလ်ကြီး များ ကို ကြွရောက်လာကြသော ပရိသတ် နှင့် မိတ်ဆက်ပေးလေသည်။ ထို့နောက် ဒေါက်တာ ဘမော် ကို ပထမဆုံး ဟောပြောစေသည်။

ဒေါက်တာဘမော်သည်ဟန်အမူအရာပါပါနှင့်ခုံမြင့်ပေါ်သို့ တက်သွားလေသည်။ ကျောင်းသူကျောင်းသားတို့၏ လက်ခုပ်သံသည်ဆူညံသွားလေ၏။ သူ၏ဖြူဖွေးသော မျက်နှာသည် မီးရောင်ဟပ်နေသဖြင့် ပို၍ ချောမွတ်ပြီးလျှင် ကျောက်ဖြူသား ရောင်ထနေလေသည်။ မျက်ခုံးတဖက်ကို အုပ်ကာ ပေါင်းထားသည့် ခေါင်းပေါင်း၏ အစ ရှည်ရှည်သည် ပန်ကာက လေခပ်တိုင်း တဖျတ်ဖျတ် လှုပ်ရှားနေလေသည်။ တခါတရံသူ့ မျက်နှာကိုပင် လာ၍ အုပ်ကာ ကပ်နေ သောကြောင့် လက်နှင့် ခွာကာဖယ်ချလိုက်ရသည်။

"ကျွန်ုပ်၏ ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ဂုဏ်သရေရှိ အမျိုးသမီး အမျိုးသား များခင်ဗျားဟု ဒေါက်တာဘမော်က အစ ချီလိုက်လေသည်။ သူသည် ဆိုရိုးဆိုစဉ် ထုံးစံအတိုင်း 'ဥက္ကဋ္ဌကြီး' ဟု ရိုးရိုး မခေါ်ပဲ 'ကျွန်ုပ်၏' ဟူသောစကားလုံးဖြင့် သူနှင့်ကျောင်းသားသမဂ္ဂကြီး ရင်နှီးမှုကို ရယူလိုက်ခြင်းဖြစ်သည်။ သူလည်း ကျောင်းသားသမဂ္ဂကြီး၏ တစိတ်တဒေသဖြစ်ကြောင်းကို အတိအလင်း ထုတ်ဖော်ပြလိုက်ခြင်း ဖြစ်သည်။ ဥက္ကဋ္ဌကြီးသည် သူနှင့်လည်း သက်ဆိုင်သော 'သူ၏ ဥက္ကဋ္ဌကြီး' ဖြစ်သည်ဟု ဂုဏ်ယူလိုက်သည့်အသွင်ကို ဆောင်လိုက်လေသည်။ 'ကျွန်ုပ်၏ဥက္ကဋ္ဌကြီး' ဟုသူသည်တက္ကသိုလ်သမဂ္ဂကြီး၏ရာသက်ပန်



www.burmeseclassic.com

www.burmeseclassic.com

အသင်းသား တဦး ဖြစ်ကြောင်းကို ထုတ်ဖော်လိုက်ခြင်းဖြစ်လေသည်။

ဤကဲ့သို့ လိမ်မာပါးနပ်သော စကားလုံးများကို ဝါကျတိုင်း ဝါကျတိုင်းတွင် အသုံးပြုလျက် ဒေါက်တာ ဘမော်သည် သူဖွဲ့စည်းထားသော အစိုးရ၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောဆိုသွားလေသည်။ သူသည် လေးလေး မှန်မှန်နှင့် လေယူလေသိမ်း ကျင်လည်လှသည်။ တခါတရံ စဉ်းစားသလို ရပ်နားနေတတ်သည်။ တခါတရံ စကားထစ်သယောင်ယောင် ဖြစ်နေတတ်သည်။ တခါတရံ လည်နေသောပန်ကာကိုဖြစ်စေ၊ မျက်နှာကျက်ကိုဖြစ်စေ၊ မသိမသာ မော့ကြည့်၍ စဉ်းစားသလို ဖြစ်နေတတ်သည်။ တခါတရံ မျက်မှန်ကို ချွတ်လိုက် လက်ကိုင် ပဝါနှင့် သုတ်လိုက် လုပ်နေတတ်သည်။

စင်စစ်အားဖြင့် သူသည် ထိုစဉ်အခါက သူ၏ 'ဆင်းရဲသားဝါဒ'ကို ရှင်းပြနေခြင်းဖြစ်လေသည်။ အီဂျစ်ပြည်မှ ရှေးဟောင်းအဆောက်အဦး 'ပိရမစ်' ကြီး၏ ပုံသဏ္ဌာန်ကို ဆောင်ပြလေသည်။ ထိုပိရမစ်ကြီးများသည် အောက်ခြေကြီး၍ အထက်သို့ ရှူးဘက်ကာ ချွန်ထက်သေးငယ်သွားကြသည်။ သူ၏ဆင်းရဲသားဝါဒသည် ထိုကဲ့သို့မဟုတ်မူ၍ အောက်ခြေသေးပြီး အထက်ပိုင်းကြီးနေရမည်ဖြစ်သည်။ ပိရမစ်ကြီးကို ပြောင်းပြန်လှန် ထောင်ထားသည်နှင့်တူရမည်ဟု ဆိုလေသည်။ သူဆိုလိုရင်းမှာ လူများစုသည် အထက်မှနေ၍ သူတို့သဘောဆန္ဒအရ တင်မြှောက်သော လူနည်းစုက လုပ်ငန်းစဉ်အရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရမည့် ဝါဒသည် သူ့ဆင်းရဲသားဝါဒပင် ဖြစ်သည်ဟု ဆိုလေသည်။ ဥပမာ ဥပမေယျနှင့် အပြောပါလှပါသဖြင့် ကြားရသူတို့မှာ





မစားရ ဝခမန်း ဖြစ်ကုန်ကြကုန်သည်။ ထိုကြားရသော ခဏ၌ 'တယ်ဟုတ်ပါလား' ဟု ချီးကျူးကြရမည်ဖြစ်သည်။

ကျွန်တော်တို့ တတွေမှာ ဦးစောအတွက် ရင်လေးလျက် ကြသည်။ ပညာချင်း နှိုင်းလိုက်လျှင် ဒေါက်တာ ဘမော်နှင့် ဦးစောမှာ မယှဉ်သာအောင် ကွာခြားနေလေသည်။ ဒေါက်တာ ဘမော်က ဘီလပ်ပြန် ဝတ်လုံတော်ရ တဦးဖြစ်သည်။ ပြင်သစ်နိုင်ငံမှလည်း စာပေဆိုင်ရာ ဒေါက်တာဘွဲ့ရရှိထားသူ ဖြစ်သည်။ ဦးစော၏ အရည်အချင်းမှာ သခင်ကိုယ်တော်မှိုင်းကြီးပြောသလို ခြောက်တန်းခွဲနှင့် တဘိယတန်း ရှေ့နေကလေး ဖြစ်လေသည်။ သူက ဒေါက်တာဘမော်လို ပုဂ္ဂိုလ်မျိုးနှင့် ယှဉ်ပြိုင်ပြောဆိုမည်ဆိုသည်မှာ တော်တော့်သတ္တိမဟုတ်၊ သူသတ္တိရှိ၍ ပြောရဲသည်က ကိစ္စမရှိလှ၊ အင်္ဂလိပ်စကားကိုမှ ပီပီသသ မပြောတတ်ပဲ၊ ဝါကျအသား အသိ မှားမှားယွင်းယွင်းများ ဖြစ်နေလျှင် ခက်တော့မည်။ သူက အရှက်အကြောက် မရှိစကားမှု နားထောင်ရမည့်သူများအဖို့ မျက်နှာပူစရာ ဖြစ်တော့မည်။

သို့သော် ထင်သလိုမဟုတ်၊ သူက လည်း စလာကတည်းက ရှန်းရှန်းဝေနေအောင် ပြောပါ ဟောပါတော့သည်။ သူက ဥက္ကဋ္ဌကြီးအား ဒေါက်တာဘမော်လို 'ကျွန်ုပ်၏ဥက္ကဋ္ဌကြီး' ဟု မခေါ်နိုင်သည့်အတွက် ဝမ်းနည်းကြောင်း၊ ထို့ပြင် အမေရိကန်သံပါပါ အင်္ဂလိပ် စကားကို မပြောတတ်သဖြင့်လည်း စိတ်မကောင်းကြောင်း၊ စသည်ဖြင့် စကားပလ္လင်ခံကာ ဒေါက်တာဘမော်ကိုစကားလုံးအစုံစုံ၊ ဝါကျအမျိုးမျိုးတို့ဖြင့်အပြစ်ဖို့ခြင်း၊ ချုပ်စွဲခြင်းတို့ကို ပြုပါတော့သည်။ တခါတရံ သူ့ စကားတို့သည် အလွန်အကျွံ ဖြစ်သွားရာ ဒေါက်တာ ဘမော်သည် ရှေ့ရှုမှ



www.burmeseclassic.com

www.burmeseclassic.com



ထကာ ထကာ ကန့်ကွက်တတ်သည်။ ကိုအောင်ဆန်းက 'ကိုယ့်အလှည့်ကျမှ ကိုယ်ပြန်ဖြေပါ'ဟု ဆိုကာ တားရ၍တားရ၍ ထားရလေသည်။ ဦးစောက ဒေါက်တာဘမော်နှင့် သူ့ အစိုးရအဖွဲ့၏ လုပ်ငန်းစဉ်များကို အပြစ် အနာအဆာ တခုကို ထုတ်ဖော်၍ပြီးလျှင် ဝါကျတခုနှင့်အမြဲပိတ်တတ်လေသည်။ထိုဝါကျကား-

Rightly or wrongly it is very ugly.

'မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ၊ ဒါတော့ အလွန် ဆရုပ်ဆိုးပါတယ်' ဟူသော မြန်မာစကားကို အင်္ဂလိပ် ဘာသာဖြင့် တိုက်ရိုက်ပြန်ဆိုလိုက်ခြင်းဖြစ်သည်။ ထိုဝါကျကို ကျောင်းသားတွေ သဘောကျလှသဖြင့် လက်ခုပ်ဘဖြောင်းဖြောင်း တီးပေးကြသည်။ သူကလည်း ထိုစကားလုံးများကို ထပ်တလဲလဲ သုံးသည်။ ထို့ကြောင့် လက်ခုပ်သံများလည်း ထပ်တလဲလဲ ထွက်ပေါ်လာသည်။ ကျောင်းသားများ လက်ခုပ်သံ မစဲ မချင်း ဦးစောသည် ခါးထောက်ကာ မချိုမချဉ် မျက်နှာထားနှင့် ဒေါက်တာဘမော်၏ မျက်နှာကိုဖြစ်စေ၊ ကျောင်းသားများကိုဖြစ်စေ အပေါ်မှ စီးကြည့်နေတတ်လေသည်။ ဦးစောသည် အတိုက်အခံ ခေါင်းဆောင် တဦးအနေနှင့် ထင်ရာ မြင်ရာကိုအားမနာတမ်း ပြောနေပါတော့သည်။ ကျောင်းသားတို့၏ လက်ခုပ်သြဘာသံသည်လည်း ခန်းမကြီး တခုလုံး ပွဲ့တင်ထပ်လျက်ရှိလေသည်။

ဦးစောဟောပြောပြီး၍ထိုင်လိုက်သောအခါ သဘာပတိက ဦးဘဦးကိုအလှည့်ပေးလိုက်လေသည်။ ဦးဘဦးသည်နို့သာရောင်ခေါင်းပေါင်းဖြင့် ပုဆိုးအဝါကို ဝတ်ဆင်ထားသည်။ကိုယ်နေ





ကိုယ်ထားမှာ ပုပုပြတ်ပြတ်နှင့် အမူအရာ အပြောအဆိုကလည်း မန္တလေးဟန် ပါလှသည်။

"ကျွန်တော်ကတော့ မန္တလေးမြို့သား ဘုန်းကြီးကျောင်းထွက်ဆိုတော့ အင်္ဂလိပ်စကားကို ဘုန်းကြီးသံပါပါနဲ့ပဲ ပြောရမှာပဲ"ဟု အစချီကာ ပြောဟောလေသည်။ သူဟောပြောသည့် အကြောင်းအရာ များကိုကား ကောင်းကောင်း မမှတ်မိတော့ပါ။ သူ၏ ဟန်ပန် အမူအရာလောက်သာ ကျွန်တော့် မျက်စိထဲတွင် ကျန်နေပါတော့သည်။

ဦးဘဦး အလှည့် ပြီးသောအခါ သဘာပတိက ဒေါက်တာဘမော်အား ပြန်လည် ချေပခွင့်ပေးသည်။ ဒေါက်တာဘမော်သည် စွမ်းအားရှိသလောက် စွပ်စွဲချက်များကို ပြန်လည်ချေပသည်။ သို့သော် ကျောင်းသားတို့ စိတ်ဓာတ်သည် သူ့ဘက်သို့ အလွယ်တကူနှင့် ယိုင်မလာကြတော့ပြီ။ ထိုစဉ်က ကျွန်တော်တို့လူတွေ၏ စိတ်သည် 'အတိုက်အခံ' ဘက်သို့သာ အယိုင်ကြီးယိုင်နေကြခြင်းကြောင့်တည်း။ထိုစဉ်အခါက 'အစိုးရဆိုသည်မှာ မုန်းစရာ' ဟုပင် ထင်ကြရသည်။ နိုင်ငံရေးသမား တယောက်သည်လိုပင် လူအကြည်ညိုခံနေရစေကာမူ အစိုးရအဖွဲ့ထဲ ရောက်သွားသည်နှင့် တပြိုင်နက် 'မုန်းစရာ' ဖြစ်လာသည့် ခေတ်တည်း။

သမဂ္ဂ ခန်းမကြီးထဲတွင် ဒေါက်တာ ဘမော်၊ ဦးစော၊ ဦးဘဦးတို့၏ ဟောပြောပွဲ ကျင်းပပြီးစီးခဲ့သည်မှာ ဆယ်နှစ်ကျော်ပါပြီ။ ယခုဆိုလျှင် နှစ်ပေါင်း သုံးဆယ်နီးပြီ၊ သို့သော် ကျွန်တော်က မမေ့နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားသမဂ္ဂကြီးသည် ထိုနှစ်အတွင်း ဝယ် လှုပ်ရှား သည်ထက် လှုပ်ရှားလာလေသည်။ တက္ကသိုလ် ပြင်ဆင်ချက် ဥပဒေကို လွှတ်တော်တွင် တင်သွင်း အတည်ပြုရန်ကိုလည်း ကျောင်းသားများ မြို့ထဲတွင် ဆန္ဒပြကြသည်။

မှတ်မိသေးသည်။ ထိုနေ့က ကျွန်တော်တို့တတွေ ဘတ် ကားတွေစီးကာ တမြို့လုံး လှည့်ပတ်၍ အော်ကြ ဟစ်ကြသည်။ အချို့က ခေါင်းမိုးပေါ်တက်၍ ဟစ်ကြွေးကြသည်။ အချို့ ဘတ်စ်ကား နံဘေးကို တပြုန်းပြုန်းတဗျင်းဗျင်းထုယင်းအော် ကြသည်။

''မြကူးရိပ်''

''မိုးနှင့်ရှို''

''ကျွန်ပညာ''

''အလိုမရှိ''

မြို့ထဲအော်၍ အားမရကြသေး၊ တက္ကသိုလ်အဖွဲ့၏ကိုယ်စား လှယ် အဖြစ် လွှတ်တော်တွင် တက်ရောက်ရသော ဆရာကြီး ဦးထွန်းဖေ၏ အိမ်နားတွင်လည်း တဝဲလည်လည်လှည့်၍ အော် ကြ ဟစ်ကြ ပါသေးသည်။

နောက်များမကြာမီ ရွှေဖီရေးသားသော ဘာသာရေး စာ အုပ်မှ အစ ကုလား မြန်မာ အဓိကရုဏ်း ဖြစ်ပွားလာလေသည်။ ကုလားက မြန်မာရိုက်၊ မြန်မာက ကုလားရိုက်နှင့် အ ... အနယ်နယ်တွင် ဆူဆူပူပူ ဖြစ် လာ လေ ၏။ ထိုအဓိကရုဏ်း ဂယက်သည် တပြည်လုံးသို့ ရိုက်ကာ အုပ်မနိုင် ထိမ်းမရ ... ကုန်လေသည်။ ထိုလှိုင်းဂယက်သည် တက္ကသိုလ်သို့လည်း လာ၍ ရိုက်ခတ်လေတော့သည်။



နေ့စဉ်နှင့်အမျှ နားမချမ်းသာစရာ သတင်းများကိုကြားရ သည်။ ဘယ်နေရာမှာ ကုလားက မြန်မာကို ဘယ်လိုလုပ်သွား ပြန်ပြီဟူသော သတင်းများကို ကျောင်းသားတို့ နားသို့ မဆံ့ အောင် ရောက်လာလေသည်။

''၂၉-လမ်းတွင် မြန်မာတွေကို တအိမ်လုံးသတ်သွားတယ်''

''ဘုန်းကြီးကို နွားမားကြိုး ထိုးသတ်သတဲ့''

''မြန်မာမိန်းမတွေကို....''

ထိုသတင်းများကြောင့် ကျွန်တော်တို့တတွေ စိတ် မချုပ် တည်းနိုင်တော့ပြီ။ ကျောင်းဆောင်တိုင်းမှ ကျောင်းသားတွေ လှုပ်လှုပ်ရှားရှားဖြစ်လာလေ၏။ နေ့ကျောင်းသားများ မလာ နိုင်၍ စာမသင်နိုင်ပဲ ရပ်ဆိုင်းထားရသဖြင့် ကောလာဟလ သတင်းမှာ ပို၍ပြင်းထန်လာလေသည်။ တညသော် ကျောင်း သားများသည် ဗဟိုထမင်းစားခန်းကြီးထဲတွင် အစည်းအဝေးပွဲ ကျင်းပကြလေလည်။ အစည်းအဝေးသဘာပတိအဖြစ် ကိုတင် မောင်မောင် ကို တင်မြှောက်ကြသည်။ ကျောင်းသားတွေမှာ အုပ်မနိုင် ထိန်းမရ တယောက် တမျိုး စကားထပြောကြသည်၊ အားလုံးပင် ဒေါသသံတွေနှင့် ပြောနေကြလေသည်။ အားလုံး ကပင် ကုလားမှန်လျှင် ထွက်သတ်မည်ဟု ဟိန်းဟောက်နေကြ သည်။ သဘာပတိလုပ်သူ ကိုတင်မောင်မောင်က ခပ်အေးအေး စကားပြောသည်။ သူက ခပ်အေးအေးလုပ်နေသဖြင့် ကျောင်း သားထုက မကြိုက်ဖြစ်လာလေ၏။

''ကြောက်ယင် သဘာပတိ မလုပ်ပါနဲ့''

''သတ္တိရှိတဲ့လူ တင်ပါ''

''ကြောက်သွေးပါယင် ဆင်းချ''





www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့သော အသံများသည် ပွက်ပွက်ရိုက်လာလေသည်။ ကိုတင်မောင်မောင်သည် မိမိအလိုလို သဘာပတိအဖြစ်မှ ထွက်ပေးရာ ကိုသာလှကို သဘာပတိအဖြစ် တင်ကြပြန်လေသည်။ ကိုသာလှကတော့ ကိုတင်မောင်မောင်လို ခပ်အေးအေးမပြောပဲ လုံချည်တိုတိုဝတ်ကာ စားပွဲပေါ်တွင်မတ်တပ်ရင်လျက် လက်သီးလက်မောင်းတန်းပြီးလျှင် အားရပါးရကြီး စကားပြောလေသည်။ ကျောင်းသားထုကြီးတခုလုံးက သဘောကျသွားလေသည်။ ထိုအစည်းအဝေးပွဲကြီး မည်ကဲ့သို့အဆုံးသတ်သွားသည်ကိုတော့ သေသေချာချာမမှတ်မိပါ။ ဆုံးဖြတ်ချက် တခုတော့ချမှတ်ကြပါသည်။ နောက်တနေ့တွင် မြို့ထဲထွက်၍ မြန်မာများဘက်မှကူပြီး ကုလားများကိုရိုက်ရန် ဆုံးဖြတ်ကြသည်ဟုထင်ပါသည်။ ထိုစဉ်က ကျွန်တော်တို့တတွေမှာ သွေးကြွလျက်ရှိပါသည်။

နောက်တနေ့ နံနက်စောစောတွင် ကျောင်း သား တွေ ရှုန်းရင်း ဆန်ခတ်ဖြစ်လာကုန်သည်။ ကျောင်းဆောင်တိုင်းမှ ကိုယ့်အစုနှင့်ကိုယ် ထွက်လာကြကုန်သည်။ လက်ထဲတွင် ကုလားကို နှက်ရန် တခုခုကိုတော့ ဆွဲကိုင်လာကြသည်။ ပုဂံကျောင်းဆောင်မှ ကျောင်းသားများသည် သူတို့၏သစ်သားခုတင်များမှ ခုဘစ်တိုင်များကို ချွတ်ယူလာကြသည်။ အခြားကျောင်းဆောင်များမှ ခုတင်များကား တိုင်မရှိသည့် သံခုတင်များ ဖြစ်၍ ခုတင်တိုင်ကို လက်နက်အဖြစ် အသုံးမပြုနိုင်ကြ။ သူတို့အဖို့ အုတ်ခဲ၊ ထင်းချောင်း၊ သံတုတ် စသည်များကို ဆွဲကိုင်လာကြသည်။

"ထွက်ကြဟေ့"

တယောက်က အော်လိုက်သည်။





"အေး၊ လာပြီဟေ့"

ကြားရသူများက တွေ့ရာလက်နက်ကိုယူ၍ ကျောင်းဆောင်ါမှ ဆင်းလာသည်။

"လာ၊ ကဲ ဘယ်သွားကြမလဲ"

မြက်ခင်းပေါ်တွင် လူသုံးဆယ်လေးဆယ်လောက် စုမိသောါ တယောက်က မေးသည်။

"မြို့ထဲသွားပြီး ကုလားတွေကို ဆော်တာပေါ့"

"မြို့ထဲမသွားခင် တကောင်းကျောင်းဆောင်က ကုလား အယင်ဆော်ပစ်ရအောင်"

"အေး၊ အဲဒါ ကောင်းတယ်"

သို့နှင့် ကျွန်တော်တို့တတွေသည် သ ထုံ ကျောင်း ဆောင်ကြ်မှထွက်လာကြသည်။ သမင်္ဂအဆောက်အအုံအောက်တွင်း ကျွန်တော်တို့လို လူချိုးတွေစုနေကြသည်။ ကျွန်တော်တို့ာက်မှလည်း ကျွန်တော်တို့လို လက်နက်မျိုးစုံကိုင်လျက် အစုည် အပြုံလိုက် ထွက်လာသူတွေကို တွေ့ရသည်။

လူတို့၏စိတ်ဓာတ်ကားဆန်းကြယ်လှသည်။ ယခု ကျွန်တော်မြန်မာကျောင်းသားတစုသည် ကုလားကိုရိုက်ရန်ဆို၍ ထွက်ကြသည်။ ပထမ တကောင်းကျောင်းဆောင်မှ ကုလားကျောင်းသားများကို စ၍ရိုက်မည်ဟု ဆိုကြသည်။ တကောင်းကျောင်းဆောင်တွင် ကုလားကျောင်းသားများသာနေထိုင်ကြ သို့သော် အခြားကျောင်းဆောင်များတွင်လည်း ကုလားကျောင်းသားများ အနည်းငယ်စီရှိကြပါသည်။ ကျွန်တော်တို့ ကျောင်းဆောင်တွင်လည်း ရှိပါသည်။ ဗဟို ကျောင်းဆောင်များနှင့် ပုဂံကျောင်းမှ ကျောင်းသားတို့သည် မိမိတို့


www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆောင်တွင်ရှိသော ကုလားကျောင်းသားများကို အနည်းငယ်မျှရန်မူခြင်းမရှိပဲ တကောင်းကျောင်းဆောင် သွားမည်ဆို၍ ထွက်လာကြလေသည်။ စင်စစ်အားဖြင့် ကျောင်းဆောင် များမှ ကုလားကျောင်းသား များကို သူများ ရန်မူမည်စိုး၍ပင် ဝှက်ထားကြသေးသည်။

ကျွန်တော့်သူငယ်ချင်းတယောက်မှာ ထင်းချောင်း ဆွဲကိုင်လျက် ကျွန်တော်တို့ သမဂ္ဂအနီးမှ ပြေးလိုက်လာ သည်။

"ဘယ်သွားနေတာလဲဗျ" ဟု ကျွန်တော်က မေးသည်။

"အလိကို ကော်ဖီဝယ်ပေးနေရလို့ဗျ၊ ခွေးမသား အောက်ဝင်ပုပြီး ငိုနေတယ်၊ သေးပေါက်တောင် မထွက် နို့ ဆီဗူးလွတ်တလုံး ရှာပေးခဲ့ရသေးတယ်" ဟု ထိုကျောင်း က ပြန်ပြောလေသည်။ ကျွန်တော်တို့လည်း 'ဆင်း' သော ဗင်္ဂါလီ ကျောင်းသားတယောက်ကို ဒီလိုပဲဝှက်ထား ပါပြီ။

ခဏမျှကြာသောအခါ ထိုကျောင်းသားပင်လျှင် "ကု ကုလား ရိုက် ရိုက်"ဟု အသံကုန် အော်ဟစ်နေပြန်လေသည် ကျွန်တော်တို့လည်း ဝိုင်း၍ အော်သည်။

ကျွန်တော်တို့သည် ရိုက်မည်။ နှက်မည်။ သတ်မည်ဟု ထုတ်နေကြသော်လည်း တကယ် ကုလားတယောက်ကို တွေ့လျှင် လက်ရဲကြမည် မဟုတ်ပါ။ မိမိရှေ့တွင် မတရား မြန်မာတယောက်ကို နှိပ်စက်ကလူပြုနေသည်ကို မြင်ရလျှင် မပြောတတ်။ ဒီအတိုင်း သွေးအေးအေးနှင့် ဆိုလျှင်တော့ သက်သက်မယ့် ရိုက်ရန်၊ နှက်ရန် လက်ရွံ့နေကြမည်ဟုပင်





သည်။ အကယ်၍သာ သမဂ္ဂမှနေ၍ ကျွန်တော်တို့ ကျောင်း အုပ်ကြီးသည် ပြည်လမ်းအတိုင်း လျှောက်ထွက်သွားမည် ဆိုလျှင်လည်း အတော်ကိစ္စများကြမည်။

ထိုအကြောင်းကို ကြိုတင်စဉ်းစားဟန်တူသော နန်းရင်း ကြီး ဒေါက်တာ ဘမော်သည် ဘယ်ကဘယ်လို သတင်း ရသည် မသိ။ ကားကလေးနှင့် ကပျာကသီ ပေါက်လာ သည်၊ သူသည် ကျောင်းသားတွေအတွက် အတော် စိတ်ပူပ ဟန်တူသည်။ ကျောင်းသားတွေသာ မြို့ထဲ ထွက်မိ၍ ကုလား နှင့် ရိုက်ကြ နှက်ကြသည်ဆိုလျှင် ဒီကုလား မြန်မာ အဓိ ကရုဏ်းသည် ပို၍ ဆိုးရွားသွားတော့မည်။ ကျောင်းသားများ မှာ မြန်မာပြည်အရပ်ရပ်မှ ဖြစ်ကြသည်။ မြန်မာပြည်အရပ်ရပ် နယ်နယ်မှ ကျောင်းသားတွေသည် ရန်ကုန်အဓိကရုဏ်းတွင် ဆင်နွှဲလိုက်သည်နှင့်တပြိုင်နက် တပြည်လုံးရှိ အဓိကရုဏ်း ပိုမိုကျယ်ပြန့်သွားကာ ငြိမ်းသတ်လို့ ရတော့မည် မဟုတ် သည့် အခြေအနေသို့ ရောက်သွားနိုင်လေသည်။ ဒီအကျိုးနှင့် အကြောင်းကို ထင်မြင်ပြီးသော ဒေါက်တာဘမော်သည် ကျွန် တော်တို့ဘတွေ မြို့ထဲမရောက်မီ လာ၍ တားဆီးခြင်းပင် ဖြစ် သည်။

ကျွန်တော်တို့တတွေကို တက္ကသိုလ်စာတိုက်နှင့် စာအုပ်ဆိုင် ကြားတွင်ရှိသော ဟာကုတ်ဘတ္တလာ ကြေးရုပ်ကြီးရှေ့ မြေကွက် တွင် စုဝေးစေသည်။ ဒေါက်တာဘမော်က ထိုအရုပ်ကြီး ကျောက်ပြားဖြူဖြူ ခုံမြင့်ပေါ်မှနေ၍ စကားပြောလေ သည်။ သူပြောသည့် စကားများမှာ အဖျက်သဘောပါသည့် ချီးကို မလုပ်ပဲ အပြုသဘောပါသည့် ကိစ္စများကို ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရှက်ဖို့ ကောင်းသည့် အကြောင်းကို ဆွယ်ပြီးဟောသွား
သည်။ ဆိုလိုရင်းမှာ သည်ကဲ့သို့ ဒေါသရှေ့ထား၍ ရန်မူ
အလုပ်မျိုးကို လုပ်သည်ထက် ဒုတိဒုက္ခ ရောက်နေကြ
သူများကို ကူညီသည့် ကယ်ဆယ်ရေးအလုပ်များကို လုပ်ကြ
တိုက်တွန်းခြင်း ဖြစ်လေသည်။ သူ့စကားကြောင့် ကျော
သားတို့သည် အတော်ကလေး ငြိမ်ကျသွားလေသည်။
တော်တို့ ဥက္ကဋ္ဌကြီး၊ ကိုအောင်ဆန်းကလည်း သူ့တိုက်တွ
ချက်များကို လက်ခံလေသည်။

သို့နှင့် ရိုက်မည်နှက်မည်ဆိုကာ ထွက်လာကြသော
တော်တို့တတွေသည် တုတ် အုတ်ခဲတို့ကိုချ၍ ကယ်ဆယ်
လုပ်ငန်းကိုစရန် စီစဉ်ကြလေသည်။ အားလုံး ကျောင်းသ
များ လိုက်ရန်မလိုဟု ဆိုသည်။ တကယ် စိတ်ဓာတ်ခိုင်မာသော
ကျောင်းသားသုံးဆယ် လေးဆယ်လောက်ရလျှင် တော်ပြီ
ပြောသည်။ လိုက်ချင်သူတွေ များလှသဖြင့် မဲချ၍ ယူ
သည်။ မဲကျသူများကို ဘတ်စ်ကားများနှင့်တင်၍ မြို့ထဲသို့
ဆောင်သွားလေသည်။ ထို့နောက် သူ့အပိုင်းနှင့်သူ့ခွဲကာ က
ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြကုန်၏။

(၄)

ကုလားမြန်မာ အဓိကရုဏ်းသည် တဖြည်းဖြည်း ပြင်း
လာလေသည်။ မြန်မာပြည်အရပ်ရပ်သို့ ကူးစက်သွားသော
အဓိကရုဏ်းကို ဒေါက်တာဘမော် အစိုးရသည် မငြိမ်းသတ်နို
ဘောင် ဖြစ်နေလေသည်။ အခြေအနေအရ ကျောင်းသာ





သမဂ္ဂသည်လည်း အစိုးရအပေါ်၌ ထားရှိသည့်ဝါဒကို ပြောင်း
လဲလိုက်ကြလေသည်။ ထိုစဉ်က ကျောင်းသားခေါင်းဆောင်တို့
သည် "အစိုးရကိုဖြုတ်ရမည်" ဟူသော ကြွေးကြော်သံကို လက်
ကိုင်ပြုလာကြလေသည်။ သည်အစိုးရသည် တိုင်းပြည် ငြိမ်ဝပ်
ပိပြားရေးကို မထိန်းသိမ်းနိုင်၊ အသက်ပေါင်းများစွာနှင့်
ပစ္စည်းပေါင်း မြောက်မြားစွာတို့သည် အစိုးရည့ံဖျင်းမှုကြောင့်
အလဟဿ ပျက်စီးကြရကုန်သည်။ ထို့ကြောင့် သည်ဒေါက်တာ
ဘမော်အစိုးရကို ဖြုတ်ချ၍ နိုင်နင်းစွာအုပ်ချုပ်နိုင်မည့် တိုင်းသူ
ပြည်သားတို့အကြိုက် အစိုးရကို တင်ရမည်ဟု ဆိုကြလေသည်။

မည်ကဲ့သို့ ဖြုတ်ချရမည်နည်း။

ထိုစဉ်က လွှတ်တော်အစည်းအဝေး ကျင်းပလျက်ရှိသည်။
ထိုအစည်းအဝေးတွင် တက္ကသိုလ်ပြင်ဆင်ချက် ဥပဒေကြမ်းကို
အစိုးရက တင်သွင်း၍ အတည်ပြုရမည် ဖြစ်သည်။ ထိုဥပဒေ
ဖြစ်မြောက်ရေးအတွက် ကျောင်းသားတွေ အတော် တိုက်ပွဲ
ဆင်ခဲ့ရသည်။ အတော် ကြိုးစားပမ်းစား ဆောင်ရွက်ခဲ့ကြရ
သည်။ ထိုဥပဒေ ဖြစ်မြောက်အောင် အမတ်မင်းများက ထောက်
ခံကြပါမည့် အကြောင်း တောင်းပန် နှိုးဆော်ခဲ့ကြရသည်။
ဥပဒေကြမ်း တင်သွင်းတော့မည့်ရက် နီးကပ်လာသည့် အချိန်
တွင် တက္ကသိုလ်သမဂ္ဂမှ ကြေညာချက်တခု ထုတ်လိုက်လေ၏။
ထိုကြေညာချက်၏ ဆိုလိုရင်းမှာ ယခု တရက်နှစ်ရက်အတွင်း
တင်သွင်းမည့် တက္ကသိုလ်ပြင်ဆင်ချက် ဥပဒေကြမ်းကို အမတ်
မင်းများ ထောက်ခံခြင်းမပြုရန် တိုက်တွန်းထားခြင်းပင် ဖြစ်
လေသည်။ အစိုးရက တင်သွင်းသော ဥပဒေကြမ်းတခု အတည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မသွားလျှင် အစိုးရပြုတ်ကျရမည် ဖြစ်သည်။ ကျောင်းသားတွေ မျက်လုံးပြူးကုန်သည်။ သမဂ္ဂကြီးသည် ဘယ်လိုဖြစ်သွားပါလိမ့်မလဲ။ သည်ဥပဒေကြမ်းဖြစ်မြောက်ရေးအတွက် ကျောင်းသားထုကြီးတရပ်လုံး အားခဲ၍ ကြိုးစားခဲ့ရသည်။ ယခုအကောင်အထည် ပေါ်ခါနီးမှ ဖျက်ဆီးပစ်ခြင်းသည် ဘာသဘောလဲ။ ကျောင်းသားခေါင်းဆောင်များ သစ္စာဖောက်ခြင်းလော၊ သမဂ္ဂအမှုဆောင်ကို အယုံအကြည်မရှိ စသည်ဖြင့် ကျောင်းသားတွေ ပွစိပွစိဖြစ်လာလေ၏။ ကျောင်းသားများက သမဂ္ဂအား အစည်းအဝေးခေါ်၍ သည်ကိစ္စကို ရှင်းလင်းပြောဆိုရန် တောင်းဆိုကြလေသည်။

တောင်းဆိုသည့်အတိုင်း သမဂ္ဂအမှုဆောင်များက အစည်းအဝေး ခေါ်ပေးလေသည်။ မကျေမနပ် ဖြစ်နေကြသော ကျောင်းသားများကလည်း အစည်းအဝေးတွင် အယုံအကြည်မရှိ အဆိုတင်သွင်း၍ အမှုဆောင်အဖွဲ့ကို ဖြုတ်ချရန် စိုင်းပြင်းလျက် ရှိကြလေသည်။

အစည်းအဝေး ကျင်းပသည့်အချိန်မှာ ညနေစောင်း ဖြစ်လေသည်။ ခန်းမဆောင်ကြီးတခုလုံး ကျောင်းသူကျောင်းသားတွေနှင့် ပြည့်သိပ်လျက်ရှိလေသည်။ လူတိုင်းလူတိုင်း စိတ်မာတ်လှုပ်ရှားလျက်ရှိသည်။ သမဂ္ဂ အမှုဆောင်တွေ ပြုတ်ကျရှာတော့မည်။ သူတို့ပြုတ်ကျသွားလျှင် မည်သူတက်လာမည်နည်း။ ကျွန်တော့်စိတ်ထဲ သည်လိုပဲ တသိတ်ထိတ်ဖြင့် တွေးတောနေမိလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က ကျောင်းသားထုကြီးတခုလုံးမှာ သမဂ္ဂ အမှုဆောင်တွေအပေါ် ထိုကိစ္စနှင့်ပတ်သတ်၍





အတော်ပင် အထင်သေး အမြင်သေး ဖြစ်နေကြသော ကြောင့်သည်။

အစည်းအဝေးကြီးစပါပြီ။

ဥက္ကဋ္ဌ ကိုအောင်ဆန်းသည် သူ့ဝါသနာအတိုင်း ရှူတင်းတင်းနှင့်ဝင်လာရာ အားလုံးက မတ်တပ်ထပေးပြီး သူ့ထိုင်မှပင် ထိုင်ကြလေသည်။ ကိုအောင်ဆန်းက စကားအနည်းငယ် ပြောသည်။ သူပြောပြီးသောအခါ မည်သူက ဆက်ပြောသည်ကိုတော့ အသေအချာ မမှတ်မိတော့ပါ။ သမဂ္ဂအမှုဆောင်များ လုပ်ပုံကိုင်ပုံကို မကျေနပ်သည့် အကြောင်းများကိုပြ၍ အယုံအကြည်မရှိအဆိုကို တင်သည်ဟု ထင်ပါသည်။ မည်သူက တင်၍ မည်သူက ထောက်ခံသည်ကိုလည်း ကောင်းစွာမမှတ်မိတော့ပါ။ ရွှေနားတွင်ခေါင်းစုတ်ဖွားနှင့်သနပ်ဖက်ဆေးလိပ်ကို ရှုရှိုက်ယင်းထိုင်နေသည့် ကိုညိုမြကိုတော့သတိထားမိသည်။ သူလည်း အယုံအကြည်မရှိသည့် ဂိုဏ်းထဲမှဖြစ်ပါသည်။

ထိုအဆိုကို တင်သွင်း ပြီးသောအခါ အမှုဆောင်ဘက်မှ မှန်လည်ချေပ ရှင်းလင်းကြလေသည်။ ထိုအထဲတွင် လက်ရှိအမှုဆောင်များသာမက ကျောင်းသား ခေါင်းဆောင် ဟောင်းများသည်းပါလာလေသည်။ ကိုနုနှင့် မစ္စတာ ရာရှစ်ကိုသတိထားမိပါသည်။ တက်ဘုန်းကြီး ကိုသိန်းဖေလည်း ပါလာပါသည်။ သူတို့အတွေက အစိုးရသည် အလွန်ညံ့ဖျင်း နုံချာနေသော ကြောင့်ပြုတ် ပြုတ်အောင် ဖြုတ်ချဖို့ အရေးကြီးသည့် အကြောင်း၊ သည်အစိုးရပြုတ်ကျ၍ အစိုးရအသစ်တက်လာလျှင် သည့်ထက်ကောင်းသည့်တက္ကသိုလ် ဥပဒေကြမ်းကို ရအောင်ဆောင်ရွက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရမည် ဖြစ်ကြောင်းကို အာဝဇ္ဇန်း ရွှင်ရွှင်နှင့် တယောက်ပြီး တယောက် ပြောသွားကြလေသည်။ အစည်းအဝေး စစ်ဆေး ဆူဆူညံညံဖြစ်နေသောကျောင်းသားထုကြီးသည် တဖြည်းဖြည်း ငြိမ်၍ငြိမ်၍ ကျလာလေသည်။

"အင်းဟုတ်ပေသားပဲ" ဟု သက်ပျင်းချ၍ပြောသံများကို ပင်ကြားရလေသည်။

ကျောင်းသား ခေါင်းဆောင် ဟောင်းကြီးများ အလှည့် ပြီးသောအခါအမှုဆောင်တွေထဲမှပြောကြပြန်သည်။ ကိုကျော် ငြိမ်းကလည်းပြောသည်။ကိုဗဟိန်းလည်း ဟောသည်။ ကိုလှရွှေ ကလည်းပြောသည်။ ကိုလှရွှေသည် စားပွဲစွန်းတွင် ထောက်ကာ သန်မာသောလေသံ၊ မျက်မှန်ကြီးတဝင်းဝင်းနှင့် ပြောနေသံကို ယခုထက်ထိ ကြားယောင်နေပါသေးသည်။

"ရဲဘော်တို့"

"တခုပဲစဉ်းစားကြည့်စမ်းပါ။ ဒီဥပဒေကြမ်းကို ကျွန်တော် တို့က ပိုပြီး ရဲဘော်တို့ထက် မြတ်နိုးပါတယ်။ ဥပမာပေးရမယ် ဆိုယင် စာအုပ်တအုပ်ကို ရဲဘော်တို့ကတကျပ်ပေးပြီးဝယ်ထားရ တယ်ဆိုပါတော့။ အဲဒီလိုစာအုပ်မျိုးကိုပဲ ကျွန်တော်တို့က တရာ ပေးပြီးဝယ်ထားရယင်စာအုပ်ချင်း တူပေမယ့် ဘယ်သူက စာအုပ် ကိုပိုပြီးနှမြောမလဲ၊ တရာပေးပြီးဝယ်ထားရတဲ့လူကတကျပ်ပေးပြီး ဝယ်ထားရတဲ့လူထက် ပိုနှမြောမှာ အမှန်ပဲပါပဲ။ ဒီဥပဒေကြမ်း ကြီးကိုလဲ ကျွန်တော်တို့က ရဲဘော်တို့ထက်ပိုပြီး အဖိုးပေးထား တာပါ။ ဆိုလိုရင်းက ကျွန်တော်က ဒီဥပဒေကြမ်းဖြစ်မြောက်ဖို့ အတွက် ရဲဘော်တို့ထက်ပိုပြီး အနစ်နာခံပြီး ကြိုးစားထား





တာပါ။ ဒါကြောင့် ဒီဥပဒေကြမ်းကြီးကို ရဲဘော်တို့ထက် ပိုပြီးနှမြောပါတယ်။ ဒီလို နှမြောလျက်နဲ့ ဘာပြုလို့ စွန့်ပစ်ရ သလဲလို့ မေးစရာရှိတယ်။ ဒီဥပဒေကြမ်းထက် အရေးကြီးတဲ့ ဒီအစိုးရကို ဖြုတ်ချရေးကြောင့် ဒီလို စွန့် လွှတ် ရတာပါ။ ဒီအစိုးရရှိနေယင် ဒီလိုပဲ တိုင်းပြည်မယ် ကုလားကို မြန်မာ့ သတ်၊ မြန်မာကို ကုလားသတ်နဲ့ အဓိကရုဏ်းဟာ ငြိမ်းတော့မှာ မဟုတ်တော့ဘူး"

ကိုလှရွှေသည် ဒေါမာန်ပါပါနှင့် ပြောသွားလေသည်။

"အေး၊ ဒါလဲ ဟုတ်တာပဲ"ဟူသော အသံများကို ကိုလှရွှေ ထိုင်လိုက်သောအခါ ကြားရပြန်လေသည်။

ကျောင်းသားတို့၏ အရိပ်အခြည်ကို သိပြီးဖြစ်သော ဥက္ကဋ္ဌ ကိုအောင်ဆန်းသည် နေရာမှ ထလိုက်လေသည်။

"အဟမ်း၊တဘက်က ဥပဒေကြမ်းနဲ့ပတ်သက်ပြီး ကျွန်တော် တို့တွေ လုပ်ပုံကိုင်ပုံတွေ နေရာမကျဘူးဆိုပြီး အယုံအကြည်မရှိ အဆိုတင်သွင်းသွားတယ်။ ကျွန်တော်တို့ ဘာကြောင့် ဘာပြုလို့ ဒီလိုလုပ်ရတယ်ဆိုတဲ့အကြောင်းကို ရှင်းလင်း ချပြပြီး အဆိုကို ကန့်ကွက် ပြောဆိုသွားလို့ ကျောင်းသား ရဲဘော်တွေတော့ အတော်လေးရှင်းလင်းလောက်ပါပြီ"ဟု အစချီကာသူကလည်း တော်တော်ရှည်လျားအောင် ထပ်မံရှင်းလင်း လိုက်လေသည်။

"ဒီတော့ အခု ကျွန်တော်တို့ မဲခွဲဖို့ လိုပါတော့တယ်" ဟု ကိုအောင်ဆန်းက ဆက်ပြောရာ "မဲခွဲပါ မဲခွဲပါ" ဟူသော အသံကလေးများ ထွက်ပေါ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခွဲပါမယ်။ ထုံးစံအတိုင်းဆိုယင် အသင်းဝင်များသာ မဲပေးရပါတယ်။ ဒါပေမယ့် အခုတော့ ရောက်ရှိနေတဲ့ ကျောင်းသူ ကျောင်းသားတိုင်း မဲပေးခွင့် ပြုပါမယ်။ သဘောတူတယ် မဟုတ်လား"

"တူတယ်၊ တူတယ်"

"ကောင်းပါပြီ။ ကျွန်တော်တို့ ယခုလက်ရှိ သမဂ္ဂအမှုဆောင်အဖွဲ့ကို အယုံအကြည် ရှိတဲ့ ကျောင်းသူ ကျောင်းသားများ လက်ထောင်ပါ" ဟု ဆိုလိုက်ရာ ရောက်ရှိနေကြ သူတိုင်းလိုလက်ထောင်ကြရာ ထောင်ထားသော လက်များသည် တခန်းလုံးပြည့်လျက် ရှိပါတော့သည်။

"ကဲ....လက်ချပါတော့။ ကျွန်တော်တို့ ယခုလက်ရှိ သမဂ္ဂအမှုဆောင် အဖွဲ့ကို အယုံအကြည် မရှိတဲ့လူ လက်ထောင်" ဟု ကိုအောင်ဆန်းက ဆိုလိုက်ပြန်သည်။ လက်ချောင်း များသည် ဟိုတချောင်း သည်တချောင်း ခပ်ကျဲကျဲ ဖြစ်နေသည်ကို တွေ့ရလေသည်။ အားလုံး နှစ်ဆယ် သုံးဆယ်လောက်ပင် ရှိမည်ထင်သည်။ ထိုကဲ့သို့ လက်ညှိုးထောင်သည့် အထဲတွင် ရှေ့နားမှ ကိုညိုမြလည်း ပါဝင်လေသည်။

"လက်ချနိုင်ပါပြီ။ အခုမြင်ကြတဲ့ အတိုင်းပဲ ကျွန်တော်တို့ အမှုဆောင်အဖွဲ့ကို အယုံအကြည် ရှိတဲ့ဘက်က နိုင်ပါပြီ" ဟု ကိုအောင်ဆန်းက ကြေငြာလိုက်လေသည်။

ထိုခဏ၌ ရှေ့နားတွင် ထိုင်နေသော ကိုညိုမြသည် မနေရမှ ထလေသည်။ သူသည် တစုံတခုကို အာခေါင်သံနှင့် ပြောလိုက်ဟန် တူပါသည်။ သို့သော် သူ့အသံကို မကြားရမီ ကိုအောင်ဆန်း၏ အသံသည် ခက်ထန်စွာ ထွက်ပေါ်လာပြန်လေသည်။

စပယ်ဦးစာပေ (ဒုတိယအကြိမ်)



"ဟော့....တော်၊ မင်း ထိုင်၊ မဲခွဲပြီးပြီ"

ကိုအောင်ဆန်းက သည်လို ပြောလိုလ်လျှင် ကိုညိုမြသည် ခုံဖိနပ်ကြီး တဂေါက်ဂေါက်နှင့် အခန်းထဲမှ ထွက်သွားလေ၏။ ကိုအောင်ဆန်းသည် ခဏမျှ ကိုညိုမြ၏ အပြစ် အနာ အဆာများကို ပြောဆိုပြီးနောက် အစည်းအဝေးပွဲကြီးကို ရုပ်သိမ်းလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

# စည်းစည်း ရုံးရုံး

## (၁)

နိုင်ငံတဝှမ်းလုံး တလှုပ်လှုပ် ဖြစ်နေသည့် အချိန်တွင်ကျွန်တော်တို့ တက္ကသိုလ်တွင်လည်း တရှုရှု ဖြစ်နေလေသည်။ နိုင်ငံ၏ ဂယက်သည် အမြဲပင်တက္ကသိုလ်သို့လာ၍ရိုက်သည်။ မြန်မာပြည် အရပ်ရပ်မှ ကျောင်းသူ ကျောင်းသားများသည် တက္ကသိုလ်တွင် စုဝေးလျက်ရှိရာ ထိုအရပ်ရပ်မှ ရိုက်ခတ်လိုက်သည့် လှိုင်းဂယက်သည် တက္ကသိုလ်သို့ လာ၍ ရိုက်မည်မှာ ဓမ္မတာပင်တည်း။

ရေနံချောင်းမှ ရေနံမြေ အလုပ်သမား အရေးတော်ပုံကြီးသည် တစတစ ကြီးမားထွားကျိုင်းလာလေပြီ။ အလုပ်သမားသည် အရင်းရှင်တို့၏ ဖိနှိပ်ချုပ်ချယ်မှုကို သပိတ် လက်နက်ဖြင့် တိုက်ဖျက်လျက် ရှိနေကြလေသည်။ သူတို့သည် အာလံ၊ သရက်၊





ပြည်၊ သာယာဝတီ အစရှိသော မြို့ကြီးများကို ဖြတ်လျက် ရန်ကုန်သို့ ခြေကျင်လျှောက်ကာ အင်အားပြ ချီတက်ရန် စီစဉ်လျက်ရှိကြလေ၏။

ဤကဲ့သို့ အလုပ်သမားတို့သည် အုံကြွကာဗြိတိသျှအရင်းရှင် အစိုးရအား လက်နက်မပါပဲ တော်လှန်နေသည့် အချိန်တွင် ကိုအောင်ဆန်းသည် တက္ကသိုလ် သမဂ္ဂ ဥက္ကဋ္ဌ အဖြစ်မှလည်း ကောင်း၊ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌ အဖြစ် လည်း ကောင်း နှုတ်ထွက် လိုက် လေ သည်။ ထိုနေ့က အစည်းအဝေးကို ကျွန်တော် မြင်ယောင် နေပါ သေး သည်။ အစည်းဝေး ခန်းမကြီးတခုလုံး ကျောင်းသားတွေနှင့် ပြည့်သိပ်လျက်ရှိခဲ့လေသည်။ ဓာတ်မီးဆောင်များသည်လည်း တခန်းလုံး ထိန်ထိန် ဝင်းနေပါသည်။ မျက်နှာကျက်မှ ပန်ကာများသည်လည်း တစီစီလည်လျက်ရှိသည်။ ထိုအစည်းအဝေးသည်အရေးကြီးသော အစည်းအဝေးတခုဖြစ်ကြောင်းကိုတော့ ကျွန်တော် သိပါသည်။ ဘယ်နည်းဘယ်ပုံအရေးကြီးသည်ကိုတော့သိမထားခဲ့ပါ။ ကိုအောင်ဆန်းသည်လည်း သည်လိုရုတ်တရက် ဥက္ကဋ္ဌ အဖြစ်မှ ထွက်သွားလိမ့်မည်ဟု မထင်ပါ။

“ဥက္ကဋ္ဌကြီး” ဟု ဆိုကာ အတွင်းရေးမှူး ရှေ့ဆောင်လျက် ဥက္ကဋ္ဌ ကိုအောင်ဆန်း ခန်းမကြီးထဲသို့ ဝင်လာသောအခါ ကျောင်းသူ ကျောင်းသား ပရိသတ်ကြီးက မတ်တပ်ထပေးကြလေသည်။ ထိုစဉ်က အတွင်းရေးမှူးမှာ ကိုဗဆွေဟု ထင်ပါသည်၊ အသေအချာတော့ မမှတ်မိတော့ပါ။ ကိုအောင်ဆန်းသည် ဥက္ကဋ္ဌ ကုလားထိုင်ပေါ်တွင် ထိုင်လိုက်မှ ကျွန်တော်တို့လည်း ထိုင်ရလေသည်။ တခန်းလုံး အငြိမ်ကြီး ငြိမ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ဆန်း ပြောမည့်စကားလုံးလို ကြား ချင် ဇော နား စိုက်နေကြပါသည်။ တို့ဥက္ကဋ္ဌကြီးသည် ဘယ်ကဲ့သို့ အ ကြီး သည့် စကားများကိုမြွက်ကြားမည်နည်း။

ကိုအောင်ဆန်းသည် နေရာမှ ထလိုက်လေသည်။ သူသ မိန့်ခွန်းကို ခပ်တိုတိုပင် ပြောဆိုသွားလေသည်။ ပြတ် သားသားလည်းရှိလှပါသည်။ သူမြွက်ကြားသွားသည့် စကာ များကို အတိအကျ မမှတ်မိတော့သော်လည်း အဓိပ္ပာယ်ကာ

"နိုင်ငံအတွက် အရေးကြီးတဲ့တာဝန်တွေကို ထမ်းဆော အတွက်ကျောင်းကထွက်ရပါတော့မယ်။ ကျောင်းကထွက်တ ဆိုယင်ပဲ ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌအဖြစ်ကလဲထွက်ရ မယ်၊ ဒီလိုကျောင်းကထွက်ပြီး ပြင်ပနိုင်ငံရေးများကိုဆောင်ရွ ဖို့ ဆုံးဖြတ် ထား တာ ဟာ လဲ ခုကျန်ရစ်ခဲ့တဲ့ ကျောင်းသ ခေါင်းဆောင်များရဲ့အရည်အချင်းကို ယုံကြည်ပြီးသားဖြစ် လို့ပါပဲ၊ ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌအဖြစ်နဲ့ နိုင်ငံအက ကို ဆောင်ရွက်နေတာထက် နိုင်ငံရေးသမားတယောက်အ နိုင်ငံအကျိုးကို ပိုပြီးဆောင်ရွက် နိုင်လိမ့်မယ်လို့ ကျွန်ေ ယုံကြည်ပါတယ်"

ကိုအောင်ဆန်း ပြောသွားသည့် စကားများကို ကျွန် များ ကြားလိုက်ရပါသည်။ သို့သော် ကိုယ့်နားကိုမှ က မယုံနိုင်။ သူ သည်သို့ပြောသွားတာ ဟုတ်မှ ဟုတ်ပါ၏လာ ဆိုလော သို့လော ဖြစ်နေမိပါသေးသည်။ အစည်းအဝေး သောအခါ စိတ်အားငယ်ငယ်နှင့်ပင် ကျောင်းဆောင်သို့ ပြ ပါသည်။ နိုင်ငံအတွက် ခေါင်းဆောင်ကောင်း တ ယော ပေါ်ထွက်လာမည့်အရေးကိုတွေး၍ ဝမ်းမသာနိုင်။ ကျော





ကျောင်းသားများအတွက် ခေါင်းဆောင်ကောင်း တယောက် လျော့သွားပြီဟုသာ တွေး၍ ဆွေးသလိုလို ဖြစ်နေမိပါသည်။

နောက်ရက်မကြာမီ ကိုအောင်ဆန်းသည် သခင်အောင်ဆန်း ဖြစ်သွားသည့် သတင်းကို ကြားရလေသည်။ သည်တော့လည်း တမျိုးအားတက်မိပြန်ပါသည်။

(၂)

ကိုအောင်ဆန်း ဥက္ကဋ္ဌ အဖြစ်မှ နုတ်ထွက်သွားသောအခါ ကိုဗဟိန်း ဥက္ကဋ္ဌဖြစ်လာလေသည်။ ဒုတိယဥက္ကဋ္ဌမှာ ကိုလှရွှေ ဖြစ်၍ ကိုဗဆွေက အတွင်းရေးမှူး ဖြစ်လေသည်။

ရေနံမြေ အရေးတော်ပုံကြီးသည်လည်း တ နေ့ တ ခြား ကြီးမားလာလေသည်။ ဒေါက်တာ ဘမော်အစိုးရသည်လည်း အလုပ်သမားပြဿနာကို ရှင်းမပေးနိုင်။ ကျောင်းသားများ လည်း သွေးချင်းသားချင်း အလုပ်သမားအပေါင်းတို့၏ ဒုက္ခကို ဘေးမှ လက်ပိုက် ကြည့်မနေနိုင်ကြတော့ပဲ ဝင်၍ ပါကြရ ကုန်၏။

သမဂ္ဂ ဥက္ကဋ္ဌ ကိုဗဟိန်း နှင့် အတွင်းရေးမှူး ကိုဗဆွေ တို့ ရေနံမြေသို့ရောက်သွားကြလေသည်။ မကြာမီ သူတို့နှစ်ယောက် စလုံးကိုဖမ်းဆီးထားပြီဟု ကြားရပါတော့သည်။ သည်သတင်း ကို ကြားလိုက်သည်နှင့်တပြိုင်နက် ကျောင်းသားတွေ မခံမရပ် နိုင်အောင် ဖြစ်လာလေသည်။ ကျောင်းသား သမဂ္ဂကြီးသည် အစည်းအဝေးကြီးများကျင်းပကာ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ကို ချက်ချင်း လွှတ်ပေးရန် အရေးဆိုကြလေသည်။ ဥက္ကဋ္ဌ



www.burmeseclassic.com

www.burmeseclassic.com



ကိုဗဟိန်းအား၊ ဖမ်းဆီးထားသောကြောင့် အစည်းအဝေးများတွင် ကိုလှရွှေက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသည်။ မျက်မှန်တဝင်းဝင်း ဒေါ်မာန်ပါပါနှင့် ကိုလှရွှေ ဥက္ကဋ္ဌနေရာမှ စကားပြောနေသည်ကို ယခုထက်တိုင် မြင်ယောင်မိပါသေးသည်။

"ရဲဘော်တို့"

သူ မိန့်ခွန်းစပြောလျှင် ဒီလိုအော်ဟစ်၍ အစချီတတ်သည်။

"သင်တို့ ငါတို့ရဲ့ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးကို အစိုးရက မတရားသဖြင့် ဖမ်းထားတယ်၊ ဒါကြောင့် ငါတို့ရဲ့ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးကို အမြန်ဆုံးလွှတ်ဖို့ ဒီနေရာက အရေးဆိုတယ်" အစရှိသော မိန့်ခွန်းမျိုး ကိုလှရွှေ နှုတ်မှ ရဲရဲ တောက်ထွက်လာသည်များကိုလည်း ယခုထက်တိုင် ကြားယောင်နေမိပါသေးသည်။

'သင်တို့ ငါတို့၊ သင်တို့ ငါတို့' ဟူသောစကားလုံးများကို သူ့ မိန့်ခွန်းများတွင် ထပ်တလဲလဲကြားရတတ်သည်။ အသံကလည်း ခက်ထန်မာကျောလှသည်။ အချို့က ဒီလိုစကားလုံးများကိုကြားစဖြစ်နေ၍ နားမခံသာ ကြမ်းတမ်းသည်ဟု ဆိုကြသည်။ ကျွန်တော်တို့အဖို့မှာကား အားရပါးရရှိလှပါသည်။ ကိုအောင်ဆန်း ကလည်း မကြာသေးမီက ကျောင်းမှထွက်၍ တို့ဗမာ အစည်း၏အရုံးဝင် တဦး ဖြစ်အသွား၊ ကိုဗဟိန်း နှင့် ကိုဗဆွေတို့ကိုလည်း အစိုးရကဖမ်းထား၊ အားငယ်စရာကောင်းနေသည့်အချိန်တွင် ကိုလှရွှေ ၏ ပြောပုံ ဆိုပုံ နှင့် တ ကူ ခေါင်းဆောင်မှုကို တွေ့ရသောအခါ အင်အား ပြည့်သင်းလာလေသည်။





"ငါတို့ တောင်းဆိုထားတဲ့ရက်အတွင်းမယ် သင်တို့ ငါတို့ရဲ့ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးကို မလွှတ်ဘူးဆိုယင် ရွှေတလှမ်းတိုးမယ်၊ သဘောတူတယ်မို့လား"

"တူပါတယ်" ဟူသော တခဲနက်အသံကြီးသည် ပွဲထင်ထပ်လွှက်ပေါ်လာလေ၏။

'ရွှေတလှမ်းတိုးမယ်' ဟူသော ကိုလှရွှေ ၏ ကြိမ်းဝါးသံကြောင့် အစိုးရသည် အတော်တုန်လှုပ်သွားလေသည်။ သယ်လိုတိုးမယ့်ခြေလှမ်းပါလဲဟု တွေးကြ တောကြ စဉ်းစားကြသည်။ အစိုးရဘက်မှ စုံထောက်များအလုပ်ရလေသည်။

ထို့ကြောင့် ရန်ကုန်မြို့ထဲတွင်စိတန်းလှည့်လည်ခြင်း၊ အစည်းအဝေးပွဲလုပ်ခြင်းများကို တားမြစ်သည့် ကျင့်ထုံးပုဒ်မ ၁၄၄ အရ ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီးက အမိန့်ထုတ်ထားလေသည်။ သည်အထဲကပင် ကျောင်းသူ ကျောင်းသားများသည် အစည်းအဝေးပွဲ ပြုလုပ်ခြင်း၊ စိတန်း လှည့်လည်ခြင်း များ ကို ပြုလုပ်၍ အရေးဆိုကြသည်။

တနေ့သော ညနေစောင်းအချိန်။

'ရွှေတလှမ်းတိုးမယ်'ဟု ကြိမ်းဝါးထားသော်လည်း အစိုးရက မည်သို့မျှ အကြောင်းမပြန်သောကြောင့် 'ရွှေတလှမ်းတိုးမည့်နေ့' ဖြစ်လေသည်။ ထိုနေ့ညနေ သမဂ္ဂအဆောက်အအုံခန်းမကြီးထဲတွင် အစည်းအဝေးပွဲကျင်းပရန် ရှိလေသည်။ အစည်းအဝေးသို့ပရိသတ်များများတက်ရောက်ရန်ကိုလည်း နည်းအမျိုးမျိုးတို့ဖြင့်ဆော်ဩထားပြီး ဖြစ်လေသည်။ ကြော်ငြာပိုစတာကြီးများနှင့်တမျိုး၊ ကျောင်းဆောင်ကိုယ်စားလှယ်ကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com

ကြီးမှတဆင့်ကတဖုံ အင်တိုက်အားတိုက် တက်ရောက်ကြရန်ဖိတ်ကြားထားလေသည်၊ စည်လည်းစည်ကားလှပါသည်။ နန်းမကြီးတခုလုံး ပြည့်နက်လျက် ရှိပါသည်။ နေ့ကျောင်းသားများ ပင်ထိုအစည်း အဝေးကြီးသို့ တက်ရောက်ကြလေသည်။ အချို့ထိုင်စရာ မရှိ၍ မတ်တပ်ရပ် နေကြရသည်။ ဉက္ကဋ္ဌနေရာနှင့် နံရံများ တစိုက်တွင်လည်း အဖွဲ့ပေါ်တွင် အနီနှင့် ရေးသားထားသည့်ရဲရဲတောက် ကြွေးကြော်သံစာတမ်းများ ထောင်ထားသည်ကို တွေ့ရပါသည်။

လာမည့်ဘေး ပြေးတွေ့။

လူမိုက် အလိုရှိသည်။

တို့ခေါင်းဆောင် အမြန်လွတ်။

ကျောင်းသားမထိနဲ့ မီးပွင့်သွားမယ်။

ကြွေးကြော်သံများကား စုံလင်လှပါသည်။ ထိုစာတန်းများကို ဝါးလုံးတုတ်များတွင် တပ်ဆင်ထားပြီးဖြစ်သည်။ ထိုကြောင့်သည်နေ့အဖို့ စီဘန်းလမ်းလျှောက်ရမည်ဟု ကျွန်တော်ထင်နေပါသည်။ အစိုးရကလည်း စီတန်း လမ်းမလျှောက်ရဟု အမိန့်ထုတ်ထားသည်။ အကယ်၍ ကျောင်းသားတွေထွက်ပြီးလမ်းလျှောက်လျှင်ဘယ်လိုဖြစ်မလဲ။ ကျွန်တော်သည်အစည်းအဝေးခန်းထဲတွင်ထိုင်ယင်းတွေးတောနေမိပါသည်။

အတွင်းရေးမှူးခေါင်းဆောင်ကာ ကိုလှရွှေလာပါပြီ။ ကျွန်တော်တို့ အားလုံးမတ်တတ်ထပေးကြသည်။ ထိုင်မိလျှင်ထိုင်မိချင်းပင်ကိုလှရွှေစကားစပြောလေသည်။

''ရဲဘော်တို့၊ ဒီနေ့တော့ ရဲဘော်တို့ကို ပေါရိသာဒဆေး ထိုးပေးရမှာပဲ။ အစိုးရဟာငါတို့ရဲ့အရေးဆိုချက်ကိုဘာမှ ဂရုပြုခြင်း





မရှိဘူး''ဟု အစချီကာ ဒေါ်မွန်ပါပါနှင့် မိန့်ကြားသွားလေသည်။

''ရဲဘော်တို့၊ သင်တို့သတ္တိရှိကြရဲ့လား''

ကိုလှရွှေကမေးလိုက်သည်။

''ရှိပါတယ်''

ကျောင်းသားတို့က ဖြေကြားသည်။

''သတ္တိရှိတဲ့လူကိုသာလိုချင်တယ်။ သတ္တိကြောင်တဲ့လူကို မလိုချင်ဘူး၊ ဒါကြောင့် ခုငါတို့ တလှမ်းတိုးပြီး ချီတက်တဲ့အခါမယ် မလိုက်ဝံ့တဲ့ လူများရှိယင် ဟောဟိုနောက်ဖက်က တံခါးပေါက်ကြီးဖွင့်ထားပါတယ်၊ငါးမိနစ်အချိန်ပေးပါမယ်။ ထွက်သွားနိုင်ပါတယ်''

ကိုလှရွှေသည် မိန့်ခွန်းကိုနိဂုံးချုပ်ကာ ထိုင်လိုက်လေသည်။

တခန်းလုံးအငြိမ်ကြီးငြိမ်နေပါသည်။မည်သူတဦးတယောက်မျှ ထွက်သွားသည်ကိုမတွေ့ရပါ။ အချို့လည်းရှေ့တိုးမည့် ခြေလှမ်းတလှမ်းသည် မည်ကဲ့သို့သော ခြေလှမ်းမျိုးနည်းဟု တွေးတောစိုးရိမ်ကာ ကြောက်ကောင်း ကြောက်နေ ပေလိမ့်မည်။ မည်သို့ပင် ကြောက်နေစေကာမူ တခန်းလုံး ပြည့်နက်လျက်ရှိသော ကျောင်းသူ ကျောင်းသားများအလယ်မှ ထထွက်သွားဝံ့သောက်အောင်သတ္တိရှိမည်မဟုတ်။ နောင်ခါလာမှနောင်ခါရေးဟု ယခုတော့ ကြိတ်မှိတ်ပြီး ထိုင်နေမည်သာတည်း။ ထသွားလျှင် ''ကျွန်တော် လူကြောက်ပါဗျာ'' ဟု ထ၍ ကြွေးကြော်သည်နှင့် တူနေမည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



*"ဟော့လူ၊ ခြေတလှမ်းဆိုတာက ဘာလုပ်မှာတဲ့လဲ"* ကျွန်တော့်အနီးတွင် ထိုင်နေသော ကျောင်းသားတယောက်က မေးလေသည်။

"ကျွန်တော်လဲ ဘယ်သိမလဲ"

"သိယင်လဲ ပြောစမ်းပါဗျာ" တိုးတိုးကလေး မေးပြန်၏။

"ကျွန်တော်လဲ ခင်ဗျားနဲ့ အတူတူထိုင်နေတာပဲ၊ ဘယ်သိမလဲဗျ။ ဘာဖြစ်လို့လဲ၊ ကြောက်သလား"

"ဘာမှန်းမှမသိတော့ ကြောက်စရာကြီးပေါ့ဗျ"

"ဒါဖြင့် ထွက်သွားပါလား။ ခွင့်ပြုထားသားပဲ"

"ဟာဗျာ၊ မဖြစ်ပါဘူး"

သည်လို ပြောနေကြစဉ်တွင် ငါးမိနစ် စေ့သွားပါတော့သည်။ ကိုလှရွှေသည် နေရာမှ ထလိုက်လေသည်။

"ကဲ၊ ငါးမိနစ်တော့ စေ့သွားပြီ။ ဒီတော့ ငါတို့ ရှေ့ကိုတလှမ်းတိုးဖို့ ဒီအခန်းထဲမယ် ရှိကြတဲ့ ရဲဘော်အားလုံး ပါဝင်ဆင်နွှဲကြဖို့ပဲ။ ဒီလိုဆင်နွှဲကြတဲ့အခါမှာ အားလုံး သည်းခံတဲ့စိတ် ထားကြရမယ်။ ငါတို့ကို ပြည့်အစေခံများက ဘာပဲလုပ်လုပ် ပြန်ပြီးမလုပ်ရဘူး။ သည်းခံနေရမယ်။ ရဲဘော်တို့ သည်းခံနိုင်သလောက် ငါတို့ အောင်မြင်မှာပဲ။ သည်းမခံနိုင်ယင် ရှုံးမှာပဲ"

ထိုကဲ့သို့ ဩဝါဒစကားများ ပြောကြားပြီးနောက် ကျောင်းသားအားလုံးကို အောက်သို့ ဆင်းစေပါသည်။ သမဂ္ဂအဆောက်အအုံရှေ့တွင် ဘတ်စ်ကားတွေ စီတန်းလျက်ရှိသည်ကို တွေ့ရလေသည်။ ထိုကားများထဲသို့ ကိုယ့်အဖွဲ့နှင့်ကိုယ် တက်ကြလေသည်။





မကြာမီ ဘတ်စ်ကားတန်းကြီးသည် မြို့ထဲဆီသို့ မောင်းနှင်ထွက်ခွာလာလေသည်။ မြို့တွင်းသို့ ရောက်သောအခါ စီတန်းလမ်းလျှောက်ကြရလေသည်။ မည်သည့်နေရာကစ၍ လျှောက်ပြီးလျှင် မည်သည့်ဌာနတွင် အဆုံးသတ်သည်ကိုတော့ အသေအချာ မမှတ်မိတော့ပါ။ မြို့ထဲတနေရာတွင် ကျွန်တော်တို့အားလုံး ဘတ်စ်ကားများထဲမှ ဆင်းကာ နှစ်ယောက်စီ တွဲလျက် လမ်းမကြီးများပေါ်တွင် လမ်းလျှောက်ကြသည်။ လမ်းလျှောက်ယင်း ကြွေးကြော်သံ အမျိုးမျိုးကို ပွက်ပွက်ဆူကျက်ဟစ်ကြွေးကြကုန်သည်။

"ကျောင်းသားအရေး"

တယောက်တိုင်သည်။

"ချက်ချင်းပေး"

အားလုံးက ဝိုင်းဆိုသည်။

"တိုခေါင်းဆောင် တယောက်"

"အမြန်လွှတ်"

အများ။

"ပုဒ်ထီး ပုဒ်မ"

တယောက်။

"အလိုမရှိ"

အများ။

ကြွေးကြော်သံ စာတန်းများမှာလည်း ကျောင်းသားများအလယ်တွင် ရဲရဲနီလျက်ရှိ၏။ မြို့သူမြို့သားတို့သည် လမ်းလျှောက်ကြွေးကြော်နေသော ကျွန်တော်တို့တတွေကို ထိတ်ထိတ်



www.burmeseclassic.com

www.burmeseclassic.com



ပျာပျာနှင့် ထွက်ကြည့်ကြသည်။ ထိုစဉ်က မြို့ထဲတွင် စီတန်း လမ်းလျှောက်ခြင်း၊ အစည်းအဝေးပွဲ ကျင်းပခြင်းများကို ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၄၄ အရ ပိတ်ပင်တားဆီးထားသည် မဟုတ်ပါလား။ သည် ကြီးမားလှသော အမိန့်အာဏာကို ကျွန်တော်တို့တတွေ အတင်းအဓမ္မ ဖီဆန်တော်လှန်နေကြသည် မဟုတ်ပါလား။ သည်လိုဆိုလျှင် အင်္ဂလိပ်အစိုးရသည် သူ့အာဏာကို ဖီဆန်ရမည်လားဟု ဒေါသအမျက် ချောင်းချောင်း ထွက်ကာ နှိမ်နင်းလျှင် မခက်ပါလား။ ကျောင်းသားသူငယ်တွေ ဒုက္ခတွေ့ကုန်တော့မည်။ သည်လိုအတွေးနှင့် မြို့မိမြို့ဖများ သည် စိုးရိမ်မကင်း ဖြစ်နေကြခြင်း ဖြစ်လေသည်။ အချို့က လည်း "တယ်စွာဝဲ့ ကျောင်းသားတွေပဲ၊ အေးအေးနေတာ မဟုတ်ဘူး" ဟု တိုးတိုးပြောချင် ပြောနေမည်။

သို့သော် ကျွန်တော်တို့အဖို့ကား အော်၍ ကောင်းလှပါ သည်။ ဟစ်၍လည်း အရသာ ရှိလှပါသည်။ ဘာကိုမှလည်း တွေး၍မကြောက်ပါ။ စဉ်းစား၍လည်းမစိုးရိမ်ပါ။ အော်ယင်း ပျော်၍ ပျော်ယင်း အော်နေရပါတော့သည်။ ရန်ကုန်အနောက် ပိုင်းသို့ ရောက်သောအခါ မိုးဖွဲကလေးများ ကျလာသည်။ သည်တော့မှ ပို၍ပင် စိုစိုပြည်ပြည် ဖြစ်လာပါသည်။ တကိုယ် လုံး ရွှဲရွှဲစိုနေသည့် အထဲကပင် အအော်မရပ်။ အချို့ သွားရဖန် များ၍ ဖိနပ်ပေါက်ကုန်သည်။ ထို့ကြောင့် ဖိနပ်များကို လက်မှာ ကိုင်လာကြသည်။ အချို့ကလည်း စီးလာသော ဖိနပ်က သဲကြိုးပြတ်၍ စွန့်ပစ်ထားကာ ခြေထောက်ချည်း လျှောက်လာ ရသည်။ အချို့လည်း ဝန်လေးလှသည့် ခုံဖိနပ်ကို စွန့်ပစ်ထားခဲ့ ရလေသည်။





သို့နှင့် ကျွန်တော်တို့သည် အော်ဟစ် ကြွေးကြော်ယင်း လျှောက်လာကြရာ ဗိုလ်တထောင်ပိုင်းသို့ပင် ရောက်လာကြ ပါပြီ။ ကျောင်းသားများအဖို့ ညောင်းရမှန်းလည်း မသိ။ ပင်ပန်းရမှန်းလည်း မသိ။ ယခု မိုးတိတ်သွားပါပြီ။ သို့သော် နေဝင်ဆည်းဆာအချိန်သို့ ရောက်နေပြီဖြစ်၍ နေရောင်ပျောက် ကွယ်စ ပြုနေပါပြီ။ လုံးလုံးကြီးလည်း မမှောင်သေးပါ။ ထို အချိန်တွင် ကျွန်တော်တို့ တတွေသည် ပန်းလျှနေပြီဖြစ်သော ခြေထောက်တို့ကို အနားပေးသောအားဖြင့် လမ်းလယ်ခေါင် တွင် စုဝေး၍ ထိုင်နေကြကုန်သည်။ လမ်းမကြီးတခုလုံး ကျွန် တော်တို့ တတွေနှင့် ပိတ်ဆို့ပြီးသား ဖြစ်နေပါပြီ။ ကျွန်တော် တို့လည်း ကတ္တရာစေး လမ်းမကြီးပေါ်တွင် ဖိနပ်ကိုခုကာ အားရပါးရကြီး ထိုင်ချလိုက်လေသည်။ ယာဉ်များလည်း ကျွန်တော်တို့ ပိတ်ဆို့နေသော လမ်းများမှ မသွားနိုင်ပဲ အခြား ဘက်မှကွေ့၍ သွားကြရလေသည်။

ကောမျှ ကြာသောအခါ ကိုလှရွှေသည် လုံးချည်တိုတို၊ ပင်နီ အင်္ကျီခပ်ဖားဖား၊ မျက်မှန်နှစ်ကွင်း တဝင်းဝင်းနှင့် ကျောင်း သားထုအလယ်မှ ပေါ်ထွက်လာလေသည်။ သူသည် လမ်း ဘေးရှိ အမှိုက်သရိုက်များထည့်သော သံပုံးကြီးပေါ်သို့ တက် လိုက်လေသည်။ သံပုံးကြီးသည် သူ့ခန္ဓာကိုယ်အောက်မှ တလှုပ် လှုပ်ဖြစ်နေသောကြောင့် ဘေးမှကျောင်းသားများက ထိန်း ပေးထားရလေသည်။ သူကတော့ ဘာမှမမှုသလို သံပုံထက်တွင် မတ်မတ်ရပ်ကာ ခက်ထန်သောလေသံဖြင့် စကားပြောပြန်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရဲဘော်တို့၊ ငါတို့ ဒီနေ့အောင်ပွဲရပြီ။ ဒီနေ့ သင်တို့ ငါတို့အဖို့ အောင်ပွဲရတယ်လို့ ဆိုရမယ်။ အစိုးရက ဖိနှိပ်ချုပ်ချယ်ပြီး ထုတ်ထားတဲ့ ဥပဒေကို ငါတို့ ဒီနေ့ ဖျက်ပစ်လိုက်ပြီ"

ကိုလှရွှေသည် ထိုကဲ့သို့ လက်သီးလက်မောင်းတန်းကာ မိန့်ကြားနေစဉ် အာအီး တီ ဗြိတိသျှကုမ္ပဏီ၏ အနီရောက်ဘတ်စ်ကားကြီးသည် ကျွန်တော်တို့ရှိရာသို့ ခပ်သွက်သွက် မောင်းနှင်လာပါတော့သည်။ လမ်းလယ်ကောင်တွင် ထိုင်နေသောကျောင်းသားတို့၏ မျက်လုံးများသည် ထိုကားကြီးဆီသို့ ရောက်သွားကြလေသည်။ ကားကြီးက တို့ကိုများ မရှောင်မတိမ်းပဲ တရကြမ်းနှင်းသွားတော့မှာလေလား။ သည်လိုပင် ကျွန်တော် တွေးမိပါသည်။ သို့သော် အနီးသို့ ရောက်သောအခါ အရှိန်သတ်လိုက်ပါသည်။ ကားအတွင်းသို့ လှမ်းကြည့်လိုက်ရာ ကာကီယူနီဖောင်းတွေနှင့် စစ်သားတွေကို တွေ့ရလေသည်။ ဘာလူမျိုးတွေမှန်းတော့ မသိရပါ။ ခပ်လှမ်းလှမ်းမို့ မသဲမကွဲဖြစ်နေပါသည်။ ရိုင်ဖယ် သေနတ် ပြောင်းဝကြီးများကို အပေါက်မှ အပြင်သို့ ထုတ်ထား ကြလေသည်။ ထိုနေရာသို့ ရောက်သောအခါ ရပ်လိုက်လေသည်။ ကားပေါ်မှ စစ်သားတွေ အောက်ကို ဆင်းပြီး ငါတို့တတွေကို ဖမ်းဆီး ခေါ်သွားမှာလေလား။ သည်လိုလဲ မဖြစ်နိုင်ပါ။ ငါတို့က အများကြီး၊ သူတို့ကသုံးဆယ်လောက်သာ ရှိသည်။ သည်လို မဟုတ်လျှင်လည်း သေနတ်နှင့်များငါတို့တတွေကို ပစ်ခတ်ပြီး လူစုခွဲမှာ လေလား။ ကျွန်တော်သည် ဤကဲ့သို့ သို့လော သို့လော တွေးတောနေမိပါသည်။ ကိုလှရွှေ စကားပြောမရပ်၊ စစ်သားတင်ကားရောက်လာမှပင်ပို၍ ခက်ထန်





လာပါသေးသည်။ အချို့သော ကျောင်းသား ရဲဘော်များ မသိမသာ ဣန္ဒြေ ပျက်သည်ကိုလည်း သူ ရိပ်မိဟန် တူပါသည်။

"ရဲဘော်တို့၊ ငါတို့ကို ဘယ်သူမှမထိရဲဘူးမှတ်ပါ။ ကျောင်းသား ထိယင် မီးပွင့်သွားမယ်ဆိုတာ ပြည့်အစေခံတွေသိတယ်"

သူပြောသည့်အတိုင်းပင် စစ်ကားကြီးလည်း ခဏမျှ ရပ်ပြီးလျှင် တဘက်သို့ ကွေ့ကာ မောင်းထွက်သွားလေသည်။ သည်တော့မှ ကျောင်းသားတွေ အားလုံးက လက်ခုပ် တီးပေးလိုက်ကြလေသည်။

ကျောင်းသို့ ပြန်ရောက်သောအခါမှပင် သည်အာဏာဖီဆန်ပွဲတွင် ဝင်နွှဲရသော ကျွန်တော့်အဖို့ အတော်ကြည်နူးမိပါတော့သည်။

(၃)

အရေးဆိုပွဲများကို ခဏခဏ ကျင်းပကြရသည်။ ကျွန်တော်တို့၏ ဒုတိယဥက္ကဋ္ဌကိုလှရွှေမှာလည်း ကျောင်းသားထုကြီးတရပ်လုံးကို ခေါင်းဆောင်ကာ တိုက်ပွဲ အထွေထွေကို ဆင်နွှဲလျက်ရှိလေသည်။ အစိုးရသည်လည်း ဖိနှိပ် ချုပ်ချယ်သည့် ဥပဒေများကို အမြိုးမြိုး အနယ်နယ်တွင် ထုတ်ဆင့်လျက် ရှိလေသည်။

ကျွန်တော်တို့ သမဂ္ဂမှ ကိုချစ်လှိုင်နှင့် ကိုလှမြတ်စိုး တို့ကို ရေနံမြေသို့ ထပ်၍ လွှတ်လိုက်ပြန်သည်။ သူတို့လည်း ရေနံမြေ တဝိုက်သို့ ရောက်၍ ဘာတခုမှ မဆောင်ရွက်ရသေးမီ ဖမ်းဆီးခြင်း ခံကြရပြန်လေ၏။ သို့နှင့် ကျောင်းသားတို့ အရေးသည် ရေနံမြေ အလုပ်သမားများ အရေးနှင့် ဆက်စပ်ကာ အရေးကြီးသည်ထက် ကြီးလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တနေ့သ၌ ကျောင်းသားများ၏ အစည်းအဝေးပွဲတရပ်ကို ရွှေတိဂုံဘုရား ရင်ပြင်တော်၌ ကျင်းပလေသည်။ ညနေစောင်း အချိန်ဖြစ်၍ သစ်ပင်ကြီးများနှင့် အဆောက်အအုံကြီးများ၏ အရိပ်များသည် အရှေ့ဘက်သို့ ထိုးထွက်နေပါသည်။ အစည်းအဝေးကျင်းပသည့်နေရာကားရင်ပြင်တော်၏ အနောက်မြောက်ထောင့်ရှိ ဇရပ်တခု၏ မျက်နှာစာ ရှေ့တွင် ဖြစ်သည်။ နေရိပ်နေပြီ ဖြစ်သော်လည်း ခင်းထားသည့် ကျောက်ပြားကြီးများသည် တနေ့လုံးပူထားသည့်နေပူရှိန်ဒဏ်ကြောင့် ပူနွေးလျက်ပင် ရှိပါသေးသည်။ သည်နေရာ တဝိုက်တွင် ကျွန်တော်တို့ တတွေ ဖိနပ်များခုကာ ဝိုင်း၍ ထိုင်ကြသည်။ ထိုအစည်းအဝေးတွင်လည်း ကိုလှရွှေပင် သဘာပတိ အဖြစ် ဆောင်ရွက် ပါသည်။ ထိုအစည်းအဝေးမှနေ၍ အစိုးရကို အရေး ဆိုကြပြန်သည်။ ရန်ကုန်ကျောင်းသားများကလည်း ထိုအစည်းအဝေးတွင် ထ၍ စကားပြောကြသည်၊ အဆိုတင်သွင်းကြသည်။ ထောက်ခံကြသည်။

ဖိနှိပ်ချုပ်ချယ်မှုဥပဒေများကို အမြန်ရုပ်သိမ်းရန်၊ ကျောင်းသား ခေါင်းဆောင်များကို အမြန်လွှတ်ရန်။

ယခုတောင်းဆိုချက်များကို အမြန်ဆုံး လိုက်လျောရန်အ ရှိသည့် ဆုံးဖြတ်ချက်များကို ချမှတ်ကြလေသည်။

"အစိုးရဟာ ကျွန်တော်တို့တတွေကို ဖိနှိပ်ချုပ်ချယ်နေပြီလို့ အဆိုတင်သွင်းပါတယ်။ ရွှေတိဂုံ ဘုရားမယ် အရိုးတောင်လို့ လိမ့်မတဲ့။ အဲဒီ့အရိုးတောင်လို ပုံမယ်ဆိုယင် ကျွန်တော်တို့အရိုး တောင်လိုပုံမယ်ဆိုယင် ကျွန်တော်တို့ အရိုးဟာ အောက်ဆုံးက





ရောက်နေပါစေ၊ မလျှော့တမ်း ကျွန်တော်တို့ အရေးဆိုကြရမယ်၊ တိုက်ကြရမယ်"

ဤကဲ့သို့ ဒေါမာန်ပါပါနှင့် လက်ညှိုးကို ထောင် ကာ ထောင်ကာ ဟောပြောသံများကို ကြားရလေသည်။ အစိုးရ စုံထောက်များလည်း အရပ်ဝတ် အရပ်စားနှင့် အနီးအနား တဝိုက်တွင် ယောင်ပေ ယောင်ပေ လုပ်နေသည်ကို တွေ့ရသည်။ ထိုနေ့က ထူးထူး ဆန်းဆန်း ထိုစဉ်က ဒေါက်တာ ဘမော် အစိုးရတွင် ဝန်ကြီး တဦးဖြစ်သူ ဦးထွန်းအောင်ကျော် ကိုပင် ရခိုင်လုံချည်ကြီး ဝတ်ဆင်လျက် အနီးအနား တဝိုက်တွင် လမ်း သလားနေသည်ကို တွေ့ရသေးသည်။ အတော်ကလေးကြာမှ ထိုနေရာမှ ထွက်ခွာသွားလေသည်။

"တောင်းဆို ချက်များကို ကန့်သတ်ထားတဲ့ ရက်အတွင်း မလိုက်လျောပါက နောက်ထပ်ရှေ့ခြေတလှမ်းတိုးမည်"

ထိုအစည်းအဝေးကြီးကို နောက်ဆုံး ဤသို့ ဆုံးဖြတ်ချက်ချ လိုက်လေသည်။

အစိုးရကလည်း ဘယ်နည်းနှင့်မျှ ကျွန်တော်တို့ တောင်းဆို ချက်များကို လိုက်လျောမည်မထင်၊ သည်လိုဆိုလျှင် ကျွန်တော် တို့လည်း ရှေ့သို့ တလှမ်းတိုး ခြေကြက်ရပေမည်။ ထိုတိုး၍ လှမ်း မည့် ခြေလှမ်းသည်မည်ကဲ့သို့သောခြေလှမ်းမျိုးနည်း၊သည်လိုပင် တထင့်ထင့် တွေးတောနေမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# *ဗမာ့သွေးရောင်

## (၁)

၁၉၃၈-ခုနှစ်၊ ဒီဇင်ဘာလ ၂၀-ရက်နေ့။

နံနက်စောစောအချိန်ဖြစ်လေသည်။ တက္ကသိုလ်နယ်အတွင်းရှိ အဆောက်အအုံ ကြီးငယ်များသို့ ငွေနှင်းမှုန်မှုန်တို့ဖြင့် လွှမ်းခြုံထားလေသည်။ သို့သော် ထိုမြူနှင်းတို့အကြားဝယ် လှုပ်ရှားနေသော ကျောင်းသားများကို မထင်မရှား တွေ့ရလေသည်။ သူတို့သည် အစုလိုက် အတွဲလိုက် သမဂ္ဂ အဆောက်အအုံရှိရာသို့ ချီတက်သွားနေကြသည်။

''ငါတို့ တောင်းဆိုချက်ကို မလိုက်လျှောယင် ရှေ့တလှမ်းတိုးမယ်''

*မြဝတီ။ ဇန်နဝါရီ၊ ၁၉၅၁။





ကျွန်တော်တို့ခေါင်းဆောင် ကိုလှရွှေသည် ဤသို့ကြိမ်းဝါးထားသည်။ ယခု အစိုးရက ကျွန်တော်တို့ တောင်းဆိုချက် ကို မလိုက်လျှောသည့် အတွက် ထိုကြိမ်းဝါးသံ အတိုင်း ရှေ့သို့ တလှမ်းတိုးကြတော့မည်။

ကျွန်တော်တို့ တောင်းဆိုထားသော အချက်များတွင် ရေနံမြေသို့ဖမ်းဆီးခြင်းခံနေကြရသောကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုဗဟိန်းနှင့် အတွင်းရေးမှူး ကိုဗဆွေ တို့ကို ချက်ချင်းလွှတ်ပေးရန်ဟူသော အချက်တခု ပါဝင်လေသည်။ ကျွန်တော်တို့သည် တဆစ်ပြီး တထစ် အချိန် ကန့်သတ်ကာ တောင်းဆိုခဲ့ကြသည်။ အစိုးရကလည်း လုံးလုံး မလိုက်လျှော။ ထို့ကြောင့် ကျွန်တော်တို့သည် တဆင့်ပြီးတဆင့် တက်ကြသည်။ ယခုလည်း တက်မှုပေဦးမည်။ ဘယ်လိုလှမ်း၍ ဘယ်လို တက်ရကြမည်ကိုကား ကျောင်းသားတိုင်းမသိ။ ကျောင်းသားထုကြီး တရပ်လုံးကား သမဂ္ဂကသာ ခေါင်းဆောင်ခဲ့လျှင် မည်သည့်ခြေလှမ်းပဲဖြစ်ဖြစ် နောက်မှ ကောက်ကောက် ပါအောင်လိုက်၍ လှမ်းကြမည်ဖြစ်လေသည်။

သမဂ္ဂအဆောက်အအုံရှေ့တွင် မော်တော် ဘတ်စကားကြီးများ စီတန်းရပ်ထားသည်ကိုတွေ့ရသည်။ ကျောင်းသူကျောင်းသားတွေ အစုံအညီရောက်ရှိကြလျှင် ဘတ်စကားများ ပေါ်သို့ တက်ကြလေသည်။ မကြာခင် မြို့ထဲသို့ မောင်းနှင်လာကြလေသည်။ အချို့ ကုတ်ကိုင်းလမ်းမှ မောင်းသည်။ အချို့ပြည်လမ်းဘက်မှ ကွေ့မောင်းသည်။ အနီးအနား တဝိုက်တွင် ယောင်လည်လည် လုပ်နေကြသည့် စုံထောက်များသည် ယောင်ချာချာ ဖြစ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

(၂)

နှင်းတွေမှုန်နေတုန်းပင် ရှိသေးသည်။

တက္ကသိုလ်နယ်မြေမှ ချီတက်လာကြသော ဘတ်စကားများသည် စပတ်လမ်း ရန်ကုန်ဂေဇက် သထင်းစာ တိုက်ရှေ့တွင် ရပ်ကြသည်။ ထိုနေရာတွင် ရောက်ရှိနေပြီ ဖြစ်သော ရန်ကုန်မြို့တွင်းရှိအထက်တန်း ကျောင်းသူကျောင်းသား တွေနှင့်ပေါင်းမိကြလေ၏။ ကျွန်တော်တို့ တတွေသည် ထိုနေရာတွင် စီတန်းရပ်နေကြသည်။ ကျောင်းသားခေါင်းဆောင် များက စည်းကမ်းသေဝပ်စွာ ရှိကြရန်နှင့် မည်သူက မည်ကဲ့သို့ပင်ပြုပြု ပြန်လှန်ရန်မူခြင်း မပြုရန် ထပ်ဘလဲလဲ ပြောဆိုပြန်သည်။ ပြီးသော် ကျောင်းသူ ကျောင်းသားတို့သည် စီတန်းလျက် အတွင်းဝန်ရုံးကြီးရှိရာသို့ ချီတက် သွားကြလေသည်။ ခ ဏ ကြာ သော် အတွင်းဝန်ရုံးကြီး၏ လေးဘက် လေးတန်ရှိ အပေါက်ကြီးငယ်တို့တွင် ကျောင်းသူ ကျောင်းသားတွေနှင့် ပိတ်ပြီး ဆို့ပြီး သားဖြစ်သွားလေ၏။

ယခုမှပင် အစိုးရလည်း ကျောင်းသားတွေ လှုမ်း သည့် ခြေလှမ်းကို သိတော့သည်။ သိလျှင် မျက်လုံး မျက်ဆံ ပြူးကြကုန်၏။ အဘွင်းဝန်များရုံးသည် မြန်မာပြည် အုပ်ချုပ်ရေး၏ အချက် အချာ ဖြစ်သည်။ အုပ်ချုပ်ရေးစက်ယန္တရားကြီးကို လည်စေသည့် ဗဟိုမဏ္ဍိုင်ကြီးလည်းဖြစ်၏။ ဤကဲ့သို့ အဝင်ဝ အသီးသီးကို ပိတ်ဆို့တားခြင်းအားဖြင့် ထိုစက်ယန္တရားကြီးကို နေ့စဉ်နှင့်အမျှ လည့်လည်နေကြသော အရာရှိကြီး ငယ်တို့သည် သူတို့၏ဝတ္တရားကိုသူတို့မဆောင်ရွက်နိုင်ပဲဖြစ်သွားကြလေသည်။





ထို့ကြောင့် အုပ်ချုပ်ရေး စက်ယန္တရား၏ မဏ္ဍိုင်သည် ကျောင်းသူ ကျောင်းသားတွေ၏ လက်ချက်ကြောင့်ရပ်နေသည် မည်၏။

အပေါက်ဝတိုင်းတွင် ကျောင်းသားတွေ ကျောင်းသူတွေ အထပ်ထပ် ဝိုင်းရံပိတ်ထားပြီးဖြစ်လေသည်။ သံတံခါးကြီးများကိုလည်း ပိတ်ထားလျက်ရှိသည်။ ဖွင့်၍လည်း ဝင် နိုင် မည် မဟုတ်။ ကျောင်းသူ ကျောင်းသားတွေကို နင်းကျော်သွားမှသာ အတွင်းသို့ ရောက်နိုင်ပေမည်။ အချို့သောအပေါက်များတွင် ပုလိပ်တွေနှင့် ကျောင်းသားတွေ ထွေးလား လုံးလားဖြစ်နေကြသည်။ အချို့ရိုင်းသောပုလိပ်တို့သည် အတင်းကျော်နင်းသွားခြင်းအားဖြင့်အတွင်းဘက်သို့ ရောက်နေကြသည်။ သူတို့ကို ကျောင်းသားတွေက တထပ်ဝိုင်းရံထားပြီးဖြစ်နေသည်။ အချို့အပေါက်ဝများတွင်ကား ကျောင်းသားနှင့် ပုလိပ် တယောက်တပြန် အထပ်ထပ်ဝိုင်းရံထားသလို ဖြစ်နေကြသည်။ အချို့ပုလိပ်များလည်း ကျောင်းသားတွေနှင့်ပင် ရယ်စရာမောစရာပြောနေကြသည်။ အချို့သောပုလိပ်များကား မျက်နှာထား တင်းတင်းနှင့် ကျွန်တော်တို့တတွေကို စားတော့မလို ဝါးတော့မလိုကြည့်ကြသည်။

ကျွန်တော့်အဖို့ကား ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း)ဘက် အရှေ့ဘက် အပေါက်ဝတွင် တာဝန်ကျပါသည်။ ကျွန်တော်တို့ တတွေမှာ ပျော်ပွဲစားထွက်သလို ပျော်နေသည်။ တွေး၍စိုးရိမ်ပူပန်ခြင်းလည်းမရှိ။ အချင်းချင်း ထွေရာလေးပါး စကားပြောယင်း တာဝန်ကျသည့် အပေါက်ကိုသာ လုံအောင် ပိတ်ဆို့နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အတန်ကြာသော် နှင်းတွေကွဲသွားပြီး နေရောင်ခြည်ထွက်ပြူလာလေသည်။ အမအားခေတ်မှသည် အနွေးခေတ်သို့ကူးပြောင်းလာသည်။ ကျောင်းသားတို့၏ စိတ်သည်လည်း ပို၍ ကြည်လင်လာလေ၏။ နေလည်းပူလာပြီး ဦးထုပ်များကိုဆောင်း၍နေရောင်ကို ကာကွယ်ကြသည်။ အချို့လည်း ဦးခေါင်းကို လက်ကိုင်ပုဝါစည်းထားကြရသည်။ သည်အထဲက နေရောင်သည် ပြင်းသည်ထက် ပြင်းလာသောအခါ မခံမရပ်နိုင်ဖြစ်လာကြသည်။ ထိုနေရာတွင် အရိပ်အာဝါသဟူ၍ လုံးလုံးမရှိ။ လှင်တီးခေါင်တွင်နေ၏ အရောင်သည် လှတ်လှတ်ကျွတ်ကျွတ်ကြီး ကျွန်တော်တို့ကိုယ်ပေါ်သို့ ထိုးလျက်ရှိသည်။

ကျွန်တော်တို့တတွေ၏ အသားတို့သည် ပူစပ်ပူလောင်ဖြစ်လာကြသည်။ ချွေးတဒီးဒီးယိုစီးကုန်သည်။ တယောက်ကို တယောက်ကွယ်၍ ရဘတ်သမျှသော အရိပ်ကို လုကြသည်။ သို့သော် မလုံမလောက်သောကြောင့် တလှုပ်လှုပ်ဖြစ်လာကြကုန်သည်။ အချို့လည်း ပင်ပန်းနွမ်းနယ်၍ မြေပြင်ပေါ်တွင် လှဲအိပ်ကြကုန်သည်။ သို့သော် ဘာပဲဖြစ်ဖြစ် ဝတ္တရားကျသော နေရာကမူ ထွက်မသွား။ နေပူကျဲကျဲကြီးထဲတွင် ဗွဲဗွဲမြဲမြဲကြီးပင် ကျရောက်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြသည်။

အနီးအနားမှ အရပ်သူအရပ်သားများမှာ ကျွန်တော်တို့ဖြစ်အင်ကို ကြည့်မနေနိုင်တော့ပြီ။ အဝတ်ကြီးများကို ယူလာပြီးလျှင် တုတ်ထောက်၍တမျိုး၊ ကြိုးတန်း၍တသွယ် နေရောင်ကို ကာကွယ်ပေးကြလေသည်။ သည်တော့မှပင် ကျွန်တော်တို့တတွေ နေသာထိုင်သာ ရှိသွားလေတော့သည်။

နေသည် တဖြည်းဖြည်း မြင့်လာလေသည်။ ရုံးတက်ချိန်နီးလာလျှင် အတွင်းဝန်ရုံးမှ အရာရှိကြီးငယ် စာရေးစာချီတို့သည် တသုတ်ပြီး တသုတ် ရောက်လာကြကုန်သည်။ သူ တို့သည်း ကျောင်းသူ ကျောင်းသားတွေ ပိတ်ဆို့ထားမှုကြောင့် အတွင်းသို့ မဝင်နိုင်။ အနီးအနားတဝိုက်တွင် ရစ်ဝဲ ရစ်ဝဲ လုပ်နေကြသည်။

စပတ်လမ်း(ယခု ဗိုလ်အောင်ကျော်လမ်း) ဘက်တွင် ပုလိပ်နှင့် ကျောင်းသား ခပ်ကြမ်းကြမ်းကလေး ဓတ္တနေကြသည်ဟု ကျွန်တော်တို့ဘက်သို့ သတင်းရောက်လာသည်။ ပိတ် ဆို့ နေသောကျောင်းသားများကို ပုလိပ်က အတင်းဆွဲ၍ဖယ်ပစ်သည်။ ကျောင်းသားတွေကလည်း မိမိနေရာမှ မခွာ။ အတင်းပေကာကပ်ကာတွယ်လျက်ရှိကြသည်။ ပုဂံကျောင်းဆောင်မှ ကိုကြည်မောင် တယောက် ပုလိပ်ကအရမ်းကာရော ဆွဲမှုကြောင့် အင်္ကျီတွေစုတ်ပြတ်ကုန်တော့သည်။

နေပူ၍ သွေးဆူနေရသည့်အထဲ သည်အကြောင်း တွေကိုကြားရပြန်သောအခါ ကျွန်တော်တို့သွေးများသည် ပွက်ပွက်ထလာလေသည်။ အချိန် အတော်လင့်သွားပြီ ဖြစ်သောကြောင့် ဝမ်းတွင်းမှ အူသိမ်တို့သည် တကြုတ်ကြုတ် မြည်လာကြကုန်သည်။ သည်အချိန်တွင် ကုသိုလ်ရှင်တွေ ရောက်လာကြကုန်၏။ လူသူအဖွဲ့အစည်းများမှ စားဖွယ်သောက်ဖွယ်တို့လာပို့ကြသည်။ ပေါင်မုန့်၊ ငါးသေတ္တာ၊ ရေခဲရေ၊ လိမ္မော်သီး အစရှိသည်များကို ဝိုင်လှိုင်ကြီး စားကြ သောက်ကြကုန်၏။ အူမ တောင့်သောအခါ အားသစ်အင်သစ်များ ပြည့်လာသည်။ စိတ်ရောကိုယ်ပါ တောင့်တင်းလာကုန်၏။







www.burmeseclassic.com

www.burmeseclassic.com



မွန်းတိမ်းပြီ။

အနီးအနားတဝိုက်တွင် ယောင်လည်လည် လုပ်နေသော စာရေးစာချီများလည်း အိမ်သို့ပြန်ကုန်ကြပြီ။ သည်အချိန်တွင် ကျွန်ုပ်တို့သည်။ "အောင်ပြီ" ဟူသော ကြွေးကြော်ချက်ဖြင့် တပ်ခေါက်ပြန်ရန်သာ ရှိတော့သည်။

အစီအစဉ်အတိုင်း နေရာမှထက အတွင်းဝန်ရုံး ဝင်းကြီးကို ဂျူဒါဒီစကယ်လမ်း (ယခု သိမ်ဖြူလမ်း)ဘက်မှ လှည့်လာကြသည်။ ထို့နောက် ဖရေဇာလမ်း (ယခု အနော်ရထာလမ်း) မှ အနောက်သို့ ချိုးဝင်လာကြသည်။ ကျောင်းသားထုကြီးကား ကြီးမားလှသည်။ ကြွေးကြော်သံတွေနှင့် ဆူညံလျက်ရှိသည်။ ထိုဒေသတဝိုက်လုံး ရှုတ်ရှက်သဲသဲ ဖြစ်နေတော့သည်။ ကျွန်ုပ်တို့ လူသိုက် စိန်ပေါလ် ကျောင်းသို့ ရောက်သော် စပတ်လမ်းကွေ့ဆီမှ ရုန်းရင်းဆန်ခတ် ဖြစ်နေသည်ကို သတိပြုမိသည်။ သို့သော် သတိလည်းမထား၊ ဂရုလည်းမမူ ဟစ်ကြွေးအော်ဟစ်ယင်းသော ရှေ့သို့ တလှမ်းပြီး တလှမ်း ချီတက်သွားကြသည်။ ရှေ့သို့ တိုး၍တိုး၍သွားလျှင် မြင်းစီး ပုလိပ်များကို တွေ့မြင်ရသည်။ သူတို့လက်ထဲတွင် တုတ်တိုများကို ကိုင်စွဲလျက်ရှိသည်။ ကုလားပုလိပ်များ လက်တွင်လည်း ထိုကဲ့သို့သော တုတ်တိုများကိုတွေ့မြင်ရလေသည်။ မြင်းပေါ်မှ ပုလိပ်များမှာ အများအားဖြင့် မျက်နှာဖြူ ဂေါ်ရာများ ဖြစ်ကြသည်။ ကျွန်ုပ်တော်တို့လည်း စပတ်လမ်းအနီးသို့ ရောက်လာကြပါပြီ။ ထိုအချိန်တွင် ပြေးသူပြေး လွှားသူလွှားနှင့် ရှုတ်ရှက်ခတ်ဖြစ်သွားလေသည်။ အော်သံလိုလို ညည်းသံလိုလို အသံများလည်း စပတ်လမ်းဆီမှ ထွက်ပေါ်လာသည်၊ ကျွန်တော်တို့လည်း စပတ်





လမ်း အကွေ့သို့ ရောက်လာကြပါပြီ။ သည်တော့မှပင် ထိုလမ်းပေါ်၌ ဖြစ်ပျက်နေပုံကို အထင်းသား တွေ့မြင်ရတော့သည်။

ငယ်ရွယ်သူ ကျောင်းသူ ကျောင်းသားများအား မြင်းစီးပုလိပ်နှင့် ခြေလျင် ပုလိပ်တို့သည် သူတို့ လက်ထဲတွင် ကိုင်စွဲထားသော တုတ်တို့ဖြင့် ရိုက်နှက် နေကြကုန်သည်။ သူတို့သည် နေရာမရွေး အရမ်းရိုက်ကြသည်။ အချို့ ဦးခေါင်းကိုထိ၍ သွေးစိမ်းရှင်ရှင် ထွက်ကာ လမ်းပေါ်တွင် လဲကျသွားကြကုန်သည်။ အချို့ ပုလိပ်များက လဲနေသူကိုပင် ထပ်၍ ရိုက်နေသေးသည်။ အချို့လည်းသွေးရဲရဲ သံရဲရဲနှင့်ပင် နေရာမှထကာလက်သီး လက်မောင်းတန်း၍ ဟစ်ကြွေးလျက် ရှိသည်။ သည်လို ဟစ်ကြွေးနေရာက ပုလိပ်၏ တုတ်ချက်သည် သူ့ ခေါင်းပေါ်သို့ကျလာလျှင် ခွေလဲသွားပြန်သည်။ မြင်ရသူတို့အဖို့မှာမူ တော့ပြီ။ ကျွန်တော်တို့သည် ရှေ့သို့ တိုး၍တိုး၍ သွား၏။ သည်အတောအတွင်း ရိုက်သံ နှက်သံ၊ ဆူသံ ပူသံ၊ ဟစ်ကြွေးသံ၊ လဲကျသံတို့ဖြင့် တလမ်းလုံး ဆူညံလျက် ရှိကြကုန်သည်။ မည်းမှောင်နေသော ကတ္တရာစေး လမ်းမကြီးသည် ကျောင်းသူ ကျောင်းသားတို့၏ နီရဲသော သွေးတို့ဖြင့် ရွှဲရွှဲစိုနေသည်။

ထိုအချိန်တွင် မြင်းတစီးသည် ကျွန်တော်တို့ဆီသို့ ဦးတည်လျက် လာနေသည်။ မြင်းပေါ်က ဂေါ်ရာပုလိပ် ကိုင်ဆောင်ထားသော တုတ်ချောင်းသည် မည်သူ၏ ဦးခေါင်းကို ရိုက်ခွဲဦးမည်နည်း။ မြင်၊ဆည် ကျွန်တော်တို့ လူအုပ်ဆီသို့ တိုးဝင်လိုက်သည်။ လူအုပ်သည် နှစ်စုကွဲသွားသည်။ ကျွန်တော်က ပုလိပ်၏ ဘက်တွင်ကျသည်။ ယာဘက်တွင် ရှိသော ကျောင်းသားတို့၏ ဦးခေါင်းပေါ်သို့ ပုလိပ်၏ တုတ်သည် ထခွပ်ခွပ်နှင့် ကျဆင်း



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ကျွန်တော်၏ မျက်စိရှေ့မှာပင် လမ်းပေါ်တွင် အတုံးအရုံးလဲကျကုန်သည်။ ဝဲဘက်မှလူများ အဖို့ကား တုတ်၏ ဒဏ်ချက်မှ ကင်းလွတ်ပါ၏။ သို့သော် မြင်းသည် ထိုလူထုကို နောက်ပြန်ဆုတ်ကာနင်းလျက်ရှိသည်၊ အချို့လဲ၍မြင်းနင်းခံကြရသည်။ ကျွန်တော်လည်း လဲကျသွားမည်ဖြစ်ပြီးမှ သတိထား၍ ဟန်ကာ အလိုက်သင့် နောက်ဆုတ်ပေးလိုက်ရာသူရိယသတင်းစာ တိုက် ထောင့်သို့ ရောက်သွားလေသည်။ ဦးခေါင်းလည်းမူးမူး ဝေလျက်ရှိသည်။ သတိထား၍ ရှေ့ကို ကြည့်လိုက်သော် လမ်း ပေါ်တွင် အတုံးအရုံးလဲနေကြသော ကျောင်းသူ ကျောင်း သားတွေကို တွေ့ရသည်။ ထိုကျောင်းသူ ကျောင်းသားများကို ကျောင်းသား များပင် ဖေးမ တွဲယူကာ သူရိယတိုက်ထဲသို့ သွင်းနေကြသည်။ ထိုခဏ၌ ဦးခေါင်းတွင် ဒဿအာသိမ်းလိမ်း ကပ်နေသော ကျောင်းသားတဦးကို သခင်လှဖေနှင့် ကျောင်း သားတဦးက ချီမလာသည်။ ကျွန်တော့်အနီးသို့ ရောက်သော အခါ သခင်လှဖေသည် ထိုကျောင်းသားအား ကျွန်တော့် လက်သို့ လွှဲခဲ့ပြီးလျှင် လဲကျနေသော ကျောင်းသားများဆီသို့ ပြန်သွားလေသည်။

ကျွန်တော်လည်း ထိုကျောင်းသားကို သခင်လှဖေ လက်မှ လှမ်းယူလိုက်သည်။ မျက်နှာတွင် သွေးတွေနှင့် ပေကျံနေသော ကြောင့် ရုတ်တရက် မည်သူမည်ဝါဟူ၍ မသိ။ ကျွန်တော်နှင့် မိတ်ဆွေ ကျောင်း သားသည် သူ့ကို ချီမကာ သူရိယ တိုက် ထဲသို့ သယ်ယူသွားကြသည်။ တိုက်ထဲတွင် သူ့ကို တနေရာ၌ ချထား၏။ အခန်းကြီးတခုလုံးသွေးသံရဲရဲဖြစ်နေသော ကျောင်း သား ကျောင်းသူတွေနှင့် ပြည့်နှက်လျက်ရှိသည်။ စာအုပ်များ





ထည့်ထားရာ ဗီရို ခပ်နိမ့်နိမ့်ကို ဦးခေါင်း ဆိုက်နေသူကား ကိုလှရွှေဖြစ်သည်။ ကျွန်တော်တို့ ယူဆောင်လာသော ကျောင်း သားကား ပါးစပ်မှ တစုံတခုကို တဖျစ်တောက် တောက် ရေရွတ်လျက်ရှိသည်။ သည်အချိန်ကျမှပင် သူ့ မျက်နှာကို ကျွန် တော် သေသေချာချာကြည့်မိတော့သည်။ အရပ်ခပ်ပုပု၊ ပင်နီ အပေါ် အင်္ကျီ၊ ခေါင်းတုံးဆံတောက်နှင့် ဖြစ်သည်။

"ဟင်....ကိုအောင်ကျော်ပါလား။ အတော် ထိသွားတယ် ထင်တယ်"

ကျောင်းသား တဦး အနီးရောက်လာ၍ ပြောလေသည်။ မှန်ပါသည်။ ကျွန်တော်တို့ပွေ့ချီလာခဲ့သူမှာ ယုဒသန်ကောလိပ်မှ ကိုအောင်ကျော်ပင် ဖြစ်ပါသည်။ ထိုအချိန်တွင် ဖိနပ်မပါပဲ မောကြီး ပန်းကြီးနှင့် လျှောက်လာသည့် ကိုအောင် (မောင် အာယု) ကိုလည်း တွေ့လိုက် ရသည်။ သူသည် အတော်ပင် တုန်လှုပ်ချောက်ချားလျက်ရှိသည်။

ကျွန်တော်တို့သည် ဒဏ်ရာရသူများကိုမော်တော်ဘတ်စ်ကား နှင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ကြရသည်။ ထိုမှတဆင့် အချို့ ကျောင်းသားများကို တက္ကသိုလ် ဆေးရုံသို့ပို့ကြရသည်။

ကျောင်းသို့ ညနေစောင်းမှ ပြန်ရောက်ကြသည်။ အိပ်ရာ ပေါ်တွင် လဲလျောင်းလျက် ဖြစ်ခဲ့သမျှကို ပြန်ပြောင်းစဉ်းစား ယင်း မခံချိ မခံသာ ဖြစ်နေလေသည်။

ထိုနေ့ တက္ကသိုလ် သမဂ္ဂအစည်းအဝေးတွင် ကျောင်းသား ခေါင်းဆောင် ကိုလှရွှေသည် တက္ကသိုလ်နှင့်တကွ မြန်မာပြည် တဝှမ်းလုံးရှိ ကျောင်းများကို သပိတ်မှောက်ကြောင်း ကြေငြာ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတို့ ဒေါသကား ထိန်းမနိုင် သိမ်းမရ ဖြစ်နေတုံးပင် ရှိသေးသည်။ ထို့ကြောင့် တက္ကသိုလ်နယ်မြေ တဝိုက်လုံးတွင် လှည့်လည်ကာ ဟစ်အော် ကြွေးကြော်ကြကုန်သည်။ လမ်းမောတ်မီးလုံးများကို ခွဲပစ်ကြကုန်သည်။ တက္ကသိုလ်နယ်မြေတခုလုံး မှောင်နှင့်မည်းမည်း။

ကျောင်းလည်းသပိတ် မှောက်လျက်ရှိပြီ။ ကျွန်တော့်အိမ်မှလည်း ပြန်ခေါ်သည်နှင့် မန္တလေးသို့ ပြန်လာခဲ့သည်။

အသေအချာတော့ မမှတ်မိ။ ဒီဇင်ဘာလ ၂၁- ရက်လား ၂၂-ရက်လား မသိ၊ မန္တလေးသို့ပြန်ရန် ရန်ကုန် ဘူတာကြီးသို့ ဆင်းလာခဲ့သည်။ ဘူတာထဲတွင်လည်း အိမ်ပြန်ကြမည့် ကျောင်းသူ ကျောင်းသားတွေနှင့် ပြည့်နှက်လျက် ရှိသည်။ ပြန်လိုသာ ပြန်လာရသည်။ ကျွန်တော့် စိတ်ထဲမှာတော့ တထင့်ထင့် ဖြစ်သည်၊ ရထားထွက်ခါနီး၌ တွဲပေါ်သို့ တက်တော့မည်ဆဲဆဲ ကျောင်းသားတယောက် ကျွန်တော်တို့ဆီသို့ ခပ်သုတ်သုတ်လာနေလေသည်။

''ကြွားကြွပလား'' ထိုကျောင်းသားက ကျွန်တော်တို့အနီးသို့ ရောက်သောအခါ တုန်ယင်သော အသံနှင့် မေးလေသည်။

''ဘာလဲ''

ကျွန်တော်တို့ တတွေကလည်း ထိတ်ထိတ် ပျာပျာနှင့် မေးသည်။

''ကိုအောင်ကျော်လေ''

''ဘာဖြစ်သလဲ''

''ဆုံးပြီး''





ကျွန်တော်တို့သည် မည်သို့မျှ ပြန်မပြောနိုင်ကြပဲ ငိုင်နေကြလေသည်။

မီးရထားသည် ရန်ကုန်မြို့နှင့် တဖြည်းဖြည်း ဝေးရှဲဝေးရှဲ သွားလေသည်။ ကျွန်တော်တို့စိတ်နှလုံးများကား ကြိမ်မီးအုံးသို့။

(၃)

မန္တလေးသို့ ရောက်ပြန်သော အခါ၌လည်း အေးအေးမနေနိုင်။ အမျိုးသားကျောင်းတွင် ဗဟိုပြုထားသော သပိတ်စခန်းသို့ ရောက်သွားပါတော့သည်။ အထက်မြန်မာပြည်မှ ကျောင်းသားတတွေမှာလည်း ကိုအောင်ကျော်သေဆုံးသည့်သတင်းကို ကြားရ၍ ယူကျုံးမရ ဖြစ်နေကြလေသည်။ မန္တလေးမြို့အိမ်တော်ရာ ဘုရားဝင်းရှိ ဆယ့်လေးခန်း ဇရပ်ကြီးထဲတွင် လူထု စည်းဝေးပွဲကြီးတရပ် ကျင်းပရာ ဇရပ်ကြီး တခုလုံး ရဟန်းရော လူပါ ပြည့်နှက်လျက်ရှိသည်။ နိုင်ငံရေးခေါင်းဆောင်၊ ကျောင်းသားခေါင်းဆောင်များ မိန့်ခွန်းအသီးသီး ပြောကြားပြီးနောက် ကျွန်တော်က ရန်ကုန်တွင် ဖြစ်ပျက်သမျှ အကြောင်းစုံကို ပြန်ပြောင်းအစီရင်ခံရသည်။

နေ့ရှိသရွေ့ အမျိုးသားကျောင်းသပိတ်စခန်းတွင်အချိန်ကုန်နေပါတော့သည်။ ထိုစဉ်က မန္တလေး ဥပစာ ကောလိပ်နှင့် အမျိုးသားကျောင်းမှ အရည်အခြင်းနှင့် ပြည့်စုံသော ကျောင်းသား ခေါင်းဆောင်တွေ အတော်များများ တွေ့ရှိရသည်။ အမျိုးသား ကျောင်းကမူ ကျောင်း ဆရာများ ကိုယ်တိုင်က တပည့်များကို ရှေ့ဆောင်လျက်ရှိလေသည်။ ရန်ကုန်တက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



သမဂ္ဂမှလည်း ကိုလှမောင် (ဗိုလ်ဇေယျ)ကို မန္တလေးသပိတ်ခန်းသို့ စေလွှတ် ထားသေးသည်။ မန္တလေး ရဟန်းပျို အဖွဲ့မှလည်း ထိုအရေးတော်ပုံတွင် ကျောင်းသားတွေနဲ့အတူ ပါဝင်ဆင်နွှဲလျက် ရှိလေသည်။

နေ့ ရက် တွေ ကို ကောင်း ကောင်း မမှတ်မိတော့ပါ။ ရာဇဝင်ကျော် ထိုးပုဒ်မ ၁၄၄ အရ မန္တလေးအရေးပိုင် ထုတ်ဆင့်ထားသည့်အမိန့်ကို ဖီဆန်ရန် လူထုကြီး တရပ်လုံးကို ချိန်းဆိုထားသည့်နေ့ဖြစ်သည်။

ရဟန်းတော်များ၊ ကျောင်းသူ ကျောင်းသားများ၊ လူထုအဖွဲ့အစည်းများ၊ နိုင်ငံရေး အသင်းအဖွဲ့များသည် မန္တလေးမြို့ အိမ်တော်ရာ ဘုရားဝင်းအတွင်းတွင် စုရုံးရောက်ရှိနေကြကုန်သည်။ အလွန် ကြီးမားသည့် လူထုပရိသတ်ကြီး ဖြစ်ပါသည်။ စင်စစ်အားဖြင့် ဘုရားဝင်းတခုလုံးမှာ ရဟန်းရှင်လူအပေါင်းနှင့် ကြိတ်ကြိတ်တိုးနေပါတော့သည်။ မန္တလေးတမြို့လုံးရှိ ရှင်ရှေလူပါ သည်ဘုရားဝင်းအတွင်းသို့ ရောက်ရှိနေကြပြီလောဟု ထင်မှတ်ရလောက်အောင် စည်ကားများပြားလှပါသည်။

ဆယ့်လေးခန်း ဇရပ်ကြီးထဲတွင် အစည်းအဝေးပွဲ ကျင်းပသည်။ ကျွန်တော်တို့တတွေမှာ မတိုးနိုင်၍ ဘာအသံမှ မကြားလိုက်ရ။ အစည်းအဝေးပွဲပြီးလျှင် စီတန်းလှည့်လည်ကြရန် ဘုရားမြောက်မုခ်မှ သူ့အဖွဲ့အစည်းနှင့်သူ ထွက်ကြရန် ဖြစ်လေသည်။ လူထုပရိသတ်ကြီးမှာ များပြားလွန်းအားကြီး၍ စည်းကမ်းတကျဖြစ်ရန် အတော် ခက်ခက်ခဲခဲ စီစဉ်ကြရသည်။ တဖွဲ့ပြီး တဖွဲ့၊ တသင်းပြီးတသင်း၊ တသုတ်ပြီးတသုတ် စည်းကမ်းသေဝပ်စွာ ထွက်ခွာလာကြသည်။ မြောက်မုခ်မှ ထွက်ကာ





ဆိုင်းတန်းဘက်မှ နာရီစင်အထိ ချီတက်လာကြပြီး အရှေ့သို့ ဆက်လက်ချီတက်ကြရန် ဖြစ်သည်။

ကြွေးကြော်သံများကို တခဲနက် ဟစ်ကြွေးကြကုန်သည်။ သံဃာတော်များသည် ရှေ့ဆုံးမှ လိုက်ပါကြကုန်သည်။ အလံများကိုလည်း ရဟန်းတော်များပင် ကိုင်ဆောင်လာကြကုန်၏။ တပ်ဦးသည် နာရီစင်သို့ ရောက်နေပြီ။ အိမ်တော်ရာ ဘုရားဝင်းထဲတွင် လူမကုန်သေး။ ကျွန်တော်တို့သည် သုံးယောက်တတွဲ ချီတက်နေကြခြင်း ဖြစ်သည်။ ကျွန်တော်တို့ ကျောင်းသားတွေ လိုက်ပါလာသော နေရာနှင့် တပ်ဦးဆိုလျှင် အတော်ကလေး လှမ်းသည်။ ကျွန်တော်တို့တတွေ နာရီစင်ကို ကျော်လာပါပြီ။ ဘုရားဝင်းအတွင်းမှ လူထုပရိသတ်ကားမကုန်သေး။ ကျွန်တော်တို့တတွေ ကာတစ်ဆေးတိုက်အနီးသို့ ရောက်ပါပြီ။ ဘုရားဝင်းအတွင်းမှ မထွက်ရသေးသောလူပေါင်း မြောက်မြားစွာ ကျန်ပါသေးသည်။

ကျွန်တော်တို့တတွေ ကာတစ်ဆေးတိုက်ရှေ့သို့ ရောက်သောအခါ ရှေ့သို့ မတိုးနိုင်တော့ပဲ တောင့်ခံနေလေသည်။ ပွဲဘင်ထပ်မျှ ဟစ်အော်နေကြသော ကြွေးကြော်သံများကြောင့် ဆူဆူညံလျက်ရှိသည်။ ရှေ့တွင် ဘာဖြစ်နေသည်ကိုလည်း ကျွန်တော်တို့ မသိ။

"မျက်ရည်ယိုဗုံးနဲ့ ပစ်တယ်ထင်တယ်" တယောက်သောသူက ပြောသည်။

"ဟုတ်တယ်၊ မျက်ရည်ယိုဗုံးနဲ့ ပစ်ပြီထင်တယ်" အခြားတယောက်က ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟစ်ကြွေးနေကြသော အသံတွေသာမက လက်ခုပ်တီးသံ၊ လေချွန်သံတွေ ပေါ်လာပြန်သည်။

မျက်ရည်ယိုဗုံးဆိုယင် လက်ကိုင်ပဝါ ရေဆွတ်ပြီး နှာခေါင်းပိတ်ထား" တယောက်သောသူက ဆိုပြန်သည်။ အနီးအနားမှ ရေအိုးတွေကို မ,ထုတ်လာသည်။ ကျွန်တော်တို့သည် ပါလာသော လက်ကိုင်ပဝါများကို အရေးရှိက နှာခေါင်းပိတ်ရန် ရေဆွတ်ထားကြလေသည်။

ခဏကြာသော် ရှေ့မှ လူသိုက်ကြီးသည် နောက်သို့ တုံ့ကာ ဆုတ်လိုက်သည်။ လမ်းဘေးဝဲယာတွင်လည်း အုလျားဖားလျား ပြေးကြ လွှားကြသည်ကို တွေ့လိုက်ရသည်။ ထိုအချိန်တွင် ကျွန်တော်တို့အနီးမှ အော်ဟစ်ကြွေးကြော်သံတို့သည် တခဲနက် ထွက်လာပြန်သည်။ လက်ခုပ်သံ၊ လေချွန်သံတွေတလည်း ဆူညံလျက် ရှိလေသည်။

ခဏမျှ ငြိမ်သလိုဖြစ်သွားပြီးလျှင် ရှေ့ပိုင်းမှ ရုန်းရင်းဆန်ခတ် ဖြစ်ပြန်သည်။ အုလျားဖားလျား ပြေးကြ လွှားကြသည်ကိုလည်း တွေ့ရပြန်သည်။ ရှေ့ပိုင်းတွင် တခုခု ဖြစ်နေပြီကိုတော့ ရိပ်မိသည်။ ဘာဖြစ်နေသည်ဟူ၍ကား သေသေချာချာ မသိ။ ပစ်သံ ခတ်သံများကိုလည်း မကြားရ။ စင်စစ်အားဖြင့် ပစ်သံ ခတ်သံတို့သည် ကြွေးကြော်သံ၊ လက်ခုပ်တီးသံ၊ လေချွန်သံတို့ အထဲတွင် နစ်မြုပ်နေသောကြောင့် ဖြစ်လေသည်။

"ဘာဖြစ်နေမှန်း မသိဘူး။ ကျွန်တော် ရှေ့သွားကြည့်လိုက်ဦးမယ်။ ခင်ဗျား ဒီနားနေရစ်ဦး" ကိုလှမောင်သည် ကျွန်တော့်အား နောက်ပိုင်းတွင် ထားခဲ့ပြီးလျှင် ရှေ့သို့ တက်သွားလေသည်။ သူ ရှေ့တက်သွား၍ မကြာမီပင် စစ်ခရာမှုတ်သံ ကြားရ



သည်။ တပ်ဦးသည် တဖြည်းဖြည်း ပြိုပျက်လာရာ ကျွန်တော်တို့ ကျောင်းသူ ကျောင်းသားများမှာ ရှေ့ပိုင်းနားသို့ ရောက်နေကြလေပြီ။ ထိုခဏ၌ တခဲနက်သော သေနတ်သံများကို ကြားလိုက်ရသည်။ ကျောင်းသားကျောင်းသူများ ရှေ့မှ တပ်ဦးသည်လုံးလုံးကြီး ပြိုကျသွားလေပြီ။ ကျွန်တော်ကိုယ်တိုင်လည်း ရုတ်တရက် မူးသလို မိုက်ခနဲ ဖြစ်သွားသည်။ ခဏချင်း ပြန်၍ သတိရသည်။ မျက်လုံးကို ဖွင့်လိုက်သည်နှင့် တပြိုင်နက် တသက်နှင့်တကိုယ် မမေ့နိုင်သည့် အဖြစ်အပျက်ကို မျက်ဝါးထင်ထင် တွေ့မြင်ရပါတော့သည်။

နေရောင်အောက်တွင် မဲမှောင်နေသည့် ကတ္တရာစေး လမ်းမကြီးပေါ်တွင် သွေးဘွေ့ အိုင်ထွန်းလျက် ရှိတော့သည်။ ထို လမ်းမကြီးပေါ်မှာပင် အတုံးအရုံး လဲကျနေသူများကိုလည်း တွေ့ရပါသည်။ ရဟန်းတော်များသည် ကေသီ ဖရိုဖရဲနှင့် သွေးအိုင်ထဲတွင် လဲလျက်ရှိသည်။ ကျောင်းသားနှင့် အရပ်သားများလည်း လမ်းမကြီးတခုလုံးပေါ်တွင် ဟိုတချို့ သည်တချို့ လဲကျလျက်ရှိသည်။ အချို့လည်း မိမိ သွေး အိုင် ထဲမှာပင် အသက်ကို စွန့်လွှတ်ပြီးကြပြီဖြစ်၍ မတုန်မလှုပ် ငြိမ်သက်လျက် ရှိကြသည်။ လဲကျနေသော ရဟန်းတော်တပါး ကိုင်ဆောင်ထားသည့် အလံကား ထောင်လျက်ပင် ရှိသေးသည်။ အချို့လည်း သွေးအလိမ်းလိမ်းကပ်သော ကိုယ်တို့ဖြင့် ပြင်းထန်သော ဝေဒနာကို ခံစားယင်း ညည်းညူနေကြကုန်သည်။ လူထုကြီးလည်း ထိုနေရာမှ နောက်သို့ ဆုတ်ခွာသွားကြရတော့၏။

"ကိုလှမောင်လဲ ထိသတဲ့" ကျောင်းနား ရောက်သော အခါ ထိုသတင်းကို ကြားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဝင်းအတွင်းသို့ ဝင်သွားမိလျှင် ငိုကြွေးနေကြသူများကို တွေ့ရပြန်သည်။

"သျှောင်ထုံးလေးနဲ့ မောင်တင်အောင်လဲထိတယ်"ဟူသော သတင်းကို ကြားရပြန်သည်။ ခဏကြာသော် ကိုလှမောင်ကို ခေါ်ဆောင်လာကြလေသည်။ သေနတ်ကျည်ဆန်သည် သူ့ပေါင်ကို ဖောက်ထွင်းသွားသည်ဟု ဆိုကြသည်။ သူ့တကိုယ်လုံးလည်း သွေးတွေနှင့် ပေကျံနေ၏။ မျက်နှာကတော့ သွေးရှိသလို ဝါနေသည်။ သူကား အပြုံးမပျက်။

မကြာခင် သူ့ကို တင်ဆောင်ရန်ဆေးရုံမှလူနာတင်ကားကြီး ရောက်လာလေသည်။ ကျွန်တော်တို့လည်း သူ့ကိုပို့ ယင်းထိုကားကြီးနှင့်ပင် ဆေးရုံသို့လိုက်သွားကြပါသည်။

ဆေးရုံတခုလုံး လူနာတွေနှင့် ပြည့်နှက် နေပါတော့သည်။ ရုတ်တရက် နေရာမပေးနိုင်သောကြောင့် ကြမ်းပြင်ပေါ်တွင် အဘုံးအရုံးဖြစ်နေကြသည်။ အချို့လည်း အသက်ကုန်လျက်ရှိကြပါပြီ။ အချို့လည်း အော်ဟစ်နေကြသေးသည်။ အချို့လည်း မျက်စိမှိတ်လျက်ညည်းညူ နေကြသည်။ အမျိုးသားကျောင်းမှ ဆယ့်နှစ်နှစ်အရွယ် မောင်တင်အောင်ကလေးကားဘာမှမသိရှာ တော့ပြီ။ ခန်းပြင်ရှိသံခုတင်တခုပေါ်တွင်အသက်ကုန်နေရှာပြီ။ ဝက်စလီယံကျောင်းမှ မောင်ဘဌေးကား ညည်းညူလျက်ရှိသည်။ သူ့ဗိုက်တွင်ကျည်သင့်ထားရာ အူတွေ အခွေလိုက် ထွက်လျက်ရှိသည်။

ကျွန်တော်အဖို့ စိတ်ကို အထိခိုက်ဆုံး ဖြစ်သည်။ သည်အထဲ မျက်နှာဖြူ ဆရာမကြီးတွေက ကျွန်တော်တို့တတွေကို မာန်လိုက် မဲလိုက်သေးသည်။





"မင်းတို့ ကိုယ့်ကိုယ်ကို သတ်သေချင်လို့ ဒီလိုလုပ်ကြတာလားဟင်၊ မင်းတို့ မသေတာ ကံကောင်းတယ် ဆိုရမလား၊ ကံဆိုးတယ်ဆိုရမလား။ မင်းတို့မိဘ်ဆွေတွေတော့ သေကုန်ပါပကောလား"ဟု မဲ့ကာရွဲ့ကာနှင့်လာပြောနေသည်။ ကျွန်တော်က ဘာမှ ပြန်မပြောပါ၊ ပြောလည်းမပြောချင်၊ ပြေး၍သာ လက်သီးနှင့် ထိုးချင်ပါသည်။

ဆေးရုံမှ အတော်ကြီးမိုးချုပ်မှ အိမ်သို့ ပြန်လာခဲ့ပါသည်။ စိတ်ရောကိုယ်ပါ အထူးပင် လေးလံ ထိုင်းမှိုင်းလျက် ရှိသည်။ ကျွန်တော် ဝတ်ဆင်ထားသည့် အဝတ်များတွင်လည်း သွေးတွေ အတော်များများ စွန်းနေပါသည်။ ထို့ကြောင့်အိမ်ဝင်းဝသို့ ဝင်မိလျှင် အပေါ်အင်္ကျီကိုချွတ်ကာ ပန်းချုံကြားတွင် ထိုးထားခဲ့ပါသည်။ လုံချည်ကိုလည်း သွေးများကို ဖုံးအုပ်ကာ လှည့်ပတ်ဝတ်ရသည်။ ပြီးမှ ဧည့်ခန်းရှိ အိမ်ထဲသို့ ဝင်လာခဲ့ရာ ကျွန်တော့်အစ်ကိုက ကရုဏာဒေါသသံနှင့် ဆီးကြို ကြိမ်းမောင်းလေသည်။

"ခွေးသား၊ မသေသေးပဲကိုး၊ ငါက သေနတ်မှန်ပြီးသေပါစေဆုတောင်းနေတာ"ဟူ၍ဖြစ်ပါသည်။

ကျဆုံးကုန်သော အာဇာနည် အပေါင်းတို့၏ရုပ်ကလာပ်များကို ခေါင်းသွင်းပြီးလျှင် အိမ်တော်ရာ ဘုရားဝင်း အတွင်းရှိ ဆယ့်လေးခန်းဇရပ်ကြီး အတွင်းဝယ် ခမ်းနားစွာ ပြင်ဆင်ထားလေသည်။ ထိုနေရာသို့မချိတင်ကဲ ဝမ်းနည်း ပက်လက် နှင့်လာရောက် အလေးပြုကြသူများကား နေ့စဉ်နှင့်အမျှ ကြိတ်ကြိတ်တိုးသော်ကားလျက်ရှိသည်၊ ဆေးရုံတွင်ဒဏ်ရာအပြင်းအထန်ရရှိ၍ဝေဒနာခံစား နေရသူ များလည်း တယောက်ပြီး တယောက်၊ တပါးပြီး တပါး ဆိုသလို ဇီဝိန်ချုပ်ကြကုန်သည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

မှတ်မိသလောက် မှာ ပထမနေ့က အူတွေ အခွေလိုက် ထွက်နေသော ဝက်ခလီယံ ကျောင်းမှ မောင်ဘဌေး သည် နောက်တနေ့တွင် ကွယ်လွန်သည်။ ကိုလှမောင် အခန်းတွင် အဘူကဲ့သနေကြသော မောင်ခင်မောင် ဆိုသူ သူငယ်လည်း လေးငါးရက်ကြာလျှင် ကွယ်လွန်သည်။ ရဟန်းတော် တပါး လည်း မကြာခင် ပျံလွန်တော်မူသည်။

နောက်ဆုံးတွင် ထိုအခန်းစောင် ကိုလှမောင် တဦးတည်းသာ ကျန်တော့၏။ ရဟန်းတော်တပါးမှာသင်္ဂြိုဟ်မည့်နေ့မှာပင်ပျံလွန် ၍ ကတိုက်ကရိုက်ပြင်ဆင်ကာ အခြားသော အာဇာနည်များနှင့် အတူ အမိလိုက်၍ သင်္ဂြိုဟ်ရသည်။ ထိုစဉ်က ဗြိတိသျှအစိုးရ လက်ချက်ဖြင့် ကျဆုံးသူ များကား ရဟန်းတော် ၇- ပါး၊ ကျောင်းသား ၄-ယောက်နှင့် အရပ်သား ၆-ဦး ပေါင်း ၁၇- ဦးဖြစ်ပါသတည်း။

မြန်မာ့အလံတော်သည် နီရဲသော အရောင်ဖြင့်ပြီး၏။

ထိုအလံတော်ကို မြင်တိုင်း လွန်ခဲ့သော ၁၄- နှစ်က ကျဆုံး ခဲ့ကြရရှာသော မြန်မာ့အာဇာနည်တို့၏ သွေးကွက် သွေးအိုင် တို့ကို မြင်ယောင်မိပါသတည်း။

## *အရေးတော်ပုံဂယက်

(၁)

၁၉၃၀-ခုနှစ်၊ ကုန်ဆုံး၍ ၁၉၃၉-ခုနှစ်သို့ ဆန်းစ။

ကျောင်းသားတို့ သပိတ်မှောက် နေချိန်တွင် နှစ်သစ်ကူး အတွက် ပိတ်ထားသော ကျောင်းကို ပြန်၍ ဖွင့်တော့မည်။

"ကဲ ကျောင်းဖွင့်ပြီ၊ ကြွပေတော့၊ ဟိုကျယင် တွေကရာတွေ ရှောက်လုပ်မနေနဲ့၊ ဒီနှစ်အောင်အောင် ကြိုးစား၊ စာမေးပွဲလဲ နီးပြီ"

ကိုကိုကျော်သည် ကျွန်တော့်အား ရန်ကုန်သို့ မောင်းထုတ် လေသည်။ ထို့ကြောင့် ကျွန်တော်သည် အင်းဝကျောင်းဆောင်

* မြဝတီ၊ ။ဖေဖော်ဝါရီ၊ ၁၉၅၃။



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြန်ရောက်နေပါတော့သည်။ သို့သော် ကျောင်းကိုတော့ မတက်နိုင်ပါ။ ထိုအချိန်တွင် တက္ကသိုလ်ကြီးနှင့်တကွ တပြည်လုံးရှိ ကျောင်းများ သပိတ်မှောက်လျက် ရှိသည် မဟုတ်ပါလား။ ဒီဇင်ဘာ ၂၀- ရက်နေ့က အတွင်းဝန်များရုံးတွင် ကျောင်းသူကျောင်းသားတွေ ပုလိပ်တို့လက်ချက်ဖြင့် သွေးထွက် သံယိုဖြစ်ခဲ့ကြရုံသာမက ဗိုလ်အောင်ကျော် သေဆုံးရသည့်ကိစ္စ၊ မန္တလေးတွင် အာဇာနည် ၁၇–ဦးကျဆုံးရသည့် အဖြစ်အပျက်တို့သည် ကျွန်တော်တို့ နှလုံးသားများကို ဆတ်ဆတ်ခါ နာကျည်းစေလျက်ပင် ရှိပါသေးသည်။

သပိတ်မှောက်လျက်ရှိသော ကျွန်တော်တို့ ကျောင်းသားများသည် ကျောင်းဆောင်မှာပင် နေကြသည်။ ကျောင်းကကျွေးသော ထမင်းကို စားသောက်ကြသည်။ သို့သော် စာသင်ခန်းများကိုကား မတက်ကြ။ ကျွန်တော်တို့လို သပိတ်ကျောင်းသားများအပြင် သပိတ် မမှောက်သော ကျောင်းသားများလည်းရှိပါသည်။ သူတို့က ကျွန်တော်တို့ကို မျက်စောင်းခဲလျက်ရှိသည်။ ကျွန်တော်တို့ကလည်း သူတို့ကို သစ္စာဖောက်တွေဟု အသိအမှတ်ပြုထားကြပါသည်။ နေ့စဉ်နေ့တိုင်း သူတို့ ကျောင်းမတက်နိုင်အောင် သပိတ် တားကြရသေးသည်။ တခါတရံ တက္ကသိုလ်ကျောင်းတွင် တာဝန်ကျပါသည်။ တခါတရံ ယုဒသန်ကောလိပ်ဘက်တွင် သွား၍ ပိတ်ရဆို့ရသည်။ ကျွန်တော်တို့ တတွေ၏ လုံ့လကြောင့် စာသင်ခန်းများသည် ခြောက်ကပ်လျက်ရှိပါသည်။ အချို့လည်း မျက်နှာ ပြောင် တိုက် ကာ ကျောင်းတက်ကြသည်။ အထူးသဖြင့် ဂုဏ်ထူးတန်းမှ ကျောင်းသားများ ဖြစ်ကြလေသည်။ သူတို့သည် ဂုဏ်ထူးတန်းတွင်





အဆင့် အတန်း ကောင်းကောင်းနှင့် အောင်မြင်ရန် အတွက် သက်ဆိုင်ရာ ပါမောက္ခများ၏ ငြိုငြင်မှုကို ရှောင် နိုင် သမျှ ရှောင်ကြရလေသည်။

မျက်နှာဖြူ ပါမောက္ခထဲတွင် အဆိုးဆုံးကား မစ္စတာပီကော့ ဖြစ်လေသည်။ သူသည် မကြာခဏပင် သပိတ် တား သော ကျောင်းသားတွေနှင့် မိန်းမလိုမိန်းမရ ရန်ဖြစ်တတ်ပါသည်။ အပေါက်တွင် ပိတ်ဆို့ထားသော ကျောင်းသားများကိုလည်း ကျော်လွှားသွားတတ်သည်။

တနေ့သော် သူသည် ကျွန်တော်တို့ တာဝန် ကျနေသော အပေါက်ဝသို့ ရောက်လာသည်။ ကျော်ကာ လွှားကာ သူ့စာသင်ခန်းသို့ သွားလေသည်။ သူ့မျက်နှာထားသည် တင်းမာခက်ထရော်လှသည်။ ကျွန်တော်တို့တတွေမှာ အံ့အားကြီးသင့်ကာ ငေးကျန်ရစ်ပါသည်။ သူ့စာသင်ခန်းသို့ ကျောင်းတက်သူ မရှိအောင်တားထားသောကြောင့် သူသည် အတော်စိတ်ဆိုးနေဟန်တူပါသည်။ ကြာသော် သူပြန်ထွက် လာလေသည်။ သူ့မျက်နှာကြီးသည် ရဲရဲနီလျက်ရှိပါပြီ။ သူသည် ကျွန်တော်တို့တတွေအပေါ်မှပင် ကျော်လွှားထွက်သွားယင်း သူ့ပါးစပ်မှလည်း တတွတ်တွတ် ရေရွတ်သွားလေသည်။ ဤတခါတော့ ကျွန်တော်တို့ သည်းမခံတော့ပြီ။ သူတော်တော်လေးလှမ်းသွားလျှင် ကျွန်တော်တို့အားလုံး "ဟား....ဟား....ဟား....ဟား" ဟု ဝါးလုံးကွဲ ရယ်လိုက်ကြလေသည်။

သူသည် ချာကနဲလှည့်ကာ ကျွန်တော်တို့ဆီသို့ သွက်သွက်ကြီး လျှောက်လာလေသည်။ ကျွန်တော်တို့ အား လုံး သည် မျက်နှာပိုးသတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဒါ ဘယ်သူ့ကို ပြောင်တာလဲဟင်၊ မင်း တို့ ကြပ်ကြပ်သတိထား၊ ဒုက္ခရောက်ကုန်မယ်၊ ဒါမင်းတို့ကစားစရာ၊ သရော်စရာ အောက်မေ့နေသလား၊ မင်းတို့ နာမည်တွေ ဘာလဲ၊ ငါမှတ်ထားမယ်"

မစ္စတာ ပီကော့သည် ကျွန်တော်တို့ မျက်နှာပေါ်မှ စီးကြည့်ယင်း ခါးထောက်ကာ အင်္ဂလိပ်ဘာသာဖြင့် ကြိမ်းမောင်းနေပါသည်။ ကျွန်တော်တို့ကား အားလုံးငြိမ်သက်လျက် ကြီးမားရင့်ကျက်သော ဣန္ဒြေကို ဆောင်နေကြပါသည်။ အားလုံး တုံးတုံးဘာဝေ ဆိတ်ဆိတ်နေလျက် ရှိကြလေသည်။

နောက်ကြာသော် သူသည် လှည့်ထွက်သွားလေသည်။ ကိုက်တရာခန့် ဝေးသွားသောအခါ ကျွန်တော်တို့တတွေ သူပြန်လာအောင်လုပ်ကြပြန်သည်။

"ဟား....ဟား....ဟား....ဟား"

ကျွန်တော်တို့ အားလုံးက ရယ်သံ ပြုလိုက်ပြန်သောအခါ မစ္စတာ ပီကော့သည် ဒေါသ အမြိုက် ခြောင်းခြောင်းထွက်ကာ ကျွန်တော်တို့ထံသို့ ပြန်ရောက်လာပြန်သည်။

"မင်းတို့လွန်တယ်၊ မင်းတို့ ငါ့ကို ဘာထင်သလဲ။ မင်းတို့ ဒီလိုပဲပြောင်ရသလား၊ မင်းတို့တနေ့ ဒုက္ခရောက်မယ်"

သူသည် ထပ်ဘလဲလဲ ကြိမ်းမောင်းပြန်သည်။ ကျွန်တော်တို့ ကား ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီး၏ ဣန္ဒြေကို ဆောင်ထားကြပြန်သည်။ ထို့ကြောင့် သူသည် ထွက်ခွာသွားပြန်လေသည်။

အတော်ကလေး လှမ်းသွားလျှင် ကျွန်တော်တို့ ရယ်ကြပြန်သည်။





"ဟား....ဟား....ဟား....ဟား"

သူ၏ ခြေလှမ်းများသည် တမုဟုတ်ချင်း ရပ်တန့်သွားသည်။ ကျွန်တော်တို့ဘက်သို့ လှည့်ကာ သုံးလေးလှမ်းခန့်တိုးလာသည်။ နောက်ပြီး ရပ်လျက် ရန်တွေ့သည်။ ထို့နောက် ချာကနဲလှည့်ကာ သုတ်သုတ်ကြီး ထွက်ခွာသွားလေသည်။

"ဟား....ဟား....ဟား....ဟား"

ကျွန်တော်တို့ ရယ်သံများကား ပွဲတင် ထပ် သွားလေ၏။ သူသည် မရမ်းပင်ကြားတွင် ပျောက်ကွယ်သွားလေသည်။

သပိတ်တား သူများအား အချိန်မီကျွေးရန်မှာရသည့်တာဝန်ကား မသေးလှ၊ တာဝန်ခံကျောင်းသားခေါင်းဆောင်တို့သည် ထမင်းထုပ်များကို တောင်းကြီး တောင်းငယ်များနှင့် ထည့်ကာ သပိတ်တား ကျောင်းသားများအား ဝတ္တရားကျသော နေရာအထိ ယူဆောင်ပြီး ဝေငှ ပေးရသည်။ ကျွန်တော် သတိရသ၍ အသုပ်အများဆုံးမှာ ကိုလှမောင်နှင့် အမျိုးသမီး ပိုင်းမှ မန္တယ် (ဒေါ်နွဲ့ရီ)တို့ ဖြစ်လေသည်။

သပိတ်တား မှုကြောင့် စောစော စီးစီး ကျောင်းပိတ်လိုက်ရလျှင် သပိတ်တားရသည့် တာဝန်ကို စောစောစီးစီးပင် သိမ်းရသည်။ တခါတရံ ကျောင်းတက်မည့်ကျောင်းသူကျောင်းသားများ မစဲဘတ်လျှင် နံနက်စာကို သပိတ်တားများ လုလဲ၍ စားကြရလေသည်။

တက္ကသိုလ်နယ်တဝိုက်ရှိ မရမ်းပင်ရိပ်များအောက်ရှိမြက်ခင်းများပေါ်တွင် ဖက်နှံ့သင်းနေသော ထမင်းထုပ်များကို ဖြေ၍



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အစုနှင့်ကိုယ် ဝိုင်းဖွဲ့ကာ စားသောက်ရသည်မှာ ပျော်စရာကောင်းလှသည်။

သည်ဘဝကို အဘယ်မှာလျှင်မေ့နိုင်အံ့နည်း။

(၂)

သည်အချိန်ကား တက္ကသိုလ်အုပ်ချုပ်ရေးဘက်ဆိုင်ရာ အရာရှိများနှင့် ကျောင်းသားသမဂ္ဂကြီး လွန်ဆွဲနေသည့် အချိန်ဟု ဆိုချင်ပါသည်။

ကျောင်းသားသမဂ္ဂမှ သပိတ်မှောက်လျက်ရှိသောကျောင်းသူ ကျောင်းသား များအား 'သပိတ်မှောက်ခြင်းသည် မိမိတို့သဘောအတိုင်းမှောက်ခြင်းဖြစ်သည့်ပြင် ဤကဲ့သို့သပိတ်မှောက်မှုကိုလည်း လုံးဝသဘောတူထောက်ခံသည်သာမက သမဂ္ဂကြီးမှ တာဝန်ပေး စေခိုင်းသည့်ကိစ္စမှန်သမျှကိုလည်း ဦးလည်မသုန် ဆောင်ရွက်မည်' အစရှိသည့် အချက်အလက်များ ပါဝင်သော ကြေညာချက်များကို ကျောင်းသားတဦးလျှင်တရွက်စီလက်မှတ်ရေးထိုးစေသည်။ ကျွန်တော်တို့လည်း ဖတ် ကြည့် ပြီး လျှင် ဝမ်းသာအားရပင် သဘောတူ လက်မှတ်ထိုးလိုက်ကြလေသည်။

သုံးရက်ခန့်ကြာသောအခါ အဆောင်မှူး'မှတဆင့် ကျောင်းအုပ်ကြီးထံမှ ကျောင်းသားများ လက်မှတ်ထိုးရန် စာရွက်စာတန်းများ ရောက်ရှိပြန်လေသည်။

'ကျွန်တော်သည် ဤကဲ့သို့သပိတ်မှောက်နေခြင်းကို လုံးဝသဘောမတူပါ။ ကျောင်းတက်ကာပညာသင်ကြားလိုပါသည်။





သပိတ်မှောက်နေခြင်းကို မထောက်ခံပါ' ဟူသော အချက်အလက်များပါဝင်လေသည်။

ကျောင်းသားတို့သည် စာရွက်စာတန်းများကို ဖတ်၍ ဇဝေဇဝါဖြစ်သွားကြကုန်သည်။ အချို့လည်း ထိတ်လန့်တုန်လှုပ်သွားကြလေသည်။ ကျောင်းအုပ်ကြီး ထံမှ ရောက်ရှိလာသောစာရွက်ကို လက်မှတ်မထိုးလျှင် သပိတ်ကိုထောက်ခံရာ ကျတော့မည်။ သည်လိုဆိုလျှင် ပါမောက္ခများ၊ ကထိကများ၏ အငြိုးအငြင်ကို ခံကြရမည်။ သမဂ္ဂက စာတန်းကို လက်မှတ်ထိုးခြင်းအားဖြင့် သပိတ်ကိုထောက်ခံရာရောက်နေသော်လည်း ဤကဲ့သို့ ထိုးထားသည်ကို တက္ကသိုလ်အာဏာပိုင်များ သိကြသည်မဟုတ်။ ယခု တက္ကသိုလ် အာဏာပိုင်များထံမှ ရောက်လာသော စာရွက်စာတန်းများကို လက်မှတ်မထိုးလျှင် သပိတ်ကို အားပေးသော ကျောင်းသား တယောက်အနေနှင့် အသိအမှတ်ပြုခြင်း ခံရပေတော့မည်။

ထို့ကြောင့် အချို့သော ကျောင်းသားတို့တွင် မိမိသည် သပိတ်မှောက်ခြင်းကို လုံးဝထောက်ခံပါသည်' ဟု သဘောတူထောက်ခံ လက်မှတ်ရေးထိုးပြီးမှ တက္ကသိုလ် အာဏာပိုင်တို့ အလိုကျ 'သပိတ်မှောက်ခြင်းကို လုံးဝမထောက်ခံပါ' ဟူ၍ လက်မှတ်ထိုးကြပြန်လေသည်။

ဤကဲ့သို့ လက်မှတ်ထိုးပေးပို့ရန် နေ့ရက်အချိန်ကို ကန့်သတ်ပေးထားရာ ကျွန်တော်တို့အင်းဝကျောင်းဆောင်ရှိ သူငယ်ချင်းများလည်း အချင်းချင်းတိုင်ပင်၍ လက်မှတ်မထိုးပဲ နေလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကန့်သတ်ထားသော နေ့ရက်မှ ကျော်လွန်ပြီး လက်မှတ်မထိုးသော သူများအဖို့ အဘယ်ကဲ့သို့ အရေးယူမည်နည်းဟု စောင့်ကြည့်လျက်ရှိကြသည်။ နောက်တနေ့တွင် အောက်ပါကျောင်းသားများ ကျောင်းအုပ်ကြီးကို လာရောက်တွေ့ဆုံရမည်ဟူသော အမိန့်တခု ထွက်လာလေသည်။ ကျွန်တော်နှင့်သူငယ်ချင်းများ ပါဝင်နေလေသည်။ ထိုစာရင်းတွင် မပါဝင်သောသူများမှာ လက်မှတ် ထိုးထားကြသူများ ဖြစ်ကြောင်း ထင်ရှားနေလေသည်။

"ကဲ ဘယ့်နှယ်လဲ"

ကျွန်တော်တို့ အချင်းချင်းတိုင်ပင်ကြလေသည်။

"ခေါ်ယင် သွားတွေ့လိုက်တာပေါ့"

တယောက်က ဆိုသည်။

"သမဂ္ဂက ဘာပြောမလဲမသိ။ အဲဒီက ညွှန်ကြားတဲ့အတိုင်း လုပ်တာပေါ့"

အခြားတယောက် ပြောလေသည်။

"သမဂ္ဂက ကျောင်းအုပ်ကြီးက ခေါ်သောသူများသွားတွေ့ပါ" ဟု ညွှန်ကြားလေသည်။

ထို့ကြောင့် ကျွန်တော်တို့သည် နောက်တနေ့တွင် ကျောင်းအုပ်ကြီးအား သွားတွေ့ရန် ဆုံးဖြတ်ကြလေသည်။ ကျွန်တော်တက္ကသိုလ်သို့ ရောက်သည်မှာ နှစ်နှစ်ရှိပါပြီ။ ကျောင်းအုပ်ကြီးနှင့် တည့်တည့်ဆိုင်ဆိုင် တခါမျှ မတွေ့ဘူးပါ။ ယခုတွေ့ရတော့မည်။ စကားစမြည် ပြောရတော့မည်ဖြစ်၍ ဝမ်းသာနေပါသည်။





သို့သော် ကျွန်တော်၏ ဝမ်းသာခြင်းကား အချည်းနှီးဖြစ်ရလေသည်။ တွေ့ဆုံရမည့် နံနက်စောစောအိပ်ရာမှထသောအခါ 'ကျောင်းအုပ်ကြီးကို သွားမတွေ့ကြနဲ့' ဟူ သော သမဂ္ဂမှ ညွှန်ကြားလွှာကြီးများ နံရံများတွင် ကပ်ထားသည်ကို အထင်းသားတွေ့နေရသောကြောင့်တည်း။

"မတွေ့ရလဲ အေးတာပေါ့ဗျာ"

ကျွန်တော့် မိတ်ဆွေ တယောက်က ဆိုလေသည်။ သို့သော်သူပြောသလို အေးမသွားပါ။

ထိုနေ့ည အင်းဝကျောင်းဆောင် အောက်ခန်း တခုတွင် ကျွန်တော်တို့တတွေ လေး ငါးယောက် ထွေရာလေးပါးစကားပြောနေကြသည်။ ထိုအခန်းမှာ (၁၉၄၇-ခုနှစ်တွင် တနင်္သာရီဘက်မှ တိုင်းပြုပြည်ပြု လွှတ်တော်အမတ်အဖြစ် အရွေးခံရပြီး အင်ဒမ်ဆင်သင်္ဘောကြီး ပျောက်ဆုံးသွားရာတွင် ပါသွားသော ကိုမောင်မောင်ခင်၏ အခန်းဖြစ်ပါသည်။) ထိုအခန်းပေါက်ဝသို့ ဒုတိယအဆောင်မှူး ဦးတိုးအောင် ရောက်လာသည်။ သူတဦးတည်းမဟုတ်ပါ။ ကျောင်းအုပ်ကြီး ဦးဖေမောင်တင် နှင့် လက်ထောက် အဆောင်မှူးကလေးများလည်း ပါလာပါသည်။

"ကျောင်းအုပ်ကြီး လာတယ်" ဟု ဦးတိုးအောင် က ဆိုသည်။ ကျွန်တော်တို့သည် နေရာမှထကြသည်။

"သူက မောင်မောင်ခင်ပါ"

ဦးတိုးအောင်က ကျောင်းအုပ်ကြီးအားကိုမောင်မောင်ခင်ကို ညွှန်ပြသည်။

"ဘာပြုလို့ လက်မှတ်မထိုးသလဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းအုပ်ကြီးက ကိုမောင်မောင်ခင် ကို မေး သည်။ ကျွန်တော့်ဆီသို့လည်း ထိုမေးခွန်းလာတော့မည်။ ဘာပဲပြောပြော ကျောင်းအုပ်ကြီးကိုတော့ ကျောင်းသား တဦးအနေနှင့် ခပ်ရှိန်ရှိန်း ဖြစ်နေပါသည်။ ထို့ကြောင့် အမေး မခံရမီ လစ်တော့မည့် အကြံနှင့် အပေါက်ဝဆီသို့လာသည်။ ကိုမောင်မောင်ခင်က ဆရာကြီးအမေး ကို မဖြေသေး။ ထိုအချိန်တွင် ဦးတိုးအောင်က ကျွန်တော့်လက်ကို ဖမ်းကိုင်ပြီး "သူလဲ မထိုးပါဘူး" ဟု ဆိုက၊ ကျောင်းအုပ်ကြီးအား တိုင်ကြားပြန်လေသည်။

"အင်း၊ ဘာပြုလို့ လက်မှတ်မထိုးကြသလဲ"

ကျောင်းအုပ်ကြီးက ထပ်၍ မေးပြန်သည်။

"ကျွန်တော်တို့ သပိတ်မှောက်တာကို ထောက်ခံပါတယ် ဆိုပြီး လက်မှတ်ထိုးထားပါတယ်"

ကိုမောင်မောင်ခင်က ဖြေသည်။

"သမဂ္ဂက စေခိုင်း ညွှန်ကြားသမျှကိုလဲ လုပ်ပါမယ်လို့ ဝန်ခံထားကြပါတယ်"

ကျွန်တော်က ဆက်လိုက်သည်။

"အဲဒီလိုသမဂ္ဂကို ဝန်ခံကတိပေးပြီးမှ သပိတ်မှောက်တာကို သဘောမတူပါဘူး၊ ကျောင်း တက်ချင်ပါတယ်ဆိုယင် သစ္စာဖောက်ရာ ရောက်ပါလိမ့်မယ်"

ကိုမောင်မောင်ခင်က ရှင်းပြနေလေသည်။

ကျောင်းအုပ်ကြီးသည် ကျွန်တော်တို့ကို ပြုံးပြုံးကြီး ကြည့်နေလေသည်။

"အေး....ဒါလဲ ဟုတ်တာပဲ"





ကျောင်းအုပ်ကြီးက ဝန်ခံပြီး ကျွန်တော်တို့ကို စိုက်ကြည့်နေ၏။

"အင်း....သွားဦးမယ်၊ ဘာအထူးပြောစရာ ရှိသေးသလဲ" အပေါက်ဝဘက်သို့ လှည့်သွားပြီးမှ မေးလိုက်သည်။

"မရှိပါဘူးခင်ဗျာ"

ကျွန်တော်တို့က ပြိုင်တူဖြေကြသည်။

"မင်းတို့ မေးလိုက်ယင်း ဒီလိုချည်း ဖြေတာပဲ၊ ပြီးတော့ ထင်ရာတွေ လျှောက်လုပ်ရော"

ကျောင်းအုပ်ကြီးသည် ပြောပြော ဆိုဆို စစ်ကိုင်းကျောင်းဆောင်ဘက်သို့ထွက်သွားရာဦးတိုးအောင်နှင့်လက်ထောက်ဆရာများလည်း သူ့နောက်မှ ပါသွားကြလေသည်။ ကျွန်တော်တို့သည်၊ ငေး ကျန် ရစ်ရာမှ တယောက်မျက်နှာ တယောက်ကြည့်၍ ပြုံးလိုက်ကြလေသည်။

နောက်တနေ့ နေ့လယ်ခန့်တွင် ကျောင်းမှ ထုတ် ပစ် သည့် ကျောင်းသားများစာရင်းကို ကြော်ငြာကပ်ရာ နေရာတွင် ကပ်သွားလေသည်။ ထိုစာရင်းတွင် ကျွန်တော်တို့နာမည်များလည်း ပါဝင်နေသည်ကို တွေ့ရလေသည်။

"ဒီလိုဖြစ်လိမ့်မယ်ဆိုတာ ထင်သားပဲ"

ကိုမောင်မောင်ခင်ကမတုန်မလှုပ်ရေရွတ်လေသည်၊ ကျွန်တော့်အဖို့တော့ အတော်ပင် တုန်လှုပ်သွားပါသည်။ အညိုကိုစွန့်ပတ်သက်၍ အိမ်က ဘာများ အပြစ်ပြောမည်နည်းဟု စိုးရိမ်မကင်းဖြစ်နေပါသည်။ သက်ဆိုင်ရာ ကျောင်းသားမိဘများထံသို့လည်း ကျောင်းထုတ်ပစ်လိုက်ပြီ ဖြစ်သည့် အကြောင်းကို သံကြိုးဖြင့် အကြောင်းကြားလိုက်ပြီဟု သိရှိရပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ငါးရက်ခန့် ကြာသောအခါ အိမ်မှ စာရောက်လာလေသည်။ ကျွန်တော်သည် စာအိတ်ကို တုန်ယင်သော လက်ဖြင့် ဖွင့်ဖတ်လိုက်သည်။

ကျောင်းအုပ်ကြီးဆီက ရိုက်လိုက်သော သံကြိုးစာကို ဤစာနှင့် အတူ ထည့်ပေးလိုက်သည်။ မင်းတို့ဟာ မင်းတို့ ထင်တာတွေ လုပ်နေကြတာ ငါဘာမှ မပြောချင်ပါ၊ ကိုယ့်ဟာ ကိုယ် ကြည့်သာလုပ်ခပေတော့။

မောင်ကျော်

ထိုစာနှင့်အတူ ပါလာသည့် သံကြိုးစာရွက်ကို ဖြန့်ဖတ်ပြန်သည်။ မြန်မာဘာသာပြန်လိုက်သည်ရှိသော်

ဦးကျော်

ကုန်သည်ကြီး

ဝါးတန်းရပ်

မန္တလေး။

မောင်ထွန်းတင်သည် ကြေငြာချက်ကို လက်မှတ်မထိုးသည့် အတွက် ကျောင်းမှထုတ်ပယ်လိုက်ပြီးဖြစ်သောကြောင့် ကျောင်းဆောင်တွင် နေရန် အခွင့်အရေး မရှိတော့သဖြင့် သူ့ကို အမြန်ဆုံး လာရောက် ခေါ်ဆောင်သွားစေလိုကြောင်း။

ကျောင်းအုပ်ကြီး

ကျွန်တော်သည် အတန်ကြာအောင် ငိုင်နေမိလေသည်။ ကိုကိုကျော်၏ စာထဲတွင် ဒေါသသံ အနည်းငယ် ပါနေသော ကြောင့် ပိုစိတ်မကောင်းဖြစ်နေမိသည်။ ထိုစာနှင့် သံကြိုးစာကို





အပြန်အလှန်ဖတ်ယင်း ကျွန်တော်လည်း စိတ်ဆိုးလာပါသည်။ မည်သူ့ ရယ်လို့မဟုတ်ပဲ တကိုယ်တည်း ကြိတ်၍ စိတ်ဆိုးနေခြင်း ဖြစ်ပါသည်။ ထိုနေ့အဖို့ အတော် မိုးချုပ်သည်အထိ အခန်းအောင်းနေမိပါတော့သည်။

ညနေစောင်းသော် ကိုမောင်မောင်ခင် ပေါက်လာသည်။ နောက် ကျောင်းသားတဦး ရောက်လာပြန်ပါသည်။ သူတို့ အိမ်က ဆူပူကြိမ်းမောင်းသည့် အကြောင်း ပြောယင်း ထမင်းစားချိန်ကျပြီးဖြစ်၍ အခန်းထဲမှ ထွက်ကြသည်။ သူတို့ကိုလည်း မိဘများက ပွက်နေပြီဟု သိရပါသည်။

“မှန်တယ်ထင်တာ လုပ်မယ်ဗျာ” ဟု ဆိုကာ ထို ကျောင်းသားသည် လှေကားထိပ်တွင်ရှိသော အမှိုက်ထည့်သည့် သံပုံးကို ငုန်းကနဲ ကန်လိုက်လေသည်။

“အေး....အဲဒါ အကောင်းဆုံးဟေ့”ဟု ကိုမောင်မောင်ခင် က ထောက်ခံသည်။

“ဂွတ်တယ်ထင်ယင် ဒူးသာဒူး”ဟု ကျွန်တော်က ထပ်ကွန့်ကာ အမှိုက်သံပုံးကြီးကို တအား ကန်ချလိုက်ရာ လှေကားမှ တဝုန်းဝုန်း လိမ့်ကျသွားလေ၏။

သည်လိုနှင့် မပြီးသေး၊ စိတ်ဆိုးဆိုး ရှိတိုင်း ထင်တာတွေ လျှောက်လုပ်လေ့ရှိသည်။ ညဥ့်နက်ပြေလာလျှင် ခုတ်မီးတွေကို ဖျက်ပစ်သည်။ ခုတ်မီးဖျက်ရန်ကလည်း နည်းရတားကြသည်။ စီးကရက်ဗူးထဲမှ ခဲပြားကိုခုတ်မီးသီးနောက်ဘက်တွင် ပေါ်ထူထူ ကလေးကပ်ကာ မီးလုံးကို ပြန်တပ်လိုက်လျှင် ငုံလိုင်းမှ ဖြူး ကျွမ်းကာ ဆက်သွယ်လျက်ရှိသော မီးတွေအားလုံး ငြိမ်းကျွကုန်သည်။ မီးတွေပျက်၍ မှောင်နှင့်မည်းမည်း ဖြစ်နေလျှင်



www.burmeseclassic.com

www.burmeseclassic.com



အမှိုက်သံပုံးတွေကို လှေကားထိပ်မှ အောက်သို့ ရောက်အောင် ကန်ချကြသည်။

တဝုန်းဝုန်းတဒိုင်းဒိုင်း အသံကြား၍ ဒုတိယအဆောင်မှူး ဦးတိုးအောင်သည် လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် လာသည်ကို တွေ့လျှင် ရှောင်နေလိုက်ကြသည်။ အခန်းထဲမှာပင် အိပ်ချင်ယောင်ဆောင်နေတတ်ကြသည်။ တခါတရံလည်း ဦးတိုးအောင် သည်ဘက်ရောက်လာလျှင် ဟိုဘက်လှေကားမှ သံပုံးကို ကန်ချပြန်သည်။ ဟိုဘက် ရောက်သွားလျှင် သည်ဘက်က တဝုန်းဝုန်းမြည်အောင် လုပ်ကြပြန်သည်။

ထို့ကြောင့် ကျွန်တော်တို့ ဒုတိယ အဆောင်မှူးမှာ ဓာတ်မီး တဝင်းဝင်းထိုးကာ ထိုမှ ဤမှ လျှောက်ကာ သောင်းကျန်းသူများကို လိုက်ရှာသည်။ သို့သော် အဘယ်မှာလျှင် တွေ့နိုင်အံ့နည်း။

ကျွန်တော်တို့ကား ကျောင်းထုတ်ပစ်ခံရပါမည်လောဟု တက္ကသိုလ် အာဏာပိုင်များ အပေါ်တွင် ဒေါမနဿ စိတ်တွေ ပွက်ပွက်ထကာ သောင်းကျန်းနေကြခြင်း ဖြစ်ပေသည်။

ညဥ့်တွင် ကျောင်းဆောင်အတွင်းဝယ် သောင်းကျန်းချင်တိုင်း သောင်းကျန်းကြ၍ နေ့ခင်းတွင် သပိတ်မှောက် ကျောင်းသားများပီပီ သပိတ်တား မှန်မှန် သွားကြရလေသည်။

တက္ကသိုလ် အာဏာပိုင်များကလည်း မတ်လတွင် ထုံးစံအတိုင်း စာမေးပွဲများ ကျင်းပရန် စီစဉ်လျက်ရှိသည်။ သပိတ်မှောက် ကျောင်းသားများကလည်း ထိုစာမေးပွဲကို တိုက်ဖျက်ရန် စိုင်းပြင်းကြလေသည်။ အချိန် ကျရောက်လာသော အခါ အာဏာပိုင် များကလည်း စာမေးပွဲ ကျင်းပဖြစ်အောင် ကျင်းပ





သည်။ ကျောင်းသားတို့ကလည်း သပိတ်တား လက်နက်ဖြင့် တိုက်ကြသည်။ နောက်ဆုံးတွင် ကျွန်တော်တို့က အနိုင်ရ၍ ကျောင်းကြီးကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ရလေသည်။

ကျွန်တော်လည်း နောင်တော်ကြီးထံမှ ကြိမ်းမောင်းစာများနှင့်တကွ အမြန် ပြန်ခဲ့ရမည်ဟူသော အမိန့်ကြောင့် မတတ်သာတော့သည့်အဆုံး၌ မန္တလေးသို့ ပြန်လာခဲ့ရလေသည်။

မကြာခင် ကျောင်းသားများ မြို့မကျောင်းတွင် အစာငတ်ခံကြသည့်သတင်းကိုကြားရလေသည်။ အဝေးက ကျောင်းသားများမှာ တထိတ်ထိတ်နှင့် သတင်းကိုသာ နားထောင်နေကြရလေသည်။ နောက် မကြာခင် ဒေါက်တာဘမော်အစိုးရ ပြုတ်ကျ၍ ဦးပုအစိုးရ တက်လာလေသည်။ ဦးစောလည်း ထိုအစိုးရအဖွဲ့တွင် ဝန်ကြီးတဦးဖြစ်လာလေသည်။

ကျောင်းသားတို့လည်း အချို့သော တောင်းဆိုချက်များကို အစိုးရက လိုက်လျောသောကြောင့် သပိတ်လှန်လိုက်ကြလေ၏။

သပိတ်မလှန်လိုသော ကျောင်းသားများသည် သပိတ်လှန်သော ခေါင်းဆောင်များကို အမျိုးမျိုး ကဲ့ရဲ့ ပြစ်တင်ကြကုန်၏။

(၃)

သပိတ်လှန်လိုက်သည့်အချိန်တွင်ကျွန်တော်တို့လည်းကျောင်းသား ပြန်ဖြစ်ပြန်သည်။ ကျောင်းထုတ်ပစ်ထားသော အမိန့်မှာလည်း ပျက်ပြယ်သွားလေသည်။ ထို့ကြောင့် စာမေးပွဲဖြေရန် ဝင်ကျက်ကြရပြန်၏။ ခုမှပင် ဖုန်တက်နေသော ကျောင်းသုံး



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်၊ မှတ်စုစာအုပ်များကို ထုတ်ကြရပြန်တော့၏။ သပိတ်လက်နယ်ကို စွဲကိုင်ခဲ့သော သူများသည် ယခု ကလောင် လက်နက်ကိုသွေးကြရပြန်သည်။

စာမေးပွဲကို နှစ်ကြိမ် ကျင်းပရန် ဖြစ်သည်။ မတ်လတွင် ပထမတကြိမ်ဖြစ်၍၊ ဒုတိယအကြိမ်မှာ ဂျွန်လတွင် ကျင်းပမည် ဖြစ်သည်။ ဥပစာတန်းများအတွက် ငါးဘာသာ ဖြေဆိုရမည့်အနက် အနည်းဆုံး နှစ်ဘာသာ အောင်မှသာ ကျန်သော ဘာသာရပ်များကို နောက်ဆက်တွဲ စာမေးပွဲတွင် ဖြေဆိုနိုင်မည် ဖြစ်လေသည်။ ထို့ကြောင့် ကျောင်းသားတို့သည် တခါတည်း မအောင်နိုင်စေကာမူ နောက်ဆက်တွဲ ဖြေနိုင်လောက်အောင် [illegible] သတ်မှတ်ထားသော ဘာသာရပ်များကို အောင်မြင်ရန် ကြိုးစားကြလေသည်။ ကျွန်တော်လည်း နောက်ဆက်တွဲ ကိုအားကိုးသည့် ကျောင်းသားများထဲတွင်တယောက်အပါအဝင် ဖြစ်ပါသည်။ အနည်းဆုံး နှစ်ဘာသာတော့ အောင်အောင် ဖြေမည်ဟု ဆုံးဖြတ်ထားပါသည်။

စာမေးပွဲနီးသော် ရန်ကုန်သို့ ဆင်းလာခဲ့လေသည်။ သပိတ်မှောက်သူရော၊ မမှောက်သူပါ တက္ကသိုလ်ကျောင်းဆောင်တွင် လာ၍ ဆုံကြပြန်သည်။ သပိတ်မှောက် ကျောင်းသားများသည် အချင်းချင်းစုရုံးကာ သပိတ်မှောက်စဉ်က မိမိတို့ အတွေ့အကြုံ စွန့်စားခန်းများကို မညည်းနိုင်အောင် ပြောကြတုံးပင် ရှိသေးသည်။ သပိတ် မမှောက်သော ကျောင်း သား များ ကား ဒီအကြောင်းတွေကို ပြောတိုင်း ပြောတိုင်း ရှောင်၍ ရှောင်၍ ထွက်သွားတတ်သည်။





စာမေးပွဲဖြေဆိုပြီးလျှင် မန္တလေးသို့တခါပြန်သွားပါသည်။ အောင်စာရင်း ထွက်လာသောအခါ ကျွန်တော့်နာမည် ပါမလား ပါ။ ကျတော့ ကျပါပြီ။ နောက်ဆက်တွဲမှ နွဲနိုင်ပါမလား။ ကျောင်းမှစာရောက်လာသောအခါ တုန်တုန်ယင်ယင်နှင့်ဖွင့်ဖတ်ရသည်။ အမယ်လေး တော်ပါသေး၏။ ရာဇဝင် တဘာသာတည်းသာကျပါသည်။ နောက်ဆက်တွဲတွင် ဝင်နွဲနိုင်ပါသည်။

ထို့ကြောင့် ဒီတခါ ကွင်းလုံးကျွတ်အောင်သွားရန် ကျန်ရှိနေသည့် ရာဇဝင်ဘာသာကို ကြိတ်၍ ကြိုးစားရပြန်သည်။

ဒီအထဲ သပိတ်ဂယက်ကလည်း မငြိမ်သက်သေး။

အစိုးရကအတွင်းဝန်များရုံးတွင်ပုလိပ်ကကျောင်းသားတွေ ရိုက်သည့်ကိစ္စကို စုံစမ်းအစီရင်ခံရန် အဖွဲ့ငယ်တခုကို ၁၉၃၉-ခု၊ မတ်လ ၂၀-ရက်နေ့တွင် ဖွဲ့စည်းလိုက်လေသည်။ ကျောင်းသားတို့ တောင်းဆိုချက်တွင်ပါသည့်အတိုင်း အစိုးရက လိုက်လျောရခြင်းဖြစ်လေသည်။

ထိုအဖွဲ့တွင် ပါဝင်သည့်ပုဂ္ဂိုလ်ကြီးများကား--

၁။ တရားဝန်ကြီး ဦးဘဦး။

၂။ အထက်လွှတ်တော် အမတ် ဦးသင်။

၃။ ဝတ်လုံတော်ရ ဦးစိန်ထွန်းအောင်တို့ဖြစ်ကြလေသည်။

စုံစမ်းရေးအဖွဲ့ တခုဖွဲ့ကြောင်းကို သတင်းစာများတွင်တွေ့ရလေသည်။ နောက်မကြာမီ ကိုဗဆွေ မန္တလေးသို့ ရောက်လာလေသည်။ သူသည် ကျွန်တော် အပြင်ထွက်သွားနေစဉ် အိမ်ရောက်လာပြီး ကျွန်တော့် နောင်တော်ကြီး ကိုကိုကျော် နှင့် စတွေ့ကြသေးသည်။ ကျွန်တော်လည်း ကိုဗဆွေရောက်နေသည်



www.burmeseclassic.com

www.burmeseclassic.com

ကြား၍ အိမ်ပြန်လာရာ ကိုကိုကျော်နှင့် ကိုဗဆွေတို့ စကားပြော အဆင်မပြေဖြစ်နေသည်ကို တွေ့ရလေသည်။

ကိုဗဆွေက ကျွန်တော့်ကို သက်သေခံရန်အတွက် ရန်ကုန် ထည့်လိုက်ဖို့ ပြောသည်။ ကိုကိုကျော်က ထည့်ချင်ပုံ မပေါ်။ သို့သော် ကိုဗဆွေက ထည့်လိုက်ပါမည့်အကြောင်းကို စိတ်ရှည် လက်ရှည် ပြောလေသည်။ နောက်ဆုံးတွင် ကိုကိုကျော် က အောင့်သက်သက်နှင့်ပင် ခေါင်းညိတ်လိုက်ရလေသည်။

ထိုနေ့ ညနေတွင် ရန်ကုန်သို့ ထွက်လာရမည် ဖြစ်သည်။ ကျွန်တော်လည်း စရိတ်တောင်းမည်ဟု ကိုကိုကျော် ကုန်တိုက်မှ အပြန် စောင့်နေသည်။ ကျွန်တော့် အရိပ်အကဲ သိနှင့်နေပြီဖြစ် သည်နှင့် မြင်မြင်ချင်း ဆောက်နဲ့ထွင်းလိုက်ပါသည်။

"ဟေ့ ငါ့ဆီတော့ ပိုက်ဆံမတောင်းနဲ့ဟေ့ မင်းကို လာခေါ် တဲ့လူကိုပဲ စရိတ်ခံခိုင်းပေတော့" ဟု ခပ်ပြတ်ပြတ်ပင် ပြောလိုက် ရလေသည်။

ကျွန်တော့်တွင်လည်း တပြားမှမရှိပါ။ ကျွန်တော့် မှာ ငယ်စဉ်ကတည်းက မိဘဆုံးသွားသောကြောင့် သူတပါးပြုစု နေလာရသူဖြစ်ရာနောက်ထပ်လည်းမပြောဝံ့တော့ပဲ ငြိမ်နေလိုက် ရသည်။ သို့သော် အစ်မဖြစ်သူက ငွေတဆယ် ထုတ်ပေးလိုက်၍ တော်ပါ[illegible]

မီးရထားပေါ်၌ ကိုဗဆွေ က ပင် စိုက်ထုတ်အကုန်အကျခံပါ သည်။ ကျွန်တော်တို့နှင့်အတူ ရွှေဘိုမှ မောင်တင်မောင် အမည် ရှိသော ကျောင်းသား တဦးလည်း ပါလာပါသည်။ သူသည် ရန်ကုန် [illegible] ကျောင်း တကျောင်းမှ ကျောင်း သား





တဦးဖြစ်၍ စုံစမ်းရေးအဖွဲ့တွင် သက်သေခံရန်အတွက် ကိုဗဆွေ ခေါ်လာခြင်းဖြစ်လေသည်။

ကျွန်တော်တို့ စီးနင်းလိုက်ပါလာသည့် တွဲကား ဒုတိယတန်း နှင့် ကပ်နေသည့် အစေခံတွဲ ဖြစ်ပါသည်။ ကိုဗဆွေ သည် တအိပ်တည်း အိပ်လာသည်။ တခါတရံ အသံဝဲဝဲနှင့် သီချင်း ကလေးများ ညည်းလာတတ်လေသည်။ တခါတရံလည်း "သီချင်းဆိုပါကွ" ဟု မောင်တင်မောင် ကို စေခိုင်းတတ်လေ သည်။

ရန်ကုန်သို့ ရောက်ကြပါပြီ။ တက္ကသိုလ်သမဂ္ဂတွင် တည်းကြ ရသည်။ ညစာ မနက်စာကိုလည်း သမဂ္ဂကပင် ကျွေးထားပါ သည်။ သက်သေခံရန်ရောက်ရှိနေသောကျောင်းသားများကား အများပင်။ အနေအထိုင် ဆင်းရဲမှုကြောင့် အချို့မြို့ရှိ နီးစပ်ရာ တွင် နေကြပါသည်။ ကျွန်တော်တို့ အိပ်ရာကား တက္ကသိုလ် သမဂ္ဂခန်းဆောင်အတွင်းရှိ ခုံတန်းရှည်များဖြစ်သည်။ ခြင်ကိုက် လှသောကြောင့် ညဉ့်တွင် ကောင်းကောင်းမအိပ်နိုင်။

ကျောင်းသား ခေါင်းဆောင်များသည် နေ့စဉ်အလုပ်များ လျက်ရှိကြသည်။ ကိုသိန်းဖောင်၊ ကိုကျော်ငြိမ်း၊ ကိုကျော်မြင့်၊ ကိုခင်မောင်ကလေး၊ ကိုထွန်းရှိန်၊ ကိုဘကလေး တို့ကို တွေ့ရ သည်။ မက်[illegible]သာဒစ်ကျောင်းမှ ချစ်ကိုလှကိုလည်း ကိုသိန်း ဖောင်နှင့်ပူးတွဲပူးတွဲတွေ့ရသည်။ ကိုကျော်ငြိမ်းသည် အားလပ် သည့် အချိန်[illegible]လေးများတွင် [illegible]အုပ်တွေကို ခေါင်းအုံးကာ ခုံရှည်ပေါ်[illegible]လှဲ[illegible]င်းစာဖတ်နေတတ်သည်။ တခါတရံ ပျော်ပျော် [illegible] သီချင်းကို [illegible]ညာင်နာနာ အသံကလေးနှင့် သီဆိုတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရွှေကိုယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ လူကိုပါယူသည်။ ယူသန္တရာလုပ်တော်မူကြသည်။ အမျိုးပျောက်မှာ စိုးကြောက်ပါလှသည်။ ကြာယင်နစ်မွန်းမည်"

ဒီသီချင်းတပုဒ်ကို အတော်နှစ်သက်ဟန်တူပါသည်။ ကိုထွန်းရှိန်နှင့် ကိုဘကလေးတို့လည်းသီချင်းဆိုကောင်းများ ဖြစ်ကြလေသည်။ ကိုထွန်းရှိန် သည် ကုလားထိုင်ကို မှီ၍ ခြေနှစ်ဘက်ကို အခြားကုလားထိုင် တလုံးပေါ်တင်ကာ ခြေသလုံးမှ ဝဲခြောက်တွေကို ကုပ်ယင်းဖွဲ့ယင်း သီချင်းဆိုနေတတ်သည်။ ကိုခင်မောင်ကလေးသည် ဟိုပြေးသည်ပြေးနှင့် သက်သေများကို စုရသည်။ ကိုသိန်းအောင်နှင့် ကိုကျော်မြင့်တို့လည်း သက်သေများခုံရုံးရှေ့တွင်ထွက်ဆိုရေး အတွက် အစီအစဉ် ပြုလုပ်ကြသည်။ ချစ်ကိုလှသည် ဒက်ဆုရခဲ့သော ကျောင်းသူကျောင်းသားများ စာရင်းကို ရေးနေသည်။

သမဂ္ဂတွင် အနေ အထိုင်သာ ဆင်းရဲသည် မဟုတ်၊ အစားအသောက်ကလည်း သမဂ္ဂ လက်စွဲတော် ဦးကံသိန်းချက်ကျွေးသည့် ထမင်း ဟင်းကို အတော်ကြိတ်၍မျိုကြရ၏။ ထမင်းကလည်း ကြမ်းသည်။ ဟင်းကလည်း နေ့စဉ်ပင် တမျိုးတည်း ထပ်တလဲလဲ။

ဦးကံသိန်း၏တမျိုးတည်းသောဟင်းကား မန်ကျည်းရွက်နှင့် ငါးခြောက်ရိုးဟင်း ဖြစ်သည်။ စေတနာရှိရှာပါသည်၊ သို့သော် သမဂ္ဂတွင် ရန်ပုံငွေ လုံလုံ လောက်လောက် မရှိသောကြောင့် သမဂ္ဂဝင်းထဲရှိ မန်ကျည်းပင်မှ နေ့တိုင်းခူးပြီး ငါးခြောက်ရိုးနှင့် ချည်း ရောချက်ကျွေးနေပါတော့သည်။





"ဦးကံသိန်း ဒီနေ့ ဘာဟင်းလဲဗျ" ဟု နံနက်တွင်မေးလျှင် ငါးခြောက်ရိုးနဲ့ မန်ကျည်းရွက်ဖြေပါသည်။

"ဦးကံသိန်း ဒီနေ့ ဘာဟင်းလဲဗျ" ဟု ညနေတွင် မေးလျှင် "မန်ကျည်းရွက်နဲ့ငါးခြောက်ရိုး" ဟု ဖြေပါလိမ့်မည်။

"ဦးကံသိန်း၊ ဒီနေ့ ငါးခြောက်ရိုး နဲ့ မန်ကျည်းရွက်မဟုတ်လား" ဟု နောက်တနေ့ တွင်မေး ဖြေ ဖြေလိုက်လျှင် သူသည် မျက်စိမပကလပ် ပေကလပ်နှင့်အံ့အားကြီးသင့်နေတတ်ပါသည်။

"ဟာ ဆရာကလဲ သိသားနဲ့" ဟု အတန်ကြာမှ စကားထွက်လာပြီး "ဒီနေ့ နေ့တိုင်းနဲ့မတူပါဘူး" ဟု ဆက်ပြောသည်။

"ဘာဟင်းများလဲဗျ"

"ငါးခြောက်ရိုးနဲ့ မန်ကျည်းရွက်ပါပဲ"

"အို"

"မဟုတ်ဘူး ဆရာရဲ့၊ ဒီနေ့ဆီခပ်များများ ထည့်ချက်ထားတယ်" ဟု အားရပါးရ ပြောတတ်လေသည်။

ဒီလိုပင် ငါးခြောက်ရိုးနှင့် မန်ကျည်းရွက်ကိုချည်းသုံးဆောင်နေရ၍ ထမင်းမဝင်နိုင်သည့် အချိန်တွင် သူငယ်ချင်းထဲက တယောက်ယောက်လာလျှင် ပိုက်ဆံ အိတ်ကို ဝိုင်းနှိုက်ကြသည်။ ခပ်တောင့်တောင့်ကလေးများ ပါလာလျှင် တရုတ်တန်းသို့ ဆွဲခေါ်သွားပြီး စားပိုးနင့်အောင် စားကြပါတော့သည်။

စုံစမ်းရေးအဖွဲ့ရုံးစိုက်ရာ ဌာနကား မြို့တော်အဆောက်အအုံတွင် ဖြစ်ပါသည်။ ကျောင်းသားများဘက်မှ ပတ်လုံတော်ရ ဦးအေးမောင်က လိုက်ပါ ဆောင်ရွက်သည်။ ပုလိပ်တို့ဘက်မှ မစ္စတာ ဟင်ဒါဆင်က လိုက်ပါ ဆောင်ရွက်သည်။ သက်သေပေါင်း ၆၂-ယောက်ကို စစ်ဆေးရလေသည်။ ထို၆၂-ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကား ကျောင်းသူ ကျောင်းသား ၃၅-ယောက်၊ ကျောင်းဆရာ ၃-ယောက်၊ လွှတ်တော် အမတ် ၄-ဦး၊ အမျိုးသားသူနာပြုဆေးရုံမှ ၅-ယောက်၊ သခင် ၁-ဦး၊ သတင်းစာဆရာ ၂-ဦး၊ ဓာတ်ပုံဆရာ ၃-ဦး၊ ပုလိပ်မင်းကြီးနှင့်တကွ ပုလိပ်အရာရှိ ၈-ဦး အပြင် သူရိယ သတင်းစာတိုက် မန်နေဂျာ ဦးဘကလေးတို့ ဖြစ်ကြလေသည်။

ထိုစဉ်က သက်သေခံရသော လွှတ်တော်အမတ် လေးဦးကား ဦးမြ၊ ဦးဘအုံး၊ ဦးအိမ်နှင့် ဦးထွန်းအောင် ဖြစ်ပါသည်။ သူတို့အားလုံး ဦးစော၏ မျိုးချစ်ပါတီမှ ဖြစ်ကြသည်။ အယ်ဒီတာတဦးမှာ သူရိယမှ ဦးသိမ်းမောင် ဖြစ်ရာ ကျိုးနေသော ပုလိပ်တုတ်ကြီးကို သက်သေခံတင်ပြ၍ အစစ်ခံလေသည်။

ကျွန်တော့်ကို စစ်ဆေးသောအခါ တွေ့မြင် ဖြစ်ပျက်သမျှကို အကျဉ်းချုပ်၍ထွက်ဆိုသွားပါသည်။

"မောင်အောင်ကျော်ကို သူရိယတိုက်ထဲ ယူသွားတော့ သတိလစ်နေသလား" ဟု အဖွဲ့ဝင်တဦးကမေးလေသည်။

"ဟုတ်ကဲ့၊ သတိလစ်နေပါတယ်"

"မောင်အောင်ကျော်ကိုဘယ်နားမှာ တွေ့သလဲ"

"ကျွန်တော် ပထမ တွေ့တာ မဟုတ်ပါဘူး။ ကျွန်တော် သူရိယတိုက်နား ရောက်နေတော့ ကျောင်းသား တယောက်နဲ့ သခင် လှဖေက ပွေ့လာပါတယ်။ ကျွန်တော့်နား ရောက်တော့ သခင်လှဖေ လက်ထဲက ကျွန်တော် လှမ်းယူလိုက်ပါတယ်"

"အဲဒီတုန်းက မောင်အောင်ကျော်ရယ်လို့သိသလား"





"အစကမသိပါ၊ ခေါင်းမှာလဲသွေးတွေပေနေပါတယ်။ ဒါပေမယ့် သူရိယတိုက်ထဲ ရောက်တော့ ကိုအောင်ကျော် မှန်းသိပါတယ်"

"မောင်အောင်ကျော်ကို သိတာဘယ်လောက်ကြာပြီလဲ"

"မနှစ်က ကျောင်းဖွင့်ကတည်းကသိပါတယ်၊ သမဂ္ဂမယ် ခဏခဏတွေ့နေပါတယ်"

ထို့နောက်ဘယ်ပုံ ဘယ်နည်းနှင့် သူရိယတိုက်ထောင့် ရောက်သွားသည့်အကြောင်းများကိုပါ အစစ်ခံရလေ၏။

သုံးရက်ခန့်ကြာသောအခါ ကျွန်တော်မန္တလေးသို့ ပြန်သွားပါသည်။

"ဘယ်နဲ့လဲကွ၊ ဘာတွေ အစစ်ခံခဲ့သလဲ၊ မင်းတို့ ဘာထွက်နေနေ" အလကားပါကွာ" ဟု တဦးက ဆိုပါသည်။

"ဘယ်ဒီလို ဟုတ်မလဲ ခင်ဗျ၊ ဒီပုလိပ်တွေ မတရားဆဖြင့် ဥပဒေလက်လွှတ် လုပ်တာ ထင်ရှားယင် ထင်ရှားသလို အရေးယူရမှာပေါ့" ဟု ကျွန်တော်က ခပ်ဆတ်ဆတ် ပြန်ပြောပါသည်။

"အေး အေး၊ ကြည့်သေးတာပေါ့ကွာ" ဟု တယောက်က ဆိုလေသည်။

(၄)

၁၉၃၉- ခု၊ စက်တင်ဘာလအတွင်းတွင် အစီရင်ခံစာထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းစစ်ဆေးပြီး အစီရင်ခံသည့် အချက်များကား—

(၁) ဒီဇင်ဘာလ ၂၀-ရက်နေ့အတွင်း ဝန်မျာ ရုံးအနီးတွင် ရောက်ရှိလာကြပြီး ပုလိပ်တို့နှင့် ပဋိပက္ခ ဖြစ်ကြသည့် လူထု ပရိသတ်တွင် မည်သူများ ပါဝင်ကြသည်။

(၂) ပုလိပ်တို့က လက်နက်သုံးကာ တွန်းလှန် ကြရသည့် အကြောင်းရင်းများ။

(၃) ဤကဲ့သို့ တွန်းလှန်ရာတွင် ပုလိပ်တို့၏ အပြုအမူ။

(၄) ထိခိုက်ဒဏ်ရာ ရသူများ၏ အရေအတွက်တို့ ဖြစ်လေသည်။

သို့သော် ထွက်ပေါ်လာသော အစီရင်ခံစာမှာ ၂-မျိုးဖြစ်နေတော့သည်။ ဥက္ကဋ္ဌ ဦးဘဦးနှင့် ဦးသွင်တို့က တမျိုးရေး၍ ဦးစိန်ထွန်းအောင်ကတမျိုးရေးလေသည်။

ဦးဘဦး နှင့် ဦးသွင် တို့၏ အစီရင်ခံစာတွင် အောက်ပါ အတိုင်း ဖော်ပြကြလေသည်။

၁။ အတွင်းဝန်ရုံးကို သပိတ်တားရန်လာကြသော ကျောင်းသားများမှာ ၂၀၀၀-ခန့်ရှိ၍ ကျောင်းသူပေါင်း ၂၀၀-ခန့်ရှိသည်။ သူတို့သည် မကွေးခရိုင်တွင် အဖမ်းခံနေရသော ကျောင်းသား ခေါင်းဆောင် ကိုဗဟိန်းနှင့် ကိုဗဆွေ အပြင် အခြား အဖမ်းခံနေရသော ပုဂ္ဂိုလ်များကို လွှတ်ပစ်ရန်တောင်းဆိုချက်ကို အစိုးရက မလိုက်လျောသောကြောင့် ဤကဲ့သို့ လာရောက် သပိတ်တားကြခြင်းဖြစ်သည်။ ပုလိပ်များနှင့်ပဋိပက္ခ ဖြစ်သည့်အချိန်တွင် ကျောင်းသား ၂၀၀၀- လောက်သာရှိ၍ ကျောင်းသူ ၁၅၀- ခန့်လာရှိလေသည်။ ထို့ပြင် လူထု အစုအဝေးမှာ ကျောင်းသူ ကျောင်းသားများတွင်သာမက အပြင် လူ ၃၀၀-ခန့်လည်း ပါဝင်လျက်ရှိလေသည်ဟု အစီရင်ခံသည်။

၂။ အချက်နှင့် ပတ်သက်၍ကား ကျောင်းသူ ကျောင်းသားတို့သည် ပုလိပ်တို့ ပိတ်ဆို့ထားသည့် စပတ်လမ်းထဲသို့ ချီးဝင်ကြရာ ပုလိပ်တို့က ကျောင်းသား အချို့ကို တုတ်နှင့်ရိုက်နှက်သည်။ ကျောင်းသား တဦးသည် အင်္ဂလိပ် ဆာဂျင် တဦး၏ တုတ်ကို လုရာတွင် ဆာဂျင် မြောင်းထဲသို့ လိမ့်ကျသွားသည်။ ပုလိပ်တို့က သူတို့လူကို ကယ်တင်ဖို့ ဝိုင်းလာသောအခါ အုတ်ခဲ ကျိုး၊ ကျောက်ခဲအစရှိသည်တို့နှင့်ပစ်ခတ်ခံရသောကြောင့် ပုလိပ်မင်းကြီးက လူထုကို ရိုက်နှက် လူစုခွဲရန် အမိန့်ပေးရသည်ဟု ဆိုလေသည်။

၃။ အချက်ဖြစ်သော ပုလိပ်တို့အပြုအမူနှင့်ပတ်သက်၍ကား ပုလိပ်တို့သည် ဘီဂင်ဒတ်လမ်းနှင့် ဖရေဇာလမ်းရှိ လူစုလူအုပ်ကို ရိုက်နှက်လူစုခွဲရာ၌ ဥပဒေအရ တရားသော အပြုအမူဖြစ်သော်လည်း စပတ်လမ်းအတွင်းရှိ ကျောင်းသား ကျောင်းသူများကို ရိုက်နှက်ခြင်းသည် မတရားချေ။ ဤကဲ့သို့လူစုခွဲရာတွင် ပုလိပ်တို့သည် သက်ညှာစွာပြုမူကြပါသည်ဟု ဆိုလေသည်။

၄။ အချက်ဖြစ်သည့် ဒဏ်ရာရရှိသူများ အရေအတွက်ကား ဒေါက်တာ ဘသန်း၏ အစစ်ခံချက်ကိုမူတည်လေသည်။ ၎င်း၏ ဆေးရုံသို့ လာရောက်ဆေးထည့်သူများမှာ ၈၀-ခန့်သာရှိသည်ဟု ဆိုသည်။ ချစ်ကိုလှတင်ပြသည့် စာရင်းမှာ ဒဏ်ရာရသော ကျောင်းသူ ကျောင်းသားပေါင်း ၁၈၉- ယောက် ဖြစ်လေသည်။ သို့သော် သက်သေအထောက်အထားမရှိဆို၍ အမှန်မယူ







www.burmeseclassic.com

www.burmeseclassic.com



ချေ။ အားလုံးပေါင်း ၃၀၀-ခန့်သာရှိလိမ့်မည်ဟု ခန့်မှန်းလေသည်။

ဦးစိန်ထွန်းအောင်က သူ့အစီရင်ခံစာတွင် ပုလိပ်များပြုမူပုံမတရားသည့် အကြောင်းများကို အကျယ်တဝင့် ဖော်ပြလေသည်။ ပုလိပ်တို့သည် ကျောင်းသားတဦးကို လက်လိမ်ချိုးသည့်မှစ၍ ပုလိပ်နှင့် ကျောင်းသား ပဋိပက္ခမှုစသည်ဟုဆိုလေသည်။ ပုလိပ်တို့သည် ကျောင်းသူ ကျောင်းသားတို့အား စပတ်လမ်းထဲတွင် အဓမ္မနည်းဖြင့် လူစုခွဲသည်မှာ မတရားချေ။ 'သူတို့၏အပြုအမူမှာ အသွန်ဆိုးရွား၍ လူစိတ်ကင်းသည့် အပြုအမူများ ဖြစ်ကြသည်' ဟုပင် ဖော်ပြလိုက်လေသည်။

# စကားရည်လုပွဲ

## (၁)

၁၉၃၉-ခု။

အရေးတော်ပုံ ဂယက်သည် တဖြည်းဖြည်း ငြိမ်သက်သွားပါပြီ။ နောက်ဆက်တွဲ စာမေးပွဲများလည်း ကျင်းပပြီးစီးခဲ့လေပြီ။ ကျွန်တော်လည်း ဝိဇ္ဇာတန်းသို့ တက်ရောက်သင်ကြားရတော့မည်ဖြစ်သောကြောင့် တက္ကသိုလ်သို့ပြန်လည်ရောက်ရှိနေပါပြီ။ သို့သော် ၂-နှစ်လုံးလုံးနေထိုင်ခဲ့သော အင်းဝကျောင်းဆောင်တွင် မနေနိုင်တော့ပြီ။ ခပ်စောစော ရောက်ရှိနေသော ကျောင်းသားတွေနှင့် ပြည့်နက်လျက် ရှိပါပြီ။ ထိုကျောင်းဆောင်ကို ဂုဏ်ထူးယူသည့် ကျောင်းသားများအတွက် သီးသန့်ထားသည်ဟုလည်း သိရပါသည်။ ထို့ကြောင့် ကျွန်တော်သည် ပဲခူးကျောင်းဆောင်သို့ ရွှေ့ပြောင်းခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပဲခူး ကျောင်းဆောင်၏ ဒုတိယ အဆောင်မှူးကား ပါဠိ ကထိက ဦးလှအောင်ဖြစ်ပါသည်။ စိတ်ထားနူးညံ့ပျော့ပျောင်း၍ သာယာသောအသံနှင့် ပြည့်စုံပါသည်။ သူပြောသောစကားများသည်ကြည်လင်အေးမြသောဓာတ်ကို ဆောင်လာပါသည်။ ပဲခူးကျောင်းဆောင်တွင် ရောက်စက ရင်းနှီးသောမိတ်ဆွေများ မရှိသေး၍ ပျင်းခြောက်ခြောက်ဖြင့် နေခဲ့သော်လည်း မကြာခင် အချင်းချင်း ရင်းနှီးလာကြသောကြောင့် ပျော်စရာ လောကကလေးဖြစ်လာပါသည်။

ထို့နောက် ကျွန်တော်တို့စာရေးဖော်ချင်းဖြစ်သော ကိုတင်မောင်(တက္ကသိုလ်ထင်ကြီး)လည်း ထိုကျောင်းဆောင်သို့ရောက်ရှိလာပြန်ပါသည်၊ သူသည် ဝိဇ္ဇာတန်းအောင်မြင်ပြီး၍ ဥပဒေတန်းတက်ရန် ရောက်လာခြင်းဖြစ်လေသည်။ သူ့အခန်းနှင့် ကျွန်တော့်အခန်းမှာ ကပ်လျက်ရှိနေပါသည်။ ကျွန်တော်တို့နှစ်ဦးမှာ အတော်ပင် ဘက်ရနေကြပါသည်။

သို့သော် ကိုတင်မောင်နှင့်ပတ်သက်၍ ကိုဗဟိန်း တခါက ပြောဖူးသည်ကို သတိရမိပါသည်။

"ကျွန်တော်နဲ့ကိုဘင်မောင်နဲ့ရင်းရင်းနှီးနှီးပေါင်းခဲ့တယ်ဗျ၊ ကျွန်တော်ကတော့ တနေ့နေ့ကျယင် သူနိုင်ငံရေး ဝါသနာပါလာမှာပဲလို့ အောက်မေ့တာ၊ ဘယ်ဟုတ်မလဲဗျာ၊ ကျွန်တော် ဝါသနာပါတဲ့ နိုင်ငံရေးကို သူဝါသနာပါမလာပဲ၊ သူဝါသနာပါတဲ့ ဓာတ်ပုံရိုက်တဲ့အလုပ်ကို ကျွန်တော် ဝါသနာပါသွားပါရောလား" ဟု ကိုဗဟိန်းက အားရပါးရ ပြောဖူးပါသည်။ သူနှင့် ပေါင်းမိမှ ကျွန်တော့်မှာ ဓာတ်ပုံဝါသနာ ပါလာပါတော့သည်။





ပထမနှစ် ဝိဇ္ဇာတန်းတွင် သင်ကြားရမည့် ဘာသာတွဲများကိုလည်း ရွေးချယ်ကြရသည်။ မိမိဓာတ်ခံနှင့် မကိုက်ညီသော ဘာသာရပ်များကို ယူထားမိလျှင် မငြိအောင်နိုင်ပဲ ဖြစ်နေတတ်ပါသည်။ ထို့ကြောင့် ဂရုတစိုက်ရွေးချယ်ကြရပါသည်။

ကျွန်တော့်အဖို့တော့ ဥပစာတန်းတုန်းက တခါပြန်ဖြေခဲ့ရသော ရူပဝင်ဘာသာကို ပြန်မကြည့်လိုတော့ပေ။ ထို့ကြောင့် အင်္ဂလိပ်စာပေ၊ မြန်မာစာပေနှင့် ပါဠိကို ရွေးချယ်ပြီး ယူလိုက်ပါသည်။

"ဂုဏ်ထူးယူဖို့ ကောင်းတယ်၊ ဂုဏ်ထူးယူတာက သုံးနှစ်နေလိုက်ယင် ဘွဲ့ရဖို့တော့ သေချာတာပဲ။ ရိုးရိုးဆိုယင် ဆက်ဆက်ကျနေယင် ဒုက္ခပဲ" ဟူသော ရှေ့မိနောက်မိ ကျောင်းသားကြီးများ၏ သြဝါဒကိုလည်း နာခံရပါသည်။

"ပြီးတော့ အရေးပိုင်တန်း၊ ဝန်ထောက်တန်း စာမေးပွဲဝင်တာတို့၊ ပညာတော်သင်သွားဖို့ ကိစ္စတို့ကျတော့လဲ ဂုဏ်ထူးယူထားတော့ ပိုပြီး အခွင့်အရေး ရတာပေါ့" ဟုလည်း ပြောပါသည်။

ကျွန်တော့်အဖို့တော့ ဘာလုပ်ရမည် မသိပါ။ သို့သော် သုံးနှစ်နှင့် သေချာပေါက် ဝိဇ္ဇာဘွဲ့ ရဖို့ကိုတော့ သဘောကျမိပါသည်။ ဝိဇ္ဇာရိုးရိုးတန်းများတွင် သုံးလေးနှစ် ဆက်ကျနေသူများကိုလည်း မျက်ဝါးထင်ထင် မြင်နေရသောကြောင့် ဖြစ်ပါသည်။ သို့နှင့်ပင် ပထမနှစ် မြန်မာဂုဏ်ထူးတန်းကို အခြားအသိမိတ်ဆွေများနှင့် ရောနှောတက်ရောက်လျက် ရှိပါသည်။ စင်စစ်တော့ ထူးထူးခြားခြား သင်တန်းတက်ရသည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com


တပတ်လျှင် တချိန် ကျောင်းစာ သင်တန်းကိုသာ တက်ရောက်သင်ကြားရခြင်း ဖြစ်ပါသည်။

(၂)

နှစ်ဦးတွင် ထုံးစံအတိုင်း တက္ကသိုလ်ရှိ အသင်း အသီးသီးတို့သည် လှုပ်ရှားလျက် ရှိကြလေသည်။ အသင်းပေါင်းကလည်း စုံလှပါသည်။ လူမျိုးအလိုက် ဖွဲ့စည်းထားသော အသင်းတွေလည်း ရှိသည်။ သင်ကြားသော ဘာသာရပ်များကိုမှီး၍ ဖွဲ့စည်းထားသည့် အသင်းများလည်း မနည်း။ ကျောင်းသူ ကျောင်းသားများ၏ ဇာတိ ဒေသအလိုက် ဖွဲ့စည်းထားသော အသင်းများကိုလည်း တွေ့ရသည်။ နေခဲ့သော ကျောင်းများကို အစွဲပြု၍ ဖွဲ့ထားသည့် အသင်းများကိုလည်း ကြုံရသည်။ ဘာသာရေးကို အကြောင်းပြု၍ တည်ထောင်ထားသော အသင်းများလည်း ရှိသည်။

နှစ်ဦးတွင် ထိုအသင်းများကို ပြန်လည်ဖွဲ့စည်းကာ အမှုဆောင်သစ်များကို ရွေးကောက် တင်မြှောက်ကြစမြဲတည်း။ ပြီးလျှင် အမှုဆောင်လူကြီးတို့သည် အသင်းသားဦးရေ များပြားအောင် နည်းအမျိုးမျိုးတို့ဖြင့် ဆောင်ရွက်ကြရသည်။ နှစ်စဉ်ကြေးများကိုလည်း ပိုက်စိပ်တိုက်၍ ကောက်ခံကြသည်။

"ကျွန်တော်တို့အသင်းကို ဝင်ပါခင်ဗျာ" ဆိုတိုင်းသာ အသင်းသားအဖြစ် ပါဝင်ရလျှင်လည်း နှစ်စဉ်ကြေးများကို ပေးဆောင်ကြရသည်နှင့်ပင် ဘဏ္ဍာရေးကို အထူးထိခိုက်မည် ဖြစ်လေသည်။ လာရောက်ကောက်ခံသူများကို မျက်နှာပြောင်



တိုက်ကာ "မဝင်ချင်ပါဘူးဗျာ" ဟု ပြောရမှာကလည်း မြန်မာ့သွေးကလေးကြောင့် အားနာပါးနာ ရှိလှသည်။ ထို့ကြောင့် အသင်းတိုင်းမှ အလှူခံပုဂ္ဂိုလ်များကို ရှောင်ရတိမ်းရသည်မှာလည်း တဒုက္ခ။

ဤကဲ့သို့ ရှောင်းယင်းတိမ်းယင်းကပင်လျှင် ကျွန်တော်တို့လည်း အသင်းတခုကို ဦးစီးရန် တိုင်ပင်ကြသည်။

"ကျွန်တော်တို့မြန်မာအသင်းကြီးဟာ တခြားအသင်းတွေနဲ့ စာယင် မျက်နှာငယ်တယ်။ ဒီနှစ် ကျကျနန လုပ်ကြရအောင်" ကိုတင်မောင်သည် ကျွန်တော့်ကို စ၍ပြောလေသည်။

"ကောင်းတာပေါ့၊ ခင်ဗျားက အတွင်းရေးမှူးလုပ်ဗျာ။ ကျွန်တော်လဲ ကူညီပါ့မယ်" ဟု ကျွန်တော်က အားပေးသည်။ ကိုတင်မောင်က အင်တင်တင် လုပ်နေပါသည်။

သူက ကျွန်တော့်ကို အတွင်းရေးမှူးလုပ်ရန် ပြန်၍ တိုက်တွန်းပြန်သည်။ ကျွန်တော်တို့နှစ်ဦးသည် အကြောင်းအမျိုးမျိုးပြကာ တယောက်ကိုတယောက် အပြန်ပြန်အလှန်လှန် တာဝန်လွှဲနေကြပါသည်။ နောက်ဆုံးကျသောအခါ အခြားသူများကပါ ဝိုင်း၍ တောင်းပန်သောကြောင့် ကိုတင်မောင်က အတွင်းရေးမှူးရာထူးကို လက်ခံပါမည်ဟု ကတိပြုလိုက်လေသည်။

၁၃၀၁-ခု၊ တော်သလင်းလဆုတ် ၁-ရက်နေ့။

အမှုဆောင်သစ်များ ရွေးကောက် တင်မြှောက်ရမည့်နေ့သို့ ရောက်ပါပြီ။ နှစ်ဟောင်းက အတွင်းရေးမှူး ကိုဗကိုက အမှုဆောင်များ ရွေးကောက်ရန် အစည်းအဝေးကို အခန်းနံပတ်လေးတွင် ညနေ ၄-နာရီအချိန်၌ ကျင်းပမည်ဟု ကြေညာထားပါသည်။ ကျွန်တော့်မှာ အထူးကိစ္စများလျက် ရှိပါတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ လျှာထားသည့် အတွင်းရေးမှူးလောင်းကား မြို့ထဲမှ ပြန်မရောက်။ အချိန်မီ ပြန်ရောက်မလာသေးကြောင့် သူ့ကို စိတ်ဆိုးလျက်ရှိသည်။ အစည်းအဝေးနေ့သို့ ရောက်ကြပါပြီ။ ကိုတင်မောင်ကား မလာသေး။ ဆရာဦးအေးမောင်က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်၍ ကိုဗကိုက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ အတွင်းရေးမှူးသည် ယမန်နှစ်က အစီရင်ခံစာကို ဖတ်နေပါပြီ။ ကိုတင်မောင်ကိုကား မမြင်ရသေး။

"ဟေ ဘယ်နှဲ့လဲ၊ ကိုတင်မောင် လာပါ့မလား။ ဘယ်နှဲ့လုပ်မလဲ"ဟု ကိုသောင်းကြည် (ပဲခူးကျောင်းဆောင်)က ကျွန်တော့်နား ကပ်မေးလေသည်။

"လာမှာမဟုတ်ပါဘူးဗျာ၊ သူ့ရည်းစားအိမ် သွားတာဗျ။ သွားမိယင် ဘယ်တော့မှ မိုးမချုပ်မချင်း ပြန်မရောက်ဘူး"ဟု ကျွန်တော်က စိတ်ဆိုးဆိုးနှင့် ပြန်ပြောလိုက်ပါသည်။

"ခက်တာပဲ၊ ခက်တာပဲ"ဟု ကိုသောင်းကြည်က ညည်းညူလေသည်။

"ဒီလူ ပြန်လာမှ ဝိုင်းထိုးရအောင်ဗျာ။ သိပ်ဂွတိုက်တဲ့လူ" ဟု ကျွန်တော်လည်း ဒေါသသံနှင့် ပြန်ပြောမိပါသည်။

အမှုဆောင်များ ရွေးကောက်တင်မြှောက်ရန် စခန်းသို့ ရောက်နေပါပြီ။ ကိုတင်မောင်ကိုကား အစအနကိုပင် မတွေ့ရသေးပါ။ သူ့အတွက် ကျွန်တော် စိတ်အားလျော့လိုက်ပါပြီ။

အသင်းနာယက လူကြီးများကို ပထမ ရွေးကောက်ပါသည်။ တင်မြှောက်လိုက်သည့် ပုဂ္ဂိုလ်များကား ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၊ ပါမောက္ခ မစ္စတာကာစင်၊ မြန်မာဆရာကြီး ဦးပွား၊ ဇမ္ဗူ့မိတ်ဆွေ တိုက်ပိုင်ရှင် ဦးဘကျော်နှင့် အစိုးရ ရွှေနေချုပ်ကြီး ဦးသိမ်းမောင်တို့ ဖြစ်ပါသည်။

ဥက္ကဋ္ဌအဖြစ်ဖြင့် မြန်မာဆရာကြီးဦးလင်းကိုရွေးကောက်ပြီးလျှင် ဒုတိယ ဥက္ကဋ္ဌများအဖြစ် ဆရာ ဦးလှအောင်နှင့် ဆရာဦးအေးမောင် တို့ကို တင်မြှောက် ကြပါသည်။ ဘဏ္ဍာထိန်းလူကြီးအဖြစ် ဒေါက်တာ ထင်အောင်နှင့် စာရင်းစစ် လူကြီးအဖြစ် ဆရာ ဦးဘိုးသာကို တင်မြှောက်ကြလေသည်။

အတွင်းရေးမှူးရွေးရန် အချိန်ရောက်လာပါပြီ။ မည်သူ့များ မည်သူက အဆိုတင်သွင်းလိမ့်မည်နည်းဟု ငြိမ်၍ နားထောင်နေမိသည်။ ထိုအချိန်တွင် ကျွန်တော့် အနီးတွင် ထိုင်နေသော ကိုသောင်းကြည်သည် နေရာမှရုတ်တရက်ထ၍ အတွင်းရေးမှူးနေရာအတွက် ကျွန်တော့်ကို အဆိုတင်သွင်း လေတော့သည်။ ကျွန်တော်သည် ခေါင်းနပန်းကြီးသွားပါသည်။ ကိုတင်မောင်အောင်က တဖန် ကိုသောင်းကြည်၏ အဆိုကို ထောက်ခံလိုက်ပြန်ရာ ကန့်ကွက်သူမရှိ အတည် ဖြစ်သွားလေသည်။ သို့နှင့် ကျွန်တော်သည် ဘာမသိညာမသိနှင့် အတွင်းရေးမှူး ဖြစ်သွားရပါတော့သည်။

ပြီးလျှင် လက်ထောက် အတွင်းရေးမှူးအဖြစ် ကိုတင်မောင်အောင်ကို ရွေးကောက်ကြပြန်ပါသည်။ ကျောင်းဆောင်အသီးသီးနှင့် နေ့ကျောင်းသူ ကျောင်းသားများထံမှ ကိုယ်စားလှယ်များ စာရင်းကိုလည်း တောင်းဆိုရန် စီစဉ်ကြသည်။ ထို့နောက် သဘာပတိက နိဂုံးချုပ် မိန့်ခွန်း မြွက်ကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်လေသည်။


(ဒုတိယအကြိမ်) စပယ်ဦး၊ ၁၁၀၀

www.burmeseclassic.com

ကိုတင်မောင်ကား အစောကြီးမိုးချုပ်မှပြန်ရောက်လာလေသည်။ ကျွန်တော်တို့ တတွေက သူ့ကို ဝိုင်း၍ဆူကြ ပွက်ကြသည်။

"ခင်ဗျားတို့ သိပ်ပြီးမဆူကြပါနဲ့။ ကျွန်တော်အတွင်းရေးမှူး မဟုတ်ပေမယ့် ကျွန်တော် အားလုံး လုပ်ပေးပါ့မယ်" ဟု ကတိပြုလေသည်။

ထိုနေ့မှစ၍ ကျွန်တော်တို့ တတွေမှာ အလုပ် များကြလေတော့သည်။ ကျောင်းဆောင် အသီးသီးတို့နှင့် နေ့ကျောင်းသူ နေ့ကျောင်းသားများ၏ ကိုယ်စားလှယ်များ အမည်များကို အချိန်မီရအောင် တောင်းဆိုရသည်။ ထိုကိုယ်စားလှယ်များမှ တဆင့် အသင်းသူ အသင်းသားများကို စည်းရုံးရသည်။

အင်းလျား ကျောင်းဆောင်ကိုယ်စားလှယ်များဖြစ်ကြသော မခင်အေးမူနှင့် မခင်ညွန့်တို့ထံသို့ မကြာခဏ သွားရောက်ကာ အသင်းသူ များများရရန်ကြိုးစားစည်းရုံးဖို့ တိုက်တွန်းနှိုးဆော်ကြရသည်။

နေ့ကျောင်းသူ ကိုယ်စားလှယ် မကြည်မြင့်နှင့် မခင်ကြည်တို့ကလည်း နေ့ကျောင်းသူ အတော်များများ အသင်းဝင်ဖြစ်အောင် ကြိုးပမ်းကြသည်။

ကျောင်းဆောင် အသီးသီးမှ ကိုယ်စားလှယ်များအနက် အချို့အသင်းအဘွက် အတော်ပင်ကူညီဝိုင်းဝန်း၍ဆောင်ရွက်ကြသည်။ ပင်းယ ကျောင်းဆောင်မှ ကိုခင်မောင်လတ်၊ စစ်ကိုင်းကျောင်းဆောင်မှ ကိုမောင်ကြီးနှင့် ကိုစိန်လှ၊ အင်းဝကျောင်းဆောင်မှ ကိုမောင်မောင်ခင်နှင့် ကိုမောင်မောင်၊ ပုဂံကျောင်းဆောင်မှ ကိုသောင်းကြည်နှင့် ကိုတင်မောင်၊ တကောင်းကျောင်းဆောင်မှ ကိုစောတို့သည် အထူး အကူအညီ ရသူများဖြစ်ကြပါသည်။ အချို့ကျောင်းသားများက နာမည်ထည့်ထားသော်လည်း အသင်းကိစ္စများတွင် ဘာတခုမျှထိထိရောက်ရောက် ကူညီဆောင်ရွက်သည်ကို မတွေ့ရပါ။ ဤကား ဓမ္မတာတည်း။

၁၉၃၉-ခု၊ အောက်တိုဘာလ ၄-ရက်နေ့။

ထိုနေ့၌ ပထမအကြိမ်မြောက် အမှုဆောင်အစည်းအဝေးကို တက္ကသိုလ်ကျောင်းတိုက် အခန်းနံပတ် ၄-တွင်ညနေ ၄-နာရီ၌ ကျင်းပလေသည်။ အမှုဆောင်များ အားလုံးမစုံညီပါ။ သို့သော် အများပင် တက်ရောက် ကြပါသည်။ ထိုအစည်းအဝေးပွဲတွင် နှစ်စဉ်ကြေးကောက်ခံရေးနှင့် တနှစ်လုံးအတွက် လုပ်ငန်းစဉ်ကို ရေးဆွဲကြလေသည်။

လုပ်ငန်းအတိုင်း သင်းလုံးကျွတ် အစည်း အဝေးကြီးကို ၁၉၃၉-ခု၊ အောက်တိုဘာလ ၁၂-ရက်ညနေ ၇-နာရီခွဲအချိန်တွင် ကျင်းပရန် စီစဉ်ထားကြလေသည်။ ထိုစဉ်က ဆရာဦးဝန် (မင်းသုဝဏ်)မှာ ဘိလပ်အောက်စဖို့ တက္ကသိုလ်မှ ဘီလစ်ဘွဲ့ထူးကို ဆွတ်ခူး၍ပြန်လာခါစ အချိန်ဖြစ်လေသည်။ ကျွန်တော်တို့ ကျင်းပမည်ဖြစ်သောအစည်းအဝေးပွဲတွင် ဆရာဦးဝန်အား ဘာသာရပ်တခုခုကို ဟောပြောပါမည့် အကြောင်း တောင်းပန်ကြရလေသည်။

"အေး အောက်စဖို့ တက္ကသိုလ်အကြောင်း ဟောမယ်" ဟု ဆရာကလည်း ဝန်ခံလိုက်လေသည်။

အစည်းအဝေးပွဲကို တက္ကသိုလ် အစည်းအဝေးခန်းမဆောင်ကြီးတွင် ကျင်းပရာ ဆရာကြီးဦးလင်းက သဘာပတိ အဖြစ်ဖြင့် ဆောင်ရွက်ပါသည်။ ကျောင်းသူ ကျောင်းသားတွေ အတော်





www.burmeseclassic.com

www.burmeseclassic.com

များများ တက်ရောက်ကြပါသည်။ ဆရာဦးဝန်က အောက်စဖို့ တက္ကသိုလ် အကြောင်းကို ကျောင်းသားတို့ ပညာသင်ကြားရေး နေထိုင်ရေးမှအစ အဆောက်အအုံကြီးများ တည်ရှိပုံများကိုပါ ထည့်သွင်း၍ စိတ်ဝင်စားဖွယ်ရာ ပြောဟာ သွားလေသည်။

အောက်စဖို့တက္ကသိုလ် အကြောင်းနှင့်ပတ်သက်၍ ဦးစိန်တင် (သိပ္ပံမောင်ဝ) ရေးခဲ့သည်ကို ဖတ်ဖူးသော်လည်း ဆရာဦးဝန် ပြောဟာ သွားရာတွင် ဦးစိန်တင်၏ စာအုပ်တွင် မပါသည့် ဆန်းသစ်သော အတွေ့ အမြင် များကို ကြားသိလိုက်ကြရလေ သည်။

(၃)

ကျွန်တော်တို့သည် လုပ်ငန်းစဉ် တခုကို စကြပြန်လေသည်။ စာရေးဆရာများ၏စကားပြောပြိုင်ပွဲတရပ်ကို ကျင်းပကြရန် ဖြစ်လေသည်။

"တက္ကသိုလ်က စာရေး ဆရာတွေက တဘက်၊ ပြင်ပက စာရေး ဆရာတွေက တဘက်ထားပြီး စကားရည်လုပွဲ လုပ်ကြ ရယင် ကောင်းမှာပဲ"ဟု ကျွန်တော်က စပြောမိလေသည်။

"အင်း....ကောင်းတော့ကောင်းတယ်။ ဒါပေမယ့် ရန်တိုက် ပေးသလိုများ ဖြစ်နေမလားလို့"ဟု ကိုတင်မောင်က ဆိုလေ သည်။

အမှန်ပြောရလျှင် ထိုစဉ်က စာရေးဆရာများသည် နှစ်စိတ် ကွဲနေသည်ဟု ဆိုရပေမည်။ တက္ကသိုလ် နယ်မြေမှ စာရေးသူ များနှင့်အပြင်အပမှ စာရေးသူများသည် ဆက်စပ်၍မရအောင်





ဖြစ်နေကြပါသည်။ မကြာသေးမီက အင်္ဂလိပ် စာရေးဆရာကြီး အိပ်ဂျီဝဲ လာစဉ်တွင် စာရေးဆရာ အားလုံး ပေါင်းမိကာ ညှိခံပွဲများ ပြုလုပ်ခဲ့ကြသည်။ သို့သော်ယာယီမျှသာ ပူးပေါင်း လိုက်ခြင်း ဖြစ်သည်။ အစဉ်သဖြင့်ကား ဆက်စပ်မှု မရှိကြချေ။

"တက္ကသိုလ်ကချာတိတ်တွေဟာအလကားပါ။ စိတ်ကူးဉာဏ် သိပ်မရှိပါဘူး။ သူတို့ရေးတဲ့ စာတွေဟာ အင်္ဂလိပ် စာအုပ်တွေ ကချည်း ခိုးချနေတာပါ"

အချို့သော အပြင်အပမှ စာရေးဆရာတွေက ထင်ကြသည်။ အချို့ ဖွင့်ဟ၍ပင်မြွက်ကြားသည်။

"ဒီအပြင်က ကြေးစားစာရေးဆရာတွေဟာ ခေတ်ပညာကိုမှ ဟုတ္တိ ပတ္တိ မတတ်ပဲ၊ တမူးတန် ဝတ္ထုကလေးပြီး ဘာရေးတတ် မှာလဲ။ အဆင့်အတန်းမီတဲ့ စာမျိုး မရေးနိုင်ပါဘူး"

တက္ကသိုလ်နယ်မြေမှ အချို့ကလည်း ဤကဲ့သို့ဆိုကြသည်။ ထို့ကြောင့် သူတို့နှစ်ဖွဲ့ကို တဖက်စီ ထားကာ စကားနိုင်လုရေး ဖြစ်ပါမလားဟုစိုးရိမ်ကြခြင်း ဖြစ်လေသည်။

"ဒီလိုဆိုယင်လဲ အပြင်က နာမည်ကြီး စာရေးဆရာ တွေကို ဖိတ်ပြီး၊ တက္ကသိုလ်ကျောင်းက ကျောင်းသူ ကျောင်းသားတွေနဲ့ မိတ်ဆက်ပေးတဲ့ သဘောနဲ့ စာပေ ဟောပြောပွဲ လုပ်ကြယင် မကောင်းဘူးလား" ဟု ကျွန်တော်ကအကြံပေးပါသည်။ ကျွန် တော်တို့သည် တက္ကသိုနှင့် အပြင် အပ စာပေလောကရှိ ဆရာ ကြီးများကို ဆက်စပ်၍ပေးချင်ပါသည်။

"ဒီလိုလုပ်ဗျာ၊ အပြင်က စာရေးဆရာ တွေချည်းပဲ စကား ရည်လုပွဲ လုပ်ကြရအောင်" ဟု ကိုတင်မောင်က ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စကို အပြန်အလှန် အတန်ကြာအောင် ဆွေးနွေးကြပြီး နောက် ထိုကိစ္စကို ဖြစ်မြောက်အောင် ဆောင်ရွက်ရန် သဘောတူကြလေသည်၊ သဘောတူကြသည်ကတော့ ဟုတ်ပါပြီ၊ ရုပ်လုံးဖော်ရာ၌ မလွယ်ကူလှ၊ စာရေးဆရာတွေကို ရွေးရသည်၊ စကားရည်လုပွဲတွင် ပြောဆိုရမည့် ဘာသာရပ်ကိုလည်းစိတ်ကူးရသည်။ မည်သူ့ကို အဆိုဘက်က ထားမည်၊ မည်သူ့ကို ကန့်ကွက်သည့်ဘက်မှထားမည် ဟူသော အချက်အလက်များကိုလည်း စဉ်းစားကြရသည်။

ပထမစာရေးဆရာများကိုရွေးကြသည်။

ဇဝန၊ သခ္ခါ၊ ဒဂုန်နတ်ရှင်၊ ရွှေစကြာ၊ ညာဏ၊ မဟာဆွေ၊ ရွှေဥဒေါင်း။

ကိုတင်မောင်ကစာရွက်ပေါ်တွင်ရေးချသည်။

အမျိုးသမီးစာရေးဆရာများကိုရွေးကြပြန်သည်။

ဒဂုန်ခင်ခင်လေးနှင့် ခင်မျိုးချစ်ကိုရွေးထားကြလေသည်။

ဒီလိုဆိုယင် အမျိုးသား စာရေးဆရာ ခုနစ်ယောက်နဲ့ အမျိုးသမီးစာရေးဆရာ နှစ်ယောက် ပေါင်း ကိုးယောက် ဖြစ်နေပြီ။ တဖက် ဘယ်နှစ်ယောက် ထားမလဲ၊ ဘက်မညီပဲ နေလိမ့်မယ်'' ဟု ကျွန်တော်ကပြောပါသည်။

''အမယ် ကိုယ့်လူ အသာနေစမ်းပါဦး၊ ဒီလူတွေအားလုံးက ခင်ဗျား ဖိတ်တိုင်း လာချင်မှ လာကြမှာ'' ဟု ကိုတင်မောင်က ဆိုလေသည်။

''အင်း ဟုတ်တယ်၊ တဖက်သုံးယောက်ဆို တော်ရောပေါ့၊ ဒါလောက်တော့ရပါလိမ့်မယ်'' ဟု ကျွန်တော်ကပြောပါသည်။





''ကဲ အဆိုသွင်းရမယ့် အကြောင်းကို စဉ်းစားရအောင်''

ထိုကိစ္စကို အတော်ကြီး ကြာအောင် စဉ်းစား ကြသည်။ တယောက်တချိုးအကြံပေးကြသည်။ အချို့ကလည်း ကြီးကျယ်လေးနက်သည့် အကြောင်းများကို ပြောဟောစေချင်ကြသည်။

''စကားရည်လုပွဲဆိုတာ နိုက်နိုက်နဲ့နဲ့ ဘာသာရပ်ကြီးတွေကို ပြောခိုင်းဖို့ သိပ်မကောင်းဘူးခင်ဗျ၊ အားလုံးနားလည်လွယ်ပြီး ပြောလို့ကောင်းမယ့် ဘာသာရပ်မှဖြစ်မယ်၊ ပြီးတော့ နှစ်ဘက်စလုံးကလဲ ပြောနိုင်တဲ့ အချက်ခတွေရှိရမယ်'' ဟု ကိုတင်မောင်က ဆိုပါသည်။

နောက်ဆုံးတွင် အမျိုးမျိုး အကြံ ပေးကြသည့် အထဲက 'အလှမ်းဝတ္ထုရေးခြင်းသည် ဟာသဝတ္ထုရေးခြင်းထက် ပိုမို၍ အကျိုးရှိသည်' ဟူသော အဆိုကို ရွေးချယ် လိုက်ကြပါသည်။

ထို့နောက် စာရေးဆရာများကို တွေ့ဆုံ၍ စကားရည်လုပွဲသို့ တက်ရောက် ပြောကြားပါမည့်အကြောင်း လိုက်လံတောင်းပန်ကြရလေသည်။ ကိုတင်မောင်နှင့် ကျွန်တော်မှာ ရန်ကုန်မြို့ပေါ်တွင် အနှံ့ အပြား နေထိုင်လျက် ရှိကြသော စာရေးဆရာအိမ်များသို့ သွားရောက် တွေ့ဆုံကြရပါသည်။ ဇဝန၊ ရွှေစကြာ၊ သခ္ခါ၊ ခင်မျိုးချစ်တို့က အရှေ့ပိုင်းတွင်နေကြသည်။ ရွှေဥဒေါင်းကြီးကို သုရိယတိုက်တွင် သွားတွေ့ရသည်။ ဒဂုန်ခင်ခင်လေး၊ ဒဂုန်နတ်ရှင် တို့က အလယ်ပိုင်းတွင် ရှိသည်။ အချို့အိမ်များသို့ တခေါက်တည်းနှင့်မတွေ့၍ ကိစ္စမပြီးခဲ့။ နှစ်ခါသုံးခါထပ်သွားကြရသည်။ အချို့ကလည်း စဉ်းစားပါရစေဦး၊ ဘယ်နေ့မှလာခဲ့ပါ့စသည်ဖြင့် ချိန်းလေသည်။ အချို့ကလည်း မပြောပါရစေနဲ့ ဟု ခေါင်းခါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က စာသာ ရေးတတ်တယ်၊ စကားပြောတတ်တာမဟုတ်ဘူး၊ ပြီးတော့ အလုပ်ကလဲ ညညဆင်းနေရတယ်"ဟု ဇဝနက ဆိုလေသည်။

"ဘာပဲဖြစ်ဖြစ်ဗျာ၊ ထလုံးနှစ်လုံးဖြစ်ဖြစ်လာပြောစမ်းပါ၊ ဇဝနဆိုတာ ဘယ်လိုဆိုတာ ကျောင်းသူ ကျောင်းသာတွေ မြင်သွားရယင် တော်ပါပြီ"ဟု ကိုတင်မောင်က တောင်းပန်သည်။ သို့သော် မအောင်မြင်ပါ။ ရွှေဥဒေါင်းကလည်း "ညတွင် မအားပါ" ဟု ဆိုလိုက်ပါသည်။

ဒဂုန်ခင်ခင်လေး၏ တိုက်ခန်းကလေးသို့ ရောက်သွားကြသည်။ ဧည့်ခန်းတွင် အတော်ကလေးကြာအောင်စောင့်ဆိုင်းနေရသည်။ အမွှေးစုတ်ဖွား ခွေးပုကလေး သုံးကောင်သည် ဟိုပြေးသည်ပြေး ဟိုတက် သည်တက်နှင့်ဆော့နေကြလေသည်။ ခဏကြာမှ ဒဂုန်ခင်ခင်လေးသည် ခွေးငယ်ကလေး တကောင်ကို ပွေ့ပိုက်၍ ထွက်လာလေသည်။ ကျွန်တော်တို့လည်း မဆိုင်းမတွပင် စကားရည်လုပွဲတွင် တက်ရောက် စကား ပြောပါရန် တောင်းပန်ကြပြန်သည်။

"ကျွန်မက စာတွေရေးနေပေမယ့် ဒီလိုတော့ စကားပြောကျင့်မရှိဘူး၊ ပြီးတော့ သိပ်လဲ နေမကောင်းဘူး" ဟု ငြင်းဆန်ပြန်လေသည်။ အထပ်ထပ် တောင်းပန်ကြပါသေးသည်။ မရ။ ဆုတ်ခွာခဲ့ရပြန်သည်။

ကြည့်မြင်တိုင် ကျောင်းကြီးလမ်းတွင် နေထိုင်သည့် မဟာဆွေ၏ အိမ်သို့ ရောက်သွားကြပြန်သည်။ မဟာဆွေတို့ ဇနီးမောင်နှံကို အဆင်သင့်ပင် တွေ့ရလေသည်။ 'ဦး လေး ဆွေ' ဟူသော ဝတ္ထုကို သူရိယမဂ္ဂဇင်းတွင် ဖတ်ဖူးထားသောကြောင့်





ထိုဝတ္ထုမှ ဇာတ်လိုက်မင်းသားနှင့် မင်းသမီးကို စိတ်ဝင်စားစွာ အကဲခတ်မိပါသည်။

"ကောင်းပြီ၊ လာပါ့မယ်၊ အဲဒီနေ့ကျတော့သာ လာခေါ်ပါ" ဟု လက်ခံလိုက်လေသည်။ ထိုနောက် ရွှေစကြာ၊ ဒဂုန်နတ်ရှင်၊ ညာဏ၊ သခ်ါ၊ခင်မျိုးချစ်တို့ကလည်းသဘောတူလက်ခံလိုက်ပါသည်။ သည်အတိုင်းဆိုလျှင် တဘက်သုံးယောက်ကျနှင့် ၆-ယောက်စေ့သွားပါပြီ။ မည်သည့်ဘက်က ပြောဆိုရမည်ကိုလည်း ပြောကြားထားခဲ့ပြီး ဖြစ်ပါသည်။

အဆိုဘက်မှ ပြောဆိုမည့်သူများကား သခ်ါ၊ခင်မျိုးချစ်နှင့် ညာဏတို့ဖြစ်ပါသည်။ ကန့်ကွက်သည့်ဘက်မှ စာရေးဆရာများကား ဒဂုန်နတ်ရှင်၊ ရွှေစကြာနှင့် မဟာဆွေတို့ ဖြစ်ကြပါသည်။ အဆိုဘက်မှ အမျိုးသမီး စာရေးဆရာ ခင်မျိုးချစ် ပါဝင်နေသော်လည်း ကန့်ကွက်သည့်ဘက်မှ အမျိုးသမီး စာရေးဆရာ မပါဝင်သည့်အတွက် ဘက်မညီသလိုဖြစ်နေပါသည်။ သို့သော် ထိုစဉ်က ရန်ကုန်မြို့ပေါ်တွင် နာမည်ရပြီးဖြစ်သော အမျိုးသမီးကလောင်ရှင်ကလည်း ရှားလှပါဘိ။

ကျွန်တော်တို့တတွေ တခုမေ့ကျန်နေပါသည်။ စကားရည်လုပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်မည့် ပုဂ္ဂိုလ်များကို မရွေးမိကြပါ။

"အချိန် မရှိတော့ယင်လဲ ဆရာ လင်းကြီးပဲ တောင်းပန်ရမှာပဲ" ဟု ကျွန်တော်က ပြောပါသည်။

"အချိန်မရယင်လဲ ဒီလိုပဲ လုပ်ကြရတော့မှာပေါ့၊ ဒါပေမယ့် လိုတော့ လိုသေးတာပဲ၊ အပြင်က ပုဂ္ဂိုလ် တယောက်ကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



သဘာပတိ တင်နိုင်ယင် ကောင်းမယ်ဗျ” ဟု တယောက်က အကြံပေးသည်။

သို့နှင့် ခေါင်းချင်းရိုက်ကာစဉ်းစားကြပြန်သည်။ တယောက် တနာမည်ဆိုသလို ပြောကြသည်။ နောက်ဆုံးတွင် အမျိုးသား ပညာဝန် ဦးဖိုးကျားကို အားလုံးသဘောတူ ရွေးကြလေသည်။ စာပေလောကမှ ပုဂ္ဂိုလ်လည်းဖြစ်ပေသည်။

“ကျွန်တော်တို့ ရွေးတာတော့ဟုတ်ပါပြီ” လာနိုင်မယ် မလာနိုင်မယ်ဆိုတာအမြန်ဆုံးသိရယင်ကောင်းမယ်” ဟု ကိုတင်မောင်က ဆိုလေသည်။ သို့နှင့် ကျွန်တော်လည်း ကိုတင်မောင်နှင့်အတူ ပင် ကျောက်ခဲဆေးရုံအနီးရှိ ဦးဖိုးကျား ၏ နေအိမ်သို့ ရောက်လာကြလေသည်။

အဆင်သင့်ပင် ဦးဖိုးကျားနှင့်တွေ့ဆုံကြပါသည်။ ကျွန်တော်တို့အကျိုးအကြောင်းကိုပြော၍ သဘာပတိအဖြစ်ဆောင်ရွက်ပေးမည့်အကြောင်းနှင့် တောင်းပန်ကြသည်။ ဦးဖိုးကျားသည် ကျွန်တော်တို့ အစီအစဉ်ကို သဘောကျနေပါသည်။

“အင်း၊ သိပ်ကောင်းတယ်၊ အဲဒီလိုအပြင်အပ စာရေးဆရာတွေနဲ့ တက္ကသိုလ်နဲ့ မကြာခဏ မိတ်ဆက်ပေးဖို့လိုတယ်၊ ကျုပ်လာပါ့မယ်” ဟု ဝန်ခံလိုက်ပါသည်။

တာဝန်တခုတော့ပြီးဆုံးသွားပြန်ပြီ။ သို့သော်မအေးရသေး။ စကားရည်လုပွဲအတွက် အစီအစဉ်တွေ ပြုလုပ်ရသည့် တာဝန်ကား မသေးငယ်လှ။ ကိုတင်မောင်နှင့် ကျွန်တော်မှာ ကျောင်းကိုလည်း မှန်မှန်မတက်နိုင်။ အသင်းကိစ္စကိုချည်း လုံးပမ်းနေကြရပါသည်။





အမှုဆောင်တွင် ပါဝင်သည့် အချို့ကျောင်းသားများက ကူညီဆောင်ရွက်ကြပါသည်။ အချို့ကတော့ လှည့်၍ပင်မကြည့်။

(၄)

၁၃၀၁-ခု၊ နတ်တော်လဆန်း ၈ ရက်၊ တနင်းလာနေ့။

၁၉၃၉-ခု၊ ဒီဇင်ဘာလ ၁၈-ရက်နေ့။

ည ၇-နာရီအချိန်တွင် တက္ကသိုလ် မြန်မာအသင်းကြီးမှ ကမကထပြုလျက် တက္ကသိုလ်ခန်းမဆောင် အတွင်းဝယ် စာရေးဆရာများ၏ စကားရည်လုပွဲကို ကျင်းပရန် ချိန်းဆိုထားပါသည်။

‘အလွမ်းဝတ္ထုရေးခြင်းသည် ဟာသဝတ္ထုရေးခြင်းထက်ပို၍ အကျိုးရှိသည်’ ဟူသော အဆိုကို သခင်ကြီး တင်သွင်း၍ ခင်မျိုးချစ်နှင့် ညာဏတို့က ထောက်ခံကြမည် ဖြစ်သည်။

ထိုအဆိုကို ဒဂုန်နတ်ရှင်က ကန့်ကွက်ချေပ၍ ရွှေစကြာနှင့် မဟာဆွေတို့က ထိုချေပချက်ကို ထောက်ခံပြောဆိုကြမည် ဖြစ်ပါသည်။

ကျွန်တော်တို့တတွေကား ထိုနေ့တနေ့လုံး ရင်တဖိုဖိုနှင့် ဖြစ်နေကြပါသည်။ အခန်းကြီးထဲတွင် ပြင်ဆင်စရာ ရှိသည်များကို ပြင်ဆင်ရသည်။ ကုလားထိုင်စားပွဲများသည်ကအစ လိုက်လံကြည့်ရှုကြရသည်။ ကြွရောက်လာကြသော စာရေးဆရာများနှင့် အထူးဧည့်သည်တော်များအား စကားရည်လုပွဲမစမီ ဆွေတာနားနေရန်နှင့် စကားရည်လုပွဲအပြီးတွင် လက်ဖက်ရည်ပွဲနှင့်



www.burmeseclassic.com

www.burmeseclassic.com

ညှော်ခံရန် ကျောင်းသူများ၏ အခန်းတွင် စီစဉ်ပြင်ဆင်ထား ကြရလေသည်။

ညနေစောင်းတွင် စာရေးဆရာများကို သွားရောက်ခေါ်ရန် အဘွက်ကိုကား ကိုထွန်းတင် (တိုလီမိုလီ)၏ ကားကို ပုတ်ပြတ် ငှားထားကြရပါသည်။ တဖြည်းဖြည်း အချိန်နီးကပ်လာပါပြီ။ စာရေးဆရာတွေကို သွားရောက်ခေါ်ဆောင်ရန်အတွက် ကိုတင် မောင်က တာဝန်ယူသည်။ ကျွန်တော့်ကိုကား ကျောင်းမှာပင် နေ၍ အစစအရာရာ ကြည့်ရှုစီစဉ်ရမည်ဟု ဆိုလေသည်။

မှောင်စပျိုးလျှင်ပင် ကျောင်းသူကျောင်းသားတွေ တဖွဲဖွဲ ရောက်လာကြလေသည်။ အင်းလျားဘက်မှ လာနေကြသော ကျောင်းသူအများကို တွေ့ရသည်။ ယုဒသန် ကျောင်းတိုက်ဘက် ဆီမှလာနေသော ကျောင်းသူကျောင်းသားများကိုလည်း မြင်ရ သည်။ တက္ကသိုလ် ယောကျ်ားဆောင် အသီးသီးမှလည်း ကျောင်းသားတို့သည် အစုလိုက် အများအပြား လာလျက် ရှိကြပါသည်။

ခန်းမဆောင်ကြီးထဲတွင် မီးထိန်ထိန် ထွန်းထားပါသည်။ သဘာပတိနှင့် စကားရည်လုပွဲတွင် ပြောဆိုကြမည့် စာရေးဆရာ များ ထိုင်ရန်အတွက် ခုံမြင့်တခု ပြုလုပ်ထားပါသည်။ သဘာ ပတိ စားပွဲပေါ်တွင် သက္ကလပ်စားပွဲခင်း အစိမ်းကိုခင်းကာ ပန်း အိုးနှင့် နာရီကို တင်ထားပါသည်။ စာရေးဆရာ တဦးစီရှေ့တွင် လည်း စာပွဲငယ်ကလေးများကို ချထားပါသည်။

၆ နာရီခွဲလျှင် ခန်းမကြီးတခုလုံး ကျောင်းသူကျောင်းသား တွေနှင့်ပြည့်နေပါပြီ။ ခဏကြာသောအခါ လျှံသွားလေသည်။





ဘေးကပ်ထားသော ကုလားထိုင်များကို ဆွဲ၍ထိုင်ကြသည်။ အချို့လည်း ခေါက်ထားသည့် စားပွဲခုံကလေးများကို ဖြန့်၍ ထိုင်ကြသည်။ စကားပြောသံ၊ တိုးသံ၊ ရွှေ့သံတွေနှင့်လည်း ဆူညံလျက် ရှိနေပါပြီ။

စာရေးဆရာအချို့တော့ ရောက်နေကြပါပြီ။ မစုံသေး သောကြောင့် ညှော်ခန်းတွင် ထိုင်နေကြရပါသည်။ သဘာပတိ အမျိုးသား ပညာဝန် ဦးဖိုးကျားလည်း ရောက်နေပါပြီ။ နောက်ဆုံး သွားရောက်ခေါ်ဆောင်ရမည့် ပုဂ္ဂိုလ်မှာ မဟာ ဆွေကြီးပင်ဖြစ်ပါသည်။ သူ့အိမ်မှာအနီးဆုံးဖြစ်သောကြောင့် နောက်ဆုံးမှ သွားရောက်ခေါ်ဆောင်ရန် စီစဉ်ထားကြခြင်း ဖြစ်ပါသည်။

၇-နာရီ ထိုးပါပြီ။

မဟာဆွေကို ခေါ်ဆောင်ရန်သွားသည့် ကားလည်း ပြန် မရောက်သေး။ ကျောင်းသူကျောင်းသားတွေ လှုပ်လှုပ်ရှရှ ဖြစ်နေကြပါပြီ။ ချမ်းအေးသည့် နတ်တော်လပင် ဖြစ်သော် လည်း လူတွေနှင့် ကျပ်တည်းနေသော အခန်းထဲတွင် ချွေးဒီးဒီး ယိုစီးနေကြလေသည်။ ထို့ကြောင့် ပန်ကာများကိုပင် ဖွင့်ပေး ရပါသည်။ သို့သော် နောက်ပိုင်းမှ ကျောင်းသားများ၏ လှုပ် ရှားမှုကား မရပ်သေး။

"ပြပါတော့ဗျို့"ဟူသော ညောင်စာစာ အသံများပင် ထွက်ပေါ်လာချေပြီ။

"ခဏကလေး သည်းခံကြပါခင်ဗျာ၊ စာရေးဆရာများ အစုံအညီ မရောက်သေးလို့ပါ"ဟု ကျွန်တော့်မှာ မကြာခဏ ထွက်ကာ တောင်းပန်ရပါသည်။ ကျွန်တော့်အဖို့ ဤမျှ စည်



www.burmeseclassic.com

www.burmeseclassic.com



ကားသော စကားရည်လုပွဲမျိုးကို တခါမျှ မတွေ့မြင်ဘူးပါ။ အဆောင်မှ ကျောင်းသူကျောင်းသား များသာမက စနေ့ ကျောင်းသူကျောင်းသား အများပင် လာကြသည်ဟု သိရပါ သည်။

သည်အထဲ နောက်ပိုင်းမှ 'ဂျွမ်း ဂျွမ်း ဂျွမ်း' ဟူသော အသံကို ကြားလိုက်ရပြီး လူတွေ ဗလုံးဗထွေး ဖြစ်ကုန်ကြပါ သည်။

"အင်း.... ကုလားထိုင်တွေ စာပွဲတွေတော့ ကျိုးကုန်ပြီ ထင်တယ်"ဟု ကျွန်တော့်အနီးက ကျောင်းသား တဦးက ညည်းညူလေသည်။

"တဆိတ်ခင်ဗျာ၊ ကုလားထိုင်နဲ့ စာပွဲတွေပေါ်မယ် သုံး လေးယောက် မထိုင်ကြပါနဲ့။ စာပွဲတွေ ကုလားထိုင်တွေ ကျိုးကုန်ယင် ကျွန်တော်တို့မယ် တာဝန်ရှိပါတယ်။ လျော် ပေးရပါလိမ့်မယ်"ဟု ကျွန်တော်က မီးရောင်ရှေ့ရပ်၍ တောင်း ဖန်ရပြန်သည်။ သည်လို တောင်းပန်နေစဉ်မှာပင် 'ဂျွမ်း ဂျွမ်း ဂျွမ်း'ဟူသော အသံသည် ထွက်ပေါ်လာပြန်ပါသည်။ ထို့ကြောင့် အချို့ကျောင်းသားတွေက 'ဝါး'ကနဲ ရယ်ကြ ပါသည်။ ကျွန်တော်လည်း ဘာမျှမတတ်နိုင်တော့ပါ။ သည့် နောက်လည်း ဘဂျွမ်းဂျွမ်းနှင့် ကျိုးသံပွဲသံတွေကို ကြားနေရ ပါသည်။ ထိုအသံ ကြားတိုင်းကြားတိုင်း ရယ်စရာလို ဖြစ်နေ ပါသည်။ ကျွန်တော့်မှာတော့ လျော်ရတော့မည့် အရေးကို မြင်၍ အသင်းရန်ပုံငွေကို တွက်ကြည့်နေမိပါသည်။





၇-နာရီခွဲလောက်တွင် မော်တော်ကား ပြန်ရောက်လာပါ သည်။ သို့သော်မဟာဆွေကား ပါမလာ။ ကျွန်တော်တို့တတွေ မျက်လုံးပြူးကုန်ပါသည်။

"ဟော့ ဘယ်လိုဖြစ်တာလဲ"

ကျွန်တော်တို့တတွေက ကိုတင်မောင်ကို ဝိုင်း၍မေးကြသည်။

"မတွေ့ဘူးဗျ" ဟု ကိုတင်မောင်က ပြန်ပြောလေသည်။

"သေသေချာချာ ပြောထားရက်နဲ့ဗျာ" ဟု ကျွန်တော်က ပြောကာ ယူကျုံးမရ ဝမ်းနည်းသွားပါသည်။

"အေးဗျာ၊ ပြောထားလို့ သူလဲချိန်းထားတဲ့အတိုင်းစောင့် နေ့ဘာပဲ၊ ဒါပေမယ့် အချိန်လွန်လို့ ကျွန်တော်တို့က မရောက် တော့ တခြားထွက်သွားသတဲ့။ ပုဆိုးတွေ ခေါင်းပေါင်းတွေ ချွတ်ပစ် ထားခဲ့တာ ပက်လက် ကုလားထိုင်ပေါ်မယ် တွေ့ခဲ့ရ တယ်"ဟု ကိုတင်မောင်က ပြန်ပြောလေသည်။

"ဟုတ်မှဟုတ်ရဲ့လားဗျာ၊ ခင်ဗျား ဘယ်သူ့ တွေ့ခဲ့သလဲ"

"မဟာဆွေ ကတော်ကိုယ်တိုင်ကို တွေ့ခဲ့ပါတယ်ဗျာ၊ ကျွန် တော်တို့ချိန်းထားတဲ့အတိုင်း အချိန်မှန်လာမခေါ်လို့ ဒေါပွပြီး ဝတ်ဆင်ထားတဲ့ ပုဆိုးတွေ ခေါင်းပေါင်းတွေကိုပါ ပြန်လဲပစ်ခဲ့ ပြီး မြို့ထဲ ထွက်သွားပြီလို့ ပြောလိုက်ပါတယ်ဗျာ" ဟု ပြန်ပြော လေသည်။

"ဒုက္ခပါပဲဗျာ"ဟု ကျွန်တော်သည် ချူသံပါအောင် ညည်း လိုက်ပါသည်။ ကျွန်တော်တို့မှာ မကြံတတ်အောင် ဖြစ်သွားပါ သည်။ အဆိုတင်သွင်းမည့်ဘက်ကသုံးဦး၊ ချေပမည့်ဘက်ကနှစ်ဦး ဆိုလျှင်လည်း ဘက်မညီပဲ ဖြစ်နေမည်။ ဘက်ညီအောင် မဆို



www.burmeseclassic.com

www.burmeseclassic.com



တင်သွင်းမည့်ဘက်မှ သုံးယောက်အနက် တယောက်ဖြုတ်ထား ပြန်လျှင်လည်းမကောင်း။

''ကဲ၊ ရှိတဲ့သူနဲ့ပဲလုပ်တာပေါ့ကွယ်၊ ဘာကိစ္စရှိလဲ''ဟု ဦးဖိုးကျားကဆိုလေသည်။

ထိုအချိန်တွင် ရှေ့တန်းတွင်ထိုင်နေသော တက်ဘုန်းကြီးသိန်းဖေ (သိန်းဖေမြင့်) ကို ကျွန်တော်ရုတ်တရက် သတိရမိပါသည်။

''အေး ဒီလိုဆိုယင် ကိုသိန်းဖေကိုပဲ မဟာဆွေအစား ဝင်ပြောပါလို့ တောင်းပန်ရတော့မှာပဲ'' ဟု ကျွန်တော်က ဆိုရာ အားလုံးပင် သဘောတူသွားကြလေသည်။ ထို့နှင့် ကျွန်တော်တို့သည် ကိုသိန်းဖေထံပါးသို့ ချဉ်းကပ်၍ အခက်အခဲကို ရှင်းပြကာ မဟာဆွေ၏နေရာတွင် ဝင်ရောက်ပါရန် တောင်းပန်ပြောဆိုကြရပါတော့သည်။

ကိုသိန်းဖေလည်း ''ကောင်းပါပြီ'' ဟုဆိုကာ လက်ခံလိုက်သောကြောင့်ကျွန်တော်မှာသည်တော့မှ ''ဟင်း''ကနဲ သက်ပြင်းချနိုင်ပါတော့သည်။

သဘာပတိနှင့် စာရေးဆရာများ ဝင်ရောက်လာသော အခါ လက်ခုပ်သံတွေ ဆူညံလျက် ရှိပါတော့သည်။ သဘာပတိ ဦးဖိုးကျားသည် နေရာမှထကာ မိန့်ခွန်းစကား အနည်းငယ် ပြောပြီးနောက် စာရေးဆရာ အသီးသီးကို ကျောင်းသူ ကျောင်းသားများနှင့် မိတ်ဆက်ပေးပါသည်။ ဦးဖိုးကျား၏မိန့်ခွန်းတွင်စာရေးဆရာ မဟာဆွေကို သွားရောက်ခေါ်ငင် နေရသောကြောင့် အချိန်နောက်ကျသွားသည့် အကြောင်း၊ မဟာဆွေကိုလည်း အိမ်တွင် မတွေ့ခဲ့သောကြောင့် ခေါ်ဆောင် မလာနိုင်သည့်





အတွက်ယခုမဟာဆွေ၏နေရာကိုတက်ဘုန်းကြီးကိုသိန်းဖေက ဝင်ရောက်ပြောဆိုမည့် အကြောင်းများကိုပါ ထည့်သွင်းပြောကြားသွားလေသည်။

စကားရည်လုပွဲကြီး စပါပြီ။

မည်သူက မည်ကဲ့သို့ ပြောကြားကြသည်ကိုကား ကျွန်တော်ကောင်းကောင်း မမှတ်မိတော့ပါ။ မှတ်မိဦးတော့ ပြောသမျှအကြောင်းကို ပြန်ပြောင်းရေးသားရလျှင် အလွန်ရှည်လျားမည် ဖြစ်ပါသည်။ သို့သော်ပြောကြားသွားသည့် အကြောင်းအရာများကား အထူးစိတ်ဝင်စားစရာ ကောင်းလှပါသည်။ စကားပြောနေသည့်အချိန်တွင် တခန်းလုံး ငြိမ်သက်လျက် ဟာသပါ သွားလျှင်သာ ရယ်မောကြသည့် အသံများကို ကြားရသည်။ တခါတရံတော့ နောက်ပိုင်းဆီမှ ကျီးသံ ပွဲသံများကို ကြားရတတ်ပါသည်။

စကားရည်လုပွဲသည် အတော် ညဉ့်နက်မှ ပြီးဆုံးသွားပါသည်။ ပထမက အရှုံးအနိုင် မဲခွဲဆုံးဖြတ်ရန် စီစဉ်ထားသော်လည်း လူပရိသတ်များလွန်း၍ မဲခွဲခြင်းကိစ္စကို ပြုလုပ်နိုင်တော့ပါ။ သဘာပတိက 'သရေပွဲ' ဟု ကြေငြာပါသည်။

(၅)

နောက်တနေ့ သတင်းစာများထဲတွင် စာရေး ဆရာများ၏ စကားရည် လုပွဲအကြောင်းကို တခမ်းတနား ရေးသား ဖော်ပြကြပါသည်။ ထိုသတင်းများထဲတွင် သဘာပတိ ဦးဖိုးကျား၏ မိန့်ခွန်းကိုလည်း အတိုချုံး၍ ရေးသားထားရာ မဟာဆွေအား



www.burmeseclassic.com

www.burmeseclassic.com



သွားရောက် ခေါ်ဆောင်ရာတွင် မရောက်ရှိလာသောကြောင့် စကားရည်လုပွဲ နောက်ကျရသည့်အကြောင်းကိုပါ ဖော်ပြထားသည်ကို တွေ့ရလေသည်။

ထို့ကြောင့် မဟာဆွေ၏ ချေပချက် နောက်တနေ့ထုတ် သူရိယတွင် ပါလာပြန်သည်။ စကားရည်လုပွဲကို အချိန်နောက်ကျ၍ စရခြင်းမှာ မိမိအပြစ်မဟုတ်၊ ချိန်းဆိုထားသည့်အတိုင်း အချိန်မှန်မှန် လာရောက် ခေါ်ဆောင်ခြင်းမပြုသည့် ကျောင်းသားများ၏ တာဝန်သာ ဖြစ်သည်ဟူသော အချက်များကို ဖော်ပြထားလေသည်။

"ခင်ဗျားတို့ စကားရည် လုပွဲကလဲ ခုထက်ထိပဲ မပြီးနိုင်သေးဘူးလား" ဟုကျောင်းသားတယောက်သည်စောစောစီးစီး သတင်းစာ တစောင်ကို ပြ၍ ပြောလာပါသည်။ ကျွန်တော်ကတော့ ပြုံး၍ပင် နေလိုက်ပါသည်။

စကားရည်လုပွဲကား အောင်မြင်စွာ ပြီး စီး သွား ပါ ပြီ။ သို့သော် မပြီးသေးသည့် ကိစ္စ တခုမှာကား ဆရာကြီးထံမှ ကုလားထိုင်တွေ၊ စားပွဲတွေ ကျိုးသည့်အတွက် မကြာခင် လျော်ကြေးငွေ တောင်းစာ ရောက်လာပါသည်။ ငွေဆယ့်သုံးကျပ်ကို လျော်ရမည်ဟု ခဏခဏ စာလာနေပါသည် ကျွန်တော်လည်း ရုံပုံငွေနည်းနေ၍ နေ့ရွှေ့ညရွှေ့ လုပ်နေပါသည်။

နောက်ဆုံးကျတော့ ဒုတိယ အဆောင်မှူးထံ စာရောက်လာလေသည်။ ဆိုလိုယင်းကား—

> မြန်မာအသင်း၏ အတွင်းရေးမှူးသည် လူကြီးမင်း၏ ကျောင်းဆောင်တွင် နေထိုင်သည်ဟု သိရပါသည်။ ၎င်းအား စာရေးဆရာများစကားရည်လုပွဲလုပ်စဉ်က ကျိုးပဲ့ပျက်စီးသည့် ကုလားထိုင်နှင့် စားပွဲများအတွက် လျော်ကြေးငွေ ဆယ့်သုံးကျပ်ကို အမြန်ဆုံး ရှင်းလင်းရန် တိုက်တွန်းစေလိုကြောင်း။

ဟူ၍ဖြစ်ပါသည်။

"ကဲ - မောင်ရင်၊ ခပ်မြန်မြန်ပေးလိုက်စမ်းပါ။ ဆရာနားပူလွန်းလို့" ဟု ဆရာဦးလှအောင်က စာရွက်ကို လှမ်းပေး၍ပြောလေသည်။

"ဟုတ်ကဲ့ဆရာ၊ နက်ဖြန်ခါ ဆရာ ထင်အောင်ဆီက ငွေထုတ်ပြီး ရှင်းလိုက်ပါ့မယ်" ဟု ကတိ ပြုလိုက်ရပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## စာပေပြိုင်ပွဲ

(၁)

ကျွန်တော်တို့ တတွေ တက္ကသိုလ် မြန်မာ အသင်းကြီး၏ အမှုဆောင်အဖွဲ့ တာဝန်ကို ယူကြသည့် နှစ်တွင် အသင်းကြီး အတွက် ထူးထူးကဲကဲ ဆောင်ရွက်ကြမည်ဟု ဆုံးဖြတ်ထားကြပါသည်။

ထိုဆုံးဖြတ်ချက်နှင့်အညီ ၁၉၃၉-ခုဒီဇင်ဘာလ အတွင်းတွင် စာပေပြိုင်ပွဲတခု ကျင်းပရန် စီစဉ်နေကြပြန်လေသည်။

စာပေပြိုင်ပွဲတွင် ဘာသာပြန်၊ ဝတ္ထုတို၊ ဆောင်းပါးများ ပါဝင်ရန် ဆုံးဖြတ်ကြသည်။ အသင်းတွင် ရန်ပုံငွေကလေးက လည်း အတော်အတန် ရှိနေသေးသောကြောင့် ထို သုံးမျိုး စလုံးကို ယှဉ်ပြိုင်သည့် ကျောင်းသူ ကျောင်းသားများအား





သုံးမျိုးစလုံး အမှတ်များ ပေါင်းပြီး ပထမ၊ ဒုတိယ၊ တတိယ ရွေးချယ်၍ ဆုများ ပေးရန် ကိုလည်း သဘောတူကြသည်။ ပထမဆုအတွက် ၂၅-ကျပ်တန်၊ ဒုတိယဆုအတွက် ၂၀-တန်နှင့် တတိယဆုအတွက် ၁၅-ကျပ်တန် စာအုပ်များကို ချီးမြှင့်ရန် စီစဉ်ကြလေသည်။

"တခုစီ အတွက်လဲ ဆု သပ်သပ်စီပေးဖို့ ကောင်းတယ်"ဟူသော အကြံပေးချက်ကြောင့် မြန်မာ ဆရာကြီးများထံ ဆပ်၍ နားပူကြရပြန်ပါသည်။

ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ဘာသာပြန်အတွက် ၁၅-ကျပ်တန် စာအုပ်များ ဆုပေးမည်ဟု ကတိပြုပါသည်။ ဆရာဦးဖေမောင်က ဝတ္ထုတိုများအတွက် ၁၅-ကျပ်တန်စာအုပ်များ ဆုပေးမည်ဟု တာဝန်ယူပါသည်။ ဆရာဦးလှအောင်က ဆောင်းပါးအတွက် ၁၅-ကျပ်တန် စာအုပ်များကိုပင် ဆုများ ပေးမည်ဟု ဆိုပါသည်။ ကျောင်းသူ ကျောင်းသား သစ်များ တက္ကသိုလ်ရောက်စ ဖြစ်နေ၍ အတန်းကြီးမှ ကျောင်းသား ကျောင်းသူများနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် မဝံ့ ဖြစ်နေမည် စိုးသူတို့အတွက် သီးသန့်ပေးရန်ကိုလည်း စီစဉ်ရပါသည်။ ဒေါက်တာထင်အောင်က ယှဉ်ပြိုင်သူ ကျောင်းသူကျောင်းသား သစ်များအနက်မှ သုံးမျိုးစလုံး ပေါင်း၍ ပထမ ရသူအား ၁၅-ကျပ်တန် စာအုပ်ကို လှူဒါန်းပါသည်။

သို့သော်တခုကျန်ပါသေးသည်။

"ပြိုင်ပွဲမယ် ကဗျာလဲ ထည့်ပေးယင် ကောင်းမယ်"ဟု ကျွန်တော်ကအကြံပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထည့်တာတော့ ဟုတ်ပါရဲ့၊ ဆုအတွက်ကခက်တယ်" ဟု တယောက်ကဆိုပါသည်။

"ဒဂုန် မဂ္ဂဇင်းတိုက် သွားပြီး အပူကပ်ယင် မကောင်းဘူးလား" ဟု အခြားတယောက်က အကြံပေးပြန်ပါသည်။

*ဟိုစဉ်က ဒဂုန်မဂ္ဂဇင်းကြီးမှာ လစဉ်မှန်မှန် ထွက်လျက်ရှိပါသည်။ ဒဂုန်မဂ္ဂဇင်းကြီးတွင် တက္ကသိုလ်ကဏ္ဍဟု တခန်းသပ်သပ်* ဖွင့်ထားပြီးလျှင် တက္ကသိုလ်မှ ခေတ်စမ်း ကလောင်ရှင်များ၏ စာများကိုသီးသန့်ဖော်ပြလျက် ရှိသောကြောင့် ဒဂုန်မဂ္ဂဇင်းနှင့် တက္ကသိုလ် ကလောင်ရှင်များမှာ အထူးရင်းနှီးလျက် ရှိကြပါသည်။

ထိုရင်းနှီးမှုကို အားကိုးလျက်အမြှော်လင့်ကြီးမြှော်လင့်ထားပြီးလျှင် ဒဂုန်မဂ္ဂဇင်းတိုက်သို့ အလှူခံရန် ကိုတင်မောင်နှင့် ကျွန်တော် ရောက်လာကြလေသည်။ ဒဂုန်မဂ္ဂဇင်းတိုက်မှာ ထိုစဉ်က ဆူးလေဘုရားအနီးဖွင့်လှစ်ထားသော အဆောက်အအုံတွင်ရှိပါသည်၊ *တိုက်တွင်းသို့ဝင်သွားလျှင်ပင်ဦးချင်းစိန်(ရွှေညာမောင်)* နှင့် ပထမတွေ့ရှိရလေသည်။ နောက် တိုက်အုပ်ကြီးဦးလှဘူးနှင့် တွေ့ရ ပြန်ပါသည်။ ကျွန်တော်က ရှင်ပြုံးသော မျက်နှာ၊ ချိုသာသော စကားတို့ဖြင့် ဤကဲ့သို့လာရောက်သည့်အကြောင်းကို ပြောပြကြပါသည်။

"ဒီလိုစာပေပြိုင်ပွဲမျိုးလဲ ကျွန်တော်တို့ကျောင်းမှာ အယင်က တခါမှ မလုပ်ခဲ့ဘူးပါဘူး။ ဒါပထမဆုံး စတင်ကျင်းပတာပါပဲ၊ ဆုပေးဖို့တွေလဲ အတော်စုံလင်သလောက် ဖြစ်နေပါပြီ။





ကဗျာအတွက် ပေးဖို့ ဆုသာလိုနေပါတယ်၊ အဲဒါကျွန်တော်တို့တော့ အားကိုးကြီးတခုနဲ့ လာခဲ့တာပဲဗျာ" ဟု သွယ်ဝိုက်သောနည်းနှင့် အလှူခံကြပါသည်။

"ကဗျာဆုက ဘယ်နှစ်ဆုပေးချင်သလဲ" ဟု ဦးချင်းစိန်က မေးပါသည်။

*"ကျွန်တော်တို့ကတော့ ပထမ၊ ဒုတိယ၊ တတိယ သုံးဆုလောက်ပေးချင်တာပါပဲ၊ ဒါပေမယ့် လှူမယ့်ပုဂ္ဂိုလ်ရဲ့ စေတနာ* ဒါတိုင်းပေါ့ဗျာ" ဟု ကျွန်တော်က ဆိုပါသည်။

"ကဲ ဒါဖြင့် သုံးဆုပဲကျွန်တော်တို့တိုက်ကပေးပါမယ်ဗျာ၊ ဆုကြေးကတော့ ပထမဆု တဆယ်တန် စာအုပ်များ၊ ဒုတိယဆုကတော့ ခုနစ်ကျပ်တန်နဲ့ တတိယဆုကတော့ ငါးကျပ်တန် စာအုပ်များပေါ့ဗျာ"ဟုကတိပြုလိုက်ပါသည်။

ကျွန်တော်တို့ နှစ်ယောက်လည်း "ကျေးဇူးတင်ပါတယ်" ဟု ဆိုကာ တိုက်တွင်းမှထွက်ခွာလာခဲ့ကြပါသည်။

(၂)

ဆုတွေသေချာသောအခါ ပြိုင်ပွဲစည်းကမ်းများကိုရေးဆွဲကြရလေသည်။

ဘာသာပြန်အတွက်ပေးထားသော စာပိုဒ်သုံးပိုဒ်အနက် နှစ်သက်ရာ တပိုဒ်ကိုရွေးချယ်၍ ဘာသာ ပြန်ရမည် ဖြစ်လေသည်။ ကျွန်တော်တို့က ကမ္ဘာကျော် စာအုပ်များထဲမှ အင်္ဂလိပ်စာမူ



www.burmeseclassic.com

www.burmeseclassic.com

ကောက်နုတ်ချက်များကို ပြိုင်ပွဲဝင်လိုသူများအား ပေးဝေမည်ဖြစ်ပါသည်။

ဝတ္ထုတိုအတွက် မည်သည့်ဝတ္ထုမျိုးမဆို လက်ခံမည်ဖြစ်ပါသည်။ ပုံနှိပ်ထားပြီးသော ဝတ္ထုမဖြစ်စေရ။ အကယ်၍ ဘာသာပြန်ဝတ္ထု ဖြစ်ခဲ့လျှင် မူရင်းဝတ္ထုအမည်နှင့် ရေးသူ၏ အမည်များကို ဖော်ပြရမည်ဟု ဆိုထားပါသည်။

ဆောင်းပါးကိုမူ မည်သည့်အကြောင်းအရာမဆို စာလုံးရေ ၂၀၀၀ ထက်မများ ရေးသားနိုင်သည်။ ပုံနှိပ်ပြီး ဆောင်းပါး မဖြစ်စေရဟု ကန့်သတ်ထားပါသည်။

အသင်းဝင်များအား အခမဲ့ ဝင်ရောက် ပြိုင်ဆိုင်နိုင်သော်လည်း အသင်းဝင်မဟုတ်သူများ ဝင်ရောက်ယှဉ်ပြိုင်လိုလျှင် ဝင်ကြေးဖလးပဲ ပေးရမည်ဟူသော စည်းကမ်းကိုလည်း ထည့်သွင်းထားပါသည်။ စွပ်စွဲမှု၊ သံသယဖြစ်မှုများ ကင်းလွတ်စေရန် အမှုဆောင်အဖွဲ့ဘွင် ပါဝင်သော ပုဂ္ဂိုလ်များကို ပါဝင်ယှဉ်ပြိုင်ခွင့် မပြုပါ။ အမှတ်ပေးရာ၌ တရားမျှတမှုရှိစေရန် ပြိုင်ပွဲဝင်စာလွှာများတွင် နာမည်ရင်းကို မသုံးစေပဲ အသင်းမှပေးသည့် မှတ်ပုံဘင် အမှတ်အသားများကိုသာ ဖော်ပြစေရသည်။ ဆုရသည့်စာမူများကို အသင်းမှ ပုံနှိပ်ထုတ်ဝေခွင့်ရှိသော်လည်း မူပိုင်ခွင့်ကိုမူ စာရေးသူအား ခံစားစေမည်ဟူသော စည်းကမ်းကိုလည်း ထည့်သွင်းထားပါသည်။

ထိုကဲ့သို့ စည်းကမ်းများကို ရေးဆွဲပြီးသည့်နောက် ထိုစည်းကမ်းများနှင့်တကွ ပေးမည့်ဆုအသီးသီးကို ဖော်ပြပြီးလျှင်





ပြိုင်ပွဲကျင်းပမည့် အကြောင်းကို ကြေညာလိုက်ရာ တက္ကသိုလ်ကျောင်းသူ ကျောင်းသားအများပင် အထူးစိတ်ဝင်စားလာကြသည်ကို တွေ့ရှိရပါသည်။

သည်လိုနှင့် မပြီးသေး။ ပြိုင်ပွဲဝင်အဖြေလွှာများကို စစ်ဆေးအကဲဖြတ်ရမည့် လူကြီးများ ရှိကြရပေဦးမည်။ ထို့ကြောင့် မြန်မာဆရာကြီးများအား ဤကိစ္စတွင် ဝင်ရောက်ဆောင်ရွက်ပေးပါရန် တောင်းပန်ရပြန်သည်။

ဆရာဦးဖေမောင်၊ ဆရာ ဦးလုအောင်၊ ဒေါက်တာ ထင်အောင်၊ ဆရာဦးဝန်၊ ဆရာဦးချမ်းမြ၊ ဆရာဦးတိုးအောင်၊ ဆရာဦးတင်တို့က ပေးအပ်သော တာဝန်ကို ဆောင်ရွက်ပေးပါမည်ဟု လက်ခံလိုက်ကြပါသည်။

ပြိုင်ပွဲဝင် အဖြေလွှာများကို ၁၉၄၀-ခု၊ ဇန်နဝါရီလ ၈ ရက်နေ့ မတိုင်မီ အရောက်ပေးပို့ကြရမည်ဟု သတ်မှတ်ထားပါသည်။ ဒီဇင်ဘာလ ကျောင်းပိတ်ရက်အတွင်း အချိန်ယူ၍ ရေးသားကြစေရန် ရည်ရွယ်၍ စီစဉ်ခြင်းဖြစ်ပါသည်။ သို့သော် ထိုနေ့တွင် အဖြေလွှာများ ထင်သလောက် ရောက်ရှိမလာသောကြောင့် ဇန်နဝါရီလ ၁၄ ရက်နေ့အထိ ရက်ရွှေ့ပေးလိုက်ရပြန်ပါသည်။ စာအရေးအသား ဝါသနာပါသူတိုင်း ဝင်ရောက်ယှဉ်ပြိုင်ပါက ဆုတခုတော့ရရန် မခဲယဉ်းသည့် အကြောင်းနှင့် နှိုးဆော်ရပြန်သည်။ ထို့ကြောင့် စာရင်းပိတ်သောနေ့တွင် ပြိုင်ပွဲဝင် စာလွှာများ အတော်အတန် ရောက်လာပါသည်။

ရရှိသော အဖြေလွှာများကို အကဲဖြတ် လူကြီးများထံသို့ ခွဲဝေပေးရလေသည်။ အဖြေလွှာတမျိုးကို ဆရာနှစ်ဦးအား



www.burmeseclassic.com

www.burmeseclassic.com



တဦးပြီးတဦး နှစ်ထပ်စစ်ဆေးရန် စီစဉ်ထားလေသည်။ ထို ဆရာနှစ်ဦး ပေးသော အမှတ်များကို ပေါင်း၍ အများဆုံးရရှိ သောသူအား ပထမဆု ချီးမြှင့်ရမည် ဖြစ်ပါသည်။

ထိုကိစ္စကလည်း လွယ်ကူလှသော ကိစ္စမဟုတ်၊ အချို့သော ဝတ္ထုများမှာ ပုံနှိပ်ထုတ်ဝေထားပြီး ဖြစ်သော အခြားစာရေး ဆရာများ၏ ဝတ္ထုများကို ပုံမှားရေးပို့ကြသည်ကို တွေ့ရသည်။ အချို့ကလည်း အင်္ဂလိပ်ဝတ္ထုများကိုမှီး၍ ရေးသားကြပြီး ကိုယ် ပိုင်ဉာဏ်ဖြင့် ရေးသကဲ့သို့ ထင်ယောင်ထင်မှား ဖြစ်ခဲ့သည်။ ဝတ္ထုတခုမှာ အင်္ဂလိပ်စာရေးဆရာကြီး ဆမ်းမားဆက်မော် ရေးသားသည့် ဝတ္ထုကိုမှီးလျက် ရှမ်းပြည်ကို နောက်ကျောခံပြီး လျှင် မြန်မာဘာသာသို့ ဆီလျော်အောင် ဘာသာပြန်ထားလေ သည်။ ထိုဝတ္ထုကို ဖတ်ကြည့်ရာ ဖတ်ဖူးသလိုလို ဖြစ်နေသည်ဟု ကိုတင်မောင်က ဆိုလေသည်။ သို့သော် မည်သည့်မဂ္ဂဇင်းတွင် မည်သူရေးသည်ကိုကား အသေအချာမပြောနိုင်၊ ထိုအကြောင်း ကို စကားစပ်မိသည်နှင့် ကိုသန်းထွန်း (တိုက်စိုး)အား ဇာတ် လမ်းကို ပြောပြရာ "ဟာ အဲဒါ မော်ရေးတဲ့ဝတ္ထုပဲ" ဟုဆိုကာ နာမည်ကို ပြောပြလေသည်။ တဖန် မည်သူက မှန်းတော့မသိ "အဲဒီဝတ္ထုကို ပီမိုးနင်းရေးပြီး သူရိယမဂ္ဂဇင်းမှာ ပါဖူးတယ်" ဟု ဆိုပြန်လေသည်။ ထို့ကြောင့် ကျွန်တော်နှင့် ကိုတင်မောင် သည် သူရိယတိုက်သို့ သွားကာ မဂ္ဂဇင်းဟောင်းများကို လှန် လှောရှာဖွေကြရာ ပီမိုးနင်းဇာတ်ကြောင်း ယူကာ ရေးသား ထားသည့် ထိုဝတ္ထုကို တွေ့ရလေတော့သည်။ တခုတော့ ကွဲပြား သည်။ ဝတ္ထုဇာတ်ရင်းမှာ အဆွေးနှင့် ဆုံးထား သော်လည်း ပီမိုးနင်းက အပြုံးနှင့် ဆုံးထားပါသည်။ ပြိုင်ပွဲဝင် သည့်





ဝတ္ထုကမူ ဇာတ်ရင်းအတိုင်းပင် ဆွေးထားလေသည်။ ရေးသား ထားပုံမှာ အထူးပင် ကောင်းမွန်လှပါသည်။ ထိုဝတ္ထုကို ပြိုင်ပွဲဝင်စည်းကမ်းနှင့် မညီဟုဆိုကာ ပယ်ရပါတော့သည်။

ပြိုင်ပွဲဝင်စာလွှာများကို ဆရာနှစ်ဦး တလှည့်စီ စစ်ဆေးပြီး နှစ်ဦးပေးသော အမှတ်များကို ပေါင်း၍ အများဆုံးရရှိသော သူကို ပထမရွေးချယ်ရလေရာ တခါတရံ အမှတ်ချင်းတူနေတတ် ပါသည်။ ဥပမာ ပထမစစ်ဆေးသော ဆရာက သူ့သဘောနှင့် ကိုက်ညီသော စာလွှာကို ၁၅မှတ်ပေးလိုက်ပြီ ဆိုပါစို့။ ထို အဖြေလွှာပင်လျှင် ဒုတိယစစ်ဆေးသော ဆရာထံသို့ ရောက် သောအခါ ၁၅မှတ်မရပဲ ၁၀မှတ်သာ ရနေတတ်၍ ပထမ စစ်ဆေးသော ဆရာက ၁၀မှတ်ပေးထားသော အဖြေလွှာသည် ဒုတိယစစ်ဆေးသော ဆရာထံရောက်လာသောအခါ ၁၅မှတ် ရနေတတ်သည်။ စစ်ဆေးသူနှစ်ဦး၏ အမှတ်များကိုပေါင်းလိုက် သောအခါ ၁၅မှတ်စီ ဖြစ်နေပါတော့သည်။ ဤသည်လျှင် ပုဂ္ဂိုလ်တဦးနှင့်တဦး အယူအဆချင်း အတွေးအခေါ်ချင်း အကြိုက်ချင်း မတူသည်ကို သိသိသာသာ ထင်ထင်ရှားရှားကြီး တွေ့ကြရပါတော့သည်။ ကျွန်တော်တို့ကြားလူအနေနှင့် ဖတ် ကြည့်ပြန်သောအခါ၌ တခါတရံလည်း ပထမဆရာနှင့် သဘော ချင်း ကိုက်ညီသည်။ တခါတရံသည်း ဒုတိယဆရာနှင့် အကြိုက် ချင်းဆုံသည်။ သို့သော် ကျွန်တော်တို့မှာ အကဲဖြတ်လူကြီးများ မဟုတ်သည့် အတွက် ဆရာနှစ်ဦး အကဲဖြတ်၍ အမှတ်တူ ရနေသူ နှစ်ဦးအား မည်သူက သာသည်ဟု ဆုံးဖြတ်ခွင့်မရှိ၊ ထို့ကြောင့် ဤကဲ့သို့ အခက်အခဲများ တွေ့လာလျှင် ထိုအမှတ်



www.burmeseclassic.com

www.burmeseclassic.com

တူဖြစ်နေသော အမြေလွှာများကို တတိယဆရာတဦးထံ ပို့ကြရပြန်ပါသည်။

ဤနည်းဖြင့် တရားမျှတဆုံး ဖြစ်အောင် စီစဉ်ပြီးအောက်ပါအတိုင်း ရွေးချယ်လိုက်ပါသည်။

ဘာသာပြန်အတွက် ဦးဖေမောင်တင်၏ ပထမဆုကို ဥပစာအထက်တန်းမှ မခင်စောက ရရှိလေသည်။

ဝတ္ထုတိုအတွက် ဦးဖေမောင်၏ ပထမဆုကို ဥပစာအထက်တန်းမှ ကိုထွန်းလှ (တက္ကသိုလ် နေဝင်း) ၏ 'ဖြစ်သမျှ အကြောင်း' ဝတ္ထုတိုက ရရှိလေသည်။

ဆောင်းပါးအတွက် ဦးလှအောင် ၏ ပထမဆုကို ဝိဇ္ဇာ အထက်တန်းမှ ကိုတင်လှိုင် ၏ 'သဘာဝစာဆိုများ' ဟူသော ဆောင်းပါးက ရရှိလေသည်။

ကျောင်းသား ကျောင်းသူသစ်များထဲမှ ဘာသာပြန်ဝတ္ထုတို၊ ဆောင်းပါး သုံးမျိုးစလုံးကို ပါဝင်ယှဉ်ပြိုင်၍ အမှတ်အများဆုံးရရှိသည့်အတွက် ဒေါက်တာ ထင်အောင် ၏ ဆုကို ဥပစာအောက်တန်း မလှသန်းက ရရှိလေသည်။

အစက ဘာသာပြန်၊ ဝတ္ထုတို၊ ဆောင်းပါး သုံးမျိုးစလုံးကို ဖြေဆိုပါဝင်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူများအား ထိုသုံးမျိုးစလုံး အမှတ်များကိုပေါင်း၍ ပထမ၊ ဒုတိယ၊ တတိယ ရွေးချယ်ကာ ၂၅-ကျပ်တန်၊ ၂၀-ကျပ်တန်၊ ၁၅-ကျပ်တန် စာအုပ်များကို အသီးသီးဆုအဖြစ် ပေးမည်ဟု ကြေငြာထားသော်လည်း သုံးမျိုးစလုံးပါဝင်ယှဉ်ပြိုင်သူ အလွန်နည်းသောကြောင့် ထိုဆုများကို ပယ်ဖျက်ပြီးလျှင် တမျိုးစီအတွက်သာ ဒုတိယဆုများကိုပေးရန်ဆုံးဖြတ်ကြပါသည်။ ထို့ပြင်ကျောင်းသူ





ကျောင်းသားသစ်များထဲမှ သုံးမျိုးစလုံး ပါဝင် ယှဉ်ပြိုင်သူများအနက် သုံးမျိုးစလုံးကိုပေါင်း၍ ပထမဆုပေးထားသည့်အပြင် ဒုတိယဆုကိုပါ ပေးရန်ကိုလည်း ဆုံးဖြတ်ကြပါသည်။

ဒုတိယဆုများကို ဘာသာပြန်အတွက် ဥပစာအထက်တန်းမှ ကိုအောင်သန်း(ကွယ်လွန်သူ) က ရရှိပါသည်။ ဝတ္ထုတိုကိုမူ ဥပစာအောက်တန်းမှ ကိုကျော်ရင် (ကွယ်လွန်သူ ပါမောက္ခချုပ်) ၏ 'မှေးမေ့ နို့ဖိုး' ဝတ္ထုတိုက ရရှိပြီး ဆောင်းပါးအတွက် ဝိဇ္ဇာအထက်တန်းမှ ကိုဟန်၏ 'မမေ့နိုင်' က ရရှိလေသည်။ ကျောင်းသူ ကျောင်းသားများအတွက် ဒုတိယဆုကိုမူ ကိုထွန်းရှိန် (ဗကပ တောတွင်း၌ ကွယ်လွန်သူ)ကရရှိလေသည်။ ထို ကိစ္စ များ ပြီး လျှင် ကဗျာအတွက် အခက် အခဲ များ နှင့် ရင်ဆိုင်ကြရပြန်သည်။ ကဗျာ ၆-ပုဒ်ခန့်မှာတခုနှင့် တခုအမှတ်ချင်းတူနေကြ၍ ပထမ၊ ဒုတိယ၊ တတိယ ရွေးချယ်ရန် မလွယ်ကူအောင် ဖြစ်နေကြပါတော့သည်။ ထို့ကြောင့် ကျွန်တော်တို့ တတွေ ဦးခေါင်းကိုကုတ်၍ အကြံထုတ်ရပြန်ပါသည်။ စစ်ဆေးပြီးသော ဆရာများထံသို့ ပြန်ပို့၍ ထပ်မံစစ်ဆေးနေမည်ဆိုလျှင်လည်း အချိန် ကြန့်ကြာနေမည်။ စာမေးပွဲကလည်း တနေ့တခြား နီးကပ်လာပြီ ဖြစ်၍ ဆုပေးပွဲကို မြန်မြန်ကျင်းပပြီး တာဝန်အေးအေးနှင့် စာကျက်ဖို့ အချိန်လိုချင်လှပါပြီ။

"ဒီလိုဆိုယင် ဦးခင်ဇော်ဆီပို့ပြီး ပထမ၊ ဒုတိယ၊ တတိယ အရွေးခိုင်းဗျာ" ဟု တယောက်က အကြံပေးပါသည်။

ထိုအကြံကို အားလုံးက သဘောတူလက်ခံကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် ထိုကဗျာ ၆-ပုဒ်ကို တက္ကသိုလ် ပိဋကတ်တိုက်မှူး ဦးခင်ဇော်(ကေ)ထံပို့ပြီး စစ်ဆေး၍ အမှတ်များ ပေးပါရန် တောင်းပန်ကြရပြန်ပါသည်။

သုံးရက်ခန့်ကြာသောအခါ ဦးခင်ဇော်ထံမှ ကဗျာများနှင့် အတူ သူ၏ ထင်မြင်ချက်ကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားကာ ကျွန်တော့်ထံသို့ ရောက်ရှိလာပါသည်။ ထိုဝေဖန်စာလေးကို ယခုထက်တိုင် ကျွန်တော် သိမ်းဆည်းထားပါသည်။ အကြမ်းအားဖြင့် မြန်မာဘာသာ ပြန်ဆိုလိုက်လျှင် အောက်ပါအတိုင်းဖြစ်ပါသည်။

ကျွန်တော် အကြိုက်ဆုံး ကဗျာ ၃-ပုဒ်မှာ 'ပါရမီ'၊ 'တွေးဘွယ်ချိန်'နှင့် 'ကမ္ဘာ့ကြေးမုံ'များပင် ဖြစ်ပါသည်။

အမှတ် ၂၇-၏ ကဗျာအားလုံးကို ကျွန်တော် သဘောကျပါသည်။ သူနှင့် 'တွေးဘွယ်ချိန်'ကို ရေးသားသူများမှာ ကဗျာ့စာဆိုများ ဖြစ်ကြပါသည်။ အမှတ် ၂၇-သည်တည်ငြိမ်ဖြောင့်စင်းသော အရည်အချင်းနှင့် ပြည့်စုံပါသည်။

အမှတ် ၁၄၂-ကား ခပ်ပေါ့ပေါ့ ရေးတတ်သူဖြစ်၍သူ၏ ကဗျာနှစ်ပုဒ်သည် အတော်ကောင်းမွန်၍ အခြားတပုဒ်မှာ ပထမကဗျာနှင့် နှိုင်းယှဉ်လျှင် အတော်ပင် ညံ့လျက်ရှိသည်ကို တွေ့ရသည်။

အမှတ် ၁၀၁-၏ လက်ရာများမှာ အေးစက်စက် နိုင်လှပါသည်။

'ပါရမီ'သည် 'တွေးဘွယ်ချိန်' ကဲ့သို့ပင် ကဗျာကောင်းများဟု ခေါ်ဆို ထိုက်အောင် အရည်အချင်း အနည်းငယ် လိုနေပါသည်။ သို့သော် နှစ်ပုဒ် စလုံးမှာ ကဗျာများပင်





ဖြစ်ကြပါသည်။ 'ကမ္ဘာ့ကြေးမုံ'ကို ရေးသော ကလောင်သည် နူးညံ့သိမ်မွေ့လှသည်။ ပထမ ကဗျာနှစ်ပုဒ်ကို ရေးသည့်ကလောင်များကား ကြမ်းလျက်ပင် ရှိပါသေးသည်။ သို့သော်လည်း ကြမ်းတမ်းသည့် အပြင်အပ အောက်တွင် ရွှေရောင်ဝင်းလျက် ရှိပါသည်။ သူတို့ နှစ်ဦးစလုံးပင်ချစ်စွယ် အရိပ်အရောင် ကလေးများ ရှက်သန်းနေပါသည်။

'ပါရမီ'တွင် ခံနှင့် အနည်းငယ် ရေးခြစ်ပေးထားသည်။ ထိုကဲ့သို့ ပြုလုပ်ပြီးမှ အမှတ်များပေးကာ ဆုံးဖြတ်သည်ထက် ဤကဲ့သို့ ဝေဖန်ပေးသည်က သင့်တော်လိမ့်မည် ထင်သောကြောင့် ဤစာကို ရေးလိုက်သည်။

ပြောထားခဲ့သလို အတိအကျ အမှတ်ပေး၍ ဆုံးဖြတ်ရန် မလွယ်ကူပါ။

ခင်ဇော်

ဆရာကြေး၏ ဝေဖန်စာတိုကလေးဖတ်ရသည်ပင် ကဗျာတွင် စိတ်ဝင်စားဖွယ်ရာ ကောင်းအောင် ဖြစ်နေပါသည်။ ပြိုင်ပွဲဝင်စာလွှာများတွင် နာမည်များကို မသုံးပဲ ကိုယ်ပိုင်အမှတ်များ ပေးထားသောကြောင့် ယခု ဦးခင်ဇော်၏ ဝေဖန်စာတွင် ပါရှိသည့် အမှတ် ၂၇၊ ၁၄၂၊ ၁၀၁ တို့ကား မည်သူ မည်ဝါတို့ ဖြစ်ကြသည်ကို ကျွန်တော် မပြောနိုင်တော့ပါ။ ကာယကံရှင်များတော့ မှတ်မိကောင်းမှတ်မိကြလိမ့်ဦးမည်။

ဆရာကြေ ဝေဖန်စာနှင့် သူတို့ ရရှိပြီး အမှတ်များကို နှိုင်းချိန်၍ ကဗျာများကို ရွေးချယ်လိုက်ရာ ဝိဇ္ဇာအထက်တန်းမှ



www.burmeseclassic.com

www.burmeseclassic.com



ကိုဟန်၏ 'ပါရမီ'က ပထမ ရရှိပါသည်၊ ဥပစာအထက်တန်းမှ မညွန့်တင်၏ 'ကမ္ဘာ့ကြေးမုံ'က ဒုတိယ ရရှိပါသည်။ ဥပစာ အထက်တန်းမှ ကိုကြင်အင်၏ 'တွေးဘွယ်ချိန်'က တတိယ ရရှိလေသည်။

(၃)

ဆုရသူများကို ရွေးချယ်ပြီးပါပြီ။ ဆုနှင်းသဘင် ကျင်းပရန်သာ ရှိပါတော့သည်။

ဆုနှင်းသဘင် ကြီးကို ၁၃၀၁-ခု ပြာသို လကွယ်နေ့ (၇-၂-၄၀)ညနေ ၃-နာရီခွဲအချိန်တွင် တက္ကသိုလ်ကျောင်းတိုက် အစည်းအဝေး ခန်းမဆောင်တွင် ကျင်းပပါသည်။ ဆုနှင်းသဘင်ကြီးသို့ ကျောင်းသူ ကျောင်းသား၊ ဆရာ ဆရာမများ အတော်ပင် စည်စည် ကားကား တက်ရောက် ကြပါသည်။ ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က အစည်းအဝေးသဘာပတိ အဖြစ် ဆောင်ရွက်လေသည်။ အခမ်းအနား ဖွင့်လှစ်ပြီးသော အခါ ဆရာဦးဖေမောင်က ပြိုင်ပွဲဝင်ကြသည့် ကဗျာနှင့် ဝတ္ထုတို အကြောင်းကို အနည်းငယ် ဖတ်ကြား ပြောဆိုပါသည်။ ဆရာ ဦးဖေမောင်၏ လက်ရေးနှင့် ရေးသားထားသော ထိုစာမူမှာ ယခုတိုင် ကျွန်တော်၏ စာဖိုင်တွဲတွင် ရှိပါသေးသည်။

စစ်ဆေးသူ၏ ထင်မြင်ယူဆချက်

(ဝတ္ထုတိုနှင့် ကဗျာ)

တက္ကသိုလ်ကျောင်းတိုက် မြန်မာအသင်းကြီးက တမဟာထ ပြုလုပ်ကျင်းပသော စာပြိုင်ပွဲသို့ ဝင်ရောက် ဆင်နွှဲကြသော ကျောင်းသား အရေအတွက်မှာ ဝတ္ထုတိုအတွက် ၂၀၊ ကဗျာအတွက် ၁၁-ယောက်မျှသာ ဖြစ်သည်။ တကျောင်းလုံး၏ ကျောင်းသူ ကျောင်းသား အရေအတွက်နှင့် နှိုင်းစာသော် ပြိုင်ပွဲဝင် ဦးရေမှာ စိတ်ကျေနပ်ဖွယ် အလျဉ်းမရှိလောက်အောင် နည်းပါးလွန်းလှသည်။

ဝတ္ထုတို အားလုံးကို ခြုံကြည့်သော် အကောင်းစား၊ အလတ်စား၊ အညံ့စားဟူ၍ အတန်းအစား သုံးပါးတွင် အကောင်းစား နည်းပါး၍ အလတ်စားနှင့် အညံ့စားတို့က များပြားနေပေ၏၊ အလွမ်းဝတ္ထုတို ရေးသူတို့ အလွန်ပေါများ၍ အသော ဝတ္ထုကိုသော်လည်းကောင်း၊ သို့မဟုတ် အခြား စိတ်ဝင်စားဖွယ်ရာ အကြောင်း ပါဝင်သော ဝတ္ထုတိုကို သော်လည်းကောင်း ရေးသူ နည်းလွန်းလှသည်။ လွမ်းဇာတ်ကို ခင်းရာ၌လည်း လူတယောက်ယောက် သေမှသာ လွမ်းရမည် ဟူဘိသကဲ့သို့ ဇာတ်လိုက် နှစ်ယောက်အနက် တယောက်ယောက်ကို အတင်း သေစေလေတော့သည်။ အချို့ ဝတ္ထုတိုများမှာမူ ဇာတ်ကြောင်း တိမ်လွန်းလှသည့်ပြင် သတ်ပုံလည်း မှားလိုက်ကြသေး၏။ ကောင်းသည်ဟု ရွေးချယ်လိုက်သော ဝတ္ထုများမှာကား အတော်ပင် အဆင့်အတန်း မြင့်ပေသည်။ ပထမရရှိသော ဝတ္ထုတိုမှာ ဘာသာပြန်ပင် ဖြစ်လင့်ကစား မြန်မာဆန်ဆန် ဆီလျော်အောင် ရေးသားထားနိုင်ခြင်းကြောင့် တကြောင်း၊ စာသုံးရေ



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းနှင့် လိုရင်းအဓိပ္ပာယ် ရောက်အောင် ခရီးမြင်း စိုင်းနိုင်သောကြောင့် တကြောင်း၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ဇာတ်လမ်းတွင်၍ ရေးသားထားသော ဝတ္ထုတိုများထက် အဆင့်အတန်း အလွန်မြင့်နေသောကြောင့် တကြောင်း ၎င်းတို့အထဲတွင် အကောင်းဆုံးဟု ရွေးချယ်ခြင်း ခံရပေတော့သည်။ ယှဉ်ပြိုင်သူတိုင်းပင် လက်စွမ်းကုန် အားထုတ်ရေးသားထားကြသည်ကို တွေ့ရသဖြင့်လည်း မြန်မာစာပေ ကြီးပွားတိုးတက်ရေးအတွက် အထူး အားတက်ဖွယ်ကောင်းလှပေသည်။ ယင်းသို့ စိတ်ဇွဲကောင်းကောင်းနှင့် အားထုတ်ရေးသားမည်ဆိုလျှင် ကျော်စောထင်ရှားသော စာဆိုကြီးများ အဖြစ်သို့ ရောက်နိုင်မည့် လက်စွမ်းလက်စ အချို့ကို တွေ့ရှိရသဖြင့်လည်း များစွာ ဝမ်းမြောက်ဖွယ် ကောင်းလှပေသတည်း။

ကဗျာ။ ။ကဗျာများကို အကောင်းအဆိုး ဆုံးဖြတ်ရာ၌ (၁) စိတ်ကူးစိတ်သန်း၊ (၂) ဖွဲ့သော အကြောင်းအရာ၊ (၃) စကား အသုံးအနှုန်း၊ (၄) စာသား အချောအမွေ့၊ (၅) ကဗျာရေးနည်း မှန်မမှန် စသည်တို့ကို အဓိကမူထား၍ စစ်ဆေးကြည့်ရှုသည်ဖြစ်ရာ ယှဉ်ပြိုင်သူ ဆယ့်တဦးအနက် နှစ်ဦးသာလျှင် စိတ်ကျေနပ်လောက်အောင် ကောင်းမွန်လေသည်။ များသောအားဖြင့် ဖွဲ့သော အကြောင်းအရာ ရိုးခြင်း၊ စိတ်ကူးစိတ်သန်းတိမ်ခြင်း၊ စကားသုံးညံ့ဖျင်းခြင်းတို့ရောပြွမ်းနေသည်ကို တွေ့ရှိရပေသည်။ အချို့မှာကဗျာဖွဲ့နည်းပင် မမှန်သည့်အပြင် သတ်ပုံလည်း မှားချသေး၏။ ရှေးဦးစွာ ကဗျာဖွဲ့နည်းကို ကောင်းစွာ ဆည်းပူးလေ့လာ၍ စိတ်ကူးစိတ်သန်း ဆန်းကြယ်မှုကို ရပြီးလျှင် စကားလုံး နိုင်နင်းမှုကိုလည်း ကြိုးစားအားထုတ် အပ်ပေသည်။

မောင်မောင်

၅-၂-၅၀





ထိုနောက် ဆရာကြီး ဦးပေမောင်တင်က စာပေပြိုင်ပွဲနှင့် မြန်မာစာပေ တိုးတက်မှု အကြောင်းများကို အနည်းငယ် ဟောပြောပြီးလျှင် ဆုအသီးသီးကို ချီးမြှင့်လေသည်။

လက်ခုပ်သံ တဖြောင်းဖြောင်းနှင့်။

စာပေးပွဲကြီးလည်း အလွန် နီးကပ်နေပါပြီ၊ ထိုကြောင့် တက္ကသိုလ် မြန်မာ အသင်းကြီး၏ လှုပ်ရှားမှုများကို ထိုနှစ်အဖို့ အဆုံးသတ်လိုက်ရပါတော့သည်။

၁၉၄၀-ခု ဇွန်လတွင် ကျောင်းပြန်ဖွင့်၍ကျွန်တော်ပြန်လည်ရောက်ရှိ လာသောအခါ ဝိဇ္ဇာအကြီးတန်းသို့ တက်ရပါသည်။ သို့သော် မြန်မာစာ ဂုဏ်ထူးကိုကား ဆက်၍မယူနိုင်တော့ချေ။ ယမန်နှစ်က ကျွန်တော်နှင့် တွဲဖက် တက္ကသိုလ်မြန်မာအသင်း၏ လှုပ်ရှားမှုအဝဝကို ဆောင်ရွက်ခဲ့သူ ကိုတင်မောင်လည်း ဒုတိယ မြို့အုပ်ရာထူးကို ရရှိ၍ တောင်ငူခရိုင်သို့ပြောင်းရွှေ့ သွားလေပြီ။

မြန်မာ အသင်း၏ တနှစ်တာ သက်တမ်းသည် ကုန်ဆုံးပြီ ဖြစ်သောကြောင့် နှစ်သစ်အတွက် အမှုဆောင်သစ်များကို ရွေးကောက်တင်မြှောက်ကြသည်။ ထိုနှစ်အဖို့ ပဥက္ကဋ္ဌမှာကိုမောင်ကြီး (တရားရုံးချုပ် ညွှန်ကြားရေးမှူးအငြိမ်းစားက) အတွင်းရေးမှူး ဖြစ်လာလေသည်။

ကျွန်တော် အဖို့ကား ယခုနှစ် ဘွဲ့ရအောင် ကြိုးစားမည်ဟု ဆုံးဖြတ် ထားသည်။ ကျောင်း စ ဖွင့် က တည်း က



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစာများကို မလစ်ဟင်းစေအောင် ဂရုစိုက်သည်။ မခအောင်မြင့်လျှင်လည်း ကျောင်းဆက်နေရန်လွယ်ကူတော့မည် မဟုတ်။ သည်ကြားထဲကပင် ကျောင်းသား အရေးအခင်းနှင့် ပတ်သက်လာလျှင်ကား လျစ်လျူရှုမနေနိုင်ပေ။

တက္ကသိုလ် ကျောင်းသားများ သမဂ္ဂသည်လည်း စည်းကမ်း သေဝပ်စွာပင် ကျောင်းသားထုအား ရှေ့ဆောင်လျက်ရှိနေပါ သည်။ ကျောင်းဖွင့်စကတည်းကပင် ကျောင်းဆောင်အသီးသီး တွင် သဟာယအသင်းများက ကမကထပြု၍ ဟောပြောပွဲများ ကျင်းပသည်။ ထိုဟောပြောပွဲများတွင် ကျောင်းသားခေါင်း ဆောင်များက တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ၏ ရည်ရွယ်ချက်နှင့် ရှေ့ လုပ်ငန်း စဉ်များကို ရှင်းလင်းတင်ပြ၍ ကျောင်းသား သမဂ္ဂသို့ ဝင်ရန် ပြောကြားသည်။

တနေ့သော် ကိုဗဟိန်းထံမှ စာတိုကလေး တစောင် ရောက် လာသည်။ ကိုလှအောင်၊ ကိုခအောင်မြင့်နှင့် ကျွန်တော့်အား ကျောင်းဆောင် ဟောပြောပွဲအတွက် စီစဉ်ရန် ဖြစ်လေသည်။ ကျွန်တော်တို့လည်း တာဝန်ပေးသည့်အတိုင်း ဆောင်ရွက်ထား ကြပါသည်။ ကိုဗဟိန်းနှင့်တကွ ကျောင်းသား ခေါင်းဆောင် များ၊ ကျောင်းသားများ စည်းရုံးရေးနှင့်စပ်လျဉ်း၍လာရောက် ဟောပြောကြရာကျောင်းသားသစ်များနှင့်တကွ ကျောင်းသား အများသည် သမဂ္ဂ၏အင်အားကို အထူးပင် အားကိုးအားထား ပြုလာကြလေသည်။ ထို့ကြောင့် ပဲခူးဆောင် တခုတည်းကပင် အသင်းသားပေါင်း ၁၀၀-ခန့်ရရှိလေသည်။

ထိုနှစ်သမဂ္ဂအတွက် အမှုဆောင်များ ရွေးကောက်ရာတွင် ကိုလှမောင် (မိတ္တီလာ)က တက္ကသိုလ် ကျောင်းသားများသမဂ္ဂ





ဥက္ကဋ္ဌဖြစ်လာသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌအဖြစ်ကိုမူ ကိုလှမောင် (ဗိုလ်ဇေယျ)ကရွေးကောက် ခြင်း ခံရလေသည်။

ဥရောပတွင် လောင်ကျွမ်းလျက်ရှိသော စစ်မီးသည် တဖြည်း ဖြည်းအရှိန်ပြင်းလာသည်။ အာရှသို့ပင် ကူးလုလု ဖြစ်လာသည်။

ဒီဇင်ဘာလ၏ တညတွင် ကျွန်တော်သည် သမဂ္ဂ စည်းဝေး ပွဲမှ ပြန်လာပြီး အခန်းထဲတွင် စာဖတ်နေရာ သန်းခေါင်ကျော် သွားသည်။ မီးမှိတ်၍ အိပ်ရာဝင်သော်လည်း တော်တော်နှင့် အိပ်မပျော်၊ ကျွန်တော် ဉာဏ်မီသလောက် ကမ္ဘာ့ အရေး၊ မြန်မာ့အရေး၊ ကိုယ့်အရေး၊ အရေးပေါင်းစုံကို တွေးတော စဉ်းစားနေမိသည်။

စစ်မီးသည်မည်သည့်တိုင်းပြည်များကို ဝါးမျိုဦးမည်နည်း။

ထိုစစ်မီးသည် မြန်မာပြည်သို့ ကူးစက် လာဦး မည်လော။

ထိုသို့ မြန်မာပြည်သို့ စစ်မီး ကူးစက်လာသည်ရှိသော် ငါတို့ ဘာလုပ်ကြမည်နည်း။ မိမိကိုယ်ရေးအတွက် ဆက်၍ တွေးမိပြန် သည်။

လောကနီတိဆရာက ပထမအရွယ်တွင် ပညာရှာမှီးရမည်ဟု ဆိုသည်။ ဘုန်းကြီးကျောင်းတွင် နမောဗုဒ္ဓါယသိဒ္ဓံ ဟု ဆိုကာ ပညာကို စတင်ရှာမှီးခဲ့သည်။ ဘုန်းကြီးကျောင်း၊ လောကဓာတ် ကျောင်း၊ အင်္ဂလိပ်ကျောင်း၊ ကျောင်းတွေလည်း စုံနဲ့ပြီ။ ယခု တက္ကသိုလ်သို့ ရောက်ရှိ နေသည်ပင် လေးနှစ် ပြည့်တော့မည်။ ယခုနှစ် စာမေးပွဲ အောင်၍ ဝိဇ္ဇာဘွဲ့ကို ရလျှင် ပညာစုံပြီဟု ဆိုရမည်လော။ ထိုပညာဖြင့်တိုင်းပြည်အတွက် မည်သည့်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထမ်းရမည်နည်း။ တာဝန် ကျေပွန်အောင်ကော ထမ်းနိုင်မည်လော။

လောတွေ့နည်းတွေနှင့် မိမိကိုယ်ကို မနေ့ခွန်းပေါင်း မြောက်များစွာ ထုတ်နေမိသည်။ ဗယ်ပြောင်း ညာလှည့်ဖြင့် အိပ်၍ မပျော်နိုင်။

တက္ကသိုလ် ကျောင်းဆောင်များ ဝင်းဝမှ သံချောင်း သုံးချက် ခေါက်သံကြားရသည်။

ထိုနောက်၊ မေမှုးကာနဲ့ဖြစ်သွားပါတော့သည်။

အဓတ္တုးကားမရပ်သေး။

မန်းတင်

စာမူကြိုတင်ခွင့်ပြုချက်အမှတ်(၀၂၄၄)

အခြေခံအထက်တန်းမှ ဘွဲ့ရ ဘွဲ့လွန်တန်းများအထိ
အင်္ဂလိပ်စာ သင်ကြားနေသူတို့သာမက
အင်္ဂလိပ်စာကို တသက်လုံး လေ့လာနေသူတို့ပါ လေ့လာနိုင်သည့်
အင်္ဂလိပ်သဒ္ဒါ ကျမ်းကြီးဖြစ်သည်။

အင်္ဂလိပ်စာသင်ရာတွင်
အဘိဓာန် လိုအပ်သည်နှင့်အမျှ လိုအပ်သော

တက်တိုး

# အင်္ဂလိပ်သဒ္ဒါ နှင့် အင်္ဂလိပ်စာ

## အရေးအသား

# TET TOE'S
# LESSONS IN ENGLISH GRAMMAR & COMPOSITION.

မြန်မာလို ရှင်းလင်းချက်များနှင့် အင်္ဂလိပ်လို ဥဒါဟရုဏ်များ
မြောက်မြားစွာ ပါရှိသဖြင့် အင်္ဂလိပ်သဒ္ဒါကို ကောင်းစွာနားလည်နိုင်မည်။

သာမန်ကျောင်းသုံး မဟုတ်။ အင်္ဂလိပ်စာ လေ့လာသူအားလုံး
အတွက် သဒ္ဒါကျမ်းကြီးအဖြစ် ထွက်နေပါပြီ။

တအုပ်-ခြောက်ဆယ်ကျပ်

စဝယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း၊ ရန်ကုန်မြို့။ (ဖုန်း ၇၆၃၇၀)

www.burmeseclassic.com